www.burmeseclassic.com



# မဟူရာ

(ရွှိုင်ကော်)

## လွမ်းရသည့်လည်း မြတ်နိုး၍

အသစ်စက်စက် (အစ/အဆုံး)

NYI NYI

www.burmeseclassic.com

www.burmeseclassic.com

# မဟူရာ(လှိုင်ကော်)

လွမ်းရသည်လည်း မြတ်နိုး၍

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၈၂၀၁၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၂၁၀၁၀၉

၂၀၀၉ ခုနှစ် ဩဂုတ်လ

ပထမအကြိမ်

တန်ဖိုး ၁၁၈/

အုပ်ရေ - ၅၁၁အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၄) စေတနာစာပေ၊ အမှတ်(၅၉) ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၃၄) စေတနာOFFSET အမှတ်(၅၉) (၁၉)လမ်း ရန်ကုန်။





# မဟူရာ (လှိုင်ကော်)

လွမ်းရသည်လည်း မြတ်နိုး၍ ...

www.burmeseclassic.com


www.burmeseclassic.com




ကြေကွဲနာကျင်ခြင်းများဖြင့်
အားအင်ကုန်ခမ်းနေသည့်
နှလုံးသားဆိုတာ ကျန်ရစ်သူ၏ရင်ထဲမှာ
နစ်နေအောင်ခံစားရတတ်လျှက်
ထိုကြေကွဲကျန်ရစ်ရသူ၏
ချစ်ဝေဒနာသည်
စကားနည်းနှုတ်ဆိတ်နေသူတစ်ယောက်
ဖြစ်တည်စေတတ်သည်တည့် . . . ။







မြစ်ရေပြင်ထက်တွင်
လရိပ်သည်မြစ်လည်လောက်ဆီ၌
ဝန်းစက်စက်ထင်၏ . . . ။
မြစ်ထဲမှလရိပ်သည် သူ့ကို သနားငဲ့ညှာစွာ
လှမ်းကြည့်သည့်နှယ်ရှိလျှက် . . . ။
ကောင်းကင်ဆီမှလဝန်းကြီးက
သူ့ဝေ နာကိုသိလျှက်
ကရုဏာဖြင့်ငုံ့မိုးကြည့်သည့်နှယ်ရှိ၏ . . . ။






www.burmeseclassic.com

www.burmeseclassic.com

❤ အချစ်ဆိုတာ
တစ်ယောက်ကိုတစ်ယောက်
ဘယ်လောက်ချစ်နေကြတယ်ဆိုတာ
သိလည်းသိနေဖို့လိုသလို
ယုံလည်းယုံနေဖို့လိုတယ် . . . ။







❤ တယောသံသည်
သူ့ကြေကွဲခြင်းနှင့်
တစ်သားတည်းဖြစ်လာသည်
တစ်ခုတည်းဖြစ်လာသည်
သူ့ရင်ထဲမှရှိုက်သံသည်
တယောကြိုးမျှင်များမှာ
နိဝင်နေလျှက်
မျောလွင့်ပါလာနေသည့်နယ်ရှိလာသည် . . . ။



www.burmeseclassic.com

www.burmeseclassic.com

❤ အချစ်ဆိုတာ

တူရှေ့လျှင်ဖြင့်

ခံစားရချက် ချင်းကလည်း

တူတာပေမို့ ...

တမ်းတသည်လည်း

ချစ်လွန်း၍ပါ ...

ချစ်ရသည်လည်း


လွမ်းလွန်း၍ပါ ...

လွမ်းရသည်လည်း

မြတ်နိုး၍ပါ ... ဆိုတာ

မျက်ရည်နုနုလေးတွေက

သက်သေပြနေကြပါချေသည် ...။





❤ မြပန်းရုံသည် ...

သူ့အပေါ်မျှဝေနားလည်ပေးသော


မိန်းကလေး ...။

သူ့ရင်ထဲမှငိုကြွေးမှုကို

ဤမိန်းကလေးမြင်သည် ...။

သူ့နှလုံးသားမှရှိုက်ငင်ခြင်းကို

ဤမိန်းကလေးကြားသည် ...။





www.burmeseclassic.com

www.burmeseclassic.com

♥ အသည်းကလေးတစ်သားက
ငါ့နေရာလေးကို
ဖောက်ကျွံပိုင်ခွင့်
ပေးထားတယ်……
ဒီနေ့ အသည်းကလေးက
တစ်ခါတလေကျတော့……
ရှုံ့ထားသောကလေးပေါ့
အသည်းကလေးလို……





## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# မဟူရာ

(လှိုင်ကော်)



## လွမ်းရသည်လည်း မြတ်နိုး၍

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

ဖြူဖျော့သွားသည့် မျက်နှာလေးကို သူ မကြည့်ရက် ..။ မျက်ရည်တွေ ပြိုကျနေသည့်ကြားမှ တနင့်နင့်နေသည့် ခံစားချက်တွေကို ဖွင့်ဟပြောနေသည့်နှယ် ရှိပါလေသော မျက်ဝန်းလေးတွေကို သူ မကြည့်ရက် ..။ ဒါပေမဲ့ .. သူ .. ငွေသစ်ပန် နားလည်အောင် ကြိုးစားရှင်းပြဖို့တော့ လိုနေသည်ဆိုတာ နားလည်နေရပါသည့်အဖြစ် ..။

"ဖေဖေနဲ့ မေမေက သဘောမတူဘူးလို့ ပြင်းပြင်းထန်ထန်ကြီး ပြောမလာသေးပါဘူး .. အထူးသဖြင့် နည်းနည်းလေးခေါင်းမာနေတာက မေမေ တစ်ယောက်တည်းပါ .. ဖေဖေကတော့ .. မေမေ ခေါင်းညိတ်လိုက်ပြီ ဆိုတာနဲ့ အားလုံးကို ခေါင်းညိတ်မှာ သေချာနေပါတယ် ငွေ .. စိတ်ကိုလျှော့လိုက်နော် .. မောင် စိတ်မကောင်းအောင် မျက်ရည်တွေအရမ်းကျနေတော့တာပဲကိုး .. ငွေရယ် .. မောင်လဲ .. ငွေ့ကိုချစ်တဲ့သူတစ်ယောက်ဆိုတာ မေ့မထားနဲ့လေ .."

သူ တိုးသဲ့သဲ့ပြောရင်း ငွေသစ်ပန်၏ မျက်နှာလေး

www.burmeseclassic.com

www.burmeseclassic.com



ကို ဆွဲမော့မိ ..။ မျက်ရည်လေးတွေကို ဖွဖွသုတ်ပေးမိစဉ်နိုက် ခံပြင်းပုံလေးဖြင့် ရုတ်ခနဲ ငွေသစ်ပန် ထရပ်လိုက်တော့ သူ့ရင်ထဲ ပန်းဟိုက်လာသည်။ လတ်တလောအချိန်မှာ သူကပို၍ခေါင်းချောက်နေရသည့်သူ ..။ မေမေကလည်း ငွေသစ်ပန်နှင့် ပတ်သက်၍ ခါးခါးသီးသီး ငြင်းနေသည့်အချိန် ..။

ထိုမျှအထိ မေမေ ပြတ်သားစွာ ဆုံးဖြတ်လိုက်ချေလိမ့်မည်ဟုပင် သူ မထင်ထားမိခဲ့ ..။ ဘာပဲဖြစ်ဖြစ်။ ချစ်စရာကောင်းလျက် စိတ်ထားလေး ဖြူစင်သည့် ငွေသစ်ပန်ကို မြင်လျှင် မေမေ ချစ်သွားချေမည်သာဟု ထင်ထားမိခဲ့သည်ကိုက သူ့ဘက်က မေမေ့ကို လျှော့တွက်ထားရာ ရောက်နေပြီဆိုတာ သူ သိရချိန်သည် အလွန်ဘရာကိုမှ နောက်ကျနေချေသည့်အဖြစ်။

"မဟုတ်သေးပါဘူး မောင် .. ခုကိစ္စက မောင့်ကိစ္စပါ .. မောင် ဆုံးဖြတ်ရမှာပါ .. မောင့်မိဘဆုံးဖြတ်မှ ဖြစ်မယ်ဆိုရင် .. အစကတည်းက .. ငွေ့ကိုချစ်ခွင့်မပန်ခင် .. မောင့်မေမေဆီ သဘောတူချက်ကို အရင်ယူရမှာပေါ့ မောင် .. ခုကျတော့ .. ငွေ့ကိုချစ်တယ်လို့လဲ ပြောခဲ့ပြီးပြီ .. မောင့်ကို ငွေကလဲ မြတ်မြတ်နိုးနိုးနဲ့ မခွဲနိုင်အောင် တုံ့ပြန်ချစ်နေမိတာတွေလဲ ရှိနေခဲ့ပြီးပြီ .. ဒီအချိန်ကျမှ .. ငွေနဲ့မောင်တို့ ဖြည်းဖြည်းချင်း အချိန်ယူပြီး မောင့်မေမေ သဘောတူချိန်ထိ စောင့်ဆိုင်းလက်ထပ်ကြရအောင်လို့ ပြောလို့ဖြစ်မှာလား မောင် .. ငွေက .. ငွေက .. မောင့်ကိုချစ်လွန်းလို့ ဒီရန်ကုန်ထိ ပြောင်းလာနေတဲ့သူပါ မောင် .. ငွေ့မှာ .. ပြင်ဦးလွင်မှာ ခြံနဲ့ တိုက်နဲ့ နေရသူပါ မောင် .. ခုလို .. မောင် အလွယ်ပြောတာတော့ မဟုတ်သေးဘူး သိရဲ့လား .."



ငွေသစ်ပန် ဆက်တိုက်ပြောနေသမျှ သူ့ ရင်ထဲမကောင်းနိုင်ဘဲ သနားစိတ်ဖြင့် နားထောင်နေရရင်း စိတ်ထဲထိခိုက်နေတာလည်း အမှန်ပါ ..။ ကိုယ်ကလည်း ချစ်သူပေပဲလေ ..။ ချစ်ရသည့် မိန်းကလေး မျက်ရည်ကျနေသည်ကို ဘယ့်နှယ်လုပ်၍ ရင်ထဲမထိခိုက်ဘဲ နေနိုင်ပါမည်တဲ့လဲ ..။ တကယ်လည်း ငွေ .. ရန်ကုန်သို့ ပြောင်းလာခဲ့တာလည်း အမှန် ..။ ရတနာစုပေါင်းအိမ်ရာမှာ တိုက်ခန်းတစ်ခန်းကို ငါးလွှာမှာ ဝယ်ထားသည်။ ဗိုလ်ချုပ်ဈေးမှာ အထည်ဆိုင်တစ်ဆိုင် လာဖွင့်သည်။ သူ .. ရန်ကုန်မှာပဲနေမှ ဖြစ်မှာကို သိတာမို့ ငွေ့ခမျာ ရန်ကုန်သို့ ပြောင်းလာခဲ့ရှာသည်ကိုက သူ့ကိုမခွဲနိုင်၍ဆိုတာ သူ သိသည်ပါပဲ ..။ ခက်သည်က .. ငွေနှင့်ပတ်သက်၍ သူက ဘာမျှမလေ့လာပေမယ့် .. မေမေက လေ့လာပြီးဖြစ်နေတာကို ရင်ဆိုင်လိုက်ရခြင်းပါ ..။

"ဒီမယ် သား .. သားဟာ ငွေသစ်ပန်ဆိုတဲ့ မိန်းကလေးတစ်ယောက်နဲ့ တတွဲတွဲ ဖြစ်နေတယ်ဆိုတာ မေမေ သိထားတယ် .. သားလုပ်နေတဲ့ အထည်စက်ရုံကြီးကို မေမေ မလာဖြစ်ပေမယ့် .. အဲဒီစက်ရုံကသတင်း .. အထည်စက်ရုံက သတင်းတွေကို မေမေ မျက်ခြည်မပြတ်ဘူး ဆိုတာ သား သိမယ်ထင်တာပါပဲ .. သားဖေဖေက အထည်ချုပ်စက်ရုံမှာ အနေများတာဆိုတော့ သားက အထည်စက်ရုံမှာ ရှိရှိနေတတ်တယ်ဆိုတာကိုလည်း မေမေ သိနေတာပဲ .. ဘယ်နေ့မှာ သား .. ငွေသစ်ပန်ဆိုတဲ့ မိန်းကလေးနဲ့တွေ့

www.burmeseclassic.com



တယ် .. စက်ရုံကနေပြီး ကားနဲ့ထွက်သွားပြီး ဘယ်မှာဆုံကြတယ် .. ဘယ်ဟိုတယ်မှာ စားသောက်ကြတယ် ... အဲဒါတွေကအစ မေမေ သိနေတယ် .. သိပြီး နေပြီ .. ငွေသစ်ပန်ဟာ ပြင်ဦးလွင်က ဖြစ်တယ် .. မိဘနှစ်ပါးနဲ့ နေတာ မဟုတ်ဘူး .. မေမေ ပြောတဲ့အထဲမှာပါတဲ့ အဲဒီစကားက အဓိပ္ပာယ်ရှိတယ်ဆိုတာ နောက်ပြောလာမယ့်စကားတွေ ဆုံးသွားတဲ့အခါမှာ မင်း နားလည်လာမယ် .. ပြင်ဦးလွင်မှာတုန်းက အထည်ဆိုင်ဖွင့်ထားတယ် .. ရတနာထည်ပစ္စည်း ပွဲစားလည်းလုပ်တယ် .. အဲဒါလဲ မေမေသိထားတယ် .. ရုပ်လေးကလည်း ချောပါတယ် .. ဒါပေမဲ့ .. သူ့အဖေ လေဖြတ်ပြီး ကျန်းမာရေးဆိုးဝါးနေချိန်မှာ သူ့အမေက သူ့ငယ်ရည်းစားနဲ့လိုက်သွားတဲ့ကိစ္စ ရှိခဲ့တယ်လေ .. အဲဒါကို မေမေ မကြိုက်တာဘဲ .. မျိုးရိုးမကောင်းဘူး .. မေမေ အဲဒါကို လက်မခံဘူး .. အမေလုပ်သူ စာရိတ္တမကောင်းတာကို အပြစ်ဖွဲ့စရာလားလို့ သား ပြောမယ် .. ဒီမယ် သား .. ကြက်မှာအရိုး လူမှာအမျိုးဆိုတာ ပေါ့ပေါ့တန်တန် ထားရမယ့် စကားပုံမဟုတ်ဘူး .. မျိုးရိုးစရိုက်ဆိုတာ တစ်နေ့မှာ .. ကူးစက်တတ်တယ်၊ ဖောက်ပြန်တတ်တဲ့ စရိုက်ဝင်လာတတ်တယ် .. ပြီးတော့ .. အဲသလို နောက်ကြောင်းမှာ မိဘမျိုးရိုးအကြောင်းခံ မကောင်းတဲ့ မိန်းကလေးတစ်ယောက်ကို .. မေမေ့ချွေးမအဖြစ် .. လူပုံအလည်မှာ .. ချမပြနိုင်ဘူး .. ချမ်းသာတာ ဆင်းရဲတာ အဓိကမဟုတ်ဘူး သား .. စာရိတ္တက အဓိဖြစ်တယ် ..



ဒီတော့ .. လမ်းဆုံးသင့်နေတဲ့ မင်းရဲ့အချစ်ကို ရုပ်တန့်လိုက်ပါ .. ဖြတ်တောက်လိုက်ပါ .."

ဟူ၍ မနေ့ညက ပြတ်ပြတ်သားသားကြီး မေမေ သူ့ကိုပြောလာတော့ ဖေဖေကလည်း ဘေးမှာထိုင်နေရင်း ခေါင်းညိတ်နေသည်ပါပဲ ..။ ထိုစဉ်က သူ့ဘက်က ဘယ်သူမှမရှိ ..။ အဆုံးစွန် သူ့ကို အလွန်ချစ်သော ညီမလေး အေးချမ်းဖြူပင် မရှိ ...။

"ခုလဲ ကြည့်လေ ... မိန်းကလေး ဖြစ်ပါရက်ကယ်နဲ့ .. ယောကျ်ားလေးရှိတဲ့ မြို့အထိ ပြောင်းလာပြီး ဒီမှာအထည်ဆိုင်တွေ ဘာတွေတောင်ဖွင့် .. တိုက်ခန်းတွေ ဘာတွေတောင်ဝယ်ပြီး နေနေတယ်ဆိုကတည်းကိုက .. ဘယ်လောက် ဣန္ဒြေမရ ဖြစ်နေသလဲ .. အဲဒါကိုလည်း မေမေ မကြိုက်ဘူး .. မိန်းကလေးဆိုတာ .. ကိုယ့်ဣန္ဒြေသိက္ခာလေးနဲ့ .. ကိုယ့်ဟန်လေးနဲ့ .. နေရမယ့်ကိစ္စ .. ခုကိစ္စက သူ့ဘက်ကိုက ဖျပ်ဖျပ်လူးနေတာ .. အဲဒါကိုလဲ မေမေ စိတ်ပျက်တယ် .."

ဟု မေမေ ပြောခဲ့စဉ်က သူ့ကိုချစ်လွန်း၍ ဤမျှအထိ ငွေ လုပ်ခဲ့ရှာခြင်းပါဟု သူ ရှင်းပြဖို့ ကြိုးစားခဲ့ပေမယ့် အရာမထင်ခဲ့ ..။

ငွေ့ဘက်ကလည်း လက်ထပ်ဖို့ကိစ္စ .. ပြောပြော လာနေတာကလည်း ကြာလာပြီ ..။

ဒါကြောင့်လည်း သူ .. မေမေ့ကို ဖွင့်ပြောဖို့စီစဉ်နေစဉ်မှာပဲ .. မေမေက သူ့ထက်စောကာ .. သူ .. ငွေနှင့်တွဲ

www.burmeseclassic.com

www.burmeseclassic.com



နေတာတွေကအစ ချပြလာရင်း ကန့်ကွက်စကားကို အရင်လက်ဦးအောင် ပြောခဲ့ပြီမို့ ..။ သူ့မှာ ရင်ထဲအထိခိုက်ကြီး ထိခိုက်ရသည်က ချစ်ရသူလေးကို မပြောပြရက်ခြင်းဖြစ်ပါ ..။

ခု .. တကယ့်ကိုပဲ .. ဤနေ့မှာ သူနှင့် ငွေ .. ရိုန်းဘိုးဂါးဒင်းရက်စ်တောရင့်မှာ တွေ့ကြချိန်မှာ ပြဿနာတက်နေရပါသည့်အဖြစ်။ သီးသန့်ခန်းလေးမှာ အေးအေးအေးဆေးပြောဖို့ ကြိုတင်စီစဉ်ထားသည့် အတွေးများသည်လည်း လက်တွေ့မှာကျတော့ ဖြစ်မလာနိုင်တော့ပြီပဲဟု စိတ်မောရပါပြီ ..။

"မောင့်ကိုချစ်လွန်းလို့.. မောင်ရှိတဲ့နေရာထိ လိုက်လာတဲ့ ငွေ့ကို မောင် ခုလိုပြောရက်တာကိုက ရက်စက်ရာရောက်နေပါပြီ .. မောင်စာအုပ်ထွက်တိုင်း မလွတ်တမ်း ဖတ်ခဲ့တဲ့ ငွေဟာ ... မောင့်ကို တွေ့ချင်လွန်းလို့ .. ဒီရန်ကုန်ထိလိုက်လာခဲ့တဲ့ ငွေပါ .. မောင့်စာတွေနဲ့ပတ်သက်ပြီး ရူးသွပ်ခဲ့တဲ့ ငွေဟာ .. မောင့်လိပ်စာအဖြစ် အင်တာဗျူးမှာပါတဲ့ အိမ်ရယ် .. စက်ရုံရယ်တွေထဲက .. စက်ရုံကို အရင်ရွေးချယ်ခဲ့တာပါ .. မောင့်ဖုန်းနံပါတ်နဲ့ မောင့်ဆီကို ဖုန်းဆက်ခဲ့တာလည်း ငွေပါ .. မောင့်အင်တာဗျူးတစ်ခုကရခဲ့တဲ့ ဖုန်းနံပါတ်နဲ့ လိပ်စာလေးတွေကို မြင်ရတာနဲ့ .. ရူးသွပ်ပြီး လိုက်လာတဲ့ ငွေပါ .. အဲဒါ .. ဘယ်လောက်ထိ မောင့်ကိုချစ်တယ်ဆိုတာ မောင် သိဖို့ကောင်းပါတယ် .. ငွေ့ဆီမှာ .. ငွေ့ဆီမှာ .. မောင့်ဓာတ်ပုံပါတဲ့ အဲဒီမဂ္ဂဇင်းလေး .. သိမ်းထားတာပါ မောင် .. မောင် သိပါတယ်.. ငွေ .. မောင့်ကို .. မခွဲနိုင်တာ"



မောင့်ကိုမခွဲနိုင်တာဆိုသည့် အသံလေးတွေ တဖြည်းဖြည်း တိမ်ကျသွားတာကို သူ ရင်တနင့်နင့်ဖြင့် မြင်နေရ ကြားနေရတာကိုက ဆိုးနေသည်။ ခက်သည်က .. မေမေ့မှာကလည်း နှလုံးရောဂါရှိနေသည်။ ဒါက ဆိုးနေသည့်အဖြစ်။ အလွန်စိတ်ဆတ်စိတ်ထက်သော မေမေသည် သူ့ဘက်က ငွေ့ကို လက်ထပ်လိုက်ခြင်းဖြင့်ပင် နှလုံးထိခိုက်ပြီး ဆေးရုံရောက်နိုင်သည်။ ဒါကို သူ သိနေသည်လေ ..။

အမေဆိုသည့် ဓာတစ်ခုကလည်း ရင်ထဲမှာ တင်နေသည်။ မေမေ့ကို မရက်စက်နိုင် ..။ ငွေ့ကိုလည်း မခွဲနိုင် ..။

"လောလောဆယ်မှာ .. မောင်တို့ စိတ်ရှည်ရမှာပေါ့ ငွေ.. ဘာလို့ .. စိတ်ရှည်ပေးလိုက်ရမှာကို ဝန်လေးနေရမှာလဲ.. မောင်ကရော .. ငွေ့ကိုခွဲနိုင်နေလို့လား .. ငွေ တစ်ယောက်တည်း မောင့်ကိုချစ်နေတာမှ မဟုတ်တာ၊ မောင်ကလဲ ငွေ့ကိုချစ်နေတာပဲ .. အထူးသဖြင့် မောင့်ကိုချစ်လွန်းလို့.. ဒီထိပြေးလာတဲ့ ငွေ့ကို မောင် ပိုပြီးတော့တောင်မှ .. တန်ဖိုးထားရ အချစ်တိုးရတာပါကွယ် .. လောလောဆယ် မောင်တို့ .. ခဏလောက် မတွေ့သေးဘဲ နေလိုက်ကြတာပေါ့ .. မေမေ တဖြည်းဖြည်း နားလည်လာအောင် ကြိုးစားယူကြတာပေါ့ .. မေမေ နားလည်တဲ့အခါကျတော့ မောင်တို့ လက်ထပ်ကြမယ်လေ .. မေမေ့မှာ နှလုံးရောဂါရှိတယ် ငွေရယ် .. အဲဒါကို ငွေ နားလည်ပေးပါ"

သူ ငွေ နားလည်အောင် တဖြည်းဖြည်းချင်းပြောသည်။ ဆံစလေးကို သပ်ပေးမိရင်းမှ မျက်ရည်တို့ကို သုတ်ပေးစဉ်

www.burmeseclassic.com

www.burmeseclassic.com



နိုက် ငွေ ခေါင်းယမ်းသည်။ နောက်ထပ် သူ့လက်တွေ ငွေ့ဆံစတွေပေါ် သပ်တင်ပေးမလာနိုင်အောင်လည်း ခေါင်းကိုတိမ်းယူသည်။

"ငွေက တစ်ကောင်ကြွက်ပါ မောင် .. ငွေ့ကို ပြုစုစောင့်ရှောက်ခဲ့တဲ့ .. ငွေ့ကြီးကြီးလဲ မနှစ်က ဆုံးပါးခဲ့ပြီ .. ဖေဖေနဲ့ မေမေ ဆိုတာလဲ မရှိကြတော့ဘူး .. တစ်ကောင်ကြွက် ငွေဟာ .. အချစ်တွေအားလုံး .. ပုံအောပြီး အားကိုးတကြီးနဲ့ မောင့်အပေါ်ထားခဲ့တာပါ မောင် .. မောင့်မေမေမှာရှိနေတဲ့ နှလုံးရောဂါဆိုတဲ့အရာဟာ .. အသေအချာကြီးကိုပဲ .. ငွေနဲ့ မောင့်ကို ခွဲလိုက်မှာပါ မောင် .. ဘယ်အထိ မောင့်ကိုချစ်ခဲ့သလဲဆိုရင် .. ငွေဟာ .. ဘေးအမြင်မှာ အတင့်ရဲလိုက်တဲ့ မိန်းကလေးလို့ အထင်ခံရလောက်အောင်ကိုပဲ .. မောင်ရှိတဲ့မြေအထိ .. ပြောင်းလာမိတဲ့ ငွေဖြစ်နေရတာပါ .."

ဟု ပြောလည်းပြော ..။ မျက်နှာထက်မှ မျက်ရည်ကို ခပ်ကြမ်းကြမ်း ပွတ်ပစ်လိုက်ကာ အခန်းတွင်းမှ ပြေးထွက်သွားတော့ ထိုသို့ ငွေလုပ်လိုက်မည်ဟု မထင်ထားတာမို့ သူ ငွေ့ကို မတားလိုက်နိုင် ..။

"ငွေ .. နေပါဦး ငွေ .."

ဟု သူ ကမန်းကတန်း ထ၍လိုက်ခေါ်ပေမယ့် ဘာမှုမစားမသောက်ဖြစ်သေးသော နေ့လယ်စာ ကျသင့်ငွေကို .. ရှင်းရချေဦးမှာမို့ ကောင်တာမှာသွား၍ရှင်း။ နောက်ကမီအောင်လိုက်ပေမယ့် ငွေ့ကိုမမီတော့ ..။ တက္ကစီလေးဖြင့် ငွေ ထွက်သွားပြီး



နေပြီ ..။ သူ .. ကားဖြင့်လိုက်ခဲ့သည်ပါပဲ ..။ ငွေ့တိုက်ခန်းသို့တိုင် သူ လိုက်လာခဲ့ရ ..။ တံခါးတွင်တွင်ခေါက်၍ ခေါ်မိရ ..။ လူခေါ်ဘဲလ်လေးနှိပ်ခေါ်ရနှင့် ရှိနေပေမယ့် ငွေ လုံးဝတံခါးမဖွင့်။ အသံလည်း မပေး ..။ နောက်ဆုံး သူ ခေါင်းငိုက်စိုက်ကျနေရစဉ်နိုက် သူ့ဟန်းဆက်ဖုန်းလေး မြည်လာတာမို့ ထူးလိုက်တော့ မေမေ့ထံမှ ဖြစ်နေသည်။

"မေမေ ကားပေါ်က ပြောနေတယ် သား .. သား ရပ်ထားတဲ့ကားရဲ့ နောက်နားမှာ မေမေ့ကား ရပ်ထားတယ် .. ဒါဆိုရင် .. မေမေ ဘယ်မှာရှိနေပြီဆိုတာ သား သိရောပေါ့ .. ဒီနေ့ .. သားကိုစောင့်ကြည့်ဖို့ မေမေ လူလွှတ်ထားပြီးသား .. စက်ရုံတစ်ရုံမှာ မေမေ လွှတ်ထားခွင့်ရှိတဲ့ စိတ်ချရတဲ့လူဆိုတာကတော့ ရှိနေမယ်ဆိုတာ သားမမေ့ပါနဲ့ .. သား ဘယ်ကိုသွားတယ်ဆိုတာ လိုက်ကြည့်ဖို့ တာဝန်ပေးထားတဲ့သူဆိုတာ ရှိနေတယ် ဆိုတာလည်း မမေ့နဲ့ .. သား .. ရိန်းဘိုးဂါးဒင်းကို ရောက်နေပြီဆိုတာကအစ လိုက်ကြည့်တဲ့သူက မေမေ့ဆီ သတင်းပို့တာမို့ .. မေမေ အဲဒီကို လိုက်ခဲ့တာ .. သား ဘာဆက်လုပ်မယ် .. ဘာကိုဆုံးဖြတ်မယ်ဆိုတာ မေမေ စောင့်ကြည့်နေတယ်ဆိုတာကိုတော့ နားလည်ထားပါ သား .. အဲဒီနားလည်ပေးမှုဆိုတာကလဲ .. အတိုင်းအတာတစ်ခုထိပဲ ရှိမယ်ဆိုတာလဲ မမေ့ပါနဲ့ .. ခု .. သားက ဘာကိစ္စနဲ့ သူ့နောက်ကို လိုက်လာခဲ့ရတာတဲ့လဲ .. သူ ထွက်သွားပြီ မဟုတ်လား .. ကျန်နေခဲ့သင့်တာပေါ့ .. သားကိုက မပြတ်သားဘဲ ရှိနေတာလို့

www.burmeseclassic.com

www.burmeseclassic.com




မေမေ သဘောပေါက်တယ် .. ခု .. မင်း ဆင်းလာမလား .. မေမေ တက်လာရမလား သား ..”

ပြတ်သားနေသော မေမေ့စကား၏ အတွိမ်အနက်ကို သူ သိသည်။ သူ ဆင်းမလာလျှင် ပို၍အခြေအနေတွေ ဆိုးဝါးကုန်မှာ သေချာနေပြီ ..။ ဤတံခါးဝမှာ ရပ်နေသည့်သူဆိုတာက နှစ်ယောက်ဖြစ်လာချေလိမ့်မည် ..။ သူနှင့် မေမေ ..။ ပြီးလျှင် လူခေါ်ဘဲလ်နှိပ်သူသည် မေမေကိုယ်တိုင် ဆက်ဖြစ်တည်လာမှာ သေချာနေသည်။

ငွေ .. တံခါးများ လာဖွင့်ပေးလိုက်လျှင် မေမေနှင့် ထိပ်တိုက် ရင်ဆိုင်ဖြစ်ကြမှာ သေချာနေလျက် နောက်ဆက်တွဲ ဖြစ်လာမည့် အရာတိုင်း အရာတိုင်းသည် စိတ်ချမ်းမြေ့စရာတစ်ခုမှ ဖြစ်မလာတော့မှာကိုလည်း သူ သိနှင့်နေသည်။ သူ တံခါးခေါက်နေချိန်မှာ တံခါးမဖွင့်ပေးပေမယ့် ..။ မေမေ ဆိုတာက တံခါးခေါက်ပြီ .. ဘဲလ်တီးနေပြီဆိုလျှင် မဖွင့်မချင်း ဆက်နေနေမှာ သူသိနေတာမို့ ..။ ငွေ ဆိုတာလည်း သူတစ်ယောက်တည်းပဲ ရှိနေသည်အထင်ဖြင့် စိတ်လက်မရှည်စွာ တံခါးကိုဆောင့်အောင့် လာဖွင့်လိုက်နိုင်သည်လေ ..။

မေမေကလည်း .. မေမေ သဘောမတူတာတွေ အပြတ်ပြောချေမည် ..။ ငွေကလည်း နောက်မဆုတ်နိုင်တာတွေ ပြန်ပြောချေလိမ့်မည် ..။

သူသည်သာလျှင် .. စိတ်တွေ ရှုပ်ထွေးနောက်ကျိုနေလျက် မတက်သာ မဆုတ်သာဖြစ်၍ ချောင်ပိတ်မိနေသူတစ်ယောက်နှယ် စိတ်တွေ ပင်ပန်းရချေမည့်အဖြစ် ..။




www.burmeseclassic.com

www.burmeseclassic.com



♥ နှလုံးသားက ခံစားလာရတဲ့ အချစ်တစ်ခု
မခံစားတတ်သေးလို့ မင်းကိုယ့်ကို
လက်ထပ်ရမှာ ကြောက်နေတာပါကွာ ....။
♥ နှလုံးသားလေး ကိုယ့်အပေါ်ချစ်တတ်လာ
ကိုယ်အနီးကပ် သင်ပေးသွားမှာပါ ချစ်ရ
"မင်းကို ကိုယ်သိပ်ချစ်တယ် ယွန်း"

ရှင်မိုဝယ်
နှလုံးသားနဲ့အပ်နှင်းပါတယ်



စိတ်လည်း ထိခိုက်ရမည်။

သူ သိနေသည်။ သူ .. မေမေ့ကိုလည်း တားဖြိုရမှာမဟုတ် ..။

ဖေ့ကိုလည်း တားဖြိုရမှာမဟုတ် ..။

သားကိုချစ်သည့်စေဖြင့် မေမေကလည်း ပြောစရာရှိတာကို မချင်းမချန် ပြောချလိုက်ချေလျှင် ... ဖေ့မေမေ၏ နောက်ကြောင်းတွေပါ .. ပါလာနိုင်မည် ..။ ပို၍ဆိုးကုန်ကြမှာကတော့ သေချာလွန်းမက သေချာနေသည့်အဖြစ် ..။ သူ ငိုင်နေစဉ်ခိုက် ..

"မေမေ တက်လာတော့မယ် သား .."

စိတ်လက်မရှည်စွာ အော်ပြောလိုက်သည့် မေမေ့အသံက နားစည်တွင်းသို့ ဖုန်းငယ်လေးဆီ ခပ်ဆောင့်ဆောင့်စူးရှစွာ တိုးဝင်လာစဉ်ခိုက် ...

"သား .. ဆင်းလာပါမယ် မေမေ"

ဟု စိတ်ပင်ပန်းစွာ သူ ဖြေပြီးတာနှင့် ခြေလှမ်းကျဲကြီးနှင့် လှေကားထစ်တွေကို အထစ်တွေကျော်၍ ဆင်းလာသည်။ တကယ်ပဲ မေမေ့ကားကို သူ ရပ်ထားသည့် ကားနောက်နားမှာ တွေ့ရလျက် တံခါးကိုမှီ၍ မေမေ ရပ်နေတာကိုလည်း မြင်ရပါ၏။

"မောင်မောင် .. မမကြီးကားကို မောင်းခဲ့ .. ကဲ .. ရန်ပြေ မင်းရဲ့ကားနဲ့ မေမေ လိုက်မယ် .. ကားထဲဝင်"

မေမေကလည်း ခြေလှမ်းတွေ မြန်ဆန်နေလျက် သူ့ကားဆောမှာ ရပ်လာရင်း တိုဆတ်ဆတ်ပြောလာတာမို့ သက်ပြင်းရှိုက်ချလိုက်ကာ ကားတွင်းဝင်တော့ မေမေလည်းဝင်သည်။ တံခါးကို ခပ်ပြင်းပြင်း ပိတ်ချလိုက်ပါသည့် မေမေ့ ဒေါသကို သူ

www.burmeseclassic.com

www.burmeseclassic.com



မှန်းဆသိနေရရင်းဖြင့်ပင် ငွေ့အခန်းရှိရာ ဝရန်တာဆောင်လေးဆီသို့ သူ ကြည့်ဖြစ်အောင် ကြည့်မိရသည်က ချစ်ရသူလေးကို မြတ်နိုးစိတ်ဖြင့်ပါ ..။ သနားစိတ်ဖြင့်ပါ ..။ အားနာစိတ်ဖြင့်ပါတည့် ..။

ဝရန်တာဆောင်လေးမှာ ငွေ ရပ်နေသည်။ လက်ရန်းလေးပေါ်မှာ ငွေ့လက်လေးတွေ တင်ထားကာ သူနှင့်မေမေရှိရာဆီသို့ လှမ်းကြည့်နေသည်က မလှုပ်မယှက် ..။

မေမေ့ကိုလည်း ငွေ တွေ့ချေမည်သာ ..။

ဤနေရာသို့တိုင် မေမေ လိုက်လာသည်ဆိုတာကိုလည်း ငွေ သိသွားချေမည်သာ ..။

အခြေအနေတွေက ထင်ထားတာထက် ပို၍ဆိုးဝါးလာနေသည် ဆိုတာ သူ သိနေသည့်နှယ် .. ငွေကပို၍သိနေချေမည်သာ ..။

မေမေသည် ငွေ့ကို လုံးဝသဘောမတူနိုင်မှာ မဟုတ်တော့ပြီ ဆိုတာကိုလည်း ငွေ သဘောပေါက်သွားရင်း အဘယ်မျှထိ ကြေကွဲငိုကြွေးနေရှာမည်တဲ့လဲလေ ..။

သူ .. ဖျတ်ခနဲ ဖုန်းကိုထုတ်လိုက်ကာ ကားထဲမှ ကသုတ်ကရက် ပြန်ဆင်းသည်။

ငွေ့ ဂျီအက်စ်အမ်ဖုန်းလေးကို လှမ်းဆက်မိသည်။ မတတ်နိုင် ..။ ငွေ့ကို ဤအတိုင်းတော့ ပစ်ပစ်ရက်ရက်ကြီး မထားခဲ့ရက်နိုင် ..။ မေမေ လာခေါ်နေသည်ဆိုတာ ငွေ သိပြီးနေပြီဆိုတာ သူသိနေရပြီးသည့်နောက်မှ .. ဤအတိုင်းတော့ ချစ်ရသူလေးကို ချန်မထားရက်နိုင် ..။ ငွေ့မှာ ဘယ်သူမှရှိတာမဟုတ်။



တစ်ကောင်ကြွက် ငွေ့ကို သူ ကြာလေ ပို၍သနားနေမိရလေပါ ..။ ချစ်ရသည့်စိတ်ထဲမှာ .. သနားရခြင်းက ပို၍ ပို၍ ပြည့်သိပ်လာနေရသည်နှင့်အမျှ ရင်ထဲမှာ ပို၍ထိထိခိုက်ခိုက်ကြီး ဖြစ်လာနေရပါသည့် အဖြစ် ..။

"ငွေ .. မြင်နေပါတယ် မောင် .. အားလုံး မြင်နေပါတယ်"

ဖုန်းခေါ်နေသည့် သူ့ဖုန်းလေးထဲဆီသို့ ငွေ့ထံမှ ရှိုက်သံလေးတွေ အရင်တိုးဝင်လာသည်။ နောက်တော့ တိုးဖျော့ဖျော့ရလေး ပြောလာသံကို ကြားရသည်။ အရာရာ စိတ်ကိုလျှော့ချလိုက်ပြီဆိုတာ သူ သိလာနေရသည်ကိုက သူ့ရင်ကို ပို၍လောင်မြိုက်လာနေစေပါပြီ ..။

"မောင် ခဏလိုက်သွားမယ် ငွေ .. မောင် ပြန်လာခဲ့မယ် .. မောင် ပြောမယ် ငွေ .. ငွေ့ကို .. မောင် ချစ်တယ် .. အမြဲချစ်မယ် .. အမြဲ .."

ဟု ပြောစဉ်ခိုက် မေမေ့အသံက သူ့ထံဆီသို့ စူးရှစွာ ရောက်လာနေပြီ ..။ မေမေ ကိုယ်တိုင်သည်လည်း ကားတံခါးဆီမှ ခေါင်းပြူလျက် ..

"မေမေ အပေါ်ထိ တက်တွေ့လိုက်ရမလား ရန်ပြေ"

ဆိုသည့် မာကျောကျော အမေးကို ရင်ဆိုင်လိုက်ရတာမို့ သူ ကားထဲပြန်ဝင်ရ ..။

"သူ့ခမျာ တစ်ကောင်ကြွက်ပါ မေမေရယ် .. သားကိုသိပ်ချစ်ရှာတာပါ .. သူနဲ့ နီးနီးကပ်ကပ် .. နေကြည့်ရင် .. သူ .. ဘယ်လောက်ထိ ရိုးသားပွင့်လင်းပြီး .. ဖြူစင်တယ်ဆိုတာ မေမေ သိလာမှာပါ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်ညည်းညည်း ပြောလိုက်တော့ မေမေ ခပ်မဲ့မဲ့ ပြုံးသည်။

"မြင်ဦးလွင်ကို မေမေ အားလုံး လှူလွှတ်စုံစမ်းနိုင်းခဲ့ပြီးတဲ့နောက်မှာ .. အဲဒီရိုးသားဖြူစင် ပွင့်လင်းတာတွေကို ... မေမေကတော့ အတင့်ရဲ .. ရာခြေမရခြင်းလို့ပဲ မှတ်ယူတယ် သား .. မောင်းတော့ .."

ဟု နောက်မဆုတ်စတမ်းကြီး မေမေ ပြောချလာတော့ သူ ကားကို မောင်းထွက်ခဲ့ရပါပြီ။ ဤနေရာမှာ သူ ကြာကြာနေ၍လည်း မသင့် ..။

စိတ်နောက်ကိုယ်ပါ .. မေမေ ငွေ့ထံသို့ တက်သွားတွေ့နိုင်သည်လေ။

ထိုသို့ ဖြစ်သည်အထိတော့ သူ .. အဖြစ်မခံနိုင်။ ငိုကြွေး ကြေကွဲနေသည့် ငွေ့နှလုံးအိမ်လေးကို မွမွအကြေမခံရက်နိုင် ..။

မေမေ့ကို သူ အိမ်အထိ တောက်လျှောက် ကားလေးဖြင့် ခေါ်လာခဲ့ရပါ၏။

ပုလဲရိပ်ငြိမ်သည် ငွေ့အတွက် အိမ်ထောင်ရှင်မလေးအဖြစ် လက်ခံမည့်နေရာ ဘယ်သောအခါတွင်မှ မဖြစ်တည်နိုင်တော့ပြီတဲ့လား ... ဟု စိတ်ထဲမှာ ထင့်လာသည်။

မတတ်နိုင်။ မတတ်သာသည့်အဆုံး မေမေ မသိအောင် ငွေ့ကို လက်ထပ်လိုက်မှပဲ ဖြစ်ချေမည်ဟု တွေးဖြစ်သည်။ ဤသည်ကလည်း ငွေ့မျက်ရည်စက်များကို မကြည့်ရက်နိုင်ခြင်းဖြင့်ပါ။ သူ ချစ်ရလွန်း၍ပါတည့် ..။



ဧည့်ခန်းမှာ မေမေ ခြေပစ်လက်ပစ် ထိုင်သည်။

"မိုးရေ .. အအေးတစ်ခွက် ယူလာစမ်းပါဦး"

မေမေ မောသံကြီးဖြင့် ပြောစဉ်မှာ သူ့ဖုန်းလေး မြည်လာတာမို့ မေမေ မျက်စိစွေ၍ကြည့်သည်။ အကြည့်သည် နှစ်မြို့ခြင်းဘက်ဆီသို့ နွယ်၏။ ငွေ့ထံမှဖုန်းဟု မေမေ သိထားသည့်အကြည့် ဖြစ်နေသည်။

သူ ဖုန်းနားထောင်လိုက်တော့ စက်ရုံမှ ကိုတာထံမှ ဖြစ်နေသည်။

"အစ်ကိုလေး ... မမကြီးဖုန်းကို လှမ်းဆက်တော့ ဖုန်းစက်ပိတ်ထားတာမို့ အစ်ကိုလေးဖုန်းကို ပြန်ဆက်ရတာပါ .. ကျွန်တော် ကိုတာပါ .. မမကြီးက ငွေသစ်ပန်ရဲ့သွားလာမှုကို စောင့်ကြည့်ပါဆိုလို့ စောင့်နေတာပါ .. ငွေသစ်ပန်း ဆုံးပြီ အစ်ကိုလေး"

သူ မိုက်ခနဲ ဖြစ်သည်။ ယုံကြည်ရန်ပင်မရှိ။ ရင်ညည် ကျပ်ခဲလာသည်။ အသက်ရှူရ ကျပ်လာသည်။

"တိုက်ခန်းပေါ်က .. ကျ .. ကျ .. ကျပြီးတော့ ဆုံးတာပါ အစ်ကိုလေး"

အသံတွေ ထစ်နေလျက် ကိုတာ ပြောနေခိုက်မှာ သူ့မျက်ရည်တွေ တားဆီးမရနိုင်အောင် ဖြိုင်ဖြိုင်ကျလာနေပြီ။ သူ့နှုတ်ခမ်းတွေ ဆတ်ဆတ်ခါနေသည်။ လူသည်လည်း ကတုန်ကယင် ဖြစ်လာပြီ။

"ငွေ .. မြင်နေပါတယ် မောင် .. အားလုံးကို မြင်နေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ငွေ့အသံလေး ..။ ရှိုက်သံတွေနှင့်အတူ ကြေကွဲစွာ ပြောခဲ့ပါသည့် အသံလေး ..။

အရာရာကို စိတ်လျှော့ချလိုက်သည့် ခံစားချက်များဖြင့် ဆို့ဆို့နင့်နင့် ပြောခဲ့ပါသည့် အသံလေးတွေက သူ့ရင်သို့တိုင်အောင် မြည့်မြည့်ကြေမှု တိုးဝင်လာနေကြပါသည့်အဖြစ်။

"လုပ်ရက်လိုက်တာ ငွေ့ရယ် .. လုပ်ရက်လိုက်တာ .. အဲသလို .. အဲသလို .. ဘာကြောင့် လုပ်လိုက်ရတာတဲ့လဲ"

ဝရန်တာပေါ်မှကျ၍ ငွေ ဆုံးခဲ့သည် ဆိုကတည်းကိုက .. သူ ဆောက်တည်ရာမဲ့နေပြီ။ မေမေ သူ့ကိုလာခေါ်သွားတာကအစ မြင်နေရစဉ်ခိုက် တစ်ကောင်ကြွက် ငွေ .. အဘယ်မျှထိ တုန့်နှိုင်းမရနိုင်အောင် ရင်တွေကြေနေချေမည်မသိ။

"ငွေ .. ဘယ် .. ဘယ်လို .. ဖြစ် .. ဖြစ်ပြီး ဆုံးသွားတာလဲဗျာ"

ဟု ဆို့ဆို့နင့်နင့် ခပ်ညည်းညည်း ပြောနေခြင်းကမေးနေသည့်ဘက်ထက် ငိုနေသည့်ဘက်ဆီသို့ ရောက်နေပြီ။ သူ့မျက်ရည်တွေ တားဆီးမရနိုင်တော့ပြီကောလေ။

"ကျွန်တော်လဲ ခပ်လှမ်းလှမ်းက ကော်ဖီဆိုင်လေးမှာ သွားထိုင်နေလိုက်တာပါ အစ်ကိုလေး .. ကော်ဖီဆိုင်လေးက အိမ်ရာရဲ့အထွက်အဝင် ဂိတ်နားမှာဆိုတော့ မငွေသစ်ပန် ထွက်ရင်လဲ ကျွန်တော် အဲဒီဂိတ်မှာပဲ မြင်ရမှာမို့ အဲဒီနားမှာထိုင်စောင့်နေတဲ့ သဘောလဲ ပါပါတယ် .. ဆာလည်းဆာလို့ပါ .. မမကြီးက ကားတစ်စီး ပေးထားကာပါ .. ဒါကြောင့် အဲဒီမှာ ခဏကော်ဖီသောက် မုန့်စားနေတုန်း



လူတွေ ရုတ်ရုတ် ရုတ်ရုတ်နဲ့ .. အဲဒီအိမ်ရာခန်းတွေဘက်မှာ ဖြစ်နေတာနဲ့ ပြေးကြည့်တော့ .. ငွေသစ်ပန် အပေါ်ထပ်ဝရန်တာနေရာက ပြုတ်ကျလာတာ ဆိုတာပဲ သိရတာပါပဲ .. သူ ဆုံးနေပြီ အစ်ကိုလေး .. သူ့ကို အခု ဆေးရုံကိုယူသွားကြပြီ"

ကိုတာ ကိုယ်တိုင်လည်း ဤမျှအထိ ဖြစ်ပျက်ကုန်တာတွေကို ရင်ဆိုင်ကြုံရတာမို့ ရင်ထဲမကောင်းနိုင်မှန်း သိသာနေသည်။ အသံတွေ တုန်ခါနေသည့်အဖြစ်။ မေမေခိုင်း၍ လုပ်ရသည့် ဝန်ထမ်းပေပဲလေ။ ဒါပေမဲ့ ခုထိဖြစ်ပျက်ကုန်တော့လည်း ရင်ထဲချောက်ချားထိခိုက်နေချေမည်သာ ..။ သူကတော့ ငွေ့မျက်နှာလေးမြင်နေရလျက် ရင်ထဲမှာ နှလုံးသားတစ်ခုလုံး ထုတ်ပေးလိုက်ရသည့်နှယ် ဆိုးဆိုးဝါးဝါးကြီး ခံစားနေရပြီ ..။

သူ .. ဖုန်းကိုပိတ်လိုက်ကာ မေမေ့ကို မျက်ရည်တွေဖြင့်ကြည့်သည်။ မေမေ့ကိုယ်တိုင်လည်း ခုကျတော့ မျက်နှာမကောင်းနိုင်ဘဲ စိတ်လှုပ်ရှား ချောက်ချားနေပုံရပါ၏။

သူ .. မေမေ့ကို မျက်တောင်မခတ် ကြည့်လိုက်ကာ ..

"မေမေ .. စိတ်မပူပါနဲ့တော့ မေမေ .. ငွေဟာ သားကိုဘယ်တော့မှ လက်ထမ်းတော့မှာ မဟုတ်ပါဘူး မေမေ .. စိတ်ချလိုက်ပါတော့ .. သူ .. သူ .. ဘယ်တော့မှ .. သားကို လက်ထပ်တော့မှာ မဟုတ်ပါဘူး မေမေ .. မေမေပျော်ပါတော့ .. စိတ်ချလိုက်ပါတော့ .. သားလဲ .. သားလဲ .. သေသွားပြီလို့သာ မှတ်လိုက်ပါတော့ .. သား .. သား ..

www.burmeseclassic.com

www.burmeseclassic.com



ရှင်ရက်နဲ့ သေရပြီ မေမေ .. ရှင်ရက်နဲ့သေတယ်ဆိုတာ မေမေ ကြားဖူးရုံပဲ ကြားဖူးခဲ့မှာပါ .. ခု .. မေမေမြင်လိုက်ပါတော့ မေမေ .. သားဟာ ရှင်ရက်နဲ့ သေသူတစ်ယောက် ဖြစ်ရပါပြီ မေမေ .. ရက်စက်လိုက်ကြတာဗျာ .. ငွေ့ကို ရက်စက်လိုက်ကြတာ .. သူ့မှာ .. သူ့မှာ .. ဘယ်သူမှ ရှိတာမဟုတ်ဘူး .. တစ်ကောင်ကြွက်လေးဗျ .. တစ်ကောင်ကြွက်လေး .. ငွေရယ် .. ငွေရယ် ..."

သူ .. မျက်ရည်တွေ ကျနေသည်။ နှလုံးသားတို့ ဆိုးဆိုးဆတ်ဆတ် ခါနေသည်က ပြင်းပြင်းထန်ထန် စူးအောင့်နာကျင်ခြင်းများဖြင့် ဖြစ်နေသည်။ ကမ္ဘာရှုံးထိုး သူ ကားရှိရာသို့ ပြေးသည်။ မေမေ နောက်မှ သူ့ကိုခေါ်ရင်း လိုက်လာနေတာကို သိနေပေမယ့် လှည့်မကြည့်နိုင်။

"ငွေ မြင်နေပါတယ်မောင် .. အားလုံးမြင်နေပါတယ်"

ထပ်၍ ထပ်၍ ကြားနေရပါသည့် တိုးဖျော့ဖျော့အသံလေး ..။ သူ့ဘေးမှာ ငွေ့ဝိညာဉ်လေး လာပြောနေခြင်းများပေလား။ ထားရစ်ခဲ့ပြီလား ငွေ ... ဟု သူ ရင်ကွဲသံကြီးဖြင့် တစ်ချက်မျှ စိတ်လွတ်ကိုယ်လွတ်ကြီး အော်လိုက်သံက အသံတွေအက်နေသည်။ ကားတံခါးကို သူ ဖွင့်ဖြစ်လိုက်ပေမယ့် ကိုယ်သည် ကားတွင်းသို့ မရောက်လိုက်နိုင်မီမှာပဲ .. သူ့ကိုယ်ကြီး ယိုင်ခနဲ ဖြစ်သွားတာကို သိနေသည်။ ကိုယ်ကြီးပြိုကျသွားတာကိုလည်း သိနေသည်။ နောက်တော့ ... မိုက်ခနဲဖြစ်နေခြင်းမှသည် ခေါင်းတွေချာချာလည်နေသည်သို့ ရှိလာ၏။ မျက်စိအမြင်တွေ ဝါးလာသည်။ ပြာမှောင်သော မီးခိုးငွေ့တန်းများသည် ပိတ်ပိတ်ဖုံးနေ



သာ မီးခိုးအုပ်ကြီးတစ်ခုအဖြစ် ပြောင်းလဲလာလျက် သူ့ကိုအုပ်ပိတ်ဖုံးလိုက်သည်သို့ရှိ၏။ ထိုမီးခိုးတွေကြားထဲမှာ သွေးတွေ ထင်းနေသည့် ငွေသည် သူ့ထံသို့ ပြေးလာနေသည်ဟု ခံစားရစဉ်မိုက် သူ့တစ်ကိုယ်လုံး ထိန်းချုပ်နိုင်စွမ်း မရှိတော့သည့် ဖြစ်ဆိသို့ ကူးပြောင်းလာနေပြီ ..။ မျက်ခွံတွေကို ပင့်ယူ၍မရ တော့ပြီပဲ။

လက်တွေမှာ အားအင်တွေ မကျန်တော့ဘဲ ပျော့ဖတ်ကြီး ဖြစ်နေသည်။

နောက်တော့ .. အမှောင်။

အမှောင်ထုကြီးကို သူ တွန်းဖယ်ပစ်ဖို့ ကြိုးစားနေသည်။ ကြိုးစားချင်နေသည်။

ငွေ့ထံသို့ သူ သွားရမည်။ သူ ရောက်မှဖြစ်မည်။

"ငွေ"

သူ ခေါ်နေရင်းမှပင် အသံတွေ ပျောက်လာနေသည် ရှိလာ၏။ နှုတ်ခမ်းတွေကို ဖွင့်မရနိုင်ဘဲ ဖြစ်လာနေစဉ်မိုက်။ တွန်းဖယ်ထုတ်ဖို့ ကြိုးစားနေသည့် အမှောင်သည် သူ့ကို မျိုလိုက်သည်သို့ ရှိလာချေ၏။ ဆူညံသော အသံများသည် ရင်ကို လာလာဆောင့်နေသည့်နှယ် ရှိလာနေသည်။ ဆိုးဝါးသာ တိုးဆောင့်မှု ..။

○ ❧ ○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

"နှင်တို့နဲ့ပဲဆိုင်တဲ့ ကိစ္စပဲ မိချမ်း .. ကိုကိုလိုက်ဖို့ မလိုပါ ဘူး"

အထည်စက်ရုံကြီးဘက်ဆီသို့ ငေးကြည့်နေရင်း အေး စက်သည့်အကြည့်ဖြင့် တစ်ချက် ညီမ အေးချမ်းဖြူကို ကြည့်က သူ ဖြေတော့ ..

"မဟုတ်သေးဘူးလေ ကိုကိုရယ် .. ဘာပဲဖြစ်ဖြစ် မေမေ ကိုတော့ ကိုကို စိတ်ပြေသင့်နေပါပြီ .. ခြောက်လတော င် နေပြီပဲ ကိုကိုရယ် .. ကိုကို ခုလိုနေနေတာကို မြင်နေရ မေမေလဲ စိတ်ချမ်းသာနေလို့လား .. မေမေ့မှာ နလုံးရော ရှိတာ ကိုကို သိပါတယ် .. အဲဒီ ကိုကိုရဲ့ငွေသစ်ပန် ကွ လွန်တဲ့အဖြစ်ကို မေမေလဲ စိတ်ကောင်းနေတာမှ မဟု တာ .. သူနဲ့ ကိုကို့ကို သဘောမမျှတာ မှန်ပေမယ့် .. အဲသလို အဖြစ်ဆိုးနဲ့ အဆုံးသတ်သွားတာကိုတော့ မေ မလိုလားခဲ့တာ ကိုကို ယုံသင့်ပါတယ် .. စိတ်လိုက်မာန် အဲသလို ငွေသစ်ပန် လုပ်သွားတာကို မေမေကလဲ အ



ယူကျုံးမရ ဖြစ်နေတာပါ ... ခု .. မေမေ စီစဉ်တာကလဲ .. ကိုကိုလဲ စိတ်ထဲဖြေယူတတ်လာအောင် .. စိတ်လေးလဲ ကြည်လာအောင် .. ကိုကို့ကို ချစ်တဲ့ဓာနဲ့ လုပ်တာပါ .. ပြီးတော့ .. မန္တလေးက ဘိုးနဲ့ဘွားတို့ကလဲ ခဏရောက် လာကြချိန်ဆိုတော့ .. ညှော်ဝတ်ပြုချင်တဲ့သဘောလဲ ပါပါ တယ် .. ဘိုးဘိုးဦးရွှေဟန်နဲ့ ဘွားဘွားဒေါ်ခင်ဘုန်းရှိန်တို့ ဆိုတာကလဲ ... အန်တီဒေါ်မြမှုံးခင်ရဲ့ ယောက္ခမတွေဆို ပေမယ့် .. မေမေ့ဘက်က ကြည့်ရင်လဲ .. မိဘလိုပဲ သဘောထားတာ မဟုတ်လား"

စကားရှည်လေးဖြင့် ညင်ညင်သာသာ ပြောပြနားချ သယောင်လေး ရှိနေပါသည့် ညီမကိုကြည့်ကာ သူ ခေါင်းယမ်း သည်။

"အဲဒါ ... ငါနဲ့ ဘာဆိုင်လို့လဲဟာ .. ညည်းတောင်ပါစရာ မလိုဘူး .. ဟိုမှာ လူကြီးတွေ စားကြသောက်ကြ .. စကား ပြောကြနဲ့ ရှိကြမယ့်ကိစ္စ .. ညည်းက ဘာလို့အဲဒီစားသောက် ပွဲမှာ ပါနေရမှာတဲ့လဲ"

ကိုယ်မလိုက်ချင်သည့် အဖြေကို ရိုးရိုးမပေး။ ညီမ လုပ်သူ ပါမသွားသင့်သည့် လေသံဖြင့် ပြောလာတော့ အေးချမ်းဖြူ သက်ပြင်းလေး ရှိုက်လိုက်ကာ ..

"ဟာ .. ကိုကိုကလဲ .. အဲဒါက နှစ်ဖက်မိသားစု စုံစုံညီညီ လေး ရှိစေချင်တယ်ဆိုတဲ့ဥစ္စာ ပါနေတာပဲဥစ္စာ .. ခုလို ကိုကို ညှဉ်းသိုးသိုးကြီးနဲ့ နေနေတာ ကြာပြီ .. စက်ရုံ ကအလုပ်ကလွဲပြီး ဘယ်မှမထွက်ဘဲ နေနေတာလဲ ကြာ

www.burmeseclassic.com



လုပြီ .. မေမေလဲ စိတ်ထိခိုက်လှပြီ .. အဲသလိုဖြစ်နေတုန်း .. ဘိုးနဲ့ဘွားတို့က ခဏအလည်အပတ် ရောက်လာချိန်နဲ့ကြုံတော့ ဒီပွဲလေး စီစဉ်တဲ့ ဖေဖေနဲ့ မေမေတို့ရဲ့ မျက်နှာကိုတော့ ထောက်ဖို့ကောင်းတာပေါ့ .. ကိုကိုလိုက်သင့်တယ် .. ကိုကို မလိုက်ဘဲနေနေရင် .. ဘိုးနဲ့ဘွားတို့က ဘယ်လိုမြင်သွားမလဲ .. ရိုင်းနေမှာပေါ့"

"အေး .. ရိုင်းချင် ရိုင်းပေ့စေ .. ငါ လူတွေကြားထဲမှာမနေချင်ဘူး .. စက်ရုံနှစ်ရုံနဲ့ ဖေဖေ ကသီမှာစိုးလို့ ဒီအထည်စက်ရုံကို ငါ ပစ်မထားဘဲ အလုပ်လုပ်နေတာမို့ .. စက်ရုံကလူတွေနဲ့ ငါ မြင်နေကြုံနေရတာပဲ ရှိတယ် .. ကျန်တဲ့လူတွေကို ငါ ရင်မဆိုင်ချင်ဘူး သိရဲ့လား .. ငွေ ဘယ်လိုဆုံးပါးသွားတယ်ဆိုတာ .. ငါတို့နှစ်ယောက်ရဲ့ အချစ်နဲ့ မေမေ့သဘောထားတွေကိုစွ သိတဲ့သူတိုင်းက .. ပြောနေ ဆိုနေ ဝေဖန်နေကြတာကို နင်တို့ ရင်ဆိုင်ရဲပေမယ့် .. ငါ ရင်ထဲကြေကွဲနေရင်း ရင်မဆိုင်နိုင်ဘူး နားလည်လား .. နင်တို့မှာ ဖြစ်ချင်တာပဲ သိကြတာ .. ငါ့ရင်ထဲမှာ ဘာတွေရှိနေ ဖြစ်နေ ခံစားနေရတယ်ဆိုတာ ထည့်စဉ်းစားပေးကြဖို့ သတိရကြတာ မဟုတ်ဘူး"

သူ အော်တော့ ခါတိုင်းလို အေးချမ်းဖြူ နောက်ဆုတ်မသွား။ ငြိမ်ကုပ်ကုပ်လေး အပြင်သို့ ထွက်သွားတာမျိုးမလုပ်တော့။ တုံ့ပြန်၍ အေးစက်စက်ကြီး ကြည့်လာသည်။ မောင်နှမနှစ်ယောက် ငယ်ကတည်းက အရမ်းချစ်ကြတာ သူ နားလည်ပါသည်။ ညီမပေမယ့် အစ်ကိုနှင့် ဘောက်ဆင်ထိုးသလိုလေး အဝတ်



တွေလက်မှာထုပိန်းနေအောင် ပတ်လုံးထွေး၍ ထိုးချင်ထိုးသည့် ညီမ။ မောင်နှမနှစ်ယောက် သစ်ပင်ပေါ်တက်၍ မာလကာသီးဘက်ညီလက်ညီ ခူးချင်ခူးနေကြသည့် ချစ်စရာ လွမ်းစရာ အတိတ်ကာလတွေကို သူ မမေ့ရက်ပါ။ စားစရာဆို အစ်ကိုလုပ်သူကို အရင်ကျွေးပြီးမှ စားဝင်သည့် အေးချမ်းဖြူ။ သူကလည်း ညီမနှင့်အတူ မီးဖိုဆောင်ထဲဝင်၍ ချက်ပြုတ်ကူသည့် အစ်ကိုတစ်ယောက်။

ငွေ ဆုံးတော့ .. သူ စက်ရုံရှိ တစ်ထပ်တိုက်လေးမှာ တစ်ယောက်တည်း ပြောင်းနေပစ်လိုက်တော့ အေးချမ်းဖြူ မနေတတ် မထိုင်တတ်နှင့် အစ်ကိုလုပ်သူထံ မခွဲနိုင်သည့်စိတ်ဖြင့် ရောက်ရောက်လာတတ်။ အခန်းတွေ ရှင်းပေး။ အဝတ်တွေ အဝတ်လျှော်စက်နှင့် စုပြုံနေသမျှကိုလျှော်။ မီးပူကအစ တိုက်ပေးခဲ့ကာ ..။ စားစရာ သောက်စရာဆိုလျှင်လည်း ချိုင့်နှင့်သယ်သယ်လာတတ်ကာ အစားမစား ဘာမစားနှင့် လုပ်ချင်နေသည့်သူ့ကို ရအောင်ကျွေးတတ်သည့် ညီမ။ သူ .. ချစ်လည်း ချစ်သည်ပါပဲ။

မုတ်ဆိတ်ပါးမြိုင်းမွေးတွေ ထိုးထိုးထောင်ထောင်ဖြင့် ဆံပင်ညှပ်ချင်သည့်အခါကျမှ ကောက်ညှပ်တတ်ကာ အများအားဖြင့် ဆံပင်ကြီးလည်း ကုပ်ထောက်ချင်နေသည့် အစ်ကိုလုပ်သူကို အေးချမ်းဖြူ အပြစ်မတင်ရက်။ ငွေ့ဓာဖြင့် ကြေကွဲလောင်မြိုက်နေသည်ပဲဆိုတာ သိလျက် အစ်ကိုလုပ်သူကိုကြည့်ရင်း မျက်ရည်ကျတတ်သည်ပါပဲ။

ဒါပေမဲ့ .. ခုကျတော့ တည်ရူးရူးလေးဖြင့် ကြည့်လာနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"တော်လောက်ပြီ ကိုကို .. ခြောက်လဆိုတာ ကျေနပ်လောက်ပြီဖြစ်တဲ့ .. ကျေနပ်သင့်ပြီဖြစ်တဲ့ အချိန်ပဲ .. ကိုကို မမေ့ကို စကားလဲ သိပ်မပြောဘူး .. မေးတာကိုပဲ ဖြေတယ် .. ဖေဖေနဲ့မေမေ ဒီကိုလာရင် ကိုကို ပစ်စလက်ခတ် ညှဉ်းသိုးသိုးနဲ့ နေနေတာကိုကြည့်ပြီး မေမေ မျက်ရည်ကျ ပြန်သွားရတာကို ကိုကိုက ခဏတစ်ဖြုတ်လေးပဲ မြင်ပြီး ဒီမှာကျန်ခဲ့ရတာ .. မေမေက အိမ်ပြန်ရောက်ရင် အိပ်ရာထဲ ပုံလဲနေရော .. ငိုလိုက်တာသဲအရမ်းပဲ .. မမေ့ခံစားချက်က သူ့သားကို သူ ပျင်ရက်နဲ့သေအောင်လုပ်လိုက်သလို ဖြစ်နေပြီဆိုပြီး ဖြစ်နေတာ .. မမေ ဆေးထိုးဆေးစားနေရတာ ပိုပြင်းထန်လာတယ် သိရဲ့လား .. အားလုံးဟာ ဖြစ်ပြီးခဲ့ပြီ ကိုကို .. ငွေလဲ ပြန်ရှင်မလာနိုင်တော့ဘူး .. အသက်ရှင်သန်ကျန်ခဲ့တဲ့ မမေ့ကိုသေမှ သေသွားမှ ကျေမှာလား .. မေမေ သေပေးရမှာလား .. သေပေးလိုက်ရတော့မှာလား .. ငွေ သေသလို .. အမြင့်ကြီးပေါ်က မေမေ ကျသေပေးလိုက်မှ ကိုကို လူကြားထဲတိုးတဲ့ .. လူတွေနဲ့ ပြန်ဆက်ဆံတတ်လာတဲ့ ကိုကို ဖြစ်ပေးလိုက်မှာလား .. ဒီလိုဆို ရပါတယ် ကိုကို .. မေမေ မျက်ရည်ကျနေတာကို မမြင်ရက်တဲ့ .. မိချမ်း သေပေးပါ့မယ် .. ကိုကို ကျေနပ်ပါ"

ပြောပြောဆိုဆို စိတ်လိုက်မာန်ပါလေး အေးချမ်းဖြူတံခါးရှိရာသို့ပြေးတော့ သူ မျက်စိတွေ ပြာခနဲဖြစ်သည်။ ကိုယ့်ညီမပဲလေ။ စိတ်ဘယ်လောက်ထက်သည်ဆိုတာ သူ သိသည်ပေါ့။



သူ .. ငိုရင်းပြေးနေသည့် မိချမ်းကို သန်မာသောလက်ကြီးတွေဖြင့် ဖမ်းချုပ်ထိန်းလိုက်ရသည်က ပြေးပြေးလွှားလွှားဖြင့်ပါ။

"မိုက်လိုက်တာ မိချမ်းရယ် .. ဘာတွေပြောနေတာလဲကွာ၊ ကိုကို ရင်ကွဲကျန်အောင် လုပ်မလို့လား .. မငိုနဲ့လေ .. မငိုနဲ့တော့လေ .. တိတ်တော့ .. ထိုင်ကြရအောင်နော် .. ခဏထိုင်ကြရအောင် .. နောက်ကို .. အဲသလို စိတ်ကူးထဲတောင် မထည့်ပါနဲ့ မိချမ်းရယ် .. ကိုကို့ညီမလေး အဲသလို သွေးရူးသွေးတန်းဆန်ဆန် လုပ်တာမျိုးကို .. ကိုကို အဖြစ်မခံနိုင်ဘူး"

အေးချမ်းဖြူကို ဆိုဖာထက်မှာ တွဲ၍ထိုင်ခိုင်း။ မျက်ရည်ဖွေသုတ်ပေး။ ပြေး၍ ရေခဲသေတ္တာကိုဖွင့်။ ရေအေးအေးလေးတစ်ဖန်ခွက်ကို ယူလာ၍တိုက်ဖြင့် ရှိသွားပါသည့်အဖြစ်။ သူ့ရင်ထဲမှာ နင့်ခနဲနေအောင် ခံစားရင်း ကြေကြေမြည့်မြည့်ကြီးရှိုက်ထင်သွားရသည်က ..

"မေမေ သေပေးလိုက်ရမှာလား"

ဆိုသည့် မိချမ်း၏အမေး။ ဟုတ်သည်။ မိချမ်းဘက်ကကြည့်လျှင် ထိုသို့ မြင်စရာ ဖြစ်နေသည်။ သူ့ဘက်ကကြည့်လျှင် ငွေ့အတွက် ဖြေဆယ်ယူနိုင်စွမ်း မရှိဘွာ ကြေကြေကွဲကွဲကြီး လူးလှိမ့်နေအောင် ခံစားနေရခြင်း ဖြစ်နေပေမယ့် မေမေ့ဘက်ကကြည့်တော့ .. မေမေ့ကို သူ မကျေနပ်သည့်သဘောမျိုးဖြစ်နေနိုင်သည်ပဲ။

ငွေ ဆုံးပါးခဲ့သည့် အဖြစ်သည် သူ့ကို သတိလစ်စေသည်အထိ ခံစားရချက်တွေ ပြင်းထန်ထိုးနက်လွန်းခဲ့တာကို

www.burmeseclassic.com

www.burmeseclassic.com



မမေကိုယ်တိုင် မြင်တွေ့ရတာမို့လည်း အရမ်းကို ယူကျုံးမရဖြစ်ခဲ့ရသည် ဆိုတာတွေကိုလည်း သူ သိနေရသည်ပါပဲ။

"တကယ်က ကိုကို ငွေ့အတွက် လောင်မြိုက်နေတဲ့ရင်နဲ့ ပူလောင်နေရတာပါ မိချမ်းရယ် .. ဒါကြောင့်လဲ ကိုကို လူတွေနဲ့ စကားပြောနေရတဲ့ အလုပ်ကိုတောင် မလုပ်ချင်လောက်အောင် စိတ်ဓာတ်အရာမှာ ချုံးချုံးကျအောင် ထိခိုက်နေမိရတာပါ .. မေမေ့ကို ကလဲ့စားချေသလိုမျိုး လုပ်နေတာတော့ မဟုတ်ပါဘူး .. မေမေ့ကို သေမှကြေမယ် ဆိုတာမျိုး ကိုကို လုပ်နေတာ မဟုတ်ပါဘူး မိချမ်းရယ် .. နောက်ကို အဲသလိုစကားမျိုး ကိုကို့အပေါ်မှာ မပြောပါနဲ့ ညီမလေးရာ"

သူ ပြောနေရင်း ပြောနေရင်း ရင်ထဲဆို့တက်လာလျက် ခေါင်းငိုက်ချလိုက်စဉ်မှာပဲ မျက်ရည်ကျလာသည်။ သူ့နှလုံးသားထဲမှ ငိုရှိုက်နေသံကို ငွေ့သစ်ပန်လေး ကြားချေမည်သာ။ သူ အဘယ်မျှ ခံစားနေရသည်ဆိုတာ သူ့နှလုံးသားကသာ သိပါသည်ကောလေ ..။ ငွေ့ကို ဂုသွင်းသင်္ဂြိုဟ်သည့်ကိစ္စအထိ သူ အားလုံးလိုက်လုပ်ပေးခဲ့သည်မို့ .. သွေးတွေစွန်းထင်းသည့် ငွေ့ပုံရိပ်။ နောက်တော့လည်း လှလှပပလေး ပြင်ဆင်ထားလေသမျှ ချောမွေ့နေသည့်ပုံရိပ်။ အလောင်းကို ခွဲစိတ်တာတွေ ဘာတွေ လူသေမှုတစ်ခု၏ လုပ်ရမြဲဖြစ်သော အဖြစ်တွေကြောင့် ခေါင်းဖို ခွဲစိတ်တာတွေ လုပ်ခဲ့တာမို့ ချုပ်ရိုးအရာတွေရှိနေသော ဦးခေါင်း ဆံပင်တွေကို ရိတ်သင်ထားရတာမို့ ခေါင်းမှာ ပိတ်ဖြူစာတွန့် အဆောင်းလေးကို ဆောင်းထားစေဖို့ သူ စီမံပေးခဲ့တာမို့ ငွေ့သည်



လှနေသည်ပါပဲ။ အားလုံးသည် ခုထိ သူ့အိပ်မက်တွေတိုင်အောင် ရောက်နေဆဲ။ ချွေးတွေနစ်နေသော ရန်ပြေ အဖြစ် ညညတွေမှာ လန့်နိုးလာရသည့်အဖြစ်တွေကို မိချမ်း သိနိုင်ချေမှာမဟုတ်။ ပြင်ဦးလွင်မှ ငွေ့အိမ်ဖော်အဒေါ်ကြီးလည်းဖြစ် ကြီးတော်တစ်ယောက်ပမာလည်း ရှိပါသည့် ဒေါ်ကြီးယဉ်မိုး ဆိုတာပဲ ငွေ့နောက်ဆုံးခရီးကို ပို့ဆောင်သူအဖြစ် ရှိခဲ့တာကိုလည်း သူ့ရင်ထဲမှာမရှိ။ ငွေ့ကြီးကြီးအရင်းဖြစ်သူက မနှစ်ကတည်းက ဆုံးပါးခဲ့ပြီးပြီ။

"ငွေက တစ်ကောင်ကြွက်ပါ"

ဆိုသည့် တိုးဖျော့ဖျော့ အသံလေးကို သူ့ရင်ထဲမှာ တနင့်နင့် ခံစားရင်း သိမ်းဆည်းထားတာ သူသာအသိဆုံး။

သူ ငြိမ်သက်လွန်းနေတာကို အရှိုက်ရပ်၍ ကြည့်လာသည်က အေးချမ်းဖြူပါ။ အစ်ကို၏လက်ကို ဖွဖွလေးဆုပ်ယူကာ ...

"ဒီနေ့မှာတော့ ကိုကို မေမေ့အတွက် သားတစ်ယောက်ရဲ့ တာဝန်ကို ကျေသင့်ပါပြီ ကိုကို .. မေမေ ရှင်သန်ဖို့အတွက် ကိုကိုဟာ ငြိမ်သက်နေတဲ့သူ တစ်ယောက်အဖြစ်က ပြောင်းလဲသင့်ပါပြီ .. ငွေ့အတွက် အလွန်ချစ်တဲ့ ချစ်သူအဖြစ် ကျန်ရစ်ခဲ့ရတဲ့ ကိုကိုဟာ .. မေမေ့အတွက် တာဝန်ကျေတဲ့သားတစ်ယောက်အဖြစ်လဲ ရပ်တည်သင့်နေတယ် ဆိုတာကို သတိရပါ ကိုကိုရယ် .. ကိုကို ဒီပုလဲရွှေစင်စက်ရုံကအိမ်မှာ ပြောင်းမနေခဲ့ကတည်းက .. မိချမ်းတို့နေနေတဲ့ ပုလဲရိပ်ငြိမ်ဟာ ကျိန်စာရိပ်ကြီးတစ်ခုရဲ့အောက်မှာ ငြိမ်

www.burmeseclassic.com

www.burmeseclassic.com



သက်နေရတဲ့ အိမ်ကြီးတစ်လုံးလို ဖြစ်ကျန်ခဲ့ရတာကို
ကိုကို နားလည်ပေးပါတော့"

မြန်မာစာကျောင်းသူလေးပီပီ ပြောတတ်ချေသည် ကောလေဟု သူ တွေးဖြစ်၏။ သူလည်း မြန်မာစာဖြင့် ဘွဲ့ရသည်။ ညီမလေးကလည်း သူ့နယ်ပင် မြန်မာစာအဓိကဖြင့် ဘွဲ့ရပြီ။ မောင်နှမနှစ်ယောက် စိတ်ကိုက အရမ်းတူကြသည်ပဲ။ သူစိတ်ကြီးစိတ်ဆတ်သလို မိချမ်းလည်း စိတ်ဆတ်သည်။ သူစိတ်ရှည်တတ်သည့်အကျင့်လေးတွေ ရှိသလိုလည်း မိချမ်းမှာရှိသည်။ စိတ်ရှည်ပြီဆိုလျှင် တကယ့်ကို စိတ်လက်ရှည်ပေးတတ်လျက် စိတ်ဆိုး စိတ်တိုပြီဆိုလျှင်လည်း ရှူးခနဲ ထလုပ်တတ်တာကအစ မောင်နှမနှစ်ယောက် ပုံစံတူတွေချည်း။ တစ်ခုပဲရှိသည်။ သူက စာရေးဆရာဖြစ်သည်။ မိချမ်းက စာရေးဆရာလေးလည်း မဖြစ်။ ကဗျာဆရာမလေးလည်းမဖြစ်။

ပုလဲရွှေစင်အထည်ချုပ်စက်ရုံမှ ထွက်သည့်အထည်တွေကို ရောင်းချပါသည် ပုလဲရွှေစင်ကုန်တိုက်မှာ ပန်းအလှဆိုင်ကိုတွဲ၍ထားသည်။ သဘာဝပန်းတွေလည်း ပါသည်။ ပန်းတုပန်းခိုင်တွေ အမယ်မျိုးစုံလည်းရှိသည်။ ပန်းချီကားချပ်တွေကိုလည်း တွဲဖက်၍ အရောင်းခန်းဆောင်လေးအဖြစ် ဖွင့်ထားသည်။ စာရေးဆရာမလေး မဖြစ်ပေမယ့် လှပသောပန်းများ၊ ပန်းချီကားများ၊ အထည်များကြားမှ မိချမ်းသည် ချမ်းမြေ့ပျော်ပိုက်စွာရပ်တည်ပါ၏။

ပြီးတော့ .. ရပ်ရှင်ဒါရိုက်တာကလည်း အရမ်းဖြစ်ချင်နေသည့် ဒါရိုက်တာရှူးလေးတစ်ယောက်လည်း ဖြစ်ပါချေ၏။



ဝါသနာကြီးပေမယ့် အလုပ်တွေ များနေတာမို့ ဒါရိုက်တာဘက်တော့ ခြေဦးမလှည့်နိုင်တော့ပါဟုပင် ခပ်ကြွားကြွားပြောတတ်သည့် မိချမ်းပါ။ သဘောက ဒါရိုက်တာလုပ်လျှင်လည်း ဖြစ်မည့်သဘောဘက်ကို နှယ်နေသည့်အကြွားမျိုး။ ထိုစဉ်တုန်းကတော့ ညီမခေါင်းလေးကိုထု၍ သူ ချစ်စနိုးရယ်မောခဲ့ဖူးသည်ပဲ။ ဪ... ထိုအဖြစ်များသည်ပင်လျှင် သူ့ကြေကွဲနာကျင်နေသည့် ခံစားချက်များကြောင့် ဝေဝါးမှိန်ဖျော့စွာ ကျန်ခဲ့ကြရတာ ခြောက်လပင် ကျော်ခဲ့ချေပြီကောလေ။

"မေမေ ရှင်သန်ဖို့အတွက် ကိုကိုဟာ ငြိမ်သက်နေသူတစ်ယောက်အဖြစ်က ပြောင်းလဲသင့်နေပြီ"

သူ တိုးတိုးလေး တစ်ချက်လိုက်၍လိုက်၍ ရွတ်နေမိရာမှ မိချမ်းကိုကြည့်တော့ မျက်ရည်များ လည်နေလျက် သူ့ထံမှ ပွင့်ကျလာမည့်စကားကို စိတ်စောလျက် စိတ်လှုပ်ရှားစွာ စောင့်နေပါသည့်အဖြစ်။ ကြည့်ရတာ မိချမ်းသည်လည်း ရှိသမျှအလုပ်တွေအားလုံးကို ပစ်ထားလျက် သူ့ထံရောက်ရောက်လာလိုက်။ မေမေ့ကို ပြုစုလိုက်နှင့် ရှိနေချေမည်ထင့်။ စိတ်ချအားကိုးရသော သူငယ်ချင်း မိမိလေးကိုပဲ အားလုံး အလုပ်တွေလွှဲထားချေမည်လားမသိ။

ဖေဖေ့ခများမှာလည်း အထည်ချုပ်စက်ရုံ တစ်ဖက်။ ကုန်တိုက်ကို ဝင်ကြီးကြပ်ရတာတွေက တစ်ဖက်ဖြင့် ရှိနေရ။ သား၏လောင်မြိုက်နေသည့်ရင်။ ဇနီးသည်၏ ကြေကွဲထိခိုက်နေသည့် မျက်ရည်စက်များကြားမှာ ပန်းဟိုက်ခဲ့ရရှာတာလည်း ခြောက်လကျော်ချေသည်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ရေချိုးလိုက်ပါလားဟင် .. ပုလဲရိပ်ငြိမ်ကို မိချမ်းနဲ့ တူတူ လိုက်ခဲ့ပါလား .. ဧည့်သည်တွေကို ဖိတ်ထားတာ အချိန်က တစ်နာရီလောက်ပဲ ကြားမှာရှိတော့တာ .. မေမေ ကတော့ ကိုကိုပါလာလိမ့်မယ်လို့ မျှော်လင့်နေတယ် .. ဖေဖေကလဲ ဒီတစ်ခေါက်တော့ ဖေဖေ့သားဟာ သမီးနဲ့ တူတူပါလာမှာပါလို့ ပြောတယ် ကိုကို"

သူ့ညီမ၏ဆံစလေးကို သပ်ပေးလိုက်မိကာ အိပ်ခန်းတွင်းသို့ ဝင်ခဲ့ရပါပြီ။ ရေချိုးခန်းတွင်းသို့ သူ ဝင်ကာ တံခါးရွက်ကို ဆွဲစေ့ပိတ်လုလုမှာ သူ မြင်လိုက်ရသည်က မျက်ရည်များကြားမှပြုံး၍ကြည့်နေပါသည့် မိချမ်းကို အိပ်ခန်းအဝင်တံခါးဝမှာ ရပ်လျက်တွေ့ရခြင်းပါ။ မိချမ်း ငိုနေသည်။ ငိုနေရင်းမှ ရယ်လည်း ရယ်ပြသည်။ ပြီးတော့ ... အိပ်ခန်းတံခါးရွက်ကို အညင်အသာလေး ပြန်၍ဆွဲစေ့ပိတ်လိုက်တာကိုလည်း သူ မြင်ရပါ၏။

ရေပန်းဖွင့်လိုက်ကာ ခေါင်းထိုးခံပြီး အေးမြမြရေ၏ အထိအတွေ့ဖြင့် စိတ်တွေ လန်းလာနိုင်စွမ်းရဲ့ဟု တွေးကာ သူ ရေချိုးပစ်လိုက်သည်ပါပဲ။ အချိန်သိပ်မကြာစေချင်တာမို့ သူ ရေ မြန်မြန်ချိုးသည်။ အဝတ်အစားလဲသည်။ မှန်ရိပ်မှာ ထင်နေသည့် မျက်နှာကို သူ တစ်ချက်ငေးကြည့်မိရပါ၏။ ရေစိုဆံပင်ရှည်တွေ က ကုပ်ပေါ်ထောက်နေသည်။ ပြီးခဲ့သည့်လေးရက်က ရိတ်သင်ထားခဲ့သော ပါးမြိုင်းမွေးစိမ်းစိမ်းတွေက စိမ်းနေသည်။

တဘက်ဖြင့် ဆံပင်တွေကို ပွတ်သုတ်ပစ်ပြီးတာနှင့် အားလုံးကို နောက်သို့လှန်၍ ဖြီးလိုက်ရပါ၏။ ဆံပင်ရှည်ကြီးနှင့် ဘေးခွဲထားတာထက်စာလျှင် ခုလို နောက်လှန်ဖြီးသင်



လိုက်တော့ နည်းနည်းလူကြီးဆန်သော ဟိတ်ဟန်ဘက်သို့ကူးသည်ဟု သူ ထင်၏။ အနောက်တိုင်းဝတ်စုံ မီးခိုးရောင်ကို ဝတ်ကာ လက်ပတ်နာရီ ကောက်ပတ်လိုက်ပြီးသည့်နောက်မှာ မိချမ်းနှင့်အတူ ပုလဲရိပ်ငြိမ်သို့သွားဖို့ အသင့်ဖြစ်နေသည့် ရန်ပြေ အဖြစ် ရှိသွားရပါပြီ။

ဆံပင်ရှည်ကြီးကို နောက်လှန်ဖြီးထားသည့် သူ့မျက်နှာထက်မှာ ပါးမြိုင်းမွေးစိမ်းတို့ ရှိနေတာက နည်းနည်းပို၍ အဆင်ပြေမည်ထင်သည်။ နှုတ်ခမ်းမွေးစိမ်းစိမ်း ပါးမြိုင်းမွေးစိမ်းစိမ်းတွေက ဆံပင်ရှည်ဖြင့် ရှိနေသည့် မျက်နှာကို အတန်အသင့်တော့ ပြန်ထိန်းထားသယောင် ရှိသည်ဟု သူ ခံစားဖြစ်၏။ ပြီးတော့ ... သူ အရမ်းကို သေသပ်ရှိုးကျနေသည့် သူတစ်ယောက်အဖြစ် ရှိသွားလိုက်ရမှာကိုလည်း ငွေ့ကို အာရုံထဲဖျောက်မရနိုင်သည့် စိတ်ဖြင့် ငွေ့ကိုပြန်၍ အားနာနေမိပြန်သည်ပဲလေ။ သူကိုယ်တိုင်လည်း သေသပ်ခန့်သန့်နေသော ရန်ပြေ အဖြစ်နေရဖို့အတွက် စိတ်ထဲကမပါ။ အမှန်အတိုင်း ပြောရလျှင် လက်ရှိလုပ်ကိုင်နေသည့် စက်ရုံကိုပင် မလုပ်ဘဲတစ်ရံနေရာသို့ လွတ်လွတ်ကျွတ်ကျွတ် သွားနေပစ်လိုက်ချင်သည်ပါပဲ။ သူ့ကို ဘယ်သူမှမသိသောနေရာ။ သူကလည်း ဘယ်သူ့ကိုမှမသိသော အရပ်။ ထိုသို့နေပစ်ချင်သည်။ ဒါပေမဲ့ ... ဖေဖေ တစ်ယောက်တည်း အရမ်းပင်ပန်းမှာကို သိသည့်စိတ်ဖြင့် မထားရစ်ခဲ့ရက်နိုင်သည်မို့သာ သူ ပုလဲရွှေစင်စက်ရုံမှာ ရှိနေရခြင်းပါတည့်။

အခန်းပြင်သို့ သူ ထွက်လာတော့ ပြူး၍ ဧည့်ခန်းအလယ်နေရာလေးမှာရပ်ရင်း ကြိုနေသည့် မိချမ်းကိုမြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်လည်းကျနေသည်။ ရယ်လည်းရယ်နေသည်။ ပြေး၍လည်း လာသည်။ သူ့ရင်ခွင်ထဲလည်း တိုးဝင်သည်။ အားလုံး ကလေး လေးနှယ်ရှိ၏။

"ဝမ်းသာလိုက်တာ ကိုကိုရယ် ... ကိုကို မေမေ့ကို သနား လာပြီပေါ့နော်"

ရှိုက်သံမျှင်မျှင်လေးဖြင့် မေးလာသံလေးက သူ့ရင်ကို နင့်ခနဲ ဖြစ်စေသည်။

"ဘယ်လိုပြောလိုက်တာလဲ မိချမ်းရယ် ... မေမေ့ကို ကိုကို သနားလာပြီဆိုတာမျိုး ပြောလာတော့ အရင်က မသနား သလို သက်ရောက်တယ် ... မေမေ့ကို ကိုကို အမြဲချစ်နေ တာပါ ... ခု ၊ ကိုကို ဒီကိုလာနေနေတာက မေမေ့ကို မုန်း နေတာကြောင့် မဟုတ်ပါဘူး ... ကိုကို ကြေကွဲနေတာပါ ... ငွေ့အတွက် ကြေကွဲနေတာပါ ... ယူကျုံးမရ ဖြစ်နေတာ ပါ ... အဲဒါကို ခွဲခြားမြင်ပါ မိချမ်းရယ်"

သူ့အသံတွေ တိုးအက်လာလျက် ပြောတော့ မိချမ်း သူ့ကို မော့ကြည့်သည်။ ငယ်တုန်းကလိုပင် သူ့ပခုံးကိုဘောက် ဆင်ထိုးသလို ဘုတ်ခနဲ ထိုးသည်။

"ဆောရီး ကိုကို ... မိချမ်း မှားသွားတယ်"

တောင်းပန်သံလေးက ပျော်ရိပ်လေးတွေ သမ်းနေ တာ သူ သိနေသည်။

နောက်သို့ဆုတ်၍ သူ့ကိုပြုံးကြည့်ကာ ...

"အံမယ် ... ဒီလို ဆံပင်ရှည်ရှည်လေးကို နောက်လှန်ဖြီး ထားပြီး ... ပါးမြိုင်းမွေး နှုတ်ခမ်းမွေး စိမ်းဖန့်ဖန့်နဲ့ဆို



တော့လဲ ... ကိုကိုက ဇာတ်လိုက်လိုလို ဘာလိုလိုပါပဲ ... ခန့်တယ်တော့"

ဟု သူ နေသောထိုင်သာရှိအောင် ပြောပေးနေသေး သည့်အဖြစ်။ သူ့ကို ရယ်မောပျော်စေချင်မှန်း သိသာနေသည် ပါပဲ။

"ညည်းသည်က မန္တလေးက ဘိုးဘိုးဦးရွှေဟန်နဲ့ ဘွားဒေါ်ခင် ဘုန်းရှိန်ရယ် ... အန်တီဒေါ်မြမှူးခင်နဲ့ အစ်ကိုပြည့်စုံဟန် ရယ် ... ပြီးတော့ ... မြဖန်းရုံရယ်ပါပဲ ... ဘိုးနဲ့ဘွားက စင်ကာပူဘက် ခရီးဆက်ကြဦးမှာတဲ့ ... ဟိုမှာ ပိုးထည်တိုက် ဖွင့်ဖို့ဆိုလားပဲ ... လုပ်ငန်းတိုးချဲ့တဲ့သဘောပေါ့ ... မန္တလေး က ရွှေချည်ထိုးပန်းချီကားတွေ ... ရွှေချည်ထိုးထည်တွေလဲ ဟိုကကုန်တိုက်မှာ ထားမယ်လို့လဲ ပြောသံကြားတယ် ... ယွန်းထည်တွေရောတဲ့ ... အဲဒီမှာ မိချမ်းတို့စက်ရုံက အထည်တွေလဲ ပါမှာလို့ ဖေဖေနဲ့ မေမေ့ကို ဘွားပြောနေ တာ ကြားတယ် ... မိချမ်းတို့ရဲ့လုပ်ငန်း ပိုတိုးချဲ့ဖြစ်တာ ပေါ့ ... အဲဒါ ... ဖေဖေနဲ့ မေမေက အဲဒီစင်ကာပူကုန် တိုက်ထဲမှာ ရှယ်ယာလဲပါမယ့်သဘောတွေ ပြောနေကြ တယ်"

ဟု ဆက်တိုက်ပြောပြနေတော့ သူ ခေါင်းပဲညိတ် သည်။

"အန်ကယ် ဦးကြွယ်စိုးဟန် ဆုံးပြီးတော့ ... ဘွားတို့နဲ့ မန္တလေး ပါသွားတဲ့ မြပန်းရုံ ဆိုတာ အခု ဥယျာဉ်တာတိယ နှစ်တောင် ရောက်နေပြီတဲ့ ကိုကို ... အန်ကယ်ဆုံးတော့

www.burmeseclassic.com

www.burmeseclassic.com



ဘွားက သားကိုအလွမ်းပြေ ချစ်ရကြည့်ရအောင်ဆိုပြီးခေါ်သွားတဲ့ မြပန်းရုံ ဆိုတာ တစ်ခေါက်မှကို ဘွားတို့ကမခွဲဘဲ ရန်ကုန်ကို ပေးမပြန်တော့တာလေ .. ခုမှပဲ ပြန်ပါလာတော့တာ .. ဟိုတုန်းက ဆယ့်နှစ်နှစ်လောက်ပဲရှိမယ့် မြပန်းရုံလေးက .. ခုကျတော့လဲ လှတယ် ကိုကိုရဲ့ .. မိချမ်းထက် သုံးနှစ်လောက် ငယ်တယ်လေ"

မိချမ်း ပြောတော့ သူ တစ်ချက်ငုံ့ကြည့်ကာ ..

"ဟို ခြေကလန် လက်ကလန်နဲ့ ပိန်ရှည်ရှည်ကောင်မလေး မဟုတ်လား .. ဒူးကြီးကြီးနဲ့လေ .. လူက ပိန်ရှည်ရှည် .. ဒူးခေါင်းကကြီးကြီးနဲ့ အငိုအလွန်သန်တဲ့ ကောင်မလေး"

သူ မေးတော့ မိချမ်း ရယ်သည်။

ပုလဲရိပ်ငြိမ်နှင့် ကြာရိပ်မြိုင် ဆိုတာက တစ်လမ်းတည်းမှာပဲ ရှိကြတာမို့ .. နှစ်အိမ်တစ်အိမ် အဝင်အထွက်များကြသည်ပဲလေ။ မေမေနှင့် အန်တီမြမှူးခင် ဆိုတာကလည်း ကျောင်းနေဖက် သူငယ်ချင်းဆိုရာမှာ ညီအစ်မလို ချစ်ကြတာမို့ ဆွေမျိုးသားချင်းပမာ ရှိကြတာမို့ ချစ်ချစ်ကြင်ကြင် ကျွမ်းကျွမ်းဝင်ဝင် ရှိကြသည်ပါပဲ။ အန်ကယ်ဦးကြွယ်စိုးဟန် ဆုံးတော့ ဘွားနှင့်ဘိုးတို့ မျက်ရည်ဖြိုင်ကျလျက် မန္တလေးမှ လိုက်လာကြတာ။ အပြန်ကျတော့ မြပန်းရုံကို ခေါ်သွားတာတွေ သူ မှတ်မိနေသည်။ ဂျပန်ဆံတောက်ပျော့ပျော့နက်နက်လေးနှင့် အလွန်ငိုကြောရှည်သည့် ကောင်မလေး။ အစ်ကိုဖြစ်သူ ပြည့်စုံဟန်နှင့်ဆိုလျှင်လည်း အနိုင်ရမှ ကျေနပ်သည့်ကလေးမ။ အစ်ကိုပြည့်စုံဟန်ကိုများ ကျွဲလုပ်စီးရတာနှင့်။ မြင်းလုပ်စီးရတာနှင့်။ ကျားထိုးလျှင်လည်း အနိုင်



ရမှဖြစ်တာနှင့်။ အလွန်စွာသည့် ကောင်မလေး။ မိချမ်းထက်ပင် သုံးနှစ်လောက်ငယ်သည်မို့ သူကတော့ ထိုကောင်မလေးကို ချာတိတ်ပုစိကွေးလေးအဖြစ်ပဲ မြင်သည်။ ပြည့်စုံဟန်နှင့် သူနှင့်မှ ရွယ်တူလောက်ရှိသည်ပဲလေ။

"အခု အဲဒီ ဒူးကြီးကြီးနဲ့ ကောင်မလေးက ချောချောနန ကောင်မလေး ဖြစ်နေပြီ ကိုကို .. အဟုတ်ပြောတာ .. မိချမ်းဖြင့် အံ့သြယူရော .. ဆိုးတာကတော့ အရင်အတိုင်းပဲ ဆိုးပုံရတယ် .. အစ်ကိုပြည့်စုံကိုလဲ ခုထိနိုင်နေတုန်းပါပဲ .. သူ့ကိုလွမ်းလို့ တစ်နှစ် နှစ်ခါလောက် အစ်ကိုပြည့်စုံ မန္တလေး လိုက်လိုက်သွားတာလဲ .. ဟိုမှာ ဗိုလ်ကျနေမှာ သေချာတယ် ကိုကို .. ခုထိ ကလေးစိတ် ပျောက်ပုံမရသေးဘူး"

"အေး .. အဲဒီ ဒေါ်ဒူးကြီး ဆိုးတာက .. ညည်းလိုပေါ့ .. ညည်းဆိုးသမျှ ကိုကို ခံနေရတာပဲဥစ္စာ"

သူ ပြောခိုက် မိချမ်း ရယ်သည်။ ဒေါ်ဒူးကြီးဟု ခေါ်လိုက်ပုံကိုလည်း သဘောကျနေပုံ ရပါ၏။

ပြီးတော့ .. သူ မိချမ်းနှင့်တူတူ ပုလဲရိပ်ငြိမ်သို့ ပါလာမည်မို့ ပျော်နေမှန်းလည်း သိသာနေသည်။

သူ ပုလဲရိပ်ငြိမ်မှာ မနေခဲ့တာ ကြာခဲ့ပြီပဲလေ။

ခြောက်လကျော် ရှိခဲ့ချေပြီပဲ။

သြော် ... ငွေ မရှိတော့သည့်နေ့မှပင်စ၍ သူ ခြေကြကွဲကွဲဖြင့် ပုလဲရိပ်ငြိမ်မှ ထွက်ခွာခဲ့သည် မဟုတ်ပါလား။

သူ ဖျတ်ခနဲ ကျန်ခဲ့ရာ တိုက်အိမ်လေးကို လှည့်ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေ၏ဓာတ်ပုံလေးကို သူ့ခုတင်ဘေးစားပွဲထက်မှာ တင်ထားရာ တိုက်အိမ်လေး။

ငွေ၏ဓာတ်ပုံလေးကိုကိုင်၍ တတွတ်တွတ် သူစကားတွေပြောပြောနေမိရာ အိမ်လေး။

ထိုအိမ်တံခါးဝဝယ် ငွေသည် ငေးငေးလေး သူ့ကိုကြည့်ရင်း တိတ်ဆိတ်စွာ ရပ်ကျန်ခဲ့သည်သို့ ခံစားရပါ၏။ ရင်သည် ဆုပ်ချေညှစ်သည့်ဒဏ်ကို ခံရသည်သို့ ရှိချေသည်တကား။

○ ❧ ○



## အခန်း(၃)

"ကိုကို ပါလာတယ် မေမေ .. ဒါဆို .. ရွှေကောင်းကင်ကို ပဲ လိုက်လာလိုက်တော့မယ် မေမေ .. ဩော် .. ကိုကိုနဲ့ ပြောမလို့လား မေမေ .. ကိုကို .. မေမေနဲ့ ပြောလိုက်ဦး"

သူ ကားမောင်းနေစဉ်ခိုက် မိချမ်းက မေမေ့ထံ သူ ပါလာမြီဆိုတာကို သတင်းကောင်းတစ်ပုဒ်အဖြစ် လှမ်းသတင်းပို့သည်။ ပြီးတော့ သူ့နားနားကပ်၍ ဖုန်းလေးကို ထားပေးရှင်းမှ ...

"ပြော .. ပြောလိုက်လေ"

နှင့် လုပ်နေတာမို့ သူ သက်ပြင်းရှိုက်လိုက်ကာ မိချမ်းကို ကြည့်ရပါ၏။ မေမေ့ကို သူ စကားမပြောချင်သလိုကြီး များ မိချမ်း ထင်နေသည်လားမသိ။ ကြေကွဲနာကျင်ခြင်းများဖြင့် အားအင်ကုန်ခန်းနေသည့် နှလုံးသားဆိုတာ ကျန်ရစ်သူ၏ရင်ထဲမှာ နစ်နေအောင် ခံစားတတ်ရလျက် ..။ ထိုကြေကွဲကျန်ရစ်ရသူ၏ ချစ်ဝေဒနာသည် စကားနည်း နှုတ်ဆိတ်နေသူတစ်ယောက်ကို ဖြစ်တည်စေတတ်သည်ဆိုတာ မိချမ်း နားလည်နိုင်မှာမဟုတ်။

"မေမေ"

www.burmeseclassic.com

www.burmeseclassic.com



သူ ခပ်တိုးတိုး ခေါ်တော့ မေမေ့ထံမှ ရှိုက်သံလေး ပေါ်လာသည်။

"ကျေးဇူးတင်ပါတယ် သားရယ်"

သူ ရင်ထဲ မကောင်းနိုင်။ ငွေ ဆုံးပြီးကတည်းက သူ ပြောင်းရွှေ့နေခဲ့ပါသည့် စက်ရုံဝင်းကျယ်ကြီးထဲက တိုက်အိမ်လေးဆီသို့ မေမေ လာလာနေခြင်းမှာ သူ့ကိုမခွဲနိုင်သည့်စိတ်ဖြင့်ဆိုတာ သူ သိသည်ပါပဲ။ ငွေ့အတွက် ယူကျုံးမရ ဖြစ်ရလွန်းသည့်စိတ် .. ဘယ်လိုမှ မမေ့နိုင်စွာဘဲ တုန်လှုပ်နာကျင်နေရပါသည့်စိတ်တို့ဖြင့် ချုံးချုံးကျ ခံစားနေရလေသမျှကိုလည်း မေမေ မြင်နေရသည်မို့ အရမ်းကို နောင်တရနေတာလည်း သူသိနေသည်ပါပဲ။

ဒါပေမဲ့ .. မေမေ့ပယောဂမကင်းသည့် အကြောင်းခံတစ်ခုဖြင့် ငွေ ဆုံးခဲ့ရသည်ဆိုတာကိုတော့ မေမေရော သူရော သိနေသည့်နှယ် ပုလဲရိပ်ငြိမ်ကလည်း အားလုံး သိနေကြတာအမှန်ပါ။ သူ မေမေ့ကို စိတ်နာနေသည့် သဘောမျိုးဖြင့် တိတ်ဆိတ်စွာ နေခြင်းမဟုတ်ပေမယ့် .. ဘယ်သူ့ဘယ်သူနှင့်မှ စကားမပြောချင်ဘဲ ရှိနေသည့် သူတစ်ယောက်အဖြစ် ခြောက်လကျော်မျှ သူရှိနေခဲ့ရသည်ကတော့ အမှန်ပါ။ မေမေ ဆေးထိုးဆေးစားနေရပြီဆိုလျှင် သူ ပုလဲရိပ်ငြိမ်သို့ ခဏတစ်ဖြုတ်တော့ ရောက်သွားရပါ၏။ မိချမ်း လာခေါ်တာမို့ သူ ရောက်သွားရချိန်များမှာ မေမေသည် ခုတင်ထက်မှာ လဲ့နေရင်း သူ့ကို တောင်းပန်ကြည့်များဖြင့် တတ်ဆိတ်စွာ ငေးစိုက်ကြည့်နေတတ်ခဲ့တာ။ သူ့လက်ကို ဆုပ်ကိုင်ထားတတ်ရင်း ...



"သားကိုချစ်တဲ့ဇော ဆိုတာကို သား နားမလည်သေးလို့ပါကွယ် .. သား နားမလည်နိုင်သေးတာပါ"

ဟူသော စကားကိုသာ မျက်ရည်ဝေရင်း ပြောခဲ့တတ်သည်ပါပဲ။ ငွေ သေဆုံးခဲ့ရခြင်းအဖြစ်တစ်ခုသည် မေမေ့ဘက်ကကြည့်လျှင် အမှန်တရားတစ်ခု ဖြစ်နေသည်ဆိုတာလောက်ကြီးအထိတော့ သူ မပြောထွက်နိုင်။ ထိုသို့ ပြောပေးလိုက်ခြင်းဖြင့် မေမေ့ကို စိတ်သက်သာရာရအောင် သူ ကြိုးစားလိုက်ရာရောက်နိုင်ပေမယ့် ငွေ့ဝိညာဉ်လေးကို သူ အားနာသည်။ ကွယ်လွန်သူတစ်ယောက်အပေါ် သူ သစ္စာမဖောက်ရက်နိုင်။ မိုက်ရူးရဲဆန်စွာ ငွေ လုပ်သွားခြင်းသည် မေမေ့ပယောဂမကင်းသည့် ဖြစ်ရပ်ပေါ်မှာ အခြေတည်နေသည့် အဖြစ်တစ်ခုဆိုတာ သိနေဝါရက်ကယ်နှင့် သားကိုချစ်သည့်ဇောဖြင့် မေမေ လုပ်ခဲ့တာမို့ အရာရာသည် အားလုံးမှန်နေသည်ဆိုတာကိုတော့ သူ မပြောထွက်နိုင်ခဲ့။

ထိုစဉ်တုန်းကလည်း မေမေ့ မျက်ရည်ကို သူ သုတ်ခဲ့ကာ ...

"အားလုံး ပြီးသွားပြီ မေမေ .. ဘယ်သူမှန်တယ် .. ဘယ်သူမှားတယ် ဆိုတာတွေကို ပြန်ပြောနေတာထက် .. မေမေ နေကောင်းအောင်နေဖို့ အရေးကြီးပါတယ် .. သား ဒီညနေအထိ မေမေ့ဆီမှာ နေပါ့မယ် မေမေ"

ဟုသာ ပြောခဲ့နိုင်စွမ်းလျက် .. ထိုသို့ မေမေနေမကောင်းဖြစ်ချိန်မှာ တစ်ညနေတိုင်မျှအထိတော့ သူ ပုလဲရိပ်ငြိမ်မှာ နေခဲ့တတ်လျက် ..။ ညဘက်မှာတော့ သူ စက်ရုံဝင်းရှိ တစ်ထပ်တိုက်လေးမှာပဲ နေဖြစ်ခဲ့သည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



မိချမ်းကတော့ မေမေ အရမ်းခံစားနေတာတွေကို သူ မမြင်တတ်ခဲ့။ မသိနိုင်အောင်လည်း ပုလဲရိပ်ငြိမ်ဆီမှ ထွက်ခွာ၍ တိုက်အိမ်လေးတစ်လုံးမှာ သီးခြားနေနေသည်ဟု ပြောတတ်ခဲ့သည်ပါပဲ။ တကယ်တော့ .. သူသည်လည်း သားတစ်ယောက်ဖြစ်သည်မို့ မေမေ့အချစ်ကို နားလည်သည်ပါပဲ။ ထိုသို့ နားလည်သည်က နားလည်မှုခြင်းအဖြစ်၊ ရင်ထဲမှာ တရိုတသေထားနေရပေမယ့် ..။ ငွေ့အတွက် ကြေကွဲနာကျင်နေသည့် တဖွဲဖွဲကြေမှု ရှိနေရပါသော နှလုံးသား၏ဝေဒနာကလည်း ရင်ကိုဖိဆီးထားမြဲ ရှိခဲ့သည်တည့်။ ခုလည်း .. မေမေသည် ညှော်သည်တွေနှင့်သူ အတူထမင်းစားဖို့အတွက် မိချမ်းနှင့်ပါလာသည့် အဖြစ်တစ်ခု လေးအတွက် ကျေးဇူးတင်စကားကို ပြောနေရှာချေသည်တကား။

"ကျေးဇူးတင်တယ်ဆိုတာ မပြောပါနဲ့ မေမေရယ် .. သားကို အမေက ကျေးဇူးတင်တယ်လို့ပြောဖို့ဆိုတာ .. သားကြားရမှာကို ရင်ထဲကြေကွဲအနေခက်ရပါတယ် မေမေ .. သား .. မိချမ်းနဲ့အတူ အဲဒီကို မကြာခင် ရောက်လာတော့မှာပါ မေမေ .. မိချမ်းကို ဖုန်းပိတ်ခိုင်းလိုက်တော့မယ်နော်"

ဟု သူ ပြောတော့ မိချမ်း သက်ပြင်းရှိုက်ကာ သူ့နားနားမှာ ကပ်ပေးထားသောဖုန်းလေးကို ပြန်ပိတ်လိုက်သည်ပါပဲ။

"ဖေဖေကတော့ တည်တည်ငြိမ်ငြိမ် ပုံစံမျိုးနဲ့ မေမေ့ကို ထိန်းထားနိုင်ဖို့ ကြိုးစားနေပေမယ့် .. အပင်ပန်းဆုံးက ဖေဖေ ဖြစ်နေတယ် ကိုကို .. မေမေ့ကိုလည်း စိတ်ထဲဖြေ



ပြေရာလေး ရနိုင်အောင် အမြဲဖျောင်းဖျတယ် .. ဂရုစိုက်တယ် .. ကိုကို့ကိုလဲ ဘာတစ်ခုမှ အနှောင့်အယှက်မပေးဘူး .. ကိုကို စိတ်သက်သာသလို နေပါစေ .. ကိုကိုစိတ်ပြေသာအောင် နေပါစေ .. ကိုကို လွတ်လွတ်လပ်လပ် စိတ်ကိုလွှတ်ထား ငိုကြွေးနေပါစေဆိုပြီး ဖေဖေ ပြောတယ်၊ အလုပ်တွေကိုလည်း ဖေဖေ ပိုပြီး ပင်ပင်ပန်းပန်း ဂရုတစိုက် လုပ်ရတယ် .. ဖေဖေ ပိန်သွားတာ သိသာနေတာပဲ ကိုကို .. ဒါကြောင့် .. ကိုကို့ကို မိချမ်း တောင်းပန်ချင်တယ် .. ကိုကို စိတ်ထိခိုက်နေတာ မိချမ်းလဲ သိပါတယ် .. အားလဲ မတားရက်ပါဘူး ကိုကို .. ဒါပေမဲ့ ကိုကိုရယ် .. အဲဒီ စိတ်ထိခိုက်ခံစားနေရတာတွေကို .. အချိန်လေးကန့်သတ်ထားလိုက်ပြီးတော့ .. မိဘအတွက် .. ကိုကိုဟာ အရင်တုန်းက ကိုကိုလို ပြန်မဖြစ်သေးရင်တောင်မှ ပုလဲရိပ်ငြိမ်ကို ပြန်လာနေတဲ့ ကိုကိုအဖြစ်တော့ ရှိနေသင့်ပြီလို့ မိချမ်း တောင်းပန်ချင်တယ် .. ညအချိန်တွေမှာ ကိုကိုတစ်ယောက်တည်း အခန်းကျယ်ကြီးထဲမှာ နေနေရင်းနဲ့ ငိုကြွေးပါ ကိုကို .. ကြေကွဲပါ ကိုကို .. နေ့ဘက်တွေမှာတော့ .. မေမေ့မျက်ရည်နဲ့ ဖေဖေ့သောကတွေ ပင်ပန်းတဲ့ဒဏ်တွေ သက်သာစေဖို့အတွက် အရင်လို ပြန်ပြီး အတတ်နိုင်ဆုံးနေပေးပါလား ကိုကို .. ဒီလိုပြောလို့ မိချမ်းကို မတရားဘူးလို့ ပြောချင်ပြောပါ ကိုကို .. မိဘတွေ အရမ်းခံစားနေရတာ .. မြင်နေရတဲ့ သမီးတစ်ယောက်အနေနဲ့ရော .. အစ်ကိုတစ်ယောက် လောင်မြိုက်တဲ့ရင်နဲ့ ဆောက်

www.burmeseclassic.com

www.burmeseclassic.com



တည်ရာမဲ့အောင် ခံစားနေတာကို မြင်နေရတဲ့ ညီမတစ်ယောက်အနေနဲ့ရော .. မိချမ်း .. တောင်းပန်တာပါ .. မိချမ်း ရင်ထဲ မကောင်းနိုင်တော့ဘူး ကိုကိုရယ် .. အရမ်းငိုချင်နေတာပါပဲ"

ပြောနေရင်းဖြင့် မိချမ်း မျက်ရည်ကျလာတော့ သူ ငဲ့ကြည့်ကာ သက်ပြင်းရှိုက်မိရ ..။ ကားမောင်းနေရင်းမှ လက်တစ်ဖက်ဖြင့် မိချမ်း၏ခေါင်းလေးကို ပွတ်ပေးမိရပါပြီ။ အသက်မပါသော အပြုံးတုတစ်ခုသည် သူ့နှုတ်ခမ်းမှာ ဖြတ်ခနဲ ပေါ်လာ၏။

ဘာတဲ့ ..။ အချိန်လေးကို ကန့်သတ်ထားပြီး ငွေ့အတွက် ကြေကွဲနာကျင်ခြင်းများကို အခန်းကျယ်ကြီးထဲမှာ သူ သိသိပ်စွာ ခံစားရမည်တဲ့လား။ ထိုသို့နေပေးခြင်းသည် ပုလဲရိပ်ငြိမ်ကို ယခင်ကနယ် ပြန်၍ရှင်သန်နေစေသည့် အဖြစ်တဲ့လားလေ။ နောက်ဆုံးတော့ .. သူသည် ပုလဲရိပ်ငြိမ်ကို ရှင်သန်အေးချမ်းခြင်းတွေ ပျောက်လွင့်ပန်းဟိုက်နေစေသည့် သူတစ်ယောက်ပင် ဖြစ်နေချေသည်တကား ...။ သူ့ကို နားလည်ပေးပါသည် .. သူ့ရင်ကို မြင်ပါသည်ဆိုသည့် စကားတစ်ခုကို ခံထားလျက် .. ညီမလေး မိချမ်း ပြောသည့် စကားလုံးလေးတွေ၏ အချုပ်ကို ပြန်ကြည့်လိုက်တော့ ထိုသဘောပဲ ဖြစ်နေသည်။

ရှိစေတော့ ..။ သူ တစ်ယောက်တည်း လူးလိမ့်၍ ကြေကွဲနာကျင်နေစေတော့ ..။ အားလုံးအတွက် သူ ပုလဲရိပ်ငြိမ်သို့ပြန်၍ နေပေးရမည့်တာဝန်တစ်ခုသည် သားတစ်ယောက်အဖြစ် ပြီးတော့ .. အစ်ကိုတစ်ယောက်အဖြစ် သူ့ကို မလှုပ်သာအောင် တွန်းပို့ခိုင်းစေနေချေသည်တည့် ...။



မိချမ်း မျက်ရည်တွေ ကျနေတာကို မြင်နေရသည်မို့လည်း အစ်ကိုပေပဲလေ။ ရင်ထဲမကောင်းနိုင်။ ပြီးတော့ .. မိချမ်းဆိုတာ သူ အရမ်းချစ်ရပါသည့် ညီမ။ သူနှင့်လည်း လက်ပွန်းတတီး ထိပ်ထု .. ပန်းထု .. ရင်ခွင်ထဲဝင်နှင့် နေနေသည့် ကလေးလေးနယ် ရှိလွန်းပါသည့် ညီမ။

"အစက အိမ်ကိုမောင်းခဲ့ဖို့ မေမေ မှာလိုက်တာ .. ခုကျတော့လဲ .. ရွှေကောင်းကင်မှာ ကျွေးမွေးဖို့ စီစဉ်ထားတာဆိုတော့ .. ဘွားတို့မရောက်ခင် မေမေတို့က ရောက်နေသင့်တာမို့ .. ဟိုကို နည်းနည်းပိုစောသွားရမှာမို့ .. ရွှေကောင်းကင်ကိုပဲ လိုက်လာဖို့ မေမေ ပြောလာတာ ကိုကို .. မိချမ်း ပြောပြမယ် သိလား .. ကိုကို့ဆီ မိချမ်းကို အခေါ် လွှတ်တုန်းက မေမေ ဘာပြောတယ် ထင်သလဲ .. ကိုကို ပါလာသလား မပါလာဘူးလားဆိုတာ မိချမ်းဆီကို မေမေ ဖုန်း ဆက်မမေးရဲဘူးတဲ့ .. မိချမ်းကပဲ ဆက်ပါတဲ့ .. အဲသလို စိတ်လှုပ်ရှားကျန်ခဲ့ရှာတာ .. မေမေ သနားပါတယ် ကိုကိုရယ်"

သူ မိချမ်းကို ငဲ့ကြည့်သည်။ သူ့ဘက်က ပျော့ပျောင်းလာသည်ဟု မှတ်ယူ၍ထင့် ..။ တောက်လျှောက်ပြောနေသည့် မိချမ်းကို တစ်ချက် သက်ပြင်းရှိုက်ချလိုက်ရင်း ငေးကြည့်လိုက်မိပါ၏။ မိချမ်း ရင်ထဲမှာ ဘာတွေရှိနေသည်ဆိုတာကို သိသည့် အကြည့်မျိုး ဆန်နေသည်။

"အပြန်ကျရင် .. ကိုကိုနဲ့ စက်ရုံအိမ်ကိုလိုက်ခဲ့ .. ကိုကို့အဝတ်တွေ သိမ်းပေး၊ ပုလဲရိပ်ငြိမ်ကို ကိုကို မိချမ်းနဲ့အတူ ပြန်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ယတိပြတ် ဆုံးဖြတ်လိုက်သံဖြင့် သူ ပြောတော့ မိချမ်း၏ မျက်နှာလည်း ဝင်းလဲ့ကြည်သွားကာ သူ့ပခုံးပေါ် ခေါင်းလေးတင်ပစ်လိုက်ရင်းမှ လက်ကလည်း ဝမ်းသာအားရလေး ပခုံးပေါ် ဖေးတင်ဖက်လိုက်ပါသတည်း။

နောက်တော့လည်း ချက်ချင်း ဖုန်းဆက်လိုက်သည်က မေမေ့ထံသို့ပါ။

"မေမေရေ .. ကိုကို ပုလဲရိပ်ငြိမ်ကို မိချမ်းနဲ့အတူ အဝတ်သေတ္တာထဲ အဝတ်တွေအားလုံးထည့်ပြီး ပြန်လာတော့မှာ .. အဲဒါ .. မေမေသိအောင် ပြောပြတာ မေမေ .. မယုံရင် ကိုကို့ကိုမေးကြည့် .. မေးကြည့် .. အမယ်လေးလေး .. ဝမ်းသာလိုက်တာ ကိုကိုရယ် .. မေမေလဲ ငိုနေတယ် .. ဝမ်းသာလို့ ငိုနေတယ် .. မိချမ်းလဲ ငိုနေတယ် ကိုကို့ရဲ့"

ကလေးလေးလို ပြောလည်းပြော .. သူ့ထံ ထုံး အတိုင်း ဖုန်းလေးကပ်ပေးလာတော့ သူ မေမေ့ရှိုက်သံကို ဖုန်းလေ ဆီမှ ကြားနေရသည်။

"ပုလဲရိပ်ငြိမ်ကို သား ပြန်လာပါမယ် မေမေ"

ဟု သူ တည်တည်ငြိမ်ငြိမ်ဖြစ်အောင် အသံကိုထိန်း ရင်း ပြောလိုက်ရစဉ်ခိုက် ငွေ့မျက်နှာလေးကို တနင့်နင့် ကြေ သည့်ရင်ဖြင့် သူ မြင်နေရပါပြီ။ မေမေလည်း ကားပေါ်ရော နေသည်။ ခေါမှကားတွေ ဖြတ်သွားသံတွေ ကြားနေရပါသည် အဖြစ်။ သားအမိနှစ်ယောက် ကားတွေ ဖြတ်သန်းသွားလာ သည့် လမ်းပေါ်မှာ ရှိနေရင်း စကားပြောဖြစ်နေကြခြင်း။



"မေမေ ဒီနေ့ကို .. အမြဲ ရင်ထဲမှာသိမ်းထားမယ် သား .. မေမေ့သားကို မေမေ ပြန်ရလိုက်တဲ့နေ့ကို မေမေ အမြဲ ရင်ထဲမှာ သိမ်းထားမယ် သားရယ်"

ဟု မေမေ ငိုလျှက် ပြောနေတော့ ..

"သင်သင်ကလဲလေ .. ပေး .. ကိုလတ်ကို ဖုန်းပေး"

ဟူသော ဖေဖေ့အသံ။

"ဝမ်းသာတယ် သား .. ဖေဖေတို့ ပင်ပန်းလှပြီ .. အားလုံး ရင်ထဲနားနေ .. အပန်းဖြေကြရအောင် ပုဂံကို ဘုရားဖူး သွားကြမယ် သား၊ ဒါ ခုချိန်လေးမှာပဲ ဖေဖေ ဝမ်းသာ လွန်းတဲ့စိတ်နဲ့ .. ဆုံးဖြတ်လိုက်တာပဲသားရေ .. စက်ရုံသုံး ဘတ်စ်ကြီးနဲ့ သွားကြမယ်ကွာ .. ဆလွန်းတွေနဲ့ မသွားဘူး .. ခံစားချက်အသစ်တွေချည်း ရှိရအောင်ပဲ သားရေ့"

ဟု တစ်ချီတည်းဖြင့် တစ်ထိုင်တည်း တွေးလည်း .. ဝမ်းသာစိတ်ကြီးဖြင့် ဖေဖေ ရယ်၍ ပြောလာတော့ သူ ထဲမှာ ဖေဖေ့ကို အားနာရပြန်သည်။ သြော် .. ဖေဖေ့ခမျာ .. အရမ်းပင်ပန်းထားလေသမျှ အားလုံးလွတ်ချ၍ ပျော်သွားရှာ သည်ကောလေ။

ခုလည်းကြည့် .. ချက်ချင်းကြီး ကောက်ကာငင်ကာ ချီတည်းဖြင့် ဖေဖေ စီစဉ်ပြီးသွားပြီ။ တကယ်က မိသားစုတစ်စု လုံး စိတ်လွတ်ကိုယ်လွတ် ဘတ်စ်ကားကြီးဖြင့် တစ်စီးတည်း ဖြစ်အောင် ..။ ကြည့်ရတာ ပုလဲရိပ်ငြိမ်မှ လူကုန်တက်ရ သွားမည့်သဘောမျိုး ဖြစ်နေသည်။

ဖေဖေ ပြောနေတာတွေ ကြားချင်သည့် မိချမ်းမှ

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းရှိစပီကာခလုတ်လေးကို နှိပ်၍ နားထောင်နေတာမို့ ဟေးခနဲ အော်လိုက်သည်မှ အပျော်ဖြင့်ပါ။

သူ .. ရင်ထဲ မွန်းကျပ်နေရပါပြီ။ ဓွေ့မျက်နှာလေး ဝေ့ခနဲ ပေါ်လာသည်။

"မောင်တို့က .. ခရီးတွေဘာတွေတောင် ထွက်ဦးမှာပေါ့နော်"

ဟု သံတိမ်လေးဖြင့် အားငယ်ညှိုးဖျော့စွာ မေးနေသည်ဟု ခံစားဖြစ်၏။

ခွင့်လွှတ်ပါ ဓွေရယ်။ ဖေဖေနဲ့ မေမေတို့ ရှင်သန်နေကြဖို့အတွက် .. အပျော်တွေကို မောင် ဖြစ်တည်ပေးရမှာပါ။ ဒါပေမဲ့ .. မောင့်ဘဝကဖြင့် သေနေတာပါ ဓွေရယ်။ သေနေရတာပါကွယ် .. ဟု တွေးဖြစ်ဦးခိုက် ကားက ရွှေကောင်းကင်ဟိုတယ်၏ အဝင်တံခါးသို့ ရောက်ပြီ။ ကားပါကင်ထိုးရာမှာ ရပ်ပြီးသည်နောက် သူ ကားပေါ်မှဆင်းသည်။ ဖေဖေတို့ကားလည်း ရောက်နှင့်နေကာ သူ့ကို ပီတိမျက်ရည်တွေ ဝေ့နေလျက်ဖြင့် ကြည့်လည်းကြည့်။ သူ့ရှိရာသို့လည်း လျှောက်လာကြပါ၏။

ဖေဖေ့လက်တွေက သူ့ပခုံးထက်မှာ တင်လာသည်။ ခုမှ ဖေဖေ မျက်ရည်ကျလာ၏။ သား၏ကိုယ်ကြီးကို ကလေးလေး ပွေ့ပိုက်သလို ရင်ခွင်ထဲသွင်း၍ ပွေ့ဖက်ထားလိုက်ရင်းမှ..

"သွားစို့ .. ဖေဖေတို့ စီစဉ်ထားတဲ့ သီးသန့်ဆောင်လေးကို သွားကြစို့"

ဟု ပြောကာ ဟိုတယ်၏ဘေးဘက်ကိုဖွဲ၍ ကျောက်လမ်းလေးအတိုင်း ဖေဖေ လျှောက်သည်။ သီးသန့် တစ်ထပ်ဆောင်လေးတစ်ခုသည် ပန်းအိုးလေးတွေ ရံထားသော ကျောက်လမ်း



လေး၏ အဆုံးမှာရှိ၏။ ဝန်ထမ်းလေးတွေက တံခါးဝမှာအသင့်။ ဧည့်သည်ကို ကြိုလင့်လျက် တံခါးလေးဖွင့် ..။ ခါးလေးညွတ်၍ ဝန်ထမ်းလူရွယ်လေးက ကြိုသည့်နှယ်။

အတွင်းဘက် အခန်းကျယ်ကြီးထဲ ဦးဆောင်ခေါ်လာသည့် ဝန်ထမ်းလေးကလည်း တရိုတသေဖြင့်ပါ။ အခန်းသည် ... နီရောင်ကော်ဇောကျယ်ကြီးထက်မှာ စားပွဲဝိုင်း ငါးဝိုင်းဖြင့်ရှိ ... လျက်။ စားပွဲခင်းဖြူဖြူထက်မှာ ထောင့်ချိုးထိုးခင်းထားသော ... စားပွဲခင်း နီနီလွှင်လွှင်လေးတွေ ရှိနေကြကာ။ နှင်းဆီဖြူထိုးပန်း ... လေးတွေလည်း စားပွဲတိုင်းမှာ ရှိနေသည်။ ဖဲသားဖုံးထိုင်ခုံ ... ကျောမှီနီနီတွေဖြင့် ရှိနေပါသည့် ထိုင်ခုံတွေကလည်း တောက်ပ ... လွှင်နေသည်ပါပဲ။

"သင်သင် နားနေလိုက်နော် .. ကိုလတ်နဲ့ မိချမ်းရယ် .. သားရယ် ဧည့်သည်တွေ ကြိုလိုက်မယ်လေ .. ဘွားတို့ကို ကြိုနေချိန်မှာ သင်သင် .. ခဏ ဒီမှာနားနေလိုက်ပါလား"

ခုထိ သူ့လက်ကိုမလွှတ်သေးဘဲ ဆုပ်ထားသည့် ခေါင်းလေးယမ်းလိုက်ကာ ..

"သင်သင်လဲ လိုက်မှာပေါ့ ကိုလတ်ရယ် .. အခန်းကို အရင် သင်သင် လာကြည့်တာပါ .. သီးသီးသန့်သန့်လေး စားသောက်ချင်သူတွေအတွက် ဒီလိုသီးသန့်တစ်ထပ်ဆောင်လေးတွေ စီမံထားတာကိုက ကောင်းတယ်နော် ကိုလတ် .. သင်သင် မနားတော့ပါဘူး ကိုလတ်ရယ် .. သင် နေကောင်းနေပါတယ် .. ဧည့်သည်တွေလဲ လာချိန်နီးပါပြီ။ သင်သင်တို့ စောင့်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ သူ စိတ်နည်းနည်းရှုပ်ထွေးလာသည် ညှိသည်တွေကို သူ ကြိုရမှာ ဝန်လေးပင်ပန်းသည်။ ပြုံးပြရ ဘာရနှင့်မောသည်။ အန်တီခင်နှင့် ကိုပြည့်တို့ကတော့ ရင်းနှီးကျွ ဝင်ရှိကြပြီးသားပါ။ ဒါပေမဲ့ ဘိုးနှင့်ဘွားပါလာသည်လေ။ လူကြီး တွေကို မကြိုချင်တာ မဟုတ်။ ဘိုးနှင့်ဘွားကိုကျတော့ သူလည်း သိပ်မရင်းနှီးလှ။

မေမေ့သူငယ်ချင်း အန်တီခင်၏ယောက်ျားမဆိုထ လောက်ပဲ သူ သိသည်။ မြင်ဖူးတာရှိသည်။ အန်ကယ်ဦးကြွ စိုးဟန် သွေးတိုးဖြင့် ရုတ်တရက်ဆုံးတော့ ဘိုးနှင့်ဘွားတို့ မန္တ မှလိုက်လာကြကာ အပြန်မှာ မြေး မြပန်းရုံကို ခေါ်သွားသည်

ကြာရိုပ်မြိုင်သို့ မြေးကို တစ်ခေါက်သော်မျှ အလ ပင် ပေးမလာတော့ဘဲ မန္တလေးမှာပဲ မခွဲနိုင် မခွဲရက်ဖြင့် ထားလိုက်တာမို့ ..။ လွမ်းကြသည့် အန်တီခင်နှင့် ကိုပြည့်တို့ မန္တလေးသို့ တစ်နှစ် တစ်နှစ်မှာ အလှည့်ကျသွား၍ သွား မြပန်းရုံကို တွေ့ကြရသည်အထိ ဘွားတို့ဘက်က မြပန်းရုံ အပိုင်ခေါ်ထားလိုက်ခြင်းပါ။

ဘွားနှင့်ဘိုးလည်း ရန်ကုန်သို့ သိပ်မရောက်ဖြ တော့။ ဘိုးဘိုး လာလျှင် ဘွားက မြပန်းရုံနှင့် မန္တလေးမှာ နေရစ်ခဲ့ကာ .. ဘွားလာလျှင်လည်း ဘိုးက မြပန်းရုံနှင့် မန္တ မှာ ချန်နေရစ်ခဲ့သည်။ သဘောက ကြာရိပ်မြိုင်အိမ်သို့ မြ လေး အလည်လေးပဲ ပြန်ပါလာလာ .. ရန်ကုန်မှာ နေပျော် ချာကို ကြောက်နေကြသည့်သဘော။ ဒါတွေကိုတော့ အိ မဝေးကြသည်မို့ အားလုံး သူသိနေသည်ပါပဲ။ မေမေက



ရယ်၍ ပြောပြောပြသည်က ဘိုးနှင့်ဘွားတို့၏ မြေးချစ်ပုံ အဖြစ် သည်းလေသမျှကို မငြီးမငွေ့ ဖြစ်နေသည် မဟုတ်ပါလားလေ။

ခု .. ဘိုးနှင့် ဘွားကို သူ ကြိုစဉ်ခိုက် ဆံပင်ရှည် ကြီးနှင့် နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးစိမ်းစိမ်းတွေဖြင့် ရှိနေတာကို အနေခက် အားနာလာရပြန်သည်မို့ ..

"သား .. ပန်းခြံဘက်ပဲ သွားကြည့်နေချင်တယ် ဖေဖေ .. ခေါင်းကြည်သွားအောင်လို့ပါ"

ဟု ပြောတော့ ဖေဖေ သူ့ကို ဘာမျှမဆန့်ကျင်ဘွာ ဘဲ ခေါင်းညိတ်ခွင့်ပြုသည်ပါပဲ။ ပုလဲရိပ်ငြိမ်သို့ သူ ပြန်လာမည် ဆိုတာမို့ ဖေဖေ ပျော်နေရှာလေသမျှ သူ စိတ်အနှောင့်အယှက် ဘာတစ်ခုမျှ ထပ်မဖြစ်အောင် သတိထားရှာသည့် ဖေဖေပါ။ ခုလို သူသိနေရသည်မို့လည်း ဖေဖေ့ကို သူ လက်အုပ်လေးချီလိုက် မိကာ ..

"ဖေဖေ စိတ်ပင်ပန်းလှပါပြီ ဖေဖေရယ်"

ဟု မျက်ရည်ဝဲ့ရင်း ပြောမိသည်က ခပ်ညည်းညည်း နိုင်နေသည်။ အပြစ်မကင်းသည့်နှယ်လည်း ခံစားရသည်။ ဖေဖေ ရယ်၍ သူ့လက်ကို ကြည်ကြည်နူးနူး ဆုပ်ခဲကိုင်လိုက်ကာ ...

"ဘယ့်နှယ်ကွာ .. ဖေဖေ့သားကလဲ .. ဖေဖေ စိတ်ပင်ပန်း တယ် မရှိပါဘူး .. သွား .. ပန်းပင်တွေကြည့်ချေ .. မိချမ်း ညည်းရဲ့မေမေနဲ့ လိုက်ခဲ့ .. လာ"

ဟု ခေါ်ထွက်သွားတာမို့ သူ ကျန်ခဲ့သည်ပါပဲ။

တကယ်ပဲ ဟိုတယ်တွင်းဆီမှ ဥယျာဉ်ကို သူ ငေး ကြည့်လိုက် ..။ ကျောက်ခင်းလမ်းလေးအတိုင်း ဆက်လျှောက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖြင့် အချိန်ဖြုန်းနေရပါ၏။ ပန်းတွေ အတော်ကြီးကိုစုံသည်မို့ မွှေးမြမြရနံ့နှင့်အတူ အသွေးစုံသည့် ပန်းခင်းတွေက စိတ်ကိုညှို့ ငင်ထားနိုင်သည့်အဖြစ်။

ခြေခင်းလက်ဆန့်ဆန့်သော ခပ်အေးအေးလမ်း လျှောက်နေရသူတစ်ယောက်နှယ် ရှိသွားရအောင် သူ့စိတ်တွေကို စုစည်းယူနေရရင်းဖြင့် လျှောက်လျှောက်နေမိသည်က အချိန်လေး တော့ ရလာပြီ ..။ ထိုစဉ်ခိုက် ဖုန်းမြည်လာတာမို့ ...

"ဟယ်လို .. မိချမ်း .. ညီသည်တွေ ရောက်ပြီလား"

ဖုန်းနံပါတ်က မိချမ်း နံပါတ်ပေမို့ သူ မေးတော့ ...

"ထိုင်တောင် ထိုင်နေကြပြီ ကိုကို .. လာခဲ့တော့"

ဟု ပြောတာမို့ သူ ခြေလှမ်းကျဲကြီးဖြင့် ပြန်လျှောက် လာသည်။ ဆံပင်ရှည်ကြီးနှင့် ရှိနေပါသည့်သူ့ကို ဘွား မြင်လျှင် သိပ်တော့ကြိုက်မည်မထင်။ ဘွားက ရှေးဆန်သည်လေ။

ဒါပေမဲ့ .. ရှေးဆန်သည့် ဘွားလည်း ခေတ်လူငယ် မြေးတစ်ယောက်နှင့် ခေတ်မီသည့်ဘွား ဖြစ်နေချေပြီလား မသိ။ အတွေးဖြင့် တစ်ချက် လွှတ်ခနဲ ပြုံးလိုက်မိမယောင်ပင် ဖြစ်သွား ရပါ၏။ နောက်တော့လည်း သူ တန့်ခနဲ အပြုံးပျောက်သွားရသည် ပါပဲလေ။ ဩော် .. နှလုံးသားက သူ့ကို ပြုံးခွင့်ကို မပေးနိုင်စွမ်းပဲ တားမြစ်နေဆဲ ဖြစ်နေချေသည်တကား ...။

အခန်းတွင်းသို့ သူ ဝင်စဉ်ခိုက် အားလုံး လူစုံနေ ကြပြီ။ လူကိုးယောက်စာ စားပွဲဝိုင်းကြီးတစ်ခုသည် ကုလားထိုင် လွတ်တစ်လုံးဖြင့် အားလုံး လူပြည့်နေပြီ။ သူ ဝင်လာတာကို လည်း လှမ်းကြည့်ကြသည်ပါပဲ။



လွတ်နေသည့်ထိုင်ခုံနေရာကို သူ လှမ်းကြည့်ကာ ိုင်ရမှာ ဝန်လေးလာသည်။ မသက်မသာ ဖြစ်လာသည်။ တ်ခနဲ စုတ်သပ်လိုက်မိသည့်အဖြစ်။ သူ ထိုင်ရမည့်နေရာသည် ား၏ဘေးမှာထိုင်နေသည့် ကောင်မလေးတစ်ယောက်၏ ဘေး က်နေရာဖြစ်နေသည်။ ဆံပင်နက်နက်လေးတွေကို ခပ်မြင့်မြင့် း နှစ်ဖက်ချည်ထားကာ၊ ချည်ကြိုးလေးကလည်း ဝက်ဝံဖြူရုပ် း အမွေးပွနှယ် ရှိနေသည့် ဆံပင်ချည် ပိုးကြိုးလေးမျိုးပါ။ ဖြူရောင်လက်စက ခပ်ပွပွချည်သား ပန်းပွင့်ထိုး အကျီလေးကို ်ထားသည့် ကလေးမ။ ဝင်လာသည့်သူ့ကို မြင်တာနှင့် ောင်၍ မျက်ခုံးလေးရှုံ့ကွေးကာ ကြည့်သည့်အကြည့်က ဆံပင် ည်ကြီးနှင့် ပါးမြိုင်းမွေးစိမ်းနေသည့် သူ့ကို ကဲ့ရဲ့ကြည့် ဖြစ်နေ ည်။

လူပင်သွားမထိုင်ရသေး။ ကောင်မလေးက တစ်ခုံ ာ်မှာရှိနေသည့် ဘိုးအေလုပ်သူကို အတင်းအုပ်သည့်အကြည့် ကြည့်သည်မှ မျက်လုံးလေး မှေးမယောင်ပြု၊ မျက်ခုံးလေး ပြကာ ပခုံးလေးတွန့်၍ နှုတ်ခမ်းလေးကို မဲ့ပြသည့် အသံတိတ် ်းဖြင့်ပါ။ သေချာသည်။ ဒါ .. သူ့ကို အတင်းအုပ်နေခြင်း။

ဘိုးအေလုပ်သူကလည်း မြေးလုပ်ပြသည့် အတင်း ကို သိပုံဖြင့် မသိမသာ ပြုံးတုံးတုံးကြီးလုပ်ကာ အတိုင်အဖောက် ဖြင့် ပြန်၍မျက်ခုံးကိုပင့်ပြသည်။

အောင်မယ် ..။ ခေတ်တိုးဘိုးပါတကား။ ရှေးဘိုး တ်။ မြေးနှင့် အပေးအယူဖြောင့်စွာ အတင်းပြောတတ်သည့် ား။ ဟဲ့ .. ဘာလို့ အဲသလို ကိုယ့်ထက်ကြီးတဲ့သူကို အတင်း

www.burmeseclassic.com

www.burmeseclassic.com



အုပ်ချင်ရတာလဲဆိုသည့် အသံတိတ်နည်းဖြင့် သတိပေးတာမျိုးတွေဘာတွေ မလုပ်။ ဥပမာ .. မျက်ခုံးတွန့်ပြတာမျိုး။ ခေါင်းယမ်းပြတာမျိုး မလုပ်။ အံမယ် .. ပြန်၍ ပြန်၍ပင် မျက်ခုံးတွေ ဘာတွေပင့်ပြ။ ပခုံးတွန့်ပြနှင့် လုပ်နေသည့် ဘိုးဘိုးပါတကား။

"လူရှေ့သူရှေ့ ကာယကံရှင်ရှေ့တောင် ဒီကောင်မလေး အတော်အတင်းပြော ကျွမ်းပါလား .. ငါ့ကိုများ လူညံ့ကျလို့ .. ငါ့အတင်း ပြောနေတာကို ငါ မသိဘူးများမှတ်နေလား မသိဘူး"

ဆံပင်မြင့်မြင့်လေး နှစ်ဖက်ချည်ထားကာ ခုထိကလေ့ရုပ် မပျောက်သေးသည့် ကလေးမ။ ကလေးလို မနေဘဲ မျက်ရိပ်မျက်ကဲတွေ ဘာတွေဖြင့် ရှိနေသည့် ကလေးမ။

မြင်မြင်ချင်း စေတနာပျက်ရပါသည့် ကောင်မလေး။

"လာ .. သား .. ထိုင် .. သူက အပင်တွေ စိတ်ဝင်စားတယ်လေ .. ပန်းတွေမြင်တော့ .. ဘိုးတို့ ဘွားတို့လဲရောက်လာဦးမှာ မဟုတ်သေးပါဘူးလေဆိုပြီး .. ပန်းတွေသွားကြည့်နေတာ .. သားက ပန်းပင်တွေ ဘာတွေစိုက်တာ ဝါသနာကြီးတယ် .. ခုမှ အလုပ်တွေပိပြီး အပင်ဘက်ကို မကြည့်နိုင်တော့တာ"

လူကြီးတွေကို မကြိုဘဲ ရှိခဲ့ပါသည့် သူ့အဖြစ်ကိုကာကွယ်ပေးသလိုလေးလည်းဖြစ်၊ အားနာစကားလည်းဖြစ်သည့်သဘောဖြင့် မေမေသည် သူ ဘယ်တုန်းကမှ အပင်မစိုက်ခဲ့ဖူးသောအဖြစ်ကို .. အပင်ဝါသနာအိုးကြီးအဖြစ် ကြံဖန်၍ ဖန်တီးပြောနေခြင်းပါ။



သူ ထိုင်ရမည့် ထိုင်ခုံနေရာကို စိတ်လက်ညစ်လျက် ရပ်ကြည့်နေစဉ်ခိုက်မှာ အန်တီခင်မှ ...

"ထိုင် .. မောင်ရန်ပြေရေ .. မင်းရဲ့ညီမလေးဘေးမှာပဲ ထိုင်လိုက်တော့"

ဟု ပြောတာမို့ သူ ထိုင်လိုက်ရသည်ပါပဲ။

ထိုင်ပြီးတော့လည်း မနေနိုင်စွာဘဲ ကောင်မလေးကို ငဲ့ကြည့်မိသည်။ ဆံပင်နှစ်ခွ၊ ချည်သားအကျီပွကြီးဖြင့် ရှိနေသည့်အထဲ ဒူးဖုံးဘောင်းဘီပွကြီးဖြင့် ရှိနေသည့် ကောင်မလေး။ သူ့ပါးမြိုင်းမွေးတွေ စိမ်းထနေသည့် မျက်နှာကို မော့ခနဲကြည့်ကာ နှာခေါင်းလေး ရှုံ့လိုက်တာကို သူ နီးနီးကပ်ကပ်ကြီး မြင်ရတော့ ရင်ထဲ အောင့်ခနဲဖြစ်သည်။

ဒူးဆစ်အောက် ခြေသလုံးဖုံးနေသည့် ဘောင်းဘီပွကြီးက ကာတွန်းရုပ်တွေပါသော အဖြူခံတွင် ရုပ်စုံဆင်ဘောင်းဘီမျိုး။ ရုပ်ကိုက ကာတွန်းရုပ်ပေါက်နေသည့် ကလေးမ။ လက်လေးတွေက ကိုယ့်ပါးလေးကို ကိုယ်ပြန်ပွတ်ပြ။ နှာခေါင်းလေးကို ပွတ်ပြနှင့် လုပ်ပြပြီး အသံတိတ်နည်းဖြင့် မျက်စိလေးနှင့် ဘိုးအေကို လှမ်းကြည့်ကြည့်ပြတာမို့ သူ ဘိုးကိုကြည့်မိရပါပြီ။ ဘိုးဘိုးက ပါးမြိုင်းမွေးတွေ မုတ်ဆိတ်မွေးတွေ ရိတ်သင်ထားကာ ရှင်းသန့်နေသည့် ဘိုးဘိုး ဖြစ်နေချေသည်တကား။

"အံမယ် .. သူက ငါ့ကို တိုက်ရိုက်အတင်းအုပ် ကဲ့ရဲ့ပြနေတာကိုး .. ငါက ငယ်ငယ်ရွယ်ရွယ်နဲ့ ညစ်ပတ်တယ် .. သူ့ဘိုးဘိုးက အသက်ကြီးကြီးနဲ့ သန့်ပြန့်တယ်လို့ ပြောတဲ့သဘောကို ဆောင်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု နားလည်လာရတာမို့ မျက်မှောင်တွန့်၍ ခပ်တည်တည်ကြီး မနှစ်မြို့စွာ သူ ကြည့်တော့ ..

"ဒီက ကိုကြီးကိုကြောက်တယ် .. ပန်းရုံကို ဒီလိုကြည့်တယ်.. ဘိုးဘိုး ဒီမှာလာထိုင် .. အဲဒီနေရာမှာ ပန်းရုံ ထိုင်မယ်"

ဟု ကောက်ကာငင်ကာ ထလုပ်ပြန်သည့်အဖြစ်။ လူကြီးတွေကတော့ ရယ်နေသည်။

"အေးဟယ် .. သားကလဲ .. ကလေးကို ဘယ်လိုကြည့်လိုက်တာလဲ"

မေမေ ရယ်၍ဝင်ပြောတော့ သူ ဘိုးအေနှင့် နေရာချင်းလဲဖို့ ထထွက်သွားနေပြီဖြစ်သည့် ပန်းရုံကိုကြည့်ကာ ...

"ငယ်တုန်းကလိုများ အော်ငိုနေမလားလို့ပါ မေမေ .. စွာတာတာလေး လုပ်တာကတော့ အရင်လိုပါပဲ"

ဟုပြောလိုက်တော့ မိချမ်း၏ရယ်သံက ပိုကျယ်သည်။

"အဝေးသင်ဥပဒေ တတိယနှစ် ကိုကိုရဲ့ .. ကလေးမဟုတ်တော့ပါဘူး .. ဒါပေမဲ့ ရုပ်လေးကိုက ကလေးလေးလိုပဲ .. မြပန်းရုံက ချစ်စရာလေး ဘွားဘွားရဲ့"

ဟု သူ့ကိုလည်း လှမ်းပြော။ ဘွားကိုလည်းရယ်၍ပြောနှင့် မိချမ်း ဝင်ထိန်းသည်။ ခုလို နေရာပြောင်းသည့်ကိစ္စ .. မြပန်းရုံကို ဘယ်သူကမှ စိတ်မဆိုးကြ။ ကလေးလိုပဲ သဘောထားကြကာ ရယ်မောနေကြသည်ပါပဲ။

"ခုတလော သားက အလုပ်များနေတော့ ဆံပင်လည်းမညှပ်ဖြစ် .. မုတ်ဆိတ်တွေ ဘာတွေလဲ မရိတ်ဖြစ်ဖူးလေ"



ဟု မေမေ သူ့ကို ကြည့်ကာ ကြည့်ကာဖြင့် ဘာမျှ သားအမိကြားမှာ ကြေကွဲလောင်မြိုက်တာတွေ မရှိခဲ့သည့်အလား အေးအေးချမ်းချမ်းလေး ထပ်၍ဝင်ထိန်းပြောပေးရှာသည်ပါပဲ။

"ဒါကြောင့် မြပန်းရုံလေး သူ့ကို လန့်တာနေမှာပေါ့ .. သားကလဲ ဘယ်လောက် အလုပ်များများ ဆံပင်လေးတော့ ညှပ်ဦးလေ"

ဟု ပြောတော့လည်း သူ အင်းအဲမလုပ်မိ။ ဘာတွေလဲ .. ဟု သူ စိတ်ညစ်လာသည်။ ထမင်းစားမည့်ကိစ္စ။ ဆံပင်ညှပ်ရမည့်အကြောင်းတွေက ပါလာနေသည်။ ထမင်းစားမည့်ကိစ္စ ခေါင်းတည်၍လာသည်ပဲလေ။ စားသောက်ဖို့ပဲ ရှိသည်ပေါ့။ ခု ဥစ္စာက .. မလိုတာတွေ လာဖြစ်နေသည်။

"ပုဂံကို အားလုံးသွားဖြစ်ကြမယ် ကိုကို .. ဒီက အန်ကယ်နဲ့ အန်တီရော၊ ဘိုးနဲ့ ဘွားရော .. မြပန်းရုံနဲ့ ကိုကိုပြည့်ရော .. အားလုံး ပါကြမှာ"

မိချမ်း သူ့ကို ပေါ့ပေါ့ပါးပါးလေး ကြည်မွေ့စွာ အပျော်ဖြင့် ပြောလာခိုက် သူ ရင်ထဲ လေးခနဲ ဖြစ်သည်။

"ကျွတ် .. မောတာပဲ .. ပုလဲရိပ်ငြိမ်ရော .. ကြာရိပ်မြိုင်ကရော .. လူကုန်တက်စေ့ သွားကြမှာက ဘတ်စ်ကားတစ်စီးပြည့် ဖြစ်မှာ .. ဒီပေါက်ပေါက်စစ သူများအပြစ်ကြည့်တဲ့ ကောင်မလေးကလဲ ပါဦးမယ် .. လူက စိတ်ညစ်နေပါတယ်ဆိုမှ .. ဒီသူငယ်မနဲ့ ငါနဲ့တော့ .. မြင်ကွင်းကြည်မှာ မဟုတ်ပါဘူး .. စိတ်ရှုပ် စိတ်နောက်နဲ့ ခေါင်းပါနောက်ရမှာ သေချာတယ် .. မလိုက်ဘူးဆိုရင်လဲ မေမေက အရမ်း

www.burmeseclassic.com

www.burmeseclassic.com



ကို ပျော်ပြီး စီမံတာ .. စိတ်ဘယ်ကောင်းတော့မလဲ .. ကိုယ့်မိသားစုတစ်စုတည်း သွားတာမဟုတ်ဘူး ဖေဖေက လဲ .. ဒီမှာ စကားစပ်မိကြရင်း အဲဒီခရီးကို သူတို့ပါရော နောပါလာဖို့ ဖြစ်ကုန်တယ် ထင်ပါရဲ့"

ဟု စိတ်ညစ်ညစ်ဖြင့် တွေးနေရစဉ်နိုက် ခုထိဟင်း အမယ်တွေ မကုန်သေး .. မစုံသေးတာတွေ ပြောနေသေးသည့် ဖေဖေ့အသံ ..။

ဟင်းအမယ်စုံအောင် စောင့်ကြဖို့ ပြောနေသံတွေကို သူ ကြားနေရသည်။

စားပွဲပေါ်မှာ ဟင်းတွေက မနည်းမနောကြီး ပန်းကန်တွေဖြင့် အမယ်စုံရှိတာတွေလည်း ရှိကုန်ပြီ။

ဒါတောင်မှ မှာထားတာတွေ မကုန်သေးဟု ဖေဖေ ပြောနေတာမို့ ..

"စားတဲ့အခါကျတော့မှ ဟင်းကောင်းတွေနဲ့ ဘယ်လိုမျက်စိ မျက်ဆန်ပြူးပြီး နင်းကန်စားမလဲဆိုတာ ဒီသူငယ်မကို ငါ ကြည့်မယ်"

ဟု တွေးထားမိရပါသတည်း။

ဒါပေမဲ့ တစ်ခုတော့ သူ့ဘာသာသူလည်း သိလာသည်။

ဟုတ်သည်။ သိလာသည်။ သူ့အတွက် အာရုံထားစရာတစ်ခု ရှိလာနေချေသည်ကောလေ။

ဤအပေါက်အလမ်း မတည့်သည့် ကောင်မလေးကို သူ အာရုံထဲထားမိနေပြီ။



အမြင်ကတ်စိတ်ဖြင့် ထားမိသည့် အာရုံတစ်ခုသည် သူ့အတွက်ကတော့ အပြောင်းအလဲတစ်ခုအဖြစ် အာရုံနစ်ဝင်စရာ အကြောင်းခံ တစ်ခုကို ရလိုက်သည့်နှယ်ရှိ၏။

ဟင်းတွေအားလုံးစုံတော့ သူ ထင်သည့်အတိုင်းပါပဲလေ။

လူကြီးတွေအားလုံး စပြီးတာနှင့် ဟင်းတွေကြိုက်ရာရွေး၍ ဇွန်းလေးနှင့်ထည့်။ အားပါးတရလည်း စားနှင့် ဟိတ်ဟန်လုံးဝမရှိဘဲ စားသောက်နေလေသမျှ ပထမတော့ သူ အထင်သေးသလို ကြည့်မိရာမှ .. နောက်တော့လည်း ပုစွန်ကင်ကြီးကို နှုန်းခက်ရင်းအားကိုးဖြင့် ဟိုဖဲ့ဒီခွဲနှင့် စားနေရာမှ အားမရနိုင်စွာ လက်ဖြင့်ဖဲ့၍ဖဲ့၍ စားနေတာကို ကြည့်ရင်း ကြည့်ရင်း အားကျချင်စိတ် ဖြစ်လာတာကို ကိုယ့်ဘာသာကိုယ်လည်း အံ့ဩချင်လာသည်။

ဩော် .. အကြောင့်ကြကင်းလိုက်သည့် ဘဝပါလား သဟု အဖြူစင် အဖြူထည်ကလေးမ ငယ်ငယ်လေးကို ကြည့်တာ အားကျခြင်း ဖြစ်တည်ရချေသည့်အဖြစ်။

ကိုယ့်မှာသာ သောကတွေဖြင့် နစ်မြုပ်မွန်းကျပ်နေချိန်မှာ ဤမိန်းကလေးကဖြင့် ဘာဒုက္ခ .. ဘာသောကမျှမထင် .. ဘာသောကမျှ မတင်ဘဲ .. ဘဝကို ပျော်ပျော်လေး ဖြတ်သန်းနေချေသည်တကား ...။

အားကျလိုက်ရပါဘိသည်ကော မြပန်းရုံငယ်။

○ ❧ ○

www.burmeseclassic.com



## အခန်း(၄)

မူလအစီအစဉ်ထဲက ပြောင်း..ဟန့်တာရှိသည်။ ဆော
စောပိုင်းက ဖေဖေ စီစဉ်ထားသည်က စက်ရုံမှ ဘတ်စ်ကားကြီး
ဖြင့် ပုလဲရိပ်ငြိမ်မှလူတွေ တစ်ယောက်မကျန် အားလုံး ပုဂံသို့
တစ်စုတစ်ဝေးကြီး ထွက်ကြမည့် အစီအစဉ်။

ခုကျတော့ ဘိုးနှင့် ဘွားတို့ကို သက်ကြီးရွယ်အို
ပိုင်း ပါလာတာမို့ ပုလဲရိပ်ငြိမ်မှ မာစီးဒီးကြီးကို ဖေဖေပဲမောင်း
မည်။ ဘိုးက ရှေ့ခန်းမှာထိုင်။ ဘွားနှင့် အန်တီခင်တို့က မေမေ
နှင့်အတူ နောက်ခန်းမှာထိုင်။ ကြာရိပ်မြိုင်မှ ဒေါ်ကြီးခွေအေး
အဝင် အလုပ်သမား လေးဦးနှင့် မြပန်းရုံရယ် ကိုပြည့်ရယ်က
ဘတ်စ်ဖြင့် လိုက်ခဲ့ကြရမည်တဲ့။

ပြီးတော့ကျတော့ ပုလဲရိပ်ငြိမ်မှ ဒေါ်ကြီးခက် အပါ
အဝင် အလုပ်သမားငါးယောက်နှင့် သူရော .. မိချမ်းရောကလည်း
ဘတ်စ်နှင့်ပဲလိုက်ရမည်။ သဘောက .. သူနှင့် မြပန်းရုံတို့ ဘတ်စ်
တစ်စီးတည်း ခရီးဆက်ရမည့်အထဲမှာ ပါနေသည်။ ဒါကို
စိတ်အညစ်ဆုံး။ ဘိုးနှင့်ဘွား ဆိုတာက မန္တလေးမှ တစ်ခါတည်း



ရောက်လာတတ်ကြတာမို့ သူနှင့် အမြင်မစိမ်းဘဲ ရှိနေသည်ပါပဲ။
ဤကောင်မလေးတစ်ယောက်ကတော့ဖြင့် ဘွားနောက်ကို ပါသွား
သိုက်ပြီးကတဲည်းက ဆုံကိုမဆုံဖြစ်ခဲ့ကြရသည့်အထဲ ခုဆုံဖြစ်ကြ
တော့လည်း အတင်းအုပ် ဘာအုပ်နှင့် သူ ကြည့်မရချင်။ အထူး
သဖြင့် စွာတီစွာတာ ကောင်မလေးမျိုးဆို သူ မျက်စိထဲ ထောင့်
ကျိုးချင်။

ဘိုးအေနှင့် ဘွားအေတို့ အလိုလိုက်ထားကြတာက
သည်း သိသာနေသည်ပါပဲ။ အလိုလိုက်ခံရသည့် ကောင်မလေး
ဆိုးလည်းဆိုးချေမည်သာ။ အန်တီခင်၏ စည်းကမ်းကြီးထဲတိုင်း
နေရမည်ဆိုလျှင် ဤကောင်မလေး ဤအချိုးကို ချိုး၍ရမှာမဟုတ်။
ခုကျတော့ .. ဘိုးအေနှင့်ပင် မျက်စိမျက်နှာလုပ်ပြရင်း အတင်း
အုပ်သည်အထိ ဘိုးအေ ဘွားအေတို့နှင့် ဆိုးတေဆိုးနွဲ့လုပ်နေမည့်
သဘောဖြစ်နေသည်။

"ကျွတ် .. ခက်တာပဲ .. ငွေမရှိတဲ့ ဘဝထဲမှာ ရင်ထဲ
ဆောက်တည်ရာမရ ဖြစ်နေရတဲ့အထဲ ဒီကောင်မလေးနဲ့
ငါက တစ်ခရီးတည်း သွားရဦးမယ် .. ငါ စိတ်ညစ်လို့
ငြိမ်နေရင်လဲ အလိုက်ကန်းတရား အရိပ်သုံးပါး နားလည်
မယ့် ကောင်မလေးမျိုး ဖြစ်မှာမဟုတ်ဘူး .. တစ်လုံးလမ်း
နားတော့ငြီးနေရတော့မှာပဲ"

သူ့ ညည်းကာ ကြမ်းပေါ်ချထားသည့် သားရေအိတ်
ငယ်လေးကို စိတ်လက်ညစ်ညစ်ဖြင့် တစ်ချက်ကြည့်မိသည်။
မေမေထည့်ပေးသော အဝတ်အစားအိတ်ငယ်လေး တစ်လုံးတော့
ကြမ်းပေါ်မှာ ရှိနေပြီ။ သူ့ တစ်ယောက်တည်း အိမ်ကျယ်ရာဒိုကြီး

www.burmeseclassic.com

www.burmeseclassic.com



နှင့် လိုက်လာပါမည်ဆို၍လည်း မရ။ စက်ရုံက အလုပ်ကိစ္စတချို့ ဖြတ်ပြီးမှ လိုက်လာပါမည်ဟု သူ ညာဏ်ထုတ်၍ ပရာဒိုကြီးနှင့် နောက်မှလိုက်ဖို့ကြံပေမယ့် မအောင်မြင်ခဲ့ရ။ ဖေဖေက ခေါင်းခါ သည်ပါပဲ။ ဖေဖေ့အကြောင်းပြချက်က ဤခရီးသည် သူ့အတွက် စီစဉ်သည့်ခရီးပေမို့ လူအများနှင့် ဘတ်စ်တစ်စီးဖြင့် သွားလာ ခြင်း၏ စိတ်အပြောင်းအလဲနှင့် ပျော်ရွှင်မှုကို ခံစားစေချင်၍ စီစဉ်ရခြင်းဆိုသည့် အချက်ပါတည့်။

ဘာတတ်နိုင်တဲ့လဲလေ။ စက်ရုံက ဘတ်စ်ကားကြီး ဖြင့် လိုက်ဖို့ပဲကျန်သည်။

ပိုးဉကတော့ဖြင့် ကြီးတော်, ဒေါ်ကြီးခက်နှင့်အတူ အတက်ကြွဆုံး ဖြစ်နေသည်။ မျက်နှာမှာ ပါးကွက်ကြားလေး စိတ်လိုလက်ရ ခပ်ထူထူလေးပင် ကွက်ထားသေးသည့်အဖြစ်။

ညဉ့်ခန်းမှာ သူတစ်ယောက်တည်းသာ ခပ်ငြိမ်ငြိမ် ထိုင်နေခြင်းပါ။ စက်ရုံမှ လေးလေးမောင် မောင်းလာသည့် ဘတ်စ်ကြီးကလည်း အိမ်ရှေ့ပေါ်တီကိုကြီးအောက်မှာ ရပ်နေပြီး ပစ္စည်းတွေ ထည့်ရသည့် ကားဘော်ဒီအောက်ဘက်ရှိ ပစ္စည်းထား ခန်းနေရာမှာ ကိုထိုက်နှင့် လေးလေ့.မောင်တို့ အိတ်တွေသယ် ထည့်နေကြပြီ။

"ဟကောင်မလေး .. ညည်း သားရေအိတ်ကြီးကျ လေးလ ချေလား"

သားရေအိတ်လေး ဖောင်းကားနေအောင် အဝတ် တွေ သိပ်ထည့်ထားကာ ပုဂံခရီးမှာ အဝတ်တွေ ထည်လဲ လဲဝတ် နေရင်း ရှိုးများဖို့ စိတ်ကူးယဉ်နေနှင့်ပါသည့် ပိုးဉဆိုတာ



သက်ဆယ့်လေးနှစ်အရွယ် ပါးပါးရှည်ရှည်လေးနှင့် ချစ်စရာ လေးတော့ ကောင်းသည်။ ဆံရစ်ဆံတောက်လေးဖြင့် ရှိနေစေ သည့် ကြီးတော်၏ အဆုံးအဖြတ်ဖြင့် ဘယ်သူမြင်မြင် ချစ်စရာ လေးဟုတော့ ပြောလိုက်စေသည့်အထိ မျက်နှာလေးကလည်း ချိုသည့် ပိုးဉပါ။

"ကျောက်ပျဉ်ပါတယ် ဘာဘရဲ့"

ဘာဘကျော် လှည့်အပြောကို ပိုးဉရယ်၍ ဖြေတော့ ဒေါ်ကြီးခက်မှ ဒေါက်ခနဲ ခေါင်းလေးခေါက်ထည့်ကာ ...

"ကျောက်ပျဉ်ထားခဲ့ .. သနပ်ခါးရည်ပုလင်းပဲ ယူလာ .. တကတည်းတော်၊ ခဏတစ်ဖြုတ် ဘုရားဖူးသွားရမယ့် ရက်လေးမှာ သူက ကျောက်ပျဉ်သယ်နေချင်သေးတယ် .. သွား .. ညည်းရဲ့သားရေအိတ်ကြီးထဲက ကျောက်ပျဉ်ထုတ်"

တူဝရီးနှစ်ယောက် ကျွက်စီကျွက်စီ ဖြစ်နေခိုက်မှာ သူ စိတ်မော့မောဖြင့် ကားပေါ်တက်သည်။ နားငြီးမည့်အထဲမှာ ပိုးဉနှင့် ဒေါ်ကြီးခက်တို့၏ တကျက်ကျက်အသံတွေလည်း ပါမှာ သချာနေသည်ပဲ။

ဖေဖေတို့ကားက ထွက်သွားပြီ။ ကြာရိပ်မြိုင်မှာ သွားစောင့်နေမည်တဲ့။ ဒီမှာက ပိုးဉ၏ကျောက်ပျဉ်ထုတ်ခန်းပဲ ကျန်နေသေးသည်။

"သနပ်ခါးလေးကို ရေအေးအေးလေးနဲ့ သွေးပြီး လူးချင် တဲ့ဥစ္စာ .. ခုတော့ ကျောက်ပျဉ်ထားခဲ့ရမယ်ဆိုတော့ .. ဘယ့်နှယ်လုပ်ပြီး သနပ်ခါးမွှေးမွှေး အေးအေးလေးကို လူးလို့ရတော့မှာတဲ့လဲ .. သနပ်ခါးကျောက်ပျဉ်ကို ထမ်း

www.burmeseclassic.com

www.burmeseclassic.com



ယူသွားရမှာကျလို့ .. ကားထဲ ထည့်သယ်သွားတဲ့ဥစ္စာ .. ကိုယ့်ကားနဲ့ကိုယ် .. ဘာလေးနေလို့လဲလို့"

ပိုးဥ ပွစိပွစိရွတ်ကာ ကျောက်ပျဉ်ကို ထုတ်နေသည်။ စောစောက တက်ကြွနေသည့် အရှိန်လေး နည်းနည်းပြယ်နေပုံ ရပါသည့်အဖြစ်။

"မိပိုးဥ .. သယ်သွား .. ပြန်ထုတ်မနေနဲ့ ကြာတယ် .. ဒေါ်ကြီးခက် သူသယ်ချင်တာ သယ်ပေးစေတော့ .. 'ကလေး ပဲ .. သူ ပျော်ပါစေ"

တစ်လမ်းလုံး နားငြီးရမည့်ကိစ္စ ဤကတည်းက သူ ဖြတ်ပေးလိုက်ရပါ၏။ ပိုးဥကတော့ မျက်လုံးလေး ရွှန်းလဲ့သွားလျက် ဝမ်းသာအားရ သွားရေဇစ်ကိုပြန်ပိတ်။ ပျော်ပျော်ကြီး ကားပေါ်တက်လာခဲ့သည်ပါပဲ။ ဒေါ်ကြီးခက်နှင့် ဘဘကျော်တို့ လည်း ကားပေါ်တက်လာကြသည်။ နောက်ဆုံး တက်လာသူက ကိုထိုက်။ ပစ္စည်းတွေ စီရီ၍ သေချာထားသိုပြီးမှ ကားအောက် ခန်းပစ္စည်းထားသည့် တံခါးအံဖုံးကို သေချာပိတ်ပြီးမှ တက်လာ ခြင်း။ ကားပေါ်မှာ ကားမောင်းသည့် လေးလေးမောင်နှင့်ဆိုတော့ လူခြောက်ယောက် ရှိနေပြီ။ ကြာရိပ်မြိုင်မှာလည်း ထမင်းချက် ဒေါ်ကြီးဆွေနှင့် ရွာမှ ကောင်မလေး လုံးဖီး၊ ဒရိုင်ဘာအန်ကယ် ဂျက်၊ ဥယျာဉ်မှူးနှင့် ခြံစောင့်လုပ်ပါသည့် ဘဘညိုတို့လည်း ပါ မည်။ ကိုပြည့်နှင့် မြပန်းရုံလည်း ပါမည်ဆိုတော့ ခြောက်ယောက် လိုက်ကြမည်။ မိချမ်းက ကြာရိပ်မြိုင်မှာ ရောက်နှင့် စောင့်နှင့်နေ တာမို့ ကားပေါ်မှာ လူအားလုံးပေါင်းလျှင် ဆယ့်သုံးယောက် မည့်အဖြစ်။



သူ့ပါးစပ်ပေါက်ကို ပိတ်ထားသည် ဆိုစေဦး။ အသံတွေကတော့ တိတ်နေမှာမဟုတ်။ နားငြီးမည့်ကိစ္စကိုတော့ ခရီးစဉ်တစ်လျှောက်လုံးမှာ ဘတ်စ်ကားကြီးမှာ ထိုင်ရင်း သူ သည်းခံရမည့်အခြေ။

လမ်းမှာ အန်ကယ်ဂျက် တစ်လှည့်၊ လေးလေးတစ် လှည့် မောင်းကြမည်တဲ့။ သူကတော့ လုံးဝထိုင်လိုက်သွားမည်။ ကားလည်းမမောင်းချင်။ ကိုယ်ကိုကျောမှီမှာ မှီချလိုက်ကာ ခေါင်း ပေါ်မှ ကက်ဦးထုပ်ပျော့လေးကို မျက်နှာထက် အုပ်မိုးထားလိုက် ရင်း လက်ပိုက်ကာ သူ မျက်စိမှိတ်ပြီး လိုက်သွားဖို့ ဆုံးဖြတ်ထား သည်ပါပဲ။

အားမထွက်မီ အခန်းတံခါးတွေ ဘာတွေကို ဒေါ်ကြီး ခက်နှင့် ဘဘကျော်တို့ နောက်တစ်ကျော့ ပြန်ဆင်းကြပြန်ကာ စစ်ကြပြန်၏။ ဒါကလည်း သက်ကြီးရွယ်ရောက်လာလျှင်ဖြစ်ကို ဖြစ်တတ်သည့် အကျင့်ပေမို့ သူ စိတ်လက်မရှည်တာတွေ မဖြစ် ။ ဒေါ်ကြီးနှင့် ဘဘကျော် ဆိုတာက ပုလဲရိပ်ငြိမ်အတွက် ကတယ့်သားချင်းများပမာ သဘောထားကြပါသည့် ဇနီးမောင်နှံ ။ သားသမီးကလည်း မရှိတာမို့ ဒေါ်ကြီးခက်၏တူမတော် လှမက် ပိုးဥကို ခေါ်ထားခဲ့သည့်အဖြစ်။ မေမေကလည်း ပိုးဥ ကို ချစ်ပါသည်။ ညညဆို မေမေ့ကို ဇက်ကြောတွေ နှိပ်ပေး။ လည်းပစ်သည့် ပိုးဥပါ။ ကားပေါ် ဒေါ်ကြီးခက်တို့ ပြန်တက် တော့ ခြံဝင်းတွင်းမှ ကားမောင်းထွက်သည်။ ခြံတံခါးကြီးကို ဘကျော် အပြင်မှ ပိတ်ပါ၏။ ညကျလျှင် စက်ရုံမှ ဦးမြင့်လာ ခြံစောင့်လုပ်ရင်း အိမ်ကိုကြည့်ဖို့လည်း ဖေဖေ စီစဉ်ခဲ့တာမို့

www.burmeseclassic.com

www.burmeseclassic.com



အားလုံး စိတ်ချလက်ချ အကြောင့်ကြကင်းကင်းဖြင့် ခရီးထွက် ရမည့်သဘော။

ကြာရိပ်မြိုင်သို့ ရောက်တော့ အားလုံးအသင့် တီကိုကြီးအောက်မှာ စောင့်ဆိုင်းနေကြပြီ။ ကားကြီးရပ်တော့ အိမ်ထဲမှ ဘီးတွန်းသေတ္တာလေးဆွဲ၍ ပြေးထွက်လာသည် ဒေါ်လှျပ်ပြာ မြပန်းရုံပါ။ ကိုယ့်အိမ်မှ လိုက်မလာဘဲ ကြာရိပ်မြိုင် မှာ ကြိုတင်လာနေပြီးမှ လိုက်ဖို့ပါလာပါသည့် အပိုအလုပ်လု ပါချေသော ညီမတော် မီချမ်းကိုလည်း ဒေါ်ဒူးကြီး၏ နောက် ပါလာတာကို တွေ့ရသည်။ ကိုယ့်အိမ်က ကိုယ်လိုက်လာ မဟုတ်ဘဲ သူများအိမ်သွားနေတာကိုက မဟုတ်။ ဘိုးဘိုးတို့ အိမ်က မာစီးဒီးကြီးဖြင့် ဖေဖေမောင်း၍ အကြိုသွားလိုက်ကတည်း က မီချမ်း ခြေရှည်ပြီး ဖေဖေတို့နှင့်အတူ ပါသွားကာ ကြာရိပ်မြိုင် မှာ အရင်ရောက်နေခဲ့ခြင်းပါ။ ဖေဖေတို့ကားက အရင်ထွက်သွား ပြီ။ နောက်မှ သူတို့ကားက လိုက်ရမည်။

ကားပေါ် လူတွေတက်ကြချိန်မှာ ဒေါ်ကြီးဆွေ အိမ်ကြီးကို သော့ခတ်သည်။ ပြီးတော့ ခပ်ဝဝကိုယ်ကြီး တအိ ဖြင့် လှျောက်လာကာ ကားပေါ်တက်သည်။

ပခုံးသိုင်းအိတ်လေးကို စလွယ်သိုင်းလွယ်ထား မြပန်းရုံတစ်ယောက်ပဲ ကျန်သည်။ ကုန်းကုန်း .. ကုန်းကုန်း ဘာလုပ်နေမှန်းမသိ။ ကြည့်လိုက်တော့ ခပ်ကြီးကြီး ကျောက် ကြီးတစ်တုံးကို တအင့်အင့်ဖြင့် မ,နေတာ မြင်ရတာမို့ သူနား မလည်ချင်။ ဘာတွေလဲဟု စိတ်မောမောဖြင့် ကြည့်နေ အန်ကယ်ဂျက်ခမျာ မနေသာ။ အောက်ကိုပြေးဆင်း၍ ကျောက်



ကြီးကို ဘာမှန်း ညာမှန်း မသိပေမယ့် လက်လွှဲယူလိုက်ရှာသည် ပေါ့ပဲ။

“ကျောက်တုံးက ဘာလုပ်ဖို့လဲ .. ဂျမ်းတုံးနုဖို့လား”

ဒရိုင်ဘာပေမို့ ဒရိုင်ဘာအကွေ့ဖြင့် မေးခြင်းပါ။ ကျောက်တုံးကြီးကို ကားနောက်ဆုံး ထိုင်ခုံအောက်မှာထားနိုင်း ရှင်းမှ ...

“လူဆယ့်သုံးယောက်ဆိုတော့ ဆယ့်လေးယောက်ဖြစ်အောင် ကျောက်တုံးကြီးတစ်တုံးကို ကားထဲကောက်ထည့်လာတာ”

လူတတ်ကြီးလုပ်၍ ဖြေနေသည့် ကောင်မလေးကို ငုံ့ကြည့်သည်။ ဒေါ်ကြီးဆွေမှ ...

“ဟဲ့ .. ကြားဖူးတာက ကိုးယောက်ပါဟယ် .. ဘယ့်နှယ် ဆယ့်သုံးယောက်ရမှာလဲ ပန်းရုံလေးရဲ့”

“ဟင် .. ကိုးယောက်လား .. မသိပါဘူး .. ဆယ့်သုံး ယောက်လားလို့ .. အဟက်ဟက် .. မဟုတ်ရင်လဲ အလွယ် လေးပါ .. ပြန်ချထားခဲ့လိုက်မယ်လေ .. ကျောက်တုံးကြီး ကို .. အဟင်းဟင်း”

တကုန်းကုန်းဖြင့် ကျောက်တုံးကြီး ပြန်ချနေတာမို့ အန်ကယ်ဂျက်ခမျာ နောက်တစ်ကျော့ ပြန်ချရပြန်သည့်အဖြစ်။ ...ယ်။ အတော်ကြီးကို ဒေါ်တတ်ပလုပ်မည့် ကလေးမ။ ပြီးတော့ ...တော့ ဟုတ်တာလည်း မဟုတ်။ ထင်တာစွတ်၍လုပ်သည့် ...ကျင့်ကတော့ ဖော်ထုတ်ရန်ကို မလိုတော့။ အလိုလို ပေါ်နေပြီ။ ...ောင်းဘီရှည်ပွပွလေးက ခြေသလုံးတစ်ဝက်လောက်မှာ ချည်သား ...ည်သိုပွပွထက်မှာ အဖြူပွင့်လေးတွေဖြင့် ရှိနေသည်။ အကျီက

www.burmeseclassic.com

www.burmeseclassic.com



လည်း လက်တိုလေးမှာ လက်မောင်းအနားသတ်အဖြစ် အတွန့်လေးဖြင့် စည်းထားတာမို့ ကလေးလေးနှင့်တော့ အတူသား ဆံပင်ရှည်ကြီးကိုတော့ တစ်ချောင်းတည်း ကျစ်ထားကာ အဖျားမှာ ဝတ်ဝံရုပ်ခေါင်းစည်းကြိုးလေးဖြင့် စည်းထားသည်။ မျက်နှာမှာ သနပ်ခါးမတင်။ ဆံနုယဉ်လေးတွေ စိမ်းစိမ်းဖန့်ဖန့်တင်နေသည့် နဖူးပြင်လေးထက်မှာ ချွေးလေးပင် စို့နေ၏။ ချည်သား ပျော့ကွင်းစွပ်ဖိနပ်နီနီလေးကို စီးထားသည်။ စလွယ်သိုင်းအိတ်နှင့် ဘာနှင့် တကယ့်ကို ပေါ့ပေါ့ပါးပါးဟန်တော့ အပြည့်ရှိသည့် ပန်းရုံပါ။

"လာ .. ပန်းရုံ .. ကိုကို့ဘေးမှာထိုင်"

ကိုပြည့်ကတော့ ညီမပေပဲလေ။ ချစ်ချေမည်ပေါ့။ ဘေးမှာအထိုင်ခိုင်းတော့ သေသေချာချာ တစ်ရှူးစက္ကူဖြင့် ထိုင်ခုံ ဆိုဖာတွေ ဘာတွေကို ပွတ်သုတ်နေတာကို မြင်ရသည်မို့ ရင်ထဲ အောင့်တက်သွားရသည်က အမှန်ပါ။ ဘယ့်နှယ်။ ကိုယ့်စက်ရုံ က ဘတ်စ်ကို ညစ်ပတ်သလိုလို .. ထိုင်ရမှာပဲ စိတ်ထဲမသတီသလိုလို လုပ်နေသည့် ကလေးမ။

အပေါ်မှ တဘက်တစ်စကိုပင် ဖြန့်၍တင်ပြီး ထိုင်တော်မူသည့် မြပန်းရုံကို အမြင်ပိုကတ်လာရသည်က ရန်ဖြစ်ချင်တည့် ...။

ခြံပြင်ရောက်တော့ ကားကြီးခဏရပ်။ ဘာဘာညီမှ တံခါးကိုသော့ခတ်။ ကားပေါ်ပြန်တက်နှင့် ရှိစဉ်ခိုက်မှာ ခြံပြင်သို့ ရောက်ရုံရှိသေးသည်။ လုပ်ငန်းစသည်က ပန်းရုံပါ။ လွယ်ထားသည့်အိတ်ထဲမှ နေကြာစေ့ထုပ်ကို သွက်သွက်လက်လက်ဖြင့်ထုတ်



သည်။ နောက်တော့လည်း နေကြာစေ့ခွံတွေ ဖွေးကျနေအောင် စားတော့သည့်အဖြစ်။

မိချမ်းကိုလည်း နေကြာစေ့ ပေးနေသေးသည်။ မိချမ်းက သူ့ဘေးမှာထိုင်သည်လေ။ ရှေ့နောက်ခုံတန်းမှာ ရှိနေကြတာမို့ တော်နေကြာ စာကလေးခွေကြော်ထုပ်လေး ကမ်းပေးလာလိုက်။ တော်နေကြာ ဆီးပေါင်းထုပ်ပေးလာလိုက်။ တော်နေကြာ ငှက်ပျောသီးကြော်ကြွပ်ကြွပ်လေးတွေ ပေးလာလိုက်နှင့် မိချမ်းနှင့် အပေးအယူတည့်နေလေသမျှ သူရော ကိုပြည့်ရော မျက်စိနောက်လာကြတာမို့ ...

"မိချမ်း .. ညည်း နောက်သွားထိုင်မလား .. ငါသွားထိုင်ရမလား .. ညည်းတို့နှစ်ယောက်တူတူထိုင်ကြ .. လက်တွေက ရှုပ်နေတာပဲ"

သူ စိတ်လက်မရှည်သလိုကြီး ခပ်တိုးတိုးပြောတော့ မိချမ်းက ရယ်ပြကာ ...

"ကိုကိုပြည့် .. ရှေ့လာထိုင်နော် .. မိချမ်း နောက်မှာပန်းရုံနဲ့တူတူ ထိုင်ချင်လို့"

မျက်နှာချိုလေးဖြင့် မိချမ်းပြောတော့ ကိုပြည့်နေရာပြောင်းပေးသည်။

"အစကတည်းက အဲသလို နေရမှာ နော် မမချမ်း .. ပန်းရုံဖြင့် ပုဂံသွားရမယ် ဆိုကတည်းက ပျော်နေတာ သိလား .. ဟိုမှာ .. ဓာတ်ပုံတွေ ရိုက်မယ်နော် .. ပန်းရုံဖြင့် စားစရာတွေ ဘာတွေကို ဒီအိတ်ထဲ မနေ့ကတည်းက အပြည့်ထည့်ထားတာ .. လမ်းမှာ စားကြမယ်လေ ..

www.burmeseclassic.com

www.burmeseclassic.com



ကုန်သွားလဲ ကိစ္စမရှိပါဘူး .. လမ်းမှာထပ်ဝယ်တာပေါ့ .. ဒီမှာ စားကြည့် .. မက်မန်းပေါင်းထုပ်လေးတွေ .. သိပ်ကောင်းတာ”

နောက်ထပ် တချွတ်ချွတ်နှိုက်ကာ အစားတွေ ကမ်းကမ်းပေးနေလေသမျှ မိချမ်းကလည်း ဘာကိုမှ ငြင်းတာမရှိ။ မက်မက်ယက်ယက် စားနေသည်ပါပဲ။

“ပန်းရုံ .. ကြည့်လဲစား .. လမ်းမှာ ဗိုက်နာနေလိမ့်မယ် .. အစားမသောင်းကျန်းနဲ့”

ကိတ်မုန့်ခြောက်ထုပ်လေး နှိုက်နေသည့် ညီမကို မျက်စိမျက်နှာပျက်စ ပြုလာလျက် ကိုပြည့် တားတော့ မြပန်းရုံ ရယ်သည်။

“အမယ်လေး .. အဆန်းများ ဖြစ်နေလို့ .. ပန်းရုံကဖြင့် အိမ်ရှေ့ဖြတ်သမျှ ဈေးသည်တိုင်းကို ခေါ်ခေါ်တီးနေကြ .. မုန့်တွေလေ .. တစ်နေ့ တစ်နေ့ ဝယ်ဝယ်စားတာများ .. ဘွားတောင်လန့်သွားရတယ် .. ဒါပေမဲ့ .. ပန်းရုံဘယ်တုန်းကမှ ဗိုက်နာတာတွေ ဘာတွေ မရှိပါဘူး ကိုကိုရဲ့ .. ဒေါင်ဒေါင်မြည်တဲ့ အစာအိမ် .. လေတောင် မထိုးဖူးဘူး”

ညှိမျှပိန်သေးသေး ကောင်မလေး ..။ စားသမျှအစာတွေ လျှောခနဲနေအောင်ပင် ဝင်သွားကြတာကို သူ မအံ့ဩဘဲ မနေနိုင်။

“စားနော် .. မမချမ်း .. အားမနာနဲ့ .. အန်ကယ်ဂျက် .. ရော .. စား .. ဒေါ်ကြီးဆွေနဲ့ လုံးလုံးလဲယူ .. အန်ကယ်ဂျက် .. အားလုံးကိုလဲ ဝေပေးပါဦး”



မုန့်တွေ ဘာတွေပင် အန်ကယ်ဂျက်နှင့် အဝေတာဝန်ပေးကာ နောက်ထပ်ထုတ်လိုက်သည်က မလိုင်မုန့်တွေ ဖြစ်နေတာမို့ သူပင် လှည့်ကြည့်မိရင်း လန့်လာရသည်ပါပဲ။ ဘုရားရေ .. အစာတွေ အရမ်းစုံနေပြီ။ ကားက ခုမှမြို့ပြင်ရောက်စပဲရှိသေးသည်။ ဤကလေးမစားတာတွေက အမယ်မနည်းလှတော့သည်ပဲ၊ မလိုင်ခဲကိုစားပြီးတော့ ရေသန့်ပုလင်းလေး အိတ်ထဲမှဆွဲထုတ်ကာ တဂွတ်ဂွတ် မော့သောက်နေတော့ ထိုအိတ်ထဲမှာအစားတွေ ဘယ်လောက်ထည့်လာသည်တော့ မသိရ။ လက်လေး အိတ်ထဲက ထွက်လာတိုင်း အစားအစာ သွားရည်စာကတော့ တစ်မျိုးတစ်မျိုး ထွက်ထွက်ပါလာတတ်သည်ချည်း ..။

သူ့ကို အန်ကယ်ဂျက် ကိတ်ခြောက်မုန့်တွေ ပေးလာတော့ သူ ခေါင်းခါသည်။ ကိုပြည့်ကတော့ ရယ်နေသည်ပါပဲ။ ကိတ်ခြောက်ထုပ်ငယ်တစ်ခုကို ယူသည်။ တကြွပ်ကြွပ်ဝါးနေသည်မို့ ခေါင်နှမနှစ်ယောက် ဘာက်ညီသည်ကောဟု သူစိတ်မောချင်သည်ပါပဲ။

“ပန်းရုံကလေ .. ကြီးလာရင် ရှေ့နေကြီး လုပ်မှာ .. မရှိဆင်းရဲသားတွေအတွက်ကို အမှုလိုက်ပေးမှာ သိလား .. ပြီးတော့ .. ဖက်ရှင်ဒီဇိုင်းလဲ လုပ်ချင်တယ် .. အဟက်ဟက် .. ဒီဇိုင်နာမြပန်းရုံ ဆိုပြီးတော့လေ .. ဘွားနဲ့ဘိုး စင်ကာပူမှာ ကုန်တိုက်ဖွင့်ဖြစ်ရင် .. အဲဒီမှာ သွားသင်မယ် .. ဒီဇိုင်နာမြပန်းရုံ ဆိုပြီး ဖြစ်လာအောင်လို့လေ .. ပြီးတော့ .. မြပန်းရုံ စာရေးဆရာမလဲ ဖြစ်ချင်တယ် .. သိလား .. စာရေးဆရာမ မြပန်းရုံ ဆိုပြီးတော့လေ .. အို .. အားလုံး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ချင်နေတာ .. ခုလောလောဆယ်တော့ .. ဘာမှကိုမဖြစ်သေးဘဲ စားတဲ့အလုပ်ပဲ လုပ်ဖြစ်နေတယ်လေ .. ဘွားကပြောတယ် .. ရည်မှန်းချက်တွေကို များများထားတာ မမှားပါဘူးတဲ့ .. ဖြစ်အောင်လုပ်ဖို့ပဲ လိုတယ်တဲ့ .. မြပန်းရုံဘွဲ့ရပြီးတဲ့အခါမှာ အဲဒါတွေ လုပ်ဖြစ်မယ်ထင်ပါရဲ့နော် မမချမ်း"

ပြောနေသမျှထဲမှာ စကားသံတိုင်းက အစားဝါးနေသည့်အသံဖြင့် ဖြစ်နေသည်။ ရှေ့မှာထိုင်နေရတာမို့ နားငြီးသည့်ဒဏ်ကို ဖယ်ကွင်းခွင့်မရ။ ခုလည်း တကြွပ်ကြွပ်နှင့် ဘာတွေဝါးနေသည်မသိ။ မနေနိုင်စွာ လှည့်ကြည့်လိုက်တော့ အာလူးကြော်တွေ ဝါးနေတာမြင်သည်။

လက်လေးကမ်း၍ ...

"စားလေ"

ဟု ပြောလာတော့ သူခေါင်းပြန်လှည့်သွားကာ ...

"ကိုပြည့် .. ကြည့်လဲလုပ်ဦး .. ဒီလောက်စားတာ ကျွန်တော်မမြင်ဖူးဘူး၊ ထိန်းမှုဖြစ်မယ်ထင်တယ်"

ဟု မနေသာဘဲ ကိုပြည့်ကို ပြောယူရသည်အထိပါ ဒါပေမဲ့ မကြာလိုက်။ ခေါသန့်တစ်ယောက် မျက်နှာသုတ်ပဝါအုပ်ဖြန့်ထားသော ကားနောက်မှီနေရာလေးမှာ ဖင်ကလေးထောင်၍ အိပ်ပျော်နေချေသည်တကား။

ငြိမ်လွန်းနေသည်ပဲဟု ကားထဲငြိမ်ကျနေသမျှ သတိမထားဘဲ နေ၍ကိုမရတော့တာမို့ သူ လှည့်ကြည့်လိုက်တော့ မျက်တောင်ထူလေးတွေ မှေးယှက်ပိတ်ကျလျက် အကြော့်ငြ



အင်းကင်းဖြင့် ကလေးလေးလိုပဲ အိပ်ပျော်နေသည့် ကောင်မလေးကို မြင်ရပါသည့်အဖြစ်။

မိချမ်းကတော့ သူ့ကိုပြုံးပြသည်။ နှုတ်ခမ်းကိုလက်ညှိုးလေးဖြင့် တေ့ပြကာ တိတ်တိတ်နေဆိုသည့် အိုက်တင်လေးင် လုပ်ပြနေတော့ သူ ခေါင်းခါ၍ ပြန်လှည့်လိုက်မိသည်ပါပဲ။

ကိုပြည့်လည်း ညီမလုပ်သူကို ချစ်စနိုးလေးလှည့်ကြည့်ကာ ...

"ဘိုးနဲ့ဘွားက သည်းသည်းလှုပ်နေအောင် ချစ်လဲချစ် .. အလိုလဲအလွန်လိုက်တာဆိုတော့ .. ဒီပန်းရုံလေးမှ ကလေးလုပ်မနေရင် ဘယ်သူလုပ်မလဲ ကိုပြေရာ .. သူ့ကိုလွမ်းလွန်းလို့ မန္တလေးတစ်ခါ လိုက်သွားမိရင် .. ပြန်ကိုမပြန်နိုင်ဘဲ .. သူ ကလေးဆန်နေတာလေးတွေကိုပဲ ကြည့်နေရင်း ကြည့်မဝနိုင်အောင် ဖြစ်ဖြစ်နေရတာ .. ဘိုးနဲ့ဘွားစင်ကာပူသွားတုန်းမှာမှ .. ကြာရိပ်မြိုင်မှာ ပန်းရုံလေးခဏနေဖြစ်ရတော့မှာလေ .. အဲဒါလဲ .. ဘွားကို မေမေအရမ်းပူဆာလို့ ဘွားက ထားခဲ့တာ .. သိပ်ထားခဲ့ချင်တာမဟုတ်ဘူး .. ဟိုမှာအလုပ်ကိစ္စတွေ လုပ်နေတုန်း ကိုပြည့်ခဏတော့ လိုက်သွားရမယ် .. ဘဘဦးသီလလဲ ပါမှာဆိုတော့ .. ဟိုမှာ ဘဘဦးသီလပဲ ဆက်နေဖြစ်ခဲ့ပြီးတော့ .. ဒီကို ကိုပြည့် တစ်ချက်တော့ ပြန်လာရမှာ .. ဒီမှာကလဲလုပ်ရမှာတွေက ရှိနေတာကိုး .. မန္တလေးပြေးလိုက် .. ဒီမှာနေလိုက်နဲ့တော့ ရှိရမှာလေ .. မန္တလေးမှာလဲ ဘဘကြည်ရှိတာဆိုတော့ အားကိုးရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘဘဦးသိလနှင့် ဘဘကြည်ဆိုတာက ဘိုးနှင့်ဘွားတို့၏ လူယုံအားကိုး စိတ်ချရသူများပါ။ လူယုံကြီးများဖြစ်ကာ သားချင်းများပမာ ရှိကြလျက် .. အိမ်ထောင်ရက်သား မကျခဲ့ကြတာမို့လည်း ဘိုးနှင့်ဘွားတို့၏ သားကြီးများပမာ ရှိနေရသူပါတည့်...။

"ပန်းရုံလေးက .. စိတ်ရင်းလေးလည်း ကောင်းတယ် .. ဘာမှကို အပူအပင် မရှိတာဆိုတော့လဲ ...စိတ်လေးတွေ အမြဲကြင်လင်အေးချမ်းပြီး ပျော်နေတာပဲ ရှိတာလေ .. သူ့ကို ကိုပြည့် သိပ်ချစ်တာဗျ"

ဟု ကိုပြည့် ထပ်၍ပြောကာ ဖတဆိုးအရွယ်လေးအဖြစ် အသက်ဆယ့်နှစ်နှစ်လေးမှာပဲ ကြုံခဲ့ရရှာပါသည့် ညီမလေးကို အချစ်တိုးစိတ် .. သနားကြင်နာစိတ်ဖြင့် ဆံစလေးကို ဖွဖွသပ်ပေးလိုက်သည်က ကိုယ်ကြီးနောက်ဘက်ကို လှည့်၍လှည့်၍ဖြင့်ပါ။

မိချမ်းကတော့ မောင်နှမနှစ်ယောက်၏ အကြင်နာလေးတွေကို ပြုံး၍ကြည်ကြည်နူးနူးလေးလည်းကြည့်။ သူ့ကိုလည်း မျက်ခုံးလေးပင့်ကာ ကြည့်ရင်းမှ ...

"ဒီမြင်ကွင်းထက် မလျော့သော အစ်ကို၏ချစ်ခြင်းကို မိချမ်း ရချင်တယ်နော် ကိုကို"

ဟု ရယ်၍ပြောလာတော့ ကိုပြည့် တစ်ချက်လှမ်းကြည့်ကာ ခပ်တိုးတိုး ရယ်ပြီးမှ သူ့ကိုကြည့်လာသည်။

"ပြိုင်မလား .. ညီမကိုချစ်တဲ့ အချစ်ဆိုတာကိုလေ"

ဟု ပြုံး၍မေးလာတော့ သူ ပြုံးသည်။

"ပြိုင်ပွဲတစ်ခုအဖြစ် ကျင်းပလို့မရတဲ့ အရာထဲမှာ .. အချစ်ဆိုတာပါတယ် ကိုပြည့်"



ဟု သူပြောလိုက်တော့ ကိုပြည့် ခေါင်းညိတ်ကာ ရယ်ပြလာပါ၏။

"ဟုတ်တယ်ဗျ .. ပြိုင်လို့ရမှာ မဟုတ်ပါဘူး .. ဘယ်သူပဲ ဖြစ်ဖြစ် .. ကိုယ်ပဲ ပိုချစ်တယ်လို့ ထင်နေမှာပဲ .. အဲဒါကိုလဲ အချစ်လို့ ခေါ်မယ်ထင်ပါရဲ့"

ဟု စကားကိုဆက်သည်။

မြင်ကွင်းကို သူ ငေးကြည့်ရင်း တစ်ချက်ငြိမ်သက်သွားပါ၏။ လယ်ကွင်းတွေကို သူ မျက်စိတဆုံးရှိနေသမျှ တိတ်တိတ်စွာပဲ ဆက်၍ ဆက်၍ ငေးကြည့်ဖြစ်သည်။ လမ်းဘေး၌ [illegible]ထားသော ဝါးထရံကာ စားသောက်ဆိုင်ပြန့်ပြန့်ကျယ်ကျယ်[illegible]တွေကိုလည်း မြင်ရသည်။ လမ်းပေါ်မှာ ယာဉ်သွားယာဉ်လာ[illegible]။ ဆိုင်ကယ်တွေကလည်း မျက်နှာမူရာဘက်တလည်း[illegible]သည်။ သူတို့နှင့် မျဉ်းပြိုင်ဖြတ်တက် နှင်းလာတာတွေလည်း[illegible]ည်။ သစ်ရိပ်အောက်ဆီမှ သောက်ရေအိုးစင်လေးတွေကလည်း[illegible]ည်မှာ စင်ဆန့်ကပ်ရိုက်ထားလျက် ရှိနေပါချေ၏။ ကွင်းရာ[illegible]ကြီးကတော့ တပြန့်တလျား ရှည်မျောစွာ နောက်မှာလည်း[illegible]သည်။ ရှေ့မှာလည်း ရှိ၏။ လမ်းဘေးကုက္ကိုရိပ်သည် အေး[illegible]နေသည့်အဖြစ်။ ရင်ထဲမှာ တမ်းတမိရသည်က .. ငွေ၊

ငွေ သူ့ဘေးမှာ ရှိနေချေလျှင် အဘယ်မျှ ချမ်းမြေ့[illegible]ရချေမည်မသိ။

ငေးကြည့်ရပြီကော ငွေရယ် .. ဟု လွမ်းဆွတ်တမ်းတ[illegible] ကြေကွဲမှုနှင့်အတူ လောင်မြိုက်စွာ တိုးဝင်လာချေသည်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ငွေ့ကို .. သူ ဘယ်သောအခါမှ မေ့ရနိုင်တော့မှာ မဟုတ်တာကို ဖေဖေနှင့် မေမေလည်း သိနိုင်စွမ်းချေလိမ့်မည် မထင်။

ဤခရီးစဉ်တစ်ခုကြောင့် သူ့ရင်သည် အပျော်တွေ ဖြင့် ပြန်၍လန်းဆတ်လာချေလိမ့်မည်ဟု မေမေနှင့် ဖေဖေ မျှော်လင့်နေခြင်းကို .. သူ .. ဘယ်သောအခါမှ ဖြည့်ဆည်းပေးနိုင်မှာ မဟုတ်တာကို .. သူ့နှလုံးသားကသာ သိပါချေသည်။

ဪ .. နှလုံးသားကသာ သိပါချေသည်ကော ငွေ့ရယ် ...။

ငွေ .. သိနေရုံမျှဖြင့်ပင် .. သူ ကျေနပ်ပါသည်တည်း။

သူ တိုးဖွဖွ မေးလိုက်ချင်သည်။

"မောင် .. ကြေကွဲနေတယ် ငွေ .. ငွေ သိနေတယ်မဟုတ်လား ငွေ .. ငွေ သိနေပါတယ်ကွယ် .. ဟုတ်တယ် မဟုတ်လား"

ဟု မေးလိုက်ချင်သည်။

ရင်သည် မွမွကြေမျှ ရှိသည်ကောလေ။

○ ❧ ○



## ❋ အခန်း(၅) ❋

မိတ္ထီလာဟိုတယ်မှာ တစ်ညအိပ်ခဲ့ကြကာ ဆက်သည့် ခရီးသည် ကျောက်ပန်းတောင်းကို လွန်ခဲ့ပြီ။

ထုံးစံအတိုင်း ခရမ်းလေး တစာစာဖြင့် အစား အသောက်တွေဖြင့် ဟန်ကျနေသည်ကတော့ မြပန်းရုံ ဆိုသည့် ကောင်မလေးပါ။ မနေ့ကလည်း အစားဆိပ်တက်၍အိပ်လိုက်။ နိုးသည့်အခါ စားလိုက်ဖြင့် ရှိခဲ့သည့်နှယ် ခုလည်း တစ်ရေးထပ် နိုးပြီးသည့် ကောင်မလေး ငှက်ပျောခြောက်ကြော်ဖြင့် စားသည့် အလုပ်ကို အစဉ်အလာ မပျက်စွာ လုပ်နေပါ၏။

မနက်ဘက် ပြန်ထွက်လာခဲ့သည့် ဘတ်စ်ကားကြီး မှာ မိချမ်းနှင့် မြပန်းရုံ တူတူထိုင်ဖြစ်ကြတာကတော့ အပြောင်း အလဲမရှိပေမယ့် ခုကျတော့ သူ့ရှေ့ကထိုင်ခုံနေရာ ဖြစ်နေတာမို့ မနေ့ကခရီးထက် ပို၍မျက်စိနောက်သည့် အလုပ်ပိုလာရသည်ပါပဲ။

ရှေ့မှာက ဖေဖေတို့၏ မာစီးဒီးကားကြီးက မှိန်မှိန် မောင်းနေလျက် ...။

သူတို့၏ဘတ်စ်ကားကြီးကလည်း နောက်မှလိုက်

www.burmeseclassic.com

www.burmeseclassic.com



လာနေသည့်အဖြစ်။ ကားကက်ဆက်သံကလည်း ခပ်တိုးတိုးဖြ နေသည်။ မိမိဝင်းဖေ၏ ပန်းချစ်သူ သီချင်းသံက သူ့ရင်မှာ ငွေ ကိုပို၍ သတိရစေပြန်သည်ကောလေ။ ထိုသီချင်းကို ငွေ ညည်း တတ်သည် မဟုတ်ပါလား။

"ပန်းရဲ့ စာရေးဆရာမ ဖြစ်ရင်လေ .. ဘာတွေရေးမလဲ တော့ .. အချစ်ဝတ္ထုလဲ ရေးမယ် .. ဂမ္ဘီရဆန်းကြယ်ဝတ္ထု လဲ ရေးမယ် .. ပန်းရဲ့က အချစ်ဝတ္ထုလဲ ဖတ်တယ် .. ဂမ္ဘီရဆန်းကြယ်ဝတ္ထုလဲ ကြိုက်တယ် .. အဲဒါကို .. ရုပ်ရှ တို့ ဗီဒီယိုတို့ရိုက်ရင် .. သိပ်ကြည့်ဖို့ကောင်းမှာ .. ဘွာ ကပြောတယ် .. လောလောဆယ် ကျောင်းပြီးအောင်တာ တဲ့ .. ဘွဲ့ရပြီဆိုရင် .. စာရေးဆရာ မိုးဦးပြေ ဆိုတာ ဘွား ရင်းနှီးတယ်တဲ့ .. ပြောပြလိုက်ရင် .. ဒီလိုလေ .. ပြောပြလိုက်ရင် ဆိုတာက .. ပန်းရဲ့ကို အဲဒီစာရေးဆရာ ဘယ်သူဆိုတာက .. လူဘယ်သူဆိုတာကို ပြောပြလိုက် ရင် .. အတင်းလိုက်ပို့ခိုင်းနေမှာသိလို့ မပြောပြသေးဘူ တဲ့၊ လောလောဆယ် .. စာကို သေချာဂရုစိုက်တဲ့ .. ဘွဲ့ မှဖြစ်မှာတဲ့ .. ဘွဲ့ရထားတယ်ဆိုရင် .. ဥပဒေနဲ့ပတ်သက် တဲ့ .. ဇာတ်လမ်းတွေလဲ ရေးနိုင်မှာပေါ့တဲ့ .. အဲဒါနဲ့ .. စာကိုဖိကြိုးစားနေရတာလေ .. ရှေ့နေကလဲ ဖြစ်ချင်သေ တယ် မဟုတ်လား"

လေကြောကတော့ ငယ်ငယ်သေးသေး မဟုတ် အတော်ကို လေတကျယ် မိုးတကျယ် နိုင်နေသည့် ကလေး နားငြီးလည်း ငွမ်းဆို့ထား၍ ကောင်းတာမျိုး မဟုတ်တာမို့ ကြာ



ရတာက မသက်သာ။ အရေးထဲ သူ့နာမည်က ပါလာရသေး သည်။ ပြီးတော့ကျတော့ ပြောပုံကိုကြည့်။ စာရေးဆရာနာမည်နှင့် နာမည်ဆိုတာကို ခွဲပြောသည့်အဖြစ်။ လူနာမည်ဆိုတာက သူ့နာမည်။ သဘောက .. စာရေးဆရာဆိုတာ လူမဟုတ်ဘဲ .. ခြားလူမျိုးနွယ်တစ်ခုပင် ဖြစ်နေတာကျနေသည့် လေသံ ..။ ယ်ချင်စရာတော့ ကောင်းသည်ပဲလေ။ ငွေ့ကို လွမ်းတကြေကွဲ နေရသည့်ကာလ မဟုတ်ချေလျှင်ဖြင့် ... လွှတ်ခနဲ ပြုံးမိချေမည် အမှန်။ သူ့ပခုံးကို မသိမသာ တိုက်လိုက်သည်က ကိုပြည့်။

သူ ကြည့်တော့ ပခုံးလည်းတွန့်ပြ။ မျက်စမျက်န ဖြင့်လည်း ရှေ့မှညီမကို ကြည့်ပြနှင့် လုပ်နေပါ၏။ သဘောက ရေးဆရာ မိုးဦးပြေ ဆိုတာ သူ ဖြစ်မှန်း ခုထိ မြပန်းရုံကို လုံးက အသိမပေးဘဲ ထားထားတာကိုလည်း သိစေရာရောက် သည့်ဟန်။

ပြီးတော့ .. ဤကောင်မလေးသာ သိသွားလျှင်ဆို သည့် ရယ်ချင်လေသမျှကို ထိန်းရသည့်ဟန်။ ဘာပဲဖြစ်ဖြစ်။ ကိုပြည့်၏ မျက်နှာထက်မှာ ထင်ဟပ်နေသည့် အရိပ်တွေကဖြင့် .. ညီမလေးကို အရမ်းချစ်သည့် အစ်ကိုကြီး၏ မေတ္တာရိပ်များပါ။

သူလည်း သဘောပေါက်လာပြီးနေပါပြီ။ မြပန်းရုံ ဆိုတာကို ဤနှစ်ရက်အတွင်းမှာ ကြုံရလေသမျှ ကြားလေသမျှ ဖြင့်ပင် အသေအချာကြီး သိလိုက်ရသည်က .. အရမ်းကို အလို လိုက်ခံထားရသည့် ကလေးမလေး ဆိုတာကိုပါ။ ဒါကြောင့်လည်း မိုးဦးပြေ ဆိုတာ ပုလဲရိပ်ငြိမ်မှ ရန်ပြေ ဖြစ်နေသည်မှန်း မသိရ အောင် အားလုံးက ဝိုင်း၍ဖုံးကွယ်ထားကြချေဟန်တူသည်။ ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဆို .. မြပန်းရုံ ဆိုတာကလည်း အသက်ဆယ့်နှစ်နှစ် အရွယ်အထိတော့ ကြာရိပ်မြိုင်မှာ ရှိခဲ့သည်မို့ .. ကိုပြည့်နှင့်တွဲ တတ်ပါသည့် သူ့ကို သိနေသည်ပဲလေ။

အနေတည်သည့် သူ့ကို တရင်းတနှီး မပြောမဆို ရဲခဲ့ပေမယ့် .. သူနှင့် မြပန်းရုံ ဆိုတာက တစ်ခါဖူးမျှ မမြင်ဘူး ခဲ့ကြသူတွေလို အထိတော့ လုံးဝကြီး စိမ်းနေကြသည့်သူတွေ မဟုတ်ချေပဲလေ။ ဤကောင်မလေး .. မိုးဦးပြေ ဆိုတာ သူမှန်း သိလျှင် အတော်ကြီးကို အံ့သြချေမည်ထင့်။

"ဘွားကပြောတယ် သိလား .. အဲဒီ ဆရာမိုးဦးပြေ ဆို တာ ဘယ်သူလဲဆိုတာမှန်း .. ပန်းရုံ သိသွားရင် သိပ် အံ့သြပြီး .. ပျော်လည်း ပျော်သွားမယ်တဲ့ .. အဲသလိုပြော တယ် .. ဘွားကို ချော့မေးသေးတယ် သိလား .. လုံးဝ လုံးဝကို မပြော့တာ .. သစ္စာများ ဆိုထားကျလို့ .. လေ ကိုပွင့်မလာဘူး .. အဲဒီလူနာမည်ကိုလေ .. အဟက်ဟက် သိရင် ပန်းရုံ .. မန္တလေးမှာနေတော့မှာ မဟုတ်ဘူးတဲ့ ကြာရိပ်မြိုင်ကို ပြန်ပြီး စာရေးဆရာဆီမှာ တပည့်ခံ မှာ သေချာတယ်တဲ့ .. အဲသလို မှတ်ချက်နှင့်တကွ လုံးဝ ဖွင့်မပြောခဲ့တာ ယနေ့တိုင်ပဲ .. ဘိုးကို ချော့ ကြည့်တော့လဲ ရယ်နေတယ် .. ကိုပြည့် မန္တလေး အလည်လာတော့လဲ မေးတာပဲ .. အံမယ်လေး ရယ် တာ တသောသောနဲ့ .. ပန်းရုံက ဟာဒယဆေးတိုက် တာကျလို့ ဖြစ်နေရော .. မေမေကတော့ မျက်ရည် ကျတယ် ရယ်တာ .. အဲသလိုရှိရှိနေတာကိုက ဆိုး



သိလား .. အဲဒါ .. ဘွားမသိအောင် ပြောပြနိုင်မလား ဟင် .. မမချမ်းက မေမေတို့ .. ကိုကိုတို့ .. ဘွားနဲ့ ဘိုး တို့နဲ့လဲ သိတာပဲဥစ္စာ .. အဲဒီစာရေးဆရာကို ဘွားတို့လိုပဲ သိမှာပေါ့၊ သိရင် ပြောပြနိုင်မလားဟင် .. မမချမ်း ပြော ပြတယ်လို့ ဘယ်ပြန်ပြောပြပါ့မလဲ .. စိတ်ချ"

အရေးထဲ စည်းရုံးရေးလေသံဖြင့် အသံလေးပါ ချို လျက် မြပန်းရုံ မိချမ်းကို မေးနေတော့ သူ မျက်နှာပူလာသည်။ ဘယ့်နှယ် ..။ ကိုယ့်ရှေ့မှာ ဖြစ်နေသည့်ကိစ္စ။ ကိုယ်က ငြိမ်နား ထောင်နေရတာဆိုတော့ ဘယ့်နှယ်လုပ် မျက်နှာထားရမှန်းမသိ။ ဒါဝဲကွ .. ဟု ဝင်ဖြေပေးရမှာမျိုးလည်း မဟုတ်။ မပြောဘဲ နေ နေတော့လည်း မျက်နှာပူသည်။ နေရခက်သည့်တည့်။ ကိုပြည့်ကို ကြည့်တော့ ပြုံး၍ ကြည့်နေတာနှင့်တိုးသည်။ ပခုံးတစ်ချက် ခပ် သာသာတိုက်၍ တိုးတိုးသက်သာ ရယ်ပြသည်ကလည်း ကိုပြည့်ပါ။

ငွေ့ကိစ္စ ကိုပြည့်လည်း သိထားသည်ပါပဲ။ ဒါပေမဲ့ ဆိုအဖြစ်သည့် ကံကြမ္မာတစ်ခုကြောင့် ဖြစ်တည်ကျန်ရစ်ခဲ့သော အရာအဖြစ် နားလည်ပေးလျက် သူ့အပေါ် ခါတိုင်းထက်ပို၍ တစိုက် ဆက်ဆံပြခြင်းက .. သူ့ဘဝမှာ ဘာမျှကြေကွဲစရာကြီး တတ်တလောမှာ ဖြစ်တည်ခဲ့တာမျိုး မရှိခဲ့ဘူးသည့်နှယ်ပါ။ သူ နားလည်ထားမိရသည်က ကိုပြည့်သည်လည်း သူ့ရင်ထဲမှ ကြေကွဲ ဆောင်မြိုက်မှုတွေကို ဖြေပြေသက်သာစေချင်သည် ဆိုခြင်းကိုပါ ပေသည် ...။

သူနှင့် ငွေ့အဖြစ်သည် အားလုံး မြန်ဆန်လွန်းစွာ ဖြစ်ပျက်ကုန်ခဲ့ကြပြီးခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ငွေနှင့် သူချစ်ရသည့် သက်တမ်းသည်လည်း မကြာမြင့်ခဲ့ရ။ ချစ်သက်တမ်း သုံးလကျော်မျှပဲ ရှိခဲ့ရလျက် ..။ တစ်ကောင်ကြွက် ငွေသည် လက်ထပ်ဖို့ အလေးအနက် ပြောလာသည့်အခါမှာ မေမေ့ကို သူ ဖွင့်ပြောဖို့ ကြိုးစားစဉ်နိုက် .. ပြဿနာတွေအားလုံးတက်ကုန်ကြခြင်းပါ။ သူ .. ငွေနှင့်တွဲနေသည်ဆိုတာကိုမေမေက ကြိုတင်၍ပင် သိနှင့်နေလျက် ..။ အားလုံးပင် စုံစမ်းပြီးသားတွေ ဖြစ်နေကာ ..။ သဘောမမျှသည့်အဖြစ်တစ်ခု၏အဆုံးသတ်ဖြစ်ရပ်သည် ငွေ ကွယ်လွန်ခြင်းဖြင့် ကြေကွဲစရာ ရှိခဲ့ရချေသည်တကား ...။

ဒါကြောင့်လည်း သူ့ရင်သည် ခုခရီးမှာလိုက်၍ပျော်ပါးကြည်စင် မနေနိုင်စွမ်း။

"မသိဘူး ပန်းရုံလေးရဲ့ .. မိချမ်းလဲ မသိဘူး"

မိချမ်း၏ အဖြေစကားသည် ရယ်သံငွေ့ငွေ့ဖြင့်သူ့အာရုံကို တိုးဝေ့ဝင်လာတာမို့ အကြည့်က အမှတ်မထင်ရှေ့မှကောင်မလေးကို ကြည်မိလိုက်စေပါသည့် အဖြစ်။

"အဟင်းဟင်း .. ရယ်တယ်တော့ .. အဟိ"

ကြာရိပ်မြိုင်မှ ရှုးတူးပေါတော လုံးဖီး၏ ရယ်သံလေးဖြင့် ထွက်လာသည့်အပြော။ လုံးဖီးက သနပ်ခါးအားကိုးဖြင့်ပါးကွက်လေး ဝင်းနေအောင် လိမ်းထားကာ ရှေ့ခုံတန်းနေရာပြတင်းအနီး နေရအောင် မနက်စောစော နေရာဦးထားတာမို့မိချမ်းတို့ ခုံတန်းနေရာထက်ပင် ရှေ့ကျနေသည်။ နောက်ကိုလုံးဖီး လှည့်ကြည့်လာသည်။ ပထမ မြပန်းရုံကို ကြည့်သည်။နောက်တော့ မိချမ်းကို ကြည့်သည်။ ပြီးတော့ကျတော့ ကိုပြည့်ကို ကြည့်လိုက်ပြီးပဲဟာနှင့် တစ်ဆက်တစ်စပ်တည်း သူ့ကိုဖြိုးဖြိုးတွေ ပြည့်သိပ်နေသည့် အကြည့်ဖြင့် ကြည့်လာသည်။ ကိုပြည့်ဘမ်းကတန်းကြီး ကိုယ်ကိုကိုင်းလိုက်ကာ ...



"ဟဲ့ .. ဘွားက မပြောသေးဘူးနော်"

ဟု တားပေမယ့် အချိန်မမီ။ အလျင်မမီလိုက်။ လုံးဖီး၏ လက်ညှိုးလေး ထိုးလိုက်သည်က သူ့ထံသို့ ဖြစ်နေလျက်ကိုပြည့် တားသံနှင့် မျဉ်းပြိုင်ယှဉ်၍ ပွင့်ကျလာသည့် စကားဟုခင် တင်စားလိုက်ရလောက်အောင် ရှိသွားရသည်က ...

"အဟိ .. အဲဒီအစ်ကိုကဖြင့် မမပန်းရုံရဲ့နောက်မှာ ငြိမ်ထိုင်နေတာလေ .. စာရေးဆရာဆိုတာ အဲဒီ အစ်ကိုရန်ပြေပေါ့ဥစ္စာ .. အဟိ .. သူ့ကို နောက်မှာထားပြီး မမပန်းရုံက မမချမ်းကို မေးနေတယ်တဲ့ .. အဟက်ဟက် .. မမချမ်းရဲ့အစ်ကိုပဲဥစ္စာ"

ဟု ဖော်ကောင်ထလုပ်နေတော့ ကိုပြည့် စိတ်မောအတ်မောဖြင့် ကျောမှီပေါ် ကိုယ်ကိုမှီလိုက်ကာ ....

"စာရေးဆရာရေ .. အင်တာဗျူးလိမ့်မယ် .. ပြီးရင် .. စာရေးခြင်းအတတ်ပညာဆိုင်ရာ ပို့ချမှုတစ်ခုကို .. ပန်းရုံဘက်က ကိုရန်ပြေ့ဆီက တောင်းလိမ့်မယ် .. ဒီကောင်မလေးအကြောင်း သိတယ်"

ဟု ခပ်ညည်းညည်း ပြောခိုက်မှာဖြင့် ပန်းရုံကမန်းကတန်းထလျက် သူ့ဘက်ကို ကြည့်လည်းကြည့်။ မိချမ်းကိုလည်းအားဖယ်ခိုင်း၍ အမောတကောလေးလည်း ထွက်လာနှင့်ဖြစ်နေပြီ။ မျက်ဝန်းလေးတွေ ရွှန်းလဲ့နေကာ အရမ်းဝမ်းသာနေတာလည်း

www.burmeseclassic.com

www.burmeseclassic.com



သိသာနေသည်။ သူ့ကိုကြည့်သည့် အကြည့်ထဲမှာ ယခင်ကအကြည့်တွေ လုံးဝပျောက်ဆုံးကုန်ကြလျက် .. ရွှင်ပျအားရခြင်းနှင့် အပျော်လေးတွေဖြင့် ရွှန်းလဲ့ကြည်စင်နေကြကာ ..။ အရမ်းကိုလည်း တလေးတစား အားကျရိပ်တွေလည်း ပြည့်နေသည်ပါပဲ။

"ဟယ် .. ကိုကိုပြည့် .. ဖယ် .. ဖယ် .. ဒီရှေ့မှာလာထိုင် .. ပန်းရုံ အဲဒီမှာ ပြောင်းထိုင်မယ် .. အံမယ်လေး .. ဖြစ်ရတယ်လို့နော် .. နီးနီးနားနားကြီးမှာ မနေ့ကတည်းက .. တစ်ကားတည်း စီးလာကြတဲ့ကိစ္စ .. စာရေးဆရာ မိုးဦးပြေ ဆိုတာကို .. မသိခဲ့တာ နမြောဖို့တောင် ကောင်းနေပြီ .. ကိုကိုပြည့် .. ဖယ်ဆိုနော် .. ရှေ့မှာလာထိုင် .. သိပ်ပြီး ဘွားအပေါ် သစ္စာရှိနေတဲ့ ကိုကိုပြည့် .. နည်းနည်းပါးပါးလေး မျက်ရိပ်မျက်ခြည်လေးပဲ ပြလိုက်ပါလား .. ဒါ .. စာရေးဆရာမိုးဦးပြေပဲ ဆိုတာ"

စားသောက်စရာအိတ်ကအစ သယ်လျက် နေရာပြောင်းနေသည့် မြပန်းရုံကို သူ ဘာပြန်ပြောရမှန်း မသိအောင်ဖြစ်နေရစဉ်မှာပဲ ကိုပြည့်ကတော့ ခေါင်းတခါခါဖြင့် နေရာအရွှေ့အပြောင်းကိစ္စကို မလုပ်မဖြစ်မှန်း သိနေပုံကြီးဖြင့် ထဖယ်ပေးလိုက်ပါပြီတည်း။ သူက အစကတည်းက ပြတင်းဘက်မှာ ထိုင်တာမို့ အလယ်လမ်းဘေးမှာရှိနေသည့် သူ့ဘေးနေရာမှာ ပန်းရုံ ရောက်လာသည်။

ထိုင်တော့လည်း ရိုးရိုးမဟုတ်။ မနေ့ကနယ်ပင် တဘက်ကြီးဆွဲလာလေသမျှကို ဆိုဖာအမှီမှာ ဖြန့်တင်ပြီးမှ ဒေါ်သန်းရှင်းက ထိုင်ခြင်း။ ကိုယ်က တဘက်မခံ ဘာမခံနှင့် ထိုင်နေတာ



ဒီ လူညစ်ပတ်ရာ ရောက်နေသေးသည့်အဖြစ်။ ဘုတ်ခနဲ သားရေအိတ်လေးကို ချလိုက်ကာ သူ့ဘက် မြပန်းရုံ သေသေချာချာလေး ကိုယ်လေးလှည့်လိုက်ကာ ...

"ပန်းရုံကလေ စာအရမ်းရေးချင်တာ .. အဲဒါ .. ဘယ်လိုရေးရတယ်ဆိုတာ ပြောပြနော် .. ဥပမာ .. ဘယ်လိုဇာတ်ကောင်ကို ရွေးချယ်တယ် .. ဇာတ်လမ်းကို ဘယ်လိုဆင်တယ် .. ဇာတ်အချိတ်အဆက်ကို ဘယ်လိုထားတယ်၊ ဇာတ်လမ်းကို ဘယ်လိုဆွဲယူသွားတယ် .. စာရေးနိုင်ဖို့ ဘယ်လိုစာတွေကို ဖတ်ရတယ် .. ဘယ်လိုအချိန်တွေမှာ စာရေးတယ် .. စာတစ်အုပ်ဆိုရင် .. စာမျက်နှာဘယ်လောက်အထိ ရေးရတယ် .. အဲသလိုရေးတဲ့အခါမှာ .."

"ဟဲ့ .. ပန်းရုံ .. ညည်း ဒီလောက်တတ်နေမှ .. ကိုယ့်ဘာသာရေးပါလား .. မေးခွန်းတွေများ ကွန်ပျူတာထဲ ထည့်ထားတာ ကျနေတာပဲ .. တစ်ကြောင်းပြီးတစ်ကြောင်း ပေါ်နေတာ ငြိမ်တော့ .."

မနေသာသည့်အဆုံး ကိုပြည့် လှမ်းဟန့်တော့ ပန်းရုံ ရယ်သည်။

"စာပေကို မြတ်နိုးရေးသားလိုတဲ့ ဝါသနာရှင်ပေါက်စနလေးတွေမှာ ရှိတတ်တဲ့ ခံစားချက်ကို .. စာရေးဆရာဘဝ ရောက်အောင် ကြိုးစားလာရင်းနဲ့ .. တကယ့်ကို စာရေးဆရာဖြစ်သွားတဲ့သူတွေကတော့ စာနာနားလည်တတ်တယ် ကိုကိုပြည့်ရဲ့ .. ဟုတ်တယ်နော် ကိုကြီး .. ပန်းရုံမေးနေတာတွေဟာ .. ဘယ်လောက်ထိ စာပေကို ဝါသနာကြီးတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အထောက်အထားတွေကို သက်သေခံအဖြစ် ရပ်တည်ပြနေတဲ့ မေးခွန်းတွေ ဖြစ်တယ်ဆိုတာလေ”

အံမယ် ..။ မေးပုံကိုက ဥပဒေပညာရှင်နည်းနည်းဆန်နေသည့်အမေး။ ဘာတဲ့ ..။ ဘယ်လောက်ထိ စာပေကိုဝါသနာကြီးသည်ဆိုတာ အထောက်အထားအဖြစ် သက်သေခံရပ်တည်ပြသည့် မေးခွန်း။ ထိုသို့ ကောင်မလေးက ကိုယ်မေးသည့် မေးခွန်းနှင့် ပတ်သက်၍ ပြောလာသည့်စကား။ သူ ဘယ်လိုပြန်ဖြေရမှန်းမသိဘဲ ဖြစ်နေလေသမျှကို မိချမ်း လှည့်ကြည့်ရင်း ရယ်နေသည်။ တား၍ရမှာမဟုတ်မှန်း သိ၍ထင့် ..။ ကိုပြည့်ကတော့ ခေါင်းခါ၍ ရှေ့ဘက်ကို စိတ်ညစ်ပုံကြီးဖြင့် ပြန်လှည့်သွားသည်။

“ဩော် .. ဒါကြောင့် ကိုကြီးက ဆံပင်တွေ ဘာတွေမညှပ်ဖြစ် .. နှုတ်ခမ်းမွေးတို့ ပါးမြိုင်းမွေးတို့ မရိတ်ဖြစ်အောင်စာတွေချည်း စိတ်နှစ်ရေးနေရတာကိုး .. ပန်းရုံက ညစ်ပတ်တယ်ဆိုပြီး ဟိုနေ့က အတင်းတွေ ဘာတွေအုပ်ပြီးနေရာတွေ ဘာတွေ ပြောင်းလိုက်မိတာ .. ဆောရီးနော်ကိုကြီး .. စာရေးဆရာဆိုတာက ထမင်းတောင် နပ်မှန်အောင်စားချင်မှ စားတာဆို .. စာရေးနေရင်းနဲ့ ဈာန်ဝင်သွားရင် .. ထမင်းမေ့ ဟင်းမေ့ .. အိပ်တောင်မအိပ်ဖြစ်တာတွေ ရှိတယ်ဆို .. ဟုတ်လား ကိုကြီး .. ပန်းရုံမှာတစ်ခုပဲ ရှိတယ် .. စာရေးရင်လဲ အစားအသောက်တော့မေ့နိုင်မှာ မဟုတ်ဘူးလို့ ထင်တာပဲ .. ပန်းရုံဝါသနာပါရဲ့အထဲမှာ စာရေးတာပါသလို .. အစားအသောက်စားတာ



လဲ ပါတယ်လေ .. အစားအသောက်တွေ စာရေးစားပွဲပေါ်မှာ ခြံရံတင်ထားပြီး စာရေးမှာပေါ့ .. ကျန်းမာရေးနဲ့လဲ ညီညွတ်တယ်လေ .. အစားအသောက်မှန်တဲ့သဘော ဖြစ်တာပေါ့ .. ကိုကြီး စာရေးတဲ့အခါ ဆေးလိပ်တွေ ဘာတွေဖွာပြီး ရေးတာလားဟင် .. ရုပ်ရှင်ထဲကလိုလေ .. ကုလားထိုင်ပေါ်မှာ ခြေထောက်ကြီး ဒူးတစ်ဖက်ထောင်တင်ထားပြီး ဆေးလိပ်ဖွာလိုက် .. ရေးလိုက်လုပ်နေတာမျိုးလေ”

စာရေးဆရာမတော့ ဖြစ်မည် မဖြစ်မည်ဆိုတာမသိ။ ဘာလောဆယ်မှာတော့ သူ စိတ်အိုက်လာရပြီမို့ ထထွက်ခဲ့ကာ ဘက်တန်းရှိ ထိုင်ခုံလွတ်နေရာမှာ သူ သွားထိုင်ပစ်လိုက်တော့ ပန်းရုံ မျက်နှာလေး မှုန်တင်း၍ မကျေမနပ်လေး လိုက်လိုက်ကြည့်သည်။ စောစောလို မျက်နှာမျိုး မဟုတ်တော့။ ချိုနေသည့် မျက်နှာလေးနေရာမှာ စူပုပ်ပုပ်မျက်နှာချိုးလေးနှင့်အတူ မျက်စောင်းထိုးပင် ပါလာနေသေးသည့်အဖြစ်။

“အံမယ်လေး .. ကိန်းကြီးခမ်းကြီး နိုင်ငံနေလိုက်တာ .. စာရေးဆရာဆိုတာ သူတစ်ယောက်တည်း ဖြစ်တာကျလို့ .. ကိုယ်က ဝမ်းသာအားရရှိနေတဲ့ဥစ္စာ .. သူ့မှာအနှောင့်အယှက်ကြီးကိုဖြစ်လို့ .. ပြီးတာပဲ .. အရေးလုပ်လို့ .. ကိုကိုပြည့် .. ပြန်လာထိုင် .. နေရာချင်း ပြန်လဲမယ် .. ဒီလောက် ဘဝင်တိုင်စဲ့သူကို ပန်းရုံကလဲ လုံးဝမဆက်ဆံဘူး .. အပြတ်ပဲ”

ဒေါနှင့်မောနှင့် ဆောင့်အောင့်၍ နေရာချင်း ပြန်လဲ ခြင်းထိုင်သည်မို့ ကိုပြည့် မူလနေရာ ပြန်ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"တခြားလူတွေကျနေတာပဲ .. မာနတင်းနေလိုက်တာ .. စာထဲရေးနေတာကျတော့ ချောလို့ မောလို့ .. သဘောတွေလည်း ကောင်းလို့ .. သူ့ဖတ်လိုက်ဆိုရင် သိပ်ကိုတည်ကြည်ပြီး .. စိတ်ထားပြည့်ဝတာ .. အပြင်ကလူနဲ့တော့ ဆန့်ကျင်ဘက်ပဲ .. မာနပိလို့သေမယ့်လူ .. ဒီလောက် ဝမ်းသာအားရ ဘေးနားရောက်လာတဲ့လူကို ပြုံးပြုံးဖော်လေး တောင် မရဘူး .. သိပ်ပြီး လူမှုရေးညံ့ဖျင်းတဲ့သူ .. ဒီမယ် စာရေးဆရာမ မြပန်းရုံ ဆိုပြီး ဖြစ်လာစေရမယ် သိရဲ့လား .. အားကိုးရှိမှ ဖြစ်မယ်လို့ မထင်နဲ့ .. ဝါသနာရှိနေဖို့ပဲလို တယ်"

လူက စိတ်ရှုပ်နေရသည့်အထဲ။ မြပန်းရုံ၏ ဒေါသ က သူ့ကိုလာ၍ ခေါင်းပါနောက်လာစေသည့်အဖြစ်။ မိချမ်း တော့ မျက်စိမျက်နှာမကောင်းဘဲ သူ့ကိုပင် အပြစ်တင်ကြည့် လှမ်းကြည့်လာနေသေးသည့်အဖြစ်။ မြပန်းရုံဘက်က ထော ကြည့်။ ကိုပြည့် ခေါင်းယမ်း၍ ဟဲ့ .. ဟု လှမ်းဟန့်သံကိုကြား ရသည်။

ကားက ကျောက်ပန်းတောင်း ကျော်ခဲ့ပြီးသည့်နောက် မှာ တောက်လျှောက်မောင်းလာရာမှ ရေမရှိသော မရောင့်ရဲချောင်း ကို ဖြတ်မောင်းလာပြီ။ သဲတွေပဲရှိနေသည့် ချောင်းနေရာ။ ထ တောတွေက တမျှော်ကြီး ရှိနေလျက်။ သစ်ရိပ်လေးတွေကလည်း လမ်းဘေးမှာ ရှိနေတတ်ကြကာ ..။ ဆိတ်အုပ် သိုးအုပ် မောင်းကျောင်းနေသည့် ချာတိတ်လေးတွေကိုလည်း မြင်နေရသည်

"ဟိုး .. ဟိုး"



ကားမောင်းနေပါသည့် လေးလေးမောင်ကို ကြည့် တာ ကမန်းကတန်းကြီး တားနေသည်က မြပန်းရုံပါ။ ခုပဲ ရန် ဆောင်နေသည့် ကလေးမ။ ဘာကိစ္စနှင့် အလောတကြီး ကားကို တားပါချေသည် မသိ။ လေးလေးမောင် ကားရပ်ပေးတော့ ကား ပေါ်မှ သုတ်သုတ်ဆင်းချသွားတာမို့ သူပင် လန့်သွားရလျက် မျက်လုံးမျက်ဆန်ပြူးချင်လာရပါပြီ။ ဘုရားရေ ..။ ကောင်မလေး ဒါနှင့် မောနှင့်များ ကားပေါ်မှ ဆင်းချန်နေရစ်ခဲ့ချေတော့မည် လား မသိ။ ဒါဆိုလျှင် ဖေဖေနှင့် မေမေကတော့ သူ့ကိုကြိမ်း မောင်းလိုက်ပါမည့်အမျိုး။ တကယ်တမ်းကျတော့လည်း ကောင် လေးဘက်က ဝမ်းသာအားရလေး ရှိခဲ့လေသမျှ သူ့ဘက်က ဆက်ဟက်ပက်ပက် မရှိဘဲ ရှောင်ထွက်သွားတာဆိုတော့ ကောင် လေး ရှက်ခံပြင်းစိတ်လေး ဖြစ်ခဲ့ချေမည်ထင့်။

ခုလိုကျတော့လည်း သူ ရင်ထဲမကောင်း။ ကိုယ့်ဘက်က လွန်နေသလိုကြီး ဖြစ်နေတာမို့ ကမန်းကတန်း လိုက်ဆင်းလာ ခဲ့ပါပြီ။

"ဟေ့ကောင်မလေး .. ပြန်တက် .. ဘာဆင်းလုပ်တာလဲ"

မျက်နှာပျက်ပျက်ဖြင့် သူ မေးတော့ မြပန်းရုံ တစ် ချက်အံ့သြသလို သူ့ကိုကြည့်လာသည်။ ခုလို သူ မျက်စိမျက်နှာ ကောင်းဘဲ အလျှင်စလိုကြီး လိုက်ဆင်းလာချေလိမ့်မည်ဟုလည်း ထားပုံမရ။

"စိတ်ဆိုးတာတော့ ထားပါတော့ .. ကားပေါ်က ဆင်းနေ ခဲ့ရအောင် ဒါက ခရီးသွားနေတာ ကောင်မလေးရဲ့ .. ကားပေါ် ပြန်တက် .. ပြန်တက်ဆိုတက်"

www.burmeseclassic.com

www.burmeseclassic.com



သူ ကလေးငယ်လေးကို ခပ်တည်တည်ပြောသလို လုပ်နေရပေမယ့် တကယ်တမ်း ကောင်မလေး ပေကပ်ကပ်လုပ်နေမှာကိုတော့ လန့်နေသည်။ ဂျစ်တူးတူး ပေစုတ်စုတ်နှင့် လုပ်ရမှာကို ဘာမျှချက်ခဲပုံမရသည့် ပန်းရုံ ဆိုသည့် သူငယ်မလေး။ သူ့ကို တစ်ချက်ကြည့်ကာ နောက်ဘက်ကို လှည့်ပြန်တစ်ချက်ကြည့်ပြီး ခပ်သုတ်သုတ် အရေးတကြီးဟန်လေးဖြင့် လျှောက်တော့ သူ့မှာ စိတ်မောကိုယ်မောဖြင့် နောက်က ခြေလှမ်းကျဲကြီးနှင့် လိုက်ရပါပြီ။ ခုလိုကျတော့ ကိုပြည့်ပင် မနေသာတော့။ ညီမလုပ်သူ ဒေါကန်ပြီး ခြေလှမ်းကျဲလေးဖြင့် ခပ်သွက်သွက် နောက်ကြောင်းဘက်ကို လျှောက်နေတာ မြင်ရသည်မို့ စောစောက အခြေအနေလေး စောင့်ကြည့်နေတာမျိုး မဟုတ်တော့ဘဲ လိုက်ဆင်းလာရပါသည့်အဖြစ်။

မိချမ်းလည်း ပြေးလိုက်ဆင်းလာနေပြီ။

"ဟိုး .. ဟိုး .. မောင်လေးရေ .. ဟိုး .. ဟိုး ဟိုး .."

ရှေ့မှ သိုးအုပ် ဆိတ်အုပ်လေးတွေ မောင်းနေသည့် ကောင်လေးကို မြပန်းရုံ တဟိုးဟိုးဖြင့် လှမ်းတားနေ... ပို၍ သူ မျက်လုံးမျက်ဆန် ပြူးလာရပါပြီ။ ဤကောင်မလေး ပုံအချိုးက ဘာမဆို လုပ်နိုင်သည့်အချိုး။ လမ်းမှာတွေ့သည့် ဆိတ်ကျောင်းသားလေးကို မိတ်ဆွေဖွဲ့ပြီး အိမ်မေး၊ လိုက်တည်းတာတွေ ရွတ်ရွဲ၍ လုပ်ပြနေလျှင် အခက်။ ရှေ့လှမ်းလှမ်း... လေးတစ်ရွာရှိသည်။ နောက်ဘက်လှမ်းလှမ်းမှာလည်း ရွာတ... ရှိနေသည်။ ဒုန်းပေကပ်ကပ်နိုင်စွာ ကားပေါ်တက်မလိုက်... လုပ်နေမည့်အဖြစ်မျိုးကို မြပန်းရုံ လုပ်လိုက်ဖို့ ဝန်လေးပုံ...



"ခုကြည့် .. ပန်းရုံလေး စိတ်ကောက်ပြီး ကားပေါ်ကဆင်းပြီ .. ကိုကို လုပ်ပုံကိုက ဆိုးတာ .. ကလေးပဲဥစ္စာ ခများလေး မေးတဲ့ကိစ္စ .. ကောင်းကောင်းမွန်မွန် ဆက်ဆံဖြေပေးလိုက်တော့ ကိုကို ဘာနစ်နာမှာမို့လို့လဲ"

မိချမ်း အမောတကောလေး ပြေးလိုက်လာတာမို့ ...လာတော့ မောသံလေးဖြင့် အပြစ်ပြောနေတာကို သူ မဖြေအား။ ...သို့ ခပ်လောလော သူ ပြေးလိုက်သွားမိရပါပြီ။

ကောင်မလေးကို မီလာတော့ လက်မောင်းကို ကိုင် ...

"ဒီမယ် .. ဒေါ်ဒေါ်သ .. ရပ်တော့ .. ငါ .. ညည်းကို စာရေးတဲ့အခါ ဘယ်လို ငါရေးတယ်ဆိုတာတွေ နောက်တော့ ပြောပြမယ် .. ပြန်လိုက်ခဲ့ .. တော်ပြီ .. ဒေါသတွေ ရပ်သိမ်းလိုက်တော့"

ဟု တောက်လျှောက်ပြောစဉ်ခိုက် မြပန်းရုံ သူ့ကို ...ကြည့်လာသည်။ မျက်လုံးနက်နက်လေးတွေက ကလေးတစ်...ာက်နှယ် ဖြူစင်ကြည်လဲ့နေသည်ပါပဲ။ အပြစ်ကင်းစင်သည့် ...မှာလေးမှန်း ခုမှပို၍ သတိထားမိလာရပါ၏။ ကလေးဆိုး...နှယ် ရှိပေမယ့် .. ဤကောင်မလေး၏ မျက်ဝန်းမှာ မာနရိပ် ... ကလေးတစ်ယောက်လိုပဲ စိတ်ဆိုးလျှင်ဆိုးလိုက်။ စိတ်ပြေ...လျှင်လည်း ပြေလွယ်လိုက်နှင့်ရှိသည့် အဖြူစင်ကလေးလေး ...ရှိပါသည့် မိန်းကလေး။ ခုလည်းကြည့် မျက်ဝန်းလေးတွေ ...ငံမောရိပ်လေးတွေ ကြည်မွေ့မွေ့ထင်၏။

"အဟက်ဟက်"

www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုးတိုး ရယ်သံနှင့်အတူ သူ့ကိုမော့ကြည့်နေရင်းမှ ...

"ပန်းရုံ ဆင်းတာက ဒီဆိတ်အုပ် သိုးအုပ်နဲ့ ဓာတ်ပုံရိုက်ချင်လို့ ကိုကြီးရ .. အဲဒါ အားလုံး တစ်မျိုးတွေးပြီး စိတ်ပူလိုက်ကြတော့ အလွန်ဘဝင်မြင့်တဲ့ ကိုကြီးကို နောက်ချင်တာနဲ့ ဟန်လုပ်ထားတာ .. ဆိတ်အုပ် သိုးအုပ်လေးက လဲဝေးသွားတာမို့ ပြေးလိုက်လာရတာရှင့် .. ကဲ .. အိုကေ_ နှစ်ဖက်အားလုံး ကြည်လင်နားလည်ဖြစ်ပြီနော် .. ကိုကြီး ဓာတ်ပုံရိုက်ပေး .. ဒါ ကိုကြီးနဲ့ပန်းရုံတို့ရဲ့ .. သံယောဇဉ် အစ မှတ်တမ်းတစ်ခုပေါ့ .. အမှတ်တရ .. ရယ်စရာအဖြစ် တစ်ခုပေါ့ .. ကိုကြီးက .. စိတ်တော့ အပူတတ်သားပဲ .. အဲဒါပဲ ကိုကြီးရ .. သဘောကောင်းခြင်းဆိုတာ ရင်ထဲမှာ ကိန်းအောင်းနေရင် .. အဲဒီလူဟာ ဘယ်တော့မှ လူဆိုးကြီး ဖြစ်မလာနိုင်ဘူးတဲ့ .. ကိုကြီးကလူဆိုးကြီးမှ မဟုတ်တာကိုး"

ကင်မရာလေး သူ့လက်ထဲ ထည့်ပေးသည်က လွယ်ထားသည့်အိတ်ထဲ လက်နှိုက်ထုတ်လာပြီးသည့်နောက်မှာ ပါလာသည့် ကင်မရာကို အပ်လိုက်ခြင်းဖြစ်ပါ၏။ ကင်မရာလေး လက်ထဲကိုင်လျက် သူ့မှာ အူကြောင်ကြောင် ဖြစ်ကျန်ခဲ့ရကာ ပန်း လေးကတော့ ဆိတ်အုပ်သိုးအုပ်နှင့် အတူရပ်လျက် ဓာတ်ပုံရိုက် ဖို့ အသင့်ဟန်ပန်လေးဖြင့် ရှိနေသည်မှ စတိုင်လေးထုတ်၍ ခုမှ နောက်ကလိုက်လာသည့် ကိုပြည့်နှင့် မိချမ်းလည်း သ ပေါက်ပုံဖြင့် ရပ်လိုက်ကြ။ အမောဖြေကြနှင့် ရှိနေရင်းမှ လည်း ရယ်ကြသည်။



ကိုပြည့်ကိုလှမ်း၍ လက်ယပ်ခေါ်တာမို့ ညီမလုပ် သူအား ကိုပြည့် ရောက်သွားကာ ဓာတ်ပုံရိုက်ပေးရပြန်သည်က နဲ့ပြေပါ။ မိချမ်းနှင့် သူ့ကိုလည်း ရိုက်ပေးသည်က ကိုပြည့်ကို ခိုင်းနေသည့် ပန်းရုံ၏အစီအစဉ်ဖြင့်ပါတည့်။

နောက်တော့ ကင်မရာမင်း ကိုပြည့်ကို ကြည့်ကာ သူ့အားမှာ ပန်းရုံရပ်လိုက်ကာ ...

"ကိုကိုပြည့် .. အလွန့်တရာကိုမှ မာနကြီးသော စာရေးဆရာ မိုးဦးပြေနှင့်အတူ မြပန်းရုံ၏ ပုဂံခရီးတစ်ခေါက်ဆောင်းပါး အတွက် ဓာတ်ပုံလေးတစ်ပုံ ရိုက်ပေးပါဦး ကိုကိုပြည့်ရေ"

ဟု ရယ်မောလျက် ပြောလာတော့ သူ ရင်ထဲတစ် ချက် ပျော်ခနဲ ဖြစ်သည်။ ငုံ၍ငုံ့၍လည်း ကြည့်မိသည်က အရမ်း အပြစ်ကင်းစင်စွာ .. အကြောင့်ကြမဲ့စွာ .. ဖြူဖြူစင်စင်လေး နေသည့် ကောင်မလေးကိုပါ။ တကယ်တော့ အရမ်းကိုချမ်း သည်ပဲလေ။ ဟိတ်ကြီး ဟန်ကြီးနှင့် နေ၍ရသည့်ကိစ္စ။ န်းရုံလေး ဆိုတာ မာနမရှိဘဲ အဖြူထည်သက်သက်လေး ဖြစ် ကလေးတစ်ယောက်နှယ် ရင်ထဲရှိသည့် အရိပ်ကို မျက်နှာ ထက်မှာ ဖမ်းဆုပ်သိမြင်နိုင်အောင် ဟန်မဆောင်တတ်သည့် လေးဖြစ်နေလျက်။ ဘယ်လောက် စိတ်တိုတို။ ပြန်၍ ပြေလွယ်သည့် သဘောကောင်း စိတ်ကောင်းလေး ရှိသူ ကိုလည်း သူ သိသိလာနေရပါပြီ။

ခုလည်း ကြည့် ..။ စာစာက ဒေါနှင့်မောနှင့် ွှန်တောက်တီးနေသည့် ကလေးမ။ သူ စိတ်ပူလာက်ပူနှင့် ခေါ်တာနှင့် ကြုံလိုက်တာမို့ အားလုံး ကျေနပ်ဖြေပြေကျေ

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သည်အထိ စိတ်ရင်းကောင်းလေးနှင့် ဖြစ်နေပြန်သည် … ပျော်ပျော်နေတတ်သည့်အကျင့်လေးက ပို၍ကဲနေသည့် စရိုက်လေး… ဒါကို စတင်၍ သူ မြင်တတ်မိလာရလျက် … ဤကောင်မလေး… ကို ခင်မင်စိတ် ဖြစ်တည်လာရသည်မှာ အမှန်ပါ။ ဟန်ကြီး… ကြီးမနိုင်သော .. ခွင့်လွှတ်တတ်သော .. ပျော်ပျော်နေချင်တ… သော ဤမိန်းကလေးနှင့် ခဏတစ်ဖြုတ် စိတ်ဆိုးပြတာလေး… ကိုတော့ ခံရကြုံရတတ်သည်မှာကိုလည်း သူ သိနှင့်နေသည်။ ပြီးတော့ .. ပြန်၍စိတ်ပြေမည်။ ဒါပဲ .. ဤမိန်းကလေးထံမှာရှိ… မည့် စရိုက်ချိုချိုလေးတွေ ဖြစ်နေပါချေလိမ့်မည်တည့် …။

ဓာတ်ပုံရိုက်ပြီးတော့ မြပန်းရုံ လွယ်ထားသည့်အိတ်… ကြီးထဲ ကင်မရာကို ပြန်ထည့်သည်။ ဟိုဟိုသည်သည် အိတ်ကြီး… ထဲ လက်လေးနှိုက်၍ ဘယ်အတွင်းခစ်ကို ဖွင့်နေသည်… ကြည့်ရင်း .. ကြည့်ရင်း .. ရီးသားလိုက်တာဟု သူ ခံစား… လာရပြန်သည်။ လက်လေးပြန်ထွက်လာတော့ ပိုက်ဆံခေါက်… ပါလာကာ ဆိတ်နှင့်သိုးကျောင်းသည့် ကောင်လေး၏ အိတ်ကပ်… ထည့်ပေးသည်။ ကောင်လေး၏ ပခုံးကိုလည်း တရင်းတနှီး… ပုတ်ကာ နှုတ်ဆက်သည်။ စိတ်ကျေနပ်သည့် ကောင်လေးနှင့်… ရိုက်ဖို့ ခုမှ သတိရလာသလိုလေး ဖြစ်ပြန်ကာ နောက်တစ်… ထပ်၍ ကင်မရာလေးကိုထုတ်။ သူ့လက်ထဲထည့်ပေးကာ … ထပ်ရိုက်ပြန်သည်။

ပြီးတော့မှ ကင်မရာလေးကို ပြန်သိမ်းကာ … ဦးဆောင်၍ ခုန်ပေါက် ခုန်ပေါက်လေး လုပ်ကာ ထွက်လာ… သတည်း။



"အဲဒါကြောင့် ဘွားတို့က လုံးဝကို ကြာရိုပ်မြိုင် ပြန်အလာ မခံတော့တာ၊ သူ မရှိရင် ဟိုမှာ ဘွားရော ဘိုးရော မနေတတ်ကြဘူးတဲ့လေ .. ဟိုမှာကလဲ လုပ်ငန်းတွေကရှိနေတော့ ရန်ကုန်မှာ အားလုံးစုနေလို့ကလဲ မဖြစ် .. အဲဒါ .. ဘွားနဲ့ဘိုးရှိရာကိုပဲ ကိုပြည့်နဲ့ မေမေတို့ တစ်လှည့်စီသွားပြီး ဒီသူငယ်မကို အလွမ်းသွားဖြေ အတူနေရတော့တာ"

ကိုပြည့် ခေါင်းတယမ်းယမ်းဖြင့် ပြောရင်း အေး… အေးဆေးဆေး လျှောက်လာနေစဉ်ခိုက် မျက်နှာထက်မှာ ညီမကို… ခဲ့သည့် အရိပ်တွေက ကြည်မွေ့မွေ့ထင်သည်။

လမ်းဘေးရှိ သစ်ရိပ်အောက်မှာ ထန်းစွက်နှင့်ရက်… ထားသည့် ဘူးလေးများဖြင့် ထန်းလျက်ခဲတွေ၊ ဆီးသီးနှင့်ဆီးသီး… ချက်တွေ ရောင်းသည့်နေရာသို့ မြပန်းရုံ ရောက်နေပြီ။ ဝယ်… သည်း ဝယ်နေပြီ။ လမ်းမှာ ထန်းလျက်ခဲနှင့် ဆီးသီးတွေစားချေ… ဦးမည်။

ရေညှိစိမ်းတက်နေသော ရေအိုးစင်လေးဘေးမှာ သူ… ရပ်၍ မြပန်းရုံကို ကြည့်မိရပါ၏။ ဤကောင်မလေး၏ ဘဝ… ကြောင့်ကြကင်းလိုက်တာဟု အားကျစိတ်ဖြင့် ထပ်၍ငေးကြည့်… ပြန်ချေသည်တကား …။

○✽○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

"ဟင့်အင်း .. ငါးမစားချင်ဘူး .. အရိုးရှုပ်တယ်ဆိုမှ .. ကြက်ဥကြော်လဲ မစားချင်ဘူး ညှီတယ် .. ဒီပဲဟင်း[illegible] ခရမ်းချဉ်သီးသုပ်ပဲ စားမယ် .. ကြက်သားရှိလားဟင် .. ကြက်သားဟင်း မဟုတ်ဘူးနော် .. ကြက်သားပေါင်းအ[illegible] မျိုး .. ဒီလိုလေ .. အရောင်တင်မစားချင်လို့ .. ကြက်သ[illegible] ပေါင်းရှိလားလို့ မေးတာ"

ပုဂံမရောက်ခင် လမ်းဘေးထမင်းဆိုင်လေး တစ်[illegible] မှာ ပြဿနာများ ဇီဇာကြောင်နေသည့် မြပန်းရုံကို စိတ်ပျက်[illegible] မျက် သူ ကြည့်မိသည်။ စိတ်ထဲရှိတာကိုများ ပြောချပေ[illegible] လျှင်ဖြင့် ...

"ရှိတာစား .. မစားချင်ရင် အငတ်နေ"

ဟု ပြောမိမှာ ဧကန်။ ဘယ့်နှယ် ငါးဟင်းဆို[illegible] လည်း မွှေးနေသည့်ဟင်း။ နံနံပင်လေး အုပ်ထားလျက် ရေ[illegible] စိမ်းတောင့်လေးတွေဖြင့် ခရမ်းချဉ်သီးနိုင်နိုင်၊ ဆီနိုင်နိုင်ဖြင့် [illegible] ထားသည့်ဟင်း။ စားမြိန်မည့်ဟင်း ဖြစ်နေသည်ပဲဥစ္စာ။ ပဲကြီး[illegible]



[illegible]ည်ချက်၊ ခရမ်းချဉ်သီးသုပ်၊ ခရမ်းသီးနှပ်ချက်နှင့် ငါးဟင်းဆို [illegible]တာ စားမြိန်သောက်မြိန်သည့် ဟင်းအမယ်ဖြစ်သည့်ကိစ္စ။ ခုကျ [illegible]တော့ ဟင်းမကြိုက်ဘူးဆို၍ မျက်နှာလေး အိုနေတာကိုမြင်မြင် [illegible]နေရတော့ ဘေးမှာရှိနေသည့်လူက စားကောင်း၊ သောက်ကောင်း [illegible]လုပ်ဖို့ရာ မျက်နှာပြောင်ရာ ကျနေတော့သည့်အဖြစ်။ ထမင်းပူပူ၊ [illegible]ဟင်းပူပူပေမို့ လူကဆာနေသည့်အချိန်။ စားဖို့သောက်ဖို့ လက် [illegible]သွက်ရမည့်အရေး ဤကောင်မလေးကြောင့် အခက်တွေ့နေရသည် [illegible]တာလေ။

"လက်ဖက်သုပ်လေးနဲ့စားလိုက် မြေး .. ဒီမှာတော့ ဘယ့်နှယ် လုပ်ပြီး ကြက်ပေါင်းရှိပါ့မလဲ မြေးရဲ့ .. ဒီလောက်ကောင်းတဲ့ ဟင်းတွေကို နည်းနည်းလေး မြည်းစမ်းကြည့်ပါလား"

ကျောသပ်ရင်သပ်ဖြင့် ကလေးချော့သလို ချော့နေ [illegible]သည့် ဘွားကို ခေါင်းလေးပဲ ခါခါပြနေသည့်က မြပန်းရုံပါ။

"ကဲ .. ကဲ .. သမီးရေ .. လက်ဖက်သုပ်လေး သုပ်ပေး နော် .. ပုစွန်ခြောက် ရှိလားဟင် .. ရှိရင်ထည့်သုပ်ပေး .. ဆီများများဆမ်းလိုက်နော် .. ငရုတ်သီးစိမ်းတော့ သိပ်မ ထည့်နဲ့ .. မြေးက အစပ်တော့ နည်းနည်းကြောက်တယ်"

ဘွားအေလုပ်သူကပဲ ထမင်းမစားနိုင်သေးဘဲ မြေး [illegible]ချောလေး ထမင်းစားဖြစ်ဖို့ ခေါင်းထဲထည့်နေရတာ ဘေးကမြင် [illegible]နေရသည့်လူတွေမှ သက်သာတာမဟုတ်။ မြင်ကွင်းက ကြည့်မ [illegible]ကောင်းဟု သူ ထင်သည်။ ဘွားအေကို ဂရုတစိုက် မြေးက လုပ် [illegible]ရမည့်ကိစ္စ။ မြေးကို ဘွားအေက ထမင်းဝင်ဖို့ လိုက်လိုက်စီစဉ် [illegible]ပေးနေရတာဆိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်သုပ်ပွဲ ရောက်လာတော့ မြပန်းရဲ့ မျက်နှာလေး ပြုံးကျသွားကာ လက်ဖက်သုပ်ပွဲကို ထမင်းပွဲရှေ့မှာ သွက်သွက်လက်လက်လေး လက်ပြောင်းယူ၍ထားသည်။ ဆိုင်ရှင်အဒေါ်ကြီးကိုလည်း ပြုံးပြလိုက်သေးသည်။ အားလုံး လက်ဆေးကြ။ ထမင်းစားကြတော့လည်း လက်ဖက်သုပ်ကို ထမင်းနှင့်မြှုပ်၍ နယ်၍ စားလိုက်သည်မှ ဘေးကလူပင် လိုက်၍စားချင်စိတ်ပေါက်လာအောင် မြိန်ရည်ရှက်ရည်ကြီး ဖြစ်နေပြန်သည်။

နောက်ဆုံးတော့ မနေသာကြတော့ဘဲ ဘွားအေလုပ်သူက ပထမဈေးဦးဖောက်လျက် မြေး၏လက်ဖက်သုပ်ကို အရင်လက်နှိုက်စားသည်။ နောက်တော့လည်း ဘယ်သူ့ ဘယ်သူမှ မနေသာကြတော့ဘဲ မြပန်းရဲ့၏လက်ဖက်ပွဲကို ယူယူစားကြ။ ထမင်းနှင့်နယ်ဖတ်တီးကြနှင့် ဖြစ်ကုန်ကြသည့် အဆုံးမှာ .. နောက်ထပ်လက်ဖက်သုပ် မှာယူကြရသည်အထိပါ။ သူတစ်ယောက်ပဲ ဟန်တင်း၍ ကောင်မလေး လက်ဖက်ပွဲကို ဝင်မပါခြင်းပါ။

ငါးဟင်းနှင့်စားလိုက်။ ပဲကြီးဟင်းရည်လေး သောက်လိုက်နှင့် ဣန္ဒြေရှင်ကြီး လုပ်နေမိသည်ပါပဲ။ ဤသည်ကလည်း စောစောက ကောင်မလေးကို သူ့ရင်ထဲ ကျိတ်၍ကျိတ်၍ အတင်းအုပ် အမြင်ကတ်ထားတာ ကိုယ့်လိပ်ပြာ ကိုယ်သိလျက် ဟန်ကြီးပန်ကြီးဖြင့် လက်ဖက်ပွဲကြီးကို ကင်းရှင်းနေပြလိုက်ခြင်းပါတည်း။

မြပန်းရဲ့ နောက်ထပ် ထမင်းလိုက်ပွဲတွေ ဘာတွေထည့်ပြီး လက်ဖက်သုပ်နှင့် ထမင်းအုပ်နေဆဲ။ ဤသို့ကျတော့လည်း ကိုယ်ကြိုက်တာနှင့် ဆိုတော့လည်း ကလေးလိုပဲ စားသောက်တာ အားရပါးရကြီးပါလားဟု သူ စတင်တွေးဖြစ်ပြန်သည်။



မြေးလုပ်သူ ထမင်းစားဝင် စားမြိန်နေတော့မှပဲ ဘွားသည်း ထိုင်ဖြစ်ကာ ထမင်းစားဖြစ်။ စကားလေးတပြောပြောဖြင့် ဖြီးသွားရတာကိုလည်း သူ မြင်ခဲ့ရသည်ပါပဲ။ ပြီးတော့ .. ဘွားတို့အမင်းဝိုင်းမှာပင် လက်ဖက်သုပ်တစ်ပွဲ တိုးမှာဖြစ်ကြကာ ထမင်းနှင့် စားကြတာကိုလည်း သူ မြင်ခဲ့ရသည်မို့ ပြုံးလည်းပြုံးချင်ရသည်ပါပဲ။

သူကတော့ လူငယ်အုပ်စုအဖြစ် မိချမ်းတို့နှင့်တူတူ၊ ကိုသူငယ်မြပန်းရဲ့တို့နှင့် တစ်ပွဲတည်း စားရသောက်ရတာမို့ ...

"ခရမ်းချဉ်သီး အကွင်းလိုက် လှီးသုပ်ထားတဲ့ လက်ဖက်သုပ်ပွဲကတော့ စားချင်စရာကြီးပဲ .. ငါ .. နောက်မှသပ်သပ်တစ်ပွဲသုပ်ခိုင်းလိုက်ပြီး ကြွပ်ကြွပ်အိတ်နဲ့ ထည့်ခိုင်းလိုက်မယ် .. ကားပေါ်ရောက်မှစားရင် ကောင်းမယ်ထင်တယ်"

နှင့် သူကိုယ်တိုင် ကလေးကလား ဖြစ်ချင်လာနေပြီ။ လက်ဖက်သုပ်ပွဲကို သွားရည်လည်း ကျချင်လာနေပြီ။ ကောင်မလေး စားတာကို လိုက်လည်းမစားချင်။ သူပါ လက်ဖက်ပွဲကို မျက်စိကျပြီး လက်နှိုက်နေသည့်သူအဖြစ်ကျတော့လည်း အရောက်မခံချင်။ အစားအသောက်ဝါစ်ခုကို ဤမျှအထိလိုက်၍ သွားရည်ကျလောက်အောင် စားသောက်ပြနိုင်သည့် မြပန်းရဲ့ကိုလည်း သူ သက်ဖျားပင် ခါချင်သည်။ ခုပဲကြည့်လေ ..။ ထမင်းသာစားနေရသည်။ စိတ်က ငါးဟင်းထက် လက်ဖက်ပွဲကို ရောက်ရောက်နေရသည် မဟုတ်ပါလား။

"အရောင်တင်မှုန့်တွေထဲမှာ ဆိုးဆေးတွေ ရောနှောထားရင် အူမကြီးကင်ဆာ ဖြစ်နိုင်တယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



နီရဲနေသည့် ငါးဟင်းကိုကြည့်ကာ အလိုက်ကမ်း တရားမသိ ပြောချလာသည့် မြပန်းရုံကြောင့် ဟင်းခွက်ကိုလက် လှမ်းလက်စ သူ့လက်တွေ တန့်ခနဲ ဖြစ်သွားရကာ စိတ်တိုတို ဖြင့် ဆတ်ခနဲ ကြည့်မိလိုက်ရပါပြီ။ စားနေသည့်လူတွေ အောင့် ခနဲဖြစ်ကုန်စေသည့် စကားဟု သူ အမြင်ကတ်ချိန်မှာ ဆိုင်ရှင် အဒေါ်ကြီးမှလည်း မျက်နှာပျက်ပျက်ဖြင့် ...

"ဒေါ်ဒေါ်တို့က ငရုတ်ပွခြောက်ကို ထောင်းပြီးမှ ချက်တာ ပါ .. အစစ်ပါ"

ဟု ကမန်းကတန်းကြီး ဝင်ရှင်းရှာပါ၏။ ဘွားထား မှလည်း အားနာစိတ်ဖြင့် ...

"ဟဲ့ .. မြေး .. ဘာတွေ ပြောနေတာလဲ"

ဟု ဟန့်ရှာသည်။

"အိမ်မှာဆိုရင်လဲ .. ဒေါ်ဒေါ်လိုပဲ .. ဘွားက ငရုတ်ပွ ခြောက်ကို ရေစိမ်ပြီး ကျောက်ဆုံနဲ့ ပန်းရုံကို ထောင်းခိုင်း တာ ဒေါ်ဒေါ်ရဲ့"

ဟု ပန်းရုံ ပြုံး၍ပြောတော့ ဆိုင်ရှင်အဒေါ်ကြီးမှာ စိတ်မဆိုးရှာဘဲ ရယ်လိုက်သည်ပါပဲ။ နောက်ဆုံးတော့ .. ငါးမုန့် ခြောက်ကြော်တွေ ဝယ်ဖြစ်ကြ။ လက်ဖက်သုပ်တစ်ပွဲ သူ ထပ် မမှာရဲတာမို့ လက်ဖက်ပွဲကို သံယောဇဉ်ဖြတ်ကာ ကားပေါ်တက် ခဲ့ရပါသည့်အဖြစ်။ သူ လက်ဖက်ပွဲဝယ်ကြည့်။ စောစောက သူ စားချင်လျက် ဟန်ဆယ်နေသည့်ကိစ္စ ဖွင့်ချသလိုကြီး ဖြစ်သွား မှာကို သူ ပြန်၍တွေးမိသည်ကိုးလေ။ ဘာကြောင့်ရယ်မသိ... ကောင်မလေး၏ ပြုံးထေ့ထေ့ဖြင့် ကြည့်မည့်အကြည့်။ ထိုအကြည့်



မှာ ရောထွေးပါလာချေမည့် ပန်းရုံ သိပါတယ်နော် ဆိုသည့် အကြည့်မျိုးကို သူ မခံချင်။ ကောင်မလေးတစ်ယောက်က သူ့ထက်ပို၍ အကင်းပါးနေတာမျိုးကို အဖြစ်မခံလိုက်နိုင်။

ကားပေါ် လူစုံတော့ ရှေ့မှဖေဖေ့ကား မောင်းထွက် သွားမို့ သူတို့၏ဘတ်စ်ကားကြီးလည်း နောက်မှထွက်လိုက်လာ ခဲ့သည်ပါပဲ။

ရှုခင်းတွေကို သူ ငေးကြည့်ဖြစ်သည်။ ထန်းတောကြီး တွေကတော့ ပုဂံခရီးစဉ်၏ အမှတ်အသားတစ်ခုအဖြစ် တပြုန့် ပြုန့်များကြီး လမ်းဘေးဝဲယာမှာ ရှိရှိနေကြသည်ပါပဲ။ ထနောင်း ပင်အုံ့အုံ့လေးတွေကလည်း စိမ်းမြမြ။ တဖြည်းဖြည်းဖြင့် ခရီး ပေါက်လာပြီ။ ထုကြီးကြီးနှင့် အုတ်မြို့ရိုး၏ အဝင်ဝတွင်ရှိပါသည့် သရပါတံခါးကို မြင်ရပြီ။ အရှေ့မြို့ရိုး၏ အလယ်တံခါးမကြီး အဖြစ် ရှိပါသည့် သရပါတံခါးမကြီး။ တံခါးဝ၏ အပြင်နံရံ မျက်ပိုင်း ပတ်လည်တွင် အင်္ဂတေဘီလူးပန်းဆွဲနှင့် ပုလဲကုံး ပန်းတော့လက်ရာများကို နီးလာလေလေ ပို၍မြင်ကွင်းသည် ကျလာလေလေပါတည့်။ အုတ်မြို့ရိုး၏ အဝင်ဝတွင် နတ်မောင် နှမ နတ်ကွန်းသည်လည်း တည်ရှိနေပါသည့်အဖြစ်။

"ကိုကြီး .. အဲဒီအဝင်ဝရဲ့ နတ်ကွန်းနေရာမှာ ဘယ်ဟာ က အစ်မတော်နတ်ကွန်းလဲ .. ကိုကြီး သိလား"

ဖျတ်ခနဲ လှည့်မေးလာသည်ကိုက ဟန်ရပန်ရနိုင် လှသည်။ မသိ၍ မေးတာမျိုးမဆန်။ လူကိုအကဲစမ်းတာမျိုးအခက်ကို ဆောင်နေသည့် ခပ်မော့မော့စတိုင်လေးဖြင့် ရှိနေပါသည့် ကောင်မ လေး။

www.burmeseclassic.com

www.burmeseclassic.com



"တံခါးအဝင်ဝရဲ့ ဘက်ဘက်နတ်ကွန်းက နည်းနည်းနိမ့်တယ် .. အဲဒီမှာ မောင်တော်နတ်ရုပ်ရှိတယ် .. ညာဘက်က နတ်ကွန်းက နည်းနည်းပိုမြင့်တယ် .. အဲဒါက အစ်မတော်နတ်ရုပ်ရှိတဲ့ အစ်မတော် နတ်ကွန်းပဲ .. အဲဒါ .. မဟာဂီရိတောင်ကြီးရှင် နတ်မောင်နှမနတ်ကွန်းပဲ .. သေချာမှတ်ထား"

သူ ခပ်တည်တည်ဖြေတော့ မြပန်းရုံ၏ မျက်ဝန်းလေးတွေ ရွှန်းလဲ့လာသည်။ လက်ခုပ်လေးတီး၍ ...

"မှန်တယ်"

ဟု ညာဏ်စမ်းပဟေဠိမေးခွန်းရှင် လေသံဖြင့်ပြောတော့ မျက်မှောင်ကုတ်၍ ကြည့်သည်။

"အဟက်ဟက် .. ပန်းရုံ ထင်တာက ကိုကြီး ဖြေနိုင်ပါ့မလားလို့ .. မဖြေနိုင်ရင်လဲ ပန်းရုံက ဖြေပေးမလို့ပါ .. မဆိုးဘူး .. ဗဟုသုတရှိတာကိုး .. ပန်းရုံက ဒီကိုလာခါနီးမှ ပုဂံနဲ့ပတ်သက်တဲ့ စာအုပ်တွေ ရှာဖွေပြီး လေ့လာခဲ့တာလေ .. ကဲ .. ကဲ .. ကိုကြီး ထပ်ဖြေနိုင်ဦးမလား .. ပုဂံရာဇဝင်အရ ပုဂံမြို့မှာ တံခါးဘယ်နပေါက်ရှိလဲ"

အံမယ် ..။ မနားသေးဘဲ ဆက်မေးနေသည့် ကောင်မလေး။ ကိုပြည့်လည်း ပြုံးစိစိဖြင့် သူ့ကိုကြည့်လာသည်။ မိချမ်းကတော့ ခုမှချာတိတ်မလေးရှေ့မှာ မျက်နှာကြီးရဲနေသည့် သူ့ကိုကြည့်ကာ သဘောတကျကျဖြင့် ရယ်နေသည်ပေါ့ပဲ။ ကလေးစိတ်နှင့် ရှိပါချေသော မြပန်းရုံ ဆိုတော့ ဖက်ပြောရမှာကလည်း မဟုတ်။ မသိပါဟု ပြောရမှာကတော့ ပါးစပ်အရ ခုပ်မရှုပ်ရ



ယ် လူသိက္ခာကျသည်။ ဗဟုသုတမရှိသည့် လူစားထဲ ပါသွားရည်။ ပြီးတော့ .. ပန်းရုံ ဆိုသည့် ကောင်မလေး၏ ပါးစပ်ပေါက်လေးက ငြိမ်နေမှာမျိုး မဟုတ်။ ကျောင်းမှာပဲဖြစ်ဖြစ်။ သူငယ်ချင်းတွေနှင့် တိုးသည့်အခါ ...

"စာရေးဆရာ မိုးဦးပြေက ညွှန်းတယ် သိလား .. ပုဂံမှာ တံခါးဘယ်နပေါက် ရှိတယ်ဆိုတာလေးတောင်မှ မသိဘူး .. လွတ်ညွှန်းတာ .. အဲဒါ .. ပန်းရုံက သူ့ကိုပြောပြ ရှင်းပြခဲ့ရတယ်လေ"

ဟု ဂုဏ်လုပ်၍ ဖော်နေတော့မှာ သေချာသလောက်ဘော့ ရှိသည်။ မတတ်နိုင်။ ဤသူငယ်မကို အလျှော့ပေး၍လည်းနေ လျှော့တွက်ထား၍လည်း မဖြစ်။ ဤကိစ္စက သိက္ခာပိုင်းနှင့်ဆိုက နွယ်နေသည်။ လူညံ့တော့ အဖြစ်မခံနိုင်။

"ဟက် ဟက် .. မသိဘူး ထင်ပါရဲ့"

ပြုံးရိပ်သမ်းနေသည့် မျက်ဝန်းလေးတွေက မျက်ခုံးကောင်ထူလေးအောက်မှာ အရည်တလဲ့လဲ့ ပြေးနေသည်။ သူမျှားကို နှိမ်ရမည့်ကိစ္စအတွက် အတော်လေး တက်ကြွပျော်မြူးနေသည့် မျက်ဝန်း။ ကိုယ်ကို သူ မတ်လိုက်ကာ မိချမ်းကို တစ်ချက်ကြည့်တော့ ပြုံးနေတာနှင့် တိုးသည်။ ခုမှ အခက်။ ပန်းရုံလေးနှင့် သူ ညာဏ်ရည်ပြိုင်နေသည့် သဘောကိုလည်း နွယ်နေပြန်သည့်အဖြစ်။ ခင်းနည်းတော့ ကလေးကလား နိုင်နေချေမည်လား မသိ။

"ကောင်မလေး .. ဘုတ်အုပ်နဲ့ သေချာမှတ်ထား"

သူ ခပ်တည်တည်ပြောတော့ ပန်းရုံ ခေါင်းလေးကို ညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးနှောက်ထဲမှာ အကန့်လိုက် အကန့်လိုက် သိမ်းထား
တယ် .. ဘုတ်အုပ် မလိုဘူး .. ရတယ် .. ကိုကြီး ပြော
နိုင်ရင် ပြော .. ဖြေပါ"

အံမယ် .. လက်ကလေးပိုက်၍ အဖြေမှန်မမှန်
အဆုံးအဖြတ်ပေးမည့်ဟန် အပြည့်ဖြင့် တကယ့်ကို ကြည့်မရ
စရာ အကောင်းဆုံး သတ္တဝါအဖြစ် ထိုင်နေသည့် ပန်းရုံပါတကား

"တော်ပြီ .. နောက်ကို .. ဒီကောင်မလေးနဲ့ ခရီးအ
သွားလို့ မဖြစ်ဘူး .. သူ ကြိုတင်ဖတ်ချင်တာတွေ ဖတ်ပြီ
သူ့ဦးနှောက်ထဲ အကန့်လိုက် ကြိုတင်မှတ်သားတဲ့ဥစ္စာ
ကို .. လူသူရှေ့မှာ အကန့်လိုက် အကန့်လိုက်ထုတ်ပြီး
ငါ့ကို မေးခွန်းတွေနဲ့ အရှက်ခွဲနိုင်ကိန်း များများရှိ
ပန်းရုံပဲ .. ငါကို စွယ်စုံကျမ်း ကျေတဲ့သူအဖြစ် သတ်မှ
ထားသလိုလို ပုံစံမျိုးနဲ့ .. ဒေါက်ဖြုတ်မယ့် သူငယ်မ"

သူ ရင်ထဲက အသေအချာကြီး ဆုံးဖြတ်လိုက်ရ
ပြီ။

ဒါပေမဲ့ .. လူကတော့ ခပ်တည်တည်ပဲ တည်တ
ငြိမ်ငြိမ်ကြီး လုပ်ပြထားလိုက်ရလျက် ပန်းရုံကို အပေါ်စီးအကြ
ဖြင့် ကြည့်ပစ်သည်။ ကားထဲက လူကုန် .. အားလုံးကလ
စိတ်ဝင်တစားဖြင့် နားထောင်နေကြပုံ ရသည်ပဲ။ ငြိမ်နေကြသ
အဖြစ်။

"မှတ်ထား .. တံခါးဆယ့်နှစ်ပေါက်ဆိုတဲ့ နေရာမှာ
အရှေ့ဘက်မှာက သာရဝတ်၊ သာရပါ၊ သာရပေ ဆို
တံခါးသုံးပေါက်၊ မြောက်ဘက်မှာ သာတန်း၊ ငါးမြီးခ



ညောင်ဖြူ ဆိုတဲ့ တံခါးသုံးပေါက်၊ အနောက်ဘက်မှာ
သာစည်၊ မင်္ဂလာတံဆိတ်၊ မကြည်သာနဲ့၊ တောင်ဘက်မှာ
ဝင်မနား၊ မတောင်းတနဲ့ ကလေးတံခါးတွေ ဖြစ်တယ် ..
ပြန်ရွတ်ပြစမ်း .. ငါ့ကို"

ဟု ပြန်၍ မေးချလိုက်တော့ ကောင်မလေး မျက်နှာ
ွတ်ခနဲ ပျက်သည်။

"အဲဒါတွေ အားလုံးမှန်ပါတယ်" ကြေ
"အေး .. မှန်တယ်ဆိုရင် ပြန်ရွတ်ပြ ဖြစ်စ
"ဟင် .. ဘယ်အလွတ်ရပါ့မလဲ .. ၎င်းအတူ နှံပြီးအကန့်
တွေထဲ ထည့်နေတုန်းပဲဥစ္စာ .. ပြန်
"အစကတည်းက မှတ်ဉာဏ်မမီတာကိုပြစ်ကဲ့ရဲ့ မပြော
ဘူး .. လေကြီး မိုးကျယ်နဲ့ .. ဦးနှောက်ထဲ အကန့်လိုက်ထည့်
ထားသလေး ဘာလေးနဲ့ .. အကြွားသန် ဉာဏ်ပျင်းကြီး"

ကိုယ့်အကွက်ထဲ ရောက်ပြီလေ။ ကောင်းကောင်း
နိမ်ပေးလိုက်ရတာမို့၊ ရင်ထဲ အနေချောင်သွားရပါသည့်
ဖြစ်။

ကောင်မလေး နှုတ်ခမ်းစူ၍ ရှေ့ဘက်ပြန်လှည့်သွား
သူ ခပ်တိုးတိုးရယ်သည်။ မခံချင်အောင် ဆွပေးသည့် ရယ်
ျိုးဖြစ်အောင်လည်း သိပ်မကြိုးစားလိုက်ရ။ ဤကောင်မလေး
သူ အနိုင်ယူလိုက်ရတာကို ရင်ထဲမှာ ပျော်နေသည်။ အံမယ်။
း။ ခုလို တစ်ခရီးတည်း သွားရချိန်မှာ ဤသို့ကောင်မလေး
အနိုင်ယူလိုက်ရပါသည့် အရသာက တော်တော်လေး အရသာ
နေစေပါသည့် အဖြစ်ပါတည့် ...။

www.burmeseclassic.com

www.burmeseclassic.com



"ထပ်ပြီး မှတ်ထားလိုက်ဦး .. သရပါ ဆိုတာ .. သဗ္ဗရှိ ကာလို့ ခေါ်တယ် .. ရန်အပေါင်းကို ကာကွယ်တားဆီး ရာလို့ အဓိပ္ပာယ်ရတယ် ဆိုတာကိုလဲ မမေ့စေနဲ့၊ ဦးနှောက် ထဲက အကန့်ထဲမှာ မြဲနေအောင် မှတ်ထား .. ပုဂံကပြန် လာတယ်ဆိုပြီး သူငယ်ချင်းတွေ သွားကြွားတဲ့အခါ သူများ မေး... မဖြေနိုင်ဘဲ ဖြစ်နေဦးမယ်"

... ချင်အောင် သူ လှောင်သံလေးဖြည့်လျက် ပြော တော ... ပန်းရုံး လှည့်ကြည့်လာသည်။

... မှတ်တွေဖြည့်မနေနဲ့ .. ကလေးနဲ့ လူကြီးပဲ ... ၁ ကြွားတယ်ဆိုတာ ရှက်စရာကောင်းတယ် ... .. ဒါလေး သိလိုက်တာနဲ့များ ကမ္ဘာပေါ်မှာ ... ဘဲဆုံးကြီးကိုဖြစ်လို့ .. မျက်နှာကို မှန်ထဲသွားကြည့် ကြည့်စမ်းပါဦး .. စပ်ဖြည်းဖြည်းကြီးကိုဖြစ်လို့ .. လုံး မခန့်ညားနေဘူး သိရဲ့လား"

"ဟ .. ကိုယ်ညံ့ .. ညံ့တယ်ပေါ့ .. ဘယ့်နှယ် လူကိုလာ ပြီး ဘလိုင်းကြီး စွာနေတာလဲ .. ကိုပြည့်ရေ .. လုပ်ပါဦး အဟက်ဟက် .. ဒေါ်မြပန်းရုံကြီး ငိုတော့မယ် .. ရှက်လို့ နောက်ကို သူများကိုမေးမယ့် မေးခွန်းကို ကိုယ်အရင်ဖြေ ကြည့် .. ဖြေလို့ရပြီဆိုမှ မေး .. ကြားရဲ့လား .. သင်ခန်း စာယူစမ်းပါ"

သူ ရယ်၍ ရယ်၍ မခံချင်အောင် ပြောလေသော ကောင်မလေး မျက်မှောင်လေး ကုပ်ကွေးလာလေဖြင့် ရှိနေရာ ဆောင့်အောင့်၍ နောက်ဆုံးခုံနေရာဆီသို့ အပြောင်းအရွှေ့လုပ်သည်။



"ကုလို့မရတဲ့အထဲမှာ ဘဝင်မြင့်တဲ့ရောဂါ အဆိုးဆုံးပဲ .. အထူးသဖြင့် ဗဟုသုတအိုးကွဲကြီးတွေ ဆိုပါတော့"

ဟု ပြောဖြစ်အောင်တော့ လှမ်းအော်ပြောချေသေးသည့် ကလေးမ။

သူ ကိုယ်ကိုလျှော့ချလိုက်ကာ ခပ်ပြုံးပြုံးကြီး မျက်နှာ ခန်းတွေကို မှိတ်ချထားလိုက်မိရပါပြီ။ ကလေးဆိုးလေးနယ်ပါ သားလေ .. ဟု နားလည်လာလျက် .. ဘာကြောင့်ရယ်မသိ .. သူ .. ဤ ပန်းရုံလေးကို ခင်ခင်တွယ်တွယ် ဖြစ်စပြုလာနေချေ သည်ကောဟု မိမိဘာသာလည်း အံ့သြစိတ်နှင့်အတူ နားလည်လာ နေရချေသည်တကား။

ဤကလေးမလေးနှင့် နေရတာ အပြစ်ကင်းစင်သော ကလေးလေးနှင့် နေနေရသည့်နှယ်ရှိလျက်။ ဆိုးတေတေပုံလေး ကလည်း ဖြူဖြူစင်စင် နိုင်လွန်းတာမို့ ခင်တွယ်ချင်စရာလေး ဖြစ်နေချေသည်ကောလေ။

ချစ်စရာလေးဟု စတင်၍ သူ ဝန်ခံမိလိုက်ရပါပြီ သည်း။

○ ❧ ○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

"ဟယ် .. ဒီလက်ကောက်လေးလဲ ထပ်ယူဦးမယ် .. တယ်တော့ .. ဒီဥစ္စာလဲ ဝယ်မှာ .. လုံးဖီး နင်လိုချင် ယူသာယူ .. မကြောက်နဲ့ .. ပန်းရုံ ဝယ်ပေးမှာ .. ယူ ယူ"

ဝယ်ထားသည်ကလည်း မနည်း။ ယွန်းလင့်ပန်း လည်း ပါသည်။ ယွန်းဘူး ယွန်းအစ်လေးတွေလည်း ပါသည် ယွန်း လက်ကောက်တွေကလည်း အကွင်းနှစ်ဆယ်လောက်ရှိ လက်ဖက်အုပ်ရော ဆွမ်းအုပ်လေးရော ပါနေသေးသည့်အဖြ ယွန်းလင်ပန်းလေးတွေမှာက ရှုခင်းတွေလည်း ပါသည်။ ယွန်း ထားပါသည့် လက်ရာလေးတွေက အစိမ်းရောင် အပြာရော အနီရောင်နှင့် အဝါရောင်လေးတွေ ကောက်ကြောင်းဆွဲလေး ဖြင့် ပန်းကနုတ်ကွေးလေးတွေနှင့် အလွန်လှနေတာ အမှန်

သူလည်း ဝယ်သည်ပါပဲ။ ဒါပေမဲ့ မြပန်းရုံက လက်ထဲမှာ ကြွပ်ကြွပ်အိတ်ကြီးတွေ တနင့်တပိုးနိုင်အောင် ထားလျက်ရှိနေပေမယ့် အဝယ်လောဘတက်နေဆဲ ရှိနေသေး



ဖြစ်။ ရွှေနံ့ဒီဦးဟိုတယ်မှာ သူတို့အားလုံး မနေ့ညက တည်းခို ခဲ့ကြလျက်။ ဟိုတယ်မှာပဲ စားသောက်နားနေခဲ့ကြကာ ဤ က်ကျမှ အားလုံး ကားနှစ်စီးဖြင့် ဘုရားဖူးထွက်ခဲ့ကြခြင်းပါ။

ရွှေစည်းခုံစေတီတော်ရှိ ဘုရားစောင်းတန်း ဆိုင်တန်း တွေမှ မြပန်းရုံပစ္စည်းတွေ ဝယ်နေသည်မှာ သူ ခပ်လှမ်းလှမ်းက မောလက်မော ငေးကြည့်နေရပါ၏။ ဈေးဝယ်မဆုံး ဖြစ်နေ သမျှ လူကြီးတွေက ခပ်ဖြည်းဖြည်း သွားလာကြရတာမို့ ရုံကို မစောင့်နိုင်တော့ဘဲ သူ့ကို စောင့်ကြည့်တာဝန် မေမေ က ပေးခဲ့ကာ အားလုံး ရှေ့ဆက်သွားကြပြီ။ သူသာ ကျန်ခဲ့ရပါ ည့်အဖြစ်။ ကိုပြည့် တစ်ယောက်ကလည်း မနေ့က ဘာအစား သည် မသိ။ ဝမ်းကိုက်နေကာ ဟိုတယ်မှာ ကျန်ခဲ့တာမို့ သူပဲ ယ်ဖြစ်နေရသည်ကိုးလေ။ သူပဲ စောင့်ရချေသည်ပေါ့။

"ဒီမယ် .. ပြီးဦးမှာလား ဈေးဝယ်တဲ့ကိစ္စ .. ဆိုင်ပြန်ဖွင့် မလို့လား"

သူ စိတ်မရှည်တော့ဘဲ လှမ်းအော်တော့ တစ်ချက် ကြည့်သည်က မြပန်းရုံပါ။ မျက်နှာလေး တည်တင်း၍ င်းတင်းဖြင့်ပင် ပြန်ကြည့်လာသေးသည့်အဖြစ်။ ချည်သားပွင့် ထဘီ အဝါခံမှာ အစိမ်းပွင့်လေးတွေပါသည့် ထက်အောက် စုံလေးဖြင့် ရှိနေပါသည့် မြပန်းရုံ။ ခါတိုင်းနေ့လို ဘောင်းဘီ စ်ပုံးမျိုး မဖြစ်နေတာမို့ သူ တစ်ချက်ငေးကြည့်ဖြစ်၏။ မြန်မာဆန်ဆန်လေး ဝတ်ထားတော့လည်း ယဉ်ယဉ် ချစ်စရာ ပိုကောင်းနေသလားဟုတော့ တွေးဖြစ်သည်။ ာင်မလေး ဆက်၍ဝယ်နေပြန်တာက အစွဲ ကိတာတွေ

www.burmeseclassic.com

www.burmeseclassic.com



ဘာတွေပင် ပါလာနေသည်လား မသိ။ လုံးဖီးကလည်း လက်ကောက်တွေ ဆင့်၍ ဆင့်၍ ခုကတည်းက ဝတ်ထားပြီးနေပြီ။ ဆရာတပည့်နှစ်ယောက် စိတ်ဝမ်းလက်ညီ တိုင်တိုင်ပင်ပင် ဖြစ်နေကြပုံရသည်တည့် ...။

ယွန်းရောင်စုံချပ် သေးသေးငယ်ငယ်လေးတွေ သုံးထောင့် လေးထောင့်ဖြင့် ဆွဲကြိုးကုံး ရှည်လေးတွေအဖြစ် လှလှလေး ရှိနေတာတွေလည်း အဆင့်ဆင့် ဆွဲထားကြသည်က .. လုံးဖီးနေအောင်ဝသည့် လုံးဖီးမှာရော ပိန်သွယ်သည့် မြပန်းရုံမှာရော ပိုစ်တူရှိနေချေသည်အဖြစ်။ လည်ဆွဲလေးပမာ ယွန်းဆွဲကြိုးလေးတွေ ရှိနေကြတာကိုလည်း လည်ကပ် လည်ဆွဲလေးအဖြစ် ပန်းရုံ ဆွဲထားသေးသည်။ ယွန်းနားဆွဲလေးတွေလည်း စယ်နေ့ဆဲ။ နားတော့မှာ မဟုတ်တော့ဘူးဟု သူ စိတ်ပျက်လာသည်။ တော်တော်ကြာမှ ကျေးဖူးရှင်မမ အဝယ်ရပ်၏။ ကြွပ်ကြွပ်အိတ်တွေ စုကိုင်၍ ပန်းရုံ ဆွဲလာသည်။ လုံးဖီးကလည်း ကြွပ်ကြွပ်အိတ်တွေဖြင့် အူမြူးနေသည့်ဟန်။

"ရွှေစည်းခုံစေတီက အနော်ရထာမင်းနဲ့ ကျန်စစ်သားမင်းတို့ရဲ့ ကောင်းမှုတော်ဖြစ်တယ် လုံးဖီးရဲ့ .. မှတ်ထားနော်"

"ဟုတ်ကဲ့ပါ မမလေးပန်းရုံရဲ့"

တကယ် မှတ်မိ မမိုတ်မိတော့မသိ။ အတိုင်အဖောက်ကတော့ ဟုတ်နေသည်။

"ကျန်စစ်သားမင်းက ဆက်လက်တည်တဲ့အခါမှာ ကျောက်အုတ်တို့ကို ပုဂံအရှေ့ဘက် ခြောက်မိုင်အကွာမှာ ရှိတဲ့ တုရင်တောင်ကို မမလေး ပြခဲ့တာ မှတ်မိလား .. အဲ



တုရင်တောင်ကနေပြီး စေတီအရောက် လူတွေတန်းစီပြီး သယ်ယူခဲ့ကြတာ သိရဲ့လား .. သေချာမှတ်ထားနော်"

"ဟုတ်ကဲ့ .. ခြောက်မိုင်က တုရင်တောင်"

လက်ကောက်လေးတွေကို ကြည့်လိုက် .. ဆွဲကြိုးတွေ ဆင့်စီဆွဲထားသမျှကို ကြည့်လိုက်နှင့် ပျော်နေသည့် မှတ်ဉာဏ်အားလည်း အူမြူးရှိန်ကြောင့် ပိုကောင်းနေသည် တက်တက်ကြွကြွ မှတ်သားနာခံနေသည့် တပည့်ကောင်းလို ဖြစ်နေသည်။

"အဲဒါကို တချို့က သူတို့ပဲ အားလုံးသိတယ်ဆိုပြီး ဘဝင်မြင့်နေတဲ့သူမျိုးက ရှိသေးတယ် သိရဲ့လား .. နောက်ဆိုရင် မမလေးကိုမေး .. ပြောပြမယ် .. သူများကို သွားမမေးနဲ့ .. မျက်နှာငယ်တယ် သိရဲ့လား"

စောင်းလား ချိတ်လားနှင့် လုပ်နေသည့် ကောင်မကို သူ မကြားယောင်ဖြင့် ခပ်လှမ်းလှမ်းမှ လိုက်လာရသည် ရင်ထဲမှာတော့ ရယ်ချင်လာသည်။

"သေချာနားထောင် .. လိုက်ဆို .. ကဲ .. ဆို .. ပုဂံမှာ တန်ခိုးကြီးတာ ရွှေစည်းခုံ"

"ပုဂံမှာ တန်ခိုးကြီးတာ ရွှေစည်းခုံ"

"ရှုခင်းကောင်းတာ ဗူးဘုရား"

"ရှုခင်းကောင်းတာ ဗူးဘုရား"

"အနုပညာလက်ရာမြောက်တာ အာနန္ဒာ"

"အနုပညာလက်ရာမြောက်တာ အာနန္ဒာ"

"ဉာဏ်တော်မြင့်တာ သဗ္ဗညု"

www.burmeseclassic.com

www.burmeseclassic.com



"ညာဏ်တော်မြင့်တာ သဗ္ဗညု"

"ထုထည်ကြီးတာ မမွှရံ"

"ထုထည်ကြီးတာ မမွှရံ"

"ဆေးရေးပန်းချီကောင်းတာ စူဠာမဏိ"

"ဆေးရေးပန်းချီကောင်းတာ စူဠာမဏိ"

"အေး .. သေချာမှတ်ထား .. ညကျမှ ပန်းချီ စာနဲ့သေချာ ရေးပြမယ် .. ကျက်ထား .. မှတ်မိပြီလား"

"ဟုတ်ကဲ့"

"တွေ့ပြီ မဟုတ်လား .. မမလေး ဘယ်လောက်တော်တယ် ဆိုတာ .. တချို့က သူပဲတော်တယ်လို့ ထင်ထားတာလေ"

လှည့်ကြည့် လှည့်ကြည့်နှင့် ပြောနေလေသမျှ .. သူက နောက်မှအသာလေး လိုက်လာသည့် သူပဲလေ။ ကြားနေရသည်ပေါ့။ ဆံပင်ရှည်ရှည်ကြီးကို ကျစ်ချထားသည်မို့ ဒူးဆစ် အောက်သို့တိုင်နေသည့် ဆံပင်၏ကောင်းခြင်းကိုတော့ သူ မချီးကျူးဘဲ မနေနိုင်။

"ဆံပင်တော့ မြတ်နိုးသား"

ဟု တွေးမိရပါ၏။

"ဒီမှာ ခဏဓာတ်ပုံရိုက်မယ် .. ဒီမယ် လုံးဖီး .. ငါ ကင်မရာပေးမယ် .. သေချာရိုက် .. ရိုက်ပုံရိုက်နည်း ငါပြပေးမယ် .. သေချာကြည့်"

အိတ်ထဲက ကင်မရာလေးထုတ်၍ ခပ်တည်တည် ပြောနေသည့် ကောင်မလေးကို သူ စိတ်မောမောဖြင့် ကြည့်မိရပါပြီ။ ဤပုံအတိုင်းဆိုလျှင်ဖြင့် ကိစ္စက တော်တော်နှင့်ပြီးမှာမဟုတ်။



စလုပ်တတ် မကိုင်တတ် လုံးဖီးနှင့် ဓာတ်ပုံအရိုက်ခိုင်းမည့်ကိစ္စသည် ဖြစ်နိုင်သည့်ကိစ္စလည်း မဟုတ်တာမို့ ...

"ဒီမယ် .. ဒေါ်စွာကျယ် .. ပေး .. ငါရိုက်ပေးမယ် .. မြန်မြန်ရိုက် .. ဘွားတို့ မျှော်နေလိမ့်မယ် .. လူကြီးတွေတောင် ဘုရားဖူးပြီးသွားပြီနဲ့ တူတယ် .. ညည်း ဈေးဝယ်ကောင်းနေတာကိုက အချိန်မနည်းတော့ဘူး၊ မြန်မြန်လုပ် .. မြန်မြန်ရိုက်မှဖြစ်မှာ .. ညည်း ဘုရားကန်တော့တာကို ခုထိ မလုပ်သေးဘူး .. ညည်းကို စောင့်ကြည့်တာဝန်နဲ့ကို ငါလဲ မကန်တော့ရသေးဘူး .. တန်ခိုးကြီးတာ ရွှေစည်းခုံဆိုပြီး လုံးဖီးကို သင်ပေးတဲ့ မမ .. ဆုတောင်းပြည့်အောင် .. ဘုရားလဲ ကန်တော့ဦး"

ဟု သူ ကင်မရာလည်း ယူရ၏။ အရှေ့ဘက်စောင်းခန်းသွယ်၏ တစ်ဖက်တစ်ချက်၌ .. မွန်ဘာသာလေးဖက်ဖြင့် စိုက်ထူထားသော ကျန်စစ်သားမင်းကြီး၏ အတ္တုပ္ပတ္တိကျောက်စာ ထိုင် နေရာဘေးမှာ။ အရှေ့ဘက် ကြေးဝူတိုက်၏ အရှေ့တောင် [illegible] အားလုံး သူ ဓာတ်ပုံလိုက်ရိုက်ပေးလိုက်ရပါသည့်အဖြစ်။

ဘုရားကန်တော့။ ဆုတောင်းနေတော့လည်း အကြာကြီးပေမို့ သူ့မှာ ထိုင်စောင့်နေရပါသည့်အဖြစ်။ သူ့မှာဘုရားလည်း ကန်တော့ပြီးပြီ။ ဆုလည်း တောင်းပြီးပြီ။ သူငယ်မကဲဖြင့် [illegible]နိုင်။ ဘုရားမန်းလှူတုန်းကလည်း သူ လှူပြီးမှ သပ်သပ်လှူသည့် ကလေးမ။ ဆုတောင်းတော့လည်း သူ့ထက်ပိုကြာနေသည့် သူငယ်မ။ စိတ်ရှည်လက်ရှည် စောင့်ရုံမှတစ်ပါး မရှိတော့သည်မို့ လည်း ငုတ်တုတ်ထိုင်စောင့်နေရသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"မိချမ်းကလဲ မေမေ့ကို အဖော်လုပ်ရမလေး ဘာလေးနဲ့ ဟိုကိုပါ ပါသွားတယ် .. ဘာမှ မဟုတ်ဘူး .. ဒီသူငယ်မ ဘယ်နေရာမဆို ကြားနေမှာကို အကင်းပါး မိချမ်း ရိပ်မိ ရတယ် .. ဒါကြောင့် ငါ့ကို ကျန်အောင်ထားခဲ့ပြီး သူက လစ်ထွက်သွားတာ .. မရဘူး .. မနက်ဖြန်ကျရင် မိချမ်း စောင့်ပေ့စေ .. မိန်းကလေးချင်းပဲဥစ္စာ .. သူက ဒေါ်ဒွေးကြီး ကို စောင့်သင့်တာပေါ့ .. တူတူနေသင့်တာပေါ့ .. မေမေ ကလဲ ငါက ယောကျ်ားလေးမို့ အစောင့်အရှောက်သဘော နဲ့ စောင့်ပေးသင့်တယ်တွေ ဘာတွေ လုပ်သွားတာ .. မဟုတ်သေးပါဘူး"

သူ ခပ်လှမ်းလှမ်းမှာ သွားရပ်စောင့်နေလိုက်တာ စိတ်မောမောဖြင့် တွေးနေရစဉ်မှာ ပန်းရုံကတော့ ဆုတွေတောင်း နေဆဲ။ ဘာတွေများ တောင်းနေသည် မသိ။ ဖြစ်ချင်တာတွေ အားလုံး စုံစေနေအောင် တောင်းနေသည့်အချိုး။

လုံးဖီးလည်း ဆုတောင်းတာတွေ ဘာတွေပြီးပြီ ဘုရားကန်တော့ပြီးပြီ။ ဘေးမှာလာရပ်ကာ ကြွပ်ကြွပ်အိတ်ထဲ ကိုင်၍ အထဲကဥစ္စာတွေကို ဝမ်းသာအားရ ဟိုဖွသည်ဖွဖြင့် လက်နှိုက်၍ တပျော်ပျော်ဖြင့် ကြည့်နေသည်မှ သူ့ကိုသတိရပုံ မပေါ်။

လိုက်လည်းလိုက်သည့် ဆရာတပည့်။ သူ့ကို အဖော် ဖော်ကျောဖက်ပင် မရှိ။ ဝမ်းထဲမှာ ဆာလာပြီ။ နေ့လယ်စာစား ဖို့ အဟာရကိစ္စ ဝမ်းဗိုက်ကတဂျုတ်ဂျုတ် ခုတ်နေချိန်မှာ သူငယ် မကာဖြင့် ဆုတောင်းနေဆဲ။



ဘုရားမှာ ဆုတောင်းနေသည့်ကိစ္စ တား၍လည်း ကောင်းတာမဟုတ်။ ဒါပေမဲ့ စောင့်လွန်းမက စောင့်နေရတော့ ရင်ထဲ တစ်ခုလန့်လာသည်။

"ဟဲ့ .. လုံးဖီး .. ညည်းမမလေး သွားကြည့်စမ်းပါဦး .. မျက်စိမှိတ်ပြီး ဆုတောင်းရင်း သူ့ဆုရှည်ကြီးနဲ့ရောပြီး အိပ်ပျော်သွားလား မသိဘူး"

ဟု ရင်ထဲတွေးမိတာ အောင့်မထားနိုင်ဘဲ ပြောတော့ လုံးဖီး ခပ်သုတ်သုတ် ပြေးကြည့်သည်ပါပဲ။ မြပန်းရုံ ဘုရားကန် တော့လိုက်တာမို့ ဟက်ခနဲ လုံးဖီး ရယ်၍ သူ့ကိုလှမ်းကြည့်သည်။

"ကိုကိုကြီးက မမလေး အိပ်ပျော်နေပြီလို့ ထင်နေတာ သိလား"

ဟု ဖောက်သည်ချသည့် အလုပ်ကို အရင်ဆုံးလုပ် သည်။ ပန်းရုံ မျက်မှောင်ကုတ်၍ ကြည့်လာရင်းမှ ...

"သူ အိပ်ပျော်ဖူးလို့ နေမှာပေါ့၊ ပုဂံရောက်တုန်းရောက် ခိုက် ဆုတောင်းတာပဲ ဥစ္စာ .. ကိုယ်လိုချင်တာတွေအားလုံး တောင်းရမှာပေါ့ .. ဆုတောင်းပြည့်တဲ့ဘုရားမှာ ဆုတောင်း တာကိုများ အိပ်ပျော်နေတယ်လို့ သူမို့ တွေးရဲတယ် .. အံ့ပါ"

ပေစောင်းစောင်းကြည့်ပြီး ရှေ့မှထွက်တော့ နောက် မှ သူ လိုက်ရပြန်သည်။ ကလေးနှင့် ရန်ဖြစ်နေသည်ဟု အထင် လည်း မခံချင်တော့။ စိတ်လျှော့လိုက်ကာ ပါးစပ်ကို အသေပိတ် ထားလျက် လိုက်ခဲ့တာပဲ ကောင်းချေမည်ဟု နားငြိမ်းသည့်ကိစ္စ ကို ရွေးချယ်လိုက်ရသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် .. ဆာတယ်တော့ .. ကြည့်စမ်း .. ဆာလာလိုက်တာ .. ကားဆီကို ပြန်ကြရအောင် .. ဘွားနဲ့ မေမေတို့ စောင့်နေကြပြီ ထင်ပါရဲ့ .. ကဲ .. ကဲ .. မြန်မြန်လာစမ်းပါ လုံးဖီးရယ်"

ဆာတော့လည်း သူ့အပြင် နှစ်ယောက်မကျန် သုတ်သုတ်သက်သက် လျှောက်တော့ သူ့မှာ မနည်းလိုက်ယူ ပါသည့်အဖြစ်။ တကယ်ပဲ ကားပေါ်မှာ လူစုံနေကြပြီ။ သူတို့သုံး ယောက်ပဲ ကျန်သည်။

"ဘွား ဆာနေပြီလားဟင် .. သူပေါ့ .. ကြာနေတာ"

လှည့်၍ သူ့ကိုအပြစ်ဖို့တော့ ဘယ်သူမှ မယုံကြ ဝိုင်းရယ်ကြသည်ပါပဲ။ သူကလည်း ရှင်းလင်းသည့်အလုပ် သံယောဇဉ်ဖြတ်ထားလိုက်ပြီ။ အရူးမဟုတ် အကောင်းမဟုတ် ကောင်မလေးတစ်ယောက်အဖြစ် သတ်မှတ်ထားလိုက်သည် ရင်ထဲ အပင်ပန်းသက်သာသည်ဆိုသည့်ထုံးကို နှလုံးမူထားလိုက် ရသည်ပါပဲ။

ကားပေါ်တက်ကြ။ ကားထွက်ကြတော့ မောင်းသူ တာဝန်ကို ဦးဂျက် ယူသည်မို့ လေးလေးမောင် သူ့ဘေးမှာ ထိုင်သည်။ ပြုံး၍ကြည့်သည့်က ရိုးရိုး မဟုတ်။ တစ်မျိုးဖြစ် သည်။

"ဘာလဲဗျ"

"အဟဲဟဲ .. ကိုယ်ရ်တော်တပ်မှူးလေး ဆိုတာကြီး လို့ .. ရယ်ရတယ် သိလား .. ကိုယ့်လူကို နိုင် သူငယ်မနဲ့ ခုမှတိုးတာ အပိုးကိုကျိုးယူရော"



ခပ်တိုးတိုးရယ်လျက် လေးလေးမောင် ပြောစေမှာပဲ သူ ခေါင်းယမ်းသည်။ ကိုယ်မ

"အဲဒီတာဝန် လေးလေးမောင် ဆက်ယူ၊ တကယ့်အစာစာဖြင့် ကြောင်ကြီးဗျ .. ကလေးလိုလို .. အဘွားကြီးဖြင့် ကြည့် စိတ်ကိုက နှစ်ခွ" ဘွဲ့နေရာကို

သူ ညည်းတော့ လေးလေးမောင် ခပ်တိုးတိုး ဆက် ရယ်သည်။ ရယ်သံကြား၍ထင့်။ မြပန်းရုံ နောက်ဘက်ကို လှည့် ကြည့်လာ၏။ တမင် ခပ်ဝေးဝေးခုံမှာ ထိုင်နေသည်တောင်မှ စက်ကွင်းက မလွတ်ချင်။

"အတင်းအုပ်နေတာလား .. ဘာရယ်နေကြတာလဲ .. ဒီမယ် အတင်းပြောတာ .. မိန်းကလေးအလုပ် .. သိရဲ့လား"

အံမယ် ..။ ပိုင်ရေးပိုင်ခွင့်ကြီး တစ်ခုကို အပြတ် ရထားသည့်နှယ် အတင်းအုပ်သည့်ကိစ္စကို လက်ဝါးကြီးအုပ်နေ သည့် ကောင်မလေး။ စိတ်တိုနေသည့်ကြားမှ ရယ်လည်းရယ်ချင် လာသည်။

"ဒါဆို .. မင်း .. အတင်းပြော ကျွမ်းကျင်တယ် ဆိုပါ တော့"

သူ အေးအေးဆေးဆေး ပြောလိုက်တော့ မျက်မှောင် လေးကုတ်၍ကြည့်ကာ ရှေ့ဘက်ပြန်လှည့်သွားတော့ မိချမ်းရယ် သည်။ ရယ်နေသည့် မိချမ်းကို သူ စိုက်ကြည့်မိရပါပြီ။

ထိုသို့နှင့် ပန်းရုံ စောင်းလိုက် ချိတ်လိုက်နှင့်ဖြစ် နေသည့်ကိစ္စ တော်တော်ရွှမြူးနေသည့် မိချမ်းကို သူ မသက်ာ ချင်။ တစ်ခုခုတော့ တစ်ခုခုပဲဟု စတင်၍ နားလည်လာစပြုချိန်

www.burmeseclassic.com

www.burmeseclassic.com



မိချမ်း မျက်နှာပိုးလေး သတ်သွားလျက် ပြန်လှည့်သွားတာ ကွဲသည်။

သူ ရင်ထဲ တစ်ခုခုကို ဖမ်းဆုပ်နားလည်လာသည် ဟုရပါပြီ။ မိချမ်း၏မျက်ဝန်းတွေထဲမှာ ဓလုံမလဲအရိပ် ဟို ဖျတ်ခနဲဆို ဖျတ်ခနဲလေး ဖြတ်သန်းသွားလိုက်တာကို သူ မြင်လိုက်ရသည်သို့ ရှိနေချေသည်ကောလေ။ ကိုယ့်ညီမလေးပဲ လေ။ သိနေသည်ပေါ့။ ဤသည်က လုပ်ယူ အာရုံအထူးစိုက်ယူ နေဖို့ကို မလိုတော့သည်ပဲ။ အလိုလို သိနေရသည့်အဖြစ်။ မောင်နှမပေပဲလေ။ သူ့ကိုလည်း မိချမ်း အကဲခတ် နားလည်နေနိုင်သည့်နှယ်။ သူကလည်း မိချမ်းကို သိနေနိုင် သဘောပေါက်နေနိုင်သည် မဟုတ်ပါလား။ ချစ်ကြသည့် မောင်နှမတွေမှာ တစ်ယောက်ကိုတစ်ယောက် အကဲဖမ်း .. တစ်ယောက်စိတ်ကို တစ်ယောက် ဖမ်းဆုပ်သိလိုက်နိုင်ကြသည်တည့် ...။

ကားနှစ်စီး ရွှေပုဂံထမင်းဆိုင်ကြီးရှေ့မှာ ရပ်တော့ အားလုံး ဆင်းကြသည်။ သူ မဆင်း။ အားလုံး ဆိုင်ထဲရောက်ကုန်မှ။ စားပွဲဝိုင်းတွေမှာ ထိုင်ဖြစ်ကြပြီးမှ သူ ကားပေါ်မှဆင်းသည်။ စားပွဲဝိုင်းတွေကလည်း အားလုံးပြည့်နေသည်ပါပဲ။ သန့်ပြန့်သော ဆိုင်ကြီးလည်းဖြစ်၊ ဟင်းအမယ်လည်း အစုံရသည့် ရွှေပုဂံထမင်းဆိုင်ကြီးပါ။

ထုံးစံအတိုင်း ဟင်းအမယ်ကိစ္စ ကရိုကရောင်လုပ်နေသည့် ပန်းရုံ၏အသံကို ကြားနေရပြီ။

"နို့ခဲဟင်း မစားချင်ဘူး .. နို့မှုမကြိုက်တဲ့ဥစ္စာ .. ကြာဆံကြော်နဲ့ပဲ စားတော့မယ် .. ကြက်သားနဲ့ ကြော်ပေးပါ"



ဟု ပြောနေသံက ဆိုင်ထဲ သူ့ခြေလှမ်းအစမှာပဲ ကြားနေရပြီ။ ဘယ်သူက နို့ခဲဟင်း မှာလိုက်သည်မသိ။ ကိုယ်မစားချင်လည်း ငြိမ်နေ၍ ဖြစ်သည့်ကိစ္စ။ အသံလေး တစာစာဖြင့် ဝင်ဝင်ပါနေသည့် ကောင်မလေးကို သူ စိတ်မောမောဖြင့် ကြည့်လည်းကြည့်မိ၏။ နားငြီးသက်သာအောင် အဝေးဆုံးစားပွဲနေရာကို တမင်ရွေး၍လည်း ဝင်ထိုင်လိုက်မိရသည်ပါပဲ။ ကြည့်လိုက်တော့ မိချမ်း သူ့ကို လှမ်းကြည့်နေတာနှင့် ကြုံသည်။ နို့ခဲဟင်းခွက်က မိချမ်းရှေ့မှာ ရှိနေသည်မို့ သူ တစ်ချက်ပြုံးချင်၏။ သူကတော့ လွယ်လွယ်ကူကူ စားသောက်ပြီးစီးလွယ်သည့် တမင်းကြော်တစ်ပွဲ မှာသည်။ ကြက်သားနှင့် ကြော်ပေးပါဟုလည်း ဆက်မှာသည်။

လူကြီးဝိုင်းမှာကတော့ ငါးဟင်း၊ ကြက်သားနှင့် ကြက်ခြောက်ကြော်၊ ကြာဆံကြော်တွေဖြင့် အားလုံး အဆင်တပြေ ရှိနေကြသည်။ မြင်းခွာရွက်သုပ်လေးပင်ပါနေသေးတာ သူလှမ်းမြင်နေရသည်ပဲ။ မိချမ်းတို့ဝိုင်းမှာလည်း ဟင်းအမယ်တွေမနည်း။ ရောဝတီမြစ်ကမ်းဘေးမှ ပုဂံမြေပေမို့လည်း ငါးပေါပေါလျှိုင်လျှိုင် ဖြင့် ရှိနေသည့်ဒေသ။

ဤနေရာမှာ ဒေါ်ဒူးကြီးက ငါးမစားဘူးလုပ်နေတော့ ခက်သည်ပေါ့။ ဟင်းချေးကျောင်များတာ သူ စိတ်အပျက်ဆုံး။ ခရီးသွားချင်းအတူတူမှာ ထိုကရိုကရောင်ပြဿနာသည့် သောလူကို စိတ်အနှောင့်အယှက် အပေးဆုံး။

ထုံးစံအတိုင်း မိနူးကတ်လေးကိုကြည့်၍ ဟင်းရွေးနေဆဲရှိနေသည့် မြပန်းရုံကို သူ စိတ်ရှုပ်လာတာမို့ ထမင်းကြော်ကို ဖော့ဘူးလေးဖြင့် ထည့်ပေး၍ ရနိုင်မည်လားဟု ကောင်တာ

www.burmeseclassic.com

www.burmeseclassic.com



နေရာလေးမှာ သူ သွားမေးတော့ အဆင်ပြေနေတာမို့ ဖော့ဘူးဖြင့် ထမင်းကြော်လေး သေချာတရိုတသေ ယူလာပေးပါသည့် စားပွဲထိုးကောင်လေးကို ပြုံးပြကာ ထမင်းဘူးလေးလည်းယူ၊ ဆိုင်ထဲမှလည်း ထွက်ခဲ့ကာ သစ်ရိပ်အောက်မှာ တစ်ယောက်တည်း သွားထိုင်စားလိုက်မိရပါပြီတည်း။ ဘာပဲဖြစ်ဖြစ်၊ နားငြီးတော့ သက်သာသည်။ မျက်စိရှုပ်လည်း သက်သာသည်။ လူကစိတ်ထဲ မချမ်းမမြေ့ ဖြစ်နေရသည့်အထဲ ဤသူငယ်မ၏ နေရာတကာပါပါ နေသည့် ပျာယာခတ်အမူအရာလေးတွေ ကြားထဲမှာ သူရောက်နေရတာမို့ စိတ်တွေပိုရှုပ်ထွေးလာနေရသည်နှယ် ရှိလာရပါသည်ပဲဖြစ်၏။ တစ်ယောက်တည်း ရှိနေတော့လည်း ရင်ထဲမှာ တိုးဝင်လာသည်က .. ငွေ။ သူ၏မိန်းကလေး။

"မောင် .. မမေ့ပါဘူး ငွေရယ် .. ငွေ့ကို မောင် မမေ့ဘူးဆိုတာ ယုံတယ်မဟုတ်လားဟင် .. ဒီခရီးကို မေမေနဲ့ မေမေတို့ စိတ်ချမ်းသာစေဖို့ မောင် လိုက်လာရတာပါ၊ အဲသလို လိုက်လာခဲ့ခြင်းဟာ ငွေ့အပေါ် တစ်ကိုယ်ကောင်းဆန်ရာ ရောက်နေမယ်လို့ မောင် ထင်လာမိချိန်တိုင်းမှာ မောင် .. မောင် .. လိပ်ပြာမလုံသလို ခံစားရတယ် ငွေ"

စားလက်စ ထမင်းသည် မကုန်နိုင်ဘဲရှိ၏။ ရင်သည် ဆို့လာလျက် လွမ်းလင့်ဖူးမြော်ရာ ရွှေစည်းခုံစေတီတော်ကြီးကို ခပ်ငေးငေး ရှိနေရစဉ်ခိုက် ဘေးမှာ လူရိပ်လေး ရပ်လာတာမို့ မော့ကြည့်လိုက်တော့ မိချမ်း။

အစ်ကိုလုပ်သူ၏ဘေးမှာ လာထိုင်သည်။ လက်ထဲမှာ ရေသန့်ဘူးကို ကမ်းပေးတာမို့ သူ မော့သောက်လိုက်သည်ပါပဲ။



ထနောင်းပင်၏အရိပ်သည် အေးအေးမြမြ နိုင်နေတာ အမှန်။

မိချမ်း လက်ထဲမှာ လက်ဖက်သုပ်ပန်းကန်လေး ပါလာ၏။

"အပျင်းပြေ စားကြရအောင် ကိုကိုရယ် .. ဒီနေရာလေးက သစ်ရိပ်လေးအောက်လဲဖြစ် .. ဘုရားတွေလည်း ဖူးနေရတာဆိုတော့ .. ရင်ထဲ အေးချမ်းတယ်နော် ကိုကို .. ဘွားတို့လဲ ခဏ ဒီဆိုင်မှာ နားဦးမယ်လို့ ပြောနေကြတာနဲ့ လူကြီးတွေ နားနေတုန်း .. မိချမ်းလဲ ကိုကိုနဲ့စကားလဲ ပြော .. လက်ဖက်သုပ်လဲ စားချင်လာတာနဲ့ .. ဒီလက်ဖက်သုပ်တစ်ပွဲ သုပ်ခိုင်းပြီး လိုက်လာတာ"

ပြောပြီး သူ့ဘက်ကို ပန်းကန်လေး ထိုးပေးလာတာမို့ တစ်ဇွန်း ယူစားဖြစ်၏။

"မြပန်းရုံလေးက .. ဘွားနဲ့ဘိုးတို့ အရမ်းချစ်ကြတာဆိုတော့ .. အဲသလို ကလေးဆန်နေတာ ကိုကိုရဲ့ .. အန်ကယ်ဆုံးတော့ .. သားကိုယ်စား မြပန်းရုံကို ဘွားတို့ခေါ်သွားကြကတည်းက ဟိုမှာ .. အားလုံး ဝိုင်းအလိုလိုက်ထားကြတာဆိုတော့ .. ကလေးလို ဖြစ်နေတာလေ .. အဲသလို မြပန်းရုံ ကလေးဆိုးလေးလို ဆိုးနွဲ့နေတာကို ကြည်နူးစိတ်နဲ့ခံနေကြရင်း ဘိုးနဲ့ဘွားလဲ ကျန်းမာနေကြရတာပဲ .. မြပန်းရုံ ဆိုတာ .. သူ့ဘိုးဘိုးကို ဘောလုံးကန်ရအောင်ဆိုပြီး နှစ်ယောက်သား ခြံထဲကမြက်ခင်းပေါ်မှာ ဘောလုံးလုလိုက် ကန်လိုက်နဲ့တောင် နေနေတာမျိုး

www.burmeseclassic.com

www.burmeseclassic.com



တဲ့ .. ဘွားပြောပြနေလို့ ခုပဲ အားလုံးဝိုင်းရယ်နေကြတာ .. ပန်းရုံက ဖြူဖြူစင်စင်လေးပါ ကိုကိုရယ် .. ကိုကို နားငြီး မနေပါနဲ့"

မောင်နှမချင်းပေပဲလေ။ သူ စိတ်ရှုပ်နေတာ သိနေသမျှ မိချမ်း ရယ်မောရင်း .. ပြောပြနေတော့ သူပင် ရတ်ခနဲ အံ့ဩစိတ်ဖြင့် ...

"ဟင် .. ဘိုးဘိုးကို ဘောလုံးကန်နိုင်းတယ် .. ဒီကောင်မလေးက"

ဟု တအံ့တဩ အသံပင်ပွင့်ကျလာရသည် အထိပါ။

"ဟုတ်ပါ့ .. အဲသလိုကိုရှိတာ .. ဘွားက အားပေးသမားတဲ့ .. ဘိုးကလဲ ဘောလုံးသမားဟောင်းဆိုတော့ .. မခေဘူးဆိုပဲ .. ပန်းရုံကလဲ ဘော်လုံးကိုလိမ်လိုက် ကောက်လိုက်နဲ့ ဆွဲဆွဲယူသွားနိုင်တာတဲ့ .. အံ့မယ် .. ဘွားက တပြုံးပြုံးနဲ့ ကြွားနေတာ"

အံ့ဩထိုက်ပါပေ၏။ တကယ့် ဘိုးနှင့် ဘွား။ မြေးကို ဤမျှအလိုလိုက်နေမှတော့ ဤသူငယ်မ ချိုမထောင်လျှင် အဘယ်သူ ချိုထောင်ချေလိမ့်မည်တဲ့လဲလေ။

"ဝယ်ချင်တာ ဝယ်ဆိုရင်လည်း အရုပ်တွေချည်း ဝယ်တာတဲ့ .. သူ့မှာ ပင်ဒါရုပ်တို့ .. ဝက်ဝံရုပ်တို့ .. မျောက်ရုပ်တို့ .. အမွေးပွအရုပ်ကြီးတွေ အများကြီးတဲ့ .. ကလေးစိတ်ဆိုမှ တကယ့်ကလေးစိတ်"

မိချမ်း ပြောရင်း လက်ဖက်သုပ်တစ်ဇွန်းကို မြေပဲဆံကြော်လေးတွေပါအောင် ရွေးခပ်ပြီး သူ့ကို ကမ်းပေးတော့



[illegible]စားဖြစ်ပြန်၏။ ပဲခြမ်းကြော်ပွပွရွရွလေးတွေ .. မြေပဲဆန်နိုင်[illegible] .. ပုစွန်ခြောက်နိုင်နိုင် .. ဆီနိုင်နိုင်ဖြင့် လက်ဖက်သုပ်ပွဲသည် [illegible]မ်းချဉ်သီးနီနီ ကွင်းကွင်းလေးတွေ၊ ငရုတ်သီးစိမ်း ပါးပါးလှီး[illegible]းတာလေးနှင့်အတူ ကြက်သွန်ဖြူပါးပါးလေး လှီးထည့်ထား[illegible]မို့ စား၍ကောင်းလိုက်ပါသည့်အမျိုး။

"ကိုကို မနေ့က လမ်းမှာစားခဲ့တဲ့ဆိုင်မှာကတည်းက လက်ဖက်သုပ် စားချင်နေတာ မိချမ်း သိတာပေါ့ ကိုကို .. ပန်းရုံစားတဲ့ လက်ဖက်ပွဲလေ"

ဟု မနေ့က စားခဲ့သည့် ထမင်းပွဲကို မမေ့ဘဲရယ်[illegible] မိချမ်း ပြောတော့ သူလည်း ရတ်ခနဲ ရယ်ချမိသည်။ လူ[illegible]သည့်အရယ်။ သူ သွားရည်ယိုနေတာ မိချမ်းသိနေသည်ပဲလေ။

"အေး .. အဲဒီကောင်မလေး စားသောက်တာကတော့ .. ဘေးလူလိုက်စားချင်လာလောက်အောင်ကို မြိန်မြိန်ရှက်ရှက်နိုင်တယ်ကွ .. အဲဒါတော့ အမှန်ပဲ"

ဟု ဝန်ခံစကားကို သူ ပြောခိုက် မိချမ်း ထပ်ရယ်[illegible] နောက်ထပ် လက်ဖက်တစ်ဇွန်းကိုခပ်၍ ကမ်းပေးလာ[illegible] သူလည်းမငြင်းဘဲ ဆက်စားဖြစ်ပါ၏။ ဤသို့ပါပဲလေ။ [illegible]ငြိမ်မှာ ဆိုလျှင်လည်း မိချမ်း လက်ဖက်သုပ်ကာ အိမ်ရှေ့[illegible]င်းပြင်မှာထိုင်ရင်း စကားစမြည်လေးပြောလိုက်။ မိချမ်းခပ်[illegible]သည့် လက်ဖက်ဇွန်းကို ဇိမ်နှပ်၍ ယူယူစားလိုက်ဖြင့် ရှိ[illegible]သည်ပါပဲ။ မိချမ်း သူ့ကို အလွန်ချစ်တာ သူသိလျက်[illegible] မိချမ်းကိုလည်း သူ အရမ်းချစ်သည်ပါပဲ။ ငယ်ကတည်း[illegible]ဖြစ်ကြတာမျိုးပင် မရှိခဲ့ကြ။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ကိုကိုရယ် .. မိချမ်းတို့က လူ့ဘဝမှာ
သန်နေကြရမယ့် သူတွေလေ .. အထူးသဖြင့် .. ကိုကို
အကြီးဆိုတော့ ဖေဖေနဲ့မေမေ့အပေါ်မှာ အကြီးဆုံး
သားအဖြစ် ဝတ္တရားပိုကျေဖို့တော့ လိုတယ် .. ကိုကို
ပုဂ္ဂိုလ်ကိုလိုက်လာတဲ့အတွက် မေမေ ဘယ်လောက်ပျော်
လဲဆိုရင် .. စားနေကျဆေးတောင်မှ လျှော့သောက်ရ
အထိပဲ ကိုကို .. မေမေဟာ .. ဘာကိုပဲ လုပ်ခဲ့ လုပ်ခဲ့
အဲဒီလုပ်ခဲ့သမျှတွေဟာ .. ကိုကို့ကို ချစ်တဲ့ဇောနဲ့ လုပ်
တွေမို့ .. ကိုကို .. နားလည်ပေးဖို့ လိုပါတယ် .. ဘာ
လဲဆိုတော့ .. မေမေဟာ .. အမေတစ်ယောက်ဖြ
အတွက် .. အမေဆိုတာ .. သားသမီးကို ဘယ်တော့
ဒုက္ခမပေးတတ်လို့ပါပဲ .. ကိုကိုက စာရေးဆရာတစ်ယော
ပဲလေ .. သူများတွေထက် ပိုတွေးခေါ်တတ်ပါတယ် ..
စကားကို .. မိချမ်းပြောတာဟာ ကိုကို့ကိုလဲ ချစ်လို့
မေမေ့ကိုလဲ ချစ်လို့ဆိုတာ ကိုကို သိမှာပါ"

ဟု လေးလေးနက်နက်လေး မိချမ်း ပြောလာ
သူ ငိုင်နေသည်။ ဘာကိုရည်ရွယ်၍ ပြောသည်ဆိုတာ သူ
၏။ ငွေနှင့်ပတ်သက်၍ ပြောခြင်းဆိုတာကိုလည်း သူနားလ
၏။ သူ့ကို မေမေ ချစ်သည်ဆိုတာ သူ သိပါသည်။

သူ့ကိုချစ်၍ .. ငွေ ဆုံးပါးခဲ့ရတာကိုလည်း သူ
နေသည်။ ခြော် .. သူ့နှလုံးသားက သိနေသည်။ ဒါကိုကျ
မေ့ထားလိုက်ရတော့မည်တဲ့လား .. ဟု မိချမ်းကို သူ မချိ
ကြီး မေးပစ်လိုက်ချင်ပေမယ့် သူ မမေးဖြစ်တော့။ မေး၍



လာနိုင်တော့သည်မှ မဟုတ်ချေပဲလေ။ သူတစ်ယောက်မှလွဲ
အားလုံး၏ အတွေးထဲမှာ ငွေသည် ကြေကွဲဖွယ် ပျောက်ဆုံး
ရသည် မဟုတ်ပါလား။

သူ့ နေရာမှ ရုတ်ခနဲ ထထွက်ပစ်လိုက်စဉ်ခိုက်
သည်လည်း ထနောင်းရိပ်မှာ တိတ်ဆိတ်စွာ မျက်နှာမကောင်း
ကျန်ခဲ့သည်ပါပဲ။

ဤသောကအငွေ့တို့သည် တော်ရုံအင်အားဖြင့် သူ့
တွင်းဆီမှ ထွက်ခွာသွားစေနိုင်စွမ်းမှာ မဟုတ်တော့တာကို
သာမက ဖေဖေနှင့် မေမေတို့သည်လည်း နားလည်နေကြ
သာ။

ထိုသို့နားလည်နေရင်းဖြင့်ပင် ရင်ထဲမှာ သူ ကြေကွဲ
ငင်မှုတွေ .. ကြေကွဲလောင်မြိုက်မှုတွေကို လွှင့်စဉ်ချုပ်ငြိမ်း
ကြိုးစားနေကြပြန်သည်ပဲ။

မရနိုင်တော့ပြီကောဟု သူ့နှလုံးသားက တရှိုက်ငင်
ငင် ဖြေနေတာကိုပဲ သူ့ရင်ကိုရင်း၍ သူသာလျှင် ပြန်ပြန်ကြား
ချသည်ကော ငွေ။

○ ● ○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

ဧရာဝတီမြစ်ကမ်းဘေး ကုန်းမြင့်ထက်မှာ ရှိပါ
သည့် ရွှေနဒီဦးဟိုတယ်။ သုံးထပ်အဆောက်အအုံ မြင့်မြင့်
သည် ဧရာဝတီမြစ်ကို မျက်နှာမူ မေးတင်ထားသည်သို့ရှိ
ကုန်းမြင့်ထက်ဆီသို့ မြစ်ပြင်လေက တအေးမြမြ လွင့်ဖြန့်၍တ
လာသည်က အုံကျင်းကောင်းကောင်းဖြင့်ပါ။ မြစ်ရေ၏ရနံ့
သူ ရှူရှိုက်နေရသည်သို့ရှိ၏။ လရောင်အောက်မှာ မြစ်ရေပြ
သည် တလင်းလဲ့လဲ့ ရှိနေသည်။

မြစ်ဆိပ်တွင် ကမ်းကပ်ထားသော မော်တော်တချို့
မြင်နေရသည်။

ကမ်းဘေးတွင် မြေအိုးတို့ကို မှောက်ဆင့်စီထ
လျက် တပြန့်တလျားမျှ ရှိနေသည့် မြင်ကွင်းကလည်း လရော
အောက်မှ မြစ်ကမ်းစပ်ကို အလှတစ်မျိုး ဆင်သည့်နှယ်ရှိ၏။

ဧရာဝတီမြစ်ပြင်ခြားလျက် တန့်ကြည်တောင်ဘုရ
ကို လှမ်းလင့်မြင်ရာ မီးရောင်နှင့်အတူ ဖူးမြော်ငေးကြည့်ဖြစ်သ
ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ ကျွန်းချောင်းဓာတ်မြေသြဇာစ



သည်း လျှပ်စစ်မီးရောင်နှင့်အတူ တလင်းလဲ့လဲ့ မြင်နေရပါ
၏။ ဝရန်တာလက်ရန်းတွင် လက်ကိုဖေးတင်ရင်း ပုဂံမြေ၏
ရောင်လွင်သော ညအလှကို သူ ငြိမ်သက်စွာ ခံစားနေမိရဆဲ။

နာရီကို ကြည့်မိတော့ ညကိုးနာရီ ထိုးတော့မည်။

ဝရန်တာလေးဆီမှ ပြန်လှည့်၍ အခန်းတွင်းဘက်
သို့ သူ ဝင်သည်။ မှန်တံခါးရွက်ကို စေ့ပိတ်လိုက်ကာ ခုတင်
က်မှာ တစ်ယောက်တည်း ငြိမ်သက်ထိုင်နေရာမှ ထရပ်မိပြန်၏။

ရင်သည် မငြိမ်သက်နိုင်။ လွမ်းဆွတ်ဆွတ်ရင်သည်
ကြကွဲလောင်မြိုက်ခြင်းနှင့်အတူ မငြိမ်သက်နိုင်။ ငွေ့မျက်နှာလေး
မြင်နေရရင်း မျက်ရည်ဝေ့လာနေကြရပြီ။ ပြတင်းအနီးမှာ
ရပ်မိပြန်လျက် မျက်စိတရွေ့မျှမှာပင် မလွဲအောင်ရှိနေပါသည့်
တီပုထိုးများကို သူ ငေးကြည့်မိသည်။ အဝေးမှာ ရှိနေပါသည့်
နန္ဒာဘုရားနှင့် သဗ္ဗညုလိုဏ်ဂူတော်ဘုရားကိုလည်း မီးမှုဖော်
ထားရာ လျှပ်စစ်မီးရောင်ဖြင့် သပ္ပာယ်စွာ လှမ်းလင့်ဖူးမြော်နေမိ
ပါ၏။

သြော် .. ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပ
ရာ ပုဂံမြေ။

မြန်မာတို့၏အထွတ်အမြတ်ထားရာ ပုဂံမြေ။

ပုဂံသည် လရောင်အောက်တွင် လွမ်းစဖွယ် ကြည်နူး
ဖွယ် ရှိနေချေသည်တကား။

သူ သားရေသေတ္တာထဲမှ တယောကို ထုတ်ယူသည်။
ယောကို ထည့်သိုယူဆောင်လာပါသည့် တယောအိတ်သည်
ကတ္တီပါဖြင့် နူးညံ့စွာ သူ့လက်တွင်းမှာ ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်သည် တည်းခိုသူတို့ဖြင့် သွားလာလှုပ်ရှား သက်ဝင်နေသူတို့ကြောင့် ကိုးနာရီဆိုသည့် အချိန်သည် ညဥ့်ကာလကို ဖြတ်သန်းစ ကာလလေးတစ်ခုနှယ်ပင် ရှိနေဆဲ။

မြန်မာဗိသုကာလက်ရာတို့ဖြင့် ရှိပါလေသော ရွှေနဒီဦးဟိုတယ်သည် ခံ့ခံ့ညားညား ရှိနေသည်ပါပဲ။ အောက်ဆုံးထပ်မှာ အရောင်းခန်းဆောင်တစ်ခု ရှိသည်။

ပုဂံအပြန်အမှတ်တရ ဝယ်သွားစရာ ယွန်းထည်ပစ္စည်းမျိုးစုံလည်း ဟိုတယ်မှာ ဝယ်နိုင်သည်ပါပဲ။ အစားအသောက်ခန်းဆောင်လည်း ရှိသည်။

ရုပ်သေးကြိုးဆွဲ၏ အတတ်ကို ကြွားဝင့်ပြသရာခန်းဆောင်တစ်ခုသည်လည်း အပန်းဖြေဆောင်တစ်ခုအဖြစ် ခရီးသွားနိုင်ငံခြားသားများကိုရော ပြည်တွင်းခရီးသွားများကိုပါ ဖမ်းစားညှို့ငင်ထားနိုင်စွမ်းသည်ပါပဲ။

သူ ဟိုတယ်တွင်းမှထွက်ခဲ့ကာ မြက်ခင်းပြင်ကိုဖြတ်သည်။

စက္ကူပန်းရုံတို့က အသွေးစုံသော ပန်းတို့ဖြင့် အပင်ပုလေးများဖြင့် လှပစွာ အပွင့်တဝေဝေဖြင့် ရှိနေကြသည့်နယ်။ နှင်းဆီပင်များကလည်း မြေစိုက်ပန်းအိုးတို့ဖြင့် အသွေးစုံ ပွင့်ခက်ပွင့်လက်တို့ ဝေနေကြသည်ပါပဲ။ အရိပ်မြိုင်သော ပနားမားငုပင်သည်လည်း အုံကျင်းဖွဲ့လျက် တစ်သီတစ်တန်းကြီး လရောင်အောက်မှာ ရှိနေသည်။

စေတီအိုတစ်ဆူသည် စက္ကူပန်းရုံတို့အားဝယ် ရှိ၏။



အဲဗားဂရင်းပင်တန်းတွေကလည်း မြေစိုက်စဥ့်သုတ်ဝန်းအိုးကြီးများဖြင့် စီတန်းလျက်ရှိနေကြကာ လျှပ်စစ်မီးရောင်အောက်တွင် ရေပန်းဖွားလေးတွေ ထိုးတက်ဖွားရရှားကျနေသည့် ရေကန်ငယ်လေးတစ်ခုသည်လည်း မြက်ခင်းစိမ်း၏အလည်ကျကျမှာ လှပစွာ ရှိနေပါချေသည့်အဖြစ်။

မြစ်ကမ်းတွင် ကုန်းမြင့်ထက်မှာ တည်ထားတာမို့ ကုန်းမြင့်အစပ်နေရာတွင် ခုံတန်းလေးတွေ အစီအရီရှိနေကာ ည၏အလှကို မြစ်ပြင်ဘက် မျက်နှာမူရင်း ငေးကြည့်နေကြသည့်သူတချို့သည်လည်း ရှိနေကြကာ စကားလေးတွေ ပြောဆိုနေကြ။ ရယ်မောနေကြနှင့် ရှိသူရှိ။ တိတ်ဆိတ်စွာ လရောင်၏အောက်မှာ ည၏အလှကို ခံစားသူ ခံစားဖြင့် ရှိနေကြချေသည်ပါပဲ။

သူ မြစ်ကမ်းဆိပ်သို့ဆင်းသော အုတ်လှေကားထစ်တွေအတိုင်း ဆင်းခဲ့ကာ ဧရာဝတီမြစ်ကမ်းဘေးတစ်ယောက်တစ်ယောက်တည်း လျှောက်ဖြစ်သည်။ တစ်ဖက်ဆီမှ တန့်ကြည်တောင်တန်းကြီးကဖြင့် ညို့ရရီ့ဖြင့် ရှိနေသည်။

အာရုံခံတန်ဆောင်းနှင့် ဗူးစေတီကို ဧရာဝတီမြစ်ကမ်းတွင် သူ ဖူးမြင်ရပါ၏။ ဟိုတယ်နှင့် ဗူးစေတီသည် အလှမ်းဝေးတာမို့ ကြာကြာမလျှောက်လိုက်ရ။ ဗူးစေတီသို့ သူ ရောက်တော့ မြစ်ကမ်းနဖူးဘက်ရှိ နေရာမှာ သူ ထိုင်သည်။

မြစ်ပြင်ဆီမှ တိုက်ခတ်လာသောလေသည် သစ်ပင်အုံဆိုင်းဆိုင်းတို့ကို ဖြတ်လျက် ရွက်လက်ခတ်သံတို့နှင့်အတူ သူ့ထံသို့ အေးမြမြ တိုးဝင်သည်။ ဆည်းလည်းသံ တလွင်လွင်ဖြင့် ရှိပါလေသော လရောင်အောက်မှည ...။ လွမ်းစဖွယ် ည ...။

www.burmeseclassic.com

www.burmeseclassic.com



မြစ်ပြင်ကျယ်ဆီမှ လှိုင်းကြက်ခွပ်တို့က လရောင်ကို ခိုစီးရင်း ကခုန်နေကြသည့်နှယ် တလွန့်လွန့် တလက်လက်ရှိ၏။

သပိတ်မှောက်ပုံစေတီကိုယ်ထည်။ ထိုအထက်မှာ စေတီပေါက်ထားပါသည့် ဖူးစေတီကို သူ လက်အုပ်ချီ၍ မော်ရှုကာ ပျပ်ဝပ်စွာ ကန်တော့ပါ၏။

နောက်တော့ .. စေတီခြေရင်းရှိ မြစ်ဆိပ်ဆီသို့ သူ ဆင်းသည်။ ကျောက်တုံးများ ဖြန့်ချထားသည့်နှယ် တပြန့်တလျှား မျှရှိပါသော မြစ်ကမ်း။ သူ့ခြေသံသည်သာလျှင် ရှိနေပါသည့်ည သစ်ပင်ကြီးတစ်ပင်အောက်ရှိ ကျောက်တုံးပြန့်ပြန့်ကြီးနေရာမှာ သူ ထိုင်သည်။ တန့်ကြည့်တောင်ထိပ်ဆီဝယ် လျှပ်စစ်မီးပူဇော် ထားပါလေသော တန့်ကြည့်ဘုရားကို သူ တစ်ယောက်တည်း ငေးမျှော်ကြည့်ဖြစ်၏။

ရင်ထဲတွင် တမ်းတရသည်က .. ငွေ။ ခြော် .. သူ၏ ငွေသစ်ပန် ဆိုသည့် ချစ်ရသူ မိန်းကလေး။ မျက်ရည်ဆော ခနဲဖြစ်လျက် ဖြုတ်ခနဲ ကြွေသက်ချိန်မှာ သူ အံခဲထားမိရပါပြီ ပြင်းထန်သော ထိခိုက်နာကျင်ခြင်းဆိုသည့်ဖောက ရင်ကိုမညှာ မသက် ရက်စက်နေချေသည်တကား။

"ငွေ .. မြင်နေပါတယ် မောင် .. အားလုံး မြင်နေပါတယ်"

သူ .. သူ .. ငွေ့ထံသို့ အလောတကြီး စိုးရိမ်သော တွေဖြင့် ဖုန်းခေါ်မိစဉ်ခိုက်မှာတုန်းက ငွေ ဖြေခဲ့ပြောခဲ့ပါလေသော နောက်ဆုံးစကား။

ထိုစဉ်က .. ထိုစဉ်က .. သူ .. သူ .. ဘာကြောင့် ငွေ့ထံသို့ ချက်ချင်းပြေးတက်မသွားမိခဲ့ရပါသတဲ့လဲ။ မမော်



ါသကြီးလာကာ လုပ်ချင်ရာ စွတ်လုပ်ပြီး ငွေ့အခန်းသို့တိုင် အောင် ရောက်သွားမှာကို စိုးရိမ်စိတ်ဖြင့် မမေ့နောက်ကို သူ လိုက်သွားမိခဲ့ခြင်းသည် .. ငွေ့ကို ရက်စက်ရာ ရောက်နေချေလိမ့် မည်ဟု ထိုစဉ်က ဘာကြောင့် နက်နက်ရှိုင်းရှိုင်း မတွေးမိတတ် ခဲ့ရပါသတဲ့လဲ။

ခုတော့ .. ခုတော့ .. ငွေသည် .. သူ့ကို နာကျင် ကြေကွဲနေရစ်လေတော့ဟု ကျိန်စာတိုက်၍ ချန်ခဲ့သည့်နှယ်ပါ တကား။

သူ .. တယောအိတ်တွင်းမှ တယောကိုထုတ်ကာ တယောကြိုးကို ညှိသည်။

တရောအိုးကို ဘယ်ဘက်ပခုံးပေါ်သို့ သူတင်ကာ မေးဖျားဖြင့် မေးထိန်းညှပ်လိုက်ပြီးသည့်နောက်မှာ သူ့ဘယ်လက် ချောင်းလေးတွေက တယော၏လည်တံအောက်မှလျှိုကာ တယော ကြိုးလေးများပေါ် အလိုက်သင့် လက်လေးချောင်းက ဖေးတင်သည်။ တယောထိုးတံကို ဖေးတင်၍ ပျောင်းနွဲ့နွဲ့ ဆွတ်ကျင်ကျင် ထိုးမိ လိုက်သည်က စန္ဒကိန္နရီပါတည့်။ တယောသံက လွင်နေသော လရောင်အောက်မှာ လရောင်နှင့်အတူ လွမ်းစဖွယ် ထွက်ပေါ်လာ ရသည့်အဖြစ်။

မြစ်ဆိပ်နှင့် လရောင်။ လရောင်နှင့် တယောသံတို့ သည် နုးညံ့သိမ်မွေ့ခြင်းနှင့်အတူ လွမ်းစရာ ပေါ်လာသည်။

"ဂန္ဓမာ ... စန္ဒာတောင် ... စုံမြိုင်တန်းမှာ ဖူးပွင့်ကြတဲ့
ပန်းမာလာ ... သင်းရနံ့ဖြာ ... ငှက်ပေါင်းရယ်သာရကာ ...
သံစာစာနဲ့ မြူးတူးပျော်ကြရှာ"

www.burmeseclassic.com

www.burmeseclassic.com



တယောသံနှင့်အတူ သူ့နှုတ်ဖျားဆီမှ တေးသံ တိုးသဲ့သဲ့ ပေါ်လာသည်။ ရင်သည် ငိုနေသည့်နှယ်ရှိ၏။ ဩော် ကိန္နရီချောင်းခြားသည့်နှယ် ရှိရချေသည်ကော ငွေ။

"မြောင်ဖီလာ ... သီတာစွေသွန် ... ရေတံခွန်ဖြာ ...
အသွေးရယ် ကြည်လင်စွာ ... ခွေကာရစ်လည် မြစ်
စန္ဒပါ ... သဲငွေသောင်ယံဦးမှာ ... စန္ဒာစန္ဒီကိန္နရီတို့မှာ
ပန်းပေါင်းထွေထွေ ... ပြာရွှေနီဝါဆင်မြန်းကာပဲ ...
မြူးကြရှာ ... နန်းမူနန်းရာ ဆန်းလှတာ ... ရွှေလည်တွဲ
ချစ်ပွဲခံကာ ပျော်ကြတာ ..."

သူ မျက်ရည်ဝဲတက်လာနေပြီ။ ဩော် .. တစ်
တွင် ဘဝတစ်ခုကို ဆူထောင်၍ မြတ်နိုးစွာ ဖြတ်သန်းရချေ
ဟု မြှော်လင့်ခဲ့လေသမျှ ဝေးခြင်းမက ဝေးကြရသည်ကော
ရယ်။ ရင်သည် ဆို့တက်လာလျက် သီချင်းကို ဆက်မဆိုဖြစ်
ဆက်တိုက် တယောကိုသာ တနွဲ့ငင်ငင် ထိုးနေမိရပါချေ၏။

"ဩော် ... ငွေမှုန်ကြီ ... သဲသောင်ယံမှာ ... လောင်းမြ
ကိန္နရာ ... အိုမြားနဲ့ခွင်းပါလို့ ချစ်မယားမှာသောကဖြာ
စီးကျမျက်ရည်ထွေထွေ ... လင်ရွှေတုံး ... က မုန်းမယ်
သက်လျှာ စီးကျမျက်ရည်ထွေထွေ ... လင်ရွှေတုံး ..
မုန်းမယ့်သက်လျှာ ... အို ... ဆုံးပါပေါ့ တစ်ခါ ... အသည်း
အူ ပူအောင်ဖန်လို့လာ ... ပွေ့ယူရင်ထဲမှာ ... ငိုမစဲ ရှိုက်
ငင်သည်းဟုန်စွာ ..."

အပိုဒ်ရောက်တော့ သူ ခပ်တိုးတိုး ဆက်ဆိုသည်
ငွေရယ် ..။ ဖြစ်ချင်းဖြစ်ရင် .. မောင်သာ .. မြားအခွင်းခံလို့ ..



ငွေ့ရင်ခွင်ထဲမှာ ဆုံးရတဲ့ဘဝကိုပဲ ရယူလိုပါတယ် ငွေ ... ဟု
ရင်ထဲမှာ တနင့်နင့်နေရင်း တွေးမိစဉ်ခိုက် မျက်ရည်သည် ဖြတ်
ခနဲကြွေ၏။ တယောသံက ပို၍နွဲ့လာသည်။ လွမ်းလာသည်။
ရှိုက်ငင်ငိုကြွေးသည့်နှယ် တယောရှင်၏ အတို့အငင် အဆွဲအယူ
၏နောက်သို့ တကောက်ကောက် လိုက်နေရင်း ရှိလာသည်။ သူ
ဆက်မဆိုနိုင်တော့သည်မို့ တယောကိုသာ ထိုးနေမိရဆဲ။ ထိုးနေ
မိမြဲ။ ရင်သည် လှိုက်လာ၏။ တယောသံသည် သူ့ကြေကွဲခြင်း
နှင့် တစ်သားတည်း ဖြစ်လာသည်။ တစ်ခုတည်းဖြစ်လာသည်။
သူ့ရင်ထဲမှာ ငိုရှိုက်သံသည် တယောကြိုးမျှင်များမှာ ခိုဝင်နေလျက်
ချာလွင့်ပါလာနေသည့်နှယ် ရှိလာသည်။

မြစ်ရေပြင်ထက်တွင် လရိပ်သည် မြစ်လယ်လောက်
ဆီ၌ ဝန်းစက်စက်ထင်၏။ လှိုင်းအလွန့်တွင် လရိပ်သည် တဝေ့
တွန့်ကွေးကွေးမျှ လှိုင်းခိုစီးသည့်နှယ် ရှိ၏။ မြစ်ထဲမှ လရိပ်သည်
သူ့ကို သနားငဲ့ညာစွာ လှမ်းကြည့်သည့်နှယ်ရှိ၏။ ကောင်းကင်ဆီ
မှ လဝန်းကြီးက သူ့ဝေဒနာကိုသိလျက် ကရုဏာဖြင့် ငုံ့မိုးကြည့်
သည့်နှယ်ရှိ၏။ အလွမ်းသည် ဝန်းကျင်ကို ဖြန့်ကျက်မင်းမူနေ
သည့်နှယ် ရှိချေသည်ဟု သူ ခံစားဖြစ်လာသည်။

ထိုစဉ်ခိုက် ..။ ဩော် .. ထိုစဉ်ခိုက် ရှိုက်သံတိုးသဲ့သဲ့
ကို သူ ကြားရသည်သို့ ရှိရချေသည်တကား။ သူ့နောက်ပါးဆီမှ
ရှိုက်သံ ..။ ဟုတ်သည် ..။ ရှိုက်သံ ..။ တယောသံသည် ရင်
သည်း တန့်နားသွားလျက် နောက်ဘက်ကို ကြည့်လိုက်တော့
ဘယ်လိုမှ မမျှော်လင့်ထားသော မြပန်းရုံကို မျက်ရည်တွေနစ်နေ
အောင် ကျနေလျက် မြင်ရပါချေသည်တကား။

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို ဝမ်းနည်းပန်းနည်း ငိုနေသည့် ကလေးလေးနှယ် ရှိပါသည့် မျက်နှာလေး။ သစ်ရိပ်အောက်မှာ ရှိပါချေသည်မို့ လရောင်လရိပ်သည် သစ်ခက်သစ်လက်တို့ကို ထိုးဖြာကျရသည်မို့ မြပန်းရုံ၏ မျက်နှာဝင်းစင်စင်လေးထက်မှာ ဝါရည်ရိပ်လေးတွေ ဟိုသည်တစ်စ တိုးဝင်နိုးနားသည့်နှယ်ရှိ၏။ လရိပ်နိုသော မျက်နှာလေးထက်မှာ နူးညံ့ရိပ်လေးတွေ ထင်နေသည်။ မျက်ရည်ဥလေးတွေ စီးသွယ်ကျနေသည်။ သူ့ကို ငေးကြည့်နေသည့် မျက်ဝန်းနက်နက်လေးတွေကလည်း ကလေးတစ်ယောက်၏ ဝမ်းနည်းရိပ်လေးနှယ် ပြည့်နေသည့်အဖြစ်။ သူ အံ့သြမှင်တက်ရင်း ခပ်ငေးငေးမျှပင် မောခနဲ ကြည့်မိလိုက်ရပါပြီ။

တကယ့်ကို နွမ်းညံ့လွန်းနေသည့် မျက်နှာနုနုဥဥလေး ပါတကား။ မာန်မာနရိပ် မရှိ။ ဂျစ်တိုက်သည့် ကလေးဆိုးလေး၏ မျက်နှာလေးလည်း မဟုတ်တော့။ ဖြူစင်ရှင်းသန့်စွာ သနားစိတ်တွေ ကဲနေသည့် မျက်နှာနုနုဥဥလေး။ ငိုနေသည့်ကလည်း ရှိုက်သံလေးတွေ ပွင့်ကျလာသည်အထိ ငိုနေခြင်း။ ခါတိုင်းလို စွာထက်ထက်လေး လုပ်နေသည့် အချိုးလေးလည်း မဟုတ် အမြဲပျော်ရွှင်နေတတ်လျက်။ စိတ်ကောက် စိတ်ပြေမြန်သည့် ကလေးလေးနှယ်ရှိသည့် မူပိုင်ဟန်လေးဟု သူ ထင်မြင်ခဲ့ရဖူးသော မျက်နှာလေးလည်း မဟုတ်။ သူ့ကို သနားနေသည့် မျက်နှာလေး ဖြစ်နေသည်။ ဟုတ်သည်။ သူ့ကို သနားနေသည့် မျက်နှာနုလေး။ အရမ်းကို အေးမြနေသည့် မျက်နှာလေး။ ချည်ထည်အင်္ကျီ နုရောင်အင်္ကျီလက်တိုလေးနှင့် အပြာရင့်ရောင်ထဘီလေးကို အ အမွှန်းအဆင်မှုမရှိစွာ ရိုးစင်းစင်းလေး ဝတ်ထားပါသည့် ကော



လေး။ သစ်ရိပ်အောက်မှာ ပျောင်းနွဲ့နွဲ့ရပ်နေရင်း ဘယ်အချိန်ကတည်းက သူ့တယောသံကို နားထောင်နေသည်မသိ။

ဂီတနှင့်အတူ .. ဩော် .. ငွေ့ကိုတမ်းတလွမ်းဆွတ်ခြင်းနှင့်အတူ .. သူ .. ကြေကြေမြည့်မြည့် တယောလေးကိုထိုးနေရင်းမှ .. တစ်ခါတစ်ခါ တေးသံတိုးဖွဖွ ညည်းမိသည့် အခါများမှာ ဤမိန်းကလေးသည် သူ့နောက်ပါးဆီသို့ အဘယ်အချိန်ကတည်းက ရောက်လာပါသတဲ့လဲ။

တယောကို ရင်မှာပြောင်းပိုက်ထားလိုက်ရင်း အံ့သြ ဖြင့် မြပန်းရုံကို သူ ကြည့်မိသည်။ ခုထိ မျက်ရည်ဥလေးတွေ တပိုးပေါက်ပေါက် တဖြောက်ဖြောက် ကြွေနေဆဲ မိန်းကလေး။

"မင်း .. ဘယ်အချိန်ကတည်းက ရောက်နေတာလဲ"

သူ့နှုတ်မှ အံ့သြနေသမျှကို မမျိုသိပ်နိုင်စွာ မေး မိရပါပြီ။ မြပန်းရုံ မျက်ရည်သုတ်ကာ သူ့ဘေးမှာထိုင်သည်။ အခါမှ သူ သစ်ရိပ်အောက်နေရာလေးမှာ ထိုင်နေကာ တရှုံ့ရှုံ့ ဆဲ လုံးဖီးလေးကိုလည်း မြင်ရပါ၏။ ကြည့်ရတာ ဆရာတပည့် ယောက် တူတူထွက်ခဲ့ကြတာဖြစ်မည်။ လုံးဖီးကလည်း ခုထိ တက်နေဆဲ။

"ကိုကြီး အဲဒီတယောအိတ်လေးနဲ့ ထွက်သွားတာကို ပန်းရုံနဲ့လုံးဖီးတို့ ရပ်သေးကြည့်ပြီး ပြန်ထွက်လာတုန်း မြင်တာနဲ့ လိုက်လာတာ .. ကိုကြီး တယောထိုးတာလဲ မြင်ဖူးချင်လို့ .. ပြီးတော့ .. ညဘက်မှာ ဧရာဝတီမြစ်ကြီးကိုလဲ ကြည့်ချင်လို့ .. အဲဒါ .. ကိုကြီးလဲ တူတူရှိနေမှာပဲလေ

www.burmeseclassic.com



ဆိုပြီး လိုက်လာတာ .. လုံးဖီးက ခလုတ်တိုက်လဲနေသော
လို့ နည်းနည်းအလှမ်းဝေး ကျန်ခဲ့ရတာပေါ့ .. လိုက်ယ
တော့ ဘယ်သွားမှန်း မသိတော့ဘူးလေ .. မြစ်ဆိပ်မှ
ကျောက်တုံးနဲ့ သူပဲ ခလုတ်တိုက် လဲနိုင်တယ် .. ဒူးမှ
နေတာကို နာတယ်ဆိုပြီး ငိုနေတာနဲ့ လက်ကိုင်ပဝါ
စည်းပေးနေရတာဆိုတော့ ကိုကြီးကို မျက်ခြည်ပြတ်သွား
တာ .. တယောသံကြားတော့ ကိုကြီး ဒီမှာရှိမှာပဲဆို
ဆက်လိုက်လာရတာ .. ဖူးစေတီမှာပဲ ရှိမယ်ဆိုပြီးတော
ပေါ့ .. အဲဒါ .. ကိုကြီး တယောထိုးရင်း သီချင်းဆို
တာမို့ .. နောက်က ခြေသံမကြားအောင် လာနားထော
ရင်းနဲ့ သနားလို့ ငိုမိတာ .. ကိုကြီး တစ်ခုခုကြောင့် ငို
သလိုပဲနော်"

ခုထိ မျက်တောင်ထူရှည်ကော့ကော့လေးတွေ
မျက်ရည်စလေးတွေ ခိုသီးနေဆဲ မျက်နှာလေးကို သူ ငုံကြည့်
ပထမဆုံး ခံစားလာရသည်က .. ဤမိန်းကလေးသည် နှလုံး
နူးညံ့လှန်းချေသည်ကော .. ဆိုသည့် အသိပါ။ ခါတိုင်းလို မျ
မုန်းကျိုးချင်စရာ မဟုတ်တော့။ ဤမိန်းကလေး၏ ပင်ကိုမျ
လေးသည် အသနားပိုတတ်သည့် စရိုက်လေးပဲ ရှိချေသည်
လေ။ ကလေးဆိုးလေးနှယ် ရှိသည်က သပ်သပ်။ သနားကြ
စိတ်လေးတွေ ဖြူစင်နူးညံ့စွာ ရှိသည်က မူပိုင်စရိုက်လေး
ဟု နားလည်လာခြင်းပါတည်း။ ပြီးတော့ .. ဩော် .. ပြီးသော
မြပန်းရုံသည် သူ့အပေါ် မျှဝေနားလည်ပေးစိတ်လေးလည်း ရှိ
သည့် အဖြစ်ကိုပါ။



သူ့ရင်ထဲမှ ငိုကြွေးမှုကို ဤမိန်းကလေးမြင်သည်။
နှလုံးအိမ်မှ ရှိုက်ငင်ခြင်းကို ဤမိန်းကလေး ကြားသည်။
ကြော် .. မြပန်းရုံလေးသည် လိုက်၍ လိုက်၍ပင် ငိုရှိုက်ပါချေ
သည့် မြပန်းရုံလေးပါတကား။

လုံးဖီးကတော့ မျက်ရည်သုတ်နေဆဲ။ အံ့မယ် ..
ဝင်ရှိုက်နေသေးသည့်အဖြစ်။

ဆရာတပည့်နှစ်ယောက် သဘောတူ စိတ်တူ ငိုနေ
ချေသည်ကိုးလေ။

သူ့မျက်ဝန်းတွေ နူးညံ့လာသည်။

"ဒါ .. ငိုစရာလားကွာ"

ဟု တိုးသဲ့သဲ့ ခပ်ညည်းညည်း ပြောသံသည်
ကြီးတစ်ယောက်နှယ် ရှိ၏။

နောက်တော့မှ ဖျတ်ခနဲ မျက်မှောင်ကြုတ်သွားကာ ..
"ဟင် .. ဒီလိုညကြီးမှာ ငါ့နောက်ကို စိတ်မှန်းနဲ့လိုက်
လာတယ် .. ဟုတ်လား .. ဘယ်လိုလဲကွ .. မတော်တဆ
ငါ ဒီဖူးစေတီကို ထွက်လာတာ မဟုတ်ရင် ဘယ့်နှယ်လုပ်
မလဲ .. လိုက်ချင်တယ်ဆိုရင်လဲ အသံလေးဘာလေးပြုပြီး
လိုက်လာပါလား .. ခုလို ဇွတ်ရွတ်ပြီး ထင်တိုင်းလုပ်တာ
အန္တရာယ်ရှိတယ်ဆိုတာ နားမလည်ဘူးလား .. နောက်ကို
ငါ့နောက်လိုက်လာတာမျိုးတွေကို ခုလို မလုပ်မိစေနဲ့ ..
တောက် .. ဒုက္ခပါပဲ .. ဘယ်လိုလဲကွ .. ကလေးများ
ကိုယ့်ကိုယ်ကိုယ် ထင်နေလား .. ညကြီးမှာ တ်လိုက်
လာတာ နောက်လုပ်ရင် ငါနဲ့အတွေ့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖူးဥဥ မိန်းကလေးကို ကြည့်ရင်း ကြည့်ရင်း စိတ် ထဲ ခုမှပူပန်ရမှန်း သတိဝင်လာရလျက် ကရုဏာစိတ်ဖြင့် ငေါက် ငမ်းငမ်းလေး ပြောမိတော့ ကောင်မလေးကလည်း မခေ စောစော မျက်ရည်လေး ဥနေသည့် မျက်ဝန်းလေးတွေက လက်ခနဲပြ ၏။

မာတင်းတင်း အရောင်ပြောင်းလာလျက် ခပ်စူးစူး လေး ပြန်ကြည့်သည်မှ အလျှော့မပေးကြည့်။

"အို .. အဖြစ်သည်းနေလိုက်တာ .. သိပ်ပြီး ဆရာလု တာပဲ .. လိုက်လာတော့ ဘာဖြစ်လဲ .. ခု .. လမ်းမှား လို့လား .. ရှင်ရှိတဲ့နေရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာပဲဥစ္စာ .. အကြီးလုပ်သူနောက်ကို လိုက် ရတာပဲဆိုပြီး အားကိုးပါးကိုးနဲ့ ရှိမိပါတယ် .. သူက ဟောက်နေတယ် .. ပြီးတော့ .. ရောဝတီမြစ်ကို မေးတ တယောထိုးရင်း လွမ်းနေတာ မြင်ရတာပဲ အဖတ် တယ် .. အလကား .. ငိုနေမိတဲ့ မျက်ရည်ကို ပြန်တော နမြောသေး .. အလကားလူ .. ဒေါသကြီးဖို့ရယ် .. ဖို့ရယ်ပဲ သိတဲ့လူ .. တကယ်ဆိုရင် .. ပန်းရုံ .. နောက် လိုက်ချင်တယ်ဆိုရင် ကိုကြီးကိုပြော .. ကိုကြီးခေါ်မှာ လို့ ပြောလဲ ဖြစ်တာပဲဥစ္စာ .. ခုကျတော့ .. ငေါက် တတ်တယ် .. လာ .. ပြန်မယ် လုံးဖီး .. နင်ကလဲ ငိုနေတုန်းပဲ .. အရှိန်ကို မကုန်နိုင်ဘူး .. သူ့ကိုမသေ နဲ့ .. အမြင်ပဲကတ် .. ကျမိတဲ့မျက်ရည်တောင် ဒီတစ် နှောင်တစိတ်နဲ့ နမြောနေမိပါရဲ့ .. ကဲ .. ပြန်မယ်"



မြပန်းရုံပဲလေ ..။ တစ်ခွန်းမခံ ပြန်စွာပြီး လုံးဖီး၏ လက်ကိုဆွဲ၍ ရှေ့ကထွက်တော့ သူလည်း မနေသာပြန်။ ဟိုတယ် သို့ ပြန်ရမည့်ကိစ္စ။ ဤကောင်မလေးနှစ်ယောက်တည်း ပြန်၍ ဖြစ်မည်တဲ့လား။ ညပဲ ကိုးနာရီခွဲကျော်စပြုပြီ။

လူကြီးတွေကတော့ ဤနှစ်ကောင်ကို ရုပ်သေးပွဲ ကြည့်နေသည်ဟု ထင်နေကြကာ စိတ်ပူဖြစ်ကြမှာ မဟုတ်။ သူ့ သာ နောက်မှ ချက်ချင်းလိုက်လာရပါသည့်အဖြစ်။

ဟိုတယ်ထိ ပြန်ဖို့ဆိုတာက ဘုရားကို ကွေ့ပတ်၍ ပြန်ရမည့်လမ်း။ ဟိုတယ်နှင့် မဝေးပေမယ့် ယောကျ်ားလေးပေမို့ ခုလို ထွက်လာတာက ကိစ္စမရှိ။ မိန်းကလေးဆိုတာကတော့ နှစ်ယောက်တည်း ဖွတ်ရွတ်ထွက်လာတာမကောင်း။ ပြန်ဖို့ ည်း စိတ်မချ။

"ဘာလို့လိုက်လာတာလဲ ... နေခဲ့"

ရှိုးရှိုးမပြန်။ နောက်ဘက် ပြန်လှည့်၍ ခြေစုံရပ်ရင်း နေတော့ သူ မျက်မှောင်ကုတ်ကြည့်သည်။ မျက်နှာလေး စူပုပ် လေး လုပ်နေပါသည့် မြပန်းရုံကို အားကိုးလျက် လုံးဖီးက ည်း မျက်နှာတည်လေး လုပ်နေသေးသည့်အဖြစ်။ ဤနှစ်ကောင် မ်းလက်ညီတော့ အရှိသား။

"ဟော့ .. ဘယ်သူ့နောက်မှ လိုက်တာမဟုတ်ဘူးကွ .. ကိုယ့်ဟိုတယ် ကိုယ်ပြန်တာ .. လာပြောမနေနဲ့ .. ငါက ဟိုမှာ တစ်ညလုံး မြစ်ဆိပ်သောင်းမှာ တယောထိုးနေရမှာ လား .. ငါပြန်ချင်တဲ့အချိန် ပြန်မှာပေါ့ .. သွား .. ရှေ့က ကိုယ့်လမ်းကိုယ်သွား .. သူများသွားလမ်းကို လာဟန့်မနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ကလေးနှင့်ဖက်၍ အရှုံးမခံဘဲ ပြန်ပြန်ပြောနေမိရသည်ပါပဲ။ လျှော့လိုက်၍လည်း မရ။ ဤကောင်မလေး ရောင့်ထက်မှာ အသေအချာကြီး သိနှင့်နေသည်လေ။ မြစ်ကမ်းဘေးစားသောက်ဆိုင်တန်းလေးရောက်တော့ မြပန်းရုံ မုန့်ထုပ်တွေ ဝယ်သည်။ သူ စောင့်ကြည့်မနေတော့။ ရှေ့မှဆက်၍ သေ ကားထစ်တွေအတိုင်း ကုန်းမို့မို့ထက်ဆီသို့ တက်၏။ နောက်ကို လှည့်ကြည့်တော့ ကောင်မလေးနှစ်ကောင် မရှိတော့။

ရှိန်းကနဲ ခေါင်းပူသွားရကာ ကမန်းကတန်း နောက်ကြောင်းပြန်လှည့်လာမိရပါပြီ။ ရွှတ်ကမ်းကမ်း ကောင်မလေး တမင်များ နောက်ကြောင်းပြန်၍ ဘုရားသွားနေချေမည်လား မသိ။ သူကတော့ ဟန်ကိုယ့်ဖို့လုပ်၍ ရှေ့ကသွားလိုက်မိတာ ရှိသည်။ ခု .. ပန်းရုံက နောက်ကြောင်းပြန်လှည့်သွားလိုက်ချေ ပြီထင့်။

“တောက် .. ဘယ်လိုကောင်မလေးလဲ မသိဘူး .. အနိုင် ပိုင်းချင်တဲ့စိတ်ပဲ သူ့မှာရှိတယ် .. ခုလဲ .. ဟိုတယ်နား နီးနေတဲ့ကိစ္စ .. ဘာကြောင့် .. နောက်ကြောင်းပြန်ရ တဲ့လဲ .. လွှတ်ထားလို့လဲ မဖြစ်ပါဘူးလေ .. ညပဲနေ လာပြီ”

ဗျစ်တောက် ဗျစ်တောက်ရွတ်၍ သူ ခြေလှမ်း ကျဲဖြင့် ဘုရားသို့ သွားရပါပြီ။ မြစ်ကမ်းဘေးအတိုင်း သူ လှမ်းသုတ်သုတ်ဖြင့် စိတ်ဇောတင်၍ လျှောက်နေမိရသည် စိတ်ပူလက်ပူဖြင့်ပါ။ ရှေ့ကြည့်လည်း မမြင်။ နောက်လှည့်ကြ လည်း မတွေ့ဖြင့် ရှိနေတာမို့ သူ စိတ်တွေနောက်ကျိလာသည်



“ဒီလောက်မြန်မြန်ကြီးတော့ ဘယ်ကိုမှ လျှောက်မသွားနိုင် ပါဘူး .. ဘယ်ကို ပျောက်သွားတာတဲ့လဲ”

ဟု တွေးနေခိုက်မှာပဲ သစ်ရိပ်အောက် ပင်စည် အကွယ်မှ မြပန်းရုံနှင့် လုံးဖိးတို့ထွက်၍ လှလုံးပြကြကာ ...

“ဘာလို့ လိုက်လာတာလဲ .. ပြီးတော့ .. နေနိုင်တာလဲ မဟုတ်ဘူး .. တကောက်ကောက် လိုက်နေတာပဲ”

“ဟ .. ညကြီးကွ .. ငါ့တာဝန်မကင်းဘဲ ဖြစ်နေမှာပေါ့ .. ပြန်မှာလား မပြန်ဘူးလား .. ငါမရိုက်ဘူး မထင်နဲ့ .. တကယ်ရိုက်မှာနော်”

ဟု ဒေါသဖြင့် သူ ငေါက်ခိုက် မြပန်းရုံ ရယ်သည်။ လက်ခုပ်လက်ဝါးတီး၍ ရယ်ပြသည်ကိုက သူ မခံချင်အောင်ဆွ နေသည့်နှယ်ပါ။ သူ .. ကုန်းကုန်း .. ကုန်းကုန်းဖြင့် သစ်ကိုင်း ခြောက်တစ်ခုကို ကောက်လိုက်မှ ...

“ပြန်မယ် .. ကိုကြီးလဲ တုတ်ချလိုက်ပါ .. အဟက်ဟက် .. ရယ်ရတယ်တော့ .. ပန်းရုံတို့နောက်ကို မလိုက်ဘူးလေး .. ကိုယ့်ဟိုတယ် ကိုယ့်ပြန်သလေး ဘာလေးနဲ့ လေကဖြင့် မိုးတဆုံးကျယ်ပါ့ .. ပြီးတော့ကျတော့ ပန်းရုံတို့ ပျောက် လို့ လိုက်လာလိုက်တာများ .. မျက်စိမျက်နှာကြီးကိုပျက် လို့ .. စိတ်ပူတယ်ဆို ပူတယ်ပေါ့ .. ဘာဝန်မခံရဲစရာရှိ လဲ .. အဟက်”

ရယ်လည်းရယ်။ ဖြုတ်ခနဲ လုံးဖိးလက်ကိုဆွဲ၍ ပြေးသွားတော့ သူ နေရာမှ သစ်ကိုင်းခြောက်လေးကိုင်လျက် ပူထူကျန်ခဲ့ရသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဤတစ်ကြိမ်မှာတော့ သူ လိုက်မသွားတော့။

ဟိုတယ်သို့ တက်သည့် အုတ်လှေကားထစ်တွေအတိုင်း မြပန်းရုံနှင့် လုံးဖီးတို့ တက်သွားသည်အထိ ရပ်စောင့်ကြည့်ပြီးမှ ခြေလှမ်းမှန်မှန်ဖြင့် သူ လျှောက်လာမိခဲ့ရပါ၏။

လရိပ်သည် မြစ်ပေါ်မှာ တလူးလွန့်လွန့် ရှိနေလျက်။

ကောင်းကင်ထက်မှာတော့ ဝန်းစက်စက်သာနေချေသည်တကား။

○ ○



## အခန်း(၉)

"မဟုတ်သေးဘူး သား .. မေမေလဲ အစတုန်းကတော့ သားပြောသလိုပဲ ယုံကြည်ပေးလိုက်တာ .. သားရဲ့ထုတ်ဓေသူက ဖုန်းဆက်ခေါ်လာတာနဲ့ စာအုပ်ကိစ္စ ပေါ်လာလို့ ရန်ကုန်ကို ပြန်သွားတယ်ဆိုတဲ့ကိစ္စကို သံသယကိုမရှိဘဲ ယုံကြည်ပေးလိုက်မိတာ .. နောက်တော့မှ ပန်းရုံလေးက ပြောပြတယ် .. သား ညဘက် တယောထိုးတာကို သွားနားထောင်မိတဲ့ကိစ္စ သား ဆူတယ်ဆို .. ငေါက်တယ်ဆို .. ပြီးတော့ .. တုတ်နဲ့လဲရိုက်မယ်လို့ လုပ်တယ်ဆို .. လုံးဖီးကလဲ အဲဒါတွေအားလုံး အမှန်တွေချည်းပဲ ဆိုတာကို ထောက်ခံတယ် .. သက်သေအထောက်အထားနဲ့ ပန်းရုံက ပြောပြတာ .. တမင်တကာကြီးကို သား ပြန်သွားတယ်လို့ ပန်းရုံလေးက ထင်နေတာ .. အဲဒါ ဟုတ်တယ်မဟုတ်လား .. ကလေးခမျာ .. သားကို စာရေးဆရာဆိုပြီး စာပေဝါသနာကြီးကြီးနဲ့ အားကိုးပြီး နေရာတကာ လိုက်ဖားနေရှာတာကို သိတတ်နားလည်ပေးရမှာပေါ့ .. ခမျာ .. တယော

www.burmeseclassic.com



လိုက်နားထောင်တယ် ဆိုရင်ဖြင့် သားက သားရဲ့အနုပညာ
ကိုပါ အားပေးတယ်ဆိုပြီး ခင်မျှား ခင်မင်လာမလား
ပြီး တကောက်ကောက် လိုက်သွားမိတာပါတဲ့ .. မျက်နှာ
မျက်နှာရ လုပ်ရတာပါတဲ့ .. ဟိုရောက်တော့လဲ သား
တယောထိုးတာရော .. သီချင်းဆိုနေတာရော သနားစ
ကောင်းလွန်းလို့ ငိုတောင် ငိုမိတာပါတဲ့ .. အဲဒါ သား
ဆူလဲ ဆူငေါက်တဲ့အပြင် တုတ်နဲ့လဲ လိုက်ရိုက်တယ်ဆို"

မှတ်ပေရော့ .. ဟု စိတ်လက်မောကျသွားရလျှ
သူ ခေါင်းချည်းခါနေရပါသည့်အဖြစ်။ အတော်ကို တတ်နိုင်သည်
ဒေါ်ဒူးကြီးမမ။ မေမေ့ကို ဘယ်လောက်များ မျက်ရည်ခံထိုး
ချောက်ပေါက်ကျအောင် အတွန်းအတိုက် လုပ်လိုက်သည်မသိ
ပုဂံမှ မေမေ ပြန်ရောက်လာပြီး မကြာလိုက်။ စက်ရုံသို့လိုက်လာ
ကာ သူ့ကိုဆူပူသည့်အလုပ်ကို စိတ်မောလက်မောဖြင့် လုပ်နေပြီ
ပန်းရုံကိုလည်း အတော်ကြီး အားနာတကြီးလည်း ဖြစ်နေပုံရလျှ
ကရုဏာသက်နေတာလည်း သိသာနေသည်။

"မဟုတ်ပါဘူး မေမေရာ .. တကယ့်ကို ရွှေမိုးတိမ်စာ
က အန်ကယ်ဦးဇော်ယု ဖုန်းဆက်လာလို့ပါ .. သားရဲ့ဝတ္ထု
တစ်ပုဒ်ကို ဒီဗီဒီရိုက်ချင်တဲ့ ထုတ်လုပ်သူ ဇာတ်ယောက်
လဲ တွေ့စေချင်တာရယ် .. သား ရေးလက်စ ဝတ္ထု
အမြန်လိုချင်လို့ရယ် .. ဒီဗီဒီရိုက်မယ့်ဇာတ်ကို ဇာတ်ညွှန်း
လဲ ခွဲပေးစေချင်တာရယ် .. အဲဒီဇာတ်ကိုလဲ .. အမြန်ဆုံး
ထုတ်လုပ်သူ အန်ကယ်ကြည်က ရိုက်ချင်နေတာတွေ
ရှိနေတာရယ်ကြောင့် ပြန်လာလို့ ဖြစ်မယ်ဆိုရင် ပြန်လာ



စေချင်ပါတယ်လို့ သားရဲ့ဆယ်လူလာကို ဖုန်းလှမ်းဆက်
လာလို့ .. ပြန်သွားတာ အမှန်အကန်ပါဗျာ .. မယုံရင်
အန်ကယ်ယုနဲ့ အန်ကယ်ကြည်ကို မေမေ ဖုန်းဆက်မေး
ကြည့်"

တကယ့်ကို စိတ်ရှုပ်လာရလျက် အန်ကယ်ယုထံသို့
မေမေ ဖုန်းဆက်မေးနိုင်အောင် ဖုန်းဆက်ပေးမည်ပြုတော့ မေမေ
ဆက်ကာထားသည်။ မျက်နှာလည်း ကြည်လင်လာသည်။ တမင်
ရှောင်ထွက်သွားတာ မဟုတ်ဟု ယုံကြည်ပေးလိုက်ပုံရပါ၏။

"ထိုင်ပါဦး မေမေရာ .. စိတ်မြန်လက်မြန်ကြီး ချက်ချင်း
ရောက်လာတာကိုး .. မေမေ အအေးသောက်လိုက်ဦး"

သူ ရေခဲသေတ္တာထဲမှ အအေးဘူးကိုဖောက်၍ ဖန်
ခွက်ထဲထည့်ကာ မေမေ့ရှေ့မှာ ချပေးတော့ ဆက်တီမှာထိုင်လည်း
ထိုင်။ ယူလည်းသောက်သည်က မေမေပါ။

"မသိပါဘူး သားရယ် .. ပန်းရုံလေးက မျက်ရည်လေး
တလည်လည်နဲ့ ပြောရှာတာ .. မေမေဖြင့် .. ခင်ခင့်ကို
ရော .. ဘိုးနဲ့ဘွားကိုရော အားနာတာပေါ့ .. ဘိုးနဲ့ဘွား
ကလဲ .. သားကို အပြစ်မပြောဘဲ သားဘက်က ထောက်ခံ
ပေးနေကြပြန်ရော .. မေမေက ပန်းရုံဘက်က ရပ်တည်
ပြီး သားကိုဆူတယ် .. ဘိုးနဲ့ဘွားက သားဘက်ကရပ်
တည်ပြီး ပန်းရုံကို ဆူတယ် .. သား မှန်တယ်ဆိုပဲ ..
တုတ်နဲ့ရိုက်ထည့်လိုက်ဖို့တောင် ကောင်းတယ်ဆိုပြီး ထောက်
ခံပေးနေကြတာ .. သူတို့ကလဲ သား ပြန်သွားတာဟာ
ပန်းရုံ ဆိုးလို့ဆိုပြီး မေမေတို့ကို အားနာတယ် .. မေမေ

www.burmeseclassic.com

www.burmeseclassic.com



တို့ဘက်ကလဲ .. သားရှိင်းတယ်ဆိုပြီး သူတို့ကို အားနာရတယ် .. အပန်းမပြေလိုက်တဲ့ခရီး ဖြစ်ယူရရော သားရယ်"

ဟု ပြောတော့ သူ မေမေ့ကိုကြည့်ကာ ရင်ထဲ တစ်ခုခုထူးနေသည်ပဲဟု နားလည်လာစ ပြုလာရပါပြီ။ ဘာကြောင့် မေမေသည် ပန်းရုံနှင့် ပတ်သက်လာလျှင် ဤမျှ သည်းသည်းလှုပ်နေရပါသတဲ့လဲ။ တကယ်ဆို .. ပုဂံမှာ ပန်းရုံကို သူ ဆုငေါက်ခဲ့သည်ပဲထား။ ဤကိစ္စလေးသည် ဤမျှလောက် ကြီးမားသည့် ပြဿနာတစ်ခု ဖြစ်လာစရာကိုမရှိ။

သူ့ဘက်က ကိုယ့်ဘက်ကို အားနာ။ ကိုယ့်ဘက်က သူ့ဘက်ကို အားနာနှင့် နှစ်အိမ်ထောင်စလုံး တစ်ယောက်ကို တစ်ယောက် အားနာတကြီးတွေ ဖြစ်နေကြတာကလည်း လိုအပ်တာထက် ပိုလွန်းနေကြသည်ဟု သူ ထင်လာသည်။

အကဲခတ်သလို ကြည့်နေသည့် သူ့ကိုလည်း မေမေက ဤတစ်ကြိမ်မှာတော့ တည်တည်ငြိမ်ငြိမ်ကြီးပဲ ကြည့်လာပါ၏။

ကိုယ်ကိုမှတ်လိုက်ကာ တည့်တည့်မတ်မတ်ပဲ မေမေကြည့်လာသည်။ သဘောက မေမေ ပြောလာမည့်စကားသည် အလေးအနက်ထား နားထောင်ရမည့်သဘောဘက်ကို နွယ်နေပြီ။

"မေမေ ရှင်းရှင်းပဲ အသိပေးထားစရာ ရှိနေပြီ သား .. ဟိုတုန်းကတော့ ပန်းရုံလေးကိုလဲ ငယ်သေးတယ် .. ဘွဲ့တောင်မယူရသေးဘူး .. ပညာဆုံးခန်းတိုင်စေဆိုတာလဲ ပါတယ် .. မပြောဘဲ ထားထားတာ .. အစကတည်းက သားနဲ့ ပန်းရုံကို မေမေတို့နှစ်ဖက်လူကြီးတွေက စည်ရုံးထားတာ .. ကိုကြွယ်စိုးဟန် မဆုံးခင်ကတည်းက ဆိုပါ



တော့ .. သားပတို့တောင် ကလေးပဲ ရှိကြသေးတာ .. နှစ်အိမ်ထောင်မှာ ဒီကလေးနှစ်ယောက် အရွယ်ရောက်ရင် .. နေရာချပေးမယ် ဆိုတာပေါ့ .. နေဦး .. ခေါင်းထောင်ပြီး မျက်နှာကြောကြီး တင်းမလာနဲ့ .. ဒီကိစ္စက နှစ်ဖက်မိဘမျိုးရိုးလဲ ကောင်းကြတယ် .. လူကြီးချင်းလဲ သင့်မြတ်ချစ်ခင်ကြတာမို့ အမျိုးတွေလို ရှိကြတာဖြစ်တယ် .. ဒါကြောင့် .. ကိုပြည့်နဲ့ မိချမ်း .. သားနဲ့ပန်းရုံလေးတို့ကို တစ်နေ့မှာ နေရာချမယ်ဆိုပြီး စကားကြိုတင် မြွန်းထားကြတာမို့ အားလုံး တစ်ဖက်နဲ့တစ်ဖက် ချစ်ချစ်ခင်ခင် တန်ဖိုးထားကြပြီးတော့ အတည်မြစ်ခဲ့ကြပြီးသား၊ ဘိုးနဲ့ဘွားလဲ သဘောမျှထား မြွန်းထားကြပြီးသား .. ဒီမယ် .. ကိုပြည့်ဘက်ကအနေနဲ့ မိချမ်းအတွက် လက်ဝတ်ရတနာကအစ ဟိုကတည်းက တင်တောင်းထားတာတွေ ရှိခဲ့သလို .. မေမေတို့ဘက်ကလဲ ပန်းရုံလေးကို ရတနာတွေနဲ့ စကားမြွန်း တင်တောင်းထားခဲ့တာ .. အဲဒါ မပြောင်းလဲအောင် ဆိုတဲ့ သဘောနဲ့ လုပ်ခဲ့ကြတဲ့ အဖြစ်ပဲ .. မင်းတို့ကလေးပဲ ရှိသေးတယ် .. မေမေတို့ စီမံပြီးသား .. ဒီကိစ္စ မိချမ်းလဲ မသိသေးသလို ကိုပြည့်လဲ မသိသေးဘူး .. မင်းလဲ မသိသေးသလို ပန်းရုံလဲ မသိသေးဘူး .. အရွယ်ရောက်လာကြရင် အသိပေးမယ်ဆိုပြီး ထားထားတာ"

မေမေ စကားရှည်ကြီးပြောပြီး ထရပ်သည်။ သူ့ကို ဘာမျှငြင်းပယ်ခွင့် မရှိဆိုသည့် အဆုံးအဖြတ်စကားကို အတိအကျကြီး အသိပေးလိုက်သည့် သဘော။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် လူကြီးတွေ ကြိုတင်စီမံခဲ့တာတွေကို ကလေးတွေသိအောင် နှစ်ဖက်စလုံး ဒီအချိန်မှာတော့ အသိပေးထားသင့်ပြီလို့ မေမေတို့ချင်း တိုင်ပင်ကြတယ် .. မလုပ်လို့လဲ မဖြစ်တော့ဘူးလေ .. မင်းက မေမေတို့မသိအောင် ငွေသစ်ပန်နဲ့တောင် ချစ်သူဖြစ်ခဲ့ပြီးတာတွေ ရှိခဲ့ဖူးတယ်လေ၊ အဲဒါ မေမေ သိတော့ တားရမယ့်တာဝန် မေမေ့မှာရှိတယ်ဆိုတာလဲ ပါတယ် .. ပြီးတော့ .. ငွေသစ်ပန်ရဲ့မျိုးရိုးစရိုက်ကိုလဲ မကြိုက်တာပါတယ် .. ဒါကြောင့် မေမေ တားခဲ့တာ သား သိပြီးသားကိစ္စပါ .. ခင်ခင်ကတော့ အဲဒီကိစ္စကို သိရှာပါတယ် .. သားနှစ်သက်တဲ့ ငွေသစ်ပန်နဲ့ပဲ လက်ဆက်ပေးလိုက်ပါလို့ ပြောရှာတဲ့သူပါ .. စိတ်ထား ပြည့်ဝပါတယ် .. ကိုပြည့်နဲ့ မိချမ်းကိုပဲ နေရာချကြတာပေါ့ သင်သင့်ရယ်လို့ ပြောခဲ့ရှာတာပါ .. ခုကျတော့လဲ .. ငွေသစ်ပန်လဲ မရှိတော့ဘူးဆိုတော့ မေမေ့ဘက်က ပန်းရုံလေးနဲ့ သားကို အမြန်ဆုံး နေရာချပေးချင်တယ်လို့ ပြောတဲ့အခါမှာ ခင်ခင် လက်ခံရှာပါတယ် .. ဒါပေမဲ့ မင်းနဲ့ ငွေသစ်ပန်ကိစ္စ ဘိုးနဲ့ဘွား မသိအောင် ကိုပြည့်ကိုရော ခင်ခင်က တားထားတာ .. မင်း အနေအထိုင်မတတ်ပေမယ့် ခင်ခင်က နားလည်ပေးရှာတယ် သိရဲ့လား"

မေမေ ဆက်တိုက်ပြောနေရာမှ မျက်တောင်မခတ်စိုက်ကြည့်သည်။

သူ့ရင်ထဲမှာ ဆူပွက်နေပြီ။ ငွေ့မျက်နှာလေးကို နင့်နင့်ပါအောင် မြင်နေရရင်းမှ ...



"မဟုတ်သေးဘူး မေမေ .. ငွေ ဆုံးပါးခဲ့တဲ့ကိစ္စဟာ .. မကြာသေးဘူး၊ ဘာကြောင့် ငွေ ဆုံးခဲ့တယ်ဆိုတာ မေမေလဲ သိတယ် .. သားလဲ သိတယ် .. အန်တီခင်နဲ့ ကိုပြည့်လဲ သိတယ် .. အဲသလို သိထားကြတဲ့ အထဲက .. အဲဒီပန်းရုံနဲ့ သားကို လက်ဆက်ပေးမယ်ဆိုတာ သား နားမလည်နိုင်ဘူး .. သား .. ငွေ့ကို ဘယ်လိုမေ့လို့ရမှာလဲ မေမေ"

သူ ခေါင်းခါရင်း ပြောနေစဉ်ခိုက် ရင်ထဲမှာ မွန်းနေသည်။

"သူတို့ဘက်က သဘောထား ပြည့်ဝတာကို သား ကျေးဇူးဆပ်ရမှာပေါ့ .. ငွေ ဆုံးပါးခဲ့တာဟာ ကျန်ခဲ့ပြီဖြစ်တဲ့ကိစ္စတစ်ခုပဲ .. သားကို အမြန်ဆုံး နေရာချပေးချင်တယ်ဆိုတာကတော့ ခုလို သားစိတ်တွေ ထိခိုက်နေတာကို .. ပြီးတော့ ကိုယ့်ကိုယ်ကိုယ် အအိပ်မမှန် အစားမမှန်နဲ့ နှိပ်စက်နေတာကို တန့်ရပ်စေချင်လို့ပဲ .. မေမေ့မှာ နှလုံးရောဂါရှိတာ သား သိပါတယ် .. အဲသလိုပဲ ခင်ခင်တို့ကလဲ သိနေတယ် .. သားကို ပန်းရုံလေးနဲ့ မြန်းထားတာတွေ ဖျက်လိုက်ရင် မေမေအရမ်းစိတ်ထိခိုက်ပြီး အိပ်ရာထဲ ဗုန်းဗုန်းလဲသွားမှာကို ခင်ခင် အစိုးရိမ်ဆုံးပဲ .. တကယ်ဆိုရင် သားနဲ့ ငွေ့ကိစ္စ သိထားပြီးတဲ့နောက်မှာ ပန်းရုံလေးနဲ့ သဘောမတူနိုင်တော့ဘူးလို့ အပြတ်ဖြတ်နိုင်တဲ့ အခွင့်အလမ်းရှိတဲ့ ခင်ခင်တောင်မှ မေမေ့အပေါ်မှာ ဒီလောက် နားလည်မှုပေးရင် သားက ပိုနားလည်သင့်တယ်လို့ မေမေပြော

www.burmeseclassic.com

www.burmeseclassic.com



ချင်တယ် .. ပန်းရုံနဲ့ နေရာချပေးဖို့အတွက် စီမံတော့မယ် ဆိုတာကို မနေ့ကပဲ ကိုပြည့်ကို ခင်ခင်လဲ အသိပေးလိုက်ပြီ .. ငွေ့ကိစ္စ .. ကိုပြည့် ခင်ခင့်ကို တစ်ချက်တော့ ပြောသေးတယ်တဲ့ .. ဒါပေမဲ့ မေမေ အရမ်းစိတ်ထိခိုက်မှာကို ထည့်တွက်စဉ်းစားပေးဖို့ ခင်ခင်ပြောတော့ .. အန်တီသင် စိတ်ချမ်းသာမယ်ဆိုရင် .. ပြီးတော့ .. ကိုပြေ လက်ခံမယ် ဆိုရင်တော့ သဘောပါပဲ .. ဆိုပြီး ကိုပြည့် ပြောရှာတယ်တဲ့ .. ကဲ .. မင်းက မေမေ့သားအရင်း .. သူတို့ကမေမေ့ အပေါ် ပူပန်ပေးကြတယ် .. မင်းက ခေါင်းမာမာနဲ့ ရက်စက်မယ်ဆိုရင်လဲ သဘောပဲ .. မေမေ့သားဟာ မေမေ့ အပေါ်မှာ ဒီလောက်ထိ တစ်ကိုယ်ကောင်းဆန်ရက်မယ် ဆိုရင်လဲ မေမေ ခင်ခင့်ခြံရှင်းမှာ သွားထိုင်ပြီး ကန်တော့ တောင်းပန်ရုံပဲ ကျန်မှာပါ .. ခင်ခင်တို့ဘက်က သဘောထားကြီးကြ .. မေမေ့ကို ပူပန်ကြပေမယ့် သားအရင်းက လက်မခံတာမို့ ဒီမင်္ဂလာပွဲကို ဖျက်ရဖို့ပဲ ရှိပါတယ်လို့ မေမေ မျက်နှာအောက်ချရင်း မျက်ရည်ကျရင်း တောင်းပန်ရုံပဲ ကျန်မှာပါ"

သူ အံခဲထားမိရပါပြီ။ ဘာတွေလာဖြစ်ကုန်ပြီလဲဟု လူလည်း ရှုးချင်လာသည်။ အန်တီခင် ဆိုတာကလည်း မေမေ နှင့် သူငယ်ချင်းမို့ တကယ့်ကို သံယောဇဉ်ကြီးကြတာလည်း အမှန်။ အိမ်ကလည်း နီးကြ။ တစ်ယောက်နှင့် တစ်ယောက် စောင့်ရှောက်ကြနှင့် အမျိုးရင်းချာတွေလိုပင် ဖြစ်နေကြသည့်အပြင် ခုကိစ္စက သားရေးသမီးရေးကိစ္စ ဖြစ်နေသည်။ တစ်ဖက်က



သဘောထားပြည့်ပြည့် .. နားလည်မှုထားလျက် လိုက်လျောနေချိန်မှာ သူ ငြင်းသည်ဆိုလျှင် အရမ်းကို ရိုင်းပျရာရောက်မည်။ အထူးသဖြင့် အန်တီခင်နှင့် ကိုပြည့်တို့ ရင်ထဲကို နာကျင်နာကြည်းခြင်းဆိုသည့် ဝေဒနာဆိုးကြီးကို အရှက်သည်းခြင်းဆိုသည့် ခံစားချက်တွေ ပြည့်စွက်ခံစားစေလိုက်မှာမျိုး ဖြစ်နေသည်။

သူ ခြေကုန်လက်ပန်း ကျသူလို ကုလားထိုင်မှာ ပုံပုံကျ မှီထိုင်ရင်း ခေါင်းယမ်းကာ ..

"အစကတည်းက မေမေတို့ အစီအမံ ဆိုတာကြီးကို နှစ်ဖက်စလုံး လူငယ်တွေသိအောင် မေမေတို့ လူကြီးတွေဘက်က ပြောပြအသိပေးထားသင့်တာပေါ့၊ အဲဒါဆိုရင် သား .. ငွေ့ကို ချစ်မိနေရင်တောင်မှ ရှောင်နိုင်မှာပေါ့ မေမေ .. ခုဟာက အားလုံးဖြစ်ပျက်ကုန်ပြီးမှ ဒီကိစ္စကပေါ်လာတာ .. သား သိလာရတာ .. ခက်တယ် မေမေရာ .. ဒါတွေအားလုံးဟာ နည်းလမ်းမကျနေဘူးလို့ သား ထင်နေတယ် မေမေ"

သူ စိတ်လက်ပင်ပန်းလျက် ရင်ထဲရှိတာပြောတော့ မေမေ ပြန်ထိုင်သည်။ သူ့မျက်နှာကို မျက်တောင်မခတ် စိုက်ကြည့်သည်။

"အေး .. ခုတော့ .. ကိုပြည့်နဲ့ မိချမ်းတို့ကို ရည်မှန်းတာတွေလဲ အသိပေးထားပြီးပြီ .. မင်းနဲ့ ပန်းရုံကို လက်ထပ်ပေးပြီးရင် မိချမ်းနဲ့ ကိုပြည့်ကိုလဲ စေ့စပ်ကြောင်းလမ်းပွဲလေး လုပ်မယ် .. နောင်နှစ်မှာ မင်္ဂလာပွဲကျင်းပပေးမယ် အားလုံး တိုင်ပင်စီမံထားကြပြီးသား"

www.burmeseclassic.com

www.burmeseclassic.com



ဟု နောက်မဆုတ်စတမ်း ပြောနေတော့ သူ ရင်ထဲမှာ မောလာသည်။ ထွက်ပေါက်ပိတ်နေသည့်နယ် ရှိနေချေသည်ကောဟု တွေးတောစ ပြုလာရပြန်သည့်အဖြစ်။

"ကိုကြွယ်စိုးဟန် ဆုံးတော့ ခင်ခင် အရမ်းစိတ်ထိခိုက်ပြီး မေ့သွားချိန်မှာ မေမေ့ရင်ခွင်ထဲမှာ ခင်ခင်ရှိနေတုန်း ခင်ခင်ဆုံးရှာပြီလားဆိုတဲ့ ဇောနဲ့ .. မေမေ အရမ်း လန့်လဲလန့် စိတ်လဲထိခိုက်ပြီး ဟတ်အတက် ချက်ချင်းရ .. ဆေးရုံကို မေမေ ရောက်သွားရခါမှ မေမေ့မှာ နှလုံးရောဂါရှိနေတာ အဲဒီတော့မှလဲ သိကြရ .. ခင်ခင်လဲ သူ့ကြောင့် ဒီထိတောင် မေမေ ခံစားရရှာတယ်ဆိုပြီး အရမ်းကို ပိုချစ် .. ပိုသံယောဇဉ်ဖြစ်ခဲ့ရတာတွေ ရှိခဲ့လို့ .. သားနဲ့ ငွေ့ကိစ္စကို ခင်ခင် မေ့ဖျောက်ထားနိုင်ရှာတယ်ဆိုတာ သား နားလည်သင့်တယ် .. အဲသလို ရှိပေးနေပါရက်ကယ်နဲ့ သား ငြင်းတယ်ဆိုရင် ခင်ခင့်ကို သား စော်ကားတာနဲ့ တူတူပဲ .. မေတ္တာနဲ့ သံယောဇဉ်ဆိုတာဟာ ကြီးမားသည်နှင့်အမျှ နားလည်ခွင့်လွှတ်ပေးမှုတွေ .. လိုက်လျောပေးမှုတွေလို ဖြစ်တည်စေတတ်တယ်ဆိုတာ မေမေနဲ့ ခင်ခင်တို့ရဲ့ဆက်ဆံရေးနဲ့တင်ပဲ သား မြင်တတ် နားလည်နေသင့်ပါပြီ .. သားဟာ စာရေးဆရာတစ်ယောက်တောင် ဖြစ်နေတာပဲ .. ပိုနားလည်သင့်တာပေါ့"

မေမေ ဆက်တိုက်ပြောနေတော့ သူ ငိုင်နေရပါပြီ။ အန့်ကယ်ဦးကြွယ်စိုးဟန် ဆုံးခဲ့စဉ်က အန်တီခင် မေမေ့ရင်ခွင်ထဲမှာ ငိုယိုနေရင်း သတိမေ့မြောသွားစဉ်က တကယ့်ကို မေမေ



အတက်ရခဲ့တာကို သူလည်း မမေ့နိုင်။ အန်တီခင်ကို အိမ်မှာပဲ ဆရာဝန်ပင့်၍ ဆေးထိုးဆေးတိုက်နှင့် လုပ်၍ရခဲ့ပေမယ့် .. မေမေ့ကိုကျတော့ ထိုဆရာဝန်မှ အမြန်ဆုံးဆေးထိုးပေးပြီးတာနှင့် ဆေးရုံတင်နိုင်းခဲ့ရသည်အထိ ဖြစ်ခဲ့တာတွေကို သူ မမေ့။ မေမေ့ကို သင်သင်ဟု ညီမတစ်ယောက်ပမာထား၍ အန်တီခင် ခေါ်သည့်နယ် .. မေမေကလည်း အန်တီခင့်ကို ခင်ခင်ဟု အစ်မပမာထား၍ တချစ်တခင် ခေါ်ကြပါသည့် သူငယ်ချင်းများပါ။

"ဟိုတုန်းက ခင်ခင် ကတိမ်းကပါး ဖြစ်ရှာရင် ဒီကလေးနှစ်ယောက် မိဘနှစ်ပါးမဲ့ရှာတော့မှာပါလား ဆိုတာလဲ တွေးရင် ရင်ထဲဆို့ရ .. ခင်ခင် မရှိတော့ဘူးလားလို့ ချောက်ချားရနဲ့ မေမေ ဆေးရုံပေါ် ရောက်ခဲ့ရတဲ့ အဖြစ်တစ်ခုကို ကြာရိပ်မြိုင်ကလူတို့ရဲ့ ရင်ထဲမှာ ဘယ်တော့မှ မေ့မရနိုင်ခဲ့ကြတာမို့ မေမေ့ကို ဘိုးနဲ့ဘွားကအစ အလွန်ချစ်ခဲ့ရတာပါ .. ခု .. မေမေ သားရှေ့မှာ မေမေ့သိက္ခာကို ပစ်ချလိုရင်လဲ ပစ်ချ .. ဦးထိပ်ပန်ဆင်ချင်ရင်လဲ ပန်ဆင်ဆိုပြီး အပ်နှံထားလိုက်ပြီးပြီ .. သား ဆုံးဖြတ်ချင်သလို ဆုံးဖြတ်ပေတော့ .. မေမေ ပြန်မယ် .. မိချမ်းကတော့ သူ့ကို ကိုပြည့်နဲ့ စေ့စပ်မှာကို ခေါင်းညိတ်ရှာတယ် .. မေမေ စိတ်ချမ်းသာရင် ပြီးရောလို့ ပြောတယ် .. ကိုကို့ကြောင့် မေမေ စိတ်ထိခိုက်ထားတာ မိချမ်းမေမေ့ကို မျက်ရည်မကျစေချင်ဘူးတဲ့ .. ကိုပြည့် မြတ်နိုးတယ်ဆိုရင် .. လက်ခံပါမယ်တဲ့ .. ကိုပြည့်ဘက်ကလဲ ခေါင်းညိတ်တာပါပဲ .. မိချမ်းကို သူ ချစ်ရှာပါတယ် .. သားလို ဘယ်သူမှမမိုက်

www.burmeseclassic.com



ကြဘူး သား .. အမေတစ်ယောက်ဟာ ကိုယ့်နှလုံးသားကို အေးချမ်းခွင့်ရဖို့အတွက် သားတစ်ယောက်ရဲ့ ခြေရင်းမှာ မျက်ရည်ချပြရင်း လက်ဝါးဖြန့် တောင်းခံနေရတာမျိုးအထိ တော့ ဘဝကို အဖြစ်မခံချင်ကြသလို ဖြစ်လဲမဖြစ်သင့်ဘူး ဆိုတာ သား နားလည်မှာပါ .. ကဲ .. မေမေပြန်မယ် .. သားဖေဖေကတော့ သားဟာ ခေါင်းမာနေလိမ့်မယ်လို့ပဲ သုံးသပ်ရင်း အိမ်မှာ စိတ်ထိခိုက်ပြီး ကျန်ခဲ့လေရဲ့ .. သား ပျော်ပါစေဆိုပြီး ပုဂံ ခေါ်သွားခဲ့တဲ့ သားငဲ့ဖေဖေခမျာမှာ လဲ သား ပြန်သွားကတည်းက မျက်နှာ မလန်းရှာတာပါ"

မေမေ ဆက်တိုက်ပြောကာ အခန်းတွင်းမှ နောက် ထပ်လှည့်မကြည့်စတမ်းဘဲ ထွက်ချသွားပါပြီ။ အခန်းထဲမှာ သူ တစ်ယောက်တည်း ကျန်ခဲ့ရသည်။ စိတ်တွေ ရှုပ်ထွေးနေ၏။ တုန်တုန်လှုပ်လှုပ်လည်း ဖြစ်နေသည်။ ဤသို့ သူရင်ဆိုင်တိုးရမည် မည်ဟု မထင်ထားမိခဲ့။ သူ့ကို ပန်းရုံနှင့် လက်ဆက်ပေးမည့် ကိစ္စဆိုတာ ရှိလာမည်ဟုပင် မထင်ထားမိ။ မိဘများသည် တစ်ခါ တစ်ခါမှာ မယုံရဲလောက်အောင် စိတ်ကူးယဉ်တတ်လျက် သား ရေးသမီးရေးကိစ္စကို မျှော်လင့်ခြင်းများစွာဖြင့် ကြည်နူးရှင်ပျ ထားတတ်ကြချေသည်ကောဟု သူ သိလာချိန်မှာ ..။ အရာရာသည် ငြင်းဆိုခွင့် မရနိုင်သည့် အခြေအနေတစ်ခုတွင်းဆီသို့ သူ့ကို တိမ်းခွင့်မရှိတော့သော စည်းဝိုင်းကြီးတစ်ခုကို ဖြစ်တည်ဖန်ဆင်း ထားခြင်းဖြင့် အပ်နှံထားချေသည်တကား။

"မေမေတို့ မေ့ထားတာ တစ်ခုရှိနေတယ် .. အဲဒါ သားဟာ ပန်းရုံကို ချစ်မှာမဟုတ်သလို .. ပန်းရုံကလဲသား



ချစ်မှာမဟုတ်တာကိုပါပဲ မေမေ .. လူကြီးမိဘတွေ လက် ထပ်ပေးလိုက်တာကို ခံလိုက်ရတဲ့ သားသမီးတွေရဲ့ရင်ထဲ မှာ ငိုရှိုက်နေကြရတဲ့ နှလုံးသားလေးတွေ တစ်သက်လုံး ရှိသွားကြမယ်ဆိုတာ ဘာလို့ အရေးတကြီး သတိမထား တတ်နိုင်ကြတာလဲ မေမေ"

ဟု သူ မေးချင်သည်။ ဒါပေမဲ့ မေမေသည်လည်း အခန်းထဲမှာ ရှိမနေတော့ပြီ။ အကယ်၍ .. ရှိနေချေလျှင်လည်း မေမေ့ရင်ထဲမှာ ထိုစကားတို့ ဝင်နိုင်စွမ်းမှာမဟုတ်။ နောက်တစ်ခု သူ့ရင်ထဲမှာ အလိုလိုသိနှင့်နေတာ တစ်ခုရှိနေသည်။ မေမေသည် သူ့ကို အလောတကြီး လက်ထပ်ပေးချင်နေသည်ဟု။ ဘာကြောင့် မြန်ဆန်လွန်းစွာ သူ့ကို နေရာချပေးချင်နေရပါသတဲ့လဲ။ ဆုံးပါးခဲ့တာလည်း ကြာသေးတာမဟုတ်။ သား၏ရင်ထဲမှာ တိုက်ခံထားရသူနှယ် လောင်မြိုက်ခြင်းက အင်အားကြီးကြီး ဖိဆီးနေသည် ဆိုတာ မေမေ မသိဘဲနေ၍ကို မရနိုင်သည့် ။

ဤသို့သော အခြေအနေမှာ မေမေသည် သူ့ကို ဆုံး နေရာချထားပေးချင်နေသည်။ ဖေဖေကလည်း သဘော ခေါင်းညိတ်ပေးနေသည့် အစီအစဉ်တစ်ခုလည်း ဆက်၍ဖြစ် သည်။ ဤမင်္ဂလာပွဲ ဖြစ်မြောက်ရေးသည် ဖေဖေနှင့်မေမေ နှ တူညီနေကြသည့် အဖြစ်တစ်ခုဆိုတာ သူ အလိုလိုသိ ည်သို့ ရှိ၏။

သူ အလုပ်စားပွဲ အံဆွဲလေးဆီမှ ငွေဓာတ်ပုံလေးကို လိုက်မိရပါပြီ။ ငွေပေါင်ကွပ် ဓာတ်ပုံပေါင်လေးဖြင့် ရှိ

www.burmeseclassic.com

www.burmeseclassic.com



နေပါသည့်ဓာတ်ပုံတွင်းမှ မွေသည် သူ့ကိုကြေကြေကွဲကွဲ မော့ငေးကြည့်နေသည်ဟု ခံစားဖြစ်၏။

မျက်တောင်မခတ် ဓာတ်ပုံလေးကို ငေးစိုက်ကြည့်နေရင်း သူ မျက်ရည်ဝဲလာနေပြီ။

"မောင် လတ်တလော အခြေအနေကို လက်ခံပေးလိုက်ရမှာကို ခက်ခဲလွန်းနေတယ် မွေ .. မွေမရှိတော့တာ .. ပြီးတော့ .. မောင့်ကို မေမေတို့က မြပန်းရုံနဲ့ နေရာချထားတော့မှာ .. အဲဒါတွေကို မောင် လက်ခံပေးလိုက်ရမှာ ခက်ခဲလွန်းနေတယ် .. ဘာလို့ အဲသလို လုပ်သွားရတာလဲ မွေရယ် .. ဘာလို့ လုပ်သွားရတာလဲ"

သူ ခပ်တိုးတိုး ညည်းသည်။ ထိန်း၍မရနိုင်သော ရှိုက်သံက ပွင့်ကျ၏။

"မောင် .. မေမေ့အစီအမံကို လက်မခံဘူးဆိုရင် မေမေ ကျန်းမာရေး ဆိုးလာမယ် .. အဲဒါကို မောင် သိနေရတယ် ပြီးတော့ .. မွေကလဲ မရှိတော့ဘူး .. မောင့်ကိုချန်ထားခဲ့ပြီ .. မွေရှိနေလို့ မောင် ငြင်းနေတယ်ဆိုရင် မောင့်မှာ ငြင်းအားရှိတယ် .. မွေ့ကို မောင် ရအောင်လက်ထပ်မှာပါပဲ .. ခုတော့ မောင် ဘာကိုရွေးချယ်ရမယ်ဆို သားတစ်ယောက်အနေနဲ့ မောင်သိနေရတယ် မွေ .. လွန်သွားခဲ့ပြီဖြစ်တဲ့ ချစ်သူကို တမ်းတနေရတာမို့ .. နေရတာမို့ မောင် .. မြပန်းရုံကို လက်မထပ်ဘဲ နေမယ်လို့ ဆုံးဖြတ်ရင် မေမေ့ကို မောင် စိတ်ဆင်းရဲ ဇာပ်လပ်တာပဲ ဖြစ်ရမှာပါပဲ .. မောင့်မှာ .. မောင့်



မောင်လက်တွဲရမယ့် မွေ့လက်လေးတွေရဲ့ မောင့်လက်ကို ဖြေချခံခဲ့ရ .. လက်တွဲဖြုတ်ခံခဲ့ရ .. မောင်ကျန်ခဲ့ရတဲ့ ဒီဘဝမှာ မောင့်လက်ထဲ မေမေ ထည့်ပေးလာတဲ့ မိန်းကလေးတစ်ယောက်ရဲ့လက် .. မောင်မချစ်နိုင်တဲ့ မိန်းကလေးတစ်ယောက်ရဲ့လက်ကို ထွေးဆုပ်ပေးလိုက်ရမှာဟာ လက်တွေ့ကျကျ .. လက်တွေ့ဆန်ဆန် ဆုံးဖြတ်လက်ခံပေးလိုက်ရမှာ မှန်ပေမယ့် မွေ့ကို မောင် ဘယ်တော့မှ မမေ့ဘူးဆိုတာကိုတော့ မောင့်နှလုံးသားက သိနေတယ် မွေ၊ မောင့်နှလုံးသားက သိနေပါတယ်ကွယ်"

သူတစ်ယောက်တည်း တိုးဖွဖွပြောနေမိရသဲ။ ညည်းတွားနေသံနှင့်လည်း တူနေသည်။ ငိုရှိုက်နေခြင်းလည်း ဆန်နေသည်။ လည်ချောင်းတနင်နင်ဖြင့် ရှိနေရာမှ မျက်ဝန်းကို စုံမှိတ်ချလိုက်မိရပါသည့်အဖြစ်။

"ပန်းရုံကို မောင် လက်မထပ်ဘူးလို့ ငြင်းနေတာဟာ ဘယ်သူ့အတွက် ဖြစ်နေမလဲ မွေ .. အဲဒါ မွေ့အတွက် .. မွေ့ကိုချစ်တဲ့ အတွက်ပါ .. ဒါပေမဲ့ မောင့်ဘေးမှာ မွေမရှိနိုင်တော့ဘူးလေ .. မွေမရှိတော့ပေမယ့် မေမေကတော့ မောင့်အဆုံးအဖြတ်တစ်ခုရဲ့ အကျိုးသက်ရောက်မှုကို လက်သင့်ခံပေးလိုက်ရမယ့် အမေတစ်ယောက်အဖြစ် ရှိနေတယ် .. နောက်ဆုံးတော့ မောင်ဟာ မောင့်မေမေအတွက် .. မေမေ့သိက္ခာအတွက် .. မေမေ့စိတ်ချမ်းမြေ့မှုအတွက် ခေါင်းညိတ်ပေးလိုက်ရတဲ့ သားတစ်ယောက်အဖြစ် ရှိရတော့မှာပါပဲ .. မွေ နားလည်ပါ .. မောင့်ကို မွေ နားလည်ပေးပါကွယ် ..

www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို တစ်နေရာရာက ကြေကွဲနေတဲ့အပြုံး .. နာကြည်းနေတဲ့ အကြည့်တွေနဲ့ ကြည့်မနေပါနဲ့ ငွေ .. ကြည့်မနေပါနဲ့ ငွေရယ်"

သူ ခေါင်းငိုက်စိုက်ချကာ တစာစာ ရင်ထဲမှာပြောနေမိရပါပြီ။

ငွေ့ဓာတ်ပုံလေးသည် သူ့လက်ချောင်းလေးတွေ၏ တုန်ခါနေသော ဆုပ်ခဲထားမှုကြားမှာ မငြိမ်မသက် ဆတ်ဆတ်ခါနေသည်။

လတ်တလောမှာ ရင်ဆိုင်နေရသည့် အဖြစ်များသည် သူ့အတွက် ဘယ်တုန်းကမျှ ဖြစ်တည်လာလိမ့်မည်ဟု မမျှော်လင့်ထားသော အရာတွေချည်း ဖြစ်နေသည်။ ဒါပေမဲ့ ထိုအဖြစ်သည် သူ မသိနိုင်ခဲ့ပါလေသော အတိတ်ကာလ နှစ်များစွာကတည်းက တစ်နေ့မှာ ဖြစ်တည်လာစေဖို့အတွက် ဖေဖေနှင့်မေမေတို့ ကြိုတင်မျှော်လင့်စီမံထားချေသော အဖြစ်တွေ၏ လက်တွေ့ရောက်ရှိလာသည့် အဖြစ်တစ်ခုပါတကား ...။

မြပန်းရုံ ဆိုသည့် ကောင်မလေးသည် သူ့ဇနီးဖြစ်လာရချေလိမ့်မည်ဟု သူ ဘယ်တုန်းကမျှ ထင်မထားမိခဲ့ပေဘူး။ အံ့ဩရှိန်သည် ယခုတိုင် ရင်မှာကျန်နေဆဲ။ ကျန်နေမြဲပါတည်း။

○ ❧ ○



## အခန်း(၁၀)

"ဟင် .. အဲဒီလူကြီးနဲ့ လက်ထပ်ရမယ် .. ဟုတ်လား .. သူ ငေါက်ငမ်းနေတဲ့ဒဏ်ကြီးပိပြီး ပန်းရုံ စိတ်ညစ်လို့သေမှာ"

"ဟဲ့ .. ပန်းရုံ .. ဘယ့်နှယ်စကား ပြောလိုက်တာလဲ .. မဦးမချွတ် .. သေစကား ပြောရသလား .. ဒါ ပန်းရုံရဲ့ ဖေဖေ့ဆန္ဒ ပါတယ် .. သူ အလွန်မျှော်လင့်ခဲ့တာ .. မေမေနဲ့ သင်သင်တို့ သူငယ်ချင်းနှစ်ယောက် အလွန်ချစ်ကြတာကို သမီးဖေဖေ သိနေတာမို့ သမီးဟာ ရန်ပြေလေးနဲ့ လက်ဆက်ရရင် ယောက္ခမဆိုးနဲ့ ကြုံရမှာမျိုး ဘယ်တော့မှမဖြစ်လာနိုင်တော့ဘူးလို့ အမြဲပြောတတ်တယ် .. သင်သင်တို့အိမ်က စိတ်ထားကောင်းကြတာကိုလဲ သမီးဖေဖေသိတယ် .. မေမေတို့အိမ်က စိတ်ထားကိုလဲ သူတို့ကသိတယ် .. နှစ်ဖက်သားသမီးချင်း လက်ဆက်ပေးကြဖို့ စီမံခဲ့ကြတာ အရင်ကတည်းက .. ခုမှ မဟုတ်ဘူး .. သမီးဖေဖေ့အစီ
[illegible] မေမေဆန

www.burmeseclassic.com

www.burmeseclassic.com



လဲ ပါတာပေါ့ .. သမီးဖေဖေ ဖြစ်ချင်တာကို သမီးလုပ်ပေးရမယ့် ဝတ္တရားရှိတယ် .. မောင်ရန်ပြေလေး စိတ်ထားကောင်းတာ .. စာရိတ္တကောင်းတာ .. မေမေတို့အားလုံးအသိ .. ပြီးတော့ သမီးကိုကို ကိုပြည့်နဲ့လဲ မိချမ်းကိုလက်ဆက်ပေးဦးမှာ ရှိသေးတယ် .. ဘယ်လောက် နှောင်နှေးအတွက် မေမေတို့ စိတ်ဖြောင့်လက်ဖြောင့် ရှိရမလဲ .. ဒီလောက်ဖြူစင်အေးချမ်းတဲ့ အိမ်ထောင်နှစ်ခု ပေါင်းစည်းကြမယ့်ကိစ္စ .. သမီးရဲ့ဘိုးနဲ့ဘွားလဲ သဘောမျှတယ်"

မေမေ ပြောနေတော့ ခုတင်ထက်မှာ ထိုင်နေရင်း မြပန်းရဲ့ မျက်နှာလေး အိုနေသည်။ တယောထိုးနေတာလေး လိုက်ကြည့်သည့်ကိစ္စ။ ဟောက်လိုက်ဟမ်းလိုက်သည်မှ မျက်ထောင့်မာကျောကျောကြီးဖြင့် ရှိလိုက်ပါသည့် စာရေးဆရာ။ ပန်းရဲ့ဘက်က တရိုတသေလေးထား၍ မျက်နှာချိုလေး သွေးသွေးပြနေပေါလျက် မျက်နှာခေါက်ရှိုးကြီး ကော်တင်ထားသည့်နှယ် မာတောင့်ကြွပ်ဆတ်နေပါသည့် စာရေးဆရာ။ ဤလူကြီးကို လက်ထပ်လိုက်လျှင် ဆရာလုပ်နေတာကိုပဲ ခံနေရလျက် တစ်သက်လုံး သူ့တပည့်ဖြစ်ကျန်ရပ်တည်လိုက်ရမှာ သေချာနေသည့်အဖြစ်။ ခေါင်းလေးခါ၍ ...

"မမမိချမ်းနဲ့ ကိုကိုပြည့်ကိုတော့ သဘောတူတယ် .. သူတို့ကို အရင်ပေးစားလိုက်ရင် ပြီးရော .. နောက်တော့ အဲဒီလူကြီးနဲ့ ပန်းရဲ့ လက်မထပ်ဖြစ်ဘဲ ပျက်ကွက်ခဲ့ရင် ဆွေမျိုးချင်းတွေပဲဆိုပြီး သူတို့ဘက်ကလဲ ခွင့်လွှတ်မှာပါ .. မဟုတ်ဘူးလား .. ပန်းရဲ့ သူ့ကိုလက်မထပ်ချင်ပါဘူး မေမေ



ရာ .. လွတ်ဆူချင်ပူချင်ဖောကြီးတဲ့ လူကြီးဖြစ်နေတာ မေမေလဲ အသိပဲ .. ပြီးတော့ .. ဆူချင်တာ တစ်ခုတည်း မဟုတ်ဘူး မေမေရဲ့ .. စိတ်လက်ကလဲ မရှည်ချင်ဘူး .. တချို့က ဆူပူတတ်ပေမယ့် .. စိတ်တော့ရှည်တတ် ပြုဟတ်သေးတယ် .. သူက စိတ်ကလဲ လက်တစ်ဆစ် .. ပန်းရဲ့ဖြင့် ဒီလောက် တိုဆတ်ဆတ်နိုင်တဲ့လူကြီး သူ့စက်ရုံမှာ ဘယ်လိုများ အလုပ်သမားတွေနဲ့ အဆင်ချောပါ့မလဲလို့တောင် အံ့ဩနေမိသေးတယ်"

အိပ်ရာလေးပေါ် တင်ပျဉ်လေးခွေ၍ထိုင်ကာ စိတ်ပျက်လက်ပျက်လေးဖြင့် မျက်စိမျက်နှာပျက်လျက် သူများသားကောင်းကြောင်းတွေ တန်းစီပြောနေသည့် ပန်းရဲ့ကို ဒေါ်မြမှူးင် သက်ပြင်းရှိုက်၍ ကြည့်သည်။ ခုထိ ကလေးစိတ်လည်းမကုန်သေးသည့်သမီး။ အိမ်မှာ အပူအပင်မရှိ .. အပူအပင်ဆိုတာလည်း မသိဘဲအလိုလိုက် အရမ်းခံထားရပါသည့်သမီး။ ဘိုးအေနှင့်ဘွားအေကလည်း မြေးလုပ်သူ ပန်းရဲ့ကို အဝေးသင်ပဲတက်စေကာ အိမ်မှာပဲ အရိပ်တကြည့်ကြည့် ထားလွန်းမက ထားနေပါသည့် ကလေးမ။ ဒုက္ခဆိုတာကို ဘာမှနားမလည်သည့် ပန်းရဲ့လေးမို့ ...

"နားလည်အောင် မေမေ ပြောပြတာကို သေချာနားထောင် ပန်းရဲ့ .. လူဖြောင့်စိတ်တိုဆိုတာ ပန်းရဲ့လေး သိမှာပေါ့ .. မောင်ရန်ပြေက လူဖြောင့်လေးကွယ် .. သူ့စိတ်တိုတာကို အပြစ်မမြင်ရဘူး .. သဘောဖြူ စိတ်ဖြောင့်သမားလို့ မြင်ရမှာ .. ဒီမယ် .. သူလဲအရွယ်ရောက်ပြီ .. သမီးလဲအရွယ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ပြီ .. မင်္ဂလာကိစ္စ စီမံမှာကို အပျက်လဲမခံဘူး .. မိချမ်းက အငယ် .. ရန်ပြေက အကြီးမို့ မိချမ်းရဲ့မင်္ဂလာပွဲကို နောက်နှစ်မှ စီမံဖို့ သဘောတူထားကြတယ်၊ မောင်ရန်ပြေနဲ့ သမီးကို အရင်လက်ဆက်ပေးရမှာကို အားလုံးသဘောတူကြပြီးပြီ .. သမီးရဲ့ဘိုးနဲ့ ဘွားလဲ စင်ကာပူကို ကုန်တိုက်ကိစ္စ သွားရမှာ .. သမီးကို ဒီမှာထားခဲ့ရမှာမို့ ကလေးလုပ်ပြီး ဆိုးနေမှာကိုရော မတော်တဆ ချစ်သူတွေဘာတွေ ဒီမှာရှိသွားမှာကိုရော ဘိုးနဲ့ဘွားက စိုးရိမ်တယ် .. သမီးရဲ့ကိုကိုပြည့်ကလဲ ဘိုးတို့ရှိတဲ့ စင်ကာပူကိုလိုက်သွားပြီး ဟိုမှာ ကုန်တိုက်ကိစ္စ လိုက်လိုက်လုပ်ပေးနေရမှာကများတယ် .. ဒါကြောင့် ကိုကိုပြည့်နဲ့ မိချမ်း မင်္ဂလာပွဲကိုလဲ နောက်နှစ်မှပဲ လုပ်သင့်တာကလဲ ရှိနေတယ်၊ ဒီနှစ်ထဲမှာ ပန်းရုံကို နေရာချပေးဖို့ အားလုံး နှစ်ဖက်မိဘဆွေမျိုး စီမံပြီးသား"

မေမေ အပြတ်ပြောတော့ ပန်းရုံ ခေါင်းလေးစုံကုတ်ကာ ...

"ဟာ .. ပန်းရုံက ဘာကိစ္စနဲ့ ရည်းစားတွေ ဘာတွေထားရမှာလဲ .. မထားဘူး .. စိတ်ချ .. သူ့ကိုတော့ လက်မထပ်ချင်ပါဘူး မေမေရာ .. သိမ့်ပြီး ဟိတ်ကြီးဟန်ကြီးနိုင်နေတာ မေမေ အမြင်ပဲ"

"အေး .. အဲသလို ခပ်တည်တည်နဲ့ ဟိတ်ဟန်နဲ့နေနေတာကို အိုးနဲ့ဘွားကလဲ အမှတ်တွေ ပေးနေတာ .. ဒါမှ .. အိမ်ထောင်ကို ဦးဆောင်နိုင်မှာပေါ့တဲ့ .. အဲသလိုပြောတယ်"



"ဟင် .. ဘိုးနဲ့ဘွားက အဲဒီ မျက်ခွက်မာကြွပ်ကြွပ်ကြီးကို အမှတ်ပေးတယ် .. အံ့ရော .. အဟုတ် .. မျက်နှာချိုတာကောင်းတယ်ဆို .. နော် .. ဘွားပဲ ပြောဖူးတာပဲဉစ္စာ"

"အေး .. ခု မျက်နှာတည်တာကို ဘွားက ကြိုက်သွားပြီ၊ ပုဂံကို မောင်ရန်ပြေ တူတူပါလာတော့ ဘွားက ပိုတောင်အကဲခတ်နေသေး .. အရင်တုန်းကလဲ ရန်ကုန်ကို ဘွားလာလာနေတိုင်း ရန်ပြေလေးကို အကဲခတ်နေကျ .. အမြဲသဘောကျနေကျ သိရဲ့လား .. ညည်းလေး ခုပုဂံခရီးမှာ ဆိတ်အုပ်သိုးအုပ်နောက် လိုက်သွားတဲ့ကိစ္စ .. ဟိုကစိတ်ပူပြီး လိုက်ခေါ်တာကိုလဲ ဘွားက သဘောကျနေတာ .. အနေတည်ပေမယ့် ဒီကလေးဟာ ပန်းရုံကို ဂရုစိုက်တဲ့ကလေးပါတဲ့ .. အဲဒီစိတ်ကို ဘွား သဘောကျတယ်တဲ့ .. ပန်းရုံအတွက် စိတ်ပူတာမှ လှသူရှေ့မှာကို နောက်ကလိုက်ခေါ်တာမျိုးတဲ့ .. အဲသလို ပြောတယ် .. သိရဲ့လား"

ပန်းရုံ ကိုယ့်နဖူးလေးကို ဖတ်ခနဲ လက်ဖဝါးလေးဖြင့် ရိုက်ပစ်ကာ ...

"ကောင်းရော .. သူ့ အမှတ်ရအောင် ပန်းရုံ ကားရပ်ခိုင်းပြီး အဲဒီဆိတ်အုပ်သိုးအုပ်နောက် လိုက်သွားမိသလိုကြီး ဖြစ်နေပြီ .. ပန်းရုံက မာတ်ပုံရိုက်ချင်လို့ ဉစ္စာ .. သူက အလကား အတွေးချောင်ပြီး ကဂျိုးကကျောင်နဲ့ လိုက်လာတဲ့ ဉစ္စာ .. ဘာစိတ်ပူရမှာတဲ့လဲ .. သူ့ အပြစ်ပြောခံရမှာလန့်လို့ ပြေးလိုက်တာကိုများ .. သူပေါက်တာကို စိတ်ဆိုးပြီး ပန်းရုံ ကားရပ်ခိုင်းတယ်လို့ ထင်နေတာ သိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"အဲသလို လန့်တတ်တာကိုလဲ မေမေ ကြိုက်တာပဲ .. သူ ပန်းရုံနဲ့ ပတ်သက်ပြီး ဘွားတို့က သူ့အပေါ် အပြစ်မြင်မှာ ကို လန့်တယ်ဆိုတာ လူကြီးသူကြီးကို အကြောက်ရှိတာယ် လို့ သတ်မှတ်နိုင်တယ်လေ"

ပန်းရုံ နှုတ်ခမ်းစူလာပြီ။ မျက်နှာလေး သုန်မှုန်နေ လျက် ဟည်းချုညည်းရင်း ခေါင်းစုံကုတ်ဖွပစ်ကာ ..

"ဘယ်လိုမှ ပြောလို့မရတော့ပါလားနော် .. လန့်တာအပြစ် ရှိလို့ဥစ္စာ .. အဲဒါလဲ ချီးကျူးစရာ လာဖြစ်နေတယ် .. ဒါဆို ပန်းရုံကျတော့ ချီးကျူးစရာ မရှိတော့ဘူးလား .. ကဲ .."

အရေးထဲ ချီးကျူးခံရတာ ပြိုင်ဘက်လုပ်နေသည့် သမီးကို ခေါင်းလေး ချစ်စနိုးပုတ်ရင်းမှ ..

"သမီးလေးက စိတ်ရင်းဖြူ သဘောကောင်းလေး .. ကလေးလေးလို ဖြူစင်တာ .. မိဘစကားဆိုလဲ နားထောင် တတ်တဲ့ ကလေး .. ဒါ ချီးကျူးစရာပေါ့ သမီးရဲ့ .. ခုလဲ သမီး ခေါင်းညိတ်မှာပါ .. ဟုတ်တယ် မဟုတ်လား"

ပန်းရုံ ကိုယ်လေးကို လျှော့ချလိုက်ကာ အိမ်ရာထက် မှာ အရုပ်ကြိုးပြတ်ပုံလေး ပစ်လှဲပစ်လိုက်ပါပြီတည်း။

"အဲဒီလူကြီးကို ပန်းရုံကလဲ လက်မထပ်ချင်သလို သူကလဲ လက်ထပ်ချင်မှာ မဟုတ်ဘူး .. သူက စကားများတာကို မကြိုက်ဘူး မေမေရဲ့ .. နားငြီးတယ်တဲ့ .. နေရာတောင် ပြောင်းထိုင်တာ ဘတ်စ်ကားပေါ်ကလူတိုင်း အသိ .. မယုံရင် လုံးဖီးကို မေးကြည့် .. သူနဲ့ ပန်းရုံနဲ့ အတူနေလို့



ကို မဖြစ်တဲ့ကိစ္စထဲမှာ ပန်းရုံ စကားများတဲ့ကိစ္စက ထိပ် ဆုံးက ပြဿနာဖြစ်နေတယ် .. အဲဒါ အဓိကဆန့်ကျင် ဘက်နှစ်ခုပဲ .. ပန်းရုံကလဲ စကားမပြောဘဲ မျက်နှာထား ကြီးနဲ့ ပါးစပ်ပိတ်နေတဲ့လူတစ်ယောက်နဲ့ အတူမနေနိုင်ပါ ဘူး .. စိတ်ပျက်တယ် .. ပျင်းဖို့ကောင်းလိုက်မယ့် အနာဂတ် ခရီးပဲ"

ပန်းရုံ တတ်နိုင်သမျှ ဉာဏ်တွေထုတ်ပြီးရင်း ထုတ် ရင်း မဖြစ်နိုင်တာတွေချည်း အစီအရီချချပြောပေမယ့် မေမေက တော့ မရ။ ခေါင်းသာခါသည်။

"မေမေ ပြောထားတယ်နော် .. သမီးဖေဖေ ရည်မှန်းထား တဲ့ကိစ္စ .. အပျက်မခံနိုင်ဘူး .. ကိုပြည့်နဲ့ မိချမ်း .. ရန်ပြေနဲ့ ပန်းရုံ .. နှစ်ဖက်စလုံး လက်ထပ်ရမယ့်ကိစ္စ .. သမီး ဖျက်လို့မရလား .. မရိုင်းစိုင်းနဲ့ သမီး .. ကိုယ့်ဘက် ကကျတော့ ကိုယ့်သမီးကို မပေးဘူး .. မိချမ်းကိုကျတော့ ကိုပြည့်နဲ့ လက်ဆက်ပေးမယ်ဆိုတာ ကတိမတည်တာပဲ .. ဘယ်တရားမလဲ .. မိချမ်း ဆိုတာ မိဘစကားကို နား ထောင်တဲ့ သမီး .. ခေါင်းညိတ်တယ် .. ကိုပြည့်ကလဲ ခေါင်းညိတ်တယ် .. ပန်းရုံနော် .. တစ်ကိုယ်ကောင်းမဆန် နဲ့ .. ငြင်းလို့ရတယ်ဆိုပြီး ခြေကန်ငြင်းနေတာ မေမေမ ကြိုက်ဘူး"

"အို .. ကိုကိုပြည့်က ဒီလောက်ခန့်ညားတာ .. ချော[illegible] ချောတယ် .. ပညာလဲ တတ်တယ် .. အင်ဂျင်နီယာ[illegible]ောင် ဖြစ်လို့ .. ပြီးတော့ မျက်နှာလဲ အမြဲပုပ်အဲ့သို့[illegible]နေတာမျိုး

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး .. စိတ်လဲရှည်တယ် .. သဘောလဲ ကောင်းတယ် .. အဲဒီ ကိုရန်ပြေဆိုတာကြီးနဲ့ ဆင်တစ်လမ်း မြင်းတစ်လမ်းပဲ .. ဘာမှကိုမဆိုင်ဘဲ .. ကိုကိုပြည့်ကို မမမိချမ်းလက်ခံတာ ဆန်းမလား"

"ဟဲ့ .. ဒီစကား ဒီမှာရပ် .. သူများရှေ့ သွားမဟနဲ့ .. ဘယ့်နှယ် သူများသားသမီးကိုများ မကောင်းပြောလိုက်တာ .. ကိုယ့်အစ်ကိုကျတော့ အကောင်းချည်းပြောတယ် .. မေမေတို့လူကြီးတွေ မျက်နှာပျက်အောင် အဲသလိုစကားမျိုး မပြောရဘူး ကြားရဲ့လား .. ပန်းရုံ .. မှတ်မိသေးရဲ့လား .. သမီးဖေဖေဆုံးတော့ .. မေမေမေ့သွားချိန်မှာ အန်တီသင်သင် မေမေ့ကို စိတ်လက်ပူပြီး ပွေ့ထားရင်းနဲ့ နှလုံးထိခိုက်ပြီး ဆေးရုံတင်လိုက်ရတာလေ .. သူ့နှလုံးရောဂါက မေမေ့အတွက် စိတ်ပူရင်းနဲ့ လုံးဝဆေးရုံတွင်ယူရတဲ့အထိ ဒုက္ခပေးလိုက်တာလေ .. မေမေက ပြန်ပြီးထူထောင်နေရပေမယ့် သင်သင့်ခမျာ ဆေးရုံမှာ တစ်ပတ်ကျော် ကြာရှာတယ် .. အဲဒါ အန်တီသင်သင်ရဲ့မေတ္တာပဲ .. သူ့ကို စိတ်ဆင်းရဲအောင်မလုပ်ပါနဲ့ သမီးရယ် .. သူ့မေတ္တာကို သမီးနားလည်သင့်တယ် .. မေမေတို့အပေါ် အလွန်ချစ်ရှာ .. သံယောဇဉ်ကြီးရှာတာ"

ဟု ပြောလာတော့ ပန်းရုံ ငိုင်ခနဲ ဖြစ်၏။ ဟုတ်သည်။ ဖေဖေ ဆုံးတော့ အန်တီသင် မေမေ မေ့သွားချိန်မှာ အရမ်းစိတ်ပူပြီး အတင်းလုပ်ခေါ်နေရင်းမှ ဖြုတ်ဆို အရုပ်ကြိုးပြတ်ကြီး သတိမေ့မြောကျသွားချေသမျှ ဆေးရုံကို အရေးပေါ်



တင်ခဲ့ရသည် မဟုတ်ပါလား။ ထိုစဉ်တုန်းက အန်တီသင်၏မျက်နှာဆိုတာ ဖြူဆုတ်ကျနေသည်ပဲလေ။ ဘဘဦးတင်လတ်မှ အန်တီသင့်ကို ပွေ့ချီ၍ ကားပေါ်တင်နေစဉ်တုန်းကလည်း လက်နှစ်ဖက်တွဲရရွဲကြီး ပျော့ဖတ်စွာ ပါသွားခဲ့တာကို ပန်းရုံမမေ့။ ထိုနေ့က မေမေ့ကိုရော အန်တီသင့်ကိုရော အိမ်မှာ ဆရာဝန်အမြန်ပင့်၍ ကြည့်စေခဲ့ကာ ..။ အန်တီသင့်ကို ဆရာဝန်ကြီးက ဆေးရုံပို့ဖို့ဆုံးဖြတ်ခဲ့သည်ပဲလေ။ မေမေ့ကိုလည်း ဆေးထိုး။ အန်တီသင့်ကိုလည်း ဆရာဝန်ကြီးမှ ဆေးထိုးပေးနေစဉ်က ပန်းရုံ ဆိုတာ ကိုကိုပြည့် လက်ကြီးကို အားကိုးတကြီး ဆုပ်ခဲကိုင်ထားရင်း မျက်ရည်ကျရင်း ကြည့်နေခဲ့တာတွေကိုလည်း မမေ့။ ဘိုးနှင့် ဘွားကတော့ အန်တီသင်နှင့် မေမေ့အနားမှာ ဆရာဝန်ဘဘကြီးနှင့်အတူ မျက်စိမျက်နှာကြီးတွေပျက်လျက် ရှိနေရကာ ..။ ကိုရန်ပြေနှင့် မမမိချမ်းတို့လည်း ငိုနေကြတာကို ခုထိ မမေ့နိုင်တာကတော့ အမှန်။

ထိုစဉ်က ပန်းရုံ အသက်ဆယ့်နှစ်နှစ်အရွယ်ပါ။

ဖေဖေကဆုံးပါးခဲ့ပြီ။ ရုပ်ကလပ်ပင် မြေမကျသေး။ အိမ်မှာက မေမေက သတိမေ့။ အန်တီသင်က ဆေးရုံရောက်နှင့်ဖြစ်ကုန်ရသည့်အဖြစ်။

သက်ပြင်းရှိုက်၍ ပန်းရုံ ခုတင်ထက်မှဆင်းကာ ပြတင်းအနီးမှာ သွားရပ်မိရပါပြီ။ ထိုအဖြစ်တွေကို ပြန်ပြန်သတိရတိုင်း ပန်းရုံ ရင်ထဲမှာ ကြေကွဲနေခဲ့ရသည်ချည်း။

ဖေဖေ မရှိတော့သည့် အဖြစ်တစ်ခုသည် ပန်းရုံ၏ရင်ကို ဆိုးဝါးစွာ ထိတ်လန့်တုန်လှုပ်စေခဲ့သည်နှင့်အမျှ အရမ်းကို အထီးကျန် အားငယ်စေခဲ့သည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ကအဖြစ်များသည်လည်း ဘယ်သောအခါတွင်မျှ ပန်းရုံ၏ရင်ထဲမှ ထွက်ခွာမသွားနိုင်စွမ်းခဲ့။ ခု .. ခု .. မေမေသည် အန်တီသင်နှင့် ပတ်သက်၍ မျက်ရည်ကျရင်း ပြောလာချေပြီတကား။

ရင်ထဲမှာ နာကျင်လာသည်။ အန်တီသင်၏သားကြီးဆိုတာ ကိုကိုရန်ပြေ ဆိုတာမျိုး ဖြစ်မနေလျှင် ကောင်းသားဟု စတင်၍ တွေးဖြစ်၏။ ကိုကြီး .. ကိုကြီးနှင့် ပန်းရုံက ဖားရျှပင်ခေါ်ခဲ့သေးသည်ပဲလေ။ သူက ဘယ်တုန်းက မျက်နှာထားပြေပြေချော်ချော ထားခဲ့ဖူးလို့လဲလေ။ စာရေးဆရာဆိုပြီး အားကိုးတကြီးတပည့်ခံတော့လည်း လူပုံမြောက်မြောက် ကိုယ်ဟန်ထည်ထည်နှင့် လုပ်နေသေးသည့် ထိုသူ့ကို ပန်းရုံက လက်ထပ်ရမည်တဲ့လား။

ဘာတွေလာဖြစ်နေသည်တဲ့လဲ .. ဟု စတင်၍ စိတ်တွေပို၍ ရှုပ်ထွေးပင်ပန်းလာရပြီ။ ဒါ .. တကယ့်ကိုအပြောင်းအလဲမရှိ လက်တွေ့မှာ ဖြစ်ပျက်ရင်ဆိုင်လိုက်ရတော့မည့် အနာဂတ်ဖြစ်နေသည်တဲ့လား။ ကိုကြီးရန်ပြေ ဆိုသည့် လူတစ်ယောက်နှင့် လက်ထပ်လိုက်ရတော့မည်တဲ့လား။

"ကျွတ် .. သေချင်တာပဲ .. ဘိုးနဲ့ဘွား စင်ကာပူသွားကြမှာမို့ ဒီမှာနေမယ်ဆိုပြီး လာနေလိုက်ပါတယ် .. ခု .. ဘိုးနဲ့ဘွားတောင် စင်ကာပူ မသွားရသေးဘူး ပန်းရုံက လက်ထပ်ရတော့မယ် .. ဘာတွေလဲ မေမေရ .. ပန်းရုံက ရှေ့နေလုပ်မယ်ဒီ .. စာရေးဆရာလုပ်မယ်နဲ့ ဖြစ်နေတာ .. ခု .. ဘွဲ့တောင်မရသေးဘူး .. စာရေးဆရာလဲ မဖြစ်ရသေးဘူး .. ကလေးပဲရှိသေးတဲ့ဥစ္စာ"



ဟု ရင်ခတ်၍ ညည်းတော့ မေမေ ကိုယ်ကိုမတ်၍ တည့်တည့်ကြည့်လာသည်။ နောက်ဆုတ်မည့်အကြည့် မဟုတ်။ ပို၍ အားကိုးရာ ပျောက်နေသည့်နှယ် ပန်းရုံ ခံစားလာရပါ၏။

"စာလဲဆက်သင်ဖို့ သင်သင်တို့က တာဝန်ယူတယ် .. စာရေးဆရာဖြစ်ချင်တယ်ဆိုရင်လဲ မောင်ရန်ပြေက စာရေးဆရာပဲဥစ္စာ .. သူ့ကိုမေးပေါ့ .. ကိုယ့်ခင်ပွန်းသည်ဖြစ်မှပေါ့ဟာ .. မေးလို့ပိုတောင် အားကိုးရာရှိသေး .. ဒီမယ် .. ဘယ်သူ့မှ အားကိုးငြင်းမယ် စိတ်မကူးနဲ့"

မေမေ ပြတ်ပြတ်ပြောတော့ ပန်းရုံ ဆောင့်အောင့်၍ ခုတင်ရှိရာသို့ ပြန်လျှောက်လာကာ ခုတင်ထက်မှာ မျက်နှာလေးအောက်သိုးသိုးဖြင့် ခြေစင်း၍ထိုင်သည်။

"အလကားပါ .. ကိုကိုပြည့်ကိုလဲ သွားအားကိုးလို့ ရတော့မှာ မဟုတ်ပါဘူး .. မမမိချမ်း အခုချော့အလှလေးနဲ့ လက်ထပ်ရမှာ ဆိုတော့ သူက လိမ္မာပြနေတာလေ .. အလကား"

အောက်ထပ်ဧည့်ခန်းမှာရှိနေသည့် ကိုကိုပြည့်ကိုလည်း လှမ်း၍ အမြင်မကြည်ချင်။ ပန်းရုံ ဝက်ဝံရုပ်ကြီးကို ဆောင့်ခနဲ ယူပိုက်ရင်းမှ မျက်နှာလေးကို ပို၍ပုပ်သိုးထားလိုက်သည်ပါပဲ။

ဘာအကြောင်းပြ၍ ငြင်းလျှင် ကောင်းမည်လဲဟု အရေးတကြီး ဉာဏ်ထုတ်နေရပါသည့်အဖြစ်။ ထုတ်စရာဉာဏ်လည်း မကျန်တော့သည့် အခြေပါလားလေ။

ဘာအကြောင်းပြလိုက်ပြလိုက် မေမေက ပုတ်ထုတ်လိုက်သည်ချည်း။

www.burmeseclassic.com

www.burmeseclassic.com



ခက်သည်က အန်တီသင်သင်၏ မေမေ့အပေါ်ထား သည့် ချစ်ခြင်းဆိုသည့် အချက်ကြီးက ပို၍ပင် ခက်နေသည့် အခက် ဖြစ်နေသည်။

ထိုစဉ်တုန်းက အန်တီသင် အသက်ပင် ဆုံးရှုံးနိုင် သည်အထိ ဖြစ်ခဲ့ရသည် မဟုတ်ပါလား။

ပန်းရုံက အန်တီသင်၏ချွေးမအဖြစ် လက်မခံနိုင် ပါဟု ဖေါ်တင်ကြီး သွား၍ပြင်းနိုင်မည့် အခြေအနေမျိုးလည်း ပန်းရုံဘက်မှာ မရှိ။

ဖျတ်ခနဲ သတိရလာသည်က မျှော်လင့်ချက်များဖြင့် ပါ။ ဟုတ်သားပဲလေ။ ကိုဖိုးတည် မျက်နှာတင်းကြီးကို မေ့ထား ၍၊ ဘယ်ဖြစ်မည်တဲ့လဲလေ။

"အဲဒီ မျက်နှာတည် .. မျက်နှာတင်းကြီးက ပန်းရုံကို လက်ထပ်ချင်ပါ့မလား မေမေရဲ့ .. သေချာအောင်လဲ လေ့လေ့လာလာလေး လုပ်ပါဦး မေမေရ .. သူ လက်မ ထပ်ချင်ဘဲ ရှိနေတာကို ပန်းရုံတို့ဘက်က စီမံနေရင် သူ့ ကို အောက်ကျနောက်ကျလုပ်ရာ ရောက်နေမှာပေါ့"

ဟု ကမန်းကတန်းလေး ကောက်ပြောလိုက်တော့ မေမေ ပြုံးသည်။ မေမေ့အပြုံးက အရမ်းကို အောင်မြင်ကျေနပ် နေသည့်အပြုံး ဖြစ်နေတာကို မြင်ရရင်း ထိတ်လန့်လာရသည်က ပန်းရုံပါ။ နောက်ဆုံး မျှော်လင့်ချက်တော့ ပျက်ပြီဟု အားလျှော့ ချင်လာ၏။

"သူ .. လက်ခံတယ် .. သင်သင် ပြောပြီးပြီ .. ညည်းပဲ ဂျစ်တိုက်နေတာ"



ဟု ပြောလာတော့ ပန်းရုံ အံ့သြမှင်တက်စွာ မေမေ့ ကို မော့ကြည့်မိရပါပြီ။

ဘုရားရေ ..။ သူက .. သူက .. ပန်းရုံနှင့်လက် ထပ်ချင်သည်တဲ့လား။ ခေါင်းညိတ်သည်တဲ့လား။

ပန်းရုံ ထင်ထားသည်က ပန်းရုံကို သူ လုံးဝကြည့် မရဟူ၍ပါ။

"တကယ်ရော .. ဟုတ် .. ရဲ့ .. လား .. မေမေရယ်"

ဟု အသံတိမ်လေးဖြင့် မေးစဉ်ခိုက် မေမေက ဟန်းဆက်ဖုန်းလေးကို ကောက်နှိပ်၍ ...

"သင်သင်ရေ .. ပန်းရုံက မောင်ရန်ပြေ ဆိုတာ သူ့ကို အလွန်ကြည့်မရ ဖြစ်နေတယ်လို့ ထင်နေတာကွယ့် .. သူ မယုံဘဲ ဖြစ်နေတယ်"

ဟု ပြောလာတော့ ပန်းရုံ ကမန်းကတန်းလေးပြေး ၍ ဖုန်းလေးကို ပိတ်ချလိုက်ရပါပြီ။ အန်တီသင် ထံမှ ...

"အံမယ်လေး .. သားက လက်ခံပါသတဲ့ ပန်းရုံလေးရဲ့"

ဆိုသည့် စကားကို မည်သို့ .. မည်သို့ ဖုန်းလေး သက်လွှဲယူ၍ နားထောင်ရဲပါမည်တဲ့လဲလေ။ ပန်းရုံ ရှက်သည်ပေါ့။

ပြီးတော့ .. ပန်းရုံ ရင်ထဲမှာ ခုထိ ကျန်နေသည်က အံ့သြခြင်း။

ပန်းရုံကို သူက .. လက်ထပ်မည်ကဲ့လား။

လက်ထပ်ဖို့ ခေါင်းညိတ်လိုက်သည်တဲ့လား။

ပန်းရုံထင်သည်က ပန်းရုံနှယ် သူသည်လည်း ငြင်း ဆည်ဟု။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမှ ပန်းရုံကို စိတ်ဝင်စားဖော်မရသည့် သူတစ်ယောက်ဆိုတာ ပန်းရုံ သိသည်ပေါ့။

ပုဂံသို့သွားစဉ်ခိုက် ဘယ်တုန်းကများ ပန်းရုံကို သူ မြတ်နိုးသည့် အကြည့်မျိုးဖြင့် ကြည့်ခဲ့ဖူးလို့လဲလေ။

မိန်းကလေးပေမို့ ပန်းရုံ သိသည်။

ဟုတ်သည်။ သိသည်။ သူ .. သူ .. ပန်းရုံကို လုံးဝ စိတ်ဝင်စားခြင်းမရှိ။

ဤသည်က မိန်းမသားတို့ထံမှာ ရှိအပ်ပါသည့် ထူးခြားသော အသိစိတ်တစ်ခု၏ စွမ်းအားဟု ပန်းရုံ ထင်သည်။

ခု .. ခု .. ထို .. မျှ .. ပန်းရုံကို စိတ်ဝင်တစား မရှိခဲ့ဖူးပါသည့်သူက ပန်းရုံနှင့် ဘဝတစ်သက်တာမျှ လက်တွဲဖို့ ဆုံးဖြတ်လက်ခံလိုက်သည့်တဲ့လား။

မယုံရဲနိုင်လောက်အောင် ပန်းရုံ အံ့ဩနေရပါပြီ။

ဒါဆို .. ဒါဆို .. သူ .. သူသည် ပန်းရုံ ထင်သလို မဟုတ်ဘဲ ပန်းရုံကို တိတ်တခိုး ချစ်များ ချစ်နေသည်လား မသိ။

အတွေးတစ်စသည် ရုတ်ခနဲ အံ့ဩရှိန်နှင့် ရှက်စနိုး လေး တိုးဝင်လာစဉ်ခိုက် .. ပန်းရုံ၏ ရင့်ထဲတွင် ထူးခြားသော ရှိန်းမြမြ နွေးထွေးစွာ တိုးဝင်လာသည့် ခံစားမှုသည် ကြည်နူး ခြင်း ဖြစ်နေချေသည်တကား။

ထိုသို့ ဘာကြောင့် ကြည်နူးနေချင်ရပါသတဲ့လဲ။

ဤအတွက်လည်း ပန်းရုံ အံ့ဩချင်နေရပြန်သည်က ပန်းရုံ၏နှလုံးသားကိုပါတည့် ...။





ဘယ်တော့မှ ...
ချစ်မလာနိုင်ဘူးလို့
နှလုံးသားက ပြတ်သားစွာ
ဆုံးဖြတ်ထားသူတစ်ယောက်နဲ့
လက်ထပ်လိုက်ရတာဟာ
အနာဂတ်ကို
မှိုင်းညို့တဲ့အရောင်အဆိုးလိုက်တဲ့
ဘဝခရီးအစလား ...။

ဘယ်တော့မှ ...
သံယောဇဉ်တွယ်မလာနိုင်ဘူးလို့
နှလုံးသားက နက်ရှိုင်းစွာ
ဆုံးဖြတ်ထားသူတစ်ယောက်နဲ့
လက်ထပ်လိုက်ရတာဟာ
အနာဂတ်ကိုကြေကွဲစေတဲ့
ဘဝခရီးအစလား ...။


www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်တယ်ဆိုတာ
လူနှစ်ယောက်ကို
သက်ဆုံးတိုင်သည်အထိ
လက်တွဲပေးလိုက်ခြင်း
ဖြစ်တယ်ဆိုရင် ...
အချစ်ဆိုတာ ပျောက်ဆုံးသွားပြီဖြစ်တဲ့
နှလုံးသားကို ကျိန်စာတိုက်စေတဲ့
ဘဝခရီးအစလား ...။

○ ❧ ○





## အခန်း(၁၁)

မင်္ဂလာပွဲသည် မိန်းကလေးရှင်ဖြစ်သော ကြာရိပ်မြိုင်အိမ်ကြီးမှာ ကျင်းပဖြစ်သည်။ ကြာရိပ်မြိုင်၏ ဧည့်ခန်းဆောင်ကျယ်ကြီးသည် မင်္ဂလာဧည့်ခံရာနေရာ ဖြစ်နေပေမယ့် နေရာထိုင်ခင်းက ...ဖက်အဝန်းအဝိုင်း၏ ဆက်ဆံရေးကျယ်ပြန့်မှုကြောင့် ခြံဝင်းကျယ်ကြီး၏ မြက်ခင်းပြင်စိမ်းမြမြသို့တိုင် စားပွဲဝိုင်းကြီးများချချက် နှင်းဆီခက်ထိုး ပန်းအိုးလေးတွေဖြင့် လှပစွာ ရှိနေရပါ၏။

မြက်ခင်းစိမ်းမြမြသည် နူးညံ့သော ကော်ဇောကျယ်ကြီးနယ်ရှိလျက်။

ပန်းအိုးများ ပွင့်ခက်တဝေဝေဖြင့် မြက်ခင်းအနှား...တ်အဖြစ် ဘေးပတ်လည်မှာ ရှိနေကြသည်မို့လည်း ရင်ထဲမှာ...ည်ဆင်းလှပနေပါချေ၏။ မြက်ခင်းကျယ်ကြီးထက်ရှိ အဖြူရောင်...ပွဲခင်းနှင့် အနီရောင် နှင်းဆီခက်တို့ထိုးထားရာ ပန်းအိုးတို့...ည် အမြင်မှာ ထင်းနေစေလျက်။

မြက်ခင်းထောင့်နေရာလေးတွေမှာ ပန်းခုံလေးတွေ...ကြကာ ထိုနေရာဆီမှ ဧည့်ပရိသတ်တို့ ဝင်ထွက်သွားလာနိုင်...ချေသည့်အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



သတို့သမီးနှင့် သတို့သားတို့၏ မင်္ဂလာနေရာလေး ရှေ့မှာလည်း အဖြူရောင်နှင်းဆီခက်များချည်း ပန်းအိုးပြည့်မျှ ရှိနေကြသည်က ငွေပန်းအိုးကြီးများ စီတန်းသွယ်လျက်ဖြင့် ရှိနေသည့်အဖြစ်။ နှင်းဆီရနံ့သည် တဝေ့ဝေ့သင်းနေချေသည်ပဲ။

မင်္ဂလာပွဲလာသူတို့ စုံတွဲတွေလည်းပါလျက်။ တချို့ကျတော့လည်း တစ်ကိုယ်တည်းသမားတွေ ဖြစ်ကြချေလျှင် တစ်ယောက်တည်းတက်သည်မို့ .. ထိုလူပျိုကြီးတွေ အပျိုကြီးတွေကိုလည်း ရင်နီးသူတချို့က ချစ်စနိုးလေးပင် နောက်ကြပြောင်ကြနှင့် ဝေဝေစည်စည် ရယ်ရယ်မောမောလေးတွေလည်း ဖြစ်နေကြပါချေ၏။

သူကတော့ ဘေးမှာ ကတ္တီပါထိုင်ဖုံလေးထက်မှာ ထိုင်လျက် ဘီးဆံထုံးတွေ ဘာတွေဖြင့် အမြင်ဆန်းနေရပါသည့် ကောင်မလေးကို တစ်ချက်ငဲ့ကြည့်မိသည်။ စိန်စိုက်ဘီးတွေ၊ စိန်ဆံထိုးတွေနှင့် စိန်တွေညွှတ်အိနေအောင် ဆင်ထားပါသည့် မြပန်း... သည် သူမြင်နေခဲ့ရပါသော ကောင်မလေးနှင့် တခြားစီဖြစ်နေသည်။ မျက်နှာထက်မှာလည်း မိတ်ကပ်တွေ ဘာတွေ လူးထားတာ... မင်းသမီးရုပ်လေး ချထားသလို ဖြစ်နေ၏။

လှတော့အလှသားဟု သူ တွေးဖြစ်သည်။ ဒါ... သူ့ရင်သည် မလှုပ်ခတ်နေ။ မကြည်နူးနေ။ ရင်ထဲမှာ ငွေ... တမ်းတနေတာပဲ ရှိနေသည်။

ကောင်မလေး မျက်လွှာလေးချထားကာ အနေ... နေတာလည်း သူ ရိပ်မိသည်။

ရှက်အမ်းအမ်းလေး ဖြစ်နေတာကိုလည်း တော...



လေး၏ မျက်နှာထက်မှာ ပထမဆုံး မြင်ဖူးခြင်း။ ဖွာတောတော လေးနှင့် အလွန်ပစိပစပ်များသော ကောင်မလေးတစ်ယောက်ဟု ပင် ယုံကြည်ရန်မရှိ။ ငြိမ်ကုပ်အေးစက်နေသည့် ကောင်မလေး။ ပြီးတော့ ပန်းဆီရိပ်လေး သမ်းနေအောင် ရှက်နေသည့် ကလေးမ နုလို .. မင်းသမီးရုပ်လေးလို ကတ္တီပါထိုင်ဖုံ ရွှေအိုရောင်ခုံလေး ထက်မှာ ထိုင်နေရတာထက် တစ်နေရာရာမှာ ခြေခင်းလက်ဆန့် ပေးနေချင်နေမှန်းလည်း သိသာနေသည်။ လွန်းတစ်ရာချိတ် .. ပန်းနုရောင်ထက်အောက်ဝတ်စုံလေးနှင့် ချိတ်ပဝါလေး လွှမ်းခြုံ ထားပါသည့် မြပန်းရုံသည် နန်းဆန်ကြော့စင်နေသည်ကတော့ အမှန်ပါ။

အနီးတကပ် ရှိနေရတာမို့လည်း ဤကောင်မလေး အရမ်းကို နုနုဖန့်ဖန့်လေး ရှိလွန်းလှတာကို သူ သတိမထားမိဘဲ နေ၍မရနိုင်စွမ်း။

သူ ဤမျှလှပသော ကြွေရုပ်လေးနှယ် ရှိနေပါသည့် ရွှန်းမှုရာကြော့နှယ် ရှိပါချေသော ကောင်မလေးတစ်ယောက် နှင့် လက်ထပ်ရလိမ့်မည်ဟု မမျှော်လင့်ထားမိ။ ပြီးတော့ .. လုံးဝ စိတ်လှုပ်ရှားမှု .. ကြည်နူးအေးချမ်းမှုတွေ ကင်းပနေသော သတို့ သားတစ်ယောက်အဖြစ်လည်း သူ့ဘဝကို စတင်ခြေလှမ်းရချေ လိမ့်မည်ဟုလည်း မထင်ထားမိ။ တစ်နေ့မှာ သူ လက်ထပ်ရမည့် မိန်းကလေးသည် သူ မြတ်နိုးစွာ .. စိတ်လှုပ်ရှားစွာ .. ချစ်ရပါ သည့် မိန်းကလေးပဲ ဖြစ်ရချေမည်ဟု မျှော်လင့်ယုံကြည်ထားမိခဲ့ ဖူးသည်။ ထိုမိန်းကလေးသည် တကယ်တမ်းကျတော့ ငွေဖြိုး နေခဲ့သည်ပဲလေ။ ဟုတ်သည်။ သူ .. ငွေ့ကိုချစ်မြတ်နိုးခဲ့ရလျက်

www.burmeseclassic.com

www.burmeseclassic.com



ခုထိလည်း ချစ်မြတ်နိုးနေမိရဆဲပါ။ မြပန်းရုံ၏အလှထက် ငွေ့အလှသည် ဘယ်လိုမှ မကျော်လွှားနိုင်တာ သူ ဝန်ခံပါသည်။ မြပန်းရုံ၏အလှက တကယ့်ကို ရွှေရည်ပန်းဆက် လှနေသည့်အလှဆိုတာ ခုလို ကြွေရုပ်လေးချထားသည်နှယ် ရှိနေတာကို အနီးတကပ် မြင်နေရလေလေ သူ ဝန်ခံရလေပါ။ ဒါပေမဲ့ သူ မြပန်းရုံကိုမှ မချစ်သည့်အဖြစ်။ သူချစ်သည့် ငွေသည် သူ့နှလုံးအိမ်ကို စိုးမိုးသူ ဖြစ်နေလျက် ...။ မြပန်းရုံသည် သူ လက်ထပ်လိုက်ရသည့် မိန်းကလေးတစ်ယောက် ဖြစ်နေချေသည်ပကား။

"ငါ မတရားဘူးဆိုတာ ငါသိနေပါတယ် မြပန်းရုံ .. မင်းကိုအားမှာထားပြီး ချစ်သူဟောင်းကို တမ်းတလွမ်းဆွတ်နေတဲ့ သတို့သားတစ်ယောက်ကို သတို့သမီးလေးတစ်ယောက်ဟာ ဘယ်လိုမှ ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူးဆိုတာ ငါ သိနေပါတယ် .. ဒါပေမဲ့ ငါ .. ဘာတတ်နိုင်မှာလဲ မြပန်းရုံ"

သူ ရင်ထဲမှာ ထိထိခိုက်ခိုက် တွေးမိနေရဆဲ။ သူ့ရင်ထဲမှ လိပ်ပြာမလုံ။ ဟုတ်သည်။ မြပန်းရုံ အပေါ် လိပ်ပြာမလုံ။ လူကြီးတွေ သဘောအရ လက်ထပ်ရသည်ဆိုသော ဤပွဲတစ်ခုသည် မြပန်းရုံအတွက် စိတ်လှုပ်ရှားစရာနေ့ ဖြစ်ချင်ဖြစ်နေနိုင်မည်။

သူ့အတွက်ကျတော့ ကြေကွဲနေရပါသည့် နေ့တစ်နေ့ ဖြစ်နေချေသည်တကား။

သတို့သား သတို့သမီးတို့ကို လက်ဆွဲနှုတ်ဆက်ကြသူတွေကို အလိုက်တသင့် တုံ့ပြန်ပြုံးပြရ။ လက်ဆွဲနှုတ်ဆက်ရနှင့် နှစ်ယောက်စလုံး ပင်ပန်းနေကြမှန်း သိသာနေကြသည်ပါပဲ။



အထူးသဖြင့် ငြိမ်သက်စွာထိုင်နေရပါသည့် မြပန်းရုံလေး ညောင်းရှာ၍ထင့်။ မသိမသာလေး ခြေထောက်နုနု .. ခြေဖဝါးနုနုလေးတွေကို လက်လေးတွေဖြင့် တစ်ချက် တစ်ချက် လှမ်းရှိုးချိန်လေးမှာ ဖွဖွလေး ပွတ်နှိပ်နေတာကို သူ မြင်သည်။ သူကိုယ်တိုင်လည်း ပိုးတိုက်ပုံရင်ဖုံးကြီးနှင့် ပိုးချိတ်ပုဆိုး ပန်းနုရောင် သတို့သားဝတ်စုံနှင့် နေနေရတာ အနေကျပ်နေရသည်မို့ ...

"သိပ်ညောင်းနေပြီလားဟင်"

ဟု စာနာစိတ်ဖြင့် တစ်ချက်လွှတ်ခနဲ မေးလိုက်တော့ မြပန်းရုံ သူ့ကိုမော့ကြည့်လာသည်။ ပထမဆုံး ဤနေ့မှာ ပြောဖြစ်သော စကားသည် နည်းနည်းတော့ ရယ်ချင်စရာ ကောင်းနေချေမည်ထင့်။ သတို့သား၏နှုတ်မှ သတို့သမီး၏အလှတရားများကို ပြောတာမျိုး ဖြစ်မနေဘဲ ညောင်းနေပြီလား ဆိုသည့်စကားတစ်ခွန်းကို စတင်ပြောဖြစ်ခြင်းသည် အဘယ်သို့သောမင်္ဂလာပွဲမျိုးမှာမှ ရှိနိုင်မည်မထင်။ သူကိုယ်တိုင်ရေးသည့် ဝတ္ထုတွေထဲမှာပင် သတို့သားဆိုတာ သတို့သမီး၏ အလှလေးတွေကို တမြတ်နိုးနိုး ငေးကြည့်နေတာမျိုး။ တယုတယ အရိပ်တကြည့်ကြည့်ရှိနေတာမျိုးတွေကို ရေးခဲ့သည်ပဲလေ။ ခုကျတော့ အလွန်တရာကိုမှ အလိုက်ကမ်းတရား မသိသည့် သတို့သားကြီးအဖြစ် သူကိုယ်တိုင် ရှိနေသည်ကောဟု စတင်၍ သူ တွေးဖြစ်လာပြန်သည်။ ဤသို့ကျတော့လည်း မြပန်းရုံကို သူ အားနာချင်၏။

"ညောင်းသည်တွေကို နည်းနည်းလိုက်ပြီး ညောင်းခံလိုက်ကြမလားဟင် .. အညောင်းပြေအောင် လျှောက်တဲ့သဘောမျိုးဖြစ်ချင်လဲ ဖြစ်နေမှာပေါ့လေ .. ဒါပေမဲ့ ညောင်းရသတ်အမြင်

www.burmeseclassic.com

www.burmeseclassic.com



မှာတော့ သူတို့ကို လိုက်ဧည့်ခံတယ်လို့ပဲ သဘောပေါက်ကြမှာပါ”

သူ ပြောတော့ မြပန်းရုံ ခေါင်းလေးငုံ့ချလိုက်ကာ မသိမသာလေး ခေါင်းယမ်းပြ၏။ ဤကောင်မလေး ရှက်နေတာကိုက အရမ်းကို အပြစ်ကင်းစင်လျက် ချစ်စရာလေး ဖြစ်နေတာ အမှန်။ ဒါပေမဲ့ .. သူ .. ရင်ထဲမှာ ရင်ခုန်လှုပ်ရှားနေတာမျိုး ဖြစ်ကိုမလာနိုင်ခဲ့။ မသိမသာ တုန်ခါနေသည့် မြပန်းရုံ၏လက်ချောင်းလေးတွေကို သူ မြင်နေရတော့ ရှက်နေရှာလွန်းသည်ပဲဟု ပို၍နားလည်လာရလျက် သနားစိတ် ဖြစ်တည်လာတာကိုတော့ သူ မငြင်းသာ။

မေမေ တစ်ချက်ရောက်လာကာ မြပန်းရုံ၏ဘေးမှာ တစ်ချက်ဝင်ထိုင်၍ မျက်နှာမှချွေးလေးတွေကို လက်ကိုင်ပဝါလေးဖြင့် ဖွဖွလာသုတ်ပေးနေတော့ ...

“သူ .. ညောင်းနေတယ် မေမေ”

ဟု တိုးဖွဖွ သူ ဘာကြောင့် အရေးတကြီး ပြောပြလိုက်မိရပါသတဲ့လဲ။ သူ့ဘာသာလည်း အံ့သြချင်သည်။ ဘာကြောင့်ပဲဖြစ်ဖြစ် ဤမိန်းကလေးသည် သူနှင့်လက်ထပ်ထားပြီးဖြစ်သော မိန်းကလေးပေမို့ မြပန်းရုံနှင့် ပတ်သက်လာလျှင် သူ့မှာ တာဝန်ရှိနေသည်ဟု နားလည်ထားတာကြောင့် ဖြစ်ပေလိမ့်မည်။

“မေမေလဲ အဲဒါ လာပြောတာ .. သားနဲ့သမီးတို့ နည်းနည်း ဧည့်ပရိသတ်ကို ဧည့်ခံနှုတ်ဆက်လိုက်ဦးနော် .. လာ .. လာ”



ဟု မေမေ စောင့်ခေါ်တော့ မြပန်းရုံ မေမေ့လက်ကိုဆွဲ၍ ခပ်ဖြည်းဖြည်း ထသည်။ ခြေထောက်လေးတွေ ကျင်နေချေသည်ထင့်။

ခပ်ဖြည်းဖြည်း လျှောက်သည်မို့ သူလည်း ဘေးမှ အလိုက်သင့် ခပ်ဖြည်းဖြည်း လိုက်လျှောက်ရသည်ပါပဲ။

“လျှောက်လို့ရတယ် မဟုတ်လားဟင်”

သူ လှမ်းခနဲ မေးမိသည်။ မြပန်းရုံ မော့ကြည့်လာကာ ခေါင်းလေးညိတ်ပြလာစဉ်ခိုက် ရွှန်းလဲ့နေသော မျက်ဝန်းလှလှလေးမှာ ကျေးဇူးတင်ရိပ်ကို သူ အမိအရဖမ်းဆုပ်တွေ့မြင်လိုက်ရပါပြီ။ ဤကလေးမလေးထံမှ ဤသို့သော ကျေးဇူးတင်ရိပ်ကို ခုမှသူလည်းကြုံကြိုက်လက်ခံပေးလိုက်ရခြင်းပါ။ အမြဲတမ်း စွာထက်ထက်လေး လုပ်လုပ်ပြတတ်ပါသည့် မြပန်းရုံထံမှ ထိုသို့ အေးမြမြနိုင်သော ကျေးဇူးတင်ရိပ်လေးတွေ ဖေးတင်လာပါသည့် မျက်နှာလေးသည် အဘယ်မျှ အေးအေးချမ်းချမ်း နိုင်နေပါသလဲ။

ဧည့်ပရိသတ်ကို သူနှင့် မြပန်းရုံတို့ တွဲတွဲယှဉ်တွဲ၍ တပြုံးပြုံးဖြင့် နှုတ်ဆက်စဉ်ခိုက် လူကြီးပိုင်းထံမှ ...

“ကျက်သရေ ရှိလိုက်တာကွယ်”

“နေနဲ့လ .. ရွှေနဲ့မြပါပဲ ကလေးတို့ရယ်”

ဆိုတာမျိုးတွေ ကြားရသည့်နှယ် ...

“ရွှေရုပ်လေး ကောက်ရသူ .. ဆိုတဲ့ သီချင်းကို မင်းရင်ထဲမှာ ဆိုနေတယ် မဟုတ်လား”

“ဒီလောက်လှတဲ့ ရွှေရုပ်လေးကို မင်း လုံအောင်ဖွက်ထားပြီး ခုမှ ချပြတာကိုးကွ .. ခွေးကောင်”

www.burmeseclassic.com

www.burmeseclassic.com



ဟု ရင်းနှီးသည့် သူငယ်ချင်းတွေကလည်း မြပန်းရုံ၏အလှကိုပဲ ခေါင်းတည်၍ တပြောတည်း ပြောနေကြပါသည့်အဖြစ်။ သူကိုယ်တိုင်လည်း မြပန်းရုံကို ထိုအခါကျမှ တကြည့်ကြည့်ဖြင့် ရှိရှိသွားရလျက် ...

"ဟုတ်ပါရဲ့ .. လှလိုက်တဲ့ ကောင်မလေး"

ဟု သူများစကားကို လိုက်၍ လိုက်၍ ရင်ထဲမှ ထောက်ခံနေမိရချေသည်တည့်။

ထိုစဉ်ခိုက် အဖြူရောင်ပိုးဇာဝတ်စုံဖြင့် ကိုယ်ဟန်မတ်မတ်လေးနှင့် ဝင်လာပါသည့် မိန်းကလေးတစ်ယောက်ကို သူ မြင်လိုက်ရစဉ်ခိုက် မျက်စိတွေ ပြာခနဲ ဖြစ်သွားရပါပြီ။

ငွေ ..။ ငွေပါတကား ..။ သူ့မျက်ဝန်းကို သူ မယုံကြည်နိုင်ဘဲ ဖြစ်နေသည်။ ကိုယ်သည် သိသိသာသာကြီး ယိုင်ခနဲဖြစ်သွားတာမို့ ဘေးမှာရှိနေပါသည့် မြပန်းရုံ၏ လက်ချောင်းတွေက စိုးရိမ်စိတ်လေး၏နောက်သို့ ပါသွားရလျက် သူ့လက်မောင်းကို လာဆုပ်ကိုင်လိုက်တာကိုလည်း ခံလိုက်ရပါချေသည်တည့်။

"ငွေ .."

သူ့နှုတ်မှ မယုံကြည်နိုင်သည့် ခံစားချက်တွေဖြင့် ကြေကြေကွဲကွဲ ပွင့်ကျလာပါသည့်အသံ။ မြပန်းရုံသည်လည်း ကြားချေမည်သာ။ သူ စူးစိုက်ကြည့်နေသည့် အကြည့်အတိုင်း မြပန်းရုံလည်း လိုက်ကြည့်လိုက်တာကို တစ်ချက် ဖျတ်ခနဲ မြင်လိုက်ရ... ကို သူ ကြည့်လိုက်မိစဉ်ခိုက် မြင်လိုက်ရပါပြီ။ ဖြန်းခနဲ ... သည်လည်း သူ့ဘေးသို့ ရောက်လာလိုက်တာကို ကြုံ၏။ ... ရပ်နေသည့် သူ့ရှေ့တည့်တည့်မှာ ငွေသည် လှပစွာပြုံးလျက် ...



နေသည်။ ဖြူဥဥအသား။ နက်မှောင်သော မျက်ဝန်း။ ထူခုံးသော မျက်ခုံးတန်း။ စိုရဲနေသော နှုတ်ခမ်းနုနု။ သူ့သွေးတွေ ရပ်ဆိုင်းကုန်ပြီလား ထင်ရလောက်အောင်ပဲ ငွေသည် သူ့ရှေ့တည့်တည့်မှာ ရပ်နေပါသည့် အဖြစ်။ လက်ထဲမှ လက်ဖွဲ့ထုပ်လေးကို ပြုံး၍ ကမ်းပေးလာတော့ ကယောင်ကတမ်းနိုင်စွာ သူ လက်ခံမလိုရှိစဉ်ခိုက်မှာပဲ မေမေသည် မြန်ဆန်လွန်းစွာပဲ ယူလိုက်ကာ ...

"ပိုးဥ ယူသွားလိုက်"

ဟု ခပ်လှမ်းလှမ်းမှာ အအေးချနေပါသည့် ပိုးဥကို လှမ်းခေါ်ပေးလိုက်ပါပြီ။

"ငွေ"

သူ ခေါ်လိုက်မိရင်းမှ ငုံ့မိုး၍ ငေးကြည့်စဉ်ခိုက် ပန်းရုံသည် သူ့မျက်နှာထက်မှာ လျင်မြန်စွာ ရုတ်ခနဲ ရုတ်ခနဲ ဖြတ်ပြေးနေသည့်အရိပ်များစွာကို ဖမ်းဆုပ်ကြည့်နိုင်အောင် ကြိုးစားနေသည်ဆိုတာကိုလည်း အလိုလို သိနေသည်။ အံ့ဩရိပ် ..။ ကြေကွဲရိပ် ..။ ပြီးတော့ ထိခိုက်နာကျင်ရိပ်များစွာတို့သည် သူ့မျက်နှာထက်မှာ တောက်လျှောက်ဖြစ်တည်နေကြပြီ ဆိုတာကိုလည်း သူ့ဘာသာသူ သိနေသည်။ တားဆီးထိန်းချုပ်၍ မရနိုင်တော့သည့် ခံစားမှုများစွာကို မြပန်းရုံသာမက အနီးအပါးမှသည် ပရိသတ်သည်လည်း မြင်နေကြချေမည်သာ။

"မင်္ဂလာနေ့ ဖြစ်ပါစေ ကိုကို ... ကျွန်မ ငွေဆစ်ပန်ပါ .. ပန်လို့ ခေါ်ပါတယ် .. မမငွေသစ်ပန်နဲ့ အမြွှာညီအစ်မပါ .. မမငွေ ဆုံးတော့ ပန် ပြင်ဦးလွင်ကို ရောက်ပါတယ် .. မေမေလဲ ဆုံးခဲ့ပြီ .. ပန် .. ခု .. ပြင်ဦးလွင်မှာ နေပါ

www.burmeseclassic.com

www.burmeseclassic.com



တယ် .. မမငွေ ထားခဲ့တဲ့ဆိုင်ကို .. လာဖွင့်ဖို့ ရန်ကုန်ကို ရောက်လာတာပါ .. မမငွေနဲ့ ပတ်သက်တဲ့ ဒိုင်ယာရီကို ပန် ဖတ်ရတာမို့ ကိုကိုနဲ့ပတ်သက်ပြီး အားလုံးသိနေပါတယ် .. ပန်ရောက်တော့ ကိုကို့ အထည်စက်ရုံကိုတောင် ရောက်ခဲ့ပါသေးတယ် .. ကိုကို မင်္ဂလာပွဲရှိနေလို့ ရုံးမထိုင်ဖြစ်ဘူးဆိုတာကိုပဲ အဲဒီစက်ရုံမှာ ပန် သိခဲ့ရတာပါ .. ဒါကြောင့် .. ဒီနေ့မှာ .. ပန် .. ဖိတ်ကြားသူ မရှိတဲ့ ဒီ မင်္ဂလာပွဲကို ရောက်လာခဲ့ရတာပါ ကိုကို .. မမငွေရဲ့ပြင်ဦးလွင်အိမ်မှာ ကိုကို့ဓာတ်ပုံကိုလဲ မှန်ပေါင်သွင်းထားပြီး မမငွေရဲ့အိပ်ခန်းစားပွဲမှာ တွေ့ခဲ့ရတာမို့ .. ပန် မြင်ဖူးခဲ့ပြီးနေပါပြီ"

ဟု ဆက်တိုက်ပြောနေသမျှ မှင်တက်ကြည့်နေရာမှ ဖျတ်ခနဲ သတိဝင်လာကာ မြပန်းရုံကို အလောတကြီး သူကြည့်လိုက်မိစဉ်ခိုက် တည်ငြိမ်စူးရှသော အကြည့်လေးတွေဖြင့် ငွေဆစ်ပန်နှင့် သူ့ကို ကြည့်နေသည့်အကြည့်နှင့် ကြုံသည်။ ဘုရားရေ ..။ ဤကောင်မလေး၏ မျက်နှာထက်မှာ စောစောက ရှိနေသည့် အရိပ်လေးတွေ ပျောက်ကွယ်သွားကုန်ကြချေပြီကော။ တည်ငြိမ်စွာ အကဲခတ်ကြည့်နေသည့် အကြည့်။ ဘာကိုမှ သူ .. မပြောချင်တော့။ ရှင်းပြစရာလည်း မလိုတော့။ ငွေ့အိပ်ခန်းရှိ စားပွဲထက်မှာ မှန်ပေါင်သွင်းဓာတ်ပုံတစ်ပုံအဖြစ် ရှိနေသည်ဆိုကတည်းက .. ငွေနှင့် သူ့အခြေအနေကို မြပန်းရုံ ဘာဆိုဘာမျှ ဖွင့်မေးရန် မလိုတော့သည့်အဖြစ်။ အားလုံး သိနေချေမည်သာ။ သိသွားရတော့မည်သာ။



"ဧည့်သည်ကို မေမေပဲ ဧည့်ခံလိုက်ပါမယ် သား .. လာပါ .. မငွေဆစ်ပန် .. ဖိတ်ထားတာ မဟုတ်ပေမယ့် .. အန်တီက သားရဲ့မင်္ဂလာပွဲကိုလာတဲ့ ဧည့်သည်တစ်ယောက်ကို ဧည့်ဝတ်ပြုရမှာ ဝန်မလေးပါဘူး .. လာ .. လာပါ"

မေမေ့မျက်နှာ အရမ်းကို အေးစက်တည်ငြိမ်လွန်းနေတာ သူလည်း မြင်နေရသည်။ ငွေဆစ်ပန်၏ မျက်နှာထက်မှာ ခံပြင်းရိပ်စွက်နေသော အပြုံးတစ်ပွင့်က ဖျတ်ခနဲ ဖြစ်တည်လိုက်တာကိုလည်း သူ စိတ်ရှုပ်ထွေးစွာ မြင်နေရသည်။

"ရပါတယ် အန်တီသင် .. သူ့ကို ပန်းရုံနဲ့ ကိုကြီးတို့ ဧည့်ခံလိုက်လို့ ဖြစ်ပါတယ် .. ဘယ်လိုလဲ ကိုကြီး .. အဲဒီ ငွေဆစ်ပန်ဆိုတဲ့ သူ့ကို ပန်းရုံတို့ ဟိုနားက စားပွဲမှာဧည့်ဝတ်ပြုလိုက်ကြရအောင်လား"

သူ့လက်မောင်းကို ပိုင်စိုးစွာ ကိုင်လိုက်ကာ ပန်းရုံ သူ့ကို မော့ကြည့်၍ ပြောလာတော့ သူ ပို၍စိတ်တွေရှုပ်ထွေးပင်ပန်းလာသည်။ ဒါပေမဲ့ .. သူ .. တစ်ခုသတိမထားဘဲနေ၍ မရနိုင်သည်က ပန်းရုံ ဆိုတာ ရတ်ချည်း ဘာကိုပဲကြုံကြုံ .. အရှုံးမပေးတတ်စွာ တုံ့ပြန်ရင်ဆိုင်တတ်သူဟူ၍ပါ။ ထိုစိတ်ကလေးကိုတော့ သူ အထင်မကြီး၍ မရနိုင်။ ခေါင်းညိတ်ပြလိုက်သည့် သူ့ကို ပန်းရုံ ပြုံး၍ မော့ကြည့်သည်။ နောက် .. တည်ငြိမ်စွာပဲ ငွေဆစ်ပန်ကို လှမ်းကြည့်ကာ ...

"ဟိုစားပွဲမှာ ပန်းရုံတို့ တူတူခဏလောက်တော့ ထိုင်ကြတာပေါ့ မမငွေဆစ်ပန် .. ဒါပေမဲ့ သိပ်တော့ မကြာနိုင်ပါဘူးနော် .. ပန်းရုံတို့က တခြားဧည့်သည်တွေကိုလဲ

www.burmeseclassic.com

www.burmeseclassic.com



ညှော်ခံရမှာလေ .. ပြီးတော့ .. ခုလို တကူးတက ဒီပွဲကို မဖိတ်ဘဲနဲ့ ရောက်ဖြစ်အောင်လာတဲ့ .. မငွေဆစ်ပန်ရဲ့ဂရုစိုက်မှုကိုလဲ ကျေးဇူးတုံ့ပြန် အသိအမှတ်ပြုတဲ့အနေနဲ့ တူတူတာတ်ပုံလေးလဲ ရိုက်လိုက်ချင်ပါတယ်ရှင် .. ကျွန်မနဲ့ .. ကိုကြီးတို့ရဲ့ မင်္ဂလာနေ့မှာ .. တက်ရောက်ရတဲ့ ဧည့်သည်တစ်ယောက်အဖြစ်နဲ့ ရှင်လဲ အမှတ်တရဖြစ်ကျန်နေခဲ့အောင်ပါ”

ဟု တည်တည်ငြိမ်ငြိမ်လေး ပြောလိုက်ပါသည့် မြပန်းရုံကို သူ ဤတစ်ကြိမ်မှာလည်း ထပ်၍အံ့သြစွာ ငုံ့မိုးငေးစိုက်ကြည့်လိုက်မိရပါပြီ။

အောင်နိုင်သူ တစ်ယောက်နှယ် ခပ်ထည်ထည်နိုင်စွာ ရပ်လျက် လွှမ်းမိုးသည့် အကြည့်လေးတွေဖြင့် ကြည့်နေပါသည့် မြပန်းရုံ၏ အကြည့်သည် ငွေဆစ်ပန်ကို အုပ်စီးထားသည့်နှယ်ရှိ၏။ လှောင်ထေ့ထေ့လေးကြည့်ကာ စောစောပိုင်းက သူ့ရှေ့မှာ ရပ်နေခဲ့ပါသည့် ငွေဆစ်ပန်၏အပြုံးဆိုတာ လောလောဆယ်မှာ ပျောက်ကွယ်သွားရစေလောက်အောင်ပဲ မြပန်းရုံ၏အပြုံးက အပေါ်စီးဆန်နေသည်။ ပြီးတော့ .. အေးစက်သော အကြည့်သည် ဖြုတ်ခနဲ သူ့ထံသို့လည်း မြန်ဆန်တိုတောင်းလွန်းစွာပဲ ရောက်လာချေသည်တကား။

မြပန်းရုံ၏ လက်လေးတွေကတော့ ပိုင်စိုးသူကေရီတစ်ယောက်ဟန်ဖြင့် သူ့လက်မောင်းတွေကို ဘယ်သူ့တိုက်တွန်းချက်မှုမပါဘဲ ခိုင်မြဲစွာ ဖေးတွဲထားချေသည်တည့် ...။

○ ❧ ○



## အခန်း(၁၂)

“သာဓု .. သာဓု .. သာဓု .. ဤလင် ဤမယား .. နှစ်ပေါင်းရှည်ကြာ မေတ္တာနှင့်ဖက်၍ .. သစ္စာနှင့်ဖက်၍ .. သက်ဆုံးတိုင်မျှ ပေါင်းသင်းအောင်မြင်ခြင်းနှင့် ပြည့်စုံပါစေ .. လိမ္မာရေးခြားရှိသော ဇနီးသည် .. ဦးဆောင်နိုင်သော ခင်ပွန်းသည်တို့အဖြစ် .. မျှမျှစင်စင် .. ကြည်ကြည်လင်လင် ပေါင်းဖက်နိုင်ကြပါစေ .. ဇနီးသည်ကို ချစ်သောခင်ပွန်း .. ခင်ပွန်းသည်ကို ရိုသေကြည်ညိုသော ဇနီးသည်အဖြစ် ရှိကြပါစေ .. သားကောင်း သမီးကောင်း ရတနာထွန်းကားကြပါစေ .. ဘဝတစ်လျှောက် မြူမျှမထင်သော .. သောကကင်းစင်သည့်ဘဝကို ပိုင်စိုးနိုင်ကြပါစေ”

ဘိုးနှင့်ဘွားတို့ကပဲ ဦးဆောင်၍ ဆုပေးကြသည်မို့ နှစ်ဖက်လူကြီးမိဘတွေကတော့ ခေါင်းတညိတ်ညိတ်ဖြင့် သူ့ကိုရော ပန်းရုံကိုရော ပြုံး၍ကြည့်နေကြသည်ပါပဲ။

“သားကလဲ .. သမီးလေး ပန်းရုံအပေါ် စိတ်ရှည်သည်းခံရမယ် ကြားရဲ့လား .. ပန်းရုံလေးက ကလေးဆိတ်ပဲရှိတာ ..

www.burmeseclassic.com

www.burmeseclassic.com



သားကအကြီး .. သားက စိတ်ရှည်သွန်သင်ပေးရမယ် .. နားလည်ပေးရမယ် .. ကြင်နာတဲ့စိတ် .. ချစ်တဲ့စိတ်ရှိရမယ် .. သားဟာ ပညာတတ်တစ်ယောက်ပဲ .. နားလည်လိမ္မာမှာပါ .. အဲသလိုပဲ ဖေဖေ ယုံကြည်တယ်"

ဖေဖေ လေးလေးနက်နက် ပြောနေတော့ မေမေ့ ပန်းရုံ၏ဆံစလေးကို သပ်ပေးကာ ပြုံး၍နေသည်ပါပဲ။ မေမေ့ မျက်ဝန်းတွေ အရမ်းကို အေးချမ်းကြည်စင်နေကြတာကို သူမြင်သည်။ မေမေ စိတ်ချမ်းသာနေသည် ဆိုတာကို သိနေရသည်မို့လည်း သားလိမ္မာတစ်ယောက် အဖြစ်မတော့ သူ ရပ်တည်ခဲ့ရချေပြီပဲလေ .. ဟု တွေးဖြစ်၏။ ငွေ့ကို တမ်းတနေသည့်စိတ်တွေဖြင့် သူ ထိုင်နေရင်း ..။ သတို့သမီး အသစ်စက်စက်လေးအကြောင်းကို မတွေးဖြစ်ဘဲ ချစ်သူကို တမ်းတနေတာ မေမေသိလျှင် ရင်ထဲကောင်းနိုင်မှာ မဟုတ်တာကို လိပ်ပြာမလုံချင်ပြန်။ ပြီးတော့ .. ပန်းရုံအပေါ်မှာလည်း မတရားရာ ရောက်နေသည် ဆိုတာကိုတော့ သူ့အသိဉာဏ်က သူ့ကို ပြန်၍ ပြန်၍ သတိပေးနေသည့်အဖြစ်။ ခက်သည်က .. သူ့နှလုံးသားမှာ ငွေသည် စွဲစွဲထင်ထင်ရှိနေဆဲ။ ထိုခံစားချက်က ပန်းရုံအပေါ်မှာ မတရားသည်ပဲထားစဦး .. သူ့နှလုံးသားအပေါ်မှာတော့ သူပြန်၍ ရိုးသားနေခြင်းဟု မှတ်ယူလိုက်ရပါသည့်အဖြစ်။

"မြေးကလဲ အိမ်ထောင်သည်ဖြစ်ပြီ .. ခင်ပွန်းသည်အပေါ် ရိုသေရမယ် .. ကြည်ညိုရမယ် .. သားကိုသခင် လင်ကို ဘုရားရယ်လို့ ရှိရမယ် .. ပြီးတော့ မဆိုးရဘူး .. ကိုယ်က ငယ်တယ်ဆိုပြီး ဗိုလ်ကျဆိုးတာမျိုး မလုပ်ပါနဲ့ .. မြေးကို



ဘွား အိမ်မှုကိစ္စ သင်ထားပေးတာမို့ .. မိန်းကလေးတစ်ယောက်ဟာ .. အိမ်ရှင်မတစ်ယောက် ဖြစ်လာတဲ့အခါမှာ အိမ်ထောင်တစ်ခုကို မီးဖိုဆောင်ကစပြီး လုံနေအောင် ထိန်းသိမ်းတတ်ရမယ်ဆိုတာ ဘွား အထူးထပ်ပြီး သင်ပေးစရာ မလိုတော့ဘူး .. ပြီးတော့ .. မြေးကိုလုပ်ကိုင်ကျွေးဖို့ သင်သင်တို့ကလဲ ပိုးဥကို ဒီသဇင်ဖူးအိမ်ကြီးမှာ ထည့်ပေးလိုက်ပြီ.. ခြံထဲလုပ်ကိုင်ဖို့ မြေးကိုလုပ်ကိုင်ကျွေးဖို့ .. ကိုထိုက်ကိုလဲ ထည့်ပေးထားတယ် .. ဘာလိုသေးလဲ၊ မြေးအတွက် နှစ်ဖက်မိဘက ဒီသဇင်ဖူးအိမ်ကြီးကိုလဲ လက်ဖွဲ့တယ် .. ကားတစ်စီးစီလဲ လက်ဖွဲ့တယ် .. မြေးရန်ပြေမှာကလဲ .. လုပ်ငန်းကိုင်ငန်းကြီးကို လုပ်ကိုင်နေရတာလဲ ရှိနေပြီးပြီ .. အစစ အဆင်တပြေ စိတ်ချမ်းမြေ့ရမယ့် အိမ်ထောင်တစ်ခုဖြစ်နေတဲ့အခါမှာ တစ်ယောက်အပေါ်တစ်ယောက် ချစ်ချစ်ခင်ခင်နဲ့ တန်ဖိုးထားကြမယ်ဆိုရင် .. စိတ်ချမ်းမြေ့တဲ့ အိမ်ထောင်တစ်ခုဟာ .. အမြဲဖြစ်နေရမှာပဲ"

ဘွား ပြောတော့ မြပန်းရုံ ခေါင်းလေးငုံ့၍ နားထောင်နေသည်။

"မြေးရန်ပြေကလဲ သူ ဆိုးတာရှိရင် ဘွားကိုတိုင်ပါ .. ဒီမှာလဲ .. ပန်းရုံရဲ့မေမေ မြမှုးခင်လဲ ရှိတာပဲ .. ဘွားတို့ စင်ကာပူမှာ ရှိနေတုန်းဆိုရင်လဲ ခင်ခင့်ကိုတိုင် .. သူဆိုးတာကို ကြိတ်မှိတ်မခံနဲ့ .. တိုင်စရာရှိရင်တိုင် .. ခင်ခင်ဆုံးမလိမ့်မယ်"

ဘွားက ပန်းရုံကို အပြတ်အပ်နှံနေသည်မှာပင် ...

www.burmeseclassic.com

www.burmeseclassic.com



"အို .. သင်သင့် ချွေးမလေးက လိမ္မာရေးချားရှိပြီးသား .. ဖြူဖြူစင်စင်လေး .. သားပဲဆိုးတာရှိမှာ .. ဒီမယ်သမီး ပန်းရုံ .. သူဆိုးတာရှိရင် မျိုးသိပ်မထားနဲ့ .. အန်တီသင်ကိုတိုင် .. ကြားလား .. အိမ်ထောင်ကျတာ ကျတာပဲ .. သူ ဆိုးလို့ကတော့ဖြင့် အန်တီသင်က သူ့ကိုကြိမ်နဲ့ဆော်မှာ .. အဟုတ်ပြောတာ"

ကြားရင်း ကြားရင်းဖြင့် သူရော ပန်းရုံရော ပြုံးရိပ်ရိပ်လေးတွေ ရတ်ခြည်းဖြစ်လာကြကာ တစ်ယောက်ကိုတစ်ယောက်လည်း မတိုင်ပင်လိုက်ရဘဲ ဖျတ်ခနဲ ကြည့်မိကြပါ၏။

သူ့ဘက် ကိုယ့်ဘက် .. အားကိုးရှိနေသည်ကော ဆိုသည့် ပြုံးရိပ်။

"ကဲ .. ကဲ .. ဘွားတို့ပြန်မယ် .. ပိုးဥ .. ပန်းရုံ ဆိုးတာမြင်ရင် ဘွားကိုတိုင် .. ကြားလား .. ဘွားတို့ ဘိုးတို့ စင်ကာပူ ရောက်နေချိန်ဆိုရင်လဲ .. ညည်းရဲ့အန်တီခင့်ကိုတိုင် .. ဖုံးကွယ်ထားလို့ကဖြင့် ဘွားတို့ ပြန်လာတဲ့အခါ ညည်းကို ထိပ်ဆုံးက တင်ပါးကို ကြိမ်နဲ့ဆော်မှာ"

အရေးထဲ ကြိမ်တုတ်က အနီးအပါးမှာ မရှိ ေါ်ဘ္ ရှိ မရှိသည့်ကြိမ်တုတ်တစ်ချောင်းဖြင့် အားလုံးကို လှည့်ပတ်ခြောက်နေသည့်အဖြစ်။ ပိုးဥ လက်ကလေးပိုက်၍ ..

"ဟုတ်ကဲ့"

ဟု တာဝန်ယူသည်။ ပန်းရုံ ငဲ့ကြည့်မိရပါပြီ။ ဤပိုးဥဆိုတာ တကယ့်ကို တိုင်ချေမည့်ပုံ။ လုံးဖီးကို လွမ်းလိုက်သည်ပါပဲလေ။ လုံးဖီးသာ ကြာရိပ်မြိုင်မှ ပါလာလျှင် အားကိုး၍ဖြစ်



ာ သေချာသည်။ လုံးဖီးဆိုတာက ပန်းရုံစကားဆို တစ်ခွန်းဆို ာစ်ခွန်း အားလုံး ခေါင်းညိတ်သည်ချည်း။ ခုကျတော့ အန်တီသင် ာ တာဝန်ကျေချင်ဇောဖြင့် ပိုးဥကို ပုလဲရိပ်ငြိမ်မှ ဤသဇင်ဖူး ိမ်ကြီးသို့ လွှတ်လိုက်ခြင်းပါ။ မေမေ့ကို ပန်းရုံကြည့်မိသည်။ န်းရုံကို ပြုံးကြည့်နေတာနှင့်ကြုံ၏။ ကိုကိုပြည့်ကို ကြည့်တော့ ည်း ခပ်ငေးငေးရှိနေသည်။ ညီမလေးကို ခွဲရမှာမို့ ကိုကိုပြည့် ွမ်းနေမှန်း သိသာနေသည်ပါပဲ။ ပန်းရုံကို အရမ်းချစ်သည့် ကိုကိုပြည့်ပဲလေ။ မမမိချမ်းကတော့ ကိုကိုပြည့်နှင့် ခပ်ဝေးဝေး ာ တမင်သွားထိုင်နေသည်။ မကြာခင် စေ့စပ်တာတွေ ဘာတွေ ုပ်ရတော့မှာ မမမိချမ်း သိထားတာမို့ ကိုကိုပြည့်နားမှာ ထိုင် မှာ ရှက်ချေမည်ပေါ့။

"ကိုထိုက်"

အန်တီသင် ခေါ်သည်မို့ ကိုထိုက် အခန်းထောင့် ရာမှာ ထိုင်နေရင်း လက်ကလေးပိုက်ကာ ...

"ဟုတ်ကဲ့ အန်တီလေး"

ဟု တရိုတသေ ထူး၏။

"ရန်ပြေ ဆိုးရင် ကိုထိုက် အန်တီလေးကို လာတိုင် .. ဖုန်းဆက်ပြီးတော့လဲတိုင် .. မကြောက်နဲ့ .. သူ့ကိုလုံးဝ မကြောက်နဲ့ .. ကြားရဲ့လား .. အန်တီလေးလဲ မကြာ မကြာ ဒီအိမ်ကိုလာမှာ .. သား ရန်ပြေ .. မေမေ့မျက်ကွယ်ဆိုပြီး ပန်းရုံလေးကို မာမာကြွပ်ကြွပ် လုပ်မယ်မကြံနဲ့ ... လုပ်ရဲရင် လုပ်ကြည့် .. မေမေ ဘယ်လိုတုံ့ပြန်မယ်ဆိုတာ စောင့်ကြည့်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အံမယ်မင်း။ ဆုတွေ ဘာတွေ ပေးပြီးသည့်နောက်မှာ သူ့ဘက် ကိုယ့်ဘက် အပြိုင်အဆိုင် ခပ်တည်တည်တွေလုပ်ကာ ပန်းရုံဆိုးလျှင် ပိုးဥကတိုင်။ သူဆိုးလျှင် ကိုထိုက်ကတိုင်ရို တာဝန်တွေ အပ်နှင်းနေကြပါသည့် အဖြစ်ပါတကား။

ဤသဇင်ဖူးမှာ ဤနှစ်ကောင်ကို မျက်စိဒေါက်ထောက်၍ ကြည့်ကြရမည်ပဲဟု သူ စတင်၍ စိတ်ညစ်လာသည်။

လူကြီးတွေအားလုံး ပြန်ကြတော့ ပေါ်တီကိုအောက်ထိ သူရော ပန်းရုံရော တရိုတသေ လိုက်ပို့ကြရပါ၏။ ကားနှစ်စီး ရှေ့နောက်ဆင့်စီတန်း၍ ရပ်ထားတာမို့ ထွက်သွားတော့လည်း ရှေ့ဆင့် နောက်ဆင့်ပါပဲ။ ကိုထိုက်က အိမ်နောက်ဘက်ရှိ တစ်ထပ်တိုက်ငယ်လေးမှာ နေရမည်။ ပိုးဥက သဇင်ဖူး၏အောက်ထပ်ရှိ မီးဖိုဆောင်ဘက်အခန်းမှာ နေရမည်။ အိမ်သစ် အခန်းသစ်နှင့် နေရမှာမို့ ပိုးဥ ပျော်နေ၏။ ပိုးဥ အခန်းလေးမှာ ခုတင်တွေ ဘာတွေနှင့် ဗီရိုလေးတစ်လုံးနှင့် ဟန်ကျပန်ကျ နေရတာမို့လည်း ဘဝင်လေး တမြောက်မြောက်ဖြင့် ရှိနေတာ အမှန်။

သဇင်ဖူးသည် ပန်းဥယျာဉ်နှင့် မြက်ခင်းစိမ်းမြမြနှင့် လှပသည့် နှစ်ထပ်တိုက်တစ်လုံးပါ။ ခေတ်မီမီလေး ဆောက်ထားတာမို့ ချစ်စရာလေးလည်း ကောင်းသည်။ လှလည်း လှသည်။ ပန်းခြံလေးကလည်း လှသည်။ ရွက်လှရုံတန်းလေးလည်းရှိလျက်၊ သစ်ခွရုံလေးတွေ သဇင်ရုံလေးတွေကအစ လှလှပပလေး ရှိနေပါသည့် နေရာလေးတစ်ခုပါ။ နှင်းဆီအိုးတွေကလည်း အပွင့်ဝေဝေဖြင့် ရှိနေကြသည်ပါပဲ။



ပန်းစိုက်တာ ဝါသနာပါသည်မို့ ပန်းရုံ ရင်ထဲတစ်ချက်ကြည်နူးသည်။ ပန်းဥယျာဉ်လေးကို ပိုလှလာအောင် ကိုထိုက်နှင့် ပိုးဥတို့ အားကိုးလျက် ပန်းလှလှလေးတွေ ထပ်၍စိုက်ပျိုးဦးမည်ဟု အားခဲဖြစ်၏။ ခြံဝင်းက ကျယ်သည်ပဲလေ။ အများကြီးထပ်၍ စိုက်နိုင်နေသေးသည်ပဲ။

ဖျတ်ခနဲ ရင်ထဲတိုးဝင်လာသည်က ထူးခြားသော ခံစားမှု။ ဟုတ်သည်။ ထူးခြားမှု။ ကိုယ့်အိုး ကိုယ့်အိမ် ဆိုသည့် ခံစားချက်သည် ပန်းရုံအတွက် ရင်ဖိုစရာလေးလည်း ဖြစ်နေသည်။ ပိုင်စိုးသည့် နေရာလေးတစ်ခုကို လှသည်ထက်လှအောင်ဆင်ဖို့ တွေးနေသည့် အိမ်ရှင်မတစ်ယောက်၏ ခံစားချက်တစ်ခုကလည်း တိုးဝင်နေသည်သို့ ရှိချေသည်မို့ ဆန်းသစ်သော အတွေးတစ်ခု ဖြစ်နေသည်။

ရုတ်စနိုးဖြင့် ဖြန်းခနဲ ရှိန်းမြမြနွေးထွေးသည့် ခံစားချက်ကလည်း တိုးဝင်လာနေသေးသည်ပဲ။ ကိုထိုက် ခြံတံခါးပိတ်၍ ပြန်လာကာ ...

"ကျွန်တော် ဘာလုပ်ပေးရဦးမလဲ အစ်ကိုလေး"

ဟု သူ့ကိုမေးတော့ ...

"နားချေတော့ ကိုထိုက် .. ပိုးဥ .. ညည်းလဲ အိပ်တော့.. ပြတင်းတံခါးတွေ သေချာပိတ် .. သေချာစစ် .. ပြီးမှအိပ်.. ညတိုင်း အဲဒါ ညည်းတာဝန် .. ပြတင်းတံခါးတစ်ခုခု ပိတ်ဖို့မေ့ကျန်နေလို့တော့ အစ်ကိုလေးနဲ့ အတွေ့ပဲ .. ကြားလား .. ညတိုင်း ငါလဲ စစ်မှာ"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မနက်ကို စောစောထ .. ဆွမ်းချက် .. ကြားရဲ့လား
ကြာ့ရိပ်မြိုင်မှာ လုပ်ခဲ့တာတွေအတိုင်း ခု ဒီသင်္ဖေ
လဲ ညည်း လုပ်ရမယ် .. နားလည်လား"

"ဟုတ်ကဲ့"

"အတိုင်အတော အလုပ်ကို တတ်နိုင်သမျှ ပါးစပ်ပိ
ထား .. နေရာတကာ တိုင်တောနေတယ်ဆိုတာ မကော
ဘူး .. လူကြီးတွေက တိုင်ဆိုပြီး ပြောလိုက်တာနဲ့ ညည်း
မြောက်ကြွကြွ လုပ်မနေနဲ့ .. ကြားရဲ့လား"

"ဟုတ်ကဲ့"

"ဒါဆို တံခါးပြတင်းတွေစစ် .. ငါတို့လဲ နားမယ်"

ပြောပြီးတာနှင့် သူ ရှေ့မှဦးဆောင်၍ အပေါ်
သို့တက်တော့ နောက်မှ ပန်းရုံ တိတ်ဆိတ်စွာ လိုက်လာရ
လှေကားထိပ်ရောက်တော့ သူ ရပ်လိုက်ကာ နောက်မှလိုက်
သည့် ပန်းရုံကို လှည့်ကြည့်သည်။ အပေါ်မှ စီးမိုးကြည့်
အကြည့်။ အရပ်မြင့်မြင့်ကြီးသည် လှေကားနှစ်ထစ်စာ ပို
ပို၍မြင့်နေသည်။ မော့ကြည့်လာသည့် ပန်းရုံကို ,တစ်ချက်
ခနဲကြည့်ကာ ခပ်ဆဆ ရှိနေသည်က တစ်ခုခုကို ပြောဖို့အ
ဖြစ်နေမှန်းလည်း သိသာနေသည်။

"မင်း အခန်းပြန်နားနေလိုက် .. ကိုယ် စာကြည့်ခန်း
ခဏသွားလိုက်ဦးမယ် .. ဒီအိမ်ကို မနေ့က ကိုယ်
ခဲ့ပြီးပြီ .. အားလုံး မေမေ လာပြထားတာလေ ..
အစွန်ဆုံးက အခန်းက ကိုယ်တို့အခန်းဆိုတာ
လူကြီးတွေ လိုက်ပြလိုက်ပို့နဲ့ လုပ်နေခဲ့တာမို့ ..



သိပြီးနေပြီလေ .. ကောင်းတာက ရေမိုးချိုးလိုက်ပေါ့ ..
ရေချိုးရေအေး ရှိတယ် .. ကဲ .. သွားတော့"

ပြောသည်ကိုက အေးစက်စက် လွမ်းနေသည့် လေ
ငွေ့တွေဖြစ်နေတာကို သူ ကိုယ်တိုင်လည်း သိနေသည်။ ပန်းရုံ
ကလည်း တုံ့ပြန်၍ မော့ကြည့်လာသည်က အေးစက်စက်နိုင်နေ
သည့် အကြည့်မျိုးတွေပဲ ဖြစ်နေသည်။ မင်္ဂလာခန်းဆောင်သို့
ဇနီးမောင်နှံနှစ်ယောက်တူတူ ယှဉ်တွဲ၍ ဝင်တာမျိုး မလုပ်ဘဲ သူ
စာကြည့်ခန်းသို့ ထွက်ခဲ့သည် ဆိုတာကို မသိဆိုးဝါးနိုင်နေမှာကို
သူ့ဘာသာလည်း သူ သိနေသည်။ ဒါပေမဲ့ .. သူ .. ပန်းရုံနှင့်
ယှဉ်တွဲ၍ မင်္ဂလာခန်းဆောင်ဆီသို့ ဝင်ရမှာကို ခြေလှမ်းတွေက
မလှမ်းနိုင်လောက်အောင်ဘဲ တုံ့ဆိုင်း ဝန်လေးနေရသည်ပါပဲ။
ငွေ့ကို အားနာသည်။ ဟုတ်သည်။ တမလွန်မှ ငွေ့ကို သူ အား
နာသည်။ ရင်သည် လောင်မြိုက်သည်သို့ ရှိလာ၏။

သူ ခြေလှမ်းမှန်မှန်ဖြင့် စာကြည့်ခန်းဘက်ဆီသို့
ထွက်ခဲ့တော့ ပန်းရုံ လှေကားထစ်လေးတွေကို နှင်းဖြတ်တက်နေ
ရင်း ကျန်ခဲ့တာလောက်ပဲ သူသိလိုက်ရပေမယ့် .. လုံးဝနောက်ကို
လှည့်မကြည့်တော့တာမို့ ပန်းရုံ၏ မျက်နှာလေးထက်မှာ အေးစက်
စက်အကြည့်လေးတွေ ထင်ကျန်နေခဲ့သည်လား ပျောက်ကွယ်သွား
ကြချေပြီလား ဆိုတာကို သူ မသိစွမ်းနိုင်ခဲ့။ စာကြည့်ခန်းတံခါး
ကို သူ ဖွင့်ကာ ခြေလှမ်းနှေးနှေးဖြင့် ဝင်လာမိရပါပြီ။

စာကြည့်စားပွဲအံဆွဲကို သူ ဖွင့်မိသည်။ မနေ့က ..
သူ မေမေနှင့်အတူလာခဲ့ရစဉ် ဤအခန်းသို့လည်း ဝင်ခဲ့စစ်ခဲ့သည်။
မေမေ မသိအောင် သူ ယူလာခဲ့ပါသည့် ငွေ့ဓာတ်ပုံလေးကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



မေမေ အပြင်ထွက်သွားစဉ်ခိုက်မှာ ဤစာကြည့်စားပွဲ အံဆွဲတွင်းမှာ သူ ထားခဲ့သည်။ ညေ့ခန်းမှာ ပန်းအလှပြင်နေသည့် ဒေါ်ခက်နှင့် မေမေ အလုပ်ရှုပ်နေချိန်မှာ ငွေ့ဓာတ်ပုံလေးကို သူ ဤအံဆွဲလေးမှာ သိုသိပ်လျှို့ဝှက်စွာ ထားခဲ့ခြင်း။ တကယ်တော့ သဇင်ဖူးအိမ်သစ်ဆီသို့ သူ မေမေခေါ်ခဲ့စဉ်ကတည်းက မေမေ မသိအောင် ငွေ့ဓာတ်ပုံလေးကို သူ ယူခဲ့သည်ကိုက ပန်းရုံ အပေါ်မှာ မရိုးသားရာ ရောက်နေမည်ဆိုတာ သူ့ဦးနှောက်က သူ့ကို အသိအတန်တန်ပေးနေပေမယ့် ..။ သူ့နှလုံးသား၏ နိုင်းစေမှုကို သူ မလွန်ဆန်သာ။ ယူလာခဲ့မိသည်။ ဤအံဆွဲလေးမှာ ထားခဲ့မိပြီ။

ဩော် .. ခုလည်း .. ဓာတ်ပုံလေးကို မှန်ပေါင်လေးတယုတယ သွင်းထားခဲ့သည့်အတိုင်း ခါတိုင်းသို့နှယ်ပင် ဩော် .. ငွေရှိစဉ်တုန်းကနှယ်ပင် တမြတ်နိုးနိုး ထုတ်ယူ၍ ကြည့်လိုက်မိရပါချေပြီတကား။

ဓာတ်ပုံထဲမှ ငွေသည် ရွှန်းလဲ့သော မျက်ဝန်းလေးတွေဖြင့် သူ့ကို ပြုံး၍ကြည့်နေသည်။ သူ့ကို ချစ်လွန်းပါသော ငွေ။ သူနှင့်ခွဲရမှာကို သေမတတ်ကြောက်သောငွေ။ တကယ်တမ်း သူနှင့်ဝေးရမည်ဆိုတာ သိစဉ်ခိုက် သေခြင်းတရားကို ရွေးချယ်လိုက်ပါသည့်ငွေ။

ထိမ်အထိ သူ့အပေါ်ချစ်သော ငွေ့ကို သူ ခုလိုမင်္ဂလာရက် မင်္ဂလာဦးနေ့မှာ မမေ့ရက်နိုင်။ ပန်းရုံနှင့်လက်ထပ်လိုက်ရပြီဖြစ်သည့် သတို့သားတစ်ယောက်အဖြစ် စိတ်လှုပ်ရှား ကြည်နူးနေရမှာကို မလုပ်ရက်နိုင်။ ငွေ့ဝိညာဉ်လေး ငိုကြွေးနေချေပြီဟု သူ ခံစားနေရတာကိုက ရင်ကိုဆိုးဝါးလွန်းစွာ နှိပ်



စက်ကလူပြုနေသည့်နှယ်ရှိ၏။ သူ့လက်တွေက ဓာတ်ပုံလေးထက်မှာ ခပ်ဖွဖွ ဖေးတင်ထားမိရင်းမှ ..

“မောင့်ကို ခွင့်လွှတ်ပါ ငွေ”

ဟု ခပ်တိုးတိုး တောင်းပန်မိရပါပြီ။ မငိုပါနဲ့ ငွေရယ်ဟု ရင်ထဲမှ တိုးဖွဖွ ပြောနေမိရဆဲ။

“ငွေ့မျက်ရည်စက်တွေကို မောင် မြင်နေရတယ် ငွေရယ်”

ရင်နှင့်ခံစား၍ မြင်ရပါလေသော မျက်ရည်စက်ဟူသည် ရင်ကို ကျွမ်းမြည့်မြည့်ကြေမှု ခံစားရချေသည်ကောလေ။

သူ အရုပ်ကြိုးပြတ် စာကြည့်စားပွဲပေါ် လက်ကိုဖေးထောက်လိုက်သည်က ဓာတ်ပုံလေးကို စားပွဲပေါ် ဖေးတင်ထောင်ထားလိုက်ပြီးသည့်နောက်မှာပါ။ သူ့အကြည့်တွေက ဓာတ်ပုံလေးထက်မှာ မရွေ့မလျား ရှိနေဆဲ။

ထိုစဉ်ခိုက် သူ့အာရုံထဲမှာ တိုးဝင်လာနေသည်က လူရိပ်တစ်ခုသည် တံခါးဝဝယ် ရှိနေသည်ဆိုသည့် ခံစားမှု။ သူ ရုတ်ခနဲ အလန့်တကြား ကြည့်လိုက်မိရသည်က အားနာစိတ်ဖြင့်ပါ။ မလုံမလဲ စိတ်ဖြင့်ပါ။ သူ သိနေပြီ။ ပန်းရုံ ရောက်နေပြီဟု။

တံခါးကို ဘာကြောင့် အတွင်းဘက်မှ ချက်ချမပိတ်မိခဲ့ရပါလိမ့်ဟု သူ့ကိုယ်သူ အပြစ်ဖို့နေမိချိန်မှာ ပန်းရုံသည် သူ့ဆီးမှာ ရောက်လာနေပြီ။ တံခါးဝဝယ်ရပ်လျက် အေးစက်စူးရှစွာ ကြည့်နေခဲ့သော အကြည့်လေးတွေသည်လည်း မပြောင်းလဲစွာ ရှိနေဆဲ။ ပန်းရုံ ဤအခန်းသို့ ရောက်လာရသည်ကိုက မင်္ဂလာပွဲကျင်းပသည့် နေ့ခင်းပိုင်းမှာ ရောက်လာသည့် ငွေဆစ်ပြုနှ၏ ပြောခဲ့သော စကားတွေထဲမှာ ပါလာခဲ့ပါသည့် ငွေသစ်ပန်းဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ပတ်သက်၍ မေးချင်၍ပါ။ လူကြီးတွေပြန်မှပဲ မေးသင့်တာ မို့ စာကြည့်ခန်းသို့ လိုက်လာခဲ့ရခြင်းပါ။

ပန်းရုံ၏အကြည့်သည် စားပွဲထက်မှာ ထောင်ထား လျက်ရှိနေပါသည့် ငွေ့ခွာတ်ပုံထက်မှာ အတန်ကြာရှိနေသည်။ အံခဲထားသည့် ပန်းရုံ၏ မေးရိုးလေးတွေ တင်းနေတာကိုလည်း သူ မြင်နေရ ရှင်ဆိုင်နေရပါသည့်အဖြစ်။

ပန်းရုံ သူ့ကို ဆတ်ခနဲ မော့ကြည့်လာသည်။ သူ မျှော်လင့်ထားသည်က ပန်းရုံသည် ငွေ့ခွာတ်ပုံလေးကို စိတ်လို မာန်ပါယူ၍ ကြမ်းပြင်ဆီသို့ ပစ်ပေါက်လွှင့်ပစ်လိုက်ချေမည်ဟု ဒါပေမဲ့ ထိုသို့ ပန်းရုံ လုပ်မလာသည့်အတွက် သူ့စိတ်ထဲ အတန်မျှ သက်သာရာ ရသွားရပါပြီ။ ထိုသို့ ဖြစ်သွားမှာကို သူ စိုးရိမ်ချောက်ချားနေသည်လေ။ ထိုသို့ဖြစ်တည်လာသည်ဆိုလျှ လည်း သူ သည်းခံနိုင်မှာမဟုတ်။ ပန်းရုံကို ဒေါသတကြီး အော်ငေါက်ပစ်လိုက်မိမှာ သေချာနေသည်။ ငွေ့ခွာတ်ပုံလေး လည်း ကြေကွဲစွာ ပြေး၍သွားကောက်သိမ်းဆည်းထားလိုက် သေချာနေသည်။

"ကျွန်မ .. ရှင်နဲ့ ဒီမှာထိုင်ပြီး စကားပြောကြမယ် .. အဲ ကို ရှင် လက်ခံမှလဲ ဖြစ်မယ်"

အရှမ်းကို တည်ငြိမ်အေးစက်နေသည့် အကြည့် လေငွေ့တွေကို သူ ရင်ဆိုင်နေရပါ၏။ သူ ခေါင်းညိတ်လိုက် စာကြည့်ခန်းကျယ်ကြီး အလယ်မကျတကျမှာရှိနေသည့် ဆို ကြီးမှာ သူပဲ ဦးဆောင်၍ထိုင်သည်။ သူ့ရင်ထဲမှာ မောနေ ရှိနေ၏။ ပန်းရုံကို ကြည့်လိုက်ရမှာကိုလည်း အားနာနေသ



ခုထိ သတို့သမီးဝတ်စုံလေးဖြင့် ပန်းရောင်လွှမ်းနေသည့် မြပန်းရုံ အဖြစ် စိန်တွေမွှန်းထုံကျင်လျက် ရှိနေဆဲ။ သတို့သမီးဆံထုံးလေး ဖြင့် ဆံမြိတ်ဆံယဉ်လေးတွေနှင့် ရှိနေဆဲ။ အတော်လေးကိုလှသည့် မြပန်းရုံ ဆိုတာ သူ သိနေသည်။ သူသည်လည်း သတို့သားဝတ်စုံ ဖြင့် ရှိနေဆဲ။

အဘယ်မျှထိ စိတ်မောပင်ပန်းဖို့ကောင်းနေပါသည့် မင်္ဂလာဦးကာလပေလဲလေ။ ခုထိ သတို့သား သတို့သမီးဝတ်စုံ တွေကို မလဲဖြစ်ရသေးသော သူနှစ်ယောက်သည် စာကြည့်ခန်း တစ်ခုရှိ ဆိုဖာကြီးထက်မှာ မျက်နှာချင်းဆိုင် ထိုင်နေကြရင်း တစ်ယောက်ကိုတစ်ယောက် ကြင်နာမြတ်နိုးခြင်းများနှင့် ကင်းဝေး နေသည့် ခံစားချက်ကိုယ်စီဖြင့် ရှိနေကြခြင်းလောက် စိတ်ပျက်ဖို့ ကောင်းတာ မရှိနိုင်။

ဤသို့သော အဖြစ်မျိုးကို အဘယ်သို့သော မင်္ဂလာ မောင်နှံမှ ကြုံနိုင်အံ့မထင်။ ဒါပေမဲ့ .. သူနဲ့ မြပန်းရုံတို့မှာ လာ ဖြစ်နေရပါသည့်အဖြစ်။

"ရှင် .. ကျွန်မကို အဲဒီ ငွေဆိုတာနဲ့ ပတ်သက်ပြီး ပြောပြ ဖို့ တာဝန်ရှိတယ်ဆိုတာ မစဉ်းစားမိခဲ့ဖူးဘူးလား .. အရေး အကြီးဆုံးက အဲဒါတွေကို ရှင်နဲ့ကျွန်မ လက်မထပ်ရသေး ခင်မှာ ပြောပြသင့်တာပေါ့ .. ကျွန်မဟာ ကျွန်မကိုမချစ် တဲ့ လက်ထပ်လိုက်ရတဲ့ သူတစ်ယောက်နဲ့ လက်ထပ်ချင် မယ့် မိန်းမတစ်ယောက် မဟုတ်ဘူး ဆိုတာလေးကို တော့ ရှင် အစကတည်းက အကဲခတ်နိုင်တာပဲ .. သိနိုင် တာပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



မြပန်းရုံသည် သူ မြင်ခဲ့ဖူးသော မြပန်းရုံ မဟုတ်တော့ဘဲ ရင့်ကျက်နာကြည်းနေခြင်းများဖြင့် သူ့ကိုရင်ဆိုင်နေသည့် မိန်းမတစ်ယောက် ဖြစ်နေသည်။ အေးစက်စက်အကြည့်ကို သူ ဤတစ်ကြိမ်မှာတော့ သူ တည့်တည့်ကြည့်လိုက်မိသည်ပါပဲ။

"ဟုတ်တယ် .. ပြောသင့်တာ မှန်တယ် .. ဒါပေမဲ့ အဲဒီ ပြောသင့်တဲ့အထဲမှာ ပိုပြီးတာဝန်ကြီးတဲ့သူဟာ မင်းရဲ့မေမေပဲ မြပန်းရုံ .. အန်တီခင်လဲ ဒီအဖြစ်ကိုသိတယ် .. ကိုပြည့်လဲ သိတယ် .. ကိုယ့်မေမေနဲ့ ဖေဖေလဲ သိတယ် .. မသိတာဆိုလို့ မင်းရဲ့ဘိုးနဲ့ဘွားရယ် .. မင်းရယ်ပဲ ရှိတာ .. ကိုယ်ကတော့ မေမေ့နလုံးရောဂါ .. ပြီးတော့ .. အန်တီခင်ရဲ့ဆန္ဒ .. အဲဒါတွေကို မလွန်ဆန်သာလို့ ဒီကိစ္စကိုခေါင်းညိတ်ခဲ့ရတာပါပဲ .. မင်းကို ငွေနဲ့ပတ်သက်လို့ ငါမပြောပြခဲ့တာ တာဝန်မကျေဘူးလို့ သတ်မှတ်မယ်ဆိုရင် အဲဒီ တာဝန်မကျေကြသူတွေထဲမှာ ငါ တစ်ယောက်တည်းမဟုတ်ဘဲ အဲဒီအားလုံးသိတဲ့သူတွေလဲ ပါနေကြမယ် မြပန်းရုံ"

သူကလည်း တည်ငြိမ်စွာပဲ တုံ့ပြန်ဖြေလိုက်ရပါပြီ။ မြပန်းရုံ၏ မျက်နှာထက်မှာ ထိုအခါကျတော့မှ ဖြူဖျော့ဖျော့ အရိပ်တွေ ရုတ်ခြည်းထင်၏။ ဟင်ခနဲ တစ်ချက်ညည်းသံလေးသည် ကြေကွဲတုန်ခါသံလေးအဖြစ် မယုံကြည်နိုင်စွာဘဲ ပွင့်ကျလာသည်။

"ငွေဟာ ကိုယ့်ကို သိပ်ချစ်တယ် .. အဲဒါကို ငါသိနေတယ်လေ .. သူ ကွယ်လွန်ခဲ့ပေမယ့် သူ့ကို ငါ ချစ်နေတာကို မင်းရှေ့မှာ ငါ ဝန်ခံပေးလိုက်ရတဲ့အတွက် မင်းကို ငါ



အားနာတယ် .. ဒါပေမဲ့ .. ငွေ့အပေါ်မှာ ငါတာဝန်ကျေပြီး သစ္စာတည်တယ်ဆိုတာကိုတော့ သက်သေပြခွင့်ရလိုက်တာလို့ပဲ ငါ မှတ်ယူလိုက်တယ် ပန်းရုံ"

သူ အမှန်အတိုင်း ပြောပြလိုက်မိရခြင်းသည် ငွေ့အပေါ်မှာရော ပန်းရုံအပေါ်မှာရော ရိုးသားရာ ရောက်သည်ဟု ထင်သည်။ ဒါကြောင့်လည်း သူ ဝန်ခံလိုက်ရပါ၏။ ပန်းရုံ သူ့ကိုကြည့်လာသည်။ မျက်ရည်တွေ ရစ်ဝဲလာရင်းမှ တိတ်ဆိတ်စွာ မျက်ဝန်းတောက်တောက်လက်လက်လေးတွေဖြင့် အတန်ကြာကြည့်နေပါချေ၏။

လည်ချောင်းတနင့်နင့်ဖြင့် ပန်းရုံ ရှိနေသည်။ နှုတ်ခမ်းလေးကို သွားဖြင့်ဖေးကိုက်ထားနေရင်းဖြင့် နှုတ်ခမ်းလေးတွေ ဆတ်ဆတ်ခါနေသည်။ လက်လေးတွေ ဆတ်ဆတ်ခါနေသည်။

"အားလုံးက ကျွန်မကို ကူကယ်ရာမဲ့နေတဲ့ ဘဝထဲကို ထည့်လိုက်ကြတာကိုး .. ကျွန်မကို မချစ်တဲ့သူတစ်ယောက်ရဲ့လက်ထဲကို ကျွန်မကို အပ်လိုက်ကြတာကိုး၊ အဲသလို မချစ်ဘူး ဆိုတာကိုလဲ ကျွန်မ လက်ထပ်လိုက်ရတဲ့သူကခု ပြောပြနေတာကို ကျွန်မရဲ့နားနဲ့ ဆတ်ဆတ်ကြားနေရတယ် .. ကျွန်မရဲ့ ကြေကွဲနာကျင်မှုတွေကို ရှင်က မျှဝေဖျောင်းဖျပေးဖို့ နေနေသာသာ ရှင့်နာကျင်ကြေကွဲမှုတွေနဲ့ ရှင့်ရဲ့စိမ်းကားရက်စက်မှုတွေကို ကျွန်မက ရင်ဆိုင်နေရတာလေ .. ဘယ်လောက်ဆိုးသလဲဆိုရင် ဒီအိမ်ကြီးမှာ ကျွန်မကို ဖေးကူနားလည်ပေးမယ့်သူ ရှိမနေတာကို ရင်ဆိုင်နေရတဲ့ အဖြစ်ပဲ .. အားကိုးရာပျောက်ဆုံးနေတဲ့ သတို့သမီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့ မျက်ရည်ဆိုတာ ကျွန်မ ရင်နဲ့ရင်းပြီးကျရတာ .. ရင်နဲ့ရင်းပြီး ကျရတာ"

မြပန်းရုံ ပြောနေရင်း မျက်ရည်ဖြိုင်ကျလာသည်။ သူ ထရပ်လိုက်တော့ မြပန်းရုံလည်း အံခဲ၍ ချက်ချင်းထရပ်သည်။ ပန်းရုံ၏ မျက်ရည်စက်တွေကို သူ သုတ်ပေးလိုက်ချင်သည်။ အားကိုးရာပျောက်နေသည် ဆိုသည့် စကားသည် သူ့ရင်ကိုလာ၍ဆိုးဝါးစွာ ထိမှန်၏။ သူ ပန်းရုံကို မချစ်နိုင်ပေမယ့် သနားစိတ်တော့ ရင်မှာ ဖြစ်တည်လာရသည်။

"ရှင့်လက်နဲ့ ကျွန်မရဲ့မျက်ရည်စက်ကို လာသုတ်ပေးလိုက်တာနဲ့ ကျွန်မရဲ့ အထီးကျန်ခြင်း ဆိုတာကြီးက ပျောက်ကွယ်သွားမှာမှ မဟုတ်တာ .. ကျွန်မရဲ့မျက်ရည်တွေက ခန်းခြောက်သွားမှာမှ မဟုတ်တာ .. တစ်လင်တစ်မယား စနစ်ကို ကျွန်မကိုယ်တိုင်ကလည်း တန်ဖိုးထားတာမို့ ရှင့်ကို ကျွန်မ သေသည်အထိ ပေါင်းသွားပါ့မယ် .. ဒါပေမဲ့ ရှင်နဲ့ ကျွန်မကြားမှာ အချစ်ဆိုတာ ရှိမလာနိုင်တော့တာကို သိနေရတာမို့ ရှင် ချစ်မြတ်နိုးတဲ့ ငွေကို ရှင် တစ်သက်လုံး ချစ်နေပါ .. ကျွန်မနဲ့ ရှင့်ကြားမှာ အတူနေနေကြတဲ့ သူနှစ်ယောက်ရဲ့ ဆက်ဆံရေးပဲ ရှိမယ် .. ရှင် မင်္ဂလာခန်းဆောင်မှာ နေပါ .. ကျွန်မ ဧည့်သည်တွေအတွက်ထားတဲ့ အခန်းမှာ နေပါ့မယ် .. ဒီအဖြစ်ကို နှစ်ဖက်လူကြီးမိဘတွေ မသိအောင် နေကြဖို့ပဲ ရှိပါတယ် .. သူတို့စိတ်ချမ်းသာကြပါစေလေ .. ရှင်လဲ ရှင့်ရဲ့ငွေနဲ့ စိတ်ချမ်းသာအောင် နေပါ .. ကွယ်လွန်ခဲ့ပြီဖြစ်တဲ့ ငွေ့ကို ရှင် ခုထိချစ်မြတ်နိုး



စွာ သစ္စာရှိရှိနဲ့ ချစ်နေသလို ဆက်ပြီးလဲ လွတ်လပ်စွာချစ်နေပါ .. ကျွန်မ တားဆီးလို့မရနိုင်တဲ့ အရာကို ကျွန်မသိတယ် .. ဒါကြောင့် ငွေ့ကို မချစ်ရဘူးလို့လဲ ကျွန်မ မတားဆီးဘူး .. ကျွန်မကို ချစ်ရမယ်လို့လဲ ကျွန်မ မတောင်းဆိုဘူး .. ကျွန်မကို မေတ္တာကင်းနေတာကိုလဲ မဟန့်တားဘူး .. ရှင် လွတ်လပ်စွာ ချစ်ပါ .. ရှင့်ရဲ့ငွေ့ကိုချစ်ပါ .. ဒါပေမဲ့ တစ်ခုတော့ ပြောထားပါ့မယ် .. ကူသူမဲ့နေတဲ့ ကျွန်မရဲ့ခံစားမှုကိုလဲ လွတ်လပ်စွာ ခံစားနေခွင့်ပြုပါ .. ခွင့်ပြုမှလဲ တရားမျှတပါမယ် .. ကျွန်မနဲ့ ရှင့်ကြားမှာ အချစ်ဆိုတာ ရှိမလာနိုင်တာကို ကျွန်မ သိထားပြီးတဲ့ နောက်မှာ ရှင်နဲ့ကျွန်မဟာ လက်ထပ်ထားခဲ့ကြဖူးတဲ့ သူစိမ်းနှစ်ယောက်ပဲ ဖြစ်နေကြသလို .. လက်ထပ်ထားကြ သူနှစ်ယောက်အဖြစ်နဲ့လဲ အတူနေနေကြမှာပါပဲ .. ဒီအိမ်ကြီးထဲမှာလေ"

ပြတ်ပြတ်သားသား ပြောလိုက်ခြင်းပေပဲဟု သူ းလည်းဖြစ်၏။ မြပန်းရုံ အခန်းတွင်းမှ ထွက်သွားသည်ကို သူ တား။ တား၍မရနိုင်တာကိုလည်း သူ သိနေနှင့်သည်။ မြပန်းရုံ စကားလေးကပဲ ပြောသွားသည်လေ။ ပန်းရုံကိုလည်း လွတ်လပ် ခံစားနေခွင့် ပြုရမည်တဲ့။ ကူကယ်သူမဲ့နေသည့် သူတစ်ယောက် ခံစားမှုကို ခွင့်ပြုရမည်တဲ့။ ဒါမှ မျှတမည်တဲ့လေ။

သူ နေရခက်လာသည်။ သူ ပန်းရုံ အပေါ်မှာ ရားခြင်းမဲ့က မတရားစွာပဲ စိမ်းကားရက်စက်လိုက်မိပြီ ဆိုတာ အလိုလို အနေခက်စွာ နားလည်လာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ငွေ့ခာတ်ပုံကို သူ လှို့ဝှက်ထွာယူလာမိခဲ့သည်ကိုက စတင်၍ ပန်းရုံအပေါ်မှာ မရိုးသားရာရောက်နေသည်။ ခုလို မင်္ဂလာဦးရက်မှာ ပန်းရုံကို တစ်ယောက်တည်း မင်္ဂလာခန်းဆောင်သို့သွားဖို့ သူ ပြောခဲ့ကာ ငွေ့ခာတ်ပုံကို မျက်ရည်ဝေ၍ ကြည့်နေခဲ့သည်ကိုက ပန်းရုံကို တန်းဖိုးမထားရာရောက်နေခဲ့ပြီ။ ခုတော့ အားလုံးကို သူ ဖြစ်တည်စေခဲ့ပြီးပြီ။

ပန်းရုံ၏စကားလေးတစ်ခွန်းသည် သူ့ကို အရှက်သည်းစေခဲ့လျက် အနေရခက် အထိုင်ရခက်သည့် ဝေဒနာကို အပ်နှံချေ၏။

ဖေးကူဖျောင်းဖျမည့်သူ မရှိသည့်ဘဝ။ ကူကယ်သူမဲ့နေသည့်ဘဝ။

ထိုစကားစုသည် ခံစားချက်နှင့်အတူ ပွင့်အန်ကျလာခြင်း။ ဤအတွက် သူ ပန်းရုံကို အားနာသည်။

ဤနေ့မှာ ငွေနှင့်တူသော ပန်ဆိုသည့် ညီမက ပန်းရုံ၏ရှေ့မှာ ရောက်လာခဲ့ပြီးပြီ။ ခု .. ငွေ့ခာတ်ပုံကိုလည်း သူနှင့်အတူ ဤစာကြည့်ခန်းမှာ တွေ့ခဲ့ရပြီးပြီ။ သတို့သမီးဝတ်စုံနှင့် ရတနာများကိုပင် ဝတ်ဆင်ထားရဲ့ဆဲ ပန်းရုံသည် ...။

ကြေကွဲနာကြည်းဖွယ် အဖြစ်များကို လက်ခံလိုက်ရပါသည့် သတို့သမီးလေးတစ်ယောက်အဖြစ် ပျို့ပျို့မျစ်မျစ် နုနုစင်စင်လေးဖြင့် .. လက်ခံကြုံကြိုက်လိုက်ရပြီးခဲ့ပြီ။ ထိုအဖြစ်သည် ပန်းရုံကို ဆိုးဝါးသော ရက်စက်မှုတစ်ခု ဖြစ်နေချေသည်ဆိုတာ စဉ်းစားတွေးမိလာရလေ ထဲထဲဝင်ဝင် သူ သိလာရလေပါတကား ...။

○ ❧ ○





လက်ထပ်တယ်ဆိုတာ
လူနှစ်ယောက်ကို
သက်ဆုံးတိုင်သည်အထိ
လက်တွဲပေးလိုက်ခြင်း
ဖြစ်တယ်ဆိုရင် ...
အချစ်ဆိုတာ ပျောက်ဆုံးသွားပြီဖြစ်တဲ့
နှလုံးသားကို ကျိန်စာတိုက်စေတဲ့
ဘဝခရီးအစလား ...။

○ ❧ ○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

ညှိသည်တွေအတွက် အိပ်စက်ဖို့ထားသော အခန်းက သုံးခန်း။

အန်တီသင် သေချာလိုက်ပြထားသည်ပဲလေ။

ခြေလှမ်းအရွေ့သည် တဖြည်းဖြည်း အားကုန်ပန်းဟိုက်ခြင်းဘက်သို့ နွယ်လာသည်။ မြန်ဆန်လွန်းစွာပဲ အင်အားတို့ကို နုတ်သိမ်းထားနေသည်သို့ ရှိချေသည်ကောလေ။

အခန်းသုံးခန်းအနက် အစွန်ဆုံး အခန်းတံခါးကို မြပန်းရုံ ခပ်ဖြည်းဖြည်းဖွင့်သည်။ ရင်သည် လှိုက်ဆို့တက်နေသည်။ လည်ချောင်းသို့တိုင် တစ်ဆို့ဆို့ကြီး ဖြစ်လာနေကာ အသက်ကို မနည်းအားစိုက် ရှူရှိုက်နေရသည်သို့ ရှိရှိလာနေပြီ။

ခုတင်ထက်မှာ အားကုန်ကြိုးပြတ် ထိုင်ချလိုက်သော အခင်းအကျင်း မရှိသေးသည့် ခုတင်အခင်းသစ်သားပြင်ကို မျက်တောင်မခတ် ငေးငေးကြီးကြည့်နေသည်က အာရုံတွေ ဘာတစ် ခုမျှ စုစည်းယူ၍ မရနိုင်လောက်အောင် ကစဥ့်ကလျား နိုင်လှ သည့်စိတ်ဖြင့် အမိပ္ပာယ်မဲ့ကြီး ဖြစ်နေသည်။ ခေါင်းသည်လည်း



နေ၏။ ရင်သည် လှိုက်ခါနေလျက် ဆတ်ဆတ်တုန်နေသည်။ တဖြည်းဖြည်း မျက်ရည်တွေ ဝိုင်းစုလည်လာနေရင်းမှ ...

"ငါ .. ငါ .. တကယ့်ကို မမျှော်လင့်ထားတာတွေကို လက်ခံလိုက်ရပြီးနေပြီပဲ .. လက်ခံလိုက်ရပြီးနေပြီပဲ .. ငြင်းလို့ မရတော့ဘူး .. မယုံလို့လဲ မရတော့ဘူး .. ဒါ .. လက်တွေ့ပဲ .. လက်တွေ့အဖြစ်ပဲ .. ငါ .. ငါကံဆိုးလိုက်တာ .. ကံဆိုးလိုက်တာ"

ဝေမှိုင်းမှိုင်းဖြင့် တုံ့ဆိုင်းနေသည့် ဝေလွင့်လွင့်စိတ်တွေ ရုတ်ခနဲ ပြန်စုစည်းလာရာမှ မျက်ရည်တွေ တသောသော ကျလာနေသည့်အဖြစ်။

"ဘယ်လောက်ထိ ရှက်ဖို့ကောင်းနေသလဲ .. ခံပြင်းဖို့ ကောင်းနေသလဲ .. နာကြည်းနေဖို့ရော မကောင်းနေဘူးလား.. အို .. အားလုံးဟာ အဆိုးတွေချည်းပဲ .. တစ်ခုချင်း ချပြလို့မနိုင်လောက်အောင် များပြားနေတဲ့ အဆိုးတွေချည်းပဲ .. ငါဟာ .. ငါ့ကို လုံးဝမချစ်တဲ့ .. လက်မထပ်ချင်တဲ့ .. လူတစ်ယောက်ကို .. အဲသလို ငါ့အပေါ်သဘောထားနေမှန်း မသိလိုက်နိုင်ခင်မှာပဲ .. လက်ထပ်မိပြီး ဖြစ်နေတဲ့ မြပန်းရုံ ဖြစ်သွားပြီ .. ဖြစ်နေရပြီ .. ငါ ဘယ်တုန်းကမှ ငါ့ဘဝကို .. ငါမမျှော်လင့်ထားမိခဲ့ဘူး .. ဒီလို .. မမျှော်လင့်ထားမိခဲ့ဘူး"

နှုတ်ခမ်းလေးတွေ ဆတ်ဆတ်တုန်နေသည်က မျက်နှာထက်မှ အကြောအချဥ်တွေအားလုံး ဟိုမှသည် ဆွဲဆွဲခါပစ်လိုက်သည့်နှယ် ရှိလာနေသည်။ မျက်ခွံလေးတွေလည်း ဆတ်ဆတ်

www.burmeseclassic.com

www.burmeseclassic.com



ခါနေသည်။ နှုတ်ခမ်းသည်လည်း ဆတ်ဆတ်ခါနေသည်။ ဘယ်လိုမှ ထိန်းသိမ်း၍ မရနိုင်။ ခုတင်ထက်မှာ ပုံပုံလဲမှု လှဲချလိုက်ကာ အခင်းအကျင်း မရှိသည့် သစ်သားမာမာထက်မှာ အရှုံးအမှုံးနိုင်စွာပဲ မြပန်းရုံ အသံမထွက်အောင် လှူးလှူးလှိမ့်လှိမ့် ငိုနေသည်။

ဘာလို့ အသက်ရှင်နေတာလဲဟု စတင်၍ စိတ်ပျက်လက်ပျက်အတွေးက တိုးဝှေ့ဝင်လာပြန်သည်။ ဘာလို့ရှင်သန်နေရတာလဲဟုလည်း ဒေါသဖြစ်လာပြန်သည်။ ရှေ့ဆက်ရမည့်ကာလသည် စိတ်ချမ်းမြေ့စရာလမ်းစ ဘာမှမထင်သည့်အဖြစ်။ ဒါပေမဲ့ ငိုနေရင်း ရှိုက်နေရင်းဖြင့်လည်း မြပန်းရုံ ဆိုသည့် မိန်းမသားတစ်ယောက်သည် အသက်ရှူရပ်မသွားခဲ့။ မှူးဝေဝေကြီး ထိုင်းမှိုင်းနေလာရပေမယ့် အသက်ကတော့ ခက်ခဲစွာ ရှူရှိုက်နေဆဲ။ သေသွားလိုက်သည်ကမှ ခံစားရသက်သာချေမည်ဟု တွေးဖြစ်သည်။

ဒါပေမဲ့ မြပန်းရုံဆိုတာ ဝဋ်ခံဖို့ ဆက်၍အသက်ရှင်နေဦးမှာပါပဲဟု စိတ်ကုန်ခန်းစွာပဲ နားလည်လာနေသည်။ တွယ်တာမက်မောစရာ ဘာမှမရှိတော့သည့် အဖြစ်တစ်ခု .. လတ်တလောကြီးမှာ ရှိနေသည်သည်ကိုက ကျိန်စာမိနေသည့်နှယ် ရှိနေသည်ပဲ။

"သူကပြောတယ်လေ .. လုံးဝအေးစက်နေကဲ့ အကြည့်တွေနဲ့ အညာအတာရှိရမှန်းတောင် မသိဘဲ ဖြေလိုက်တဲ့အဖြေ .. ငါ့နားထဲကကို မထွက်ဘူး၊ ဘာတဲ့ .. ငွေနဲ့ထင်သက်ပြီး ငါ့ကို ပြောပြသင့်တဲ့သူတွေအထဲမှာ မေမေပါတယ်တဲ့ .. သူ့မိဘလဲ ပါတယ်တဲ့ .. ပြီးတော့ .. အန်တီသင် .. သူ့ .. သူ့အမေရဲ့ နှလုံးရောဂါကြောင့် ...



ကို လက်ထပ်ရတာတဲ့ .. သူကတော့ ခံစားချက်ကင်းကင်းနဲ့ အလွယ်တကူလေးပဲ ခပ်ပေါ့ပေါ့ ပြောချလိုက်နိုင်တာပဲ .. ငါ့မှာသာ .. ရင်နဲ့မဆန့်အောင် ခံစားရတာ .. ခံစားရတာ"

မြပန်းရုံ တစ်ယောက်တည်း တွေးနေရာမှ ရင်ထဲမှာ နာကျင်လာသည်။ နာကျင်နေသည့်စိတ်က ဖြန်းစားကြီး မာကျောခြင်းဘက်ဆီသို့ ရောက်လာပြန်သည်။ ချွေးတွေနစ်နေသည့် မျက်နှာကို မှန်တင်ခုံရှေ့မှာ သွားရပ်ရင်း မမိုတ်မသုန် စိုက်ကြည့်နေမိရဆဲ။

အလွန်တရာကိုမှ လှပသော အဝတ်အစားတို့ဖြင့် ပန်းရောင်မင်းသမီးလေး တစ်ပါးနှယ် စိန်တွေကို မွမ်းရုံဆင်ခြယ်သထားလိုက်ရုံမျှဖြင့် အရာရာသည် ရွှေမင်းသမီးလေးဘဝနှယ် ရှိသွားရချေသည်တဲ့လား။

မျက်ရည်များ စိုနစ်နေသည့် မျက်နှာလေးကို ဥါမြှုလုပ်နေသည့် အဖိုးတန်အဝတ်အစားတွေ စိန်မှုံစိန်ပွင့်တွေက ခြောက်စင်သွားအောင် သုတ်ပေးနိုင်သည်တဲ့လား။

ဟင့်အင်း ..။ မလုပ်ပေးနိုင်စွမ်း ..။ မှန်ရှေ့မှာ တောင့်မတ်စွာ ရပ်နေရင်း နှုတ်ခမ်းလေးကို ဖေးကိုက်ထားမိရပါသည့်အဖြစ်။

အိမ်မှာ မေမေ မှာခဲ့တာကို အမှတ်ထင်ထင်ရှိလာပြန်သည်။

"သမီးလေး ပန်းရုံ .. မေမေတို့မျိုးရိုးဟာ .. တစ်လင်တစ်မယား အလွန်ကိုမှ ချစ်မြတ်နိုးကြတာ အစဉ်အလာပဲ ..

www.burmeseclassic.com

www.burmeseclassic.com



မျိုးရိုးဂုဏ်ပေပဲ .. သမီးအတွက် သင့်တော်တဲ့သူပေမို့ .. မောင်ရန်ပြေကို မေမေတို့ သဘောတူမှုတာပါ .. သူနဲ့ .. သမီး တစ်သက်တာပတ်လုံး လက်တွဲရမယ် .. တစ်ယောက်ကိုတစ်ယောက် နားလည်ခွင့်လွှတ်နိုင်ရမယ် .. ဘယ်တော့မှ လမ်းခွဲကြစေလောက်တဲ့အထိ စကားမများမိစေနဲ့ .. အရွဲ့မတိုက်မိစေနဲ့ .. ဘာမဟုတ်တဲ့ အရွဲ့တိုက်မှုလေးတစ်ခုကြောင့် .. အိမ်ထောင်ပြိုကွဲသွားကြရသူတွေ ရှိကြတာ မေမေ မြင်ဖူးတာတွေ ရှိတယ် .. မေမေ့သမီးကို မေမေ ဘယ်အထိ ချစ်တယ်ဆိုတာ သမီးလေး သိပါတယ် .. ဘိုးနဲ့ ဘွားတို့ရဲ့ ဂုဏ်သိက္ခာမျိုးရိုးဂုဏ် .. မေမေ့ရဲ့မျိုးရိုးဂုဏ်နဲ့ သိက္ခာတို့ကို စောင့်ထိန်းလိမ့်မှာတဲ့ သမီးလေးဖြစ်နေပါစေကွယ်”

ဟု မှာခဲ့သောစကား။

မြပန်းရုံ အံ့ခဲထားမိသည်။ စိတ်သည် ယောက်ယက်ခတ်နေ၏။ ဆောက်တည်ရာမရချင်။ ဒါပေမဲ့ .. မေမေ့စကားသည်လည်း ရင်ထဲမှမထွက်။ အားလုံးအတွက် မြပန်းရုံ၏ရွှေရှင်မှုတွေအားလုံးကို မြှုပ်နှံပေးလိုက်ရချေမည့် ပေးဆပ်ရမည့် အဖြစ်သည် အသေအချာကြီးပဲ ပန်းရုံ၏ လက်တွေ့ဘဝမှာဖြစ်တည်လာပြီးပြီ။

“မေမေ တွေးခဲ့တဲ့ အဲဒီဂုဏ် .. မျိုးရိုးဂုဏ်သိက္ခာဆိုတဲ့ အထဲမှာ ပန်းရုံဟာ .. ပန်းရုံလက်ထပ်လိုက်ရတဲ့သူက .. စာကြည့်ခန်းထဲမှာ တစ်ယောက်တည်း ကြေကြေကွဲကွဲ ရပ်နေရင်းနဲ့ ကွယ်လွန်ခဲ့ပြီဖြစ်တဲ့ ချစ်သူရဲ့ဓာတ်ပုံကို



မျက်ရည်ကျရင်း ကြည့်နေလိမ့်မယ် ဆိုတာကိုတော့ ထည့်မတွေး .. ထည့်မတွက်မိခဲ့ဘူးပေါ့နော် .. မေမေ ဘယ်လိုတွေးမိနိုင်ပါ့မလဲ .. ပန်းရုံ .. ပန်းရုံ .. အဲဒါကို .. ရင်ဆိုင်ခဲ့ရပြီးပြီ မေမေ .. အဲဒီအခန်းက သတို့သမီးလေးတစ်ယောက်ဟာ မျက်ရည်ကျရင်း ထွက်လာချိန်မှာ .. မေမေတို့ ရွေးချယ်လက်ထပ်ပေးလိုက်တဲ့ သတို့သားဟာ တစ်ယောက်တည်း ကျန်နေရစ်ခဲ့တယ် မေမေ .. အဲသလောက်ကူကယ်ရာ မဲ့နေတဲ့ .. အားကိုးရာ ပျောက်ဆုံးနေတဲ့ အိမ်ရှင်မတစ်ယောက်ကို ဘယ်သူက မြင်နေနိုင်ပါ့မလဲ .. သစဉ်မှုးဆိုတဲ့ ဒီအိမ်ကြီးကပဲ မြင်နေမှာပါ .. သူပဲ သိနေမှာပါ”

မြပန်းရုံ တစ်ယောက်တည်း ခပ်တိုးတိုး စတင်၍ ပြောနေမိရပြီ။ နောက်တော့ .. ဗီရိုကြီးရှေ့မှာ ရပ်မိ၏။ ဗီရိုမြင့်မြင့်ကြီးတစ်လုံးကို ဖွင့်ကြည့်လိုက်တော့ ဗီရိုအလွတ်တစ်ခုဖြစ်နေသည်။ သဘောက ညှော်သည်၏ အဝတ်တွေ ဘာတွေထည့်ဖို့။

မြပန်းရုံ နှုတ်ခမ်းလေးကို ကွေးသည်ဆိုရုံလေး ရှုတ်ခနဲ ပြုံးလိုက်မိရပါ၏။ တစ်ယောက်တည်း လုပ်မိလုပ်ရာ ဆန်နေသည့် ခပ်ပြုံးပြုံးအကြည့်သည် အသက်မပါလှ။ ငိုရှိုက်နေတာနှင့်ပင် ပိုတူနေသေးသည့်အဖြစ်။ ဪ .. ဤဗီရိုကြီးထဲမှာ မြပန်းရုံ၏ အဝတ်လေးတွေ မနက်ဖြန်ကျလျှင် ရောက်ရှိလာကြချေညီသာ။ မြပန်းရုံ၏ အဝတ်အစားတွေ ထည့်သိုထားရာ ဆုကျောင်ကြီးသုံးလုံးက မင်္ဂလာခန်းဆောင်ကျယ်ကြီး၏ အခန်းထောင့်ကြမ်းပြင်မှာ ကျန်ရစ်ခဲ့သည်ကိုးလေ။ နောက်ထပ် ဗီရိုတစ်လုံးကို

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်လိုက်တော့ မွေ့ရာတွေ၊ အိပ်ရာခင်းတွေ၊ ခြင်ထောင်တွေနှင့် ခေါင်းအုံးစွပ်နှင့် ခေါင်းအုံးတွေ ဗီရိုမြင့်ကြီးမှာ အကန့်လိုက် အကန့်လိုက် ပရုတ်လုံးနံ့သင်းစွာဖြင့် ရှိနေပါ၏။

ရုတ်ခနဲ စိတ်တွေ မာဆတ်ဆတ် ဖြစ်လာကြပြန်ကာ ဆိုးဆိုးဆတ်ဆတ်နိုင်စွာပဲ မွေ့ရာထူကြီးကို စတင်၍ မနိုင်မနင်းကြီး ဆွဲထုတ်နေမိသည်။ နောက်တော့ ခုတင်ထက်မှာသွားချ၏။ မွေ့ရာခင်းထူထူထဲထဲကြီးကို ဖြန့်ပစ်လိုက်ကာ ခဏထိုင်၍ အမောဖြေ။ နောက်တော့ အိပ်ရာခင်း အပြာရောင်ဖဲစကြီးကို ယူ၍ သပ်သပ်ရပ်ရပ် ခင်းသည်။ မကြာလိုက်။ ခေါင်းအုံးတွေ ...ည်း အပြာရောင်ဖဲစဖြင့် နေသားတကျ။ ဖဲသားအိပ်ရာခင်းသည် ...းသတ်မှာ ပိုးထည်စဖြင့် အနားတွင် အုပ်ချုပ်ထားလျက် ...ားနှစ်ဖက်ဆီသို့ ပြန့်ပြန့်ရန့်ရန့် ခုတင်ပြည့်မျှ အုပ်မိုးကျနေ ...သည်။ ယုန်မွေးစောင်တစ်ထည်။ အပြာနုရောင် ဇာလှလှလေးတွေ ...ြင့် ရှိနေပါသည့် ခြင်ထောင်သည်လည်း ထောင်ပြီးသွားပြီ။

ခုတင်လေးသည် အိပ်ရာအခင်းအကျင်းဖြင့် ပရုတ်လုံးနံ့သင်းလျက် သန့်ပြန့်သစ်လွင်စွာ ချစ်စဖွယ်လေး ဖြစ်တည်လာ၏။

ခုတင်ထက်မှာ မြပန်းရုံ ခြေတွဲလွဲချ၍ ထိုင်နေသည်။ ဘာဆက်လုပ်စရာမှ မကျန်တော့ပြီ။

လူကလည်း အိပ်မရ ပျော်မရအောင် စိတ်တွေကလှုပ်...န်းနေကာ အာရုံတွေက လုံးထွေးနိုးကြားလွန်းနေလျက် ...တ်လှုပ်ရှားမှုများစွာနောက်မှာ ပန်းပန်းဟိုက်ဟိုက်လိုက်နေရင်း အိပ်ချင်စိတ်တွေ ပျောက်ဆုံးနေသည့် မြပန်းရုံပဲ ဖြစ်နေသည်။



ရေချိုးခန်းဝင်ကာ ရေပူရေအေးဖြင့် ရေဇလားကြီးထဲမှာ ရေသင့်အောင်ဖွင့်ပြီးသည့်နောက်မှာ တံခါးရွက်ကိုပြန်ဖွင့်။ ခြေလှမ်းသုတ်သုတ်ဖြင့် မင်္ဂလာခန်းဆောင်ကျယ်ကြီးဆီသို့ ခြေဆောင်လျက် သွားမိသည်။ အခန်းထဲမှာ သူ မရောက်ပါစေနှင့်ဟု ဆုတောင်းနေမိရပါပြီ။

"အို .. သူ ရှိနေလဲ ဘာကိုမှ ဂရုမစိုက်ဘူး .. ငါ့အဝတ်သေတ္တာကို ငါယူတာပဲ .. ဘာဖြစ်လဲ .. လုံးဝ သူ့ကိုခယတောင်းပန်နေတဲ့ မြပန်းရုံ ဖြစ်မနေဖို့ လိုတယ် .. ငိုရှိုက်ကြေကွဲနေတဲ့ မြပန်းရုံလဲ လုံးဝဖြစ်မနေစေရအောင် ကြပ်ကြပ် ဂရုစိုက်ပါ .. ခေါင်းကိုမော့ထား .. အသက်ကိုခပ်ပြင်းပြင်းရှူ .. တံခါးကို ခပ်တည်တည်ဖွင့် .. သူ့ကိုမြင်ရင်လဲ ဂရုမစိုက်နဲ့ .. ရဲရဲဝင် .. သေတ္တာကိုယူ .. ခြေလှမ်းတွေ တုံ့ဆုတ်နှေးကွေးပြမနေနဲ့"

အဲသည်းအသန် ကိုယ့်ကိုယ်ကိုယ် အားပေးရင်းဆက်တိုက်ကြီး ဘာတွေလုပ်ရမည်ဆိုတာကို ညွှန်ကြားနေမိရသည်ကလည်း မြပန်းရုံပါ။ တကယ်တမ်း တံခါးရွက်ကို ဖွင့်လိုက်တော့ အခန်းထဲမှာ ဘယ်သူမှရှိမနေတာကို ကြုံရတာမို့ ရင်ထဲသက်သာရာ ရသွားပါ၏။ သူ ရုတ်ခနဲ အခန်းထဲဝင်လာမှာကို မဖြစ်စေချင်။ အမြန်ဆုံး ကိုယ့်ဘီးတပ်ဆုတ်ကေ့စ်ကြီးကို တွန်းယူသွားဖို့ပဲ အရေးတကြီး ဖြစ်နေသည်။

ခပ်သုတ်သုတ်မျှ ဆုတ်ကေ့စ်တစ်ခုကိုတွန်း၍ ကိုယ့်အခန်း ကိုယ်သယ်လာရစဉ်ခိုက်မှာ ချွေးမတွေ နစ်နေရပြီ။ အခန်းထဲရောက်တော့မှ တံခါးကို ဆွဲပိတ်လိုက်ကာ တံခါးရွက်ကိုကျော

www.burmeseclassic.com

www.burmeseclassic.com



မှိုရပ်နေရင်း အသက်ကို အားယူ၍ ပါးစပ်လေးဖွင့်ဟကာ တောက်လျှောက်ရှူရှိုက်နေမိရပါပြီ။ ဗင်ပန်းလိုက်တာဟု မောမောလျလျ တွေးဖြစ်ရင်း ဝမ်းနည်းရှိန်က ရင်ကိုတိုးဝှေ့နေရာယူလာကြပြန်သည်။

ခံစားရတာတွေက မငြိမ်သက်။ ကပြောင်းကပြန်တွေ ချက်ချင်းဖြစ်ဖြစ်လာတတ်သည်။ ခု .. တင်းမာလိုက်။ ခု .. ကြေကွဲလိုက်။ ခုချက်ချင်း ပြန်၍စိတ်မာန်ဟုန်ပြင်းပြစွာ မခံချင်ဇောတွေ ဝင်လာလိုက်။ ချက်ချင်း သိမ်ငယ်အားကုန် အားပြတ်ဖြစ်လာလိုက်ဖြင့် စိတ်တွေ လှုပ်ရှားပြောင်းလဲနေခြင်းတွေက ဆက်တိုက်လည်း ဖြစ်နေသည်။ ဆန့်ကျင်ခြင်းတွေလည်း ဖြစ်နေသည်။ နောက်ဆုံးတော့ အားတောင့်မခံနိုင်တော့သည့်နှယ် ကိုယ်လေးလျှောကျသွားကာ တံခါးရွက်ကို ကျောလေးမှီထိုင်နေရင်း ဒူးလေးပေါ် မျက်နှာလေးမှောက်ချ၍ ကလေးတစ်ယောက်နှယ် တိုးသက်စွာ ငိုကြွေးမိရပြန်ချေသည်တကား။

အတန်ကြာမျှ ထိုသို့တစ်ယောက်တည်း တိတ်ဆိတ်စွာ မြပန်းရုံ ငိုကြွေးနေမိသည်။ ဘယ်လောက်ကြာသွားပြီဆိုတာပင် မသိနိုင်။ တစ်နာရီလား။ တစ်နာရီထက် ကျော်နေချေပြီလား။ ဘာမျှမသိနိုင်။ နာရီလက်တံကို အခန်းနံရံမှာ မော့ကြည့်တော့ အားလုံးဝါးနေသည်။ မျက်ရည်တွေကြောင့်လား။ အားအင်ကုန်လာနေ၍လား။ မသိ။ ဘာကြောင့် ထိုမျှအမြင်တွေ ဝေဝါးနေသည်ဆိုတာပင် မခွဲခြားနိုင်ဘဲ ဖြစ်နေသည်။ တဖြည်းဖြည်း ကြိုး၍ မြပန်းရုံ ထသည်။ ခြေထောက်တွေ မနိုင်ချင်။

ခံယိုခယိုင်လေးမျှဖြင့်ပင် ရေချိုးခန်းထဲသို့ဝင်သည်။



စပ်ထားသော ရေနွေးသည်ပင် အနွေးဓာတ်လျော့ပါးစ ပြုနေသည်မို့ ရေပူပိုက်ကို နည်းနည်းထပ်ဖွင့်ပြီးသည့်နောက်မှာ ရေပူဖြင့် ရေဇလားထဲ အတော်ကြီးကြာအောင် ရေစိမ်ချိုးနေမိရပါ၏။

ခေါင်းတွေ ဆူနေသည်ပဲဟု တွေးကာ ရေပန်းကိုပါ ဖွင့်ချလိုက်ပြီး ခေါင်းမှလောင်းလောင်းချနေမိရသည်ကလည်း လုပ်မိလုပ်ရာဆန်နေသည်။ ရေပူပေမယ့် ရေစိမ်ချိုးတာ ကြာလာတော့ လက်ဖျားလေးတွေ ရေစိမ်တွန့်သလို ဖြစ်လာတာ မြင်နေတာမို့ ခဏတော့ ခပ်ငေးငေး ငူငူငိုင်ငိုင်မျှ ကြည့်မိပြီးမှ ရေသန့်ပြန်ချိုးကာ အဝတ်အစားလဲသည်။ ဆံပင်ကို သေချာဖြီးသည်။ တဘက်ဖြင့် ပွတ်သုတ်သည်။ မှန်တင်ခုံအံဆွဲတွေကို တစ်ခုချင်းဖွင့်ကြည့်တော့ ဟဲဒရိုင်ယာတွေ့တာမို့ ဆံပင်ရေစိုတွေ ခြောက်အောင်လုပ်လိုက်ပြီးသည့်နောက်မှာ ..။ အင်္ကျီထူထူပွပွလေး ဝတ်ထားလျက်။ ညဝတ်အင်္ကျီကြီးလည်း အံပေါ်မှ ထပ်ဝတ်ပြန်ကာ စောင်ထဲဝင်ကွေးလိုက်မိရပါပြီ။

ပင်ပန်းလိုက်တာဟု အထပ်ထပ် တွေးနေသည်။

တစ်ကိုယ်လုံး နုန်းနေပြီ။ ခုလိုကျတော့လည်း လူက ခံနိုင်ရည်မရှိတော့သည့်နှယ် ရှိုက်ရှိုက်လာရလျက် နားဖို့ပဲ တောင်းဆိုနေသည်သို့ ရှိလာရရင်းမှ မျက်ခွံလေးတွေ လေးကျလာကြပါချေ၏။

မြပန်းရုံ၏ လက်လေးတွေက ခေါင်းအုံး၏ဖဲအနားသပ် အတွန့်အကြွေးလေးတွေထက်မှာ ဖေးဖေးတင်တင်း မှေးပိတ်ထားပါသည့် မျက်ဝန်းဆီမှ မည်သည့်အားစိုက်မှုမှ မလိုဘဲ မျက်

www.burmeseclassic.com

www.burmeseclassic.com



ရည်တွေ တအိအိ ကျနေကြတာကိုလည်း မြပန်းရုံ သိနေသည်။ ဒါပေမဲ့ မျက်ရည်သုတ်ရန်အတွက်ပင် လက်လေးတွေဆီမှာ အား မကျန်တော့သည့်နှယ် ဖြစ်နေလျက် .. မျက်ခွံလေးတွေကိုလည်း ပင့်ယူမရနိုင်အောင် ဖြစ်နေရချေသည်တကား။

○ ❧ ○



## အခန်း(၁၄)

သူ အိပ်ရာမှနိုးလာခိုက် ပြတင်းဆီမှ နေရောင်ခြည်က တိုးတိုးဝင်ဝင် လင်းလဲ့နေပြီ။ တစ်ချက် ခါးဆန့်ကြောဆန့်ဖြင့် အိပ်ရာထဲ အညောင်းဖြေနေမိပြီးမှ ကိုယ်ကိုစောင်းလှည့်လိုက်ကာ နံရံကို တစ်ချက်ငေးကြည့်ငြိမ်သက်သွားမိရပြန်သည်။

သူသည် ပြောင်းလဲသွားပြီဖြစ်သော ရန်ပြေ ဖြစ်ခဲ့ရပြီကောလေ။

အိမ်ထောင်သည်တစ်ယောက်။ အိမ်ထောင်ဦးစီးတစ်ယောက်။ သဇင်ဖူး၏ ဦးဆောင်ရမည့်သူတစ်ယောက်။ နောက် .. မြပန်းရုံ ဆိုသည့် ကောင်မလေးတစ်ယောက်၏ ခင်ပွန်းသည်ဘဝ။ အရာရာသည် သူ့ဘဝအတွက် သက်ဆိုးတိုင်မျှ ရှိစေခဲ့ပြီတကား။

မွန်းကျပ်လှောင်ပိတ်ခြင်းဆိုသည့် ဘဝတစ်ခုထဲမှာ သူသည် နစ်မြုပ်နေရမည့်သူတစ်ယောက် ဖြစ်နေရသည့် ခံစားချက်က ရင်ကို ပန်းဟိုက်နာကျင်နေစေသည်သို့ရှိ၏။

အကြည့်သည် မှန်တင်ခုံရှိရာသို့ ရောက်သည်။

အလှပြင်ပစ္စည်းတွေ အမယ်တော်တော်လေး ရှိနေသည့် မှန်တင်ခုံ။ မိန်းကလေးတွေ၏ အလှခြယ်ပစ္စည်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



သူ နားမလည်။ စိတ်လည်းမဝင်စားခဲ့တာမို့ ဘာတွေဆိုတာကိုတော့ သူ မခွဲခြားတတ်။ ရေမွှေးပုလင်းတွေလောက်ပဲ သူသိသည်။ ခေါင်းလိမ်းဆီမွှေးပုလင်းလောက်ကိုပဲ သူ ခွဲခြားတတ်သည်။ ကျန်သည့်အလှခြယ်ဘူးတွေ ဘာတွေကျတော့ သူ ဘာမျှမကျွမ်းကျင်။ မခွဲခြားတတ်။ ဒါပေမဲ့ မှန်တင်ခုံနေရာလေးမှာ သနပ်ခါးကျောက်ပျဉ်ကို သူ တွေ့ရလျှက်။ ရှင်မတောင်သနပ်ခါးတုံးလေးတစ်တုံးကိုလည်း သူ မြင်ရသည်။

ဩော် .. တကယ်တော့ .. ဤအခန်းရှိ မှန်တင်ခုံနေရာလေးမှာ တကယ်တမ်း ထိုင်နေသင့်သူ .. အလှပြင်နေသင့်သူသည် ငွေပဲဖြစ်သင့်သည်ပဲလေ။ ခုကျတော့ အိမ်ရှင်မတစ်ယောက်၏အခန်းအဖြစ် ဟန်ပြမျှသာရှိနေရပါလေသော မင်္ဂလာခန်းသည် သတို့သားတစ်ယောက်တည်းဖြင့် ဖြတ်သန်းနေရသည့်အဖြစ်။

ဘာပဲဖြစ်ဖြစ်။ မနက်နိုးနိုးချင်းမှာ မြပန်းရုံကို ဦးစွာမတွေ့ ဖြစ်ရသည့်အတွက်တော့ သူ့ရင်ထဲမှာ သက်သာရာရသည်။ အားနာတာလည်း ပါသည်။ စိတ်ညစ်တာလည်းပါသည်။ ပန်းရုံကို မချစ်ပါဟု သူ အတိအလင်း အသိပေးထားခဲ့ရပြီးခဲ့ပြီ။ မနေ့က စာကြည့်ခန်းကျယ်ကြီးထဲမှာ သူသည် သူ့ရင်ထဲမှ မိန်းကလေးဆိုတာ ငွေပဲဖြစ်ပါသည်ဟု ပန်းရုံကို အသိပေးခဲ့ရပြီးနေပြီ။ ဝန်ခံပေးခဲ့ရပြီးနေပြီ။ မြပန်းရုံသည် ညသည်တွေအတွက် နားခိုရာအခန်းအဖြစ် ထားရှိပါသည့် အခန်းကျယ်ကြီးထဲရှိ ခုတင်ထက်မှာ တစ်ညလုံးများ ငိုကြွေးနေချေမည်လားဟု တွေးမိတော့ ရင်ထဲမှာ မကောင်းချင်။ ဘာကြောင့်ပဲဖြစ်ဖြစ်။ ကိုယ့်ပယော



တော့ မကင်းသည့် မျက်ရည်တွေပဲ ဖြစ်ချေသည်ကိုးလေ။ ခုတင်ထက်တွင် ခြေတွဲလွဲချ ထိုင်နေရင်း သူ အတန်ကြာ ငိုင်တွေတွေဖြစ်နေမိရဆဲ။

"ငါ့မှာ ငွေရှိခဲ့တယ်ဆိုတာ ကောင်မလေး မသိတာတော့ သေချာတယ်၊ ဘာလို့ သူ့ကို အမှန်အတိုင်း အသိမပေးခဲ့ကြရတာလဲ"

သူ စိတ်ပျက်လက်ပျက်ကြီး တွေးမိသည်။ ဟုတ်သည်။ စိတ်ပျက်ခြင်းဘက်သို့နွှယ်နေသည့် အတွေးသည် လူကြီးတွေ၏ ပျက်ကွက်မှုနှင့် ဖုံးကွယ်သိုဝှက်ထားမှုဘက်ကို ခေါင်းတည်၏။

တကယ်ဆို မြပန်းရုံကို အသိတော့ ပေးသင့်သည်ပေါ့။

"ငါက ဘာကိစ္စနဲ့ သူ့ဆီသွားပြီး ကျွန်တော့်မှာ ငွေဆိုတာရှိခဲ့တယ်လို့ တကန်တက ပြောရမှာတဲ့လဲ .. အဲဒါ .. ငါ့တာဝန်မှ မဟုတ်တာ .. အန်တီခင် ကိုယ်တိုင်လဲ ဒီအဖြစ်တွေ သိခဲ့ရပြီးနေပြီပဲ .. ကိုပြည့်လဲ သိနေတာပဲ .. ဘာလို့ မပြောပြရတာတဲ့လဲ .. မြပန်းရုံရဲ့ သဘောထားကို မေးလဲမေးသင့်တာပေါ့ .. သူ ငြင်းချင်ရင် ငြင်းနိုင်တာပဲ .. ခုတော့ အားလုံး လွန်ကုန်ပြီ .. သူနဲ့ငါ လက်ထပ်လိုက်ရတာကတော့ ဖြစ်ပြီးခဲ့ပြီ .. သူကလဲ ငါ့ကို နာကြည်းနေရင်းနဲ့ သူ့ဘာသာသူ နေနေတယ် .. ငါကလဲ ငွေ့ကိုတမ်းတနေရင်း ဒီအခန်းကြီးထဲမှာ မနက်စောစောစီးစီး စိတ်ညစ်ပင်ပန်းစရာတွေ ထိုင်တွေးနေရတယ် .. ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကုန်ဖို့ကောင်းနေတဲ့ အိမ်ထောင်ရေးကြီးလဲ .. နောက်ဆိုရင် အလွန်ငြီးငွေ့စရာကောင်းလောက်အောင်ပဲ ငါတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးကြီးဟာ အေးတိအေးစက်ကြီး သုစိမ်းတွေလိုပဲ ဖြတ်သန်းကြရတော့မယ်"

သူ အတွေးတွေ ဖြန့်နေရင်း စိတ်ပျက်လက်ပျက်ကြီး ခေါင်းယမ်းကာ လန်းဆန်းခြင်းကင်းနေသည့် မနက်ခင်းတစ်ခုကို စတင်ရသည့် ရန့်ပြေအဖြစ် ရှိသွားရပါပြီတည်း။ မျက်နှာသစ်ပြီးတာနှင့် အဝတ်အစားလဲကာ အောက်ထပ်သို့ သူ ဆင်းသည်။ ဟိုဟိုသည်သည် ကြည့်မိသည်က မြပန်းရုံကို ရှာဖွေခြင်း။

ကောင်မလေး ရှိမှရှိပါ့မည်လားမသိ။ မနက်စောစော အမေအိမ်ကိုများ ထွက်သွားလိုက်ချေပြီလားမသိ။ အန်တီခင်ကို ငိုယို၍ ဘာတွေပြောနေချေမည်တဲ့လဲ။ ဒါမှမဟုတ် မေမေ့ဆီများ သွားလိုက်ချေမည်လား။ ဟင့်အင်း ..။ မေမေ့ထံသို့တော့ သွားအံ့မထင်။ သွားချင်သွားလျှင် ပန်းရုံ ဆိုတာ ကိုယ့်အမေထံပဲ သွားပြီး ငိုယိုရန်တွေ့နေနိုင်သည်ပေါ့။ ကိုပြည့်ကိုလည်း ငွေ့ကိစ္စ မပြောပြရပါမို့လားဟု ငိုယိုရန်လုပ်နေနိုင်သည်။ ကလေးစိတ်လေး ပေပဲလေ။

သူ စိတ်ညစ်ညစ်ဖြင့် ခေါင်းခါမိပြန်သည်။ လှေကားထစ်တွေကို နင်းဖြတ်ဆင်းနေရသည်ကိုက လေးလံထိုင်းမှိုင်းနေသည့် ခြေလှမ်းတွေ ဖြစ်နေသည်။

ဖျတ်ခနဲ ထိတ်လန့်ချောက်ချားသော အတွေးတစ်စသည် မီးနှင့် သူ့ကို ဟပ်လိုက်သည့်နှယ် ဦးနှောက်ထဲသို့ တွန်းပို့လာတော့ ရင်ထဲ ပူလာရပါပြီ။



"ဘုရားရေ့.. ဒီကောင်မလေး ဘယ်သူ့အိမ်ကိုမှလဲမသွား .. သဇင်ဖူးမှာလဲ မရှိဘဲ တစ်နေရာရာကိုများ စိတ်လိုက်မာန်ပါ ထွက်သွားလိုက်ရင် ပြဿနာပဲ .. အားလုံးရှိသမျှအပြစ်တင်ကြည့်တွေအားလုံး ငါ့ဆီလာမှန်တော့မှာပဲ .. ကျွတ် .. ဒုက္ခပါပဲ .. ဒုက္ခပါပဲ .. ငါကလဲ ညက တော်တော်နဲ့ အိပ်မပျော်နိုင်ဘဲ မနက်ပိုင်းကျမှ အိပ်ပျော်ပစ်လိုက်တာ ခုမှနိုးရတယ်လို့ကွာ .. သေတော့မှာပဲ"

စောစောက တုံ့နှေးနှေး ခြေလှမ်းတွေသည် မယုံကြည်နိုင်စရာ ကောင်းလောက်အောင်ပဲ ဖောနှင့် မြန်ဆန်လွန်းစွာ လှေကားထစ်တွေကို အလျင်စလိုကြီး အထစ်တွေကျော်၍နင်း ဖြတ်ဆင်းခဲ့ကာ ကရောသောပါးနိုင်စွာပဲ မီးဖိုဆောင်ဘက်ကိုဝင်သည်။ ထမင်းစားခန်းကို အရင်ဖြတ်ရတာမို့ စိတ်စောနေလျက် ကြည့်လိုက်တော့လည်း ထမင်းစားခန်းမှာ ရှိမနေ။ မီးဖိုခန်းထဲ ရောက်တော့လည်း ပိုး၌ တစ်ယောက်တည်းကိုပဲ တမြက်လှည်းနေတာ မြင်သည်။

ဟိုဟိုသည်သည် ကြည့်တော့လည်း မြပန်းရုံကိုမတွေ့။ အိမ်ရှေ့ကို ကမန်းကတန်း ခြေဦးလှည့်ရပြန်ကာ ဥယျာဉ်ဘက်ကိုကြည့်တော့လည်း ရေပိုက်ဖြင့် ပန်းပင်ရေဖျန်းနေသည့် ကိုထိုက်ကိုပဲတွေ့ရသည်။

"ကိုထိုက် .. ကောင်မလေးရော"

နှုတ်ဖျားဆီမှ မေးခွန်းသည် အသံတွေ ပျက်ကျအက်ကျနေလျက် လိုတာထက်ပို၍ပင် ကျယ်နေသည့်အသံဖြင့် ထွက်ကျလာသည်။ ကိုထိုက် သူ့ကို အံ့ဩသလိုလည်း လှမ်းကြည့်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ မျက်စိမျက်နှာကြီး ပျက်ကျနေသည့်သူ့ကို အတန်ကြာလည်း မှင်တက်ကြည့်နေသေးသည်။ နောက်တော့မှ အကြည့်သည် ပြုံးစိစိဖြစ်လာသည့် နှုတ်ခမ်းဆီမှ ရယ်သံနှင့်အတူ ရယ်ရိပ်သမ်းလျှက်ရှိလာ၏။

"အဟက်ဟက် .. မသိဘူးလေ .. အစ်ကိုလေးကလဲ"

ဟု ဖြေသည်။ ညားကာစဇနီးသည်လေးကို မနက်မိုးလင်းတာနှင့် မျက်စိက အပျောက်မခံဘဲ သည်းသည်းလှုပ်လာမေးနေသည့်သဘောဘက်ကို နွှယ်နေသည့် အကြည့်မျိုး ဖြစ်နေမှန်းသူ နားလည်လာတာမို့ မျက်နှာပူချင်၏။ ရှက်အမ်းအမ်းကြီးနောက်ကြောင်းပြန်လှည့်ကာ မီးဖိုဆောင်ဘက်ကို နောက်တစ်ကျော့ထပ်ဝင်သည်။ ခြေလှမ်းသုတ်သုတ်ဖြင့် ဟော်တော်လေးတော့သုတ်သီးသုတ်ပြာနိုင်နေတာ အမှန်။ မနက်စောစော ဆာရမှန်းမသိဘဲ ကောင်မလေး ပျောက်မှာကို လန့်နေသည့်စိတ်ပဲ ရှိနေပါသည့်အဖြစ်။

"ဟဲ့ .. ပိုးဥ .. ညည်းမမလေးကော ဘယ်ပျောက်နေတာလဲ"

သူ မျက်နှာပျက်ရင်း မေးတော့ ကြောင်အိမ်ကိုအဝတ်လေးနှင့် ပွတ်နေသည့် ပိုးဥမှ ..

"ဟင် .. မရှိဘူးလား မမလေးက .. စောစောက .. ပိုးဥထက်တောင်မှစောပြီး ဘုရားဆွမ်းတော်တင်ဖို့ ဆွမ်းအချက်တာပဲ ဥစ္စာ .. ဘုရားပန်းလဲ အစောကြီးသွားခူးတယ်လေ .. ပြီးတော့ .. အစ်ကိုလေးစားဖို့ ဒီမှာပူတင်းလဲ လုပ်ထားတယ် .. ထမင်းကိုလဲ ကြက်သားလေးနဲ့ သေချာကြော်



ထားပေးတာ .. မွှေးနေတာပဲ .. ကော်ဖီလဲ နှပ်ထားသေးတယ် .. အားလုံး မမလေးချည်းပဲ လုပ်သွားတာ .. ပိုးဥကို .. မီးဖိုခန်းပဲ လှည်းခိုင်းတာ သိရဲ့လား"

ဟု လေကြောရှည်လေးနှင့် ဖြေတော့ သူ ခေါင်းခါသည်။ ဘယ့်နှယ်လုပ်မည်တဲ့လဲ။

"ညည်းဟာလေ စကားကြောကို ရှည်တယ်"

မသိတာကို ဖြေသည့်ကိစ္စ .. မြပန်းရဲ့ ဘယ်သွားမှန်း မသိလောက်အောင် ပေါ့လျော့နေသည့် ပိုးဥကဖြင့် မြပန်းရဲ့ဘယ်လောက် အလုပ်တော်တာတွေကျတော့ ထောင့်စေ့နေအောင်ကြည့်ထားသည်။ ဘယ်သွားလိုက်သည်ဆိုတာကျတော့ ထောင့်မစေ့ဘဲ ပေါ့ပျက်ပျက်နိုင်နေသည့် ပိုးဥကို မျက်စိထဲ သိပ်ကြည့်မရချင်။

အပေါ်ထပ်သို့ တက်သုတ်ရိုက်၍ သူ တက်ရပြန်သည်။ ဧည့်သည်တွေအိပ်ဖို့ထားသည့် အခန်းက သုံးခန်းရှိသည်။ ဘယ်အခန်းမှာ ကောင်မလေး ညကအိပ်သည်ပင် မသိရလောက်အောင် သူကလည်း ပေါ့တီပေါ့ဆ အတော်ကြီး နိုင်ခဲ့သည်ပဲဟုခုမှ ကိုယ့်ကိုယ်ကိုယ် ပြန်၍အပြစ်ဖို့မိရပါ၏။ အခန်းတွေကိုတစ်ခန်းချင်း လိုက်ကြည့်သည်။ အခန်းတိုင်းသည် တိတ်ဆိတ်နေသည်ပါပဲ။ နှစ်ခန်းကတော့ အိပ်ရာအခင်းအကျင်းမရှိ။ နောက်ဆုံးတစ်ခန်းကို သူ ဖွင့်ကြည့်တော့ သေသေသပ်သပ်လေးခေါက်ထားသည့် အိပ်ရာကို တွေ့ရသည်။ ခုတင်ထက်မှာ အိပ်ရာသည် သန့်သန့်ပြန့်ပြန့် စန့်စန့်ရန့်ရန့်ရှိ၏။ စောင်တိုလည်းသေသေသပ်သပ်လေး ခေါက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွတ်ခနဲ စုတ်သပ်ကာ သူ ငိုင်နေ၏။ ဘုရားရေ။ ကောင်မလေး ဘယ်အခန်းမှာမှ ရှိမနေတာ သေချာနေပြီ။ ခြံထဲမှာရှိလျှင်လည်း ကိုထိုက် မြင်ရမည့်ကိစ္စ။ ကိုထိုက်လည်း ပန်းရုံ ခြံထဲမှာ ရှိနေပါသည်ဟု မဖြေခဲ့။

ခြေလှမ်းသုတ်သုတ်ဖြင့် ပြန်လျှောက်လာရင်း ဘုရားခန်းကို သတိဝင်လာလျက် ပြေးပြေးလွှားကြီးကိုပဲ ဟန်ဆောင်မရနိုင်လောက်အောင် အပူတွေ ရင်မှာပြည့်နေလျက် ရောက်ရပြန်သည်။ ဘုရားခန်းဆောင်ကြီး၏ အဝင်တံခါး ခန်းဆီးပြာနုနုကို သူ ဖယ်သည်ကိုက ညင်ညင်သာသာ နူးနူးညံ့ညံ့ရှိမနေ။ စိုးရိမ်ဇောဖြင့် ကသောကမျော နိုင်နေသည့်အဖြစ်။

ဘုရားဆောင်မှာ မြပန်းရုံကို ကတ္တီပါထိုင်ဖုံလေးမှာ ထိုင်နေလျက် ပျပ်ဝပ်စွာ ဦးချနေတာကိုမြင်တော့ သူ့ရင်ထဲအေးမြသွားရပါပြီ။ တော်သေးသည်။ မြပန်းရုံ သခင်ဖူးမှာ ရှိနေ၍။ သို့မဟုတ်လျှင်ဖြင့် မလွယ်။ သူ့ခေါင်းကို မိုးကြိုးရှစ်စင်းပစ်မှာ သေချာသည်။

ခုမှ သူလည်း ဘုရားမကန်တော့ရသေးတာကို သတိရလာသည်။ ဤကောင်မလေးမျောက်မှာ ကြောက်နေတာနှင့် ဘုရားမေ့ တရားမေ့ ဖြစ်နေရချေသည်ကောလေဟု ခုမှ၍ အပြစ်တင်ချင်စိတ်က မြပန်းရုံပေါ် စုပြုံကျလာပြန်ပါချေသည့် အဖြစ်။

ဘေးမှာရှိသည့် ကတ္တီပါထိုင်ဖုံ နေရာလေးမှာ သူ ထိုင်သည်။ မြပန်းရုံကိုကြည့်တော့ မျက်ဝန်းလေးမှိတ်၍ လက်အုပ်လေးချီကာ ဆုတောင်းနေတာကိုပဲ မြင်ရသည်။ ပုဂံမှာတုန်း



ကလည်း ဆုတောင်းအရှမ်းကြာခဲ့တာကို သူ ဖျတ်ခနဲ ပြန်သတိရ၏။ အဘယ်မျှကြာအောင် သူ ရွှေစည်းခုံစေတီမှာ မြပန်းရုံ၏ ဆုတောင်းခြင်းကာလကို ညောင်းနေအောင် စောင့်ပေးခဲ့ရပါသတဲ့လဲ။ ခုလို ပြန်သတိရလာတော့လည်း ဘာကြောင့်ရယ်မသိ။ ရယ်ချင်လာသည်။ တကယ့်ကို ကလေးလေးနှယ်ရှိခဲ့သည့် ကောင်မလေး။ သူ့ကိုပင် လုံးဖီးကိုပြောသလိုလိုလုပ်လျက် ဆောင်းလား ချိတ်လား ထေ့လား ငေါ်လားနှင့် လုပ်ခဲ့ပါသည့် ကောင်မလေး။ ထိုကောင်မလေးသည် မနေ့ညကစ၍ အရှမ်းကို အေးစက်လွန်းနေသည့် ကောင်မလေးတစ်ယောက်အဖြစ်သို့ မြန်ဆန်လွန်းစွာ ပြောင်းလဲသွားချေပြီလား။ ရင်ထဲမှာ နှမြောချင်သည်။ ပေါ့ပေါ့ပါးပါး ကြည်စင်စင်လေးဖြင့် သခင်ဖူးမှာ ပျော်နေသည့် မြပန်းရုံ အဖြစ်ရှိနေသည်ဆိုလျှင်တော့ ခုလို ငြီးငွေ့ပူပန်စရာကောင်း လောက်အောင် အိမ်ထောင်တစ်ခုသည် ဖြစ်တည်ဖြတ်သန်းချေမှာတော့မဟုတ်။

အတွေးဖြင့် သူ တစ်ချက်ငိုင်ချင်သည်။ ဘုရားကန်တော့။ ဆုတောင်းချိန်ကျတော့ သူ .. သူ .. ငွေ့အတွက် ကောင်းရာသုဂတိလားဖို့ ခါတိုင်းနေ့များလိုပဲ ဆုတောင်းမိရပြီးခါမှ .. ဖျတ်ခနဲ မျက်စိတွေကို ဖွင့်ကြည့်လိုက်မိသည်က မြပန်းရုံကိုပါ။ ခုကျတော့လည်း မြပန်းရုံအပေါ် သူ မရိုးသားရာ ရောက်နေချေသည်လား .. တာဝန်မကျေရာ ရောက်ချေမည်လားဟု ရင်ထဲမှာ ခလုံမလဲ ဖြစ်လာရသည်။ တကယ်ဆို ဘုရားမှာ သူ ဆုတောင်းသင့်သည်က သူ့အိမ်ထောင်ရေး အေးချမ်းခိုင်တည်ဖို့ ဖြစ်သင့်သည် မဟုတ်ပါလား။ ထိုဆုကို သူ တောင်းရမှာ ဘာကြောင့် စိတ်ထဲက ဝန်လေးပင်ပန်းနေရပါသတဲ့လဲ။ ဘာကြောင့်ပဲဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သူသည် မြပန်းရုံနှင့် လက်ထပ်ထားခဲ့ရပြီးပြီပဲလေ။ ဤဆုကို သူ ဖြတ်သန်းလိုက်ရပြီဖြစ်သော အိမ်ထောင်တစ်ခုအတွက် တောင်းသင့်ပါလျက် ငွေ့အတွက်ပဲ ဘာကြောင့် ပထမဆုံး ဦးတည်တောင်းနေမိရပါသတဲ့လဲ။ သူသည် သူ့အာရုံထဲမှာ ငွေနှင့်ပတ်သက်တာတွေပဲ ရှိနေသည့် သူတစ်ယောက် ဖြစ်နေသည်ဆိုတာ ဝန်မခံဘဲနေ၍လည်း မရနိုင်။ ထိုသို့ ဝန်ခံနေရင်းဖြင့်လည်း သူသည်မသိဆိုးဝါးလွန်းနေသည့် သူတစ်ယောက်အဲဖြစ် မြပန်းရုံ အပေါ်မှာတာဝန်မဲ့ကျေဆုံးသော ခင်ပွန်းသည် ဖြစ်နေသည်ဆိုတာကိုလည်း သိနေသည်။ ဤအတွက် .. သူ .. မျက်နှာပူသည်။ အားနာသည်အနေရ အထိုင်ရခက်သည်။ မြပန်းရုံကလည်း သူ့ကိုကြည့်နေတာနှင့် ကြုံတာမို့ သူ ပို၍နေရထိုင်ရ ဆိုးလာကျပ်လာရသည်ပါပဲ။

"ရှင် .. ငွေ့အတွက် ဆုတောင်းနေမယ်ဆိုတာ ကျွန်မသိပါတယ် .. ကျွန်မကလဲ ဆုတောင်းနေမိတာပါပဲ .. သည်းခံနိုင်တဲ့စွမ်းအားတွေ မရှိနိုင်ရင်တောင်မှ ဆင်ခြင်နိုင်တဲ့အသိတရားတွေ ကျွန်မကို ထိန်းချုပ်သတိပေးနေနိုင်ပါစေလို့လေ .. ဘာလို့လဲဆိုတော့ ကျွန်မတို့ လက်ထပ်ခဲ့ရတာကိုက လူကြီးတွေ စိတ်ချမ်းသာဖို့အတွက် သက်သက်ဖြစ်နေတာမို့ .. သူတို့စိတ်ဆင်းရဲ နောင်တရရင်း ကြေကွဲစေမယ့်အဖြစ်တွေ .. ရှင်နဲ့ ကျွန်မရဲ့အိမ်ထောင်သက်မှာဖြစ်မလာနိုင်ဖို့ကလဲ အရေးကြီးနေတယ်လေ"

ဟု တည်ငြိမ်စွာ မြပန်းရုံ ပြောလာတော့ သူ မပြောနိုင်။ ဟန်ဆောင်ပန်ဆောင်လေးပဲဖြစ်ဖြစ် သူခေါင်းခါပြသင့်နေတာ သူသိနေသည်။



"မဟုတ်ပါဘူး .. ကိုယ် .. ငွေ့အတွက် ဆုတောင်းနေတာမဟုတ်ပါဘူး"

ဆိုတာလေးလောက်တော့ လိမ်ညာပြောပေးလိုက်သင့်သည်ဆိုတာလည်း နားလည်နေသည်။ ဒါပေမဲ့ သူ နှုတ်ဆိတ်နေသည်။ မြပန်းရုံကို မညာချင်။

နှင်းဆီတွေဝေနေသည့် ဘုရားစင်ကို သူ မော့ကြည့်နေရင်း ရင်ထဲမှာ ပို၍အနေရခက်လာသည်။ မြပန်းရုံ၏ဘာသာတရားကိုင်းရှိုင်းမှုလေးကိုလည်း သူ သတိမပြု၍ကိုမရ။ ဘုရားပန်းထိုး ပူဇော်ထားသည်က အရမ်းကို လှနေသည်။ ဆွမ်းပန်းဆီမီးနှင့် သောက်တော်ရေခွက်လေးတွေကအစ .. ကြည်လင်ကြည်စင်နေလျက် သစ်သီးဆွမ်းတော်ပါတင်ထားပါသည့် မြပန်းရုံ။ မနက်စောစောမှာ ဘုရားခန်းကို အရင့်ဝင်တတ်သည့် မိန်းကလေး။ ကလေးဆန်သည့် မြပန်းရုံသည် ဘုရားတရားကိုလည်း ကြည်ညိုကိုင်းရှိုင်းသော မိန်းကလေး ဖြစ်နေတာကိုတော့ သူ အသိအမှတ်မပြုဘဲ နေ၍ကိုမရ။ ဤအတွက် သူ့ရင်ထဲမှာ ကြည်နူးအေးချမ်းစိတ် ဖြစ်တည်တိုးဝင်လာရသည်မှာ အမှန်ပါ။

"ကိုယ် .. ကိုယ်တို့အိမ်ထောင်ရေးအတွက် ဆုတောင်းနေပါတယ် မြပန်းရုံ"

ဟူသော လိမ်ညာသည့်စကားကို မြတ်ရှင်ဘုရားရှေ့မှာ မြပန်းရုံကိုပြောဖို့ဆိုတာ ဘယ်လိုမှ မပြုအပ်သည့်အရာ။ သူတိတ်ဆိတ်စွာ ငိုင်သွားစဉ်ခိုက် မြပန်းရုံ ခပ်ဖြည်းဖြည်းထရပ်တော့ သူ မော့ကြည့်ကာ ..

"မနက်စောစောကြီးမှာ ငါ .. မင်းကို လိုက်ရှာခိုက်ရတာ

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ မောနေတာပဲ သိရဲ့လား .. နောက်ကို လှရိပ်သူရိပ် လေးတော့ ငါ့ကို အရင်ပြဖို့ကောင်းတယ် .. ပိုးဥကိုမေး ကိုထိုက်ကိုမေးနဲ့ .. ဘယ်လောက်မျက်နှာပူရတယ် အောက် မေ့လဲ .. ငါက .. မင်း .. ဒီသဖင်ဖူးမှာ ..."

"မရှိတော့ဘူးလို့ ထင်ပြီး လန့်နေတာ မဟုတ်လား .. ရှင် လန့်တာက ကျွန်မအတွက် မဟုတ်ပါဘူး .. ရှင့်အတွက် ပါ .. ရှင့်ကို အန်တီသင်တို့ အန်ကယ်လတ်တို့ ဆူမှာ လန့်နေတာ မဟုတ်လား .. ကျွန်မကို လိုက်ရှာနေရမှာ ကြောက်နေတာ မဟုတ်လား .. စိတ်ချပါ .. ကျွန်မ လော လောဆယ်မှာ အဲဒီအတွေးအခေါ်တွေ ရှိမနေသေးပါဘူး အိမ်ကထွက်သွားတာတို့ ဘာတို့ပေါ့လေ"

အေးစက်စက် အကြည့်ဖြင့် ကြည့်ရုံမျှက အေးစက် စက်လေသံဖြင့် ဖြတ်ပြောလာတော့ သူ စိတ်ဓာတင်လျက် မြန် မြန်ဆန်ဆန်ကြီးပဲ မြပန်းရုံဘေးသို့ ရောက်သွားရကာ ..

"ဟော့ .. ဘယ်လိုသဘောလဲကွ .. ဟေ .. ဘာသဘော ကြီးလဲ .. လောလောဆယ်မှာတော့ အဲဒီအတွေးအခေါ် တွေ မရှိသေးဘူးဆိုတော့ .. တစ်ချိန်ချိန်မှာတော့ အဲဒါတွေ ဖြစ်ချင်လဲ ဖြစ်လာနိုင်တယ်လို့ပြောတဲ့ သဘောလား ဘာလဲ .. ငါ့ကို ခြိမ်းခြောက်နေတာလား မြပန်းရုံ .. အဲ သလို တမင်တကာကြီး လုပ်တယ်ဆိုရင်တော့ ငါကလဲ ညံ့တဲ့ကောင် မဟုတ်ဘူးဆိုတာ သိထားစမ်းပါ .. မင်း မချင်း လိုက်ရှာပြီး တွေ့တဲ့နေရာက ပခုံးပေါ်ထမ်းတင် ခေါ်လာမှာပဲ .. ဘာမှတ်လဲ"



အတည်ပေါက်ကြီး မျက်နှာထိ မျက်နှာထားဖြင့် သူ မြပန်းရုံကို မျက်တောင်မခတ် စိုက်ကြည့်နေရင်း ခပ်မာမာ ပြောတော့ မြပန်းရုံ ပြုံးသည်။ တုံ့ပြန်မော့ကြည့်ရင်းပြုံးသည့် အပြုံးသည် အထင်တသေးနိုင်နေသည့် ခနိုးခနဲ့ဆန်သောအပြုံး ဖြစ်နေတာမို့ သူ ပို၍မခံချိမခံသာကြီး ဖြစ်လာရလျက် ..

"ဟ .. ဘယ်လိုလဲကွ .. ဘယ်လိုပြုံးတာလဲ .. အပြုံးကို မြင်စမ်းပါ"

သူ အပေါ်ဆီးနိုင်နေသော လေသံဖြင့် ခပ်တည်တည် ပြောတော့ မြပန်းရုံ အသံလေး ခပ်တိုးတိုးဖြင့်ပင် ရယ်ချလိုက် သေးသည့်အဖြစ်။ ခုမှ ပိုဆိုးနေသည်။ သူ့ကိုမော့ကြည့်နေသည့် မြပန်းရုံ၏အကြည့်က သူ့ရင်ထဲမှ ခံစားချက်တွေကို လုံးဝဂရုမ စိုက်သည့်အကြည့်။

"အရေးကြီးတာက ကျွန်မရဲ့အပြုံးကို ပြင်စမ်းပါလို့ အမိန့် ပေးချင်နေတာထက် ရှင့်စိတ်ထားကိုပြင်ဖို့ ပိုအရေးကြီးပါ တယ် ကိုရန်ပြေ .. ရှင် .. ကျွန်မကို လိုက်ရှာမယ်ဆိုတာ ကလဲ .. ရှင် အပြစ်တင်မခံရအောင်ဆိုတာ ကျွန်မ သိနေ တာပဲ ဥစ္စာ .. ရှင် ကျွန်မအတွက် စိတ်ပူလို့မှမဟုတ်တာ .. ရှင့်အတွက် စိတ်ပူနေတာပဲလေ .. ရှင့်အတ္တအတွက် ရှင် လုပ်နေတာပဲ .. ဒီတော့ .. အရင်ဆုံး ရှင့်အတ္တတွေကို ရှင် ပြင်လိုက်ပါဦး ကိုရန်ပြေ .. ကဲပါလေ .. ကျွန်မလဲ လူကြီး တွေ မှာထားတဲ့အတိုင်း ဇနီးလိမ္မာလေးအဖြစ် အားလုံး ချက်ပြုတ်လုပ်ကိုင်ထားတာတွေ ရှိနေတာမို့ .. ရှင့်ကျွန်မနဲ့ အတူ ကော်ဖီလေး ဘာလေးတော့ လိုက်သောက်လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဦး .. ပိုးဥ ရှေ့မှာတော့ ကျွန်မ ရှင့်ကို ကိုကြီးလို့ ခေါ်ပါ့မယ် .. ဒါကလဲ လူကြီးတွေက ပိုးဥကို ဟိုမေးဒီမေးနဲ့ လာလာမေးကြမြန်းကြမှာ ကျွန်မသိထားတယ်လေ .. ရှင့်အတွေးတွေအတွက် ကျွန်မက ရှင်နဲ့ကျွန်မကြားမှာ ဘာမှ အဆင်မပြေ မဖြစ်ပါဘူး ဆိုတာကို .. ရှင် အရှုံခံမထိဖို့အတွက် နေပြပေးမှာပါ"

ပြတ်ပြတ်ထင်ထင်လေး ပြောပြီးတာနှင့် ဘုရားဆောင်တွင်းမှ မြပန်းရုံ ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်သွားတော့ သူ ငိုင်ကျန်ခဲ့သည်။ ဘာကြောင့်ဆို .. ထိမထင်သလိုလေးလည်း နိုင်နေလျက် လျှောင်ထေ့ထေ့လေးလည်း တောက်လျှောက်ပြောချ သွားနေ့ရာမှ စကားအဆုံးမှာ ရင်ထဲမခံသာတော့သည့်နှယ် မျက်ရည်ဝေ့ခနဲ လည်တက်လာရှာလေသမျှ သူ့မမြင်ရအောင် ချက်ချင်း လှည့်ထွက်သွားပါသည့် မြပန်းရုံ၏ မျက်နှာလေးကို သူ မိမိရရ မြင်လိုက်ရသည်ကိုးလေ။

"ငါ .. ငါ .. တကယ်တော့ အတ္တကြီးနေတာ အမှန်ပဲ .. အဲသလိုပြောရတော့မယ် ထင်ပါရဲ့ .. အို .. သူလဲ .. အတ္တပါနေတာပါပဲလေ .. ငါ့ကို ဇနီးလိမ္မာလေးအဖြစ် တာဝန်ကျေပြနေတာပဲဥစ္စာ .. သူဟာ ငါ့အပေါ်မှာ သိပ်ကိုတာဝန်ကျေတဲ့ ဇနီးကောင်းအဖြစ် လူတိုင်းရဲ့အမြင်မှာ လုပ်ပြချင်နေတာဟာလဲ အတ္တပေါ့ .. သူ့ကို မဆူကြအောင်ပေါ့ .. သူကရော အတ္တကင်းနေလို့လား .. အို .. သူပြောခဲ့တယ်လေ .. ငါ့အတွက် သူ အဲသလိုလုပ်ပေးရတာပါတဲ့ .. ငါက သူ့ကို ကျေးဇူးတောင်တင်ပေးရမလို ဖြစ်နေသေးတယ်"



ဟု တွေးကာ နောက်မှ ခြေလှမ်းသုတ်သုတ်ဖြင့် မီအောင်လိုက်လာရင်းမှ လှေကားထစ်တွေကို တူတူယှဉ်၍ဆင်းချလာရင်း ..

"ဟော့ .. လူကြီးတွေရှေ့မှာ အချီးကျူးခံဖို့ သက်သက်အတွက် .. မင်း .. ငါ့ကို စေတနာမပါဘဲ ပြုစုနေတာကိုလဲ ငါ သိပါတယ် .. ငါကလဲ .. လူကြီးတွေရှေ့မှာ အပြစ်ပြောမခံရအောင်တော့ နေပြရမှာပဲကွ .. အဲဒါကိုတော့ မင်း နားလည်ထားရလိမ့်မယ်"

ဟု မခံချင်စောဖြင့် လိုက်လိုက်ပြောနေတော့ မြပန်းရုံ သူ့ကိုငဲ့ကြည့်ဖော်ပင်မရ။ စိတ်ပျက်လက်ပျက်လေးပင် ခေါင်းလေး ခါပြလိုက်သေးတာမို့ သူ ပို၍ခံရခက်လာရသည်ပါပဲ။

ထမင်းစားဆောင်ရောက်တော့ မြပန်းရုံ သူ့ကို ကော်ဖီကိုယ်တိုင်ဖျော်ပေးသည်။ ထမင်းကြော်ပန်းကန်နှင့် ပူတင်း ပန်းကန်လေးကိုလည်း တယုတယဟန်လေးဖြင့် သူ့ရှေ့ချပေးသည်။

လက်သုတ်ပဝါလေးကိုလည်း သူ့ဘေးမှာ ကြွေပန်းကန်ပြားငယ်လေးထက်မှာတင်၍ သေသေသပ်သပ်လေး ထားပေးပါ၏။

ပြီးတော့ .. သူ အအီပြေသောက်ဖို့ သခွားသီးဖျော်ရည် ဖန်ခွက်လေးလည်း ကိုင်းတပ်ဖန်သားနေရာလေးကအစ ကြည်ကြည်စင်စင်ဖြင့် သူ့ရှေ့မှာ ရှိနေပြီ။

"ဟာ .. ကိုကြီးတစ်ယောက်တည်း စားရမှာလား"

သူ မော့ကြည့်မေးတော့ မြပန်းရုံ ပြုံး၍ ..

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ကိုကြီး .. ပန်းရုံ .. ပိုးဥနဲ့ပဲ တူတူစားလိုက်ပါတော့မယ် .. နေ့လယ်စာ ကိုကြီး စားချင်တဲ့ဟင်းပြောလေ .. ပန်းရုံ ဈေးသွားဝယ်ရဦးမှာမို့ ကိုကြီး အကြိုက်အားလုံး ဝယ်လာမှာပါ"

ဟု ဖြေရင်း အဲယားကောန်းလေး ပြေးဖွင့်ပေးနေတာမို့ ပိုးဥ ဆိုတာ တပြုံးပြုံးဖြင့် ကြည့်ကြည့်နေပြီ။

"ရတယ် .. ကိုကြီး ဘာဟင်းမဆို စားတယ် .. ပန်းရုံ စားချင်တာကိုချက် .. ကိုကြီးလဲ စားမှာပါပဲ"

"ဟင် .. အစ်ကိုလေးပဲ အရင်တုန်းက ကြက်ဟင်းခါးသီးတို့ .. စူကာသီးတို့ .. မုန်လာထုပ်တို့ မကြိုက်ဘူးဆို"

အရေးထဲ သူ အမှတ်ယူနေသည့်ကိစ္စ ဘာမသိညာမသိနှင့် ဝင်ဝင်ပါနေသည့် ပိုးဥ ဆံရစ်ဝိုင်းကလည်း တစ်မှောင့် ဖြစ်နေသည်။

"အခု အားလုံးကြိုက်တယ်ကွာ .. မိပိုးဥ .. လျှာကိုငြိမ်ငြိမ်ထားစမ်းပါ .. ကဲ .. ကိုကြီးဘေးမှာလာထိုင် .. ကိုကြီးနဲ့ တူတူစား .. ဘယ့်နှယ် တစ်ယောက်တည်းစားရမယ်လို့ ပန်းရုံရယ် .. လာ .. ကိုကြီးကိုယ်တိုင် ကော်ဖီဖျော်ပေးမှာ .. ထမင်းကြော်လဲ ထည့်ပေးမှာ .. ကိုကြီးက သဘောသီးဖျော်ရည်ဆိုလဲ သိပ်ကြိုက်တာကွ .. ကျေးဇူးပဲ ပန်းရုံ"

ဟု ပြောလည်းပြော။ ပန်းရုံကို လက်လေးဆွဲ၍ သူ့ဘေးမှာ အတင်းထိုင်ခိုင်း။ ထမင်းကြော်ပူပူ ထည့်ထားပါသည့် ကြွေအုပ်ထဲမှ ခူးခပ်၍ သူ့ကိုယ်တိုင် ပန်းကန်ပြားလေးရှေ့ရောက်



အောင် အစစ လိုက်လိုက်လုပ်ပေးနေတော့ မြပန်းရုံ အံ့သြမှင်တက်သလိုလေး ပထမတော့ လိုက်လိုက်ကြည့်နေသည်။ နောက်တော့ .. မျက်ရည်ဝေ့ခနဲ တက်လာလေသမျှ .. ဘယ်လိုမှ ထိန်းမရအောင် ဖြုတ်ခနဲ ကြွေကျလာတော့ သူကိုယ်တိုင်လည်း မျက်စိမျက်နှာကြီး ပျက်ကျသွားရကာ ပိုးဥကိုကြည့်လိုက်တော့ စောစောက ပြုံးနေပါသည့် ပိုးဥ မျက်နှာငယ်လေးဖြင့် ငေးကြည့်နေတာနှင့်တိုးသည်။

"ဘာလို့ ငိုတာလဲ ပန်းရုံရယ် .. ဟင် .. ဒုက္ခပါပဲကွာ .. ပိုးဥ တိုင်ရင်ဘာ့ ကိုကြီးကို မေမေဆူတော့မှာပါပဲ"

ဟု ခပ်တိုးတိုး ပြောလည်းပြော။ ပိုးဥကိုလည်း လှည့်ကြည့်နှင့် ရှိနေလေသမျှ ရင်ထဲဆို့နေရင်း မြပန်းရုံမော့ကြည့်မိရပါပြီ။

"ဘာကြည့်နေတာလဲ ပိုးဥ .. အပြင်သွားနေစမ်း"

ဟု ပိုးဥကို သူ လှည့်အော်တော့မှ ပိုးဥ ငြိမ်ကုပ်ကုပ်လေး ထွက်သွားပေမယ့် လှည့်ကြည့် လှည့်ကြည့်နှင့် စပ်စုရှိန်ကတော့ တံခါးက အထွက်သို့တိုင်အောင် ခြေလှမ်းနှင့်အတူရှိနေတာမို့ ..

"ဟဲ့ .. ဘာကြည့်နေတာလဲ .. ခန်းဆီးကွယ်ကလဲ ချောင်းမနေနဲ့ .. ငါ့မှာ .. ပန်းရုံလေး ငိုနေလို့ စိတ်မကောင်းရတဲ့အထဲ .. ညည်းက သတင်းပို့ဖို့ပဲ ထောင့်စေ့နေတယ်"

ဟု သူ ငေါက်တော့မှ ပေစောင်း ပေစောင်းဖြင့် ခန်းဆီးကို မဖယ်ချင့်ဖယ်ချင်လေး တိမ်းဖယ်ကာ အပြင်သို့ထွက်သွားပါသည့်အဖြစ်။ သူ .. မြပန်းရုံကို မျက်ရည်သုတ်ပေးရင်းမှ ..

www.burmeseclassic.com

www.burmeseclassic.com



"မငိုပါနဲ့ ပန်းရုံ .. ဒါက .. တကယ့်ကို ရင်ထဲကစကား ကို ပြောတာပါ .. ယုံပါ .. ခုလို .. ငိုနေတာကို .. ကိုကြီး ရင်ထဲမှာ မကောင်းဘူး .. ဘာလို့ငိုရတာလဲကွာ .. ဟင် .. ဘာလုပ်မိလို့လဲ .. ငါ ဘာများလုပ်လိုက်မိပြန်ပြီလဲ ပန်းရုံ .. ဘာမှမလုပ်မိဘူးလို့တော့ ထင်တာပဲ .. မင်း ငိုရလောက် အောင် .. ငါ .. ဘာများလုပ်လိုက်မိပြန်ပြီလဲကွာ"

သူ နားမလည်သလို ခပ်ညည်းညည်းလည်းပြော .. မျက်ရည်လည်း သုတ်ပေးနေတော့ မြပန်းရုံ မော့ကြည့်လာကာ ..

"ကျွန်မကို ခုလို ထမင်းကြော်ကအစ ခူးခပ်ကျွေးနေတာ ဟာ .. ရှင် အဆူမခံရဖို့ဆိုတာ ကျွန်မ သိပါတယ် ကိုကြီး ရယ် .. အဲဒီထမင်းပွဲကို ကျွန်မ ဘယ်လိုအင်အားနဲ့ စားရ မှာလဲဟင် .. ဘယ်လိုမျိုချရမှာလဲ .. ကျွန်မဟာ .. ကျွန်မ ကို .. စေတနာနဲ့ ခူးခပ်ကျွေးခဲ့ကြတဲ့သူတွေရဲ့ ထမင်းပွဲ မျိုးကိုပဲ စားခဲ့ရဖူးတာ တစ်သက်လုံးပါပဲ .. ဒီမနက်မှ ကျွန်မစားရမယ့် ဒီမနက်စာထမင်းပွဲ .. ကော်ဖီပွဲလေးဟာ ကျွန်မကို တာဝန်အရ .. ပြီးတော့ .. စေတနာပါဘဲနဲ့ ဟန်ဆောင်ပန်ဆောင်နဲ့ ပြင်ပေးတဲ့အရာတွေ ဖြစ်နေပြီး .. ကျွန်မဘဝမှာ ပထမဆုံး ရင်ဆိုင်ကြုံတွေ့ရတဲ့ မနက်စာ စားပွဲလေးလည်း ဖြစ်နေပါတယ် ကိုရန်ပြေ .. ကျွန်မ .. ရင်ထဲမှာ မခံနိုင်လွန်းလို့ပါ .. ငိုတယ်ဆိုတာ ရှင့်ရှေ့မှာ မဖြစ်အပ်ဘူးဆိုတာ ကျွန်မ သိပါတယ် .. ကျွန်မကိုသနား လာအောင် ကြိုးစားယူနေတယ်လို့လဲ ကျွန်မ အပြောခံ နိုင်လွန်းလို့ပါ"



မျက်ရည်ကိုထိန်းနေရင်းမှ ဘယ်လိုမှ မရနိုင်စွာ ဖြိုင်ကျလာရင်း ပြောနေသည့် မြပန်းရုံ၏ စကားများသည် တကယ် တမ်းမှာ အရမ်းကို ကြေကွဲနာကျင်နေသည့် ခံစားချက်များ စီး မျောပါနေသည့်နှယ် မိန်းမသားတစ်ယောက်၏ မာနတရားများကို လည်း ဖွင့်ချလိုက်ခြင်း ဆန်နေသည်။

ဘာတဲ့ ..။ ပန်းရုံ၏ မျက်ရည်စက်များကြောင့် .. သူ့နှလုံးသားဆီမှ သနားစိတ်တွေ ဖြစ်တည်လာစေဖို့ အထင်ခံရ မှာကို စိုးရိမ်သည်တဲ့။ သူ ငိုင်ခနဲ ဖြစ်သည်။ ဟုတ်သည်။

ဤမိန်းကလေး၏ မျက်ရည်စက်များသည် သူ့နှလုံး သားကို စတင်၍ သနားစိတ်တွေ ဖြစ်တည်ဖန်ဆင်းပေးနေချေပြီ လား။

"ကျွန်မကို .. ရှင် .. မချစ်နိုင်တာကို ကျွန်မ ဘာမှမပြော ချင်တော့ပါဘူး ကိုရန်ပြေရယ် .. ကျွန်မကို သနားဟန် ဆောင်တာမျိုးတွေ လုပ်ပြပြီး .. ထပ်ပြီးတော့ မနှိပ်စက် ချင်ပါနဲ့ရှင် .. ကျွန်မ .. ကျွန်မ .. ရှင့်ထက်အများကြီး အသက်ငယ်တဲ့ ပန်းရုံပါ .. အရှယ်နဲ့မမျှအောင် ခံစားရ စေဖို့အထိတော့ .. ရှင် .. ကျွန်မကို မရက်စက်လိုက်ပါ နဲ့ .. ကျွန်မ .. ကျွန်မ .. တောင်းပန်ပါတယ်ရှင်"

လက်အုပ်လေးချီလိုက်ကာ ကန်တော့ရင်း တနင့် နင့်နေအောင် ခံစားရလေသမျှ ရှိုက်သံတွေ ပွင့်ကျကာ အသံလေး တွေ တိမ်ကျသည်အထိ ဆို့နေသည့်ရင်ဖြင့်ရင်း၍ မြပန်းရုံပြော နေသည်ပဲဟု သူ နားလည်လိုက်ရပါပြီ။ သူ .. ခေါင်းခါသည်။ ...ရုံ၏ လက်လေးကို ထွေးအုပ်လိုက်ရင်းမှ ..

www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ မြပန်းရုံ .. အဲသလောက်ကြီးထိ ကိုယ့်အပေါ်မှာ မတောင်းပန်ပါနဲ့ဗျာ .. ခု .. ခု .. တကယ့်ကို ငါ့ရင်ထဲမှာ မင်းအပေါ် သနားနေမိတာပါ .. ဒါ .. ဒါ .. ဟန်ဆောင်နေတာ မဟုတ်ပါဘူး .. ဘာလို့ ဒီထိအောင် ငါ ဟန်ဆောင်ပြနေရမှာလဲ၊ မင်းနဲ့ငါဟာ ရန်သူတွေမှ မဟုတ်တာ .. တိတ်တော့နော် .. ကဲ .. ကဲ .. မျက်ရည်တွေ တန့်လိုက်ပါတော့ .. စိတ်ကိုလျှော့လိုက်နော် .. ကိုကြီး .. ဒီထမင်းပွဲကို စေတနာမပါဘဲ ခူးခပ်ကျွေးတာမျိုး ခုလဲ မလုပ်တော့သလို နောင်လဲ မလုပ်ဘူး .. ကတိပေးတယ်"

သူ ဖျောင်းဖျောင်းဖျဖျ ပြောလည်းပြော။ မျက်ရည်တွေလည်း သုတ်ပေးနှင့် ရှိသွားတော့ မြပန်းရုံ အင်္ကျီလက်မောင်းစလေးဖြင့် လက်မောင်းလေးကိုပင့်၍ ပင့်၍ မျက်ရည်သုတ်ရှာ၏။

"တကယ့် အရိုးခံလေးပါလားနော် .. စောစောက ငါ့ကို မထိတထိ လှောင်နေတုန်းကလဲ မခံချင်အောင်နဲ့ လုပ်ခဲ့တာပေပဲ .. ခုလိုကျတော့လဲ ဝမ်းနည်းရှိုက်ကြီးကြီးနဲ့ ကလေးလေးလို ငိုရှာတော့တာကိုး .. သူ .. မနေ့ညက ငါ့ကိုပြောခဲ့ရှာတယ် .. သူ့ကိုဖျောင်းဖျသူမဲ့နေတဲ့ ဘဝထဲကို ပို့လိုက်ကြတာတဲ့ .. ဘယ်လောက်ထိ သူ တစ်ညလုံး မျက်ရည်တွေနဲ့ ရှိနေမလဲနော်"

ဟု တွေးကာ ရင်ထဲပို၍ မကောင်းနိုင်။

သူ ထမင်းပွဲကို မြပန်းရုံရှေ့သို့ တွန်းပို့ပေးကာ –



"စားလေ .. ပန်းရုံ အရင်စားပြီးမှ ကိုကြီး စားမယ် .. မစားဘူး ဆိုရင်တော့ ကိုကြီး ဇွန်းနဲ့ခွံ့ကျွေးမှာနော်"

ဟု ပြောတော့ မြပန်းရုံ တစ်ချက် သူ့ကိုမော့ကြည့်လာသည်။ အကဲခတ်ကြည့်၏။

"တကယ့်ကို စိတ်ထဲကနေစ်ပြီး ပြောတဲ့စကားပါဗျာ .. စေတနာပါတဲ့ စကားပါ .. ထပ်ပြောမယ် ပန်းရုံ .. နောက်ကို မငိုနဲ့ .. လုံးဝခံနိုင်ရည်မရှိလို့ပါ ပန်းရုံရာ .. အဲဒီ မျက်ရည်ကို ကိုကြီး မခံနိုင်ဘူး .. ရင်ထဲထိတယ် ပန်းရုံ .. တကယ်ပြောတာ .. ကျိန်ပြောရမှာလား"

ဟု သူ ပြောလာတော့ ပန်းရုံ ခေါင်းလေးခါသည်။

"ကျိန်တွယ်တယ်ဆိုတာ မမှန်ဘဲ ကျိန်ပြောလိုက်ရင် .. နိုက်တတ်ပါတယ် .. ရှင် .. ကျွန်မကြောင့် ကျိန်တွယ်တာတွေကို ဘယ်တော့မှ မလုပ်ပါနဲ့ .. ကျိန်တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးခိုက်အောင် ကျိန်စာတိုက်လိုက်တာမျိုး ဖြစ်သွားတတ်တယ် .. ကျွန်မ စားပါမယ် .. ကိုကြီးလဲ စားပါ .. ခုလို ကျွန်မကြောင့် .. ကျွန်မရဲ့မဆင်ခြင်နိုင်မှုကြောင့် .. ကျွန်မရဲ့မျက်ရည်ကို ကျွန်မ မထိန်းနိုင်ခဲ့တာမို့ ကိုကြီး မနက်စောစောမှာ စိတ်မချမ်းမသာဖြစ်သွားရတာကို ကျွန်မ ဘယ်တော့မှ နောင်တတွေ ပြေနိုင်စွမ်းတော့မှာ မဟုတ်ပါဘူး .. နောက်ကို ဒီလိုမဖြစ်စေရပါဘူး ကိုရန်ပြေ"

ဟု ပြောလာတော့ သူ ရင်ထဲပို၍ ခံစားရသည်။ ရင်ထဲ မကောင်းနိုင်။

www.burmeseclassic.com

www.burmeseclassic.com



သူ သက်ပြင်းရှိုက်ကာ ထမင်းပွဲကို ကြည့်မိပါ၏။ ထမင်းတွေလည်း စောစောကလောက် ပူမနေနိုင်တော့ပြီ။ အပူရှိန်ကျဆင်းစ ပြုနေသည့် ထမင်းကြော်သည် ပူနွေးနွေးအဆင့်ပဲကျန်တော့သည့်အဖြစ်။

သက်ပြင်းရှိုက်လိုက်မိကာ ပန်းရုံကို သူ မျက်တောင်မခတ် ခပ်ငေးငေး ကြည့်မိစဉ်ခိုက် မြပန်းရုံ ထမင်းကြော်ကို ဇွန်းလေးနှင့်ခပ်၍ စတင်စားနေပြီ။ ကော်ဖီခွက်ကို သူ တိုးပေးတော့ တစ်ကျိုက်ယူသောက်သည်။ ထိုအခါမှ သူလည်း ထမင်းကြော်စားဖြစ်၏။ စား၍အရသာရှိလှသည်ကိုတော့ သူ ဘယ်လိုမှမငြင်းနိုင်။ မြပန်းရုံ၏ လက်ရာလေးဆိုတာ သူ သိနေသည်။ မီးဖိုချောင်နိုင်နင်းသည်ပဲဟု အထင်တကြီး ဖြစ်ရပါသည့်အဖြစ်။

သူ .. ရင်ထဲ ပို၍ခံစားလာရသည်။

မဖြစ်သင့် ..။

သူနှင့် ပန်းရုံသည် လက်ကာပ်ရသည့် ဘဝတစ်ခုကို ဖြစ်တည်မလာစေသင့်။

စောစောက စကားကို သူ ပြန်၍ကြားယောင်လာမိသည်။

ပန်းရုံ ပြောခဲ့သည့်စကား။ ကျိန်တွယ်သည်ဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးခိုက်အောင် ကျိန်စာတိုက်လိုက်တာမျိုးဖြစ်သွားတတ်သည်တဲ့။

ခြော် ... အချစ်ဆိုတာ ပျောက်ဆုံးသွားပြီဖြစ်သည့် နှလုံးသားကို ကျိန်စာတိုက်ပေးလိုက်စေခြင်းဆိုသည့် အရာသည် မချစ်သည့်သူ နှစ်ယောက်ကို လက်ထပ်ပေးလိုက်ခြင်းဖြင့် ဘဝခရီးတစ်ခုကို စတင်စေလိုက်ခြင်း ဖြစ်ချေသည်ဆိုတာ ဘာ့ကြောင့် မေမေတို့ မသိခဲ့ကြရပါသတဲ့လဲ။



အချစ်ဆိုတာ ပျောက်ဆုံးသွားပြီဖြစ်သည့် နှလုံးသားကို ကျိန်စာတိုက်ပေးလိုက်သည့် ဘဝခရီးအစကို ဖြတ်သန်းရသည့်ကာလသည် တစ်သက်တာမျှတိုင်မည်ဆိုတာ .. သိနေရသည်မို့ .. သူ့ရင်သည် သူနှင့်မြပန်းရုံတို့၏ ရှေ့အနာဂတ်အတွက် စိုးရိမ်ဓာပို၍ကြီးလာရ .. ပင်ပန်းလာရချေသည်တကား။

၀ ❧ ၀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

"တကယ်ပါ. အန်တီလေးရဲ့ .. အဟုတ်ပြောတာပါ .. မနက်မိုးလင်းတာနဲ့ အစ်ကိုလေးက မမလေး ပန်းရုံကို လိုက်ရှာနေတာ .. မျက်စိမျက်နှာကြီးလဲ ပျက်နေတာမှ သိန်းလို့တောင် မရအောင်ဘဲ အန်တီလေးရ .. ပန်းခြံထဲ လာမေးတယ် .. မမလေးရောတဲ့ .. ကျွန်တော်က ဘယ်သိမလဲလို့ဖြေတော့ မျက်စိမျက်နှာကြီးပျက်ပြီး ပြန်လှည့်ထွက်သွားလိုက်တာ မြန်မှမြန်ပဲ"

သူ ပန်းခြံထဲဆင်းလာခိုက် သစ်ခွစင်အကွယ်တောင် နေရာမှာ ဆယ်လူလာဗုန်းတွေ ဘာတွေဖြင့် ကောင်းစားနေသည့် ကိုထိုက်ကို သူ တွေ့လည်းတွေ့ရ .. ဘာတွေပြောနေသည်ဆိုတာ လည်းကြားရနှင့် ဖြစ်သွားရပေမယ့်။ ဘာမှမပြောတော့ဘဲ အသာ လေးခြေသံလုံလုံဖြင့် ပြန်ခဲ့ရပါသည့်အဖြစ်။

'မေမေသည် သူနှင့်ပန်းရုံတို့၏ ဆက်ဆံရေးအခြေ အနေကို နေ့စဉ်နှင့်အမျှ ဒေါက်ထောက်၍ စောင့်ကြည့်ဖို့တာဝန် ကိုထိုက်ကို ပေးထားချေသည်ကောဟု သိထားလိုက်ရပါပြီး



မေမေက ကိုထိုက်ကို ဆယ်လူလာပင် လျှို့လျှို့ဝှက်ဝှက်ဖြင့် မှ မသိအောင် ပေးထားချေသည်အထိ ထောင့်စေ့စေ့နေသည့် အစီ အစဉ်ဖြင့်ပါတည်း။ တစ်နေ့ ဘယ်နှခါများ သတင်းပေးပို့နေ မည်မသိ။

စိတ်ထဲ သိပ်မသက်သာတာမို့ ပိုးဉ ရှိနေနိုင်သည့် မီးဖိုဘက်ကို သူ ခြေသံလုံလုံဖြင့် သွားတော့ ပန်းရုံနှင့်ပေပေ နေတာပဲ ကြုံသည်။ သိပ်တော့ စိတ်မချရ။ ပိုးဉကိုလည်း မေမေ လာ၍ လာ၍ မေးမြန်းနေနိုင်သည်ပဲလေ။ ဆံရှစ်ဆံတောက်လေး နှင့် ကလေးစိတ်လေးဖြင့်ရှိသည့် ပိုးဉကိုတော့ မေမေသိပ်ပြီး ကြာကြာအစ်အောက်မေးမြန်းစရာကို လိုအံ့မထင်။ သူ ပန်းရုံ အပေါ် ဆက်ဆံရေး ကြပါးလိုက်တာမျိုးရှိကြည်။ မေမေ့ကိုအားလုံး ပြန်၍ဖော်ကောင်လုပ်မည့် ပိုးဉ။

ထိစဉ်ခိုက် ခြံတံခါးဝဆီမှ လူခေါ်ခေါင်းလောင်းသံ မြည်လာတာမို့ ပိုးဉ ပြေး၍ထွက်သွားလိုက်တာ သူ မြင်ရသည်မို့ ကမန်းကတန်း မြပန်းရုံ ကြော်လှော်နေသည့် မီးဖိုနေရာလေးဆီ သို့ သွားမိရ။ အရေးတကြီးလေသံဖြင့်လည်း ..

"ကိုထိုက်ကို မေမေက အခြေအနေတွေ ခုမနက်မိုးလင်း တာနဲ့ မေးနေတာ ကိုယ် ကြားခဲ့ တွေ့ခဲ့ရတယ် .. အရှုံး ဂရုတစိုက်နဲ့ ကိုယ်တို့နေမှဖြစ်မယ် ပန်းရုံ .. ရန်ဖြစ်တယ် .. စကားမပြောဘဲ နေတယ် ဆိုတာမျိုးတွေ ဖြစ်လို့ကတော့ ကိုယ်ရော မင်းရော ချောင်မှာမဟုတ်ဘူး .. ကိုယ့်ကိုမေမေ လာဆူကျိန်းမှာ ဖြစ်သလို .. မင်းကိုလဲ အန်တီလေးလာဆူ မှာ သေချာတယ် .. သက်သာကြမှာ မဟုတ်ဘူး .. ပိုးဉ

www.burmeseclassic.com

www.burmeseclassic.com



ကိုလဲ သတိကြပ်ကြပ်ထားမှ ဖြစ်မှာ .. သူကပိုပြီး အတိအကျ ပြန်ဖော်ကောင်လုပ်မယ့် ကောင်မလေး .. ရှုးပေါ်ပေါ်နဲ့ .. သိရဲ့လား"

"စိတ်ချပါ .. ကျွန်မ သတိထားပါ့မယ် .. အလုပ်သွားတော့မလား .. ကျွန်မ အဝတ်အစားတွေ လာထုတ်ထားပေးပါ့မယ်"

"အရေးထဲကွာ .. အဲသလို ကိုယ့်အပေါ် တာဝန်ကျေတာမျိုးတွေ လုပ်မနေနဲ့ ပန်းရုံရာ .. ကိုယ့်ဘာသာ ပျော်အောင်သာနေပါ .. ကိုယ်နဲ့ပတ်သက်ပြီး တာဝန်မကျေဖြစ်မှာမျိုးတွေကို စိတ်မပူပါနဲ့ .. ဝန်ပိပါတယ် ပန်းရုံ .. အလုပ်သွားတဲ့အခါ .. အဝတ်အစား .. ကိုယ့်ဘာသာ ယူဝတ်ပါ့မယ် .. အရင်တုန်းကလဲ အဲသလို ကိုယ်နေနေခဲ့တာပဲ ဥစ္စာ"

"ဒါဆိုလဲ ကိုရန်ပြေ့ သဘောပါ .. ကျွန်မ တာဝန်မဲ့ရာရောက်မှာစိုးလို့ပါ .. အခု မှာစရာရှိတာက အဲဒီသတိထားစကားပြောဖို့ပဲ မဟုတ်လား .. ကျွန်မ မှတ်မိပါပြီ"

သူ့မှာစိတ်လက်ပူလျက် လာလည်းပြောပေးရသေးသည်။ မြပန်းရုံက မျက်နှာလေးတည်တည်ငြိမ်ငြိမ်ဟန်လေးဖြင့် ဒယ်အိုးထဲမှ အစိမ်းကြော်တွေကိုပဲ အရေးကြီးတကာ့ အကြီးဆုံးဟန်ဖြင့် အာရုံစိုက်ကာ မွှေနှောက်လှန်လှော ကြော်နေရင်း သူ့ကို ပြောစရာကုန်လျှင် ပြန်ဖို့သဘောဆန်သည့် စကားကို ပြောလာတော့ သူ့ရင်ထဲ အောင့်ခနဲဖြစ်၏။ လောလောဆယ်မှာ ဝင်လာလျှင် သူက ပန်းရုံ ဘေးမှာကပ်၍ အဖော်လုပ်ချဲနေသည်



သဘောမျိုးပင် ဖြစ်နေ မြင်နေစေနိုင်တာမို့ သူ့ဘက်က ပိုးဥအမြင်တွင် အမှတ်ပေးစနစ်အရဆိုလျှင် ပန်းရုံထက်ပင် သာနေသေးသည် ဆိုတာကို တွေးမိရပြန်တာမို့ ...

"မဟုတ်ဘူးလေ .. ကိုယ် ပြောချင်တာက ကိုယ်တို့နှစ်ယောက်ဟာ သိပ်ကင်းကင်းနေပြကြလို့ မဖြစ်ဘူးဆိုတာကို သိနေကြဖို့ပဲ ကိုယ်တို့နှစ်ယောက်ဟာ စကားတွေ ပြောနေကြရမယ် .. ရယ်ရယ်မောမော နေပြကြရမယ် .. ကတောက်ကဆ ဖြစ်ထားတာမျိုး လုံးဝမရှိစေရဘူး .. ဒါမှ နှစ်ဖက်လူကြီးမိဘတွေက ကြာကြာရှည်ရှည် မျက်စိဒေါက်ထောက်ကြည့်ကြတော့မှာ မဟုတ်ဘူး .. စိတ်ချလက်ချကြီး ရှိသွားကြရင်းနဲ့ ဒီကလေးနှစ်ယောက် ကြင်ကြင်နာနာ ရှိကြတယ်လို့ပဲ မှတ်ယူစိတ်အေးသွားကြမှာပေါ့ .. အဲဒါကို .. မင်း မြင်တတ်နားလည်တတ်အောင် ကိုယ်က လာပြောတာပါ .. ဒီနားကပ်ရပ်ပြီး အချိန်တွေကို ကုန်ချင်နေလို့တော့ မဟုတ်ပါဘူး"

ရန်ပြေပဲလေ။ မာနတော့ ရှိသည်ပေါ့။ သူ တမင်တကာကြီး လာလာနေနေသည်ဟု ဘယ့်နှယ်လုပ်၍ အထင်ခံနိုင်ပါမည်တဲ့လဲ။ စောစောကပဲ ထမင်းစားခန်းမှာ တစ်ယောက်နှင့်တစ်ယောက် နားလည်သဘောပေါက်ထားသည့်နှယ် ပြန်၍အေးအေးချမ်းချမ်းလေးရှိခဲ့ .. စာနာနားလည်စိတ်တွေလည်း ဖြစ်ခဲ့ကြရတာဖြင့် မကြာသေး။ သူ ခြံထဲဆင်းသွားပြီး ကိုထိုက် လုပ်နေတာတွေ မြင်ခဲ့တိုးခဲ့လေသမျှ စိတ်လက်ပူစိတ်ဖြင့် လာ၍သတိပေးချိန်မှာ မရွှေမြပန်းရုံက အချိုးပြောင်းနေပြန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကလဲ သိပါတယ် .. ရှင်ဟာ ကျွန်မဆီကို တကူးတကလာပြီး ခုလိုစကားတွေ ပြောနေတာ မဟုတ်ဘူးဆိုတာလေ .. ရှင်ရော ကျွန်မရော အဆူခံမထိကြရအောင် လာပြောနေတယ်ဆိုတာကို ကျွန်မ နားလည်ပြီးပါပြီ .. ရှင် ကျွန်မကို ခင်မင်ရင်းနှီးချင်စိတ် မရှိဘူးဆိုတာ ပိုနိုင်မာသွားအောင် ခုလောက်ကြီး ရှင်းပြနေဖို့ မလိုပါဘူး .. ကျွန်မကို ရှင် တစ်ခုနားလည်ထားဖို့ လိုအပ်နေတယ်ကိုရန်ပြေ .. ကျွန်မဟာ လူတစ်ယောက် ဖြစ်တယ်ဆိုတာကိုပါပဲ .. လူဆိုတာ ခံပြင်းတတ်ပါတယ် .. နာကြည်းတတ်ပါတယ် .. ရှက်တတ်ပါတယ် .. ကျွန်မ လက်ထပ်ထားမိခဲ့ရပြီဖြစ်တဲ့ သူတစ်ယောက်က ကျွန်မဆီကို ခုလိုမလာချင်ဘဲ လာလာပြီး .. မင်းဆီကို လာချင်လွန်းလို့ လာတာမဟုတ်ဘူး .. အဆူခံထိမှာစိုးလို့ လာနေရတာ .. ဆိုတာမျိုးတွေ ပေါ်ပေါ်တင်တင်ကြီး ပြောပြနေတာကို နားထောင်နေရတဲ့ဘဝလောက် .. ဆိုးဝါးတာမရှိဘူးတာ ရှင်နားလည်သင့်ပါတယ် .. ကဲပါ .. ရှင် .. သွားတော့လေ .. ကျွန်မကလဲ .. ရှင့်ကို စကားပြောနေရတာ ပင်ပန်းနေရတဲ့သူပါ .. နှစ်ယောက်စလုံး တစ်ယောက်နဲ့တစ်ယောက် .. ရင်ထဲမှာ ဘာတွေရှိနေကြတယ်ဆိုတာ အမှန်ကန်ဆုံးသိထားနေခဲ့ကြပြီးပြီပဲ .. အဲသလို သိထားပါရက်ကယ်နဲ့ .. ငါ့ရင်ထဲမှာ ဒီလိုပဲ မင်းနဲ့ပတ်သက်လာရင် ကင်းချင်နေတာပဲဆိုတာမျိုးကို အထပ်ထပ် လာပြောနေတာမျိုးကို .. နောင်များမှာ ရှောင်ရှားစေချင်ပါတယ် .. ကျွန်မ နားမထောင်



ဘူး .. နားလည်ပြီးသားကိစ္စကို အထပ်ထပ် လာလာပြောပြ အသိပေးနေတာကို နားထောင်ပေးနေရတာ နားလဲ မသက်သာ .. လူလဲ မသက်သာလို့ပါ"

ပြောသည်မှ အပြတ်ပြောချလာတာမို့ သူ့မှာ ပြန်ပြောစရာစကားပင် ရှာမရတော့။ သူ့ဘာသာသူလည်း ပြန်၍အပြစ်တင်ချင်လာပြန်သည်။ ဟုတ်သည်ပဲလေ။ သူကလည်းသူ။ ဤမျှလောက်အထိ အပ်ကြောင်းထပ် ပြောနေတော့လည်း မြပန်းရုံ ခံပြင်းလာချေမည်ပေါ့။

"ဆောရီး"

သူ ခပ်တိုးတိုး တောင်းပန်တော့ မြပန်းရုံ ဒယ်အိုးကိုချကာ မီးဖိုခလုတ်လေးကို ပိတ်လိုက်ပြီးသည့်နောက်မှာ သူ့ကိုကြည့်လာသည်။ ဤတစ်ကြိမ်မှာတော့ ပန်းရုံ၏ မျက်ဝန်းလေးတွေမှာ မျက်ရည်စလေးတွေ လဲ့လဲ့ဖြာဖြာ ရှိမနေကြ။ အရှမ်းကို အေးစက်စက်လေး ဖြစ်နေတာကို သူ မြင်ရပြန်သည်။ ဤမိန်းကလေး၏ မာနတရားကို သူ သွားဆွလိုက်သလိုကြီး ဖြစ်သွားတာကိုလည်း သူ့ဘာသာသူ အပြစ်မြင်ချင်လာပြန်၏။

"ရှင် ကျွန်မကို လုံးဝမချစ်ဘူး .. စိတ်မဝင်စားဘူး ဆိုတာကို အကြိမ်ကြိမ် အထပ်ထပ်လာပြီး ကြွေးကြော်မပြနေတော့ဘူး ဆိုရင်တော့ ဒီဆောရီးဆိုတဲ့ တောင်းပန်စကားဟာ တန်ဖိုးရှိနေပါလိမ့်မယ် ကိုရန်ပြေ .. ကြွေးကြော်ပြလိုက်၊ ဆောရီးပြောလိုက်နဲ့ ဖြစ်နေမှာတွေ များနေဦးမယ်ဆိုရင်တော့ ဒီတောင်းပန်စကားဟာ လေထဲမှာ အခါခါလွင့်နေတဲ့ အပေါစားစကားပဲ ဖြစ်သွားမှာပါ .. ကျွန်မ ရေသွားချိုး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါဦးမယ် .. ဒီနေ့ ဈေးဝယ်ထွက်ဖို့လဲ ရှိပါတယ် .. မေမေတို့အမြင်မှာ ကျွန်မဟာ သဇင်ဖူးမှာ နေသားတကျ ပျော်မွေ့နေတဲ့ မြပန်းရုံအဖြစ် မြင်သွားဖို့ .. ယုံကြည်သွားဖို့ ဘယ်လိုနေထိုင်ရမယ်ဆိုတာ နားလည်ထားပါတယ်"

ဗေစင်မှာ လက်သွားဆေးပြီး လက်သုတ်ပဝါလေးဖြင့် လက်သုတ်ကာ လက်သုတ်ပဝါလှန်း တန်းနေရာလေးမှာ စနစ်တကျ သွားလှန်းထားလိုက်ပြီး မြပန်းရုံ မီးဖိုဆောင်မှထွက်ဖို့ ခြေလှမ်းပြင်ခိုက်မှာပဲ တံခါးခန်းဆီးလေး တိမ်းဖယ်ဝင်လာသည့် ငွေဆစ်ပန်နှင့် ရင်ဆိုင်တိုးလိုက်ရပါပြီတည်း။

ငွေဆစ်ပန်၏ မျက်နှာလေးက ပြုံးချိုလန်းကြည်နေသည်။ ဝင်လာပုံကလည်း ပိုင်စိုးပိုင်နင်းဆန်သည်။ အတော်လေးကို ရဲရဲတင်းတင်းနိုင်သည့် ငွေဆစ်ပန်ပါလားဟု သူ စတင်၍ စိတ်ရှုပ်ထွေးချင်လာ၏။ ငွေဆစ်ပန် ခုလိုအချိန်မှာ ချိန်သားကိုက်ကြီး ရောက်လာတာကိုက ပို၍စိတ်ပင်ပန်း၊ ရှုပ်ထွေးလာနေစေသည့်အဖြစ်။ ဘာကြောင့် .. ရောက်လာရပါလိမ့်ဟုလည်း သူ တွေးမရချင်။ လာခဲ့ဖို့လည်း သူ မပြောခဲ့ဘူး ..။

"မင်္ဂလာပါ ကိုကို .. ဒီအိမ်ကို မနေ့က ကိုကိုတို့ကားတွေ စီတန်းထွက်သွားကြတော့ လမ်းထောင့်မှာ ကားရပ်ရှင်းစောင့်နေတဲ့ ပန်လဲ လိုက်ခဲ့တာမို့ ဒီအိမ်ကို သိရတာပါ .. မနက်က အန်တီတို့အိမ်ကိုတောင်မှ ပန်ရောက်သေးတယ် .. ပန့်မွေးနေ့ဖိတ်စာ သွားပေးခဲ့တာလေ .. သန်ဘက်ခါဆိုရင် ပန့်မွေးနေ့ပါ .. ပန့်မွေးနေ့ဆိုတော့ .. ပန်ရဲ့အမှာ အစ်မဖြစ်တဲ့ မမငွေသစ်ပန်ရဲ့မွေးနေ့လဲ ဖြစ်နေတာပေါ့ ..



အဲဒါ .. လာဖြစ်အောင်လာနော် ကိုကို .. မမြပန်းရုံလဲ လာပေါ့"

ဟု ဖိတ်စာအိတ်ကြီးကို ထမင်းစား စားပွဲပေါ်မှာ လာ၍တင်ရင်း ပြုံး၍ပြောနေလေသမျှ သူ တိတ်ဆိတ်စွာ ကြည့်နေခိုက်မှာလည်း မြပန်းရုံသည်လည်း သူ့ကို မျက်တောင်မခတ် တည်ငြိမ်အေးစက်လွန်းစွာ ကြည့်နေတာကို သူ ကမန်းကတန်း သတိဝင်လာ၍ ကြည့်လိုက်တော့ ရင်ဆိုင်တိုးလိုက်ရပြန်သည်ပါပဲ။

"သွားပါပြီ .. ဒီဖိတ်စာကိစ္စက ဘယ်ထောင့်က ပေါ်လာရတာတဲ့လဲ၊ ငွေ့မွေးနေ့ဟာ သန်ဘက်ခါမှာ ကျနေတယ်ဆိုတာ ငါ မသိခဲ့ပါလား .. မဟုတ်သေးပါဘူး .. ငွေ့ကို ငါ မေးဖူးတာပဲ .. ဟုတ်တယ် .. မေးခဲ့ဖူးပါတယ် .. ဒီလထဲမှာကို ငွေ့မွေးနေ့ မဟုတ်တာ ငါသိနေတာပဲ .. ဘာတွေ မှားနေပြီလဲ .. ငွေဟာ တမင်တကာကြီးကိုပဲ သူ့မွေးနေ့ကို အလွဲပြောခဲ့တာလား .. ပန် ဆိုတာကပဲ .. မွေးနေ့မဟုတ်တာကို မွေးနေ့လုပ်ပြီး လာဖိတ်တာလား"

သူ ခေါင်းတွေပူနောက်လာသည်။

"အဲဒါ ပန် .. မွေးနေ့အတွက် ဝယ်ခြမ်းချင်တာလေးတွေလဲ ရှိတယ် ကိုကို .. ပန့်မွေးနေ့ဟာ မမငွေ့ရဲ့မွေးနေ့လဲ ဖြစ်တာမို့ ကိုကိုလဲ ပါဝင်သင့်တယ်လို့ ပန် မှတ်ယူပါတယ် .. ကိုကိုလဲ လိုက်ပြီးဝယ်ခြမ်းပေးတယ်ဆိုရင် တမလွန်ကနေပြီး မမငွေလဲ ဝမ်းသာရှာမှာပါ .. အဲဒါ .. ဈေးဝယ်လိုက်ခဲ့ပေးပါလား ကိုကို .. ပန့်အတွက်ကတော့ မမငွေနဲ့ပတ်သက်တဲ့ ကိုကိုဟာ ပန့်ကိုကိုလိုပါပဲ .. အဲသလိုရှိရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ငွေဆစ်ပန် သူ့ရှေ့မှာ လာရပ်ရင်း မော့ပြောတော့ သူ ငုံ့မိုးကြည့်မိရပါ၏။ တကယ် ငွေလေး သူ့ရှေ့လာရပ်နေသည့်နယ်ပါလားဟု ခံစားဖြစ်၏။ ဘာမှမကွဲပြား။ အားလုံးသည် တူလွန်းနေသည့်အဖြစ်။ ဤမျက်ခုံး။ ဤမျက်လုံး။ အို .. ဤ နှုတ်ခမ်းလွှာနုနုလေး .. သွယ်လျလျကိုယ်ဟန်လေး။ အားလုံးသည် ငွေပဲဖြစ်နေသည်။

"မမငွေအတွက် ရည်စူးလှူဒါန်းဖို့ ပစ္စည်းလေးတွေလဲ ဝယ်ချင်သေးတယ် ကိုကို .. မမငွေ ဆုံးပြီဆိုတာ ပန် သိရချိန်ဟာ ပြင်ဦးလွင်ကို မေမေက လိုက်သွားဖို့ပြောတဲ့ အချိန်ပဲပေါ့ .. အဲဒီ ပြင်ဦးလွင်အိမ်ကြီးကို ပန် ရောက်သွားချိန်မှာ မမငွေ မရှိတော့ဘူးဆိုတာ ဒေါ်ကြီးမိုးက ငိုယိုပြီး ပြောပြတာ .. ပန်တို့ဟာ အမြွှာဖြစ်တယ်ဆိုတာကို .. အမြွှာရှိတယ်ဆိုတာကို .. ဒေါ်ကြီးမိုး သိတယ်လေ အစကတည်းက သိတာ .. မေမေနဲ့ပန် ပါသွားပြီး ဖေဖေနဲ့ မမငွေ ကျန်ခဲ့တာလေ .. မေမေ ဆုံးခါနီးမှာ ပန့်ကို ဖေဖေတို့ဆီ သွားနေဖို့ .. မမငွေနဲ့ ချစ်ချစ်ကြင်ကြင်နေဖို့ လဲ လိပ်စာကအစ ပြောပြပြီး မှာခဲ့တာပါ .. ဖေဖေဆုံးခဲ့ပြီဆိုတာ မေမေတောင် မသိခဲ့ပါဘူး ကိုကို .. ခုတော့ ပန်ဟာ .. မမငွေကလဲမရှိ .. ဖေဖေကလဲ မရှိတော့တာ မို့ .. မမငွေနဲ့ ပတ်သက်ချစ်ကြင်ခဲ့တဲ့ ကိုကို့ကို အစ်ကိုတစ်ယောက်လို ခင်တွယ်လာရတာပါ .. မမငွေအတွက် ရည်စူးပြီး လှူဒါန်းတဲ့အခါမှာလဲ ကိုကို့ကို ပါစေချင်ပါတယ် ကိုကို"



ငွေဆစ်ပန် ဆက်တိုက်ပြောနေတော့ သူ ရှောင်ထွက်ငြင်းလိုက်ရမှာ အားနာလာသည်။ ငွေ့မျက်နှာကို ထောက်ထားရမည့်ကိစ္စကလည်း ပါနေသည်။ ပြီးတော့ .. ငွေ့အတွက်ရည်စူး၍ ကောင်းမှုကုသိုလ်တွေ ပြုမည့်ကိစ္စကလည်း ရှိနေသည်။ ပန်ပြောသည့်အထဲမှာက ဝယ်ခြမ်းဖို့ဆိုတာကလည်း ဤမြို့ခံမဟုတ်သည်မို့ အခက်အခဲရှိနေသည့် သဘောလေးတွေလည်း ပါနေသည်။ သူ့ကိုလည်း ပါစေချင်တာလည်း ထည့်ပြောလာသည်။

"ဝမ်းနည်းပါတယ် ပန် .. ပန်းရုံနဲ့အတူ ကိုကြီး အပြင်ကို အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ သွားကြဖို့ စီစဉ်ပြီးသားပါ .. ပန် ဈေးဝယ်ထွက်တဲ့အခါ အခက်အခဲရှိမှာကို အဖော်ရအောင် ကိုထိုက်နဲ့ ပိုးဥကို အဖော်ထည့်ပေးလိုက်ပါ့မယ် .. ကိုထိုက်ကို မှာလဲမှာလိုက်ပါ့မယ် .. ဈေးဝယ်တော်တဲ့ ဒေါ်ကြီးဆွေကို ကြာရိပ်မြိုင်မှာ ဝင်ခေါ်လိုက်ဖို့ပါပဲ .. ဒေါ်ကြီးဆွေက ဈေးဝယ်အရမ်းတော်တာ .. ကျွမ်းတယ် .. သန်ဘက်ခါကျရင်တော့ ဒီဖိတ်စာထဲက အချိန်အတိုင်း ပန်းရုံနဲ့ကိုကြီးတို့ တူတူလာခဲ့ကြပါ့မယ် .. ကိုကြီး .. ရေချိုးမယ်ဆို ချိုးတော့လေ .. ပန်းရုံတို့ သွားကြရတော့မှာ"

မြပန်းရုံ ဝင်၍ပြောလာတော့ သူ့ အံ့သြသွားသည်။ ပြီးတော့ .. ရင်ထဲ မနှစ်မြို့သလို ဖြစ်လာ၏။ တမင်သက်သက် မြပန်းရုံ ဝင်ဖျက်လိုက်ခြင်းဆိုတာ သိထားသည်ပဲလေ။

သူကိုယ်တိုင်ကလည်း ပန်နှင့်တူတူသွားဖို့ စိတ်ထဲကမပါပေမယ့် ငြင်း၍မကောင်းသည်ပဲဟု တွေးကာ စိတ်ထဲရှုပ်ထွေးနေခဲ့တာ အမှန်ပါ။ ဒါပေမဲ့ ငွေနဲ့ပတ်သက်၍ ဤမျှလောက်

www.burmeseclassic.com

www.burmeseclassic.com



အထိတော့ သူ မကူညီသင့်ဘူးတဲ့လား။ မလုပ်ပေးရတော့ဘူးတဲ့လားဟု မြပန်းရုံကို စိတ်ထဲက မျက်ချင်လာသည်။ သူ့ဇနီးသည်ဆိုသည့်နေရာမှာ ပိုင်စိုးစွာ ရပ်ပြလိုက်ခြင်း .. ဆုံးဖြတ်ပြလိုက်ခြင်းဟုလည်း သူ နားလည်လာသည်။ ခံပြင်းကြည့်သည် သိသာစွာပဲ မြပန်းရုံထံသို့ရောက်၏။ ဟန်ဆောင်ထိန်းချုပ်၍ပင် မရလိုက်ဘဲ ဖြစ်သွားရပါသည့်အဖြစ်။ စိတ်သဘောထား သေးသိမ်လွန်းသည်ပဲဟု စတင်၍ မြပန်းရုံကို မြင်လာသည်။ ဤမျှအထိ စိတ်ထားအရာမှာ သဘောထားသေးရာ ရောက်ချေလိမ့်မည်ဟုပင် မထင်ထားမိခဲ့။

သူ့အကြည့်က ငွေဆစ်ပန်းထံသို့ တောင်းပန်ကြည့်အဖြစ်ရောက်၏။ မျက်နှာလေး ညှိုးကျသွားတာကိုမြင်သည်။ နောက်တော့လည်း တံခါးဘောင်နေရာလေးမှာရပ်လျက် အားလုံးကို မျက်လုံးဝိုင်းလေးဖြင့် ကြည့်နေသည့် သတင်းတော်ပို့ချေမည့် ပိုးဥကို မြင်သည်။

ငွေဆစ်ပန်း ရောက်လာတာကတော့ မေမေ့ထံသတင်းပေါက်မှာ သေချာသည်။ ကိုထိုက်လည်း ခြံထဲမှာတွေ့ပြီးလောက်ပြီ။ ပိုးဥကလည်း အဖြစ်အပျက်စုံကို ထောင့်စေ့စေ့နှင့်မကျန်ရအောင် သေချာပြောပြနိုင်ဖို့ မလွတ်တမ်း မှတ်သားနေသည့်အကြည့်ဖြင့် လက်ကလေးပိုက်၍ အသေအချာကြီး ကြည့်နေပြီ။ ငွေဆစ်ပန်း နောက်သို့ သူ လိုက်သွားချေလျှင်ဖြင့် မေမေ ဆွေ့ဆွေ့ခါချေမှာ သေချာသည်။

"ဟုတ်တယ် မငွေဆစ်ပန်း .. ကိုယ် ပန်းရုံနဲ့အရေးကြီးတဲ့ ကိစ္စတစ်ခုကြောင့် သွားစရာရှိနေတယ် .. ကိုထိုက်နဲ့တူတူ



သွားလိုက်လေ .. ဒေါ်ကြီးဆွေကို ဝင်ခေါ်ပေါ့ .. ကားပါလာလား .. ပါလာရင်လဲ ကိုထိုက်ပဲ မောင်းပေးလိုက်မှာပါ"

သူ အနေခက်စွာ မလုံစိတ်ဖြင့် ငြင်းသည့်စကားကို ပြောရတာ အားနာနေသည်။ သူ မဟုတ်တာပြောနေသည်ဆိုတာ ငွေဆစ်ပန်းလည်း ရိပ်မိချေမည်သာ။ သူ လိမ်နေသည်ဆိုတာ ရိပ်မိချေမည်သာ။

"ဒီလိုလုပ်ပါလား ကိုကြီး .. အဲဒီကို ပန်းရုံ လိုက်မသွားလဲ ဖြစ်ပါတယ် .. အခုက မသွားမဖြစ် သွားရမှာက ကိုကြီးဆိုတော့ ကိုကြီးပဲ သွားလိုက်လေ .. ပန်းရုံ ဒီက မမပန်နဲ့ အတူသွားလိုက်ပါ့မယ် .. သူ့ ဈေးမဝယ်တတ်ရင် ပန်းရုံ ဝင်ကူမှာပေါ့ .. ရွေးချယ်ပေးမှာပေါ့ .. ပန်းရုံ လိုက်သွားလိုက်ရမလားဟင် .. ဒေါ်ကြီးဆွေကိုလဲ ပန်းရုံ ဝင်ခေါ်လိုက်ဦးမယ် .. မေမေ့ဆီလဲ ဝင်ပြောလိုက်မယ်လေ .. မမပန် ဖိတ်စာလာဖိတ်ရင်း ဈေးမဝယ်တတ်ဘဲ အခက်ဖြစ်နေလို့ ကိုကြီးကို လာခေါ်တဲ့အတွက် ကိုကြီး မလိုက်နိုင်ဘဲ ဖြစ်နေတာကို .. ပန်းရုံ ဝင်ကူပေးရတယ်ဆိုတာကိုပေါ့ .. ကိုကြီးနဲ့ ပန်းရုံဟာ ဇနီးမောင်နှံတွေဖြစ်နေတာမို့ ကိုကြီးနဲ့ပတ်သက်တော့လဲ ပန်းရုံက ဘယ်သူ့ကိုမဆို ကူညီပေးဖို့ တာဝန်ရှိပါတယ် .. မမပန်မှ မဟုတ်ပါဘူး .. ဘယ်သူမဆိုပါ"

အေးဆေးနေသည့်ဟန်ဟု ရုတ်ခနဲတော့ ထင်မှတ်စရာရှိပေမယ့် အေးစက်လွန်းစွာ အပေါ်စီးနိုင်နေသည့် ဟန်ပန်များဆိုတာ သေချာကြည့်တော့မှ မြင်လာရစေသည့် ပန်းရုံ၏ဟန်

www.burmeseclassic.com

www.burmeseclassic.com



ရလေးပါ။ ကိုယ်လေးမတ်ထားလျက် ပြုံးနေသည့်အပြုံးကိုက ကေရီဆန်နေသည်။ သူ့ကို ပိုင်စိုးသော ကေရီဟန်။ ဘုရင်မတစ်ပါး၏ဟန်။ သူ့ကိုပင် ရွှမ်းမိုးချုပ်ကိုင်ထားလိုက်နိုင်သည့် မြပန်းရုံဆိုတာကို ငွေဆစ်ပန် နားလည်စေမည့်ဟန်။

အေးအေးချမ်းချမ်းဖြင့် ကလေးဆန်စွာ နေတတ်ပါသည့် မြပန်းရုံ ဆိုတာ လုံးဝပျောက်ဆုံးနေသည့်ဟန်။ မြပန်းရုံတခြားတစ်ယောက် ဖြစ်နေသည်။ ဟုတ်သည်။ ငွေဆစ်ပန်ဆိုတာကို စိန်ခေါ်သည့်အကြည့်တွေဖြင့် ခပ်ပြုံးပြုံးကြည့်နေသည့် ပန်းရုံဖြစ်နေသည်။ တလဲ့လဲ့တောက်ပနေသည့် မျက်ဝန်းလေးတွေဆီမှာ အေးစက်ခံပြင်းခြင်းဆိုသည့် အရိပ်တွေ ဟိုးနောက်ပါးဆီမှာ လျှို့ဝှက်စွာ သိပ်သိပ်သည်းသည်း ရှိနေကြသည်ဟု သူ ခံစားဖြစ်လာသည်။ သေချာသည်ကတော့ မြပန်းရုံသည် ငွေဆစ်ပန်ကို မကြိုက်။ မနှစ်မြို့သည့်အချက်။ ဒါက သေချာနေသည်။

ခုလည်း ကြည့်။ ငွေဆစ်ပန်ကို ကြာရိပ်မြိုင်သို့တိုင်အောင် ခေါ်သွားဦးမည်။ ခေါ်ကြီးဆွေကို ဝင်ခေါ်မည် ဆိုကတည်းက ကြာရိပ်မြိုင်ကို ရောက်ရချေမည်သာ။ ပြီးတော့ ငွေဆစ်ပန်နှင့်အတူ ဈေးဝယ်ကူဦးမည်။ ထိုသို့ဝယ်ခြင်းသည် ငွေဆစ်ပန်နှင့်ငွေ့မွေးနေ့အတွက်။ ပြီးတော့ ငွေ့အတွက် ကောင်းမှုပြုရန်အတွက်။ အန်တီခင်ခင် ပါးစပ်ပိတ် ငြိမ်နေမှာမဟုတ်။ မေမေ့ကိုချက်ချင်းလှမ်း၍သတင်းပို့မည်။ အိမ်ချင်းက တစ်လမ်းတည်း ရှိနေသည့်ဥစ္စာ။ သဇင်ဖူးသို့ မေမေ ပေါက်ချလာမှာ သေချာသည်။

"မထူးတော့ မထူးပါဘူးလေ .. ငါ လိုက်သွားဖို့အတွက် မြပန်းရုံက ခွင့်ပြုခဲ့တယ် ဆိုရင်တောင်မှ ကိုထိုက် သတင်း



ပို့လိုက်တာမို့ မေမေက အိမ်မှာ ငါ့ကိုပြန်အလာ ထိုင်စောင့်နေမှာ သေချာတာပါပဲ .. ဘာကြောင့်ပဲဖြစ်ဖြစ် ဒီကိစ္စကတော့ မေမေ သိကိုသိလာရမယ့်ကိစ္စ .. ပြဿနာဖြစ်မယ့်ကိစ္စပါပဲလေ"

ဟု သူ စိတ်မောကိုယ်မောဖြင့် တွေးမိရပါပြီ။ ငွေဆစ်ပန်ဘက်ကလည်း အားကိုး၍ လာပြောတာလည်း ဖြစ်နိုင်သည်။ ဒါပေမဲ့ လူကြီးတွေဘက်ကတော့ ငွေဆစ်ပန်သည် ငွေနှင့်တူလွန်းသော ညီမဖြစ်နေတာ တစ်ခုတည်းဖြင့်ပင် မကြည်ဖြူစရာဖြစ်နေမှာ ကေန်ဖြစ်ချေသည်တည့်။ ငွေနှင့် ရုပ်ချင်းခွဲမရအောင် တူလည်းတူ .. အမြွှာလည်း ဖြစ်နေတာမို့ ပို၍ပင်ဆိုးနေသေးသည့်အဖြစ်။ ငွေနှင့် ပတ်သက်နေတာကိုက အဆိုးဆုံးဖြစ်နေသည်တည့်။

"ညီမလေးပန်းရုံ အဖော်လိုက်လုပ်ပေးမယ်ဆိုရင်လည်း ကျေးဇူးပါပဲ .. ပန် စောင့်မယ်လေ"

ငွေဆစ်ပန် ခေါင်းညိတ်လိုက်တော့ သူ ခေါင်းတွေမူးထူလာပြီ။ ခေါ်ကြီးဆွေကို သွားခေါ်နေ၍တော့ အားလုံး မြန်ဆန်လွန်းစွာပဲ ပြဿနာတွေ တက်လာတော့မှာ သေချာနေသည်။ ခက်သည်က ဤကိစ္စကလည်း ငွေဆစ်ပန် သယ်လာသည့်ကိစ္စဖြစ်နေသည်။ ဒါကလည်း နေရာသစ်မှာမို့ အားကိုး၍ အကူအညီသာတောင်းသည့်ကိစ္စ ဖြစ်နေသည်ပဲလေ။ ငွေ့ညီမပေမို့ သူဖေးအားကူကူ တွေးပေးလိုက်တာလည်း ဖြစ်နိုင်သည်ဟု တွေးမိပြန်သည်။ လောလောဆယ်မှာ သူ စိတ်တွေနောက်ကျိနေတာပဲရှိသွက် ခေါင်းတွေကိုက်လာသည်အထိ ဖြစ်လာနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



“ဒီလိုလုပ်လေ .. ကိုကြီးရော ပန်းရုံရော ပန်နဲ့တူတူသွား လိုက်ကြပြီးမှ ဟိုကိုသွားကြမယ်လေ”

ဒေါ်ကြီးဆွေဆီလည်း မရောက်ဖြစ်အောင် သူတွေး လျက်ပြောတော့ ပန်းရုံ ခေါင်းခါသည်။ အလျှော့ပေးမည့်အမျိုး မဟုတ်။

“ဟိုမှာချိန်းထားပြီးနေပြီပဲ ကိုကြီးရယ် .. ကိုကြီး သွားမှ ဖြစ်မှာပေါ့ .. ပန်းရုံ လိုက်သွားတာနဲ့ပဲ လုံလောက်နေပါပြီ .. နောက်ကို ဘယ်လို ဘယ်နေရာတွေမှာ ဝယ်ချမ်း ရတယ်ဆိုတာ တစ်ခါတည်း နားလည်သွားအောင် သူ့ကို ပန်းရုံ သေချာပြပေးလိုက်ပါ့မယ် .. ဒေါ်ကြီးဆွေကလဲ သင်ပေးမှာပါ .. နောက်ထပ်လာပြီး အကူအညီတောင်းနေ ရတာတွေလဲ မမပန်မှာ ဖြစ်မလာတော့ဘူးဆိုတော့ အလုပ် ရှုပ်လဲ သက်သာ .. မမပန်အတွက် အချိန်ကုန်လဲ သက် သာသွားမှာပါ”

ပန်းရုံ၏ မျက်ဝန်းလေးတွေက စူးရှလာနေသည်။ ငွေဆစ်ပန်ကို မလိုလားဘဲ ရှိနေတာကလည်း သူ့ဘက်က အဖြေ ရှင်းနေပြီ။ ဘာကြောင့်ဆို သူနှင့် ပန်းရုံတို့ ဘယ်ကိုမှသွားစရာ မရှိသည်ပဲလေ။ ဒါကို သူရော ပန်းရုံရော သိနေကြသည့်ကိစ္စ။ ငွေနှင့်ရုပ်ချင်းတူသော ငွေဆစ်ပန်နှင့် တူတူမသွားစေချင်၍ဆိုတာ သူ နားလည်နေသည်။ ဘာကြောင့်ပဲဖြစ်ဖြစ်။ သူ့အပေါ် ခုလို ကန့်သတ်ထိန်းချုပ်တာကိုတော့ သူ မကြိုက်။ သူ့သဘောနှင့် မလိုက်ဘဲ နေလိုက်ရတာမျိုး မဟုတ်ဘဲ ပန်းရုံက ဝင်ကာလိုက် ၍ သူ ကျန်ခဲ့ရတာမျိုးတော့ အဖြစ်မခံချင်။ ခုကတည်းက ပန်းရုံ



၏ အစီအမံအောက်မှာ သူ့ လိုက်လျောညီထွေ အလိုက်သင့်ခေါင်းငုံ့ နေပေးလိုက်ရတာမျိုး ဖြစ်နေသည်ဟု မာနက ရင်ကိုလာလာ ဆောင့်နေပြီ။

သူက ငွေဆစ်ပန်ကို ဤမျှလောက်လေး ကူညီပေး လိုက်၍ ဘာဖြစ်သွားမည်မို့တဲ့လဲလေ။ ငွေနှင့်တူပေမယ့် ငွေဆစ် ပန်သည် ငွေမဟုတ်တာကို သူ သိနေသည်ပဲ။ ငွေဆစ်ပန်အပေါ် ဘာမျှစိတ်ယိုင်စရာလည်းမရှိ။ စိတ်ထဲမှာ ရှင်းနေသည့်ကိစ္စ။ ခု ဖြစ်နေသည်က ငွေနှင့်ဖတ်သက်သည့် ငွေဆစ်ပန်ကို သူ့ထံမှာ လာအပတ်သက်မခံနိုင်ဘဲ ဖြစ်နေကြသည့် သဘောဘက်ကိုနွယ် နေသည်။ ဒါကလည်း သူ့ကိုယ်ကျင့်တရားကို မယုံကြည်ရာရောက် နေသည်လေ။ တကယ်ဆို မြပန်းရုံ ကိုယ်တိုင်ကလည်း သူ့ကို လက်ထပ်ထားပေမယ့် သူ့ကိုချစ်သည်မှ မဟုတ်ချေပဲ။ သူ့ကို လက်ထပ်ထားတာမို့ သူ့ကိုပိုင်သည်ဆိုတာမျိုး ငွေဆစ်ပန်ရှေ့မှာ တမင်ဟန်ချိပြနေသည်ဟု သူ ခံစားရသည်။

“ဒါဆိုလဲ ကိုကြီး ရေချိုးလိုက်မယ် .. ပန်းရုံလဲ ရေချိုးပြီး လိုက်သွားပေါ့၊ ဒေါ်ကြီးဆွေကိုတော့ ဝင်ခေါ်မနေပါနဲ့တော့ .. အန်တီခင့်ကို ကူညီလုပ်ကိုင်နေရတာတွေ အိမ်ကိစ္စတွေ ပျက်ကုန်ပါ့မယ် .. ကဲ .. ကဲ .. ပန်လဲ ဧည့်ခန်းမှာခဏ နားနေပေါ့ .. ကိုယ်လဲ ရေချိုးမယ် .. ပန်းရုံလဲ ရေချိုး တော့ .. လာ .. ကိုကြီးနဲ့ တူတူလိုက်ခဲ့”

ငွေသစ်ပန်နှင့် ပန်းရုံကို တူတူမထားခဲ့ချင်၍ သူ ခေါ်လာခြင်းပါ။ ပန်းရုံကလည်း မငြင်းမဆန် လိုက်လာသည်။ အပေါ်ထပ်စင်္ကြံရှည်အတိုင်း တူတူလျှောက်နေကြခြင်းမှ ..

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ အဲသလို လုပ်တာလဲ ပန်းရုံ .. သူ အကူအညီလာတောင်းရုံသက်သက် ဖြစ်နေတာကို ဘာလို့ ခုလိုလုပ်ရတာလဲ .. ဘာကိုရည်ရွယ်ပြီး ကိုယ် ပြောနေတယ်ဆိုတာ မင်း နားလည်မှာပါ"

သူ မျိုသိပ်မထားနိုင်ဘဲ မေးချလိုက်တော့ ပန်းရုံ ရယ်လိုက်ပြီ။ လှမ်းလက်စ ခြေလှမ်းကို တန့်ခနဲရပ်ပစ်ခြင်း။ သူလည်း လိုက်ရပ်လိုက်သည်ပါပဲ။ မော့ကြည့်နေသည့် ပန်းရုံ၏ မျက်ဝန်းနက်နက်လေးတွေမှာ မခံချင်ရိပ်သည် သိသိသာသာ ရှိနေသည်ပါပဲ။

"ဘာလို့လဲဆိုတော့ .. သူ ညာနေတာ ပန်းရုံ သိလို့ပဲ .. အကယ်၍ ရှင့်ရဲ့ငွေ့မွေးနေ့ဆိုရင် ပန်က ခုလိုလာပြောတဲ့ အခါမှာ ရှင်ဟာ တွေတွေဝေဝေကြီး ဖြစ်နေဖို့မလိုဘူး .. ငွေ့မွေးနေ့ကို တခြားလူ မသိချင်နေမယ် .. ရှင်ကတော့ အသေအချာကြီး သိမှာပါ .. ဘာလို့ဆိုတော့ ငွေဟာ ရှင် သိပ်ချစ်တဲ့ မိန်းမတစ်ယောက် ဖြစ်နေလို့ပဲလေ .. ခုကျတော့ ရှင့်မျက်နှာမှာ ဇဝေဇဝါကြီး ဖြစ်နေတဲ့ အရိပ်ကို ကျွန်မ မြင်ရတယ်လေ"

သေချာနေသည့်ဟန်ဖြင့် မြပန်းရုံ တည်တည်ငြိမ်ငြိမ် ပြောလာတော့ သူ ငြိမ်ကျသွားသည်။ ဒါကတော့ ဟုတ်သည်။ ငွေ့မွေးနေ့ မဟုတ်ဟုဘဲ သူ ထင်နေသည်ပဲလေ။ ငွေ့မွေးနေ့ ငွေ့ မကွယ်လွန်ခင် တစ်ပတ်ကပဲ ဘယ်နေ့မှာ မွေးနေ့ဆိုတာ ပြောပြဖူးသည်။ သူကလည်း မေးဖူးသည်။ ချစ်သူ၏မွေးနေ့ သူ သိချင်သည်ကိုးလေ။ သူ့မှတ်ဉာဏ်ထဲမှာ မှတ်သားထားသည့်



မွေးနေ့သည် ဇွန်လဆယ့်ခြောက်ရက်နေ့ ဖြစ်နေသည်။ ဒါက သူ့မှတ်ဉာဏ်အားထဲမှာ မှတ်သားထားသည့်နေ့။

"သူ ဘာကြောင့် ခုလို မရိုးမသားနဲ့ သဇင်ဖူးကိုလာရတာလဲ .. အဲဒါကို ပန်းရုံ မကြိုက်ဘူး .. ရိုးရိုးသားသား လာတယ်ဆိုရင် သူ ညာနေဖို့ မလိုဘူး .. တမင်တကာ .. သူ ဒီကိုလာတယ်ဆိုတာ ပန်းရုံ သိနေတယ် .. ဘာလုပ်ဖို့လဲဆိုတာကိုတော့ သူပဲသိမှာမို့ ပန်းရုံ မပြောတတ်ဘူး .. ဒါပေမဲ့ သူ မရိုးသားတာကိုတော့ ပန်းရုံ မကြိုက်ဘူး .. အထူးသဖြင့် ရှင်နဲ့ကျွန်မဟာ လက်ထပ်ထားတဲ့သူတွေပါ .. အဲဒီနှစ်ယောက်ရဲ့ရှေ့မှာ သူဟာ ရှင့်တစ်ယောက်တည်းကိုပဲ ရွေးပြီး အကူအညီတောင်းနေတာကိုလဲ သဘောမကျဘူး .. သူဟာ ပန်းရုံရှေ့မှာ လာရပ်နေရင်းနဲ့ သူ့အစ်မငွေဟာ ရှင့်ချစ်သူဖြစ်ခဲ့တယ် ဆိုတာကို လာလာပြီး အသိပေးနေတယ် .. ပန်းရုံကို လာစော်ကားနေတယ်လို့ ပန်းရုံ မှတ်ယူတယ် .. ဘယ်မိန်းမရဲ့ရှေ့မှာမှ ဘယ်သူကမှ အဲဒီယောကျ်ားရဲ့ချစ်သူအကြောင်းကို လာမပြောသင့်ဘူးဆိုတာ သူ ဘာလို့နားမလည်နိုင်ရမှာလဲ .. ရှင်နဲ့ကျွန်မ လက်ထပ်တဲ့နေ့မှာကတည်းက အဲဒီအဖြစ်တစ်ခုကို သူ ကျွန်မရှေ့မှာ အတိအလင်း လာပြောပြနေတာကိုက ကျွန်မကို တိုက်ရိုက်စော်ကားမော်ကားပြုတာနဲ့ အတူတူပဲ .. ရှင်နဲ့ကျွန်မတို့ မချစ်ကြဘဲ လက်ထပ်ကြတယ်ဆိုတာက ကျွန်မတို့ရဲ့ ကိုယ်ရေးကိုယ်တာအပိုင်းပဲ .. ဒါပေမဲ့ ကျွန်မနဲ့လက်ထပ်ထားတဲ့ သူတစ်ယောက်ကို ရွေးပြီးလာခေါ်တတ်တာဟာ

www.burmeseclassic.com



ကျွန်မကို စိန်ခေါ်စော်ကားတာဖြစ်နေတာမို့ ကျွန်မ မခံနိုင်တာက ကျွန်မရဲ့ဇနီးတစ်ယောက်ရဲ့ ရပိုင်ခွင့်တစ်ခုအဖြစ် ဆုပ်ခဲကိုင်ထားခွင့်ရှိတဲ့ အခွင့်အရေးပဲ .. သူ ကျွန်မကို လျှော့တွက်ထားလို့ မရဘူးဆိုတာ ခုကတည်းက ကောင်းကောင်းသဘောပေါက်သွားဖို့လိုတာပေါ့ ကိုရန်ပြေ”

မြပန်းရဲ့ စကားလုံးတိုင်းကို တစ်လုံးချင်း ပြတ်ပြတ်ထင်ထင် ပြောချသည်။ အလျှော့ပေးမှာ မဟုတ်တာကတော့ တောက်ပစူးရှလျက် အရမ်းကို ပြတ်သားမာကျောနေသည့် မျက်ဝန်းတွေဖြင့်ပင် သိသာနေပြီ။

“ရှင် ကျွန်မကို မချစ်နိုင်တာ ကျွန်မသိတယ် ကိုရန်ပြေ .. ဒါပေမဲ့ ရှင့်ချစ်သူဟောင်းနဲ့ ပတ်သက်နေသူတစ်ယောက်ရဲ့ စော်ကားမော်ကား ဆက်ဆံလာတာကိုတော့ ကျွန်မငြိမ်ခံနေမှာ မဟုတ်ဘူးဆိုတာကိုတော့ ခုကတည်းက ကျွန်မ အသိပေးထားပါတယ် .. မြပန်းရဲ့ဆိုတာ လက်ရှိဘဝမှာ ဘယ်လိုနေရမယ်ဆိုတာ သိနားလည်ရင်း အစစလူကြီးမိဘ စိတ်မချမ်းသာတာတွေ မဖြစ်အောင် အားလုံးစိတ်တွေလျှော့ချလိုက်ရပေမယ့် တခြားသူစိမ်း ဘယ်သူရဲ့စော်ကားမော်ကား ဆက်ဆံပြတာကိုမှ ခေါင်းငုံ့ခံမှာမဟုတ်တာကတော့ ကျွန်မရဲ့မာနနဲ့ ထက်မြက်ခြင်းတွေဆီကတုံ့ပြန်ဆုံးဖြတ်လာကြတဲ့ ဆုံးဖြတ်ချက်တွေဖြစ်တယ်ဆိုတာ၊ ဘယ်သူမဆို နားလည်ထားကြဖို့ လိုတယ် .. အထူးသဖြင့် ရှင်ရော ဆိုပါတော့ .. ကျွန်မ ရှင့်ကိုလက်ထပ်ထားခဲ့တာဟာ ငွေနဲ့ပတ်သက်တဲ့သူတွေရဲ့ စော်ကားမော်



ကား မျက်နှာပြောင်တိုက်လာမှုတွေကို ခေါင်းငုံ့ခံဖို့မဟုတ်ဘူး .. အဲသလိုခံရမယ်လို့ ရှင် ဆုံးဖြတ်ရင်လဲ ကျွန်မဘယ်တော့မှ လက်ခံမှာမဟုတ်ဘူး .. ပြီးတော့ .. အရှုံးပေးပြီး ငိုယိုထွက်ခွာသွားမှာမျိုးကို အဲသလိုအဖြစ်တွေရဲ့အကျိုးဆက်အဖြစ် ကျွန်မ ဘယ်တော့မှ အဖြစ်မခံပါဘူး .. ဘာလို့လဲ သိလား .. ကျွန်မဟာ မြပန်းရဲ့ ဖြစ်လို့ပါပဲ”

ပြောပြီးတာနှင့် မြပန်းရဲ့ တောက်လျှောက်ထွက်သွားလိုက်သည်က ကိုယ်ရွေးချယ်ထားကြပါသည့် ကိုယ့်အခန်းဖြစ်သည့် ဧည့်သည်တွေအတွက်ထားသည့် အခန်းဆီသို့ပါ။ ပြတ်သားစိန်ခေါ်ခြင်းပေပဲဟု သူ နားလည်ရင်း ကျန်ရစ်သည်။

သူမျက်ဝန်းတွေဆီမှ ထွက်၍မရနိုင်အောင် စွဲထင်နေသည်က အရမ်းကို လက်တောက်စူးရှနေလျက် လုံးဝနောက်မဆုတ် .. အရှုံးမပေးသည့်အရိပ်တွေ ခေါင်းမာပြတ်သားစွာထင်နေသည့် မျက်ဝန်းနက်နက်လေးတွေပါတည့်။

အခန်းတံခါးရွက်ကို ဆောင့်အောင့်၍ အသံမြည်အောင် ပိတ်လိုက်တာမျိုးကို သူ မြင်များမြင်လိုက်ရမည်လားဟု ထင်နေမိရပေမယ့် .. တကယ်တမ်းကျတော့ မြပန်းရဲ့သည် တံခါးကို အသံမမြည်အောင် ညင်ညင်သာသာ ပိတ်လိုက်တာပဲ ကြုံရသည်။ စရိုက်ကြမ်းခြင်းနှင့် မခံချင်သည့်ဇော ဆိုတာက တခြားစီပေပဲဟု သူ နားလည်လာစပြုလာသည်။ ဒေါနှင့်မောနှင့် ပြောသွားတာလည်း မရှိ။ ဒေါနှင့်မောနှင့် တံခါးရွက်ကို လူသူကြားအောင် ဆောင့်ပိတ်ကြမ်းတမ်းတာမျိုးလည်းမရှိ။

ဒါပေမဲ့ တည်ငြိမ်ရင့်ကျက်ခြင်းနှင့်အတူ ရင်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



အံ့တုသော စိတ်ဓာတ်တွေ ဤမိန်းကလေးမှာ ရှိနေတာကို သူသိနေရပြီ။ ထိုစိတ်ဓာတ်ကို သူ နှစ်ခြိုက်လာသည်သို့ ခံစားလာရပြန်ချေသည်တကား။

"အာဂကောင်မလေးပါလား"

လွှတ်ခနဲ သူ ညည်းလိုက်မိရင်းမှ ခေါင်းယမ်းလိုက်မိသည်။

မနှစ်မြို့ခြင်းဆိုတာတွေ ခုချိန်မှာကျတော့ ရင်ထဲမှာ မရှိတော့ဘဲ ပျောက်ဆုံးသွားကြချေတာကို သူလည်း အံ့ဩစွာ သိသိလာနေသည်။ ဟုတ်သည်။ ငွေဆစ်ပန်နှင့်အတူ ထမင်းစားဆောင်မှာတုန်းက မြပန်းရုံကို သူ တစ်ချက် မနှစ်မြို့သည့် ခံစားချက် ဖြစ်ခဲ့ဖူးသည်။

ခု .. မြပန်းရုံ ရှင်းပြပြောချသွားတာတွေကို နားထောင်ပြီးချိန်မှာကျတော့လည်း သူ ရင်ထဲမှာ နှစ်ခြိုက်လာရသည်။ သဘောကျသည့် ခံစားချက်က တိုးဝင်လာ၏။ ကလေးဆိုးတစ်ယောက်၏ တစွတ်ထိုးလုပ်တတ် ဆုံးဖြတ်တတ်သည့် ဟန်လေးလည်း ရှိနေသည်။ တည်ငြိမ်ရင့်ကျက်ခြင်းနှင့် တုံ့ပြန်အံ့တုခြင်းဆိုသည့်ဟန်လည်း ရှိနေသည်။

ဤကောင်မလေးသည် ဤအသက်အရွယ်လေးဖြင့်ပင် ဤမျှရင်ဆိုင်ရဲသော သတ္တိနှင့် အံ့တုစိန်ခေါ်နိုင်စွမ်းမှုတွေ ရှိနေတာကိုလည်း သူ အံ့ဩချင်သည်။

ရင့်ကျက်ခြင်းဆိုတာ ဤကောင်မလေးမှာ ရှိနေသည်တကား။

○ ❧ ○



# အခန်း(၁၆)

"နည်းနည်းတော့ ဆာလာသလိုပဲ ကိုကို .. ဈေးဝယ်ထွက်ရမှာဆိုတော့ နည်းနည်းအချိန်ကြာမှာမို့ လမ်းမှာတစ်ချက်နားပြီး တစ်နေရာရာမှာ ကော်ဖီလေးဖြစ်ဖြစ် သောက်ကြရအောင် .. ပန် ဧည့်ဝတ်ပြုမှာပါ"

သူ့ အရင် အပေါ်ထပ်မှ ဆင်းလာဖြစ်သည်။ ပန်းရုံ ရောက်မလာသေးတာမို့ အိမ်ရှင့်ဝတ္တရားအရလည်း ငွေဆစ်ပန်ကို ဧည့်ဝတ်ပြုရမှာ နားလည်စိတ်ဖြင့် ဆိုဖာထက်မှာ သူ ထိုင်စဉ်ခိုက် ငွေဆစ်ပန် ပြုံး၍ပြောလာပါ၏။ ထိုအခါမှ ခုထိ ငွေဆစ်ပန်ကို ဘာမျှဧည့်မခံဖြစ်သေးတာကို သတိဝင်လာရလျက် အားနာစိတ်လည်း ဖြစ်သွားရသည်ပါပဲ။

ဘာပဲဖြစ်ဖြစ်။ ငွေဆစ်ပန်သည် ငွေ့ညီမတစ်ယောက်ဖြစ်နေသည်လေ။ ငွေ့ညီမသည် မည်သို့သော ရည်ရွယ်ချက်ဖြင့်ပဲဖြစ်ဖြစ် လာစေဦး။ သူ ဧည့်ဝတ်ကျေဖို့လောက်တော့ ကောင်းသည် မဟုတ်ပါလား။ ငွေ့မွေးနေ့ မဟုတ်ပါဘဲနှင့် ငွေ့မွေးနေ့အဖြစ် လာပြောနေသည်ပဲ ရှိစေဦး။ ထိုမရှိးသားမှုတစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြု၍ ငွေဆစ်ပန်ကို ဘာမျှညော့ဝတ်မကျေဘဲ ထားလိုက်ဖို့ မကောင်း။ ငွေ့မျက်နှာတော့ ထောက်ရချေမည်သာ။ ငွေသည် သူ့ချစ်သူဖြစ်လျက်။ သူ့ကိုချစ်သောစိတ်ဖြင့် ငွေ ကွယ်လွန်ခဲ့သည့် အဖြစ်တစ်ခုသည်လည်း ဖြစ်တည်ခဲ့ပြီးနေပြီ မဟုတ်ပါလား။

"ကိုယ် ကော်ဖီတိုက်ပါ့မယ် .. ဒီမှာပဲသောက်ပါ ငွေဆစ်ပန် .. မဟုတ်တာဗျာ .. ငွေဆစ်ပန်က ကိုယ့်ကို ကော်ဖီ တိုက်ရမယ်လို့"

ဟု ပြောမိပြီးမှ ဖျတ်ခနဲ အာရုံတစ်ခု တိုးဝင်လာသည်။ လမ်းမှာ တစ်နေရာရာ၌ ခဏနားပြီး သူ့ကိုကော်ဖီတိုက်ပါရစေဆိုသည့် သဘောမျိုး နွယ်နေသည့်စကားကို စောစောကပဲ ငွေဆစ်ပန် ပြောခဲ့ခြင်းသည် .. သူသည်လည်း ငွေဆစ်ပန်နှင့် အတူပါလာရမည်ဆိုသည့် အသိပေးသည့် သဘောမျိုး .. တောင်းဆိုမှုမျိုး ဖြစ်နေသည်တကား။

ပန်းရုံ၏မျက်နှာလေးသည် ငွေခနဲ ဝင်လာထင်လာ၏။ စောစောကပဲ ပန်းရုံ ပြောခဲ့သည်လေ။ သူ့ကိုပဲခေါ်တည်၍ ငွေဆစ်ပန်သည် အကူအညီတောင်းနေသည့် စကားမျိုးတို ပြောနေသည်ဟု။ ခုလည်း ထိုသဘောမျိုးပဲ လာဖြစ်နေပြီ။

"ကိုယ် ကိစ္စရှိနေတာဆိုတော့လဲ ပန်းရုံနဲ့ပဲ တူတူသွားလိုက်တော့နော် .. အိမ်မှာကလဲ လောလောဆယ်မှာ ရှူးတူးပေါ်တောလေးနဲ့ ရှိနေတဲ့ ပိုးဥ တစ်ယောက်ပဲ ရှိနေသေးတာ .. ပန်းရုံ အဖော်ရအောင် အဒေါ်ကြီးတစ်ယောက်လောက်တော့ ရှာရဦးမှာပါ .. ဒီတော့ ငွေဆစ်ပန် ကော်ဖီသောက်ဖို့ဆိုတာက ပိုးဥနဲ့ပဲ ဖျော်ခိုင်းရမှာမျိုး ဖြစ်နေတယ်"



ပိုးဥများ ကော်ဖီဖျော်တာတွေ ဘာတွေမှာ အဆင်မပြေဖြစ်နေချေမည်လားဟု စိုးရိမ်စိတ်ဖြင့် သူ ပြောမိတော့ ငွေဆစ်ပန် ရယ်သည်။

"ဘာလဲ ကိုကိုရဲ့ .. မြပန်းရုံကရော ဘာမှမလုပ်တတ်လို့လား .. ဒါဆို ပိုးဥ ချက်ပြုတ်တာကိုပဲ ကိုကို စားသောက်နေရမှာဆိုတော့ စားကောင်းသောက်ကောင်းမှ ဖြစ်ပါ့မလား ဟင်"

"မဟုတ်ပါဘူး .. ပန်းရုံက မီးဖိုဆောင်ကို နိုင်နင်းတဲ့ မိန်းကလေးပါ .. ဒီနေ့ ဘရိတ်ဖတ်စ်စားတာ စားသောက်လို့ မြိန်ပါတယ် .. ခု .. ပန်းရုံ ရောက်မလာသေးလို့ .. အဲ .. ဆင်းမလာသေးလို့ ကိုယ်က မငွေဆစ်ပန်အတွက် ပိုးဥနဲ့ ကော်ဖီအဖျော်ခိုင်းမလို့ပါ"

ပန်းရုံကို ခပ်ညံ့ညံ့ အိမ်ရှင်မတစ်ယောက်အဖြစ် ခနဲ့စကားများ ဆိုလာချေသည်လားဟု နားလည်လာမိရင်းမှ သူကမန်းကတန်း ဘာကြောင့်များ ချက်ချင်းကြီးဝင်၍ ရှင်းပြနေမိရပါသတဲ့လဲ။ သူ နားမလည်ချင်။ တစ်ခုတော့ရှိသည်။ ရန်ပြေဆိုသည့် လူတစ်ယောက်၏ဇနီးသည် ညံ့ဖျင်းသော မိန်းမတစ်ယောက် ဖြစ်နေသည် ဆိုတာမျိုးကိုတော့ အပြောမခံနိုင်ဘဲ ဖြစ်နေတာအမှန်။ ဤသည်ကလည်း သူ့သိက္ခာအတွက်သက်သက် ဖြစ်နေသည် ဆိုတာ နားလည်လာရသည်သို့ ရှိလာရပြန်သည်။ ဟုတ်သည်လေ။ ရန်ပြေ လက်ထပ်သည့် မိန်းမသည် ခင်ပွန်းသည်အတွက် ဘာဆိုဘာမျှ ချက်ပြုတ်မကျွေးနိုင်လောက်အောင် မိန်းမမပီသသည့် သူတစ်ယောက် ဖြစ်နေသည်ဆိုတာမျိုးကိုတော့ အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လည်း မခံနိုင်။ ထိုမျှည့်ဖျင်းသည့် မိန်းမတစ်ယောက်ကို လက်ထပ်လိုက်ပါသည့် ခပ်ညံ့ညံ့ယောကျ်ားတစ်ယောက်အဖြစ်လည်း သူ အရောက်မခံနိုင်။ ငွေဆစ်ပန်ကို သူ ကြည့်တော့ ပြုံး၍ကြည့်နေသည့် အကြည့်သည် မခံချင်စရာလေး ဆန်နေသည်ဟု ထင်လာမိပြန်သည်။

"သဘောက ကိုကို လက်ထပ်လိုက်ရတဲ့ ဒီမြပန်းရုံဆိုတဲ့ မိန်းမတစ်ယောက်ဟာ မမငွေထက် သာနေတယ်လို့များ ပြောနေရာ ရောက်နေမလား ကိုကို .. ပန်က မမငွေရဲ့ ဒိုင်ယာရီကို ဖတ်ထားရတယ် ကိုကို .. ဒါကြောင့် ကိုကို လို့ခေါ်ရတာပါ .. မမငွေရဲ့ဒိုင်ယာရီဟာ မမငွေရဲ့တိုက်ခန်းအံဆွဲထဲမှာ ရှိနေတယ်လေ .. ပန် ဒီကိုရောက်လာတော့ အဲဒီ ဒိုင်ယာရီကို ဖတ်ခဲ့ရတယ် .. တစ်ခုတော့ရှိတယ်ပေါ့ ကိုကို၊ မမငွေဟာ ကိုကို့ကို သိပ်ချစ်နေတယ်ဆိုတာကို ပန် သိနေရတာပါပဲ .. ဘာကြောင့် မမငွေ ခုလို ဆုံးပါးပစ်လိုက်တယ်ဆိုတာ ပန် နားမလည်နိုင်အောင်ပါ"

သူ ငိုင်ခနဲဖြစ်၏။ ငွေနှင့်သူ နောက်ဆုံးတွေ့ရသည့် နေ့မှာကျတော့မှ မေမေက ငွေနှင့်သဘောမတူတာတွေကို ငွေသိခဲ့ရလျက် ..။ ထိုနေ့မှာပဲ ငွေဆုံးခဲ့တာမို့ မေမေနှင့်ပတ်သက်တာတွေ .. သူနှင့်ပတ်သက်တာတွေ .. ထိုသဘောမမျှမှုကိစ္စအားလုံးသည် ငွေ့ဒိုင်ယာရီထဲမှာ ရေးသားခဲ့နိုင်ဖို့ မဖြစ်တည်နိုင်ခဲ့တာအမှန်။ ငွေသည် မြန်ဆန်လွန်းစွာ ... လုံးဝမမျှော်လင့်ရဲလိုက်လောက်အောင်ကို မြန်ဆန်လွန်းစွာ ကွယ်လွန်ခဲ့သည် မဟုတ်ပါလား။



"ကိုကိုနဲ့လက်ထပ်ပြီးရင် ဘယ်လို သူ့အိမ်လေးကို လှပအောင်ထားမယ် .. ဘယ်လို သူ့ဘဝကို ပျော်မွေ့စွာဖြတ်သန်းမယ်ဆိုတာတွေ အားလုံးကို စိတ်ကူးတရှုနဲ့ တမျှော်တလင့်ကြီး မမငွေ ရေးထားတာတွေ ပန် ဖတ်ရတော့ မျက်ရည်ကျတယ် ကိုကိုရယ် .. ဒီလောက် အနာဂတ်အတွက် လှလှပပ မျှော်လင့်တကြီးရှိနေတဲ့ မမငွေဟာ ဘယ်လိုများ အဲဒီဝရန်တာနေရာကနေပြီး ချော်ကျပြီး ကွယ်လွန်ခဲ့ရတယ်ဆိုတာ မတွေးရက်အောင်ပါ"

သူ ငိုင်နေမိရဆဲ။ နှုတ်ခမ်းကို သွားဖြင့်ဖေးကိုက်ငြိမ်သက်နေမိရရင်းမှ ရင်သည် သောကများ ရောယှက်နေသည့် လောင်မြိုက်ကြေကွဲခြင်းများဖြင့် ပွက်ပွက်ဆူနေသည်သို့ ရှိလာရပါပြီ။

"ဒါပေမဲ့ .. ကိုကို အိမ်ထောင်ပြုလိုက်ပြီ ဆိုတာကို ပန် ဒီရောက်တော့မှ သိရတာမို့ ရင်ထဲ အံ့သြတယ် ကိုကို .. အို .. ပန် စကားပြော နည်းနည်းလောသွားတယ် .. ပန် သိချိန်မှာက ကိုကို အိမ်ထောင်မပြုသေးဘူး .. ပြုတော့မယ်ဆိုတာကို သိရတာပါ .. အဲသလိုပါ"

သူ အနေရခက်လာပြီ။ ငွေဆစ်ပန်သည် သူ့ကို မကျေနပ်ခြင်းများစွာဖြင့် လာပြောနေခြင်းများလားဟု တွေးတောစပြုလာနေမိရပါသည့်အဖြစ်။ ဘာကြောင့် တကန်တက ဤမျှလာပြောနေရပါသတဲ့လဲ။ သူ့ရင်ထဲမှာ မွန်းကျပ်ကြေကွဲခြင်းတွေကို ဖြစ်တည်ခံစားနေရတာကို မြင်နေရခြင်းဖြင့် ငွေဆစ်ပန်အတွက် ဘာများအကျိုးရှိလာနိုင်ပါမည်တဲ့လဲလေ။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ .. ပန် ကိုယ်တိုင်ကလဲ မမငွေရဲ့ညီမပေမို့ မမငွေချစ်တဲ့ ကိုကို့ကို ပန့်အစ်ကိုရင်းတစ်ယောက်လို အားကိုးစိတ် ဖြစ်ရပါတယ်၊ ဒါကြောင့်လဲ ကိုကို့ကိုမင်္ဂလာဆောင်နေ့မှာ တမင်လာတွေ့တာပါ .. ပန့်မှာ မေမေလဲ မရှိတော့ပါဘူး .. ပန်တို့ညီအစ်မ ကွဲကွာသွားကြတာကတော့ မိဘတွေရဲ့အိမ်ထောင်ရေး ပြိုကွဲမှုတစ်ခုကြောင့်ပါ .. ဒါပေမဲ့ ပန်ဟာ မမငွေရဲ့ညီမ ဖြစ်နေတယ်လေ .. အဲဒါကတော့ ဘယ်လိုမှ ပျောက်ကွယ်သွားနိုင်တာမှ မဟုတ်ဘဲ .. ပန်ဟာ လက်ရှိအချိန်မှာ ဖေဖေလဲမရှိ မေမေလဲမရှိ မမငွေလဲမရှိတော့တဲ့ တစ်ကောင်ကြွက်ပါ .. မမငွေလို ဘွဲ့ရပညာတတ်တစ်ယောက်အဖြစ်လဲ ပန်ဟာ ကံကောင်းသူတစ်ယောက်အဖြစ် မရောက်နိုင်ခဲ့ပါဘူး .. မေမေက မချောင်လည်တဲ့ဘဝနဲ့ ရပ်တည်ခဲ့ရတာလေ .. ပန် ဆယ်တန်းတောင် မအောင်ခဲ့ပါဘူး .. မေမေ ဆုံးခါနီးမှ .. မမငွေဆီ သွားနေဖို့ နေရာကအစ ပြောပြခဲ့တာပါ .. ဟိုကိုလိုက်သွားချိန်ဟာ မိတဆိုးပန်အဖြစ် ရောက်ရှိချိန် ဖြစ်ခဲ့ရသလို .. အစ်မလဲ မရှိတော့တဲ့ ပန်အဖြစ်လဲ အဲဒီအချိန်မှာ ဒေါ်ကြီးမိုး ပြောပြလို့ ခရီးရောက်မဆိုက် ရင်ဆို့အောင် ကြားခဲ့ရသူပါ ကိုကိုရယ် .. ကိုကိုနဲ့ပတ်သက်လို့လဲ မမငွေရဲ့ချစ်သူအဖြစ် ဒေါ်ကြီးမိုးကလဲ ပြောပြ .. မမငွေရဲ့အိပ်ခန်းမှာ ကိုကိုနဲ့တွဲရိုက်ထားတဲ့ ဓာတ်ပုံလေးနဲ့ ကိုကို့ဓာတ်ပုံတို့ကိုလဲ မှန်ပေါင်သွင်းထားပြီး စားပွဲပေါ်မှာ တယုတယ ထားခဲ့တာကိုလဲ မြင်ရတော့ ကိုကို့ကို



မမငွေရဲ့ချစ်သူ ဖြစ်တာမို့ ပန့်အစ်ကိုကြီးတစ်ယောက်လိုပဲ သဘောထား အားကိုးမိခဲ့ရတဲ့ ပန်ပါ ကိုကို"

ပြောနေရင်းဖြင့် ရင်ထဲ လှိုက်လာပုံလေးဖြင့် ရှေ့တိုးလာကာ သူထိုင်နေသည့် ညောင်ခြေခံကြမ်းခင်းကော်ဇောထက်မှာ လာထိုင်ရင်း ရင်ခွင်ထဲ ခေါင်းသွင်းငိုလာတော့ သူ့မှာ အမ်းခနဲ လည်း ဖြစ်သွားရ၏။ တွန်းထုတ်လိုက်ရမှာကျတော့လည်း ဝမ်းနည်းပက်လက် ငိုနေသည့် မိန်းကလေးတစ်ယောက်။ ကိုယ့်အပေါ် အစ်ကိုကြီးပမာ အားကိုးမိရပါသည်ဟု ပြောနေသည့် မိန်းကလေးတစ်ယောက် ဖြစ်နေတာမို့ရော .. ငွေ့ညီမဖြစ်နေတာမို့ရော တွန်းလိုက်ရမှာ အားတုံ့အားနာ ဖြစ်နေမိရသည်ပါပဲ။ ငိုနေသည်ကလည်း သူ့ကို အားကိုးတကြီး နိုင်နေသည့်နှယ် တရှိုက်ငင်ငင်ငိုနေတာမျိုး ဖြစ်နေသည်။

"မဟုတ်ဘူးလေ .. စိတ်ကိုတင်းမှပေါ့"

သူ နေရခက်စိတ်ဖြင့် ကိုယ်ကို တစ်ချက်ယို့လိုက်မိကာ နောက်သို့ ရွှေ့လိုက်မိရင်း ပြောမိစဉ်ခိုက် အိမ်အပေါ်ထပ်လှေကားမှာရပ်လျက် တိတ်ဆိတ်ငြိမ်သက်စွာ ဘယ်အချိန်ကတည်းကမှန်းမသိအောင် ကြည့်နေပါသည့် မြပန်းရုံကို သူ မော့ကြည့်တွေ့မြင်ရပါပြီ။

"ပန်းရုံ"

သူ လွှတ်ခနဲခေါ်မိသွားရသည်။ မြပန်းရုံ၏ မျက်နှာထက်မှာ အေးစက်စက်အကြည့်သည် ခံပြင်းရိပ်ဖြင့် စွန်းထင်းနေချသည်တကား။ သူ့နှုတ်မှ ခေါ်သံကြောင့်ထင့်။ ငွေခစ်ပန်လှေကားထိပ်ဆီသို့ သူ ကြည့်နေသည့်အတိုင်း မော့ခနဲလိုက်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ကမန်းကတန်း သူ့ရင်ခွင်ထဲ ခေါင်းထိုးငိုကြွေးနေတာကို ပြန်ရုပ်သည်။ ဒါကို သူ မကြိုက်။ ပြန်၍ခေါင်းလေးရုပ်လိုက်ပုံက အရမ်းကို မြန်ဆန်လွန်းနေသည်။ ပြီးတော့ .. ငွေဆစ်ပန်၏ မျက်နှာထက်တွင် အနေရအထိုင်ရ ခက်နေသည့်နှယ် မျက်စိမျက်နှာကြီး ပျက်ကျပြနေသည့်အဖြစ်။ သူ ကမန်းကတန်းထရပ်လိုက်သည်က မြပန်းရုံကို ရှင်းပြလိုသောဖြင့်ပါ။ သူ အမြန်ဆုံး မြပန်းရုံရှိရာသို့ သွားမည်။ ပြီးတော့ .. ငွေဆစ်ပန်က အစ်မငွေသစ်ပန်ကို သတိတရဖြင့် သူ့ရင်ခွင်မှာ ညီမလေးလိုလာ၍ ငိုနေခြင်းပါဟု ရှင်းပြလိုက်ရမည်။ ဒါ အလွန်တရာကိုမှ အရေးကြီးနေသည်။ ဤသည်က သူ့သိက္ခာအပေါ် အထင်လွဲမခံနိုင်တာလည်း ပါသည်။ ပြီးတော့ကျတော့ ဖေဖေနှင့် မေမေ့ကို လှမ်းတိုင်လိုက်လျှင် သူ မချော်။ အတော်ကြီး ဖြေရှင်းယူရမည့်ကိစ္စ ဖြစ်နေသည်။

သူ စိတ်တွေရှုပ်ထွေးလာ၏။ ငွေသစ်ပန် ရောက်လာခြင်းသည် ရှုပ်သောအရှုပ်တစ်ခု ဖြစ်နေသည်ပဲဟု စတင်၍ အလိုမကျခြင်းဖြစ်လာသည်။ အလကားနေရင်း သူ အဆူခံထိနေမည့်သဘောတွေ လာလာဖြစ်နေသည်ပဲလေ။

ထိုစဉ်နိုက်မှာပဲ အိမ်ရှေ့ပေါ်တီကိုအောက်မှာရပ်ရင်း အရာရာတိုင်းကို မျက်တောင်မခတ် ပေါ်တီကိုတိုင်လုံးကိုမှီလျက် ရပ်ကြည့်နေသည့် ကိုထိုက်ကိုလည်း ခုမှမြင်သည်။

ကျွတ်ခနဲ သူ စုတ်သပ်ညည်းမိရပါပြီတည်း။ သွားပြီ။ ကိုထိုက် ဆိုတာက မေမေ့စကားတစ်ခွန်းဆို တစ်ခွန်း နာခံသည့် ကိုထိုက်။ အားလုံးကတော့ မချွင်းမချန် အဆူခံထိဖို့ သေချာနေသည့်အဖြစ်။



"မမငွေကို သတိရလို့ ငိုမိတာပါ မြပန်းရုံ"

သူ ခြေလှမ်းကျဲဖြင့် လျှောက်နေတာမှ ပန်းရုံထံသို့ မရောက်သေး။ ငွေဆစ်ပန် မျက်နှာပျက်ပျက်ဖြင့် မော့ကြည့်ကာ အရင်လက်ဦးအောင် လှမ်း၍ပြောလိုက်တာကို သူ ကြားရသည်။ မြပန်းရုံ ခြေလှမ်းမှန်မှန်ဖြင့် လှေကားထစ်တွေအတိုင်း နင်းဖြတ်ဆင်းလာပါ၏။ အကြည့်က သူ့ထံမှာ ရှိမနေတော့ပြီ။ ငွေဆစ်ပန်ထံမှာပဲ တန့်နေ၏။ မျက်နှာလေးကလည်း တည်နေသည်။ ဝန်တိုခံပြင်းရိပ်မျိုးဖြင့် တည်နေသည့် မျက်နှာမျိုးမဟုတ်။ စိန်ခေါ်နေသည့် သူတစ်ယောက်ကို အအုပ်စီးမခံသောအကြည့်မျိုးဖြင့် တည်နေသည့်မျက်နှာ။

"ပန်းရုံ မြင်ပါတယ် .. ရှင်ကိုယ်တိုင် အဲဒီနေရာကိုသွားတာ .. ကိုကြီးရင်ခွင်ထဲ ခေါင်းတိုးဝင်ငိုတာ .. ပန်းရုံ မြင်ပါတယ် ငွေဆစ်ပန် .. တကယ်တော့ ရှင် အဲသလိုလုပ်သင့်သလား .. မလုပ်သင့်ဘူးလား ဆိုတာ ကျွန်မ ရှင့်ကို ပြောပြနေဖို့ မလိုပါဘူး .. ရှင်ကိုယ်တိုင်က အလိုလိုသိနေရမယ့်ကိစ္စပါ .. အကယ်၍ ရှင့်အစ်မငွေဆိုတာ ရှိနေရင်တောင်မှ သူ အဲသလိုမြင်ကွင်းမျိုးကိုတော့ ကြိုက်မှာမဟုတ်တာ သေချာတယ်ရှင့်"

"မြပန်းရုံ"

ဘာပဲဖြစ်ဖြစ်။ အိမ်ရှင်တစ်ယောက်အနေဖြင့် ဧနီးသည်ကို သတိပေး ဟန့်တားရချေမည်မို့ သူ လှေကားရင်းဆီမှ လှေကားထစ်တွေကို နင်းဖြတ်တက်လာရင်း ဟန့်သလိုလေးဖြင့် ခေါ်မိတော့ မြပန်းရုံ သူ့ကို ထိုအခါမှ ကြည့်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပန်းရုံ ပြောသင့်တာကို ပြောတာပါ ကိုကြီး .. ဘာလို့လဲ ဆိုတော့ ကိုကြီးဟာ ပန်းရုံရဲ့ခင်ပွန်းသည် ဖြစ်နေလို့ပါပဲ.. ဖနီးတစ်ယောက်ဟာ ဒီလိုမြင်ကွင်းမျိုးကို ဘယ်တော့မှ လက်ခံနိုင်မှာ မဟုတ်လို့ပါပဲ .. အကယ်၍ .. လူတစ်ယောက်ရဲ့ရင်ခွင်ထဲမှာ ပန်းရုံ အဲသလိုဝင်ငိုနေရင် ကိုကြီးလက်ခံနိုင်မှာလား .. ပြောလေ .. အထူးသဖြင့် လူတစ်ယောက်ရဲ့သိက္ခာတစ်ခုနဲ့တင် ဒါကိုလက်မခံနိုင်တော့တဲ့ မြင်ကွင်းပါ .. အထူးသဖြင့် မာနခပ်ကြီးကြီး လူဆိုရင် ပိုဆိုးမှာပေါ့လေ .. ကိုကြီးလို ဆိုပါတော့ .. ပန်းရုံနဲ့ ကိုကြီးမှာ အဲဒီမာနကြီးတာနဲ့ သိက္ခာကို အပွန်းပဲ့မခံနိုင်တာတွေလဲ တူနေကြတာကို နှစ်ယောက်စလုံး သိနေကြပြီးသားပါ"

မြပန်းရုံကလည်း ခပ်တိုးတိုး သူ့လေသံကိုလိုက်နင်း၍ တုံ့ပြန်ပြောလာပါသည့်အဖြစ်။

"သူ ကော်ဖီသောက်ချင်တယ်ဆိုလို့ ကိုယ် ကော်ဖီဖျော်ခိုင်းဖို့အတွက် ပိုးဥဆီကိုသွားမလို့ပါ .. အဲဒီအချိန်မှာဖြစ်တာ .. ငါကိုယ်တိုင်ကလဲ အဲဒါမျိုးတွေကို ဖြစ်ချင်နေတာမဟုတ်ဘူးဆိုတာ မင်း နားလည်မှာပါ"

"ဒါဆို .. ရှင် .. ဘာလို့ ထထွက်မသွားတာလဲ"

အေးစက်သော တုံ့ပြန်မေးခွန်းသည် အမှန်တရားဖြစ်နေသည်ဟု သူသိနေသည်။

"ကျွန်မ မနာလိုလုံးဝမဖြစ်ဘူး .. အဲဒါကိုတော့ ရှင်နားလည်ထားပါ .. ကျွန်မ ခံရခက်နေတာက ကျွန်မရဲ့မာနကို လာထိပါးနေတာကိုပါပဲ .. သူ့အစ်မရဲ့ ချစ်သူဟောင်း



ဖြစ်နေတာ တစ်ခုတည်းနဲ့ သူ ဒီလို ကျွန်မတို့ရဲ့အိမ်မှာလာလုပ်လို့ မရဘူးဆိုတာ သူ ကောင်းကောင်းနားလည်သင့်တာပေါ့ .. ကဲပါလေ .. သူ့ကို ကော်ဖီတိုက်ဖို့ကိစ္စကတော့ လောလောဆယ်မှာ ရှိနေသေးတယ် မဟုတ်လား .. ကောင်းပြီ .. ကျွန်မကိုယ်တိုင် အိမ်ရှင်တစ်ယောက်အနေနဲ့ ဖျော်တိုက်လိုက်ပါ့မယ်"

မြပန်းရုံ ခပ်တိုးတိုး ဆက်ပြောကာ ခြေလှမ်းမှန်မှန်ဖြင့် အောက်သို့ဆက်ဆင်းလာသည်။ မြပန်းရုံ တစ်ခုခုများ ...င်းစိုင်းကြမ်းတမ်းစွာ ပြောဆိုလိုက်ချေမည်လားဟု သူ စိုးရိမ်နေ...မယ့် မြပန်းရုံ ဘာမျှဆက်မပြောတော့ဘဲ မီးဖိုဆောင်ဘက်ဆီ...သို့ ထွက်သွားတော့ သူ နောက်ကလိုက်ဖို့ ပြင်သည်။

"သူနဲ့အတူနေတာကို ကြိုက်တယ်ဆိုရင် နေခဲ့ပါ .. ဒါမှမဟုတ်ရင် ပန်းခြံထဲ ဆင်းသွားပါ .. ကျွန်မနောက်ကိုတော့ လိုက်မလာပါနဲ့ .. စိတ်ချပါ .. ကျွန်မ သူ့ကို ကော်ဖီဖျော်တိုက်ဖို့အတွက် မီးဖိုဆောင်ထဲကို သွားနေတာပါ၊ ဘာမှ ထပ်လုပ်စရာ မရှိသေးပါဘူး"

ဟု ပြောလာတော့ သူ့ရင်ထဲ အောင့်ခနဲဖြစ်သည်။ ...ဟုတ်သေး။ ဒါကျတော့လည်း အကျယ်ချဲ့လွန်းနေသည်ဟု သူ ...ားဖြစ်၏။ အံမယ် ..။ လိုက်စရာတော့ မလိုပါတဲ့ ..။ သဘောက ...ယ်ကပဲ အပြစ်ကြီးရှိနေ၍ တကောက်ကောက် လိုက်နေသလို ...ီးပင် ဖြစ်နေသေးသည်တည့်။ သူ နောက်ကြောင်းပြန်လှည့်၍ ...ည့်ခန်းဆိုဖာမှာ ထိုင်ချပစ်လိုက်သည်။ ဘာလို့ သူက ပန်းခြံ ...ဆင်းပေးရမည်တဲ့လဲ။ ဘာကြောင့် အစစ မြပန်းရုံ၏စကား

www.burmeseclassic.com

www.burmeseclassic.com



တွေကို တစ်သဝေမတိမ်း လိုက်နာနေသူတစ်ယောက်အဖြစ် အပိုးတကျိုးနိုင်စွာ နေပေးလိုက်ရမည်တဲ့လဲ။ ငွေဆစ်ပန်ကို နှိုးနှယ်၍ သူက မြပန်းရုံ၏ အလိုတကျ အားလုံးလိုက်နာ ခေါင်းညိတ်ပေးလိုက်ရမည်တဲ့လဲ။ ငွေဆစ်ပန်ကို နှိုးနှယ်၍ သူက မြပန်းရုံ၏ အလိုတကျ အားလုံးလိုက်နာခေါင်းညိတ်ပေးလိုက်ရမည်တဲ့လား။ ဘယ်သူကရော ငွေဆစ်ပန်နှင့် ထွေးရောယှက်တင် နေချင်နေသည်တဲ့လဲ။ ဤသည်ကိုက သူ့သိက္ခာကို အသိအမှတ်မပြုရာ ရောက်နေသည်။ ငွေဆစ်ပန်က သူ့အပေါ် တကယ့်အစ်ကိုကြီးပမာ အားကိုး၍ ငိုနေသည်ဆိုတာရော မဖြစ်နိုင်ဘူးတဲ့လားလေ။ ဘာပဲဖြစ်ဖြစ်။ အရမ်းတစ်ယူသန်လုပ်ပြတာမျိုးတော့ သူ လက်မခံချင်ပြန်။ ဒါကြောင့် သူ ခပ်တည်တည်ပဲ ဧည့်ခန်းမှာ သွားထိုင်ဝင်လိုက်သည်ပါပဲ။ ထိုင်တော့ဘာဖြစ်လဲဆိုသည့် ခပ်တည်တည်အကြည့်ဖြင့် မြပန်းရုံကို ကြည့်လိုက်တော့လည်း ဘာမှမပြောဘဲ ထမင်းစားဆောင်ထဲဝင်သွားလိုက်တာကိုပဲ သူမြင်သည်။ ပြီးလျှင် မီးဖိုဆောင်ခန်းကျယ်ကြီးဆီသို့ မြပန်းရုံ ဝင်သွားချေဦးမည်။ ကော်ဖီဖျော်ချေဦးမည်။ ပြီးလျှင် မည်သည့်မျက်နှာချိုးဖြင့် ပြန်လာချေမည်မသိ။

မျက်နှာငယ်လေးဖြင့် ငွေဆစ်ပန် သူ့ကို လှမ်းကြည့်နေတာကို သူ မြင်သည်။

"သူ ပြောတာတွေဟာ မှန်နေတယ် ငွေဆစ်ပန် .. ကိုယ့်ကို အစ်ကိုကြီးတစ်ယောက်လို ချစ်ခင်အားကိုးတာကို ကိုယ် နားလည်ပါတယ် .. ဒါပေမဲ့ မြပန်းရုံကို လက်ထပ်ထားတာမို့ .. သူ စိတ်ထဲမကြည်မလင် ဖြစ်တာမျိုး



တော့ သတိထားကြဖို့ လိုတယ်လေ၊ ကိုယ့်ကို အစ်ကိုကြီးတစ်ယောက်လို ချစ်ခင်တဲ့အတွက်လဲ ကျေးဇူးတင်ပါတယ်၊ ငွေ ရှိရင်လဲ အဲသလို မငွေဆစ်ပန် ကိုယ့်အပေါ် ချစ်ခင်တာကို ဝမ်းသာ[illegible]ပါ .. ဒါပေမဲ့ စောစောကလို ကိုယ့်အပေါ် မြပန်းရုံ သတိပေးပြောသလို ငွေလဲ ပြောမှာသေချာပါတယ် .. ကိုယ်ပြောတာ ငွေဆစ်ပန် နားလည်မှာပါ"

မတတ်နိုင်။ ရှင်းအောင်ပြောထားခြင်းသည် နောင်လည်း ရှင်းသွားချေမည်မို့ သူအားနာပေမယ့် ပြောချလိုက်ရသည်ပါပဲ။ သူ ထိုသို့ပြောလိုက်တာကို မြပန်းရုံ ကြားလျှင် မည်သို့မျက်နှာလေး ပြောင်းလဲသွားချေမည်လဲဆိုတာကို သူ မြင်ချင်နေသည်။ ဘာကြောင့်ရယ် မသိ။ မြင်ချင်နေသည်။ သူ့ကို အထင်တကြီးဖြင့် ကြည့်နေချေတာမျိုးကိုလည်း သူ ခံချင်သည်။ ကျင့်ဝတ်သိက္ခာပိုင်းမှာ သူ အဘယ်မျှထိ တန်ဖိုးထားသည်ဆိုတာကိုလည်း မြပန်းရုံ သိလိုက်စေချင်သည်။

"ဟုတ်ကဲ့ပါ ကိုကို .. ပန် .. ဝမ်းနည်းရှိန်နဲ့ အဲသလို ခံစားငိုချလိုက်မိတာပါ .. ကိုကို့ကို ပန့်အစ်ကိုကြီးလို ချစ်တယ်ဆိုတာ ပန်ပဲသိနေရသလို ဖြစ်နေရပါပြီ .. ခုလဲ မြပန်းရုံကို ပန် သွားတောင်ပန်လိုက်ပါ့မယ်"

တောင်းပန်မှုတွေ ဆက်လုပ်နေပြန်လျှင် ပိုရှုပ်ကုန်မှာစိုးရိမ်စိတ်ဖြင့် သူ တားဖို့ နှုတ်ခမ်းဖွင့်လိုက်ရုံ ရှိသေးသည်။ ငွေဆစ်ပန်က မီးဖိုဆောင်ဘက် ကူးသွားနေပြီမို့ သူ စိတ်ပျက်လက်ပျက်ဖြင့် လွှတ်ထားလိုက်ဖို့ပဲ ဆုံးဖြတ်လိုက်ကာ ဤတစ်ကြိမ်ကျမှ ပန်းခြံသို့သွားဖို့အတွက် တကယ်ပဲ ထရပ်လိုက်ပါပြီ။

www.burmeseclassic.com



ပြောချင်တာတွေ နှစ်ယောက်စလုံး ပြောကြစေတော့ဟု စိတ်ပျ လက်ပျက်လည်း ဖြစ်ချင်လာရပါသည့်အဖြစ်။ သူ ပန်းခြံဘ ဆင်းဖို့ တံခါးမကြီး သို့အရောက်မှာ [illegible]ခနဲလှမ်းကြည့်လိုက်တော ထမင်းစားဆောင်ဘက်ဆီသို့ အဝင်တံခါးနေရာဆီမှလည်း ငွေဆ ပန် လှည့်ကြည့်တာကို ကြုံသည်။

သူ ခြေလှမ်းကျဲကြီးဖြင့် ဆင်းချလိုက်ပေမယ့် ရင် ထဲ ထင့်ခနဲလေး လာပြန်ပါ၏။

ကျွတ်ခနဲ စုတ်သပ်မိပြန်သည်။ မဖြစ်သေး။ အ သဖြင့် မြပန်းရုံ ဆိုတာက မာနခပ်ကြီးကြီးသူငယ်မ။ သူ ပျက်လက်ပျက်ကြီး ပန်းခြံထဲသွားထိုင်နေတာက ကိစ္စမရှိ။ ထို မြပန်းရုံ သည်းမခံနိုင်ဘဲ ဖြစ်စေတာမျိုး ဖြစ်ကုန်လျှင်မကောင်း

ငွေဆစ်ပန် တောင်းပန်ဖို့ သွားသည်ဆိုတာက ဂကယ်တမ်း တောင်းပန်ပုံက စိတ်တိုအောင် သွားဆွသ ဖြစ်နေလျှင် ပိုဆိုးကုန်မည်။ မြပန်းရုံ ဆိုတာက အနေလေး တည် လုပ်နေတတ်ပေမယ့် စရိုက်ကြမ်းကြီး မလုပ်တတ် ပြောစရာရှိလျှင် ပြောချလိုက်တတ်သည့် မိန်းကလေးမျိုး ခနဲနေအောင် နင့်ခနဲနေအောင် ပြောတတ်သည့်အဖြစ် သူ ရသည်ပဲလေ။

စိတ်ထဲ လေးလာပြန်သည်မို့ ပန်းခြံဘက်သို့ ဖြစ်တော့ပြန်ဘဲ ခြေဦးက အိမ်အဝင်တံခါးဆီသို့သာ ပြ လိုက်ရပြန်ပါချေသတည်း။

○ ○

“ပန် တောင်းပန်ပါတယ် မြပန်းရုံ .. အဲဒါတွေဟာ မရှေ့ လင့်ဘဲ ဖြစ်သွားရတာပါ”

ဖျော်ထားသည့် ကော်ဖီခွက်လေးကို လင်ပန်းတွင် လက်သုတ်ပဝါခေါက်လေးကအစ တင်ထားပြီးသည့်နောက်မှာ လှည့်ထွက်မည်ပြုခိုက် ငွေဆစ်ပန် ရောက်လာကာ မျက်နှာငယ် လေးဖြင့် ပြောလာတော့ မြပန်းရုံ တုံ့ပြန်၍ ကြည့်သည်က ထို တောင်းပန်စကား ဆိုတာကို အာရုံထဲ အလေးအနက် လုံးဝမထား သည့် ခပ်တည်တည်ဟန်လေးဖြင့်ပါတည့်။

“တကယ်က ပန်ဟာ ကိုကိုနဲ့ မမငွေတို့ တွဲရိုက်ထားတဲ့ ဓာတ်ပုံကို မြင်ရကတည်းက မမငွေရဲ့ချစ်သူ .. ကိုကို့ကို အစ်ကိုကြီးလို အားကိုးတကြီး ချစ်သွားမိတာပါ .. ဒီမှာ ပါ .. ပန် ယူလာပါတယ် .. အဲဒီဓာတ်ပုံကို မြပန်းရုံကြည့် ပါ .. ပန် လိမ်တာမဟုတ်ပါဘူး .. ဒီဓာတ်ပုံကို မြင်နေ ရတိုင်း ပန် ရင်ထဲမကောင်းနိုင်လွန်းလို့ ကိုကို့ကို ပိုင်ဆိုင် နေပြီဖြစ်တဲ့ မြပန်းရုံ လက်ထဲကိုပဲ ဒီဓာတ်ပုံကို အပ်ထာ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်ပါတယ် .. တကယ်တော့ ဒီအိမ် ဒီနေရာမှာ တကယ်တမ်း ရှိနေရမှာ ကိုကိုနဲ့ မမငွေပါ .. ဒါပေမဲ့ မမငွေကို ကံကြမ္မာက အသက်ရှည်ခွင့် မပေးခဲ့ဘူးလေ .. ဒါကြောင့် ချစ်ကံခေတဲ့ မမငွေရဲ့ပုံလေးကို ကိုကိုနဲ့အတူ ခုလို ဓာတ်ပုံထဲ တွေ့တွေ့နေရတိုင်း ရင်ထဲမှာ မကောင်းလွန်းလို့ပါ .. ပန့်ဆီမှာ ရှိနေရင် မကြည့်ဘဲလဲ နေနိုင်မှာမဟုတ်တာမို့ ကိုကို့ကို ပိုင်ဆိုင်ခွင့်ရသွားတဲ့ မြပန်းရုံဆီမှာပဲ အပ်ထားလိုက်ချင်တာပါ"

အသေးစား စိန်ခေါ်မှုမဟုတ်သည်ပဲဟု မြပန်းရုံ ခပ်ရှုံးရှုံးလေး စိုက်ကြည့်နေရင်း ခံစားဖြစ်၏။ လင်ပန်းလေးကို စားပွဲလေးထက်မှာ ခပ်အေးအေး တင်လိုက်ကာ လှမ်းလင့်၍ လက်ခံယူလိုက်သည်က ငွေဆစ်ပန် ပေးနေပါသည့် ဓာတ်ပုံကိုပါ။ စလင်းဘက်တွင်းဆီမှ ထုတ်ယူပြီးသည့်နောက်မှာ ထိုသို့ကမ်းလင့်ပေးလာပါသည့် ငွေဆစ်ပန်၏လက်တွင်းမှ ဓာတ်ပုံကိုတည်တည်ငြိမ်ငြိမ်ဟန်လေးဖြင့် မြပန်းရုံ ယူသည်။ နောက်တော့ မီးဖိုဆောင်မှာအကို ယူလိုက်ကာ ဓာတ်ပုံကို ခေါက်ချိုးလိုက်ပြီးသည့်နောက်မှာ ဖြတ်ပိုင်းလိုက်သည်ကလည်း အရမ်းကို တည်ငြိမ်မြန်ဆန်လွန်းနေသည်ပါပဲ။ ထိုသို့ မြပန်းရုံ လုပ်လိုက်ချေလိမ့်မည်ဟု ငွေဆစ်ပန်ပင် ထင်လိုက်ပုံမရ။ ဓာတ်ပုံကို ငေးစိုက်ကြည့်ရင်း ဝမ်းနည်းကြေကွဲနေမည့် မြပန်းရုံ အဖြစ်ပဲ မျက်နှာထက်ဆီမှ အရိပ်များကို ဖမ်းဆုပ်ကြည့်မြင်နိုင်ဖို့ မျှော်လင့်ထားဟန်တူသည်ဟု ပန်းရုံ ထင်သည်ပါပဲ။

ငွေ့ဓာတ်ပုံကို တစ်ချက်ကြည့်သည်။ တူတူယှဉ်တွဲ



၍ ရိုက်ထားစဉ်ခိုက် မျက်နှာလေး ကြည်စင်အောင် ပြုံးနေပါသည့် ငွေသစ်ပန်၏ပုံ။ ငွေသစ်ပန်၏ မျက်ဝန်းတွေက ပန်းရုံ၏မျက်ဝန်းများကို တည့်တည့်စိုက်ကြည့်နေကြသည်ဟုပင် ခံစားလာဖြစ်၏။ ကိုကို့အပြုံးတွေ ရွှန်းစိုနေပါသည့် ဓာတ်ပုံအပိုင်းကတော့ ဖြင့် ပန်းရုံ၏ ညာဘက်လက်ထဲမှာ ရှိနေသည်။ ဘယ်ဘက်မှာက ငွေသစ်ပန်၏ပုံ။ ငွေဆစ်ပန် တကူးတက ယခုယူလာပေးပါသည့် ငွေသစ်ပန်၏ပုံပါတည့်။ ကလိသလိုလေး ကြည့်နေသည့် ငွေဆစ်ပန်၏ မျက်ဝန်းများကို မြပန်းရုံ တည်ရှူးရှူးလေး ရင်ဆိုင်ကြည့်လိုက်ကာ ..

"ကျွန်မ အစကတည်းက သိထားတာတစ်ခု ရှိတယ် .. ရှင်ဟာ မလုပ်သင့်တာတွေကိုလုပ်ဖို့ အတော်လေး ခုံမင်တယ်ဆိုတာကိုပေါ့ .. ခုလဲ .. ရှင် မလုပ်သင့်တာကို ဆက်လုပ်လာပြန်ပါပြီ .. ခုလို ရှင့်အစ်မနဲ့ ကိုကြီးနဲ့ တွဲရိုက်ခဲ့တဲ့ဓာတ်ပုံကို ပေးလာတာမျိုး ဆိုပါတော့ .. ခက်တာက ကျွန်မ သဝန်မတိုတတ်ဘူးရှင့် .. ဒါပေမဲ့ မာနတော့ကြီးတယ် .. အထူးသဖြင့် ကျွန်မကို ထိပ်တိုက်စိန်ခေါ်လာတာမျိုးကို ဆိုပါတော့ .. နောက်ဆုတ် အရှုံးပေးပြီး ငိုယိုတာမျိုးတွေ .. ရန်တွေ့တာမျိုးတွေလုပ်ဖို့ ကျွန်မရဲ့မာနက ခွင့်မပြုတတ်ဘူး .. ဒီတော့ ရှင်ပေးလာတဲ့ ဓာတ်ပုံကို ခုလို သီးသန့်ခွဲလိုက်ပြီးတဲ့နောက်မှာ ဒီလိုပဲ ကျွန်မ လုပ်လိုက်ပါမယ်"

ခပ်အေးအေး ပြောချလိုက်ပြီးတာနှင့် ဓာတ်ပုံကို မီးလေးကူးလိုက်ကာ မီးရှို့လိုက်ပါပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ဟင် .. ရှင် .. ရှင် .. မမငွေရဲ့ဓာတ်ပုံကို မီးရှို့ပစ်တယ် .. ဘယ်လိုလဲရှင့် .. ကျွန်မ ကိုကို့ကို သွားတိုင်မယ်"

"တကယ်က ဒီဓာတ်ပုံကို ရှင် မကြည့်ချင်ရင်လဲ ရှင့်အစ်မရဲ့ဗီရိုထဲမှာပဲဖြစ်ဖြစ် ထားလိုက်ပေါ့ .. ကျွန်မကို လာပေးတာကိုက ရှင် မှားနေတာ .. ရှင် .. ကျွန်မစိတ်ကို လာဆွနေတယ်ဆိုတာ ကျွန်မ နားလည်တယ် .. ရှင့်အစ်မရဲ့ချစ်သူနဲ့ ကျွန်မ လက်ထပ်လိုက်တယ် ဆိုတာကို မခံနိုင်ဘဲ လာလာပြနေတယ်လို့လဲ ကျွန်မ ထင်တယ် .. ရှင်_ ကျွန်မအိမ်က အခု ထွက်သွားပါ"

မြပန်းရုံ တည်တည်ငြိမ်ငြိမ် ပြောသည်။ ဒေါသသံလုံးဝမပါ။ အပေါ်ဆီးဆန်ဆန် ပြောနေခြင်း။ မျက်ဝန်းများထဲ ဩဇာရိပ်ဘက်ဆီသို့ ကူးလာနေသည်။ အကြည့်က လုံးဝအလျှော့မပေးသည့်အကြည့်။

"ကိုကိုရေ .. ကိုကိုရေ .. ဒီမှာ မမငွေရဲ့ဓာတ်ပုံကို ပန်းရုံမီးရှို့ပစ်လိုက်ပြီ ကိုကို"

ငွေဆစ်ပန်း ငိုယိုသံလေးဖြင့် အခန်းပြင်ဘက်သို့ ပြေးထွက်ပြောနေခိုက်မှာ ထမင်းစားဆောင်ဆီသို့ ဝင်လာနေပြီ ဖြစ်သည့် သူ့ကို မြပန်းရုံကလည်း နောက်မှလိုက်လာတာမို့ လှမ်းမြင်ရပါ၏။ သူ့အကြည့်က မြပန်းရုံကိုရော ငွေဆစ်ပန်းကိုရော စိတ်ရှုပ်ထွေးနေပုံဖြင့် ပန်းဟိုက်စွာ ကြည့်လာနေသည့်နှယ် ရှိ၏။

"ပန် .. မြပန်းရုံကို သွားတောင်းပန်တာပါ .. အဲဒီအချိန်



မှာ ပန် တောင်းပန်ရင်း မျက်ရည်ကျလာတာနဲ့ လက်ကိုင်ပုဝါလေးကို လက်ကိုင်အိတ်ထဲက ထုတ်တော့ ကိုကိုနဲ့ မမငွေတို့ရဲ့ ဓာတ်ပုံလေးကျသွားတယ် ကိုကို .. လက်ကိုင်ပဝါနဲ့ ကပ်ပါလာရင်း အမှတ်မထင် ကျသွားတာပါ .. ပန် မကောက်လိုက်နိုင်ခင်မှာပဲ ပန်းရုံ ကောက်ယူကြည့်လိုက်ပြီးတာနဲ့ ကိုကို့ဓာတ်ပုံကို ဖြတ်ယူလိုက်ပြီး မမငွေရဲ့ဓာတ်ပုံကို မီးရှို့ပစ်လိုက်တယ် ကိုကို .. တကယ်ဆို ပန့်မမငွေကို ဒီလို သူလုပ်ဖို့ မကောင်းပါဘူး .. ခု ဓာတ်ပုံကျသွားတာဟာ တကယ့်ကို မတော်တဆ ဖြစ်သွားတာမျိုးပါ .. အဲဒါကို သူ ကောက်ပြီး အဲသလိုလုပ်ပစ်တာကိုက သူဟာ မမငွေကိုရော ပန့်ကိုရော ဘယ်လောက်မုန်းနေတယ်ဆိုတာ သိသာနေပါပြီ .. ပန်က ကိုကို့ကို အားကိုးလို့လာတာပါ .. မရှိတော့တဲ့ မမငွေကို သူ ဒီအထိ ရက်စက်ဖို့ မကောင်းပါဘူး"

ဟု ပြောကာ ငိုနေတော့ သူ တွေခနဲဖြစ်၏။ သူ့ခြေလှမ်းတွေက မီးဖိုခန်းဆီသို့ အလျှင်စလိုနိုင်စွာဘဲ သုတ်သုတ်လှမ်းသည်။ မီးဖိုဆီမှ မီးကူးယူလိုက်ပြီး လောင်လာတာနှင့် ကြမ်းပေါ်ပစ်ချလိုက်ခဲ့ပါသည့် ငွေ့ဓာတ်ပုံကို သူ မြင်ချေလိမ့်မည်ဆိုတာ ပန်းရုံကလည်း အတတ်သိနေသည်။ ထမင်းစား စားပွဲကြီးအနီးမှာ ရပ်လိုက်ရင်း မြပန်းရုံ သူ ပြန်ထွက်လာမည့် ခန်းကူးတံခါးဆီသို့ တည်တည်ငြိမ်ငြိမ်ပဲ ကြည့်နေသည်။

သူ ပြန်ထွက်လာတော့ လက်ထဲမှာ မီးလောင်ကျွမ်းပြီး မကုန်နိုင်ဘဲ ကျန်နေသည့် ဓာတ်ပုံအပိုင်းအပြတ်လေးတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



သည် ပါလာ၏။ သူ့မျက်ဝန်းတွေမှာ ဒေါသရိပ်ကို ပန်းရုံမြင်သည်။

"ဘာလို့ ဒီလိုလုပ်လိုက်တာလဲ မြပန်းရုံ .. မင်း ဒီလောက်ထိ စိတ်ထားသေးသိမ်မယ်လို့ ငါ မထင်ဘူး"

အပြစ်တင်စကားသည် အလွယ်တကူပဲ သူ့နှုတ်ဖျားဆီမှ ပွင့်ကျလာနိုင်သည်ပဲဟု မြပန်းရုံ ခံပြင်းစိတ်ဖြင့် စတင်၍ တွေးမိသည်။ သူ့မျက်နှာကို တည့်တည့်မတ်မတ် ကြည့်လိုက်ကာ ..

"သူ .. ကျွန်မကို အဲဒီဓာတ်ပုံကို လာအပ်တယ် .. သူ မြင်ရရင် စိတ်ထဲမကောင်းလို့တဲ့လေ .. ကျွန်မကို ယူထားဖို့ လာအပ်တယ်တဲ့ .. ဒါ .. သူ ကျွန်မကို တမင်လာပြီး ကလိတာပဲ .. အဲသလို လုပ်ရအောင် သူ့မှာဘာအခွင့်အရေးမှ မရှိဘူး .. ဒါ ကျွန်မရဲ့အိမ် .. ကျွန်မရဲ့အိမ်ထောင်တစ်ခုမှာ သူ လာပြီးကလိတာ .. စိတ်ဆွတာမျိုးလုပ်လို့ မရဘူး .. သူ တမင် ကျွန်မလက်ထဲ ထည့်ပေးတဲ့ဓာတ်ပုံကို ကျွန်မက ကြည့်နေရမှာလား .. ရှင်နဲ့ မငွေသစ်ပန်းနဲ့ တွဲရိုက်ထားတဲ့ပုံလေ .. ကျွန်မလက်ထပ်ထားရတဲ့ ကျွန်မရဲ့ခင်ပွန်းသည်က သူ ချစ်ခဲ့ဖူးတဲ့ မိန်းမတစ်ယောက်နဲ့ ရိုက်ခဲ့တဲ့ ဓာတ်ပုံကို သူက ဘာကိစ္စနဲ့ ကျွန်မလက်ထဲ လာထည့်ပေးနေရမှာလဲ .. ကျွန်မကို ဒီလို လာကျောလို့ မရဘူး၊ စိန်ခေါ်လို့ မရဘူး .. ဇော်ကားမော်ကားလုပ်ပြီ လို့ မရဘူးဆိုတာ သူ နားလည်ဖို့လိုတယ် .. သူ တကန် တက လာပေးတဲ့ ဓာတ်ပုံထဲမှာ ရှင့်ပုံလဲ ပါနေတာမို့ –



ကိုယ့်ခင်ပွန်းလင်ရဲ့ပုံကို မီးရှို့တဲ့ မိန်းမရိုင်းတော့ ကျွန်မ အဖြစ်မခံနိုင်ဘူး .. ဒါကြောင့် ရှင့်ပုံကိုဖြတ်ယူပြီး သူ့အစ်မရဲ့ဓာတ်ပုံကို ကျွန်မ မီးရှို့လိုက်တာပဲ .. အဲဒါ မြန်ဆန်လွန်းစွာ ဖြစ်သွားခဲ့တဲ့ အဖြစ်ပဲ .. သူလုပ်လိုက်တဲ့အလုပ်ကြောင့် ဖြစ်ရတဲ့ အဖြစ်တစ်ခုပါပဲ"

"ဟင် .. မဟုတ်ဘူး .. ဘာလို့ ပန်က သူ့ကို ဒီဓာတ်ပုံကို ပေးရမှာလဲ .. မမငွေရဲ့ပုံကို ဘာလို့ပေးရမှာလဲ .. ပန်သိမ်းထားတဲ့ပုံ .. ပန် မကြာမကြာ ကြည့်ကြည့်နေရတဲ့ပုံကို ဘာလို့ သူ့လက်ထဲ အပ်ရမှာလဲ၊ သဘာဝမကျတဲ့ ယုတ္တိမရှိတဲ့စကားကို မြပန်းရုံ ပြောတာ ကိုကို မယုံပါနဲ့ .. ပန်က .. ပန်က .. တကယ့်ကို ရိုးရိုးသားသားလာတာပါ"

ငွေဆစ်ပန် ငိုငိုယိုယိုဖြင့် သူ့ကိုကြည့်ကာ ကြည့်ကာ ပြောနေတော့ သူ ပိုစိတ်ရှုပ်ထွေးလာသည်။ မြပန်းရုံကိုလည်း ကြည့်လာသည့်အကြည့်က မယုံကြည်ရိပ်နည်းနည်း စွန်းထင်းရိပ်သမ်းလာနေပြီ။

"အဲဒါ .. ငွေ့ဓာတ်ပုံကွ .. သူ သေခဲ့ရှာပြီလေ .. သူ မရှိတော့ဘူး .. ဘာလို့ မရှိတော့တဲ့သူတစ်ယောက်အပေါ်မှာ ဒီလောက်ထိ မုန်းတီးနေရတာလဲ .. မီးရှို့ပစ်တဲ့ ဒီဓာတ်ပုံအပိုင်းအစလေးကို ငါ မြင်ရရင် စိတ်ထဲထိခိုက်မယ်ဆိုတာလေးလောက်တော့ မင်း နားလည်ပေးသင့်တာပေါ့ မြပန်းရုံ .. သူဟာ ငါ့ချစ်သူကွ"

သူ့စကားသံတွေက အရမ်းကို ပီသပြတ်သားနေသည်။ တစ်လုံးချင်း တစ်လုံးချင်း မြပန်းရုံ၏ နှလုံးအိမ်ဆီသို့

www.burmeseclassic.com

www.burmeseclassic.com



ဆစ်ဆစ်ခဲခဲ နာကျင်နေအောင် တိုးဝင်နှိပ်စက်နေကြသည့်နှယ် ရှိလာနေပြီ။ ဒါပေမဲ့ မြပန်းရုံ၏ မျက်နှာထက်မှာ ထိုအရိပ်တို့ မစွန်းထင်းစေရ။ အထူးသဖြင့် ငွေဆစ်ပန်၏ရှေ့မှာ မစွန်းထင်းစေရ။ မျက်နှာလေး ကြည့်လို့လာရင်း အနိုင်ယူသည့်အကြည့်ဖြင့် စတင်၍ ကြည့်လာနေသည့် ငွေဆစ်ပန်ကို မြပန်းရုံကလည်း အေးစက်ရဲတင်းနေသော တုံ့ပြန်ကြည့်ဖြင့် စိုက်ကြည့်ပစ်လိုက်သည်ပေါ့။ အရှုံးမပေးသောအကြည့်။ ရင်ဆိုင်တိုက်ခိုက်တော့မည့် အကြည့်ဘက်ဆီသို့ ပို၍နက်နက်ရှိုင်းရှိုင်း ကူးစက်တိုးဝင်လာနေသည့်အကြည့်။

"ရှင် သိထားဖို့က ဘယ်သူ့စကားကို ယုံမလဲဆိုတာကို ပါပဲ .. ရှင် လက်ထပ်ထားတဲ့ မိန်းမကို ယုံမလား .. ရှင် ချစ်ခဲ့ဖူးတဲ့ မိန်းမတစ်ယောက်ရဲ့ညီမကို ယုံမလား .. ဒါကို ရှင် အလေးအနက်ထားပြီး ဆုံးဖြတ်ရလိမ့်မယ် .. အကယ်၍ .. ရှင် ကျွန်မကို မယုံဘူးဆိုရင်တော့ ရှင်ဟာ အလွန်တရာကိုမှ ပိပိရိရိလိမ်လည်တတ်တဲ့ မိန်းမတစ်ယောက်ကို ကံဆိုးစွာ လက်ထပ်ခဲ့ရတဲ့ ကံအဆိုးဆုံး ယောကျ်ားတစ်ယောက် ဖြစ်သွားရမှာပဲပေါ့၊ ဒါပါပဲ .. ကဲ .. မငွေဆစ်ပန် .. ရှင် ကျွန်မကို ဒီလိုသေနတ်သိမ်ဖျင်းတဲ့ အကွက်ဆင်မှုမျိုးနဲ့ ယှတ်မာပက်စက်တဲ့အတွက် ကျွန်မကလဲ မြပန်းရုံပဲလေ .. ငယ်ကျင့်ကို ကျွန်မဟာ အိမ်ထောင်ရှင်ဆိုတဲ့ အသိတရားနဲ့ အုပ်စည်းသိမ်းချုပ်ထားပေမယ့် အတိုင်းအတာ အကန့်အသတ်လေးတော့ ထားရမှာမို့ ခုလိုပဲ တုံ့ပြန်ရတော့မှာပါပဲ"



မြပန်းရုံ၏ ခြေလှမ်းက ကျားပေါက်လေးတစ်ကောင်နှယ် ပေါ့ပါးမြန်ဆန်လွန်းကာ အားအင်ပါနေသည်။ အလွန်တရာကိုမှ မြန်နေသည်။ ငွေသစ်ပန်၏ပခုံးကို ပုတ်လိုက်သည်ကလည်း ကျားပုတ်သည့်နှယ်ရှိ၏။ မြပန်းရုံ၏ မျက်နှာထက်တွင် ပြတ်သားပြင်းရိပ်က အံ့နှံ့ဩဖွယ်ပြင်းစွာ နေရာယူလာကြသည်မို့ ငွေဆစ်ပန်၏မျက်နှာထ[illegible] ထိုအခါကျတော့လည်း ထိတ်လန့်ကြောက်ရွံ့ရိပ်တွေ အုပ်စီးလာသည်။ ခြေလှမ်းက နောက်သို့ဆုတ်ဆုတ်သွားနေသည်နှင့်အမျှ ရှေ့သို့ တောက်လျှောက် လျှောက်နေသည့် မြပန်းရုံ၏လက်ကလည်း ငွေဆစ်ဖန်၏ပခုံးကို တွန်း၍တွန်း၍ နောက်သို့ဆုတ်ဆုတ်သွားနေစေသည့်အဖြစ်။

"ဟာ .. ဘာတွေလဲ .. မလုပ်နဲ့လေ .. ပန်းရုံ .. မလုပ်နဲ့"

သူ စိုးရိမ်တကြီး ပြောလည်းပြော။ မြပန်းရုံနှင့် ငွေဆစ်ပန်ရှိရာသို့ လျှောက်လာခိုက်မှာ မြပန်းရုံ၏အကြည့်က ရုတ်ခနဲ နောက်သို့လှည့်ကြည့်လာသည်။ နောက်တော့ .. အံ့ခဲလိုက်ကာ ငွေဆစ်ပန်၏လက်ကို မလွတ်တမ်းကြီးဆွဲ၍ အိမ်ပြင်ဆီသို့ ဆွဲခေါ်သွားတော့ သူ ခြေလှမ်းကြီးကြီးဖြင့် လိုက်သည်ပါပဲ။ ဘုရားရေ။ ဤကောင်မလေးထံမှာ ထိုမျှအားအင်ကြီးမားသော သန်စွမ်းမှုတွေ ထိုမျှအထိ အုပ်စီးရှိနေနိုင်မည်ဟုပင် မထင်ရ။ သူ လိုက်၍ပင် မမီနိုင်။ ပြေးပြေးဆွဲဆွဲပုံဖြင့် ဆွဲခေါ်ချသွားတာမို့ သူ နောက်ဆီမှ လိုက်လာပေမယ့်လည်း ..။ မမီနိုင်ဘဲ ဖြစ်သွားရကာ ရေကူးကန်နားရောက်တော့ မြပန်းရုံ ဘာလုပ်တော့မည်ဆိုတာ သူ နားလည်လာပြီ။

အားလုံးသည် ရုတ်ရုတ်သဲသဲတော့ နိုင်[illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကောင်မလေး အားအင်တကြီးဖြင့် ငွေဆစ်ပန်ကို ရေထဲတွန်းချလိုက်တော့မည်ဟု စိုးရိမ်တကြီး သိနေချိန်မှာ တကယ့်ကိုပဲ ငွေဆစ်ပန်သည် ရေကန်တွင်းသို့ နောက်ပြန်ကြီး တွန်းချခံလိုက်ရကာ ပြုကျသွားရပါပြီတည်း။ အလန့်တကြားရေကူးရင်း ပြန်ကြည့်နေပါသည့် ငွေဆစ်ပန်၏ မျက်လုံးတည့်တည့်ကို စိုက်ကြည့်ကာ ..

"အဲဒါ .. သင်ခန်းစာပဲ မငွေဆစ်ပန် .. ကျွန်မရဲ့အိမ်ကို နောက်နောင် လုံးဝလာခွင့်မရှိဘူး ဆိုတာကိုလဲ နားလည်ထားပါ .. ကျွန်မကို စိန်ခေါ်လာရင်လဲ ပထမပိုင်းမှာတော့ အတတ်နိုင်ဆုံး ကျွန်မ တည်တည်ငြိမ်ငြိမ်နဲ့ တုံ့ပြန်ပါတယ် .. အလွန်အမင်း လွန်ကဲလာတဲ့ စိန်ခေါ်မှုဖြစ်လာရင်တော့ .. ဒီလိုပဲ တုံ့ပြန်တတ်ပါတယ် .. ဒါ အသက်သာဆုံးဆိုတာ နားလည်ထားပါ .. ရှင့်ကိုလဲ တစ်ဆက်တည်းပြောမယ် .. ကျွန်မအပေါ်မှာ ယုံကြည်မှာလား .. သူ့အပေါ်မှာ ယုံကြည်မှာလား .. ရှင် .. ဆုံးဖြတ်နိုင်တယ်"

ပြတ်ပြတ်သားသား မော့ပြောလာတော့ သူလည်း ရှက်စိတ်ဖြင့် အားလုံးကို ဝေ့ကြည့်သည်။ ကိုထိုက်။ ပိုးဥတို့လည်း မျက်နှာပျက်ပျက်ဖြင့် ရောက်လာနေကြပြီ။ ရေကန်ထဲမှာ စိုနစ်နေရင်း ငိုနေသည့် ငွေဆစ်ပန်ကိုလည်း ကြည့်သည်။ သူ့ကိုမျက်ဝန်းနက်နက်လေးတွေဖြင့် စူးရှလက်တောက်စွာ မော့ကြည့်ပြောနေသည့် ပန်းရုံကိုလည်းကြည့်သည်။ သူ့စိတ်တွေ ရှုပ်ထွေးနေသည်။ မိန်းမနှစ်ယောက်၏ ဆက်ဆံရေးသည် သူ့ကိုစိတ်ပျက်လက်ပျက်ဖြစ်အောင် လုပ်နေသည်ဟု ခံစားဖြစ်၏။ ဘာပဲဖြစ်



ဖြစ်။ အိမ်ရှင်ဖြစ်ပါလျက် ထိုမျှအထိ ငွေဆစ်ပန်ကို ရေထဲတွန်းချတာကတော့ မကောင်း။ ဤသို့ သူခံယူသည်။ ဘာပဲဖြစ်ဖြစ်။ ပန်းရုံဘက်က လွန်နေသည်ဟု သူ သဘောပိုက်၏။

"မင်း အကျင့်တွေ ပြင်ပါ မြပန်းရုံ .. ဒီလောက်ပဲပြောမယ်"

သူ ခေါင်းယမ်း၍ စိတ်လက်ကုန်နေသည့်နှယ်ရှိနေရာမှ ခပ်ပြတ်ပြတ် ပြောချတော့ မြပန်းရုံဘက်ကလည်း သူ့ကို စိတ်ပျက်လက်ပျက်နိုင်သည့် အကြည့်ဖြင့်ပဲ တုံ့ပြန်ကြည့်လာတာကို ခံပြင်းစိတ်ဖြင့် သူ ကြုံရသည်ပါပဲ။

"ကျွန်မကို မပြောပါနဲ့ ကိုရန်ပြေ .. ရှင်နဲ့ပတ်သက်တဲ့ ငွေဆိုတဲ့ မိန်းမတစ်ယောက်နဲ့ ပတ်သက်ပြီး ကျွန်မအိမ်ပေါ် တက်လာတဲ့ သူ့ကို ပြောပါ .. ကျွန်မအမုန်းဆုံးနဲ့ အထင်အသေးဆုံးဟာ လိမ်တာပဲ .. ကလိမ်ကကျစ်လုပ်တာပဲ .. သူဟာ ကျွန်မအိမ်ပေါ်ထိ တက်လာပြီး ကျွန်မအပေါ်မှာ ကလိမ်ကကျစ်လုပ်တာကို ကျွန်မက ငြိမ်သက်ခံပေးရင်း မျက်ရည်ကျနေရမှာလား .. သူ ဉာဏ်ဆင် .. အကွက်ဆင်ပြီး လုပ်တာကို ရှင် အထင်မလွဲရအောင် .. ကျွန်မက မျက်ရည်နဲ့မျက်ခွက်ဖြစ်ပြီး အလောတကြီးနဲ့ ကြိုးစားနေရမှာလား .. ကျွန်မဟာ ကျွန်မကို ဒီလောက်ထိ ပေါ်တင်ကြီး လာစော်ကားနေတဲ့သူ့ကို ဒီလောက်ထိပဲ တုံ့ပြန်လိုက်တာကို သူ နားလည်နိုင်လိမ့်မယ်လို့ ထင်ထားတာပဲ .. ဒီမယ် .. ရှင် .. နောက်ကို .. ဒီအိမ်ကိုမလာပါနဲ့ .. ကိုထိုက် .. သူ့ကိုဆွဲတင်ပေးလိုက်ပါ .. ကားနဲ့

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ပေးလိုက်ပါ .. ကိုရန်ပြေ .. ရှင် သွားဆွဲထုမယ်စရာ မလိုပါဘူး"

ဟု ပြောနေခိုက်မှာပဲ ခြံဝင်းတံခါးရှေ့မှာ ကားဟွန်းသံ ပေါ်လာ၏။

အိမ်ကကားဆိုတာ သူ သိနေသည်။ စိတ်တွေပိုရှုပ်ထွေးနောက်ကျိလာနေရပြီ။

ကိုထိုက်လှမ်း၍ သတင်းတော်ပို့တာ ဖြစ်မည်။ ငွေဆစ်ပန် ရောက်လာနေပြီဟု။

သူ့ရင်ခွင်ထဲမှာ ငိုနေတာကို မြင်ရပါသည်ဟု ထိုကတည်းက ပို့ထားသည့် သတင်းတော်ပို့ ကိုထိုက် ကောင်းမှုဖြင့် မေမေတို့ အလောတကော လိုက်လာကြတာဖြစ်မည်။ ရောက်လာချိန်မှာကျမှ ဒီမှာက ပိုဆိုးနေသည်။ မြင်ကွင်းကတော့ အားလုံး အကောင်းတစ်ခုမှမရှိ။ အားလုံး ရုပ်ပျက်ဆင်းပျက်တွေချည်းဖြစ်နေပြီ။ ရှက်လိုက်သည်မှ နေစရာပင်မကျန်။ အားလုံးကို ချန်ထားလျက် အဝေးဆုံးသို့ ထွက်ပြေးလိုက်ချင်သည်။ သူလက်ထပ်ထားသော မိန်းမကလည်း ရိုင်းနေသည်။

သူ့ထံသို့လာသော မိန်းကလေးကလည်း တကယ်တမ်း ဘာတွေလုပ်ထားသည်မသိ။ ငွေဆစ်ပန်ကပဲ အမှန်ပြောသည်လား။ မြပန်းရုံကပဲ အမှန်ပြောသည်လား .. သူလည်း ခေါင်းတွေနောက်လျက် ဘာကို လောလောဆယ်မှာ ယုံပေးလိုက်ရမှန်းပင် မသိ။ သေချာသည်ကတော့ သူသည် ကိုယ်လက်ထပ်ထားသည့်မိန်းမကို နိုင်အောင် မထိန်းနိုင်သည့် လူညံ့တစ်ယောက်ဖြစ်နေတာကတော့ ငြင်းမရနိုင်သည့်အချက် ဖြစ်နေသည်။ မေ



ကပဲ လက်ထပ်သည်။ ဤနေ့မှာ ကြား၍ပင်မကောင်း။ မြပန်းရုံက ငွေဆစ်ပန်ကို ရေကန်ထဲ တွန်းချသည့်အထိ ဤသဇင်ဖူးမှာ အားလုံးဖြစ်ကုန်ပြီ။ ရှက်ဖို့ပင် ကောင်းသည်။

"ဒုက္ခပါပဲ .. သေသာ သေလိုက်ချင်တော့တယ်ကွာ .. ကိုထိုက် .. ခြံတံခါးသွားဖွင့် .. ပိုးဥ .. သူ့ကိုရေထဲကဆွဲတင် .. အိမ်ထဲက တီဗီကြည့်တဲ့အခန်းကို ခေါ်သွား .. မင်းမမလေးရဲ့ အဝတ်ခြောက်တစ်စုံကို လဲဖို့ယူပေးလိုက် .. လာခဲ့ .. မင်းလဲ ငါနဲ့လိုက်ခဲ့ .. မင်းတို့နှစ်ယောက်ကိစ္စ တစ်ယောက်ချင်းစီပဲ မေမေတို့ကို ခေါင်းတည်ပြီးပြောကြတော့ .. လောလောဆယ် မင်း ငါနဲ့တူတူလိုက်ခဲ့ .. သူ အရင်ပြောပြပစေ .. သူ့အလှည့်ပြီးမှ ငါ မင်းကိုလာခေါ်မယ် .. မင်းပြော .. လာ .. လာခဲ့"

သူ ပြောလည်းပြော။ မြပန်းရုံ၏လက်လေးကိုဆွဲ၍ အိမ်ထဲဝင်ခဲ့မိရပါပြီ။ ဟုတ်သည်။ မြပန်းရုံနှင့် ငွေဆစ်ပန်တို့ကို နှစ်ယောက်တူတူထား၍ ပြောပြရှင်းလင်းနေစေ၍တော့ ပွဲကပြီးတော့မှာမဟုတ်။ သူ ပြောတာလည်း အဟုတ်။ ငါပြောတာလည်း အဟုတ်ဖြင့် အားလုံးပို၍ နားရှုပ်စိတ်မောဘဲ မေမေတို့ဖြစ်ကုန်ကြမှာ သေချာသည်။ ကြည့်ရတာ ဖေဖေလည်း ပါလာနိုင်သည်။ မိချမ်းလည်း ပါလာနိုင်သည်။ ခုလို မင်္ဂလာရက်ပူပူနွေးနွေးမှာ ရှက်စရာလာဖြစ်နေတာမို့ သူ့ရင်ထဲ နေစရာပင်မကျန်ချင်။ ထွက်ပြေးချင်စိတ်ပဲ ပေါက်နေရပါသည့်အဖြစ်။

"ဟာ .. မဟုတ်တာ .. ကျွန်မကွယ်ရာမှာ သူ ပြောချင်တိုင်း ပြောလို့ဖြစ်မလား .. ပန်းရုံရှိနေမှ ဖြစ်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ .. ဂျစ်မတိုက်နဲ့ .. လာခဲ့ .. သူ ပြောနေချိန်မှာ .. မင်း ဒီမှာနေ .. သူ့အသံလဲ မကြားရအောင် ဒီစတိုခန်း လုံလုံထဲမှာပဲ မင်းကို ထားထားမယ် .. ဟိုဘက်ကိစ္စပြီးမှ ငါ လာခေါ်မယ်"

သူ မီးဖိုဆောင်ဘေးမှ စတိုခန်းထဲ မြပန်းရုံကို တွန်းထိုးဝင်စေတော့ ..

"ဟင် .. မဖြစ်ဘူး .. ကျွန်မ ဒီလိုအလုံကြီးထဲမှာ နေလို့ မရဘူးရှင့် .. ဖယ် .. ဖယ်"

ဖွတ်အတင်း အပြင်ပြန်ထွက်ဖို့ မြပန်းရုံ တွန်းတိုးထွက်စဉ်မိုက် သူ .. ဤတစ်ကြိမ်မှာတော့ အရှုံးမပေးနိုင်။ စောစောကပဲ အားအင်တွေ ဘယ်ကရလာမှန်းပင် မသိနိုင်လောက်အောင် ဒေါမာန်တကြီးဖြင့် မြပန်းရုံသည် ငွေဆစ်ပန်ကို တွန်းတိုက်ဆွဲခေါ်သွားသည်မှ .. သူပင် လိုက်မမီနိုင်အောင် ဖြစ်ခဲ့ရသည် မဟုတ်ပါလား။

ဤကောင်မလေးကို လျှော့လိုက်၍ မဖြစ်။ ဤမျှ သေးသွယ်သွယ် ကောင်မလေးထဲမှာ အားအင်တွေ အရမ်းကောင်းလာအောင် စိတ်ဓာတ်ကလည်း ပြင်းနေတာဖြစ်မည်။ ခုကျတော့ သူ အတင်းတွန်း၍ စတိုခန်းထဲ အားကုန်တွန်းထည့်လိုက်ကာ တံခါးကို ပိတ်ချလိုက်မိရပါပြီ။

"နောက်မှ လာခေါ်မယ် .. သူ အရင်ပြောပေ့စေ"

တဘုတ်ဘုတ် တံခါးကို ပုတ်နေတော့ သူ ရယ်ကာ အတွင်းဘက်ကကြားအောင် အော်ပြောလိုက်သည်ပါပဲ။

"ကျွန်မ မှန်းတယ်ရှင့် .. ဖွင့်ပါ"



ဟု ပြောပေမယ့် သူ ခေါင်းခါသည်။ နောက်ထပ်တစ်ကြိမ် မေမေတို့ရှေ့မှာ မြပန်းရုံနှင့် ငွေဆစ်ပန်တို့ သူ့ကိုယ်နှိုင် စကားတွေ ရှင်းကြလင်းကြနှင့် ရှုပ်ထွေး၍မပြ...

တစ်ယောက်ပြီးတစ်ယောက် ပြောကြစေ။ ဤသို့ သူ ဆုံးဖြတ်သည်။ ပထမဆုံး .. ငွေဆစ်ပန်ကို မြပန်းရုံ၏အဝတ်နှင့်ပဲ လဲဝတ်ခိုင်းရတာက ရှိသေးသည်။ ပိုးဥနှင့် အဝတ်အစား ယူခိုင်းထားရသည်။ အောက်ထပ်ရှိ တီဗီနှင့် ဗီစီဒီကြည့်သည့် အခန်းထဲမှာပဲ ပိုးဥနှင့်အတူထည့်၍ အဝတ်အစား လဲခိုင်းခဲ့ရသည်။

မေမေတို့အသံကို ဧည့်ခန်းမှာ ကြားနေရပြီ။

စိတ်ပင်ပန်းလှချေသည်ကောလေ .. ဟု သက်ပြင်းရှိုက်ရင်း သူ တွေးကာ ခေါင်းကိုသာ စိတ်မောကိုယ်မောဖြင့် ခါပစ်လိုက်မိရပါပြီတည်း။

ငွေဆစ်ပန်၏ ငိုယိုနေသံကိုတော့ သူ ဧည့်ခန်းသို့ မရောက်မီကတည်းက ကြားနေရချေသည့်အဖြစ်။

ရင်သည် ပို၍လေးလံလာ၏။

မေမေသည်လည်း ခုလို ငွေဆစ်ပန် ရောက်လာတာကို နှစ်မြို့မှာ မဟုတ်။

ဘာကြောင့်ပဲဖြစ်ဖြစ် ငွေ့ကိုမကြည်ဖြူသော မေမေသည် ငွေဆစ်ပန်ကိုလည်း ဤသဇင်ဖူးအိမ်ကြီးဆီသို့ အလာခံချင်မှ မဟုတ်တာ သေချာနေသည်လေ။

တစ်ခုတော့ရှိသည်။

ပြဿနာ၏အစသည် မြပန်းရုံ မဟုတ်။

မြပန်းရုံက သဇင်ဖူးမှာ နေနေရပါသည် အိမ်ရှင်မ။

www.burmeseclassic.com

www.burmeseclassic.com



ဤအိမ်သို့ ရောက်လာသည်က ငွေဆစ်ပန်း။

ငွေဆစ်ပန်းကို သူကလည်း မခေါ်ခဲ့။ လာဖို့လည်း မမျှော်လင့်ခဲ့။ ခုကျတော့ ဆိုက်ဆိုက်မြိုက်မြိုက် မမျှော်လင့်ချိန်မှာ ရောက်လည်းရောက်လာ။ ပြဿနာတွေလည်း ဖြစ်ပြီးကုန်ကြပြီ။

ပြီးတော့ အရမ်းကိုညံ့ဖျင်းသည့် ရန်ပြေအဖြစ် သူသည်လည်း အရှက်သည်းစွာ ရှိနေရပြီ။

အနည်းဆုံး နာမည်ကတော့ တွင်ကျန်တော့မည်။

ကိုဇနီး မြပန်းရုံကို ဘာမျှမထိန်းနိုင်လောက်အောင် ပျော့ညံ့သော ရန်ပြေအဖြစ် နှစ်ရက်မျှသော အိမ်ထောင်ရက်လေးအတွင်းမှာ သူ လက်ခံလိုက်ရသည်ကောလေ။

ကြာရှည် အိမ်ထောင်တစ်ခုကို နိုင်နင်းစွာ မည်သို့ သူ ထိန်းကျောင်းနိုင်ပါမည်လဲဟု မေမေကတော့ စိတ်မာတ်ကျစွာ တွေးတောနေမှာ သေချာနေသည်တည့်။

ရင်နှင့်မဆန့်အောင် ခံစားရသည့် အရာသည် အရှက်သည်းခြင်းဆိုတာ သူ ပို၍နားလည်လာနေရသည်က သူကိုယ်တိုင် ခံစားရင်ဆိုင်ရခြင်းဖြင့်ပါတကား။

၀ ✿ ၀



## အခန်း(၁၈)

"နေစမ်းပါဦး .. သူက ဘာကိစ္စနဲ့ ဒီကိုလာရတာတဲ့လဲ .. မနေ့ကမှ မင်္ဂလာဆောင်ထားတဲ့ ဇနီးမောင်နှံရဲ့အိမ်ကို ဒီနေ့ သူရောက်လာတယ် .. ပြီးတော့ .. မင်း ရင်ခွင်မှာ ခေါင်းဝင်ငိုတယ် .. အဲဒါကို ပန်းရုံလေးကတွေ့တယ် .. အားလုံး ငါ့ကို မောင်ထိုက် ဖုန်းဆက်ပြောပြလို့ .. ခုလိုက်လာတာ .. ဒီရောက်တော့ သူ့ကို ပန်းရုံလေးက ရေကန်ထဲ တွန်းချပစ်လိုက်တယ် ဆိုတာကို ထပ်သိရတယ် .. ကိုထိုက် ခြံတံခါးလာဖွင့်ပေးရင်း အားလုံး ထပ်ပြောပြလို့ သိရပြီးပြီ .. ပြီးတော့ .. ပိုးဥနဲ့ အဝတ်တွေ ဘာတွေ ယူခိုင်းပြီး သူ့ကို အဝတ်တွေလဲဖို့ကိစ္စ မင်းက စီစဉ်ပေးတယ်ဆို၊ အဝတ်တွေကလဲ ပန်းရုံရဲ့အဝတ်တွေ ဖြစ်နေတယ် .. အဲဒါ မေမေ့ချွေးမလေးရဲ့ အဝတ်တွေကို သူ့အပြန်လမ်းမှာ ထည့်မပေးလိုက်နိုင်လို့ .. ကိုထိုက်ကို ကားနဲ့လွှတ်လိုက်ပြီး ဒေါ်ကြီးခက်ကို ဝင်ခေါ်ပြီး .. အနီးဆုံးစတိုးဆိုင်ကြီးတစ်ဆိုင်ဆိုင်က ရယ်ဒီမိတ်အဝတ်လဲဝယ်ခဲ့ .. အဘိ တစ်ထည်စာလဲ ဖြတ်ပြီးချုပ်လာခဲ့လို့ မှာလိုက်တယ် ..

www.burmeseclassic.com

www.burmeseclassic.com



ကဲ .. ဆိုစမ်းပါဦး .. မင်းက .. ဒီငွေဆစ်ပန်ဆိုတဲ့ မိန်းကလေးကို ဘာလို့ ဒီသစ္စင်ဖူးမှာ ညှော်ဝတ်ပြု လက်ခံနေရဘာတဲ့လဲ"

သူ ထမင်းစားဆောင်မှ ထွက်လုထွက်ခင်မှာပဲ မမေ အလောတကြီး မျက်နှာကြီးနီလျက် ဝင်ချလာရင်း စိတ်လိုက်မာန်လိုက် ပြောနေတော့ သူ လက်ကာရင်း ..

"ဖြည်းဖြည်း ရှင်းပြပါ့မယ် မမေရယ် .. ခဏထိုင်ပါဦး .. ခဏလေးပါ မမေ .. သူ လာမယ်လို့လဲ သား မသိပါဘူး .. သူ့ဘာသာသူ ရောက်လာတာပါ"

"အေး .. နောက်တစ်ကြိမ်တော့ ဒီအိမ်ထဲကို အဝင်မခံဖို့ မောင်ထိုက်ကို မမေ အသေအချာ မှာထားမယ် .. သစ္စင်ဖူးဟာ .. ဝင်ချင်သူတွေ ဝင်ချင်သလို ဝင်ရမယ့်နေရာ မဟုတ်ဘူး .. ဒီကိစ္စ .. မမေ လုံးဝစိတ်ထဲမကြည်လင်ဘူးနော် ဖိုးရန်ပြေ"

မမေ တကယ့်ကို စိတ်လက်ဆိုးနေတာ သူ သိနေသည်။ ညှော်ခန်းဘက်ဆီသို့ မမေ လက်ဆွဲခေါ်လာရင်းမှ ..

"တစ်ခါတည်း ဆုံပြောမယ် .. ဟိုသူငယ်မကို မမေကြည့်မရဘူးနော် .. တော်တော်လေးကို ပလီစီချောက်ချက်ပြောမယ့် သဘောကို မမေ ကြိုမြင်ထားတယ် .. ဒါပေမဲ့ သူပြောတာကို မမေ အရင်နားထောင်မယ် .. ဘယ်မှာလဲ မမေ့ချွေးမ .. သူ့ကို ဘယ်မှာသွားနေခိုင်းထားသလဲ"

"သူ့အခန်းထဲမှာပါ မမေ .. သူ့အခန်းထဲမှာပါ .. နောက်မှ သား ခေါ်လာပေးပါ့မယ်"



"အေး .. မမေ့ချွေးမလေးဆီကို အရင်သွားတွေ့ဖို့ ပထမဆုံးဖြတ်ပြီးလာခဲ့တာ .. ဒါပေမဲ့ မမေမျက်နှာပူပြီး အတွေ့ရခက်နေတယ်၊ ဒါတွေအားလုံးဟာ မင်း နောက်ကြောင်းမရှင်းခဲ့လို့ ဖြစ်ရတာတွေချည်းပဲ .. မင်း ငွေသစ်ပန်နဲ့ ပတ်သက်နေခဲ့ဖူးလို့ .. ခု .. ငွေဆစ်ပန်ဆိုတဲ့ ကောင်မလေး ဒီကိုရောက်လာတာ .. လာပတ်သက်နေတာ .. ခု မမေ့ချွေးမလေးကို မမေ ရင်ဆိုင်ရမှာ ဝန်လေးနေရပြီ .. ငွေဆစ်ပန်ကြောင့် မင်းနဲ့ ငွေ့ကိစ္စ သူလဲသိသွားရပြီ . မမေတို့ ဘယ်လောက်မျက်နှာပူရလဲ"

စတိုခန်းထဲမှာ မြပန်းရုံကို ပိတ်ထားခဲ့တာ ဖွင့်များပြောလိုက်လျှင် မမေ ရင်တီးလက်ခတ်ဖြင့် သူ့ကို ဒေါသမိုသင့်လာမှာမို့ ကမန်းကတန်း ပြီးစလွယ် ဖြေလိုက်၍မှ အဆုံးသတ်ရုံရှိသေးသည်။ မမေက သူ့အတိတ်ကိုလှန်၍ ဒေါသဖြင့် မျက်နှာတင်း၍ ပြောနေတော့ သူ ပို၍ စိတ်လက်မောကျလာရပါသည့်အဖြစ်။

"ဒါကတော့ မမေရာ .. သူ့ကို သားက လိမ်ပြီးလက်ထပ်ခဲ့တာမှ မဟုတ်တာ .. ဒီကိစ္စ .. ဘာများကြီးမားတဲ့ အပြစ် ဖြစ်နေလို့လဲ .. ငွေနဲ့ သား ချစ်ခဲ့ကြတာဟာ အပြစ်လား မမေ .. မမေ မနှစ်သက်နိုင်တဲ့ .. မမေ မကြည်ဖြူတဲ့ ငွေ့ကို သား ချစ်ခဲ့မိတာဟာ .. သူ့အတွက် ဘာများထိခိုက်နေလို့လဲ .. သူနဲ့ ချစ်နေခဲ့တာမျိုးရှိခဲ့တယ်ဆိုရင်တော့ ထားပါတော့ .. သူ့ကိုလဲ ချစ်တယ်လို့ပြောတယ် .. ငွေ့ကိုလဲ ချစ်တယ်ဆိုတာမျိုးဆိုရင်လဲ သားမရိုး

www.burmeseclassic.com

www.burmeseclassic.com



သားရာရောက်တယ် .. ငွေ့ကိုချစ်နေတဲ့ အချိန်မှာ သူ့ကို သွားချစ်ရေးဆိုခဲ့တယ် ဆိုရင်လဲ .. သား မရိုးသားရာ ရောက်တယ် .. သစ္စာမဲ့ရာ ရောက်တယ် .. ခုကိစ္စက .. သားရဲ့ ရိုးသားစွာ ဖြတ်သန်းခဲ့တဲ့ အချစ်ရေးပဲ"

"ဖိုးရန်ပြေ .. ခုထိ အဲဒီ ငွေ့ကိစ္စ ခေါင်းမာနေတုန်းပဲလား .. မေမေ ပြောဖူးတယ် မဟုတ်လား .. ငွေသစ်ပန် ဆိုတာ မျိုးရိုးဗီဇအားဖြင့် မေမေ လက်မခံနိုင်တဲ့ အကျင့်စရိုက်ရှိတဲ့ အိမ်ထောင်တစ်ခုက ပေါက်ဖွားလာတာလို့ .. ခုကြည့် .. သူ မရှိပေမယ့် သူ့အမြွာညီမဆိုတာ ဘယ်လိုခြေလှမ်းမျိုးနဲ့ ဒီကိုဝင်လာသလဲ .. သားကိုယ်တွေ့ပဲ .. မျိုးရိုးဆိုတာ မတိမ်ကောဘူး ရန်ပြေ .. သူ့မျိုးရိုးကို .. သူ့အမေရဲ့စရိုက်နဲ့တင် မေမေ လက်မခံနိုင်တော့တာ .. နားလည်ရဲ့လား .. ခု .. ငွေဆစ်ပန် ဆိုတာ ဘယ်လောက် ရှုပ်သလဲ .. ဒီအိမ်ကို ဒီနေ့မှာ သူ ရောက်လာရမှာတဲ့လား .. မေမေတို့တောင် မရောက်ရသေးဘူး .. သူက ဝိရိယကောင်းကောင်းနဲ့ ရောက်လာတယ် .. ပြီးတော့ မင်းရဲ့ရင်ခွင်ထဲမှာ ငိုတယ် .. သူ့မှာ ငိုစရာရင်ခွင် ဒီလောက်ရှားနေသလား .. အဲဒါ မေမေ မကြိုက်ဆုံးဘဲ"

မေမေ ဆက်တိုက်ပြောကာ ဧည့်ခန်းသို့ ဝင်လာတော့ ပန်းရုံ၏ အဝတ်တွေဖြင့် ဧည့်ခန်းမှာ မျက်နှာလေးငိုမဲ့မဲ့ဖြင့် ငြိမ်ကုပ်ကုပ်လေး ထိုင်နေသည့် ငွေဆစ်ပန်ကို မြင်သည်။

သူ့ကိုမြင်တော့ အားကိုးရာ ရလိုက်သလို ပြေးလာရင်း ဘေးမှာ ရပ်လိုက်ကာ သူ့လက်မောင်းကြီးကို လက်လေး



ဖြင့် ဖေးကိုင်ဆုပ်ခဲထားလိုက်တာမို့ သူ့မှာ အနေရခက်ရပြန်လျက် မေမေ့ကိုကြည့်တော့ မျက်နှာရဲလျက် ငွေဆစ်ပန်၏ လက်ကို စိုက်ကြည့်နေတာ သူ မြင်သည်။ ခက်သည်က .. သူတစ်ယောက်တည်းပဲ အားကိုးရာအဖြစ် လောလောဆယ်မှာ ငွေဆစ်ပန်အတွက် ရှိနေရတာကို သူ သိနေခြင်းပါ။ ငွေ့မျက်နှာလေးကို မြင်လာရင်းမှ ငွေ့ညီမလေးအပေါ်မှာ သူ စိမ်းစိမ်းရက်ရက် လုပ်လိုက်ရမှာကို မလုပ်ရက်နိုင်ဘဲ ဖြစ်နေသည်။ ငွေ့ကို အားနာနေမိသည်။ ငွေသည် သူ့ကို အလွန်တရာကိုမှ ချစ်သော ချစ်သူဖြစ်သည်မဟုတ်ပါလားလေ။ ငွေဆစ်ပန်နှင့် ပတ်သက်လာလျှင် ငွေ့မျက်နှာကို ထောက်ဖို့လောက်တော့ သူ့မှာ အသိတရားရှိသင့်သည်ဟု ထင်သည်။

"ပန် တကယ့်ကို ရိုးရိုးသားသား အဲဒီဓာတ်ပုံလေးကျသွားတာပါ .. လက်ကိုင်ပဝါ ထုတ်နေတုန်း လက်ကိုင်ပဝါခေါက်လေးနဲ့အတူ အိတ်ထဲက ကပ်ပါလာရင်း ကျသွားတာပါ .. ဒါကို ပန်းရုံက စိတ်ဆိုးပြီး မီးရှို့ပစ်တာပါ .. ဓာတ်ပုံကိုလဲ မီးရှို့တယ် .. ပန့်ကိုလဲ ရေကန်ထဲ တွန်းချပစ်တာပါ .. ပန်က ကိုကို့ကို တကယ့်ကို အစ်ကိုလိုချစ်တာပါ"

ငိုမဲ့မဲ့လေးဖြင့် သူ့ကို ခေါင်းမော့ကြည့်ရင်း တောက်လျှောက်တိုင်တည်၍ အားကိုးရာအဖြစ် အလောတကောလေး ပြောနေတော့ သူ သက်ပြင်းရှိုက်မိရပါ၏။ ပန် ပြောတာတွေသည် ဖြစ်နိုင်ချေရှိနေသည်ပဲလေ။ ပန်းရုံဆိုတာ ကလေးစိတ်လည်းကုန်သေးတာမဟုတ်။ ပုဂံခရီးမှာပဲကြည့်။ ကလေးလို နေနေသည်ပဲလေ။ ဒါပေမဲ့ မနေ့ညက သူ ရင်ဆိုင်ခဲ့ရသော ပန်းရုံသည် အရမ်း

www.burmeseclassic.com

www.burmeseclassic.com



ကို တည်ငြိမ်ရင့်ကျက်သွားသော ပန်းရုံ ဖြစ်ခဲ့တာအမှန်။ မနေ့ညက မေမေ့ကိုရော အန်တီခင့်ကိုရော ဗိုလ်ဖုန်းဆက်တာမျိုး လိမ်၍ လက်ထပ်ပေးကြလေသည်ပဲဟု ပြောတာမျိုးတွေပင် မလုပ်ခဲ့။ ပန်းရုံသည် ထိန်းသိမ်း၍ ဒေါသနှင့် ခံပြင်းစိတ်ကို အုပ်စီးထားခဲ့နိုင်ခဲ့သည်ပဲ။ ဒါပေမဲ့ .. ထိုမျိုးသိပ်ရမှုများသည် ဤနေ့ကျမှ ငွေဆစ်ပန်ရှေ့မှာ မီးဖိုဆောင်တွင်းရှိနေရင်း ခတ်ပုံလည်းမြင်ရ .. အားလုံးလည်း ပေါ့က်ကွဲကုန်ရကာ ကလေးစိတ်ဖြင့် နေနေတတ်ပါသော စရိုက်လေးတွေ ပြန်၍ခေါင်းပြူလာလျက် ဒေါသနောက်သို့ လက်ပါရင်းဖြစ်ပျက် ကုန်ရသည်ဟု သူ ထင်လာရပါပြီ။

သူ ပန်ကိုကြည့်နေစဉ်ခိုက်မှာ မေမေ့လက်တွေက ငွေဆစ်ပန်၏လက်တွေကို ဖတ်ခနဲ ဆွဲဖယ်လိုက်လျက် သူ့လက်ကိုဆွဲ၍ ဆိုဖာထက်မှာ ထိုင်စေသည်။ မေမေ့အကြည့်တွေကလည်း အရမ်းကို မာကျောကျောနိုင်နေသည်မှာ အမှန်။ ဤသို့ဆိုတော့လည်း သူ ပို၍ ငွေဆစ်ပန်ကို အားနာလာမိရပါ၏။ အားလုံးက ဝိုင်း၍ သဲကြီးမဲကြီး ခါးခါးသီးသီး လုပ်နေကြသည့်ကြားထဲမှာ အားကိုးရာ ပျောက်နေသည့်နှယ် ရှိနေရသည်ကိုးလေ။ ငွေဆစ်ပန်ကတော့ ငိုနေသည်ပါပဲ။

"ကဲပါလေ .. မိချမ်း မေးမယ် .. စောစောက မေမေ ကိုကို့ကိုသွားပြီး ခေါ်နေတုန်းမှာ ရှင် မိချမ်းကို ပြောပြထားချက်အရဆိုရင် ရှင့်အစ်မနဲ့ ရှင့်မွေးနေ့အတွက် ပစ္စည်းတွေ ချက်ပြုတ်စရာတွေ ဝယ်ချင်လို့ ကိုကို့ကို လာခေါ်တယ်ဆိုတာ ပါခဲ့ပြီးပြီ .. ပြီးတော့ .. ပန်းရုံလေးကလိုက်ပို့ပေးမယ်လို့လဲ ပြောတာလဲ ပါပြီးပြီ"



ဟု စောစောက စကားကိုကောက်၍ စကားဆက်ပြောနေတော့ မေမေ ရင်ကိုဖိ၍ ..

"အလိုလေးလေ .. မောင်ရန်ပြေ .. ဘယ့်နှယ်တုန်းရှင်ရဲ့ .. ကျွန်မချွေးမလေးကို ရှင့်ငွေ့ရဲ့မွေးနေ့ပွဲအတွက် သူ့မွေးနေ့အတွက် .. အဝယ်တော်ကိစ္စ ထည့်ပေးလိုက်တယ် .. ဟုတ်စ .. မင်း .. လုပ်ရက်ပါပေ့ ရန်ပြေ .. ဟင်"

ဟု ငွေဆစ်ပန်ကို လက်ညှိုးလေးထိုး၍ ပြမြနေရင်း ရင်တီးလက်ခတ် ညည်းချလိုက်တော့ သူလည်း အနေရခက်ရသည်ပါပဲ။

"ကျွန်မ မဝယ်ချမ်းတတ်လို့ပါ အန်တီ"

"အလိုတော် .. မဝယ်တတ်ရင်လဲ အဲဒါ ရှင့်အပိုင်းပဲ မငွေဆစ်ပန်ရဲ့ .. ကျွန်မ ချွေးမလေး အဆစ်လာဆွဲလို့ ဖြစ်မှာလားရှင့် .. ရှင် စဉ်းစားကြည့်လေ .. ရှင့်အစ်မအတွက် .. ကျွန်မ ချွေးမလေးက အဝယ်တော်လိုက်ပေးရမယ်ဆိုတာ ဘယ်လိုမျက်နှာနဲ့များ ရှင်ပြောရဲနေသလဲဆိုတာ .. မျက်နှာပြောင် တိုက်ရဲလှချေလားကွယ်"

"မိချမ်း သူ့ကို မေးစရာရှိတယ် မေမေ .. သူ ကိုကို့ကို ပြောပြနေသလိုလေး လုပ်နေရင်းနဲ့ .. စောစောက သူ ပြောလိုက်တဲ့အထဲမှာ ပန်းရုံလေး ကော်ဖီဖျော်နေတဲ့ မီးဖိုဆောင်ထဲကို သူ လိုက်သွားရင်း လက်ကိုင်ပဝါထုတ်ရင်းနဲ့ သူ့အစ်မနဲ့ ကိုကို တွဲရိုက်ထားတဲ့ခတ်ပုံ ကပ်ပါလာပြီး ကျသွားတယ်ဆိုတာလေ .. နေစမ်းပါဦး မငွေဆစ်ပန် .. ရှင်က မီးဖိုဆောင်ကို ဘာကိစ္စနဲ့ လိုက်သွားရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



“ပန် ကော်ဖီခွက်သွားယူကူညီဖို့ပါ .. ပန့်အတွက် တကူးတကက ဖျော်လာရ .. သယ်လာရနဲ့ ရှိနေသမျှ ထိုင်ပြီးစောင့်ရမှာ အားနာလို့ပါ”

သူ နားထောင်နေရင်း ငွေဆစ်ပန် ပြောတာ သဘာဝကျနေသည်ဟု ထင်မိသည်။ ဓာတ်ပုံလေး ကျသွားတာကို ကောက်ယူကြည့်ပြီး ငွေဆစ်ပန် အပေါ် ပန်းရုံ ထိုမျှအထိ ပေါက်ကွဲပြဖို့ မလိုအပ်ဟု သူ ထင်သည်။ ပုံကြီးချဲ့လွန်းသည်ဟုလည်း ထင်မိပြန်သည်။

“ကောင်းပြီလေ .. ရှင် .. ဒီကို ဘာကိစ္စနဲ့ အဲဒီဓာတ်ပုံကို တကန့်တက ယူလာရသလဲ .. ဒါကတစ်ချက် .. ရှင့်အိမ်မှာ ထားခဲ့ပေါ့ .. ပြီးတော့ ကော်ဖီခွက်ယူမယ့်ကိစ္စ ရှင့်စလင်းဘက်ကြီး ဘာကိစ္စနဲ့ ဟိုထိယူသွားရမှာလဲ .. စလင်းဘက်ကို ယူသွားတယ် ဆိုကတည်းကိုက .. ရှင့်အကြောင်းရှာပြီး စလင်းဘက်ကိုဖွင့်မယ် .. အထဲကလက်ကိုင်ပုဝါကိုယူမယ် .. ဓာတ်ပုံကိုချမယ် .. အဲသလိုရှိတယ် .. ဟုတ်တယ် မဟုတ်လား”

ဟု ဆက်တိုက်ပြောချလိုက်တော့မှ ဟင်ခနဲ သူဖြစ်သွားရပါပြီတည်း။ ခုမှ မြပန်းရုံ၏ မျက်နှာလေးကို ပြေးမြင်သည်။ ဒါ .. အကွက်ချ စီစဉ်တာဟု နားလည်လာစပြုနေရပါပြီတည်း။ သူ့ကိုပြောတုန်းက ငွေဆစ်ပန်သည် သူ့ရင်ခွင်ထဲ ငိုမိသည့်ကိစ္စ ပန်းရုံကို သွားတောင်းပန်ခြင်းပါဟု စောစောကပဲ ပြောပြခဲ့တာ ကြားခဲ့ရသည့်အဖြစ်။ ထိုသို့ တောင်းပန်ရင်း မျက်ရည်ကျ လက်ကိုင်ပုဝါလေးထုတ်ရင်း ဓာတ်ပုံလေး ကပ်ပါလာလျက်ကျ



သွားခြင်းပါတဲ့။ ခုကျတော့ ကော်ဖီသွားယူခြင်းဆိုတာ ဖြစ်လာနေသည်။ စောစောက မိချမ်း ထောက်မပြခင်ကတော့ ထိုအချက်ကို သူ မေ့သွားမိ သတိမထားမိဘဲ ရှိသွားသေးသည်။ ခုကျမှ ပြန်အမှတ်ထားမိလာရခြင်းပါတည်း။ ဖျတ်ခနဲ ငွေဆစ်ပန်ကို သူကြည့်မိစဉ်နိုက် မျက်နှာလေး ငယ်ကျနေရင်းမှ သူ့ကိုပဲကြည့်ကာကြည့်ကာဖြင့် ..

“ပန် အမှန်အတိုင်း ပြောတာပါ ကိုကိုရဲ့”

ဟု လှမ်းလှမ်းပြောနေသည်။ မြပန်းရုံ ပြောခဲ့သည်က ပန်သည် ငွေနှင့်သူ တွဲရိုက်ထားသော ဓာတ်ပုံကို အပ်ခဲ့သည်တဲ့။ ပန်းရုံ လက်ထဲအပ်သည်တဲ့။ ဘယ်သူပြောတာ မှန်ချေသည်လဲဆိုတာ သူ ခေါင်းတွေ နောက်ကျိလာရင်း ရင်သည်ရှုပ်ထွေးလာနေရပါသည့်အဖြစ်။ သူ ဤမျှအထိတော့ မိန်းမတွေ၏ အတွင်းမနောကို အကဲဖြတ် ယူရလောက်အောင် မကျွမ်းနိုင်ဘဲ ရှိနေသည်လေ။

“အဟမ်း ဟမ်း .. ပိုးဥ ပြောပြပါမယ် .. ပိုးဥ မီးဖိုဆောင်ရဲ့ ပြတင်းပေါက်ကနေ ချောင်းနေတာပါ .. အပြင်ဘက်က အုတ်ခဲကိုခုပြီး ကောင်းကောင်းမြင်ရအောင် .. ပြီးတော့ .. အကွယ်လေးကလဲ ရှိရအောင် သေချာချောင်းတာပါ .. ထောင့်နေရာကလေ .. အားလုံး ပိုးဥ မြင်တယ် .. အန်တီလေးက အားလုံးကြည့်ကြည့်ထားရမယ် .. ပြောပြရမယ် ဆိုလို့ .. သေချာကြည့်ကြည့်နေရတာပါ”

ဟု ခုမှဝင်ပြောဖော်ရလာသည့် ပိုးဥကို မေမေ သဘောတကျကျဖြင့် ချီးကျူးကြည့်ဖြင့်လည်းကြည့်။ ဘေးမှာသွားရပ်ကာ ဆံရစ်စတောက်ကွေးလေးကို လက်ဖြင့်ပင့်သပ်၍ ..

www.burmeseclassic.com

www.burmeseclassic.com



"ပြော .. အမှန်အတိုင်းပြော"

ဟု အားပေးသည်။

"မမလေး ပန်းရုံကို ဒီက မမက သူ့အိတ်ထဲက ခေတ်ပုံကို ပေးတယ် .. အပ်တယ်လို့ ပြောတယ် .. အဲဒါ .. မမလေး ပန်းရုံက ခေတ်ပုံကို ဓားနဲ့ဖြတ်ပိုင်းပြီးမှ တစ်ပိုင်းကို မီးရှို့ပစ်တာ .. အဲဒါတွေအားလုံး အန်တီလေးလာတဲ့အခါ တိုးတိုးလေးတိုင်ပြောဖို့ဦးစွာ .. ခု .. ပြောပြလိုက်ရတာပါ .. အန်တီလေးက မှာထားတာကိုး .. ဘာမြင်မြင် .. အန်တီလေး လာတဲ့အခါ တိုးတိုးလေးပြောပြဆိုလို့ .. စောစောတုန်းကတော့ အစ်ကိုလေးတို့ကို မပြောပြသေးဘဲ ထားထားတာပါ .. ခုကျတော့ အန်တီလေးလဲရောက်လာတယ် .. တိုးတိုးလေး ပြောပြဖို့ဦးစွာ .. ဒီက အစ်မ လိမ်ပြောနေတော့ အန်တီလေးကို ရှင်းအောင်ပြောပြရမှာမို့ ပြောပြလိုက်ရတာပါ"

ချက်နှင့်လက်နှင့် သေချာပြောပြပါလေသော ပိုးဥ စကားအဆုံးမှာ ငွေဆစ်ပန် မျက်နှာပျက်ပျက်ဖြင့် ထရပ်လည်း ထရပ် ..

"မလိမ်နဲ့"

ဟု မာဆတ်ဆတ်ကြီး ပိုးဥကိုကြည့်ကာ ပြောချလာသည်မှ မျက်လုံးတွေပါ တင်တင်းမာကျောလျက် ရှိနေတာမို့ သူ ပင် မယုံနိုင်သလိုကြီး ငေးကြည့်မိရပါပြီတည်း။ စောစောက ငိုမဲ့မဲ့ မျက်နှာလေးမျိုး မဟုတ်တော့သည်ပဲလေ။



မြပန်းရုံလေးကို သူ ချက်ချင်းအားနာသွားရပါပြီ။ ပန်းရုံပြောခဲ့သည်လေ။ သူ လက်ထပ်ထားသည့် မိန်းကလေး၏ စကားနှင့် ငွေဆစ်ပန်၏စကား ဘယ်ဟာကို ယုံကြည်ပေးမည်လဲတဲ့။ ခု .. ခု .. သူ .. မြပန်းရုံကို အဘယ်မျှထိ အားနာဖို့ကောင်းနေပါပြီလဲ။ ပန်းရုံ၏စိတ်ကိုဆွသည့် ငွေဆစ်ပန်၏ လုပ်ရပ်သည် အဘယ်မိန်းကလေးမှ သည်းခံနိုင်သည့် အခြေအနေမျိုးမှ မဟုတ်ချေပဲလေ။ ပိုးဥ အကြောင်း သူ အသိဆုံး။ ဤရွာတူးပေါ်တော ပိုးဥလေးသည် ဘယ်တော့မှ မလိမ်တတ်။ မဟုတ်တာ မပြောတတ်။

"ပိုးဥ မလိမ်ဘူး .. လိမ်တာက အစ်မဥစ္စာ .. မမလေး ပန်းရုံက ရေထဲတွန်းချတာ ပိုးကတော့ အားပေးတယ် .. သိလား"

သားမှာ လူကြီးလုပ်သည့် မေမေ ရှိနေတာမို့ထင့်။ ပိုးဥ သတ္တိတွေဝင်လာရင်း မေမေ့အားကိုးဖြင့် ပြန်စွာတော့ ငွေဆစ်ပန် သူ့ကို အားကိုးသလို လှမ်းကြည့်သည်။ သူ့စိတ်တွေက ပန်းရုံထံသို့ ရောက်နေပြီ။ ဘယ်လောက်မကောင်းလိုက်ပါသတဲ့လဲလေ။ ပန်းရုံ အပေါ် ငွေဆစ်ပန် အတော်ကြီးကို ဆိုးဆိုးဝါးဝါး သွားစော်ကားချေသည်ကိုး။ အားလုံးသည် ငွေဆစ်ပန် အကွက်ချ ထောင့်ချောအောင် လုပ်ခြင်းဆိုတာ သူ သိနေရပြီ။

"နောက်ကို သဇင်ဖူးကို မလာပါနဲ့ မငွေဆစ်ပန် .. ငွေ့ မျက်နှာကို ထောက်ထားပြီး ဒီတစ်ကြိမ်မှာတော့ ကိုယ် ခြံပြင်ကို ခေါ်ထုတ်သွားတာမျိုး မလုပ်ချင်ဘူး .. မင်း .. ပြန်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေးလေ .. ကျွန်မချေးမ အဝတ်တွေနဲ့တော့ အပြန်မခံနိုင်ပေါင် .. ပန်းရုံရဲ့အဝတ်လေးတွေကိုလဲ သူနဲ့ထည့်မပေးလိုက်နိုင်ပေါင် .. ပိုးဥ .. သူ့ကိုကြည့်ထား.. ခြံတံခါးကို ပိတ်ထားတာ မဖွင့်သေးနဲ့ .. ကိုထိုက်နဲ့ ဒေါ်ကြီးခက်တို့ ကားနဲ့ပြန်ရောက်လာမှ တံခါးဖွင့်ပေး .. သူ့ကို အဝတ်တွေ လဲဝတ်ခိုင်း .. ပြီးရင် ပြန်ပေးစေ .. ကြားလား"

"ဟုတ်ကဲ့ .. စိတ်ချပါ အန်တီလေး"

ပိုးဥ လက်အကျပိုက်၍ ဖြေ၏။ မေမေက သူ့ကို ကြည့်ကာ ..

"ကဲ .. မေမေ ပန်းရုံလေးကို သွားတွေ့လိုက်ဦးမယ် .. မိချမ်း သူ့ကို စောင့်ကြည့်နေ .. လာခဲ့ .. မင်းလဲ ပန်းရုံလေးကို လိုက်တောင်းပန်"

ဟု သူ့လက်ဆွဲ၍ခေါ်ကာ အပေါ်ထပ်သို့ တက်မည် ပြင်တော့ ..

"ပန်းရုံ စတိုခန်းထဲမှာ မေမေ .. သား .. သူ့ကို ဟိုမှာ နေခိုင်းထားခဲ့တယ် .. နောက်မှ သူ့ကို သွားခေါ်လာပြီး မေမေနဲ့ တွေ့ခိုင်း ပြောခိုင်းမယ်လို့ သား စီစဉ်ထားတာပါ .. သူနဲ့ ပန်းရုံတို့နှစ်ယောက်စလုံး ဆုံပေးပြီး ပြောခိုင်း ရှင်းခိုင်းရင် ပိုရှုပ်ကုန်မှာစိုးလို့ပါ မေမေ .. ခုတော့ .. ပန်းရုံကို ရှင်းပြခိုင်းဖို့ မလိုတော့ပါဘူး .. အားလုံးရှင်းကုန်ပြီပဲ ဥစ္စာ .. မငွေဆစ်ပန် .. မင်း နောက်ကို ဒီလိုထော မစော်ကားပါနဲ့ .. ဘယ်လောက် အရုပ်ဆိုးတဲ့ကိစ္စလဲ ..



ပန်းရုံဟာ ကိုယ့်အိမ်မှာ ကိုယ်နေရင်း အစော်ကားခံရတာ .. ဒါ .. မင်းရဲ့ရိုင်းပျမှုတွေကြောင့် ဖြစ်ကုန်ရတာတွေချည်းပဲ .. မရိုးသားမှုတွေကြောင့် ဖြစ်ကုန်ရတာတွေချည်းပဲ .. မင်းရဲ့အတွင်းစိတ်ကို ခုလို စောစောသိရတာ ငါတို့မြတ်တယ်လို့ မှတ်ယူတယ် .. မင်း .. ကင်းကင်းရှင်းရှင်းနေပါ"

ဟု ဆက်တိုက်ပြောချလိုက်တော့ ငွေဆစ်ပန် မျက်နှာပျက်ကျရင်း ခေါင်းငုံ့ချလိုက်ကာ ..

"တောင်းပန်ပါတယ် ကိုကို .. မငွေ ဆုံးလို့မှ မကြာခင် လက်ထပ်ရကောင်းလားရယ်လို့ မခံချင်လို့ လုပ်မိတာပါ .. ပန် ကန်တော့ပါတယ်"

ဟု လက်အုပ်လေးချီ၍ ငိုပြောနေတော့ သူစိတ်မော လက်မောဖြင့် လှည့်လိုက်စဉ်ခိုက် ..

"ဘုရားရေ .. ပန်းရုံလေးကို စတိုခန်းထဲ ထည့်ထားတယ် .. ဘုရား .. ဘုရား .. မင်း မိုက်လှချည်လား .. လာခဲ့ .. လာခဲ့"

မေမေ မျက်နှာကြီး ဖြူစုတ်ကျရင်း သူ့လက်ကို ဆွဲကာဆွဲကာ ခေါ်ချသွားတာမို့ ငွေဆစ်ပန်ကို သူ ဘာမျှဆက် မပြောနိုင်တော့ဘဲ ပါလာရပါပြီ။ သူ့ရင်သည်လည်း လိုက်၍ ထိတ်ခနဲ ဖြစ်ရပြီ။ မေမေ့မျက်နှာမှာ သွေးဆုတ်နေသည်ကိုးလေ။ မိချမ်းလည်း ထိုင်မနေနိုင်တော့ဘဲ လူငယ်ခြေလှမ်းဖြင့် ရှေ့မှ ဖြတ်ပြေးသည်က စတိုခန်းဆီသို့ပါ။

ဘာတွေလဲဟု သူ နားမလည်နိုင်ခင်မှာပဲ မိချမ်းမှာ အလောတကြီးဖြင့် စတိုခန်းတံခါးကို ဖွင့်နေသည်။ အပြင်မှချက်

www.burmeseclassic.com

www.burmeseclassic.com



ချပိတ်ထားလေသမျှ စိုးရိမ်တကြီးဖြင့်ဖွင့်၍ ဝင်ခိုက်မှာ သူလည်း မေမေ့ကို ချန်ထားရစ်ခဲ့ကာ ခြေလှမ်းကျဲကြီးဖြင့် လိုက်ဝင်ရပါပြီ။ အတွင်းမှာ တစ်ခုခုတော့ ဖြစ်နေလောက်ပြီဟု သူ နားလည်လာ သလိုလို ဖြစ်နေရပြီကိုးလေ။

ဤမျှအထိ မိချမ်းရော .. မေမေရော မျက်စိမျက်နှာ ပျက်နေကြဖို့မရှိ။

သူ မြင်လိုက်ရသည်က အခန်းထဲမှ ချွေးတွေနစ်နေ လျက် ဖြူဖျော့ဖျော့လေး ကြမ်းပြင်တွင် ခွေကျသတိမေ့နေသော မြပန်းရုံကိုပါတကား။ သူ စိုးရိမ်ဇောကြီးလျက် ထိတ်လန့်တကြား ကြီး ပြေးပွေ့လိုက်မိစဉ်ခိုက်မှာ မြပန်းရုံသည် ပျော့ဖတ်ဖတ်လေး သူ့ရင်ခွင်ထဲမှာ ပါလာသည်။

"ဆရာ ဘုရား .. မင်း အဆင်ခြင်ကင်းလှချေလား .. ပန်းရုံလေးဟာ အလုံပိတ်ထားတဲ့ နေရာမှာ နေလို့မရဘူး .. သူ အသက်ရှူကျပ်ပြီး ခုလိုပဲ သတိမေ့သွားဟတ်တယ် .. အဲဒါ ငယ်ကတည်းက ဖြစ်ခဲ့တာ .. ဖြစ်ခဲ့တာဟဲ့"

မေမေ မျက်နှာကြီးပျက်ကျလျက် ပြောစဉ်ခိုက် မေမေ့နောက်မှာရပ်လျက်ရှိနေပါသည့် ငွေဆစ်ပန်ကို သူ မြင်သည် ဖျော့ကျသတိမေ့နေသည့် မြပန်းရုံကို မမိုတ်မသုန် စိုက်ကြည့်နေ သည့် မျက်ဝန်းတွေမှာ ကျေနပ်ရိပ်ကို သူ မြင်ရသည်သို့ ခံစား ဖြစ်၏။ သူ ကြည့်နေသည့်ဘက်ကို မေမေ လှည့်ကြည့်ရာ ..

"အပြင်မှာ သွားနေစမ်းပါ ကျေးဇူးရှင် မမရယ် .. ကျွန် မရိုင်းပါရစေနဲ့ .. မျက်စိကွယ်ရာမှာ သွားနေစမ်းပါရှင် .. မိချမ်း .. သူ့ကို အပြင်ခေါ်ထုတ်သွားစမ်းပါ"



ဟု ခံပြင်းရိပ်ဖြင့် ပြောနေတော့ မိချမ်း ငွေဆစ်ပန် ကို ဆတ်ခနဲ လက်ပါဆွဲ၍ ခေါ်ချသွားပါပြီ။ သူ မြပန်းရုံကို ငုံ့မှိုး ကြည့်ကာ ကိုယ်လေးကိုလှုပ်၍ ..

"မြပန်းရုံ .. မြပန်းရုံ"

စိုးရိမ်ဇောသည် ရင်မှာပြည့်သိပ်လျက် တောက် လျှောက် ခေါ်နေမိရစဉ်ခိုက် ရင်ထဲမှာ နောင်တသည် အုံကျင်းနှင့် ဖြစ်ထွန်း၏။

မြပန်းရုံ၏ကိုယ်လေးကို သူ ပွေ့ချီ၍ အပေါ်ထပ် ဆီသို့ တောက်လျှောက်တက်လာမိရကာ အခန်းတွင်းသို့ဝင်လျက် ခုတင်ထက်မှာတင်သည်။

တစ်ကိုယ်လုံး ချွေးတွေနစ်နေလျက် သတိမေ့နေဆဲ မြပန်းရုံအတွက် သူ အရမ်းစိတ်ပူနေမိရပါပြီ။

"ဖြစ်ရလေကွော"

သူ မချိတင်ကဲကြီး ညည်းမိရင်းမှ မေမေ့ကိုအပြစ် မကင်းသူပီပီ မဝံ့မရဲကြည့်မိရပါ၏။ မေမေကတော့ လေအေးစက် ပြေးဖွင့်။ မြပန်းရုံ၏ မျက်နှာထက်မှ ချွေးတွေကိုသုတ်ပေးနှင့် ပျာယာခတ်နေသည်။ နှာဖျားတွင် ရှူဆေးဘူးကို ကမန်းကတန်း ဖွင့်၍ တော့ရှူနေစေသည်ကလည်း မေမေပါ။

"အားလုံး မင်း အသုံးမကျလို့ ဖြစ်ရတာ .. သူ့ကို ဘာလို့ စတိုခန်းထဲ ထည့်ပိတ်ထားခဲ့ရတာတဲ့လဲ .. ဟင် .. ဟို ကောင်မကို ပိတ်ထားပါလား"

မေမေ ဒေါသနှင့်အော်တော့ သူ ငြိမ်နေသည်။ တုတ်တုတ်ပင်မလှုပ်ဝံ့။ မြပန်းရုံ တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်

www.burmeseclassic.com

www.burmeseclassic.com



အောဖြင့် ခြေမကိုင်မိ လက်မကိုင်မိသူ ဖြစ်ရပါ၏။ ရင်ထဲမှာလည်း မကောင်းနိုင်။

"သူ ပြောတယ် မေမေရယ် .. သူ အလုံခန်းကြီးထဲမှာ နေလို့မရဘူးဆိုတာ ပြောရှာတယ် .. သားက မယုံတာ .. သူ ဆွာချင်နေလို့ ဟိုမှာ လိုက်ပြောချင် ရှုပ်ချင်နေလို့ စကားရှာကြံပြောတယ်လို့ ထင်မိတာ"

သူ ရင်ထဲထိခိုက်နေရလေသမျှ ဖုံးကွယ်မထားနိုင်တော့ဘဲ ဖွင့်ပြောတော့ မေမေ သူ့ကို မျက်ထောင့်ဖြင့်ကြည့်သည်။ မေမေ့မျက်နှာ ပျက်နေသည်ကလည်း ထိန်းမရနိုင်အောင်ပါ။

"အေး .. နင်ယုံတာက ငွေဆစ်ပန်ပဲ မဟုတ်လား .. ဒီလောက် အမျိုးရှုပ်တဲ့ မျိုးရိုးကို မင်းမို့ ရှာလဲတွေ့တတ်တယ် .. ငွေသစ်ပန်ကို ပြောတုန်းကတော့ မင်းမခံချင်ဘူး .. ခုတွေ့ပြီ မဟုတ်လား .. အဲဒီ ငွေဆစ်ပန် ဘယ်လောက်ရှုပ်တယ်ဆိုတာ .. သူတို့နှစ်ယောက်ဟာ အမြှာတွေဆိုတာ မမေ့နဲ့ .. အားလုံး တူနေတဲ့သူတွေ"

မေမေ့အသံက ပို၍ကျယ်ကျယ်လောင်လောင်လေးတော့ နိုင်နေသည်။ လေအေးစက်ဖွင့်ထားသည့် ကြားထဲက သူ့မှာ ယပ်တောင်လေးပြေးခတ်ပေးလိုက်။ လက်လေးတွေဆုပ်လိုက်ဆံစလေးသပ်ပေးလိုက်နှင့် ဖြစ်နေတော့ မေမေ ကြည့်ရင်း ကြည့်ရင်း မျက်နှာထက်မှ တင်းမာရိပ် နည်းနည်းပြေစပြုလာသည်။

"မင်း မေမေ့စိတ်တွေ ပြေသွားအောင် ဟန်ဆောင်ပန်ဆောင် စိတ်ပူပြနေတာတော့ မဟုတ်ပါဘူးနော်"



ဟုတော့ တစ်ချက်ပြောလိုက်သေးသည့်အဖြစ်။ ငေါ့တော့တော့ပြောချေမှန်း သူသိသည်။ မိချမ်း ဖုန်းဆက်ခေါ်သည့်ထင့်။ မိသားစုဆရာဝန် ဒေါက်တာမြင့်မြင့်အေး ကားလေးနှင့်ရောက်လာသည်။ ထိုစဉ်ခိုက်မှာပင် မြပန်းရုံ၏ကိုယ်လေး လွန့်ခနဲဖြစ်ကာ ..

"ဟင် .. ရေ .. ရေပေးပါ .. ရေ"

ဟု တိုးသဲ့သဲ့လေး ပြောသံပေါ်လာတာမို့ သူ့မှာ ပြေး၍ ရေခဲသေတ္တာငယ်လေးထဲမှ ရေပုလင်းကိုထုတ်ရ။ ဖန်ခွက်ထဲလောင်းထည့်ရ။ မြပန်းရုံကို မေမေ ပွေ့ထားတာမို့ နှုတ်ခမ်းလေးမှာတော့၍ ရေတိုက်ရနှင့် ပျာပျာသလဲ ဖြစ်သွားရပြန်သည်ပါပဲ။ ဒေါက်တာမြင့်မြင့်အေးမှာ မြပန်းရုံကို စမ်းသပ်ပေးကာ ..

"ခု သတိလဲရလာပြီပဲ .. မြင့် သူ့ကို ဆေးထိုးပေးပါမယ် .. ဆေးလဲ တိုက်ခဲ့ပါမယ် .. သူ အဲသလို လျှောင်ပိတ်နေတဲ့ နေရာမျိုးမှာ အလုံကြီးထဲမှာ နေလို့မရဘူးဆိုတာ အိမ်သားတွေအားလုံး သိထားဖို့ လိုပါတယ် .. ဂရုလဲစိုက်ကြရပါမယ်"

ဟု ပြောတော့ မေမေမှ ..

"ငယ်ငယ်တုန်းကလေ .. သူတို့မောင်နှမ နှစ်ယောက်တူတူပုန်းတမ်းကစားကြတာ .. ဗီရိုထဲဝင်ပုန်းသတဲ့လေ .. ဒီကလေးက .. အဲဒါ .. ဒေါ်ကြီးဆွေက ဗီရိုတံခါးရှက်သော့ပိတ်မထားပါလားဆိုပြီး ပိတ်လိုက်တာတဲ့ .. အထဲမှာကလေးရှိနေမှန်း ဒေါ်ကြီးဆွေကလဲမသိ .. ကလေးကလဲပုန်းနေတာဆိုတော့ အသံမပေးဘဲ ငြိမ်နေတာမျိုး ဖြစ်ကုန်

www.burmeseclassic.com

www.burmeseclassic.com



တော့ နောက်မှ ပြည့်စုံဟန်လေးကလဲ သူ့ညီမကို ရှာမတွေ့ဘဲ တလည်လည်နဲ့ ရှာနေရာ ညီမပျောက်နေပါပြီဆိုပြီး အမေလုပ်သူကို ငိုယိုပြောတော့မှ အားလုံး တကြော်ကြော်ခေါ်ကြ .. ရှာကြနဲ့ ဖြစ်ကုန်ရော .. မေမေတို့အိမ်ကိုများ ရောက်နေလား ဆိုပြီးတော့လဲ မေးကြမြန်းကြပေါ့ .. အဲဒီမှာ မေမေလဲ လိုက်ရှာကြတာပါပဲ .. နောက်ဆုံးတော့မှ ဒေါ်ကြီးဆွေ သတိဝင်လာသလေ .. သူ ဗီရိုတံခါးရွက်လေး ဟနေတာကို သော့ပိတ်မထားပါလား .. မေ့နေတယ် ထင်ပါရဲ့ဆိုပြီး သော့ပိတ်လိုက်တာ ရှိတယ်ပေါ့ .. တစ်ခြံလုံး ရှာတာလဲ နှံ့နေပြီဆိုတော့မှ အဲဒီဗီရိုတံခါးရွက် ဟနေတာကို ပြန်သတိရပြီး ပြောလဲပြော .. ပြေးဖွင့်ကြည့်နဲ့ အားလုံး ဖြစ်ကုန်ကြတော့ .. ဟိုမှာ .. ကလေးက ချွေးတွေနစ်နေပြီး မွန်းပြီးသတိမေ့နေတာ .. အဲဒီကတည်းက မြပန်းရုံလေးဟာ အရမ်းလုံတဲ့နေရာဆိုရင် သူ မခံနိုင်ဘူး .. မွန်းကျပ်ပြီး နေရဆိုးတယ်”

“အန္တရာယ်ကြီးတယ် အန်တီ .. အဲသလိုရှိတာကို မိသားစုဝင်အားလုံးက သိဖို့လိုပါထယ် .. ဂရုစိုက်ကြဖို့လဲ လိုပါတယ် .. ခုလို မသိလို့ ဖြစ်သွားတာမျိုးကို နောင်မဖြစ်ဖို့ လိုတာပါ”

ဒေါက်တာမြင့်မြင့်အေး ဆိုတာ မိသားစုဆရာဝန်ပေမို့ မိချမ်း အားလုံး အောက်ထပ်မှာကတည်းက ပြောပြထားပြီး ဖြစ်နေပုံရပါ၏။ ဒါကြောင့်လည်း သူ့ကိုကြည့်ကာ သတိပေးစကား ပြောခြင်းပါ။



“အန်တီတို့လဲ အဲဒါကို ပြောပြဖို့ မေ့သွားတယ် .. သားက သိတာမဟုတ်ဘူးလေ”

ဟု မေမေ ပြောပြရှင်းပြပါ၏။ သူ့မှာသာ မြပန်းရုံကိုကြည့်ကာ ရင်ထဲမကောင်းနိုင်ပဲ လက်လေးကို ထွေးဆုပ်ကိုင်မိရင်းမှ ..

“မြပန်းရုံက ပြောပြပါတယ် မေမေ .. သူ နေလို့မဖြစ်ဘူးဆိုတာ .. သားကိုက မှားခဲ့တာပါဗျာ .. ကိုယ့်ကိုခွင့်လွှတ်နော်”

ဟု တိုးဖွဖွပြောစဉ်ခိုက် မြပန်းရုံ သူ့ကိုမမှိတ်မသုန်ကြည့်သည်။

“လောလောဆယ် ပိုအရေးကြီးတာကိုပဲ ကျွန်မ မေးချင်ပါတယ် .. ကိုကြီး ဘယ်သူ့ကိုယုံသလဲဟင် .. စောစောကကိစ္စမှာ ဘယ်သူအမှန်ပြောနေတယ်ဆိုတာ ယုံသလဲ”

ဟု မေးလာတော့ မြပန်းရုံ၏စိတ်ဓာတ်လေးကို ... လက်ဖျားပင် ခါသွားချင်ရပါပြီ။ ဤမျှပြင်းထန်သော ဝေဒနာ ... ခံစားထားရ။ သတိမေ့ရနှင့် ဖြစ်နေသည့်နောက်မှာ ခံပြင်း ...လေးဖြင့် အင်အားတွေ ဖြစ်တည်ရင်း မေးချလာပုံလေးကို ... အံ့သြခြင်းနှင့်အတူ တစ်ဖက်ကလည်း နှစ်နှစ်သက်သက်ကြီး ...သွားရ .. သဘောတကျကျဖြင့်လည်း ရှိသွားရပါသည့်အဖြစ်။ ... ပုဂံခရီးမှာ တွေ့ခဲ့ရဖူးပါသည့် မြပန်းရုံ ပေါက်စနလေးကို ...မြင်ရသည်သို့ ရှိလာ၏။

ထိုမူရာလေးတွေကို သူ့ သဘောကျမိရ .. စိတ်လက် ...ည်း အတန်ငယ်ပေါ့ပါးလာမိရပါသည့်အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားလေးကို ယုံပါတယ် မြပန်းရုံ .. ခင်ဗျားလေး အမှန်ပြောတယ်ဆိုတာ ယုံကြည်ပါတယ်ခင်ဗျာ .. ကောင်မလေးနော် .. စိတ်ထဲ အဲဒါပဲ အရေးကြီးနေ .. ဒီလောက် မေ့ထားတဲ့ဥစ္စာ .. အဲဒီ စောစောက အဖြစ်ကိုပဲ အရေးတကြီး လှုပ်နေရတယ်လို့ကွာ"

ဟု သူ ခပ်ညည်းညည်း ပြောမိလေမယ့် ပေါ့ပါးသောလေငွေ့တွေကတော့ ရောရောထွေးထွေး ပါလာ၏။ ဘာပဲဖြစ်ဖြစ်။ မြပန်းရုံလေး နေကောင်းသက်သာလာပြီဆိုတာ ဤတည်စူးစူးအကြည့်လေးနှင့် လေသံမာလေးဖြင့် မေးလာသည့်အမေးဖြင့်ပင် သိသာလာနေသည်ကိုးလေ။

"အရေးကြီးရမှာပေါ့ရှင့် .. အဲဒါ ကျွန်မရဲ့သိက္ခာပိုင်းဆိုင်ရာ ကိစ္စပဲ .. ကျွန်မ လူလိမ်လူညာ မဟုတ်ဘူးဆိုတာ ဘယ်လောက် အရေးတကြီး ရှင်သိနေဖို့ဖြစ်နေသလဲ .. တစ်အိမ်တည်းမှာ နေနေကြတဲ့ သူ နှစ်ယောက်ထဲမှာတစ်ယောက်က လူလိမ်လူညာ .. လိမ်ပြောတတ်တဲ့သူ ဖြစ်နေတယ်လို့ အထင်ခံနေရပြီ ဆိုကတည်းက ဘယ်ကောင်းတော့မလဲ"

"ဟုတ်ပါတယ် ဒေါ်သိက္ခာရယ် .. အဲဒီအရေးတကြီးသိရမယ့်ကိစ္စမှာ ကျွန်တော် သိနေပါပြီ .. နောက်ပြီးတော့ နှစ်ယောက်ရှိတဲ့အိမ်တစ်အိမ်မှာ တစ်ယောက်က အဆင်ခြင်ကင်းနေတဲ့ လူညံ့တစ်ယောက် ဖြစ်ခဲ့ဖူးတာကိုလဲ ကိုယ်မမေ့ဘဲ အမြဲဝမ်းနည်းနောင်တရနေမှာပါ မြပန်းရုံရယ် .. တကယ်ပါ .. စောစောက ကိုယ် အရမ်းစိတ်ပူသွားရတာ"



သူ ကြာရှည်ရင်ထဲမထားနိုင်စွာ ပြောနေတော့ မေမေ ခပ်တိုးတိုးချောင်းဟန့်သည်။ ပြီးတော့ ဒေါက်တာ ဒေါ်မြင့်မြင့်အေးနှင့်အတူ အပြင်သို့ ထွက်သွားပါ၏။ သူ အရမ်းကို မြပန်းရုံအတွက် စိတ်ပူနေတာ။ ကိုယ့်အမှားကိုလည်း ဝန်ခံနေတာကို မြင်နေရသည်မို့ထင့်။ မေမေ ကျေနပ်သွားဟန်တူသည်။

သူ မြပန်းရုံ၏လက်လေးကို မလွှတ်တမ်း ထွေးဆုပ်ထားရင်းကျန်ခဲ့တာမို့ မေမေထွက်သွားတာနှင့် မြပန်းရုံလက်လေးကို ရန်းသည်။ သူ ပို၍တင်းနေအောင် ထွေးဆုပ်ပစ်လိုက်ကာ ..

"ငြိမ်ငြိမ်နေလေ .. ဘာလို့ရုန်းနေတာလဲ .. စောစောက ကိုယ် ဘယ်ထိစိတ်ပူသွားတယ်မှတ်လဲ .. ကောင်မလေး သေသွားရင်တော့ ငါ့တစ်သက် ရူးကျန်ခဲ့တော့မှာပဲလို့ကို ဖြစ်နေရတာ .. တကယ်ပါ မြပန်းရုံ .. မင်းကိုစောစောက ပြောမိမှား ဆိုမိမှားတာတွေ အတွက် ခွင့်လွှတ်နော် .. နောက်ကို ဘယ်တော့မှ အဲသလို မဖြစ်စေရဘူး .. မင်းဟာ သိပ်ကိုသတ္တိရှိတဲ့ မိန်းကလေးပဲ .. ကိုယ့်ကိုစော်ကားမော်ကား လုပ်လာတဲ့သူကို အပြတ် ရင်ဆိုင်ပစ်လိုက်တာကိုလဲ ကိုယ် ခုကျတော့ အဲဒီအဖြစ်ကို သိလဲသိခဲ့ရပြီမို့ အရမ်းကို သဘောကျမိတာ .. ဟော့ .. မယုံဘူးလား .. ဘာလို့ မျက်လုံးလေးပြူးပြီး ကြည့်နေတာလဲ .. အကဲခတ်မနေနဲ့ဗျ .. ဒါ .. အဟုတ်ကိုပြောတာ .. ရန်ပြေရဲ့ဇနီးဟာ သတ္တိရှိတယ်ဆိုတာကို သဘောအကျဆုံးပဲ .. ဂုဏ်ယူတယ် သိလား .. ငွေဆစ်ပန်ကို အဲသလို ဆက်ဆံလိုက်တာ .. ရင်ဆိုင်လိုက်တာ .. မင်း .. အားလုံးမှန်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု သူ တောက်လျှောက် ပြောလည်းပြော ..။ ဆံစလေးတွေကိုလည်း သပ်ပေးမိ။ နဖူးပြင်လေးကိုလည်း ဖျတ်ခနဲ ခေါင်းငိုက်ချ၍ ငုံ့နမ်းလိုက်မိရပါပြီ။

နဖူးပြင်လေးကိုလည်း ဖျတ်ခနဲ ခေါင်းငိုက်ချ၍ ငုံ့မှီးရှိုက်လိုက်မိရသည်က .. ကလေးတစ်ယောက်ကို ချစ်စနိုးနှစ်လိုစိတ်လေးမျိုးဆန်နေသည်။ သူကိုယ်တိုင်လည်း ထိုသို့နမ်းရှိုက်လိုက်မိမည်ဟုပင် မထင်ထားမိ။ စိတ်ထဲ နှစ်နှစ်သက်သက်ဖြစ်လာရစိတ်ဖြင့် ကလေးတစ်ယောက်ကို ချစ်စနိုးလေး ငုံ့မှီးနမ်းရှိုက်ချင်စိတ်သည် ရုတ်ခြည်းဖြစ်တည်လာလျက် သူ နမ်းလိုက်မိရခြင်းပါတည့်။

"ဟင် .. ဘာလဲ .. ရှင်က .."

မြပန်းရုံကိုယ်တိုင်ကလည်း ထင်မထားတာမို့ ခေါင်းလေးတိမ်းခနဲဖြစ်သွားရင်း ရှက်သွေးလေးဖျန်းလျက် မော့ပြောလာတော့ သူ ပြုံး၍ ငုံ့မှိုးကြည့်သည်။

"မင်းလေးရဲ့သတ္တိရှိပုံလေးကို .. ငါ အရမ်းသဘောကျသွားတယ်ကွ .. ချာတိတ်မလေးရဲ့ .. အဲဒါတော့ အမှန်ပဲသိရဲ့လား .. မင်းဟာ သည်းခံတတ်တယ် .. ပြီးတော့ .. မင်းကို ထိပါး စော်ကားလာရင်လဲ နောက်မဆုတ်ဇတမ်း .. သတ္တိရှိရှိရင်ဆိုင်ပစ်တတ်ပြန်တယ် .. အဲဒီလို ရင်ဆိုင်ရဲတဲ့သတ္တိလေးကို ငါ အထင်ကြီးတယ် မြပန်းရုံ .. ပြီးတော့ မင်းလေးဟာ အရမ်းကိုဖြူစင်တယ်လေ .. ဒီတော့ ခုပြော မယ့်စကားကိုတော့ မင်း ယုံယုံကြည်ကြည်နဲ့ နားထောင်စေ ချင်တယ် .. ငါ့ဘဝရဲ့လက်တွဲဖော်ဟာ ခုလိုဖြူစင်သည့်



အမျှ .. သတ္တိလဲရှိတဲ့မိန်းကလေးဖြစ်နေတာကို ငါ ကျေနပ်တယ် .. မင်းကို ငါ အထင်ကြီးမိတယ် ဆိုတာရယ် .. မင်းစရိုက်လေးတွေကို နှစ်သက်လာနေရစေတယ်ဆိုတာရယ်ကိုတော့ ငါ ဝန်ခံပါတယ် မြပန်းရုံ .. ဘာလို့လဲဆိုတော့ .. မင်းအပေါ်မှာ ငါထားရှိနေတဲ့ စိတ်ရင်းမှန်ကို မင်း သိဖို့လိုအပ်တယ်လေ .. မင်းနဲ့ငါ .. လက်ထပ်ထားကြရတဲ့သူတွေဖြစ်နေကြတာကိုး .. တစ်ယောက်အပေါ်တစ်ယောက် နားလည်မှုရှိထားကြဖို့တော့ လိုနေကြပြီဆိုတာ ဒီနေ့အဖြစ်အပျက်ကပဲ ကိုယ်တို့နှစ်ယောက်ကို သင်ခန်းစာပေးထားပြီးနေပြီလေ"

ဟု သူပြောလာတော့ မြပန်းရုံ သူ့ကို အတန်ကြာ မော့ငေးကြည့်နေသည်။ နောက်တော့ နှုတ်ခမ်းလေးတွေ တွန့်ရုံမျှ ပြုံးသည်။ ချက်ချင်း ပြန်၍ မြပန်းရုံ၏မျက်နှာလေးထက်မှာ သူ တွေ့ရသည်က မထီတရီနိုင်သည့် အရိပ်လေးတွေပါတကား။ ဤသို့ .. မထီတရီဟန်လေးတွေ မျက်နှာထက်မှာ စွန်းထင်းလာပြီဆိုလျှင်တော့ဖြင့် နောက်မဆုတ်စတမ်း တစ်ခုခုကို ပြောချလိုက်တော့မည်ဆိုတာ သူ အလိုလို နားလည်နေနှင့်ရပါပြီ။

"ရှင် .. ငွေ့ကို မမေ့နိုင်သရွေ့ ... မမေ့သရွေ့ .. ရှင့်ရဲ့ အထင်ကြီးမှုတွေအပေါ်မှာ ကျွန်မ ကျေနပ်နေလိမ့်မယ်လို့ မမှတ်ယူနိုင်တာဟာ .. ကျွန်မရဲ့ခိုင်မာတဲ့အဆုံးအဖြတ်ပါပဲ ကိုရန်ပြေ .. ငွေ့ဟာ ဆုံးပါးကွယ်လွန်ခဲ့ပြီ ဖြစ်ပေမယ့် .. သူ့အပေါ်မှာ ရှင့်အချစ်တွေရှိနေသေးသမျှ .. ကျွန်မအပေါ်မှာ ရှင် ခုနကပြောတဲ့အထင်ကြီးမှုဆိုတာတွေက .. ဖုံးခြွ

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်တဲ့ အစအနလေးတွေလောက်ပဲ ရှိနေမှာပေါ့ .. အဲဒါတွေလေးတွေကို ကျွန်မ လိုက်ကောက်မနေနိုင်ဘူးလေ၊ သိမ်းလဲမထားနိုင်ဘူး .. ကျွန်မကို လောဘကြီးတယ်လို့တော့မထင်လိုက်ပါနဲ့ ကိုရန်ပြေ .. ကျွန်မက ကျွန်မကို ပုံပြီးအထင်ကြီးတာမျိုးကိုပဲလိုချင်ပါတယ် .. ဟိုဖဲ့ဒီခြွေနဲ့ ခွဲခွဲပေးဝေလုပ်တာမျိုးကို ကျွန်မ တန်ဖိုးမထားဘူး ကိုရန်ပြေ၊ ဒါပါပဲ .."

ဟု ပြောချလာတော့ သူ ငိုင်သည်။

"ရှင် .. ငွေ့ကို တကယ်မေ့ပြီဆိုတာကို .. ရှင် .. ရိုးရိုးသားသား ပြောလာနိုင်စွမ်းတဲ့ နေ့တစ်နေ့ကို .. ကျွန်မ စောင့်နေပါ့မယ် .. ရှင် .. ငွေ့ကို မမေ့နိုင်ဘဲနဲ့တော့ .. မေ့ပါပြီရယ်လို့ လိမ်မှာမဟုတ်ပါဘူး .. ရှင့်ရဲ့သိက္ခာကိုတော့ ရှင် ထိန်းမှာပါလေ .."

ဟု ဆက်ပြောလာပါသည့် မြပန်းရုံကို သူ ငေးကြည့်မိသည်။ စိတ်ဓာတ်အရာမှာ တကယ့်ကိုပြတ်သားပွင့်လင်းလျက်ခေါင်းလည်းမာသော မြပန်းရုံဆိုတာ သူ ပို၍ နားလည်လာသည်။ သူ သက်ပြင်းရှိုက်လိုက်မိရပါပြီ။ ဟုတ်သည်။ ငွေ့ကို သူ မမေ့နိုင်သေး။ မေ့ကလည်းမရနိုင်သေး။ မမေ့ရက်နိုင်ဘဲဖြစ်နေတာလည်း သူ အသိဆုံး။ သူ ပြတင်းအနီးမှာ သွားရပ်ကာ လမ်းလင့်မြင်ရာ ပန်းခြံကို ငေးကြည့်ငြိမ်သက်နေမိရပါပြီတည်း။ မြပန်းရုံကို သတ္တိ ကလေးတစ်ယောက်အပေါ် ထားရှိဖြစ်တည်ရပါလေသော ချစ်ခြင်း လေးဖြစ်ရသည့်စိတ်တော့ သူ့ရင်မှာ ဖြစ်တည်တာအမှန်။ ဒါပေမဲ့ ထိုအရာသည် အချစ်ဖြစ်မလာနိုင် ..။



"ရှင့်ကို .. ကျွန်မ ကျေးဇူးတင်တာ တစ်ခုရှိပါတယ် ကိုရန်ပြေ .. ရှင်ဟာ .. ငွေ့ကို မမေ့နိုင်တာကိုလဲဝန်ခံတယ်၊ ကျွန်မဆီက အချစ်ကိုလဲ လိမ်ညာပြီးတော့ မယူသလို .. ရှင့်အချစ်ကိုလဲ လိမ်ညာပြီးတော့မပေးတဲ့အတွက် .. ရှင့်ကိုလဲ ကျွန်မ ကျေးဇူးတင်ပါတယ် .."

လှမ်းပြောလာပါသည့် မြပန်းရုံကို ဘာကြောင့် သူ လှည့်မကြည့်ရဲပါသတဲ့လဲ။ အေးစက်စက်လေးပြုံးနေမည့်အပြုံးလေးကို ရင်မဆိုင်ရဲ၍ဆိုတာ အလိုလို သူ့ရင်ထဲမှာ သိနှင့်နေရပါသည့်အဖြစ် ..။

"စောစောက .. ကိုယ့်ကြောင့် .. မင်း .. စတိုခန်းထဲမှာ မွန်းကျပ်တဲ့ဝေဒနာနဲ့ မေ့နေရတာကို .. ကိုယ် တောင်းပန်တယ် မြပန်းရုံ၊ မင်း အဲသလိုဖြစ်တတ်တယ်ဆိုတာ ကိုယ် မသိခဲ့ဘူး မြပန်းရုံ .."

သူ .. ဖျတ်ခနဲလှည့်ကာ ခပ်တိုးတိုးတောင်းပန်စကား ပြောလာတော့ မြပန်းရုံ ခပ်တိုးတိုးရယ်သည်။

"ရှင်ဟာ .. ဘာကိုမှ ကိုယ့်ကိစ္စကလွဲရင် စိတ်မဝင်စားတတ်ဖူးဆိုတာ ကျွန်မ သိပါတယ် .. အန်တီသင်နဲ့မေမေကလဲ ဒီကိစ္စကို .. ပြောပြဖို့ဆိုတာ ဟိုတုန်းကတော့ ဘယ်သတိတရဖြစ်နေပါ့မလဲ .. ကျွန်မတောင်မှ .. လေးငါးနှစ်သမီးလေးပဲရှိသေးတာဥစ္စာ .. ဇောာ်နည်းတဲ့ ကိုကိုပြည့်ကလဲ ရှင့်ကို .. အဲဒီအဖြစ်ကို တခုတ်တရ ဘယ်ပြောပြပါ့မလဲ၊ ပြီးတော့ .. အိမ်ချင်းနီးနေပေမယ့် .. ရှင်က .. လေးနှစ် ငါးနှစ်အရွယ် ချာတိတ်မလေးတစ်ယောက်ဖြစ်တဲ့ ကျွန်မ

www.burmeseclassic.com



ကို ဘယ်အာရုံထားပြီး ဂရုတစိုက် စိတ်ဝင်စားစရာအဖြစ်
ရှိပါ့မလဲ .. ပြီးတော့ .. ရှင်ဟာ .. အဲဒီတုန်းက .. ဘဝင်
ခပ်မြင့်မြင့်ဖြစ်နေတဲ့ အလယ်တန်းကျောင်းသားကြီးဖြစ်နေ
တာကိုး .. စာအုပ်တွေအရမ်းဖတ်ပြီး အခန်းအောင်းနေတတ်
တဲ့ .. ဘဝင်ခပ်မြင့်မြင့်နဲ့ .. မြင့်မြတ်ခြင်းအလွှာတစ်ခုကို
ဖန်ဆင်းနေတဲ့သူတစ်ယောက် ဖြစ်နေတာကိုး .. ကျွန်မ
မှတ်မိပါတယ် .. ကျွန်မ ခုန်ပေါက်ပြီး ကလေးပီပီ
အန်တီသင့်အိမ်ကို ပေါက်ပေါက်သွားတဲ့အခါများမှာ
ရှင်ဟာ .. အလွန်အိုက်တင်တကြီးနဲ့ စာအုပ်တွေကို အခန်း
အောင်းဖတ်နေတတ်တဲ့သူ ဖြစ်ဖြစ်နေတာပဲလေ .. ကျွန်မ
တံခါးကြားက .. ခိုးကြည့်ကြည့်နေမိခဲ့ဖူးတာပဲ ဦးစွာ
"ဟင် .. မင်းက .. ဟိုတုန်းကတည်းက .. ငါ့ကို ဘဝင်
မြင့်တယ်လို့သဘောပိုက်ပြီး .. ခိုးကြည့်နေတယ်ပေါ့လေ
ကြည့်စမ်း .. ကောင်မလေး .. ငါမသိခဲ့ဘူးကွ .. အဲဒါတွေ"

သူလည်း ဖွတ်ဆို ရုက်အမ်းအမ်းကြီး ဖြစ်သွား
ကာ မြပန်းရုံကို တစ်ချက်ခေါင်းလေးခေါက်ပစ်ချင်စိတ်ဖြင့် လှမ်း
ကြည့်ပြောတော့ မြပန်းရုံ ပြုံးသည်။ မျက်ဝန်းနက်နက်လေးတွေ
အရည်လဲ့နေ၏။ အတိတ်ဆီမှ .. မြပန်းရုံဆိုသည့် ကောင်မလေး
တစ်ယောက်၏ ခံစားချက်တွေ လတ်တလောမှာ ပြန်၍ခံစား
ရသည့်နှယ်ရှိနေပါသည့် ကြည်လဲ့လဲ့အရိပ်လေးတွေဖြစ်တည်နေ
သည့် မျက်ဝန်းလေး။ သူ့ကို ချောင်းကြည့်ခဲ့တာကို ပြန်၍ အာ
ထဲထင်နေပုံရသည်။ သူ မှတ်မိတာတော့ ရှိပါသည်လေ။ ပါး
တိုတို .. ဒူးဆစ်ပေါ်လေးဖြင့် ခုန်ပေါက်ခုန်ပေါက်ဖြင့် ရောက်ရော



လာတတ်လျက် .. ဒေါ်ကြီးခက်နှင့် မေမေတို့ထံမှ မုန့်တွေ ညာ
ညာတီးတတ်သည့် ဖြူဥဥ .. ကောင်မလေး၏ပုံရိပ်။ သူ .. ဤမျှ
လောက်ပဲ ဤကောင်မလေးကို အမှတ်ထားတာလေးလောက်ပဲ
ရှိသည်။ ထိုကောင်မလေးနှင့် လက်ထပ်ရချေမည်ဟုပင် မတွေး
ထားမိခဲ့။ ထိုစဉ်က .. သူလည်း အလယ်တန်းကျောင်းသားပဲ ရှိ
နေချေသည်ကိုးလေ။ စာအုပ်လေးတကိုင်ကိုင်ဖြင့် စာအရမ်းဖတ်
သည့်သူ့ကို ဤသူငယ်မ .. အကြိမ်ပေါင်းဘယ်လောက်ခိုး၍ခိုး၍
ချောင်းချောင်း ကြည့်နေခဲ့ဖူးသည်မသိ။ မျက်ဝန်းနက်နက်ဝန်းဝန်း
လေးတွေဖြင့် တံခါးအကွယ်မှာ ကိုယ်လေးကွယ်ရပ်ရင်း ချောင်း
ကြည့်နေမည့် မျက်နှာဖြူဥဥလေးကို ပြန်၍ ခုမှမှန်းဆတွေးမိရ ..
မြင်ယောင်မိရ နှင့်ပါ။ ချစ်စရာလေးတော့ ကောင်းနေချေမည်သာ။
ဤကောင်မလေး ငယ်ကတည်းက .. ဖြူဖြူလေးနှင့် ချစ်မွေးတော့
အရှိခဲ့ ..။

"မင်းကို .. ငါ သတိထားမိတာတစ်ခုပဲရှိတယ် .. ခေါင်း
လေးဘာလေး တစ်ခါတစ်ခါမှာဆံ့မိရင်းနဲ့ ပုတ်မိခဲ့တာလေး
လောက်ဆိုပါတော့ .. ပြီးတော့ .. လူကသာ သေးသေးလေး
ဂါဝန်လေးဝတ်ထားတဲ့ မင်းလေးဟာ .. လူသာသေးတာ ..
ဒူးကကြီးတယ် .. ညည်းကို .. ငါက ကျိတ်ပြီးနာမည်ပေး
ထားတာ .. ဒူးကြီးမ .. လို့ .."

ဟု ပြောတော့ မြပန်းရုံ မျက်နှာလေးရဲလျက်
မကျေမချမ်းလေး မျက်စောင်းထိုးလာသည်။ ရက်လည်းရက်သွား
ပုံရ၏။

"ဘာလဲ .. ရှင်က .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ရှေ့ဆက်မပြောတတ်သည့်နှယ် ရပ်သွားပေမယ့် ရန်ထောင်ချင်နေတာကတော့ သိသာနေသည်ပါပဲ။

"နောက်ပိုင်းတော့လည်း .. မင်းက .. ဆယ့်နှစ်နှစ်သမီး လောက်မှာ ဘွားနဲ့ပါသွားတာ .. လုံးဝဆိုတော့ .. မမြင် ဖူးတော့ဘူးလေ .. မင်းနဲ့ပတ်သက်ပြီး .. ငါလဲ သတိတရ သိပ်မရှိခဲ့တာတော့ အမှန်ပဲကွ .. ဒေါ်ဒွေးကြီးလေးရ .."

ဟု ဆက်ပြောတော့ မြပန်းရုံ ခေါင်းလေးစုံကုတ် ဖွပစ်ကာ ..

"ဘာဒေါ်ဒွေးကြီးလဲ .. ဟင် .. ဘာဒေါ်ဒွေးကြီးလဲ .. အဲသ လို လူတွေကြားထဲ မခေါ်မိပါစေနဲ့ .. ခု .. ကျွန်မ .. အဲသလို .. မဟုတ်ဘူးသိရဲ့လား .. ဒွေးကြီးမလို့မခေါ်ဘူး ဆိုတာကတိပေး .. တော်နေကြာ .. လူကြားထဲလွှတ်ခနဲ ခေါ်လိုက်ရင် .. ပန်းရုံ .. ရှက်လို့သေမှာ .. ရှင့်ကို .. လုံးဝ စကားမပြောတော့ဘူးဆိုတာ သတိပေးထားပါရဲ့နော် .."

ဟု ရှက်မဆုံးနိုင်ဘဲပြောနေသမျှ ပြုံး၍ကြည့်မိရပါ ပြီတည်း ..။

ခုလိုကျတော့လည်း .. သွေးသားရင်းချာ ဆန်လာ သည်ပဲလေ။ တရင်းတနှီးလေးလည်းဆန်လာသည်။.မောင်နှမနှစ် ယောက် ဖြစ်နေကြသလိုလေးပင် ဖြစ်ဖြစ်နေသေးသည်ကောလေ။

ဖြူစင်လွန်းသည်ပဲ .. ဟုတွေးကာ .. မြပန်းရုံကို ကြည့်ရင်း သူ့ ခပ်တိုးတိုးရယ်နေမိရင်းမှ .. ရင်ထဲမှာ ပျော်လာမိ သည်ကို ဝန်မခံဘဲနေ၍မရ ..။

○ ❧ ○



## အခန်း(၁၉)

"ဘယ့်နှယ်လုပ်တာလဲ မြပန်းရုံ .. အဲသလိုမလုပ်ကောင်း ဘူးဆိုတာလေးလောက်တောင်မှ အဆင်ခြင်နည်းရသတဲ့ လား .. ဟင် .. ဘယ်နှယ်တော် .. မင်္ဂလာဦးရက်မှာ .. ခွဲခွဲခွာခွာနေသတဲ့ .. သူများတကာမှာ .. ခွဲရဝေးရမှာစိုး စိတ်နဲ့ တစ်သက်လုံးပေါင်းဖက်ရပါစေလို့ ဆုတောင်းကြရတဲ့ ရက်မျိုး ... အခါမျိုး ... ခုကျတော့ .. ညည်းက ဘာကိစ္စ နဲ့ ဧည့်သည်တွေနေတဲ့အခန်းမှာ တကန့်တခြား သွားနေရ တာတဲ့လဲ .. ပိုးဥ အားလုံး မေမေ့ကို သတင်းပို့တယ် .. အိမ်တွင်းကိစ္စ .. ပိုးဥ သတင်းပို့မှုကို နားလည်ထား .. နောက်ကို .. အဲသလို နိမိတ်မကောင်းတာကို မလုပ်ပါနဲ့၊ မေမေတို့ လက်ထပ်ထားပေးတာ .. ညည်းတို့တစ်သက် လုံးမခွဲမခွာမေတ္တာရှိရှိနဲ့ သစ္စာရှိရှိနဲ့ .. သံယောဇဉ်မြဲမြဲနဲ့ ပေါင်းဖက်ကြဖို့ဆိုတာကိုလဲ မမေ့ပါနဲ့ .. ခုတော့ .. ဘယ့် နှယ်ကွယ် .. ဧည့်သည်တွေအတွက်ရည်စူးထားတဲ့ အခန်း မှာ သွားနေရလောက်အောင် .. ညည်းက .. ဒီသခင်မှူး၏

www.burmeseclassic.com

www.burmeseclassic.com



ညှော်သည်လား .. ပိုးဥ .. အဲဒီအိပ်ရာတွေအားလုံး .. ပြန်ခေါက်သိမ်းစမ်း .. သေချာဗီရိုထဲပြန်ထည့် .. အခန်းအားလုံး သော့ခတ်မယ် .. အဲဒီသော့ကို .. မေမေ ကိုယ်တိုင်ကိုင်အပ်ခဲ့မယ် .. ညှော်သည်လာရင် .. ပိုးဥက သော့တောင်းယူပြီး ဒီအခန်းတွေကို ဖွင့်သင့်တဲ့အခန်းမှဖွင့်ပေး .. ညှော်သည်အတွက်တစ်ခန်းပဲလိုရင် တစ်ခန်းပဲဖွင့်ရမယ် .. ကြားလား ပိုးဥ .."

"ဟုတ်ကဲ့ပါ အန်တီခင်"

ပိုးဥဆိုတာက .. အန်တီသင်၏ပုလဲရိပ်ငြိမ်မှဖြစ်ပေမယ့် .. ပုလဲရိပ်ငြိမ်နှင့် ကြာရိပ်မြိုင်ဆိုတာက ခြံချင်းမဝေးသည့် တစ်လမ်းတည်းမှာရှိသည့် အိမ်တွေပေမို့။ ပြီးတော့ .. အရမ်းကိုချစ်ကြသည့် နှစ်အိမ်ထောင်ပေမို့ မေမေ့ကိုလည်း ပိုးဥက အန်တီခင် .. အန်တီခင်နှင့် တရိုတသေထားသည်ပါပဲ။ ချစ်သည်ပါပဲ။ ပိုးဥကိုလည်း မေမေက ဘာမဆို ပြောမနာဆိုမနာ ပြောနိုင် ခိုင်းနိုင်သည့် အခြေအနေမှာရှိနေကြသည်ကိုးလေ။ ခု .. မေမေ ရောက်လာတော့ .. ပိုးဥ၏ သတင်းတော်ပို့မှုကြောင့် .. ပန်းရုံ ဧည့်သည်ခန်းမှာ အိပ်တာလည်း သိကုန်ပြီ။ သိသည်မှ .. မေမေတစ်ယောက်တည်း မဟုတ်။ အန်တီသင်လည်း သိသည်ပါပဲ။ မေမေက ပန်းရုံကို လှမ်း၍ဆူနေချိန်မှာ အောက်ထပ်ထမင်းစားဆောင်မှာလည်း သူ့ကို အန်တီသင် ကောင်းကောင်း ဖိဆူနေသည့်အဖြစ်။ သတင်းတော်သူကောင်းမ .. ကျေးဇူးရှင်မ ပိုးဥကိုလည်း မေမေက ဆူတွေဘာတွေ ချ။ အန်တီသင်ကလည်း ဆုချဖြင့် ဝတ်စုံနှစ်စုံပင် အမြတ်ကျန်သေးသည့်အဖြစ်ပါသည်။



မသက်သာ။ ဟုတ်သည်။ သက်သာလမ်းမမြင်။ ဤပုံအတိုင်းဆိုလျှင်ဖြင့် .. ဝတ်စုံသစ်မျက်နှာဖြင့် ပိုးဥကတော့ ထောင့်စေ့စေ့ဖြင့် လွှတ်ပေါက်မရှိအောင် သေချာပေါက်ချောင်းနေတော့မှာကေန်မလွဲ။

ခုလည်း အိပ်ရာတွေ သေချာခေါက်။ ဗီရိုထဲပြန်သိမ်း၊ ဗီရိုထဲရှိ မြပန်းရုံ၏အဝတ်အစားတွေကအစထုတ်ယူနှင့် အားလုံးသွက်လက်စေ့စပ်နေသည်မှ မျက်စိပင် နောက်ချင်လာနေရပါပြီ။ မျက်မှောင်လေးကုတ်၍ မြပန်းရုံ ကြည့်နေစဉ်ခိုက် မေမေက ..

"အဝတ်တွေအားလုံး ဟိုအခန်းမှာသွားထား .. ခုတင်ပေါ်တင်ထားခဲ့ သူ့ဘာသာသူ အဝတ်တွေ ဗီရိုထဲထည့်လိမ့်မယ် ပိုးဥ .. ပြီးရင် အောက်ထပ်မှာသွားနေ .. အန်တီခင် ခေါ်လာတဲ့ .. ဒေါ်ကြီးနွဲ့ကို လုပ်ကိုင်ကူလိုက် .. ဟုတ်ပြီလား"

မေမေ ရောက်လာသည်က မနက်ပိုင်းမှာပါ။ တော်သေးသည်။ ငွေဆစ်ပန် မရှိချိန်ကျမှ ရောက်လာ၍ပါ။ ဒါပေမဲ့ .. အဖြစ်စုံကိုတော့ အန်တီသင်က အားလုံး မေမေ့ကို ပြောပြလိုက်သည်ပါပဲ။ သဇင်ဖူးမှာ လုပ်ကိုင်ချက်ပြုတ်နိုင်ဖို့အတွက် ဒေါ်နွဲ့ဆိုသည့် အဒေါ်ကြီးတစ်ယောက်ကို .. ခေါ်လာဖြစ်သည်ကလည်း ကြာရိပ်မြိုင်မှ ဒေါ်ကြီးဆွေ၏ ဆွေရိပ်မျိုးရိပ်မကင်းသည့်အထဲမှ ခေါ်လာဖြစ်ခဲ့ခြင်းပါ။ ဒေါ်ကြီးဆွေပဲ စီစဉ်ပေးခဲ့သည်ပါပဲ။ မြပန်းရုံကို နေရာချထားပေးတော့မည်ဆိုကတည်းက .. ဒေါ်နွဲ့ကို သဇင်ဖူးမှာထားဖို့ မေမေ စီစဉ်ထားပြီးသားပါတဲ့လေ။ ဒေါ်နွဲ့ဆိုတာက အပျိုကြီးဖြစ်လျက် .. တူတစ်ယောက်နေမကောင်းဖြစ်နေ၍ တပ်ချက်ကြာသွားရခြင်းပါတဲ့။ အားလုံး မေမေ ပြောပြခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နွဲ့ကိုလည်း မြပန်းရုံနှင့်ရော .. သူ့ကိုရော ဆုံပေးခဲ့ပြီးပြီ။ ပြီးတာနှင့် နှစ်ဖက်စလုံး ဘက်တူနေကြသည်ပါပဲ။ အဆူခံထိသည့်ဘက်မှာ မျက်နှာကောင်းမရစွာ ငြိမ်ခံနေကြရပါသည့်အဖြစ်။

ပိုးဥ ထွက်သွားတော့ မေမေ ခပ်တည်တည်ကြည့်သည်။

"ငွေနဲ့ပတ်သက်လို့ မေမေ အားလုံးကို သိထားတယ်၊ ကိုပြည့်လဲ သိထားတယ်၊ ရန်ပြေနဲ့ပတ်သက်ပြီး .. မေမေ အပြစ်မမြင်ဘူး .. လူငယ်ပဲ .. ချစ်သူဆိုတာ ရှိနိုင်တာပဲ၊ လူကြီးတွေချည်း အရင်တုန်းက စီမံထားတာတွေကို .. အစကတည်းက .. သူ့ကို အသိပေးထားသင့်တာ .. အသိမပေးခဲ့မိဘူးလေ .. အဲဒါကိုက .. လူကြီးတွေဘက်က ပျက်ကွက်မှုပဲ .. အဲဒါကလဲ ညည်း ပညာမစုံသေးဘူးဆိုပြီး ဒီကိစ္စ စကားမဟသေးပဲထားခဲ့မိကြတာ .. အဲဒါကြောင့်လဲ .. သူချစ်သူတွေဘာတွေ ရှိသွားခဲ့ရတာပေါ့ .. အစကတည်းက သူသိရင် .. ငွေနဲ့ သူ ဘယ်ချစ်သူဖြစ်ပါ့မလဲ"

ပြောနေသည်မှအပိုင်။ မေမေကတော့ .. သမက်ဘက်က အရမ်းရပ်တည်နေသည့်အဖြစ်။

"အဲဒါတွေ ညည်းကိုမပြောဘဲ တမင်ချန်ထားရတာကလဲ ဒီမင်္ဂလာဖြစ်မြောက်အောင်လို့ပဲ မြပန်းရုံ .. မောင်ရန်ပြေဟာ လူကောင်းတစ်ယောက်ပဲ .. လူယဉ်ကျေးတစ်ယောက်ပဲ .. သူ့မှာ ချစ်သူရှိခဲ့ဖူးတာ မှန်တယ် .. ခု .. မရှိတော့ဘူး .. သူ ချစ်သူထားဖြစ်ခဲ့တာကလဲ .. မေမေတို့လူကြီးတွေဘက်က .. သူ့ကို ညည်းနဲ့ရည်မှန်းထားတာမပြော



ခဲ့ကြတဲ့ အပြစ်ကြောင့်လဲဖြစ်တယ် .. ဒါ .. မှုမှုတာတာတွေး ရမယ့်ကိစ္စ"

မြပန်းရုံ စိတ်မာတက်ကျသည်။ လုံးဝမျှော်လင့်ချက်မရှိ။ ငွေနှင့် သူ ချစ်သူဖြစ်ခဲ့သည့်ကိစ္စ မြပန်းရုံဘက်က ခေါင်းတည့် ပြောနေသော်လည်း အပိုတွေပဲဖြစ်ကုန်တော့မှာ သေချာနေသည်မို့ ဘာဆိုဘာမျှ ပြောပြချင်စိတ်လည်း မရှိချင်တော့။

"မေမေတို့ ပန်းရုံကိုတော့ အသိပေးဖို့ ကောင်းပါတယ်"ဆိုတာကိုပြောဖို့ မျက်ရည်ဝေ့တက်လာနေရင်း ခံစားရလေသမျှ သွန်ချဖို့လည်း စိတ်မကူးချင်တော့။

"ငွေသစ်ပန်ရဲ့ ပြင်ဦးလွင်ကအိမ်ကို .. သူ့အမြွာညီမ ရောက်လာတယ်ဆိုတာကအစ .. သင်သင် လွှတ်ထားတဲ့သူက .. သတင်းပို့လာကတည်းက .. သင်သင် လန့်နေတာ၊ အဲဒီအမြွာညီမကို ရန်ပြေ မြင်သွားရင် .. အဲသလိုမျိုးရိုးမကောင်းတဲ့ .. မျိုးဆက်သွေးနဲ့ ပြန်ပတ်သက်တော့မှာပဲဆိုပြီး ငိုယိုရင်း မေမေ့ကို ကြာရိပ်မြိုင်မှာ လာပြောပြ .. ပြီးတော့ .. ရန်ပြေလေးကို အမြန်ဆုံး နေရာချထားလိုက်ပါရစေတော့ဆိုတာနဲ့ .. မေမေလဲ ခေါင်းညိတ်ရတော့တာပါပဲ .. သင်သင့်မျက်ရည်ကို .. မေမေ မကြည့်ရက်ဘူး"

ဟု ပြောလာတော့ သမီးရဲ့မျက်ရည်ကိုတော့ ထည့်မတွက်ဘူးပေါ့ .. ဟု မေမေ့ကို ရင်ကွဲခံ၍ မေးလိုက်ချင်သည်ပါပဲ။ ဒါပေမဲ့ .. မမေးရက်တော့ပါ။ မေမေ စိတ်ဆင်းရဲတာပဲ အမြတ်ကျန်နေမည့်ကိစ္စ။ ပြော၍လည်း မထူးတော့သည့်ဘဝပေပဲလေ။

"အဲဒါကြောင့် .. မန္တလေးက .. ညည်းရဲ့အိုးနဲ့ဘွားကို

www.burmeseclassic.com

www.burmeseclassic.com



မေမေပဲ အကျိုးအကြောင်းပြောရတော့တာ .. ရန်ပြေလေးကို .. ပန်းရုံနဲ့ အမြန်နေရာချထားပေးချင်နေတဲ့ သင်သင်တို့ဆန္ဒကိုလဲ ပြောပြရတာပေါ့ .. အဲဒီငွေကိစ္စရော .. ငွေဆစ်ပန်ဆိုတဲ့ အမြွာကိစ္စရော .. အဲဒါကိုတော့ ဖေဖေနဲ့မေမေတို့စိတ်ရှုပ်မှာစိုးလို့ ချန်ထားခဲ့တာတော့အမှန်ပဲ .. အဲဒါတွေ ဖေဖေနဲ့ မေမေတို့ မသိကြဘူး .. ချွေးမ ဆိုပေမယ့် .. မေမေ့ကို အရမ်းချစ်ကြတဲ့ ဖေဖေနဲ့မေမေကလဲ .. အစကတည်းက .. သင်သင့်ကိုလဲ ချစ်ကြတာပါပဲ .. အရင်ကတည်းက သဘောမျှပြီးသားဖြစ်တဲ့ ရန်ပြေလေးကိုလဲ စာရေးဆရာလေးဆိုပြီး အလွန်တန်ဖိုးထားတာ .. စာပေကိုမြတ်နိုးတဲ့မြို့မှာနေတာဆိုတော့ .. စာရေးဆရာတန်ဖိုးကို အလွန်အလေးထားတာလေ"

ဟု ပြောနေသမျှ မြပန်းရုံ ငြိမ်သက်နားထောင်နေရုံပဲ တတ်နိုင်တော့သည်ပါပဲ။

"ဟိုမိန်းကလေး ခြံထဲမဝင်နိုင်အောင် .. ကိုထိုက် ဂရုတစိုက်ထားလိမ့်မယ် .. ပြောထားတယ်နော် မြပန်းရုံ .. အိမ်ထောင်သည်ဖြစ်ပြီ .. ခင်ပွန်းသည်ကို အစွဲ့တိုက်တာတွေဘာတွေလုပ်ရင် .. မေမေ စိတ်ဆင်းရဲနေမှာပဲ ဆိုတာကိုအရင်တွေးပါ .. နားလည်လား .. ဒီအိမ်ထောင်ကိုတည်ပေးခဲ့တာ .. မေမေဖြစ်တယ်ဆိုတာ မမေ့ပါနဲ့"

မေမေ ပြောနေသမျှ မြပန်းရုံ ငြိမ်သက်နားထောင်နေလိုက်ရသည်ပါပဲ။ ပြော၍လည်း ဘာမျှထူးမလာနိုင်တော့တာကို အလိုလိုသိနေရပြီးနေပြီပဲလေ။



အောက်ထပ်သို့ မေမေ မြပန်းရုံ၏လက်လေးကိုဆွဲ၍ ခေါ်လာသည်က ထမင်းစားဆောင်မှာ အဆူခံထိနေသည့်သူ့ထံသို့ပါတည်း။ အခန်းထဲမှမရောက်ရသေး။ ခန်းဆီးခြားထားသည့် တစ်ဖက်ခန်းဆီမှ အသံကတော့ လွင့်နေပြီ။

"အဲဒီပန်ဆိုတဲ့ မိန်းကလေးနဲ့ နောက်ကို လုံးဝမပတ်သက်ပါနဲ့"

"သူ့ကို သား မသိပါဘူးဆိုမှ မေမေရာ .. စိတ်ချ .. မပတ်သက်ပါဘူး"

"အဲဒီစိတ်ချဆိုတာကိုပဲ မေမေ စိတ်မချတာ .. တော်နေကြာ ငွေ့မျက်နှာကြောင့် လက်ခံနေရဝါတယ် .. တွေ့နေရပါတယ်နဲ့ဖြစ်ကုန်မှာ မေမေ စိုးရိမ်တယ်သိရဲ့လား .. မေမေ့မျက်နှာကိုပျက်အောင်မလုပ်ပါနဲ့ .. ပန်းရုံလေးဟာ သူ့တို့တွေနဲ့ ဘာမှမဆိုင်တဲ့မိန်းကလေး .. အရာရာအားလုံးဖြူစင်နေတဲ့ကလေး .. အဲဒါကို နားလည်ပါ .. ကလေးကို မျက်ရည်ကျအောင်လုပ်ကြည့် .. မေမေနဲ့ မင်းနဲ့ သေခန်းပြတ်ပဲ"

"ဟာ .. မေမေကလဲ .. ဒီနေ့ .. အဲဒီ ပန်လာမယ်ဆိုတာလဲ သား မသိပါဘူး .. သူ့ဘာသာသူ ရောက်လာတာပါ"

"အဲဒါကြောင့်ပြောတာပေါ့ .. သူတို့ဗီဇကို မေမေ မကြိုက်ဘူးဆိုတာ .. ခု .. သိပြီမဟုတ်လား .. သူ့အစ်မနဲ့ ချစ်သူဖြစ်ခဲ့တဲ့ လူတစ်ယောက်ဆီကို .. သူက ဘာကိစ္စနဲ့ ဒီမနက်ကြီးမှာ လာတွေ့နေရမှာလဲ .. သူ့မွေးနေ့ကို .. သူ့ဘာသာသူကျင်းပပါလား .. ဒီကိုဘာလာပတ်သက်နေစရာလိုသလဲ .. အဲဒါကိုကမဟုတ်ဘူး .. ကြပ်ကြပ်သတိထား

www.burmeseclassic.com

www.burmeseclassic.com



ပါ ရန်ပြေ .. ဒါပဲ မေမေပြောမယ် .. ကလေးကို စိတ်ညစ်အောင် မလုပ်မိပါစေနဲ့ .. ဟိုမှာ သူ့ဘိုးအေဘွားအေတွေက ဖူးဖူးမှုတ်ထားတာ .. ပိုးလိုဥထားတာ .. အဲဒါကို နားလည်ပါ .. ဒီမှာလဲ .. ခင်ခင်တို့က သည်းသည်းလှုပ်ချစ်နေကြတာမမေ့ပါနဲ့ .. သူများသားသမီးကို လက်ထပ်ယူပြီးပြီဆိုရင် .. စိတ်ချမ်းသာအောင်ထားရမယ်ဆိုတာ သတိကြပ်ကြပ်မြပါ ရန်ပြေ .. သဘောပေါက်ရဲ့လား .."

"ဟုတ်ကဲ့"

မြပန်းရုံ ရင်ထဲ တစ်ချက်ကျေနပ်၏။ တကယ်ဟုတ်ကဲ့သည်လား .. နားငြီးသက်သာအောင် ဟုတ်ကဲ့သည်လားတော့ မသိ။ ဟုတ်ကဲ့ .. ဆိုသည့် ကတိစကားကိုတော့ ပေးဖော်ရနေသေးသည်လေ။ စောင့်ကြည့်သေးတာပေါ့ .. ဟု မြပန်းရုံရင်ထဲ တေးထားလိုက်သည်ပါပဲ။

"ပန်းရုံကို လက်ထပ်ပြီးပြီ .. သူ့မေမေလဲ စိတ်ချမ်းသာဖို့ လိုတယ် .. သူ့အစ်ကိုလဲ စိတ်ချနေဖို့လိုတယ် .. ခုလို .. ဒီမနက်မှာပဲ .. ဟိုမိန်းကလေးက .. ဝင်ဝင်ထွက်ထွက်လာလုပ်နေပြီဆိုတည်းက .. ဟိုဘက်မိဘမောင်ဘွား ဘယ်စိတ်အေးနိုင်ပါ့မလဲ .. ကိုယ့်အိမ်ကိုယ့်ခြံ .. သူများကို လက်ခံမှ သူများကဝင်နိုင်တာ .. ကိုယ်လက်မခံရင် .. ဘယ်သူမှ ဝင်လို့ထွက်လို့မရဘူး .. နားလည်လား .. မင်း .. အိမ်ထောင်ဦးစီး .. မင်းတာဝန်အရှိဆုံး .. နောက်တစ်ခေါက် အဲဒီခွေးဆစ်ပန်ဆိုတဲ့ .. မိန်းကလေး .. ဝင်တယ်ကြားကြည့် မေမေ့အဆိုးမဆိုနဲ့ .. ပန်းရုံရှေ့မှာကို .. မင်းကို .. ကြိမ်နဲ့



ဆော်ပြမယ် .. ဘာမှတ်လဲ .. မေမေ့ချွေးမလေးကို စိတ်အဆင်းရဲမခံနိုင်ဘူး"

"ဟာ .. ရက်စရာကြီး .. မလုပ်ပါနဲ့ မေမေရ .. သူလဲ မလာစေရပါဘူး .. သားလဲ အရိုက်မခံနိုင်ပါဘူး"

သားအမိနှစ်ယောက် စကားကိုရပ်နားထောင်နေရင်းမှ မေမေ ခပ်တိုးတိုးရယ်သည်။ ပန်းရုံလည်း ရယ်ချင်လာသည်ပါပဲ။ ဒါပေမဲ့ .. ပန်းရုံစိတ်ပြေပျော်သွားပြီဟု အထင်မခံနိုင်သေးတာမို့ ရယ်ချင်စိတ်ကို အောင့်ထားရသည်။ ကြိမ်နှင့် အဆော်ခံရမှာကျတော့ အလန့်တတ်သားဟု တွေးဖြစ်ရင်း ရင်ထဲမှာ ရယ်ချင်နေသည့်အဖြစ်။ ဒါပေမဲ့ .. မျက်နှာလေးကို အေးစက်စက်လေး လုပ်ထားရင်း ပန်းရုံ မေမေ့ဘေးမှာ ငြိမ်ရပ်နေလိုက်သည်ပါပဲ။

ကြည့်ရတာ .. ခေါင်းကြီးနွဲ့ရော ပိုးဥကိုရော .. ခြံထဲ အဆင်းခိုင်း .. ရှောင်ခိုင်းထားပြီး .. ကောင်းကောင်းဆူပေးနေသည့် အန်တီသင် ဖြစ်ချေမည်ထင့်။ မေမေ အသံပေး၍ ထမင်းစားဆောင်တွင်းဝင်တော့ ပန်းရုံ ပထမဆုံး လှမ်းကြည့်မိသည်က သူ့ကိုပါ။

မျက်နှာကြီးပျက်လျက် စိတ်ညစ်နေတာကလည်း အရမ်းကိုသိသာနေသည်။ ထိုင်နေရမှာထက် ထပြေးချင်နေသည့်ပုံကြီးကို ဖုံးဖိမရအောင်ပေါ်နေချေသည့်အဖြစ်။

သူကလည်း ပန်းရုံကို လှမ်းကြည့်သည်။ ပန်းရုံတို့ ရောက်လာ၍ အဆူခံနည်းနည်းသက်သာသွားချေမည်လားဟု လည်း အသက်ရှူပေါက်ချောင်သွားပုံရသည့် အကြည့်လည်းဆန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လာ .. သမီးလေး .. အန်တီသင့်ဘေးမှာထိုင် .. ဒီကောင်ဆိုးရင် ချက်ချင်းဖုန်းဆက်ပြီး အန်တီသင့်ကိုတိုင် .. ကြားလား .. သူ့ကို ဘာမှ ကြောက်မနေနဲ့ .. ဒီကောင့်ကို ကြောက်စရာလိုဘူး"

"ဟာ .. မေမေကလဲ .. မြှောက်ပေးနေပြန်ပြီ .. သူက အမြှောက်ကြိုက်ဗျ .. မြှောက်နေတာကို အဟုတ်မှတ်ပြီး တိုင်တိုင်တောတောတွေ လုပ်တော့မှာပဲ"

"ဟင် .. ဘာပြောတယ် .. ပန်းရုံက အမြှောက်ကြိုက် .. ဟုတ်လား .. လူကို .. ပေါတာများမှတ်နေလား .."

"ဟဲ့ .. သမီးပန်းရုံ .. ဘာလို့ ကက်ကက်လန်ပြန်ပြောနေရတာလဲ .. ကိုယ့်ခင်ပွန်းသည်ကို အဲသလိုမပြောရဘူးလေ၊ ဒီမယ် သားရန်ပြေ .. သူဆိုးရင် .. အန်တီခင့်ကိုတိုင် .. သူ့ကို လုံးဝ အားနာစရာလဲမလိုဘူး .. ကြောက်စရာလဲ မလိုဘူး .. အန်တီခင့်ကို ရဲရဲတင်းတင်းတိုင် .. ကြားရဲ့လား၊ သင်သင်ကလဲ .. ပန်းရုံကို နင်းကန်မြှောက်ပေးမနေနဲ့ .. သူက .. ကလေးစိတ် .. ထစ်ဆို .. လှမ်းလှမ်းတိုင်နေမှာ"

မေမေ ကမန်းကတန်း ဝင်တားရင်းမှ သူ့ကို လှမ်း၍ကြည့်လည်းကြည့်။ သူ့ထံသွားကာ ဆံစလေးတွေ ဘာလေးတွေ သပ်ပေးရင်းပြောနေတော့ သူ့မျက်နှာလန်းလာသည်။ သူ့အကြည့်က ပန်းရုံထံမှာ တစ်ချက်တန့်၏။ အားကိုးရသည့်အကြည့်။ မေမေ့ကို အားကိုးရလျက် .. ပန်းရုံကို .. ဘယ့်နှယ်လဲ .. ဆိုသည့် လှမ်း၍ကြည့်လာသည့်အကြည့်။



အန်တီသင့်ရော .. မေမေရော .. အားလုံး ဘက်ညီနေသည်။ အန်တီသင်က ပန်းရုံဘက်က။ မေမေက .. သူ့ဘက်က ဖြစ်နေသည်။

"ကလေးမျှော .. ညက .. ဧည့်သည်အတွက်ထားတဲ့အခန်းမှာ သွားအိပ်ရရှာတယ် .. မင်းကိုက .. ကလေးကို .. ငွေ့ကိစ္စတွေ ဘယ်လောက်ထိ .. ပြောခဲ့မှန်းမှမသိတာ .. ကလေး .. ဘယ်စိတ်ချမ်းသာပါ့မလဲ"

အန်တီသင် မျက်နှာထားဖြင့်ပြောတော့ .. သူ ခေါင်းခါ၍ ..

"သားမပြောဘူး မေမေ .. သူကမေးတာ .. မေးလို့ပြောပြရတာ"

ဟု ကမန်းကတန်း ဝင်ရှင်းသည်။ သူ ရှင်းမှ အန်တီသင် မျက်လုံးမျက်ဆန်ပြူးကာ ရင်ကိုဖိ၍ ..

"အလိုလေးလေ .. ဘုရားရေ .. မင်းက ပြောပြတယ် .. ဟုတ်လား .. အဲသလောက် အလိုက်ကမ်းတရားမသိအောင် ဖြစ်ရသတဲ့လား .. ကလေးက မေးတယ်ပဲထား .. မင်းက ဘာကိစ္စနဲ့ နောက်ကြောင်းပြန်ဖော်နေရတာတဲ့လဲ .. ဟင်၊ အဲဒါ မပြောအပ်ဘူး ဆိုတာလေးလောက်တောင် မသိနားမလည်နိုင်တော့ဘူးတဲ့လား"

ရင်တီးလက်ခတ်ပြောရင်း အန်တီသင့်အကြည့်က ပန်းရုံထံသို့ ကရုဏာဖြင့်ရောက်သည်။ တောင်းပန်ကြည့်ဖြင့်လည်း ကြည့်သည်။ ဒေါသသင့်နေသည့်အကြည့်ဖြင့်လည်း သူ့ထံသို့တစ် ကျော့ပြန်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး အန်တီသင် .. ပန်းရုံကိုက .. မေးလို့ကိုကြီးဖြေရတာပါ .. မဖြေချင်လို့မရအောင် မေးလို့ပါ"

ပန်းရုံ ဝင်ဖြေစဉ်နိုက် ..

"အဲဒါပြောတာပေါ့ သင်သင်ရယ် .. သူ့ကိုကမဟုတ်တာ၊ ရန်ပြေလေးက တမင်ပြောတာမှမဟုတ်တာ .. သူကိုက အတင်းသွားမေးနေတော့ ရန်ပြေဆိုတာ လိမ်တတ်တာမှ မဟုတ်ချေဘဲ .. သူ ပြောပြရတော့တာပေါ့ .. ဒီမယ် .. မြပန်းရုံ .. နောက်ကို .. အဲဒီငွေဆိုကဲ့အသံကိုတောင် .. ညည်းမဟလိုက်ပါနဲ့ .. အာရုံထဲကလဲ ဖျောက်ပစ်လိုက်စမ်းပါ"

မေမေကလည်း သူ့ဘက်က ဝင်ဝင်ပြောပေးနေပြန်သည်မို့ မြပန်းရုံ စိတ်မောမောဖြင့် ထရပ်လိုက်ကာ ..

"အစကတည်းက .. ပန်းရုံမှာလဲ .. ချစ်သူရှိတယ်ဆိုတာ သိခဲ့ရင် သိပ်ကောင်းမှာ .. သူကလဲ .. သူ့ချစ်သူဟောင်းအကြောင်းပြော .. ပန်းရုံကလဲ ပန်းရုံရဲ့ချစ်သူဟောင်းအကြောင်းပြော .. အဲသလိုဆိုရင်တော့ ဘက်ညီတာပေါ့ မေမေရယ်"

ဟု ခပ်ညည်းညည်းပြောက အခန်းတွင်းမှထွက်တော့ .. ဟဲ့ .. ဟု မေမေ့လှမ်းခေါ်သံက နောက်ပါးမှာကျန်သည်။

"အဲဒါသာကြည့် .. အဲဒါသာကြည့် .. ခုထိ .. ကလေးစိတ်"

ဟု မေမေ့ညည်းသံက စိတ်မောသံဖြင့် ပေါ်လာသည်။



"အို .. ကလေးပြောတာမှန်တယ် .. သူကိုကမဟုတ်တာ .. သူ့ငွေအကြောင်း ဘယ်လောက်များတောင် စုံအောင်ပြောပြထားသလဲမှ မသိတာ .. ဟိုသူငယ်မ ပန်ဆိုတာကလဲ မင်္ဂလာပွဲကို ဘယ်သူမှမဖိတ်ဘဲ ရောက်အောင်လာပြီး .. သူ့အစ်မအခန်းစားပွဲပေါ်မှာ .. သူ့ဓာတ်ပုံကိုမြင်ခဲ့တယ်ဆိုကတည်းက .. ဘယ်ကောင်းတော့မလဲ .. ကလေးက ဒီရောက်တော့ .. မေးမှာပေါ့ .. အဲဒါကို ဖြေပါ့လား .. ချစ်သူဟောင်းပါ .. ခုတော့မရှိတော့ပါဘူး .. သူ့ကိုလဲ မေ့နေပါပြီလို့ .. ဖြေလိုက်ရင် .. ပြီးနေပြီပဲ"

အန်တီသင် ငေါက်ဆတ်ဆတ်ကြီး ဝင်ပြောခိုက် ..

"ဟာ .. မမေ့နိုင်တာကိုတော့ .. လိမ်မပြောချင်ဘူး မေမေ"

ဟု လုံးဝ အလိုက်ကမ်းဆိုးမသိစွာ ဖျတ်ခနဲဝင်ပြောလိုက်ပါသည့် သူ့အသံကိုကြားတော့ မြပန်းရုံ၏ လှမ်းလက်စခြေလှမ်း တန့်ခနဲဖြစ်သည်။ မျက်ဝန်းတွေ ဖျပ်ဖျပ်လက်လာရာမှ နောက်ကြောင်းကို စိတ်လိုက်မာန်ပါ လှျောက်လာစဉ်နိုက်မှာ အကြည့်ကလည်း သူ့ထံမှာပဲတန့်နေသည်။ နာကြည်းခံပြင်းခြင်းမက မြပန်းရုံ၏ မျက်နှာထက်မှာ နာကျင်ကြေကွဲစွာ စွန်းစွန်းထင်းထင်း။

"ရှင် .. သူ့ကို .. မမေ့ပါနဲ့ ကိုရန့်ပြေ .. လုံးဝ မမေ့ပါနဲ့ .. တစ်သက်လုံး သတိရနေပါ .. အဲသလိုပဲ .. ကျွန်မဆီက ချစ်ခြင်းဆိုတာကိုလဲ ရှင် .. ဘယ်တော့မှ ရမှာမဟုတ်ဘူး ဆိုတာကို .. ရှင် သိထားသလို .. ရှင်ကလဲ .. ကျွန်မကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မချစ်ဘူးဆိုတာ .. ကျွန်မသိထားပြီးပါပြီဆိုတာ .. ဟောဒီက အန်တီသင်နဲ့ မေမေ့ရှေ့မှာ .. အတိအလင်းပဲ ပြောပြလိုက်ပါပြီ .. ရှင် .. သူ့ကို မမေ့ပါနဲ့.. လုံးဝမမေ့ပါနဲ့ .. အဲဒီအတွက် .. ကျွန်မ ဘယ်တော့မှလဲ ဝမ်းမနည်းဘူး သိရဲ့လား .. ရှင့်ကို လက်ထပ်မိလိုက်ရတဲ့ ကျွန်မဘဝကိုပဲ .. ကျွန်မ .. နာကြည်းတယ် .. နာကြည်းတယ်ရှင့်"

ရင်ထဲလှိုက်တက်လာကာ အသံလေးတွေအက်ကျလာလျက် မြပန်းရုံ ပြေးထွက်သွားစဉ်ခိုက် ဖြန်းခနဲ အသံတစ်ချက်ကို ကြားလိုက်ရတာမို့ လှည့်ကြည့်လိုက်စဉ်ခိုက် ငူငူငိုင်ငိုင်ကြီးထိုင်နေသည့် သူ့ကျောပြင်ကို တဖြန်းဖြန်းဖြင့် လက်ဖဝါးနှစ်ဖက်နှင့် ရိုက်နေရင်း အန်တီသင် ငိုနေသည့်မြင်ကွင်းကို မြင်ရတာမို့ မြပန်းရုံ လန့်လည်းလန့်သွားရ၏။ စိတ်ထဲလည်းမကောင်းနိုင်ဘဲ ဖြစ်သွားရပါပြီ။ မေမေ ကမန်းကတန်းထကာ အန်တီသင်ကိုထိန်းသည်။ အခြေအနေက လတ်တလောမှာ ပိုဆိုးသွားသည်ဘက်သို့ကူးနေသည်ကောဟု လန့်လန့်ဖြင့် မြပန်းရုံ နားလည်လာစပြုလာသည်။ သူ့ကို ထိုသို့ အန်တီသင် ရိုက်လိုက်ချေမည်ဟုလည်းမထင်ထားမိ။ ရိုက်မည်ရိုက်မည်နှင့်ပြောနေတာ အပြောနှင့်ပဲပြီးသွားမည်ဟု ထင်ထားမိခဲ့လေသမျှ ခုကျတော့ တကယ်လာဖြစ်နေသည်။ ပန်းရုံ လန့်ရှိန်လေးဖြင့် မျက်စိမျက်နှာလေးငယ်ကျလျက် ငြိမ်၍တွေကြည့်နေခိုက် မေမေ ပန်းရုံကို ဒေါသဖြင့် ကြည့်လာတာကိုရင်ဆိုင်လိုက်ရသည်ပါပဲ။ အန်တီသင်ကို တားမရတာမို့ မေမေ ပန်းရုံနားခြေလှမ်းကျဲကျဲဖြင့် လျှောက်လာကာ ရှေ့မှာရပ်၍ -



"ဒီလောက် နှစ်ဖက်မိဘတွေက ပြောနေ .. ဆိုပေးနေတဲ့ကြားက .. ညည်း .. ဘာလို့ .. ရန်ပြေကို ရန်လုပ်နေခဲ့ရတာလဲ မိပန်းရုံ .. ဟင် .. ခု .. ညည်း ကျေနပ်ပြီပေါ့၊ ဟုတ်လား .. ရန်ပြေလေးကို ညည်းရဲ့အန်တီသင် .. ရိုက်နေတာ ညည်း မြင်ရပြီလေ .. ညည်းကျေနပ်ပြီပေါ့ .. အန်တီသင်လဲ ငိုနေရပြီလေ .. ညည်းပျော်နေပြီပေါ့ .. ဟင် .. ဟင် .."

ဟု ပြောလည်းပြော၊ အားလုံးကို အားနာစရာကြီးဖြစ်နေရစိတ်ဖြင့် မေမေ မျက်ရည်လည်းကျ။ မျက်နှာလည်းမထားတတ်အောင် ခံစားရရင်းမှ ပန်းရုံ၏ကိုယ်လေးကို ဆောင့်တွန်းပစ်လိုက်တော့ သူ စောစောက အမေလုပ်သူရိုက်နေသမျှ ကျောက်ရုပ်ကြီးချထားသည့်နှယ် မလှုပ်မယှက် ငြိမ်ငုံ့ခံနေရာမှ မားခနဲအလန့်တကြားလည်း ရပ်မိသွားရလျက်မှ ခြေလှမ်းကျဲကျဲကြီးဖြင့် ကသောကမျောကြီး ရောက်လာကာ လဲကျနေသည့် ပန်းရုံကိုပြေးထူသည်။ မေမေ့ကိုလည်းမော့ကြည့်ကာ ..

"အဲသလို .. ပန်းရုံကိုမလုပ်ပါနဲ့ အန်တီခင် .. သူ .. ဘာမှ .. အပြစ်မရှိပါဘူး .. ဘာကြောင့်ပဲလက်ထပ်ခဲ့ရ.. လက်ထပ်ခဲ့ရ .. သူဟာ .. ကျွန်တော့်ဇနီး ဖြစ်နေပါပြီ .. ပန်းရုံလေးဟာ အရမ်းဖြူစင်တဲ့သူဆိုတာကိုလဲ ကျွန်တော်နားလည်ထားပါတယ် .. ကျွန်တော့်ကြောင့် .. သူ့မှာ .. အနာတရ ထပ်မဖြစ်စေချင်တော့ပါဘူးဗျာ .. သူ့ရင်ထဲမှာ အနာတရဖြစ်နေတာကို ကျွန်တော် သိနေရပါတယ် .. ခု သူ့ကိုယ်ပေါ်မှာပါ .. ကျွန်တော့်ကြောင့် အနာတရမဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မချင်ပါဘူး ... နောက်ကို ... ရိုက်ချင်ရင် ... ကျွန်တော့်ကိုပါ ရိုက်ပါ ... ကျွန်တော့်ကိုပဲ ရိုက်ပါဗျာ အန်တီခင်ရာ"

ဟု ယုံကျုံးမရစိတ်ဖြင့် သူ မျက်နှာအပျက်ပျက်ဖြင့် ပြောတော့ မမေလည်း ငိုင်ကျငြိမ်သက်သွားလျက် အန်တီသင်လည်း ငြိမ်သက်သွားရင်း ပန်းရုံနှင့်သူ့ကို ငေးစိုက်ကြည့်နေတော့သည်။ သူ ... ပန်းရုံကိုဆွဲထူသည်။ နောက်ပြန်လေး ဖင်ထိုင်ရက်ကျသွားကာ လက်နှင် နောက်ပြန်ထောက်ထိန်းထားရင်း ရုတ်တရက် ပြန်မထနိုင်အောင် နာကျင်နေသော ပန်းရုံကို ဂရုတစိုက်ဖြင့် ဆွဲမွေ့ယူတော့ ပန်းရုံ ငိုရင်း အလိုက်သင့်ပါလာသည်ပါပဲ။

"နောက်ကို ... နောက်ကို ... သူ့ကိုလဲ အန်တီသင် မရိုက်ပါနဲ့ ... ရိုက်ချင်ရိုက်ရင် ... ပန်းရုံကိုပဲရိုက်ပါ အန်တီသင်ရယ် ... ပန်းရုံကြောင့် ... သူလဲအရိုက်ခံရတယ် ... အန်တီသင်လဲငိုရတယ် ... မမေလဲငိုရတယ် ... ပန်းရုံကို ခွင့်လွှတ်ပါ ... ခွင့်လွှတ်ကြပါ ..."

သူ ဆွဲထူနောက် အလိုက်သင့်ပါလာနေရင်းမှ ပန်းရုံ လက်အုပ်လေးချီကာ ကလေးလေးလိုပဲ ပန်းနည်းပန်းနည်းလေး ငိုယို၍လည်းပြော၏။ ရင်ထဲလည်း ယှက်တက်နေရှာလေသမျှ အမေလုပ်သူတွေလည်းမနေသာ။ မကြည့်ရက်သာတော့။ ငို၍ မျက်ရည်ကျလာကြရပါပြီ။ သူလည်း ရင်ထဲ ဘယ်လိုမှ မကောင်းနိုင်တော့။ သူ့ရင်ခွင်ထဲ ယိုင်ကျနေလောက်အောင် မြပန်းရုံလေး ခြေထောက်တွေ မခိုင်နိုင်တော့ဘဲ ယိုင်ယိုင်ပြိုပြိုဖြစ်နေတာကို သူ သိနေရသည်။ အရှမ်းခံစားနေရရှာသည်ပဲဟု နားလည်ရင်း ရင်ထဲမှာ ဘယ်လိုမှမကောင်းနိုင်။ သနားစိတ်ဖြင့် ပန်းရုံကို ငုံ့မိုး



ကြည့်နေရင်း သူပါရောမျက်ရည်လည်တက်လာနေရပါသည့် အဖြစ်။ ကြားထဲက ဤမိန်းကလေး စိတ်လက်ဆင်းရဲပင်ပန်းနေရရှာသည်ပဲဟု သိနေရရင်း ရင်ထဲမချိ။ ပုဂံခရီးမှာ သွားခဲ့ရစဉ်တုန်းက ... ပန်းရုံ အဘယ်မျှထိ ကလေးလေးနှယ် နေတတ်တာ၊ ဖြူစင်အေးချမ်းစွာ စိတ်လက်ပေါ့ပေါ့ပါးပါးလေးပြောဆိုနေတတ်တာလေးတွေကို သူ ကြုံခဲ့ရဖူးသည်ပဲလေ။ ခုကျတော့ ... အားငယ်ပါးငယ်လေးလည်းဖြစ် ... ထိတ်ခိုက်ခိုက်ကြီးလည်း ခံစားနေ၍ ခြေထောက်လေးတွေပင် မခိုင်နိုင်လောက်အောင် ... အရှမ်းစိတ်နှလုံးထိခိုက်ငိုကြွေးနေသည့် ပန်းရုံကို သူ ရင်ဆိုင်ကြုံနေရသည်မို့ ဘယ်လိုမှ ရင်ထဲ ဖြေယူ၍မရနိုင်အောင် ကြေကွဲခံစားရ၍ချက်က သူ့ရင်ကိုကူးစက်၏။ လက်အုပ်လေးချီ၍ ပန်းရုံ အရှမ်းငိုယိုနေတာမို့ သူ ပခုံးလေးကို သိမ်းပွေ့ထိန်းနေရရင်းမှ ...

"တိတ်တော့ ပန်းရုံရယ် ... ဒီအဖြစ်တွေအားလုံးဟာ ... ကိုယ့်ကြောင့် အရင်းတည်ပြီးဖြစ်ရတာတွေပါ ... ကိုယ် ရင်ထဲမကောင်းလိုက်တာ ပန်းရုံရယ် ... တိတ်တော့ ... မမေကလဲ ချော့လေဗျာ"

ဟု အမေကို လှမ်းအားကိုးရင်း သူ မျက်နှာပျက်ပျက်ဖြင့်ရှိနေရင်းမှ အန်တီခင့်ကိုလည်းကြည့်မိကာ ...

"သူ့ကို ဘယ်တော့မှ ... မရိုက်ပါနဲ့ အန်တီခင် ... သူ့ကို ရိုက်လိုက်တာ ... တွန်းလိုက်တာက ... ကျွန်တော့်ကို ရိုက်လိုက်တွန်းလိုက်တာထက် ... ပိုဆိုးပါတယ် ... ကျွန်တော့်ကိုရိုက်ပါ ... တွန်းပါ ... ဆူပါငေါက်ပါဗျာ ... သူဟာ ... ကလေးပါ ... ကလေးလေးလို နေရှာတဲ့သူပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ထပ်၍ တောင်းပန်လိုက်မိရပါပြီ။ ပန်းရုံကို တွဲ၍လည်း အပေါ်ထပ်သို့ သူ တက်လာတော့ ပန်းရုံ ငိုရင်း လိုက်လာရာမှ ..

"မေမေက .. ပန်းရုံကို အရမ်းစိတ်ဆိုးသွားပြီ .. ရှင့်ကို အန်တီသင် ရိုက်လိုက်လို့လေ .. ပန်းရုံကို .. အရမ်းစိတ် ဆိုးနေပြီ"

ဟု ဝမ်းနည်းရှိုက်ဖြင့် တငိုငိုမော့ပြောနေတော့ သူ ပို၍ ရင်ထဲထိခိုက်ရပါပြီတည်း။ နောက်ဆုံးတော့ ခြေထောက်လေး တွေ လေးဆွဲနေသည့် ပန်းရုံကို မြောက်ခနဲကောက်ပွေ့၍ .. ခေါ်လာခဲ့ရကာ ခုတင်ထက်မှာ ညင်ညင်သာသာလေး တင်လိုက် ရရင်းမှ ..

"မျက်ရည်တွေကျလိုက်တာ ပန်းရုံရယ် .. ဒါတွေအားလုံး ဟာ ကိုယ့်ပယောဂမကင်းတာတွေချည်းပဲ .. အဲဒါကြောင့် ဖြစ်ကုန်ရတာတွေချည်းပဲ ဖြစ်နေတာ .. နောက်ကို .. ကိုယ်တို့ .. လူကြီးတွေရှေ့မှာ .. သူတို့ စိတ်အနှောင့်အယှက် မဖြစ်အောင်နေကြရမယ်နော် .. ကိုယ်တို့လဲ တစ်ယောက် ကိုတစ်ယောက် စိတ်အနှောင့်အယှက်မဖြစ်အောင် နေကြရ မှဖြစ်လိမ့်မယ် .. အထူးသဖြင့် ကိုယ်ကအကြီး .. အကြီး ဆိုတာ ငယ်သူအပေါ်မှာ နားလည်နိုင်မှုကိုဖြစ်မှာ ... နား လည်ပေးမှုကိုဖြစ်မှာ .. ဒီလို .. ပန်းရုံခံစားနေရတာတွေ အားလုံးဟာ .. ကိုယ့်အပြစ်တွေကြောင့် ဖြစ်ရတယ်လို့ ကိုယ်ခံယူတယ် .. နောက်ကို ကိုယ့်ကြောင့် .. ပန်းရုံ .. ဒီလိုမျက်ရည်ကျတာမျိုး မဖြစ်စေရဘူး .. ကိုယ်ရင်ထဲ



မကောင်းလိုက်တာ ပန်းရုံရယ် .. အန်တီခင် ဆောင့်တွန်း လိုက်တာ .. သိပ်နာသွားလားဟင် .. မှန်း .. လက်လေး တွေထောက်မိတာ .. ခါးလဲဆောင့်ကျသွားရတာ"

သူ မျက်နှာပျက်ပျက်ဖြင့် ပန်းရုံ၏လက်ကောက် ဝတ်နေရာလေးတွေကို နှိပ်နယ်ပွတ်သပ်ပေးနေမိရသည်က တကယ့် ကို ရင်ထဲထိခိုက်နေရင်းဖြစ်ပါသည့်တည့်။

ပန်းရုံ ငိုနေရင်းမှ တစ်ချက် မော့ခနဲ သူ့ကို အတန်ကြာကြည့်သည်။ ရှိုက်သံလေးနည်းနည်းစဲသွားကာ ခပ်ငေး ငေးကြည့်၏။ သူ .. လက်ကောက်ဝတ် နေရာလေးကို ခပ်ဖွဖွ နှိပ်ပေးနေရာမှ ..

"မလွယ်ဘူး ပန်းရုံ .. မေမေတို့က .. တကယ်ကိုဆော်တာ"

ဟု လန့်ရှိန်ဖြင့် တစ်ချက်ညည်းသည်။ ပန်းရုံ ခုလောက်ကြီးထိ မျက်ရည်ကျ ခံစားနေရတာ မြင်ရသည်မို့လည်း ရင်ထဲဖြေ၍မရနိုင်ဘဲ ဖြစ်နေရတာလည်း သိသာနေသည်။

"တကယ်က .. ပန်းရုံ ဆိုးတာပါ .. ရှင်က .. ဒီလောက် အဆိုးကြီးထဲက မဟုတ်ပါဘူး"

"မဟုတ်တာ ပန်းရုံရာ .. ကိုယ်က အကြီးမဆန်တာ .. ကလေးကို အလျှော့ပေးလိုက်ရမှာ ဝန်လေးနေတဲ့သူ .. ကိုယ် .. မကောင်းတာပါ .. မျက်ရည်တွေကျနေတာ ခုထိ မရပ်သေးဘဲကိုး .. တိတ်တော့နော် .. မနေ့ကပဲ လက် ထပ်ခဲ့ကြရတာ .. ဒီနေ့ .. ဒီလောက်ကြီးထိ ငိုယိုနေရပြီဆို ကတည်းက .. ကိုကြီးမကောင်းတာ အသိသာကြီးဖြစ်ကုန် ပြီ .. ရင်ထဲမကောင်းလိုက်တာ ကလေးရာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု သူ တစ်ချက်ညည်းကာ မျက်ရည်ကို တောက်ခ်လျှောက်သုတ်ပေးနေတော့ ..။ ဘာကြောင့်ရယ်မသိ။ ပန်းရုံ ပို၍ ငိုချင်လာသည်။ ငိုရတာ ပို၍ အားအင်တိုးလာနေသည်။ ငိုနေရင်း ဖြင့်လည်း သူ့ကို တမော့မော့မျက်တောင်မခတ် ကြည့်နေမိရရင်းမှ သိသိလာနေရသည်က .. ဤသို့ .. သူ့ကို .. တမော့မော့ .. ဆက်၍ ဆက်၍ကြည့်နေချင်နေသည့် ခံစားချက်လေးတွေကိုပါ ဘည်။ ဤခံစားချက်ကသန့်နေသည်။ အသစ်အဆန်းကြီးတစ်ခု ဖြစ်နေသည်။ ပြီးတော့ .. မက်မောဖွယ်ရာလေးလည်း ဖြစ်နေပြန်ချေသည်တကား။ အထူးသဖြင့် .. အံရှမ်းကို နူးညံ့နေသော သူ့မျက်ဝန်းများကို မော့ငေးနေရသည့် လက်ရှိအချိန်လေးကို တရရ တန်ဖိုးထားနေချင်သည်။

နူးညံ့ညင်သာစွာ ပန်းရုံ၏မျက်ရည်တွေကို သုတ်ပေးနေသည့်အတွက် သူ့လက်တွေကို ပါးပြင်ထက်မှ မဖယ်ရှားစေ့ချင်။

“ဒါတွေအားလုံးဟာ .. တကယ်ဖြစ်နေတာလားဟင် .. တကယ်ဖြစ်နေတာလား”

ရင်ထဲတွင် မယုံရဲချင်။ ဟုတ်သည်။ မယုံရဲနိုင်ချေသည်ကောလေ။ ငွေ့ကို မမေ့နိုင်ပါလေသော သူ့ထံမှ .. ထိုမျှ နူးညံ့သိမ်မွေ့သည့် .. ဂရုစိုက်မှုတစ်ခုကို ခံယူလိုက်ရပါချေသည့် အဖြစ်ကို ပန်းရုံ မယုံရဲလိုက်နိုင်အောင် .. အားငယ်နေမိရတာတွေကို .. ခုမှ ပို၍- ပို၍ နားလည်လာနေမိရသည်တည့်။

တကယ်တော့ .. ပန်းရုံသည် .. သူ့အပေါ် ခံပြင်းနာကြည်းခြင်းတွေလည်း ဖြစ်တည်နေရသည်။



ငွေ့ဆိုသောမိန်းမတစ်ယောက်ကို မေ့မပျောက်နိုင်ရှာ ဆဲသူ့ကို လက်ထပ်ခဲ့ရသည့် ပန်းရုံဖြစ်နေ ... ခံပြင်းနာကြည်းခြင်းဆိုတာကတော့ သည် ... နှလုံးအိမ်နုနုလေးမှာ မတန်တဆကြီး ... အားငယ်ခြင်းဆိုသည့် ခံစားချက်တစ်မျိုးကလည်း .. ခြောက်လှန့်ရင်း တိုးဝင်နေကြချေသည့်မဟုတ်ပါလား ..။

ထိုစဉ်ခိုက် .. ပန်းရုံ၏ အကြည်သွေးတွေက တခါးဝဝယ် ခပ်တွေတွေရပ်နေရင်း မျက်ရည်မစွာကြည့်နေကြပါသည့် မေမေနှင့် အန်တီသင်ကို တွေ့လိုက်ရပါ၏။ ... အဝင်တံခါးဘက်ကို ကျောပေးထားလျှက် ပန်းရုံ၏မျက်နှာ ... မျက်ရည်တွေကို သုတ်ပေးနေတာမို့ မေမေတို့ကို မမြင်လိုက်နိုင် သေး။

မြင်ကွင်းကြောင့် မေမေတို့ အတန်ကြာ ... ကြည်နူးကြရပုံဖြင့် ခပ်ဖွဖွလေး အသံမဲ့ပြုံးပြလိုက်ကြကာ အသာ အယာပြန်လှည့်ထွက်သွားသည်အထိ သူ့အာရုံအားလုံးသည် ပန်းရုံ၏မျက်ရည်စက်လေးများထံမှာပဲ တဆိုတနှင့်ခံစားနေရပုံကြီးဖြင့် တင့်ငေးငေးကြည့်ကာ .. ကြည့်ကာ .. မျက်ရည်ကိုသုတ်ကာဖြင့် အစဉ်တစိုက်ကြီးရှိနေဆဲပါ။

ပန်းရုံ .. ရင်ထဲမှာဆိုနေသည်။

ဤသို့ အရာရာကိုမေ့လျော့စွာ .. ပန်းရုံ ... တည်းအပေါ်မှာ .. သာလျှင် .. သူ့အာရုံတွေနစ်ဝင်တည်မြဲ ... နိုင်စွမ်းမည့်အချိန်ဆိုတာ .. အဘယ်အတိုင်းအတာထိမျှ .. ... ရှည်လျားနိုင်စွမ်းပါ့မည်တဲ့လဲလေ ..။

www.burmeseclassic.com

www.burmeseclassic.com



ငွေဆိုတာ .. သူ့ရင်ကိုစိုးမိုးနေဆဲပေမို့ .. ဤအချိန်လေးဆီမှာဖြစ်တည်နေဆဲရှိပါသည့် .. ဤအဖြစ်လေးသည် .. ဘယ်တော့မှ ကြာတောင့်ကြာရှည်လည်း ရှိမနေနိုင်။ ပန်းရုံဆိုတာလည်း .. သူ့ရင်ထဲမှာမရှိနိုင်စွမ်းတာကို .. သိနေရသည့်ကိုကရင်ကို .. မွမွကြေမှု ချေမွနေကြသည့်နှယ်ပါတကား ...။

○ ○



အခန်း(၂၀)

မြပန်းရုံ လသာဆောင်လေးမှာ ငြိမ်ငြိမ်သက်သက်လေးရပ်နေရာမှ မျက်ရည်ကဝေ့ချင်ချင်။ မေမေနှင့် အန်တီသင်လည်း ပြန်သွားကြပြီ။ သူ .. ပန်းရုံအပေါ် ဂရုတစိုက်ရှိတာကိုမြင်လိုက်ကြရ၍ထင့် .. မျက်နှာတွေလန်းကြည်သွားကြကာ မေမေနှင့် အန်တီသင်တို့ ညနေစာစားသောက်ပြီးချိန်ထိ သဇင်ဖူးမှာပဲနေကြကာ ပြန်သွားကြခြင်းပါ။

လှရိပ်ထင်တာမို့ ပန်းရုံ ငုံကြည့်တော့ အောက်မှာရပ်လာသည့်သူ့ကို မြင်သည်။ သူကလည်း ပန်းရုံကို စကားပြောမလာသေး။ ဘာပြောရမှန်းမသိဘဲ ဖြစ်နေပုံလည်းရသည်။ စကားအစကိုရှာမရသည့်ဟန်ရှိ၏။ ပန်းရုံ ငိုခဲ့သည့်ကိစ္စ .. ခုထိ ရင်ထဲမကောင်းနိုင်ဘဲရှိနေတာလည်း သိသာသည်။ ဟန်တော့ မဆောင်တတ်သူပေပဲဟု နားလည်ဖြစ်၏။

"မနက်အစောကြီးလဲမထနဲ့ .. ဒေါ်ကြီးနဲ့ ရောက်လာပြီပဲ၊ အားရှိအောင် အိပ်ပေါ့ .. ကျန်းမာရေးက အရေးကြီးတယ်လေ .. အတော်လေး စိတ်ပင်ပန်းထားရ .. ထားရတာမို့

www.burmeseclassic.com



စိတ်ကိုလျှော့ချပြီး ... အိပ်ရာဝင်ပေါ့ ... မနက်အစောကြီးမထရဘူးလို့ မှာထားတယ်နော် ... ဒီရက်ပိုင်းအတွင်းမှာ ... စိတ်ကိုလျှော့ချပြီး ... နားနားနေနေ ... နေပေါ့ ..."

ဟု ပြောလာတော့ ပန်းရဲ့ ဘာမျှ ပြန်မပြော။ တိတ်ချက်သားကောင်းနေသည့် ပန်းရုံကို မသင်္ကာသလို သူ တစ်ချက်ကြည့်သည်။

"ဟော့ .. ပြောနေတာရော ကြားရဲ့လား ကောင်မလေးရဲ့ .. ခေါင်းလေးဘာလေး ညိတ်ပြပေါ့ကွ ... ပြောရတဲ့သူက ကိုယ့်စကား နားထဲဝင်ကောဝင်ရဲ့လားလို့ စိတ်ထဲပူလာရအောင်မလုပ်နဲ့လေ .. မင်းနေမကောင်းရင် .. ငါ .. မချောင်ဘူးဆိုတာလေးလောက်တော့ သိထားမှပေါ့ မြပန်းရုံ .. မေမေက ... မင်းဘက်က လုံးဝရပ်တည်နေတာ မင်းအမြင်ပဲ"

စောစောက .. သူ့အပေါ် ထင်ထားမိခဲ့လေသမျှ ရေစုန်မျောချေသည်ပဲဟု ရင်ထဲခံပြင်းစိတ်တိုခင်သည်။ ဘယ့်နှယ်။ ပန်းရုံအတွက် .. သူ့ စိတ်လက်မကောင်းပဲ ဖြစ်နေသည်ဟု ထင်ထားမိခဲ့လေသမျှ .. အားလုံး တက်တက်စင်အောင်လွဲနေသည့်အဖြစ်။ ခေါင်းလေးဆတ်ခနဲ မတ်ပစ်လိုက်ကာ ...

"ရှင်မှာလေ .. ကျွန်မနဲ့ပတ်သက်လာရင် .. ရှင်အဆူခံမထိဖို့အတွက် ဘယ်လိုနေရမယ်ဆိုတာကို လာလာပြောနေရတာတစ်ခုကလွဲပြီး .. ဘာမှ မတွေးပေးတတ်တော့ဘူးလား၊ စိတ်ချ .. ကျွန်မ .. နေ့ကောင်းအောင် နေပေးပါမယ် .. ပြီးရော"



ဆောင့်အောင့်၍ အိမ်ခန်းတွင်းဝင်တော့ သောမှ သူကပ်၍ တောက်လျှောက်ပါလာသည်။ ခြေစုံလေးရပ်ပစ်လိုက်ကာ သူ့ဘက်ကို တည့်တည့်ကြီး ရပ်ကြည့်ပစ်လိုက်တော့ ထိုသို့ ပန်းရုံ မျက်နှာချင်းဆိုင်ကြီး မှုန်တေတေလေးရပ်ပစ်လိုက်မည်ဟု သူ ထင်ထားပုံမရစွာ ကိုယ်ရှိန်ကြီး တန့်ယူလိုက်ရပါသည့်အဖြစ်။ ခါးလေးထောက်လိုက်ကာ

"ထပ်ပြောမယ် ... စိတ်ချ .. ကျွန်မ .. ကောင်းကောင်းစားပါမယ် .. ကောင်းကောင်းလဲအိပ်ပါမယ် .. ရှင် အဆူခံမထိဖို့အတွက် .. ဘာတွေ .. တစ်နေ့တစ်နေ့မှာ လုပ်ထားရမယ်ဆိုတာ .. စာရွက်တစ်ရွက်မှာ အမှတ်စဉ်တပ်ပြီးရေးထားပေးပါ"

အရွဲ့တိုက်စကားဆိုတာ သူ နားလည်ပုံဖြင့် မျက်မှောင်ကုတ်၍ကြည့်သည်။ စောစောပိုင်းက ပြေပြေလည်လည်လေး ဖြစ်စပြုလာသည့်ကိစ္စ။ ဤကောင်မလေး ဘာကြောင့် မျက်နှာချိုဟန်ချို၍ ရန်လုပ်နေပါလိမ့်ဟု သူလည်း တွေးမရချင်။

"ဘာလို့ ငါက ရေးထားပေးရမှာလဲ .. မင်းက .. ကလေးလေးမို့လို့လား .. ဘယ်လိုနေထိုင်ရမယ်ဆိုတာ .. နားလည်ထားရမှာပေါ့ .. ကဲ .. ဒေါသကြီးတာကလဲ ရေနွေးကရားနှုတ်သီးက အငွေ့တရှူးရှူးတက်နေသလိုပဲ .. ကြည့်မကောင်းဘူးကွ .. ငါက စေတနာနဲ့ပြောတာ .. ခုလဲ ဘာများစားချင်သေးလဲလို့ မေးမလို့လာတာကွ .. ငါ သွားဝယ်ကျွေးမယ်လေ .. တူတူလိုက်ချင်ရင်လဲ လိုက်ပေါ့ .. ကားနဲ့ တစ်ခုခုသွားစားကြမလား .."

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကြောင့် .. မြပန်းရုံလေး အရမ်းကိုငိုယိုခဲ့ရတာကို ရင်ထဲမကောင်းနိုင်တာမို့ သူ .. ကလေးလေးလို ချော့မော့မေးသလို ကြိုးစားပန်းစားကြီး ပြောယူရပြန်သည့်အဖြစ်။ ခက်တော့ခက်နေပြီပဲ .. ဟု တွေးဖြစ်သည်။ ပန်းရုံ မျက်နှာချိုနေလျှင် သူ့မာနက .. မခံချင်ဇောတင်သည်။ ဒါပေမဲ့ .. ဤကောင်မလေးအတွက် .. သဇင်ဖူးမှာ တာဝန်အရှိဆုံးလူသည် သူပဲဖြစ်နေတာကို သိနေရပြန်တာမို့ .. စိတ်ကို ပြန်ပြန်လျှော့ယူရ ..။ တာဝန်စကားကို ပြောနေမိရပြန်သည့်အဖြစ်။ ခုလည်း .. ပန်းရုံကို စိတ်ချမ်းသာအောင်ထားရဖို့ တာဝန်ကြီးတစ်ခုကို ပခုံးပေါ် ထမ်းထားရတာမို့ .. ပြောရခြင်းပါ။ ဟုတ်သည်။ ဤသို့ပဲ သူထင်သည်။ ဒါပေမဲ့ .. ရင်ထဲမှာ ပန်းရုံကို တကယ့်ကို စိတ်လက်ချမ်းသာစေချင်၍ .. တစ်ခုခုစားဖို့ခေါ်နေမိခြင်းသည် .. ထူးခြားသော ရင်တွင်းခံစားချက်တစ်ခုကြောင့်လည်းပါသည်ဆိုတာ ဝန်ခံပေးလိုက်ရမလို ဖြစ်လာပြန်သည်။ ဟုတ်သည်။ ပန်းရုံ၏မျက်ရည်တွေ စီးပြိုကျနေသည့် မျက်နှာလေးသည် .. သူ့ရင်ကို ထိခိုက်စေနိုင်စွမ်းစွာ လာ၍ ပြင်းပြင်းထန်ထန် ထိုးနှက်ထိမှန်ထားချေသည်မဟုတ်ပါလားလေ။

ပန်းရုံကိုကြည့်တော့ အကဲခတ်သလို မျက်နှာတည်လေးဖြင့် ခပ်စူးစူးကြည့်နေတာနှင့် ကြုံသည်။ ဟုတ်တော့လည်း ဟုတ်နေသည်လေ။ သူကလည်း အပြောမတတ်။ ပန်းရုံ နေမကောင်းဖြစ်လျှင် သူ အဆူခံထိမှာ စိုးရိမ်နေရသည့်အဖြစ်တစ်ခုကို ရှေ့တန်းတင်စကားအဖြစ် ပြောပြောနေမိတတ်သည်ကိုးလေ။ စေတနာပါတာကိုကျတော့ ဝန်ခံပေးလိုက်ရမှာ ဝန်လေးနေမိတာ



လည်းပါသည်။ ပြီးတော့ .. မာနတစ်ခွဲသားလေး လုပ်လုပ်ပြနေသည့် မြပန်းရုံကို .. ရန်ပြေပဲလေ .. ကိုယ့်ဘက်ကမာနကလည်း အလျှော့မပေးတတ်စွာပဲ ခေါင်းထောင်လာနေတတ်ပါသည့်အဖြစ်။

"ကောင်းပြီလေ .. ကျွန်မ .. ကြေးအိုးစားချင်ပါတယ် .. ပိုးဥကို ခေါ်သွားပေါ့ .. သူနဲ့ ချိုင့်ဆွဲနိုင်းရင်ဖြစ်ပါတယ်၊ ကျွန်မကတော့ ရှင်နဲ့တူတူ ဆိုင်မှာလိုက်စားတာထက် .. အိမ်မှာအားရပါးရ .. ဘေးလူစိမ်းတွေရဲ့ရှေ့မှာ မဟုတ်ဘဲ စားရမှာမျိုးကိုပဲ ပိုသဘောကျတယ်လေ .. ကျွန်မအတွက် ကြေးအိုးဝယ်ပေးပေါ့ .. ရှင်လဲ .. ကြိုက်တယ်ဆိုရင် ပိုဝယ်လာလို့ ဖြစ်ပါတယ် .. ဒေါ်ကြီးနွဲ့ရယ် .. ပိုးဥရယ်၊ ကိုထိုက်ရယ်အတွက်လဲ ဝယ်လာရင် ပိုမကောင်းဘူးလား"

ဝယ်ခိုင်းတော့လည်း တအုံတမကြီးအတွက်ပါ ဝယ်ခိုင်းနေပါသည့် မြပန်းရုံပါ။ သူ့သဘောက .. မြပန်းရုံနှင့် တူတူသွားစားသောက်လိုက်လျှင် တင်းမာမှုတွေ နှစ်ယောက်ကြားမှာ လျော့ပါးသွားနိုင်ချေမည်ပဲဟု တွေးမိခြင်းဖြင့်ပါ။ ဒေါ်ကြီးနွဲ့တို့ကို ဝယ်မကျွေးချင်၍မဟုတ်ပါ။ အပြန်မှာ ဝယ်လာ၍လည်းဖြစ်ပါသည်။ ခုဥစ္စာက .. အဝယ်တော်ကြီး ဖြစ်နေရသည့်အဖြစ်။

"ရပါတယ် ကိုထိုက်နဲ့ ပိုးဥကို ခေါ်သွားလိုက်မယ် .. ကိုထိုက်နဲ့ ပိုးဥ ဆိုင်မှာဝင်ဝယ်လိမ့်မယ် .. ကျသင့်ငွေကိုယ်ရှင်းပေးလိုက်တာပေါ့ .. ဟိုမှာ ကိုယ်ကြိုက်တာတွေလဲ .. သူတို့နှစ်ယောက်နဲ့အတူတူ တစ်ခုခုစားဖြစ်ချင်စားဖြစ်မယ်လေ .. ကဲ .. ကိုယ်သွားမယ်"

ပြောထားသည့်စကားပြန်တော့မပြင်ချင်။ ခပ်တည်

www.burmeseclassic.com

www.burmeseclassic.com



တည်ပြောလျက် ထွက်ခဲ့ရပေမယ့် မျက်နှာကတော့ နည်းနည်းအို ချင်သည်။ စိတ်ထဲပေါက်ပေါက်ရှိတာနှင့် အောက်ထပ်ရောက်တော့ ဒေါ်ကြီးနွဲ့ကိုပါခေါ်ပြီး တစ်အိမ်လုံး သိမ်းကြုံးခေါ်ချသွားသည့် သူ့ကို မြပန်းရုံကလည်း ပြုံးကြည့်ကျန်ခဲ့သည်က လသာဆောင် မှာရပ်လျက်ဖြင့်ပါ။ ကားပေါ်တက်ပြီးမှ သူ ပြန်ဆင်းလာကာ အပေါ်တက်လာပြီး သူ့ဘေးမှာရပ်၍ ...

"ခြံတံခါးကို အပြင်ကသော့ခတ်သွားမှာ .. အိမ်မှာ မင်း တစ်ယောက်တည်းကျန်ခဲ့မှာကို မကြောက်ဘူးလား .. တစ်ခါ တည်းလိုက်ခဲ့ချင်တဲ့စိတ် ရှိတယ်ဆိုရင် .. လိုက်ခဲ့နော်"

ဟု မေးနေတော့ မြပန်းရုံ နှုတ်ခမ်းလေးတွန့်ကွေး၍ မော့ကြည့်သည်ကိုက ခနိုးခနဲ့ နည်းနည်းနိုင်နေသော အရွဲ့ တိုက်မှုနွယ်နေသေးသည့် အကြည့်ဖြင့်ပါတည်။

"ရှင်က .. ကျွန်မ ကြောက်ပြီး .. မနေရဲတာနဲ့ ရှင်ကား ပေါ်ကို ကုပ်ကုပ်လေး လိုက်ပါလာမယ်လို့များထင်နေလား၊ ကျွန်မအိမ်မှာ ကျွန်မနေတာ .. ဘာမှ ကြောက်ဖို့မလိုဘူး၊ ခြံပြင်ကသော့ခတ်သွားတာဆိုတော့ ဘယ်သူမှလဲ ခြံထဲ မဝင်နိုင်ပါဘူး .. သွားပါ .. သွားပါ .. ကြိုက်တာတွေမှာ စားကြပါ .. ကျွန်မက .. လူတွေသူတွေကြားထဲ .. ဆိုင် ထဲမှာ မစားတတ်လို့ပါ"

ဟု ပြောတော့ ဤမျှ ကန့်လန့်တိုက်သည့်ကလေးမ ဒေါ်ကြီးနွဲ့ပါမကျန် ပါသွားလျှင်တော့ တစ်ယောက်တည်း မနေရဲ၍ဆိုကာ ကားပေါ်ပါလာမည်ဟုထင်ထားမိလေသမျှ သူ စိတ် လျှော့လိုက်ရကာ ..



"ဒါဆိုလဲ .. ဒေါ်ကြီးနွဲ့ကို .. နေရစ်ခိုင်းလိုက်တော့မယ်"

ဟု မျက်နှာအောက်သိုးသိုးဖြင့်ပြောချလာတော့ မြပန်း ရုံ ခေါင်းလေးယမ်း၍ ..

"ဒေါ်ကြီးနွဲ့က တော်သူ့ရိုးရိုးကြီးနော် .. ခေါ်တုန်းကခေါ်ပြီး ချန်ခဲ့လို့ ဘယ်ကောင်းမလဲ .. ပိုးဥကို ချန်ခဲ့ရင်ချန်ခဲ့ပေါ့၊ ကျွန်မကို တစ်ယောက်တည်းထားခဲ့ရမှာ စိတ်မချရင်လေ၊ ကဲ .. ကဲ ... သွားပါတော့ .. ဒေါ်ကြီးနွဲ့လဲ .. ခုမှ ရန်ကုန် ကိုရောက်ရတာ .. ဟိုဟိုသည်သည်လိုက်ရတော့လဲ ပျော် မှာပေါ့ .. ခေါ်သွားပါ .. ဘာလို့ချန်ခဲ့ရမှာလဲ .. ကျန်ချင်း ကျန်ရင် .. သွားလာဘာ ပါဖူးနေတဲ့ ပိုးဥကို ချန်ခဲ့ရမှာ"

ဟု ပြောတော့ သူ ခေါင်းယမ်းကာ ပြန်ဆင်းသွား ပါ၏။ မကြာလိုက် ပိုးဥ မျက်နှာလေးစူပုပ်ပုပ်ဖြင့် အပေါ်ထပ် ရောက်လာပါသတည်း။

"ကိုကိုလေးက .. အစကတည်းက မခေါ်ရင်လဲမခေါ်တာ မဟုတ်ဘူး .. ခုကျတော့ .. ပိုးဥကိုနေခဲ့တဲ့ .. မမလေးကို ဂရုစိုက်တဲ့ .. မမလေး .. ဘာလို့နေခဲ့တာလဲဟင် .. မမ လေးပါရင် .. ပိုးဥလဲ လိုက်သွားရမှာ"

ကလေးစိတ်မကုန်တတ်စွာပဲပြောချင်တာပြောနေရင်း ပြတင်းပေါက်တွေ လိုက်ပိတ်နေသော မြပန်းရုံ လက်ကလေးပိုက် ၍ ပြုံးကြည့်သည်။ ဟန်ရှေးကျပြုံးပြုံး အပြင်လိုက်ဖို့ တကြော်ကြော် ဖြစ်နေသမျှ ခုကျတော့ ပြတင်းတွေလိုက်ပိတ်ခနေရသည့် ဂျူတီကျ နေတာမို့ ပိုးဥ အတော်လေး မချိတင်ကဲဖြစ်နေပုံရသည်။ ကလေး ပဲလေ .. ဟုတွေးဖြစ်ကာ တစ်ချက်ထပ်၍ ပြုံးကြည့်မိရသည်ပါပဲ။

www.burmeseclassic.com



"အောက်ထပ်ကပြတင်းပေါက်တွေ တံခါးပေါက်တွေလဲ ပိတ်လိုက်ဦးမယ် မမလေး .. ကိုကိုလေးက ပြောတယ်၊ တံခါးတွေကအစ သေချာပိတ်ထားတဲ့ .. ဟိုမှာမကြာဘူးတဲ့၊ ချိုင့်နဲ့ဝယ်လာမှာတဲ့ .. မမလေး စားချင်တဲ့ ကြေးအိုးဝယ် လာမှာတဲ့လေ .. အိမ်ကျမှ .. အားလုံးတူတူစားကြမှာတဲ့၊ ပိုး၃ အောက်ဆင်းလိုက်ဦးမယ်နော်"

ဟု ပြောကာပြန်ဆင်းသွားတော့ မြပန်းရုံ ခုတင်လေးထက်မှာထိုင်ရင်း ခပ်ငေးငေးလေး ပုန်ရိုင်းဘူထင်နေသည့် ကိုယ့်ပုံရိပ်လေးကို ပြန်ငေးကြည့်နေမိပါသည့်အဖြစ်။ ရင်ထဲမှာ ကျေနပ်နေသလိုလည်းရှိလာသည်။ ဤမျှ ဟန်ကြီးပန်ကြီးနိုင်သည့်သူ။ ခု .. ပန်းရုံခိုင်းတာကို လုပ်ရပြီ။ ပြီးတော့ .. ကိုယ်တိုင်မဆင်းမဝယ်ချင်သည်ကလည်း သူ့မာနတစ်ခွဲသားကြီးကြောင့်ဆိုတာ သိနေရသည်ပါပဲ။ ကိုထိုက်နှင့်ဆင်းဝယ်ခိုင်းလိမ့်မည်။ ပြီးတော့ ငွေလည်းချေခိုင်းလိုက်ဦးမည်။ ခေါကြီးနွဲ့ကိုခေါ်မည်ဆိုသည့်ကိစ္စကတော့ .. သူ့စကားနှင့်သူ .. ချန်ထား၍မဖြစ်တော့တာမို့ ခေါ်သွားရခြင်းဆိုတာလည်း မြပန်းရုံ သိနေသည်။ သူ့ကို .. ကသိကအောက်တစ်ခုလောက် လုပ်လိုက်နိုင်တာကိုပဲ အရသာဟုထင်လာမိပြန်၏။ ဘယ်လိုမှ ကြိုတင်မစီစဉ် မမျှော်လင့်ထားသောအဖြစ်တစ်ခုက ဤညဦးကာလလေးမှာ လာဖြစ်ခြင်းပါ။ သူ့ဘက်က .. တစ်ခုခု စားဖို့ခေါ်တာကလည်း ရုတ်ခနဲ လွှတ်ခနဲခေါ်လိုက် ပြောလိုက်မိတာမျိုး ဖြစ်ပုံရသည်။ ပန်းရုံကလည်း သူ့ကို ကန့်လန့်တိုက်နိုင်သမျှလေး တိုက်လိုက်ချင်တာမို့ .. အဝယ်ခိုင်းလိုက်ခြင်းပါ။



ခုကျတော့ စတီးလ်ချိုင့်ကြီးနှင့် ကြေးအိုးအဝယ်ထွက်သည့်သူ့အဖြစ်ကို ရင်ထဲမှာကျိတ်၍ ကျေနပ်နေမိရသည်ပါပဲ။

ထိုစဉ်ခိုက် .. ခေါင်းအုံးဘေးမှ ဂျီအက်စ်အမ်ဖုန်းလေး အသံမြည်လာတာမို့ ကြည့်လိုက်မိရပါပြီ။ ဖုန်းက သူ့ဟန်းဆက်လေး၏။ ယူသွားဖို့မေ့ကျန်ခဲ့တာလည်းဖြစ်နိုင်သည်။ ဒါမှမဟုတ်လျှင်လည်း .. ယူဖို့မလိုဟု သဘောထားကာ ချန်ထားရစ်ခဲ့တာလည်းဖြစ်နိုင်သည်။ ဖြစ်နိုင်ချေများသည်က မေ့ခဲ့တာဖြစ်ဖို့များသည်။ ရုတ်ခနဲ ကောက်ကာငင်ကာ ကြေးအိုးအဝယ်ထွက်ရသည်ကိုးလေ။ ဘာပဲဖြစ်ဖြစ် ..။ ဖုန်းကိုတော့ ထူးသင့်တာမို့ မြပန်းရုံ ထူးဖြစ်လိုက်သည်ပါပဲ။

"ဟယ်လို .. သခင်ဖူးကပါရှင် .. ကိုရန်ပြေ အပြင်ခဏသွားပါတယ် .. ကျွန်မ .. မြပန်းရုံပါ"

သူ့ထံဆက်သည့်ဖုန်းပေမို့ .. တစ်ဖက်မှလူသိအောင်တော့ မြပန်းရုံ အရင်ပြောပြလိုက်သည်ပါပဲ။ ရယ်သံတိုးတိုးလေးကြားရတော့ မြပန်းရုံ မျက်မှောင်လေးတွန့်ကွေးသွားမိရပါပြီတည်း။ ရယ်သံက မိန်းမတစ်ယောက်၏ ခနိုးခနဲရယ်သံ။

"အခုဆက်နေတာ .. မမငွေရဲ့ ဟန်းဆက်လေးနဲ့ပေါ့၊ မမငွေရဲ့ဒိုင်ယာရီထဲမှာလဲ ကိုကို့ဖုန်းနံပါတ် ရှိသလို .. မမငွေရဲ့ဟန်းဆက်လေးထဲမှာလဲ ကိုကို့ဖုန်းနံပါတ်လေး ထည့်ထားတာ ပန်တွေ့ခဲ့ရတယ်လေ .. ခု .. ကိုကို့ဆီကို ပန် ဖုန်းဆက်တာပါ .. ဖြစ်ချင်တော့ .. ကိုင်တဲ့သူက ရှင်ဖြစ်နေတာကိုး မြပန်းရုံ .. ကျွန်မပြောမယ် .. ရှင့်ကိုယ်ရှင် .. ကိုကို့ဇနီးဆိုပြီး ဘဝင်မြင့်မနေပါနဲ့ .. ကိုကို

www.burmeseclassic.com

www.burmeseclassic.com



ဟာ မမငွေကို ဘယ်တော့မှ မမေ့နိုင်ဘူးဆိုတာကိုလဲ ပန်ယုံတယ် .. ပြီးတော့ .. အကယ်၍ .. ပန့်ကိုသာ .. အရင်ကိုကိုတွေ့ဖြစ်တယ်ဆိုရင် .. ရှင့်ကို .. ဘယ်တော့မှ လက်ထပ်မှာမဟုတ်ဘူးရှင့် .. ကျွန်မကို မမငွေကိုယ်ပွားလေးတစ်ခုအဖြစ် .. ထားမှာသေချာတယ်လေ .. ကျွန်မကိုတောင်မှ လက်ထပ်ဖို့ကမ်းလှမ်းလာနိုင်တယ် သိရဲ့လား .. ဘာလို့လဲသိလား .. သူဟာ .. ပန့်ကို ချစ်လို့ကမ်းလှမ်းတာမျိုးတော့မဖြစ်နိုင်ဘူး .. မမငွေကို မမေ့နိုင်လို့ ကမ်းလှမ်းတာမျိုးပဲဖြစ်နိုင်တာပါ .. ဒီတော့ .. ရှင်နဲ့ ကျွန်မ လောင်းစားပွဲလေးတစ်ခုတောင် လုပ်ချင်လာတယ်လေ .. ရှုတ်တရက် .. ခုပြောဆိုနေရင်းနဲ့ဆိုပါတော့ .. ကိုကိုဟာ မမငွေကို ဘယ်တော့မှမမေ့နိုင်သလို .. ရှင့်ကို .. ဘယ်တော့မှ ချစ်မလာနိုင်ဘူး ဆိုတာကို .. ရှင်သိထားတယ်ဆိုတာ .. ဝန်ခံရဲရမှာမျိုးဆိုပါတော့ .. ရှင်ဟာ .. သူ့ဘေးမှာရပ်နေရင်း .. အသက်ရှင်နေရင်းနဲ့ .. သူ့ရင်ထဲကနှလုံးသားကို ကြေကြေကွဲကွဲ .. ကြည့်နေရတဲ့မိန်းမတစ်ယောက်ပဲဖြစ်နေမှာပါ .. ဘာလို့လဲဆိုတော့ .. ကိုကို့ရင်မှာ မမငွေပဲရှိနေတာကို ရှင် မြင်နေရလို့လေ ..”

ဟု ပြောလာတော့ မြပန်းရုံ အံ့ခဲလိုက်မိရပါပြီ။ အတော်လေးကို ခံရခက်စေသည့် စိန်ခေါ်မှုတစ်ခုကို ရင်ဆိုင်နေရခြင်းဆိုတာကိုလည်း သိနေသည်။ ဘာတဲ့ ..။ ငွေ့ကိုမမေ့နိုင် .. တဲ့လား။ မှန်ရိပ်မှာထင်နေသည့် ကိုယ်ပုံရိပ်ကို ကိုယ်ပြန်ကြည့်မိသည်။ အရမ်းကိုလှနေသည့် ပုံရိပ်လေး။ ထိုအရိပ်လေး



သည် .. မြပန်းရုံ၏ပုံရိပ်လေးမဟုတ်ပါလား။ ကြွေရုပ်လေးလို လှလွန်းသည်ဟု သူငယ်ချင်းတွေကပြောကြရလွန်းပါသည့် .. အားကျကြလွန်းပါသည့် မြပန်းရုံ၏ အလှတရားများက .. လောလောဆယ်မှာ မာနတစ်ခုကို ဖြစ်ထွန်းတောက်ပလာနေစေပြီတည့်။ ဘာတဲ့ .. ငွေ့ကို .. ကိုကို .. မမေ့ပါတဲ့။ ပန်ပြောသည့် လျောင်ထေ့ထေ့စကား။ ပန်းရုံက ကြေကြေကွဲကွဲနှင့်ကြည့်နေရမည်တဲ့။ မဆီမဆိုင်သူတစ်ယောက်က ကြားထဲကလာ၍ ခနိုးခနဲ့နိုင်စွာ လှောင်ပြောင်သရော်ပြောလာပါသည့်စကား။ ငွေဆစ်ပန်ဆိုတာ သူချစ်သောငွေမဟုတ်။ ပန်ပဲဖြစ်နေသည်။ ပန်ဆိုတာက ငွေ့ညီမ ဖြစ်လိုက်တာနှင့် ပန်းရုံကို ဤသို့သရော်မော်ကားပြောပိုင်ခွင့် ရှိချေမည်တဲ့လား။ တစ်ရက်တည်းမှာပဲ ပန်သည် နှစ်ကြိမ်တိုင်တိုင် မြပန်းရုံကို တိုက်ရိုက်ထိခတ်ပုတ်ခတ်၍ မာနကို စိန်ခေါ်နေသည့်အဖြစ်။

“အနာဂတ်ဆိုတာ .. ဘယ်သူမှ မမြင်နိုင်ဘူးဆိုတာ ရှင်လဲ မမေ့ပါနဲ့ မငွေဆစ်ပန် .. ကျွန်မကလဲ .. ကျွန်မကို .. တကယ်တမ်း .. မြတ်နိုးချစ်တတ်လာတဲ့ သူတစ်ယောက်အဖြစ် .. ကိုကြီး .. ရောက်ရှိလာလိမ့်မယ်လို့ .. ယုံကြည်လိုက်စေဖို့အတွက် .. ခု .. လောလောဆယ်မှာ .. ရှင်ဖုန်းဆက်လာတဲ့ကိစ္စတစ်ခုအပေါ်မှာ ခံပြင်းရင်း .. ရှင့်ကို အသိပေးလိုက်ပါရဲ့ .. ရှင် သိထားဖို့က .. ကျွန်မဟာ မြပန်းရုံ ဆိုတာကိုပါပဲ .. မြပန်းရုံဟာ .. အောက်တန်းမကျဘူးရှင့် .. ဖြူစင်တဲ့ မြပန်းရုံဟာ .မာနလဲကြီးတယ် .. စော်ကားမော်ကားပြုလာသူကို .. ဘယ်တော့မှ အရှုံးမပေး

www.burmeseclassic.com

www.burmeseclassic.com



တတ်ဘူး ဆိုတာကိုလဲ .. ရှင်သိထားဖို့တော့လိုလိမ့်မယ်၊ ခုလောလောဆယ်မှာကိုပဲ .. ရှင်ဟာ .. ကျွန်မ လက်ထပ်ထားတဲ့ သူတစ်ယောက်ရဲ့ဖုန်းကို လှမ်းဆက်လိုက်ချိန်မှာ ဖုန်းကိုင်တဲ့သူဟာ .. ကျွန်မဖြစ်နေတယ်လေ .. ဘာလို့လဲဆိုတော့ .. ကျွန်မဟာ .. ကိုရန်ပြေရဲ့ဇနီးဖြစ်နေလို့ပါပဲ၊ သူ့ဖုန်းကို တခြားသူစိမ်းတစ်ယောက်က .. ခုလို .. သူ့ခေါင်းအုံးဘေးက ဘယ်ယူကိုင်နိုင်ပါ့မလဲ .. မဟုတ်ဘူးလား၊ ရှင်ရော .. ရှင့်အစ်မငွေ အသက်ရှင်သေးရင်တောင်မှ .. သူရော ... ဘယ်ကိုင်နိုင်ပါ့မလဲ .. အဲဒါကိုက .. ကျွန်မဟာ .. ကိုကြီးရန်ပြေနဲ့ ပတ်သက်လာရင် .. ဘယ်နေရာမှာ ရပ်တည်ပိုင်စိုးနေတယ်ဆိုတာ ရှင် ကောင်းကောင်းနားလည်မှာပါ .. ရှင့်ကိုမြင်ရင် .. ကိုကြီးက လက်ထပ်ခွင့်တောင်းလာနိုင်တယ်လို့ စောစောက ရှင်ပြောရဲ့တာကိုက .. ရှင့်စာရိတ္တကို .. ဖော်ပြလိုက်တာနဲ့ တူတူပါပဲ .. ရှင့်စကားအရပြောရရင်ပဲ .. ငွေဆိုတာ ကိုကိုကြီးက မမေ့နိုင်ဘူးဆိုတာမျိုးကို အထပ်ထပ်ကျော့ပြောနေတာမျိုးဖြစ်နေတာမို့ ရှင့်ကို မချစ်ဘဲ ရပ်တူလို့ ကမ်းလှမ်းနိုင်တယ်ဆိုတာမျိုးကို ရှင် .. ဘယ်လိုအင်အားသုံးပြီး ရှင့်နှုတ်ဖျားဆီကပွင့်ထွက်လာစေနိုင်တယ်ဆိုတာ ကျွန်မဖြင့် မတွေးတတ်အောင်ပါပဲ၊ ဘာပဲဖြစ်ဖြစ် .. ကျွန်မကတော့ .. ကိုကြီးရန်ပြေရဲ့ဇနီးအဖြစ် .. လူသိရှင်ကြား ရပ်တည်နေတာကိုက .. ရှင် .. ဘယ်လိုမှလိုက်မမီနိုင်တော့တဲ့ လက်တွေ့ကျကျသိနေရမယ့် ဘဝတစ်ခုပဲဆိုတာ .. ရှင် နားလည်ပါ"



စကားရှည်ကြီးပြောပြီးတာနှင့် မြပန်းရုံကိုယ်တိုင်လည်းမောနေပြီ။ ချွေးတွေက မျက်နှာထက်မှာ တစေ့စေ့ တငွေ့ငွေ့တက်နေသည်။ ဖုန်းကို ပိတ်ချပစ်လိုက်ကာ ခုတင်ပေါ် ပစ်တင်ပစ်လိုက်သည်ကတော့ နည်းနည်းစိတ်လိုက်မာန်ပါနိုင်နေသည်။

အံတစ်ချက်ခဲမိကာ ခုတင်ထက်မှာ ခြေပစ်လက်ပစ်ထိုင်ချ .. ခြေတွဲလွဲချထားရင်းမှ မျက်ဝန်းတွေက ဖိတ်ဖိတ်လက်နေသည်။ အလကားနေရင်း လာ၍ လာ၍ ပန်းရုံ၏စိတ်ကို ဆွနေခြင်းဆိုတာကိုလည်း တဖြည်းဖြည်း သဘောပေါက်ခြင်းမက ပေါက်လာနေမိရပါပြီ။

"သူ နှောက်ကြောင်းမရှင်းလို့ .. ငါ .. ဒီလိုအစော်ကားခံနေရတာ .. အလကားလူ"

စိတ်ရှိလက်ရှိသာ လုပ်လိုက်ရမည်ဆိုလျှင် ဖုန်းကိုကိုင်ပေါက်ပစ်ချင်လာနေသည်။ အကြိမ်ပေါင်းမည်မျှ ချစ်သူနှစ်ဦးအဖြစ် ငွေနှင့်သူ အပြန်အလှန် ပြောခဲ့ဆိုခဲ့ကြချေမည်မသိရပါလေသော ဖုန်းလေးကို အံခဲ၍ စိုက်ကြည့်နေမိရပါသည့်အဖြစ်။

"တစ်ခုတော့ရှိတယ် .. သူ့ဆီကအချစ်ကို .. ငါ .. ဘယ်တော့မှ .. ကြိုးစားပြီးမယူဘူး .. သူ့အလိုလို ချစ်လာတဲ့အချစ်တွေကိုပဲ .. ငါ .. သူ့ဆီက ပိုင်ဆိုင်ချင်တယ် .. အဲဒီအခါကျရင် .. အဲဒီပန်ရဲ့ရှေ့မှာ .. သူနဲ့ငါ .. တူတူသွားပြီး .. 'ငါရဲ့အောင်နိုင်တဲ့အပြုံးတစ်ခုကို .. သူ့ရှေ့မှာ လောင်လောင်မြိုက်မြိုက်ကြီး ငါ ခြွေပြမယ် .. မာနနဲ့ခြွေတဲ့ ငါ့အပြုံးဟာ .. အေးချမ်းနေမှာမဟုတ်ဘူး .. လောင်မြိုက်နေမှာတော့အမှန်ပဲ .. ပူနေမှာတော့အမှန်ပဲ

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကို ဖိကိုက်ထားရင်း ဒေါသဖြင့် မြပန်းရုံ ထရပ်သည်။ စောင်နှင့်ခေါင်းအုံးကို အခန်းထောင့်ရှိ ဆိုဖာရှည်ကြီးထက်မှာ သွား၍ ပစ်တင်လိုက်မိကာ ..

"တစ်နေ့မှာ .. သူဟာ .. ငါ့ကို ချစ်လာစေရမယ် .. ငါ့မာနအတွက် .. ငါ့သိက္ခာအတွက် .. သူ့အချစ်ဟာ .. အလွန်တရာကိုမှ .. ငါ့အတွက် တန်ဖိုးကြီးနေပါလား .. တန်ဖိုးကြီးလွန်းနေတဲ့ အရာတစ်ခု ဖြစ်လာနေပါလား .. ဟုတ်တယ် .. ငါ့အောင်နိုင်မှုအတွက် .. ပန့်ကို အောင်နိုင်စေမှုအတွက် .. သူ့အချစ်ကို .. ငါ ပိုင်ဆိုင်ခွင့်ရဖို့ဟာ အလွန်အရေးကြီးနေတယ် .. ဒါပေမဲ့ အဲဒီအချစ်ဟာ .. သူ့ဆီက အလိုလို ဖြစ်တည်လာတာမျိုးကိုပဲ ငါ လိုချင်တယ်"

အရမ်းကို အံ့သြဖို့ကောင်းလောက်အောင်ပဲ .. မြပန်းရုံဆိုသည့် မိန်းမတစ်ယောက်အတွက် .. သူ့ထံမှ .. မြတ်နိုးစွာဖြစ်တည်လာသောအချစ်သည် .. အလွန်တရာကိုမှ .. အရေးတကြီးဖြစ်နေသည့် အရာတစ်ခုအဖြစ် ကိုယ့်ဘဝမှာ ခြေကုပ်ခြေခဲ နေရာယူလာနေ ကြချေသည်တည့်။ ဤသည်က .. ငွေဆစ်ပန်ကို အနိုင်ရလိုမှုတစ်ခုတည်းကြောင့် ခံပြင်းမာနဖြင့် ခြွေလာသည့် ဝေလာသည့် တောင့်တမှုကြီးတစ်ခုလည်း ဖြစ်နေပြန်သည်တကား ..။

○ ❧ ○



## အခန်း(၂၁)

"မမလေး .. ကိုကိုလေးက .. ကြေးအိုးစားမယ်တဲ့ .. ဆင်းလာတော့တဲ့ .. ဟိုမှာ .. အားလုံးတူတူစားကြဖို့ပြင်ထားပြီးပြီ .. မွှေးနေတာပဲသိလား .. သွားရည်ယိုရောပဲ ပိုးဥတော့ .. အဟင်း ဟင်း .."

စောစောက ကျန်ခဲ့ရပါမို့လားနှင့် မျက်နှာပျက်နေလေသမျှ ကြေးအိုးအဝယ်ပြန်လာကြပါသည့် သူတို့ကားဖြင့် ပြန်ရောက်လာတော့လည်း ပိုးဥပဲ ပြေး၍ အိမ်တံခါးဖွင့်ကြို ..။ တပြုံးပြုံးဖြင့် အစားကြိုက် ပိုးဥမှာ ပျော်နေသည်ပါပဲ။

ပန်းရုံကတော့ ရင်ထဲ ဒေါသဖြစ်နေရလွန်းစိတ်ဖြင့် အောက်ကိုမဆင်းဖြစ်ဘဲ အခန်းထဲ ပေ၍ထိုင်နေပစ်လိုက်သည်။ တအောင့်လောက်ပဲကြာမည်။ ပိုးဥ တက်တက်ကြွကြွလေး လာခေါ်ပါချေ၏။

"အေး .. ပန်းရုံ လာစားမယ် .. အောက်ရောက်ရင် .. ညည်းကိုကိုလေးကို အပေါ်ခဏတက်လာခဲ့ပါဦးလို့ပြောလိုက် .. ပြီးမှ .. ပန်းရုံတို့ တူတူပြန်ဆင်းလာခဲ့ကြမယ် ဟုတ်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်တော့လည်း ကလေးပီပီ ခပ်သုတ်သုတ် ပြေးထွက်သွားသည်ပါပဲ။ အစားဖောလေးဖြင့် ပိုးဥကတော့ ခြေသွက်လက်သွက်ဖြင့် အရမ်းကို ပေါ့ပါးနေပါသည့်အဖြစ်။ ကိုယ့်မှာသာ သောကတွေ ဒေါသတွေ .. ခံပြင်းမာနတွေဖြင့် မောလိုက်ရပါသည့်အမျိုး။ ပိုးဥကိုကြည့်၍ အားပင်ကျချင်ချင်ပါ။

မကြာလိုက်။ သူ ရောက်လာပါ၏။

"ဟိုမှာ စားကြဖို့စောင့်နေကြတဲ့ဥစ္စာ .. ဘာလို့ .. ကိုယ့်ကို အပေါ်ခဏတက်ခဲ့ပါလို့ မှာလိုက်ရတာလဲ ပန်းရုံ .. ဒေါ်ကြီးနဲ့ဆိုတာ အသက်လဲကြီးပြီ .. သူက .. ကိုယ်တို့ကို စောင့်နေရတယ်ဆိုတာ မကောင်းဘူး .. အားနာဖို့ကောင်းတယ် .. ဘာများ အရေးတကြီးကိစ္စ ပေါ်လာလို့လဲ .. ကိုယ် .. အမြန်ဆုံး ကြေးအိုးဝယ်လာတာကိုက .. တူတူ အားလုံးတပျော်တပါး စားနိုင်ကြဖို့ပဲကွ"

ဟု ပြောလာတော့ စိတ်မရှည်နိုင်ဘဲ ခုတင်မှာထိုင်နေရာမှ 'ဆောင့်ခနဲရပ်လိုက်ကာ ..

"ရှင့်ကြေးအိုးကြီးကို .. သွားသွန်ပစ်လိုက် .. နားလည်လား၊ ကျွန်မ ဘယ်လောက်ထိ .. မာနကို အစိမ်းခြွေခြွေခံနေရတယ်ဆိုတာများ ရှင် ဝင်ကြည့်စမ်းပါ .. ဟင် .. ရှင့်ကို ကျွန်မ လက်ထပ်လိုက်ရတာ မဟာအမှားတစ်ခုပဲ .. သိရဲ့လား .. ရှင်ဟာ .. ပက်ကျိလိုအကောင်မျိုး .. သွားလေရာ အစင်းကြောင်းထင်ကျန်ခဲ့တဲ့အမျိုး .. ရှင် နောက်ကြောင်းမရှင်းလေသမျှ .. ကျွန်မ နားလဲမချမ်းသာရ .. စိတ်လဲ မချမ်းသာရဖြစ်နေရတာ ရှင် ဘာစာနာစိတ်ရှိနေ



လို့လဲ .. ခုလဲ .. ဘာကိစ္စဆိုတာ အရင်မမေးဘဲ .. ဒီတစ်ခါလောက်လေးပဲ ကျွန်မအတွက် ကြေအိုးသွားဝယ်ပေးရတာလေးကို ဂုဏ်တင်ပြောမနေနဲ့ .. သိရဲ့လား .. သိရဲ့လား"

သူ့ထံမှ ချစ်ခြင်းတွေကို ပိုင်စိုးလိုသည့် စောစောကခံစားချက်တွေက အရမ်းခံပြင်းရန်တွေ့ချင်နေပြန်သည့်ဇောတစ်ခု၏အောက်မှာ စုန်းစုန်းမြုပ်သွားရကာ ရန်တွေ့သံတွေသာ ဆက်တိုက်ပွင့်ကျလာနေသည့်အဖြစ်။ ပန်းရုံ ရင်ထဲမှာ ဝမ်းနည်းနေတာလည်းပါသည်။ ငွေဆစ်ပန်လို မိန်းမတစ်ယောက်၏ ကလိတိတိပြောသံ .. ခနိုးခနဲ့ပြောသံ .. ရယ်သံတွေကို နားနှင့်ဆတ်ဆတ်ကြားခဲ့ရတာ ဘာကြာသေးလို့လဲလေ။

ရှိသမျှမာနနှင့် ဒေါသ စုပြုံ၍ ရင်ထဲမှာ မွှနှောက်နေကြပါသည့်အဖြစ်။

"ဟ .. ဘာတွေလဲကွ .. မင်းစားချင်တယ်လို့ ပြောတာနဲ့ ငါ ချက်ချင်းသွားဝယ်ပေးတာ .. ဘာဖြစ်ရပြန်တာလဲ .. ခုတစ်မျိုး .. ဘာတွေလဲကွာ .. ငါက သိပ်စိတ်ရှုပ်ခဲ့တဲ့ကောင်မဟုတ်ဘူးနော် .. သတိပေးထားပါရဲ့ .. အလကားနေရင်း ဦးနှောက်လာစားနေတာမျိုးကို .. ငါ .. မကြိုက်ဘူး၊ အဲဒီအကျင့်မျိုးကို ငါ အမုန်းဆုံးပဲ"

သူလည်း စိတ်မောကိုယ်မောဖြင့် တကယ့်ကို စိတ်ပျက်လာရလျက် ခေါင်းခါ၍ ဆိုဖာထက်မှာ ခြေပစ်လက်ပစ်ထိုင်သည်။ ခုထိ ခြေစုံလေးရပ်လျက် မျက်တောင်မခတ် သူ့ကိုစိုက်ကြည့်နေဆဲရှိနေပါသည့် မြပန်းရုံကိုလည်း တုံ့ပြန်၍ ခပ်တည်တည်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။ ပြီးတော့ ကျွတ်ခနဲစုတ်သပ်ကာ ခေါင်းယမ်းပြီး အခန်းပြင်ပြန်ထွက်။ လူသွားစင်္ကြံနေရာမှာ သွားရပ်ကာ အောက်သို့ငုံ့၍ ..

"ပိုးဥ"

"ရှင် .. ကိုကိုလေး"

"နင်တို့ စားနှင့်ကြ .. ပြီးမှ ငါတို့ဆင်းလာခဲ့မယ် .. ကြားရဲ့လား .. ဒေါ်ကြီးနဲ့ကိုလဲ စားခိုင်းလိုက်ဦး"

သူ့အော်ခေါ်သံ ..။ ပိုးဥ ထူးသံ ..။ သူမှာနေသမျှအားလုံး ပန်းရုံ ကြားနေရသည်။ မကြာလိုက် .. သူ ပြန်ဝင်လာပါ၏။ မျက်နှာက အရမ်းကို တည်ငြိမ်လွန်းနေပြီ။ အခန်းတံခါးကို ဆွဲစေ့ပိတ်ပစ်လိုက်ပြီးမှ ပန်းရုံ၏ ရှေ့တည့်တည့်မှာလာရပ်သည်။ သဘောက .. သူ့ဘက်ကလည်း အလျှော့ပေးချင်စိတ်မရှိတော့သည့်သဘော။

ပန်းရုံကလည်း ခပ်ရှူးရှူးလေး မော့ကြည့်ရင်းမှ .. အလျှော့မပေးစတမ်း တုန့်ပြန်၍ စိုက်ကြည့်နေပါ၏။

"ဟော့ .. ဘာသဘောလဲကွ .. ဘယ်လိုကြည့်တာလဲ .. ငါမင်းကို လက်ထပ်ခဲ့တာဟာ .. ဒီလို ထောင့်မကျိုးတဲ့ **အကြည့်** .. အဲတုတဲ့အကြည့်တွေကို ခံယူဖို့များမှတ်နေလား၊ ဘာဖြစ်ရပြန်တာလဲကွ .. ဟေ .. ဘာဖြစ်ရပြန်တာလဲ .. မင်းမှာ ငါ့အပေါ် ပြဿနာရှာနေဖို့ကလွဲပြီး ဘာမှ မစဉ်းစားတတ်တော့ဘူးလား .."

သူ ဒေါသဖြင့် မာကျောကျောပြောလာတော့ မြပန်းရုံ အံခဲ၍ ခုတင်ထက်မှ သူ့ဖုန်းကို သွားယူသည်။ သူ့ရှေ့တည့်တည့်



မှာ ပြန်ရပ်ကာ သူ့လက်တစ်ဖက်ကို ခပ်ကြမ်းကြမ်းလေးဆွဲယူပြီး လက်ဖဝါးကို ဆွဲဖြန့်လိုက်ပြီးတာနှင့် ဆောင့်ဆောင့်၍ ဖုန်းလေးကို ခပ်ကြမ်းကြမ်းပဲ ထည့်ပေးလာတော့ သူ နားလည်ချင်း။

ဤဖုန်းငယ်လေးတစ်လုံးကို အရင်းတည်၍ မြပန်းရုံ ဘာများ ဤမျှ ဒေါသတွေ တလူလူလွင့်တက်နေရပါချေသတဲ့လဲ ..။ စိတ်ပျက်လက်ပျက်နိုင်စွာ ရှိခဲ့ပါသည့် ခံစားချက်တစ်ခုသည် အံ့ဩနားမလည်နိုင်ခြင်းဘက်ဆီသို့ ရုတ်ခနဲရောက်၏။ တစ်ခုခုတော့ အမှားကြီးတစ်ခု ဖြစ်နေပြီဟု နားလည်လာစပြုလာသည်။ ဖုန်းကို ငုံ့ကြည့်လိုက်ပြီးမှ ပန်းရုံကို ကြည့်ကာ ..

"ဘာလဲ ပန်းရုံ .. ဒီဖုန်းက .. ဘာဖြစ်ရပြန်တာတဲ့လဲ"

ဟု မေးမိရပါသည့်အဖြစ်။

"ရှင် .. သွားလိုက်ချိန်မှာ .. ကျွန်မ ဒီအခန်းထဲမှာ ကျန်နေခဲ့တုန်းက .. ရှင့်ဖုန်းမြည်လာလို့ .. ကျွန်မ ယူပြီး .. ထူးလိုက်မိတယ် .. အဲဒီဆက်တဲ့ဖုန်းဟာ ဘယ်သူ့ဆီကလဲ ဆိုတာ ရှင် အရင်သိဖို့လိုတယ် .. ဖုန်းထဲမှာ ရှင် .. အဲဒီနံပါတ်ကို ပြန်ကြည့်လိုက်ပါဦး"

ဟု ပြောလာတော့ ပို၍ စိတ်ထဲရှုပ်ထွေးလာသည်။ ဘယ်သူများ ဆက်လိုက်ချေသည်မသိ။ တစ်ခုခုတော့ ချောက်ပေါက်ကျမည့်စကားမျိုးကို ထိုဖုန်းနားထောင်ခဲ့ပါသည့် ပန်းရုံကို တစ်ယောက်ယောက်ကတော့ ချွန်တွန်းတွေလုပ်ခဲ့ချေမည့်သဘောဖြစ်နေသည်။ သူငယ်ချင်းတွေထဲက ဘယ်သူများ ချောက်ချချေသည်ပေါ့ဟု တွေးကာ ကမန်းကတန်း ဖုန်းလေးထဲမှ စောစောကဆက်သည့် နံပါတ်ဆိုတာကို သူအလျှင်စလိုကြီးပဲ ခလုတ်လေးနှိပ်၍ ကြည့်

www.burmeseclassic.com



လိုက်တော့ ဟင်ခနဲဖြစ်သွားရပါပြီတည်း။ ငွေ့ဂျိအက်စ်အမ်ဖုန်းနံပါတ်လေးဖြစ်နေပါချေသည်တကား။ ဤတစ်ကြိမ်မှာတော့ သူ မယုံကြည်နိုင်သည့်နှယ် နံပါတ်ကို ငေးစိုက်ကြည့်နေမိရပါ၏။ သူ ငြိမ်ကျနေစဉ်ခိုက် ပန်းရုံ ခုထိ သူ့ရှေ့တည့်တည့်မှာရပ်နေလျက်ရှိနေရင်းမှ ..

"ငွေဆစ်ပန် ဆက်လာတာလေ .. သူ့အစ်မငွေရဲ့ဖုန်းနဲ့ သူ ဆက်တာပါတဲ့ .. ဆက်တာက ရှင့်ဆီကိုဆက်တာပါတဲ့၊ သူ့အစ်မရဲ့မှတ်စုစာအုပ်မှာရော .. ဒိုင်ယာယီမှာရော .. သူ့အစ်မရဲ့ အဲဒီဖုန်းထဲမှာရော ရှင့်နံပါတ်လေးထည့်ထားတာဆိုတာကိုလဲ သူကပြောပြပါတယ် .. သူပြောတာက ရှင်ဟာ ကျွန်မနဲ့ လက်မထပ်ဖြစ်ခဲ့ရင် .. သူ့ကိုတောင်မှ ရှင့်ဘက်က လက်ထပ်ဖို့ ကမ်းလှမ်းလာနိုင်ပါတယ်တဲ့ .. အဲသလောက်ထိ ကျွန်မ အစော်ကားခံခဲ့ရတာရှင့်"

"ဟာ .. မဟုတ်တာ .. ဘာလို့ .. ကိုယ်က .. သူ့ကို လက်ထပ်ဖို့ စကားကမ်းရမှာတဲ့လဲ .. ဘာတွေလဲ သူက .. ဘာလို့ ဒီလိုပြောရမှာတဲ့လဲ .. ကျွတ် .. ခက်တော့တာပါပဲကွာ"

သူလည်း အလန့်တကြားပင်ဖြစ်သွားရကာ စိတ်တွေရှုပ်ထွေးလာရလျက် ညည်းစဉ်ခိုက်မှာ ပန်းရုံကလည်း သူ့ကို စိုက်ကြည့်နေဆဲပါ။

"သူ့အစ်မငွေကို ရှင် ဘယ်တော့မှ မမေ့နိုင်ဘူး ဆိုတာလဲ သူ သိတယ်တဲ့ .. အဲသလောက်ကြီး သူသိနေရအောင် .. သူဟာ .. ငွေဆစ်ပန်ပဲ ဖြစ်တယ် .. ငွေမှမဟုတ်တာ ..



ဒီလောက်ကြီးထိ ကျွန်မကို .. စော်စော်ကားကားပြောလို့လဲမရဘူး .. အရမ်းရှုပ်တာပဲ .. ကျွန်မ .. ရှင့်ကို လက်ထပ်မိတာဟာ ရှင် မချစ်တဲ့ မိန်းမတစ်ယောက်အဖြစ်လဲ ရှိနေရတယ် .. ရှင်ချစ်ခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ညီမဆိုသူက လူကိုယ်တိုင်လာစော်ကားလိုက် .. ဖုန်းနဲ့ကလိလိုက် လုပ်နေတာကိုလဲ ခံနေရတယ် .. အဲဒါ .. ကျွန်မက .. ရှင် ဝယ်လာတဲ့ဥစ္စာတွေကို မစားဘဲရှိနေတဲ့အတွက် .. ရှင့်မှာ အလွန်စိတ်ဆိုးစရာကြီးဖြစ်နေတယ်ဆိုရင် .. ကျွန်မစောစောက .. ရှင့်ငွေ့ဖုန်းနဲ့ဆက်လာတဲ့ ပန့်စကားတွေကို အစအဆုံး ပြန်ပြောရမှာတောင် ဝန်လေး ရှက်သေတော့မတတ် ဖြစ်နေရတာတွေကို .. ရှင် ဘာပြောမလဲ .. ဟင်၊ ဘာပြောမလဲ .. အဲဒါ .. ရှင်ကိုယ်တိုင်က .. အဲဒီပန်ကို ပြတ်ပြတ်သားသား ပြောပစ်ဖို့ကောင်းပါရက်ကယ်နဲ့ .. မပြောခဲ့လို့ဖြစ်ရတာ .. သူ့ကို လက်ထပ်ပွဲမှာ ရှင် မြင်လိုက်ကတည်းက .. မျက်စိမျက်နှာကြီးပျက်ပြီး .. ငွေ .. ငွေနဲ့ ခေါ်တာကို ကျွန်မ မေ့မယ်များထင်သလား .. သူ့နောက်ကို ကောက်ကောက်ပါသွားဖို့ပဲရှိနေတော့တဲ့အတိုင်း ရှင် မျက်စိမျက်နှာကြီး မျက်ကျနေတာကို ကျွန်မ မျက်စိရှေ့မှာ ဖြစ်ပျက်နေတဲ့အရာတွေအဖြစ် .. ကျွန်မ မြင်နေခဲ့ရတာလေ .. မြင်နေခဲ့ရတာ .. အဲဒီကတည်းက .. ကျွန်မ သူ့ကို စားပွဲတစ်ခုမှာ အရှုံးမပေးဘဲ ညှိခံခဲ့ပေမယ့် .. ရှင်ဟာ .. သူ့အစ်မနဲ့ ပတ်သက်နေခဲ့ဖူးတယ်ဆိုတာလောက်ကိုတော့ မှန်းဆမိခဲ့ရတာရှင့်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. အဲဒါတွေ .. ကိုယ့်ကိုလာမပြောနဲ့လေ .. ကိုယ်ဖန်တီးယူတာမှ မဟုတ်တာ .. ပန်လာဖို့လဲ ကိုယ်ကဖိတ်ခေါ်ခဲ့တာမှ မဟုတ်တာ

"ရှင်မဖိတ်ပေမယ့် .. အဲဒီတုန်းက သူ့ကို အသေအချာပြောရမှာလေ .. ရှင်နဲ့ လာမပတ်သက်ဖို့ဆိုတဲ့စကား"

"ဟ .. အသားလွတ်ကြီးတော့ ဘယ်ပြောလို့ ကောင်းမလဲကွ .. သူက မင်္ဂလာပွဲကို လာတဲ့သူပဲဥစ္စာ"

"မလာသင့်တဲ့နေရာဆိုတာ သူ နားလည်ပြီးသားပါ .. အဲဒီလောက်လေးတောင်မှ အဆင်ခြင်မနည်းရဘူးဆိုတာ သူလဲ နားလည်သလို .. ရှင်လဲ နားလည်သင့်တာပါပဲ .. ရှင် .. သူ့ကို ဧည့်သည်မဆိုပြီး ခံစားရင်း ဆက်ဆံပြခဲ့လို့ ဒီနေ့မှာ သူလာစော်ကားရဲခဲ့သလို .. ခု .. ညမှာလဲ .. ဖုန်းနဲ့ စော်ကားရဲခဲ့တာပေါ့"

ဆက်တိုက် ပြောနေရင်း ဒေါသဖြင့် မျက်နှာလေးရဲတက်နေပါသည့် ခံပြင်းမာနကဲနေသော ပန်းရုံ၏ မျက်နှာလေးကို သူ ငေးစိုက်ကြည့်နေရာမှ ခေါင်းခါသည်။ သက်ပြင်းရှိုက်၍ ပန်းရုံ၏ လက်လေးကို ဖျတ်ခနဲဆွဲယူထွေးဆုပ်လိုက်တော့ ရုန်းနေတာမို့ မလွတ်စတမ်း ခပ်တင်းတင်းကြီး ထွေးဆုပ်ကိုင်ပစ်လိုက်ရင်းမှ ..

"နေဦး .. မင်း ဒေါသတွေနဲ့ချည်း မောမနေနဲ့ .. ငါလဲ စိတ်ညစ်တယ်ကွ .. နားလည်ရဲ့လား .. ငါလဲ လူတစ်ယောက်ဖြစ်တယ် .. စိတ်ညစ်တတ်တယ် .. စိတ်ရှုပ်တတ်တယ် .. အဲဒါကိုလဲ မမေ့နဲ့ .. ဒီမှာကြည့် .. ဒီဖုန်းထဲက



ဒီဘက်ထရီကို ထုတ်ပစ်လိုက်ပြီ .. ရော့ .. ဖုန်းကိုယူထား .. ဘက်ထရီထုတ်ထားလိုက်တဲ့ဖုန်းကို ဘယ်သူမှဆက်လို့မရဘူး .. မင်းလက်ထဲ ဒီဖုန်းကိုလဲ ထည့်ပေးထားလိုက်ပြီ .. ကိစ္စပြတ်ပြီမဟုတ်လား .. နောက်ကြောင်းတွေ ပြန်ပြန်နှုးမနေနဲ့ .. ငါ .. မင်းအပေါ်မှာ တာဝန်ကျေတဲ့ ခင်ပွန်းသည်တစ်ယောက်တော့ ဖြစ်နေမှာပဲ .. အဲဒါကို မင်းနားလည်ထား .. အလကားနေရင်း ဒေါသတွေနဲ့ မင်းကိုယ်ကို မင်းနှိပ်စက်မနေနဲ့ .. အဲဒီမာနရယ် .. ဒေါသရယ် .. ခံပြင်းစိတ်ရယ်ကြောင့် မင်း သေသွားလိမ့်မယ် .. နားလည်လား"

သူကလည်း ခပ်မြန်မြန်နှင့် ခပ်တည်တည်ကြီး ပြောချလိုက်သည်ပါပဲ။ ဖုန်းထဲမှ ဓာတ်ခဲကိုထုတ်၍ စိတ်ရှုပ်ရှုပ်ဖြင့် အခန်းထောင့်သို့ လွှဲပေါက်ပစ်လိုက်ကာ ပန်းရုံ လက်ထဲ ဖုန်းလေးကို စောစောက ပန်းရုံ သူ့လက်ထဲ ဖုန်းလေး စိတ်လိုက်မာန်ပါ ဆောင့်အောင့်ထည့်ပေးလိုက်သည့်နှယ်ပင် တစ်ထေရာတည်း ဆောင့်ခနဲ ထည့်ပေးပစ်လိုက်ပါသတည်း။

"သေချာ မင်းရင်ထဲမှာ ထည့်ထား .. ငါဟာ သစ္စာရှိတဲ့ သူတစ်ယောက်ဆိုတာ မမေ့နဲ့ .. မင်းကို လက်ထပ်လိုက်တာဟာ ခင်ပွန်းသည်တစ်ယောက်အနေနဲ့ တာဝန်ဝတ္တရားကျေရမယ့်သူတစ်ယောက်အဖြစ် ငါ ရပ်တည်နေမယ်ဆိုတာကိုလဲ မမေ့ပါနဲ့ .. မင်း ငါ့ကိုမချစ်နိုင်တာ .. ငါ မင်းကိုမချစ်နိုင်တာတွေဟာ သီးခြားခံစားချက်ပဲ .. ဒါကို အိမ်ထောင်သစ္စာတည်မှုထဲမှာ ဘယ်တော့မှ မရောထွေးပစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်နဲ့ .. မင်းကို ငါယုံတယ် .. ငါ့ကိုလဲ မင်းယုံရမယ် .. ယုံကြည်ရမယ်"

ဟုပြောတော့ ပထမတော့ ပန်ရုံငိုင်နေသည်။ တွေခနဲလည်း တစ်ချက်မော့ကြည့်သည်။ ပြီးတော့ မျက်နှာလေးတည်လာပြန်ကာ ..

"ဒီမယ် .. မရောထွေးပစ်နဲ့ .. ကျွန်မက ဘာရှုပ်ခဲ့ဖူးလို့လဲ .. ရှင် မယုံမကြည်ဖြစ်စရာ ဘာမှကို မရှိခဲ့တဲ့သူ .. အားလုံး ရှင်းတယ် .. ရှင်းတဲ့လူကို မယုံလို့ရမလား .. ရောမပစ်ပါနဲ့ .. ရှင်သာ အရှုပ်အထွေးနဲ့ ရှိခဲ့ဖူးတဲ့သူ .. ရှင့်စကားက ဘာလဲ"

တစ်ခွန်းအမှားမခံဘဲ ထောင့်စေ့စေ့လိုက်၍ ရန်လုပ်နေတော့လည်း သူစိတ်ပို၍ မောလာရပါပြီ။ ဆက်ပြော၍လည်း ရတော့မှာ မဟုတ်ဟု နားလည်စိတ်ဖြင့် နောက်ဆုတ်လိုက်ကာ ဆိုဖာထက်မှာ ထိုင်ချလိုက်သည်က ပစ်ထိုင်ချလိုက်သည့်ပုံမျိုးဖြင့် ပါတည့်။

ညင်ညင်သာသာ ထိုင်လိုက်တာမျိုး ဖြစ်မနေ။

"ငွေ့ကိုချစ်တာဟာ မင်းက အပြစ်ပြောနေတာလား .. အေး .. ပြော .. ပြော .. ဝအောင်ပြော .. တစ်သက်လုံး ပြော .. မနားမနေ သတိရတိုင်း ထည့်ထည့်ပြော .. ငါကလဲ ပြောမယ် .. ဟုတ်တယ် .. ငါ ငွေ့ကိုချစ်တယ် .. သေတဲ့အထိချစ်မယ် .. ဒီရင်အသည်းထဲက ချစ်နေမယ် .. ဘယ်သူ့ကိုမှ ပြောင်းလဲမချစ်နိုင်တဲ့ အချစ်တွေနဲ့ ဆက်ချစ်နေမယ် .. အဲသလိုချစ်တာဟာ ငွေ့ပဲ .. ငွေ့တစ်ယောက်



တည်းကိုပဲ .. ပန်လဲ ဖြစ်မလာနိုင်ဘူး .. ရုပ်တူတိုင်း ငါက ချစ်နေစရာလဲ မလိုဘူး .. နားလည်လား .. နားလည်ရဲ့လား .. အေး .. နားမလည်ချင်လဲ မင်းသဘောပဲ .. မင်းစိတ်နဲ့ မင်းကိုယ် .. မင်းသဘောပဲ .. အတိုင်းအတာတစ်ခုလောက်တော့ မင်းနဲ့ငါ့ကြားမှာ ရှိဖို့လိုတယ်ကွ .. အချိန်ပြည့်နီးပါး တကျိကျိလုပ်နေတာမျိုးကို ငါ ခံနိုင်ရည်မရှိဘူး .. အဲဒါမျိုးကို ငါ မုန်းလည်းမုန်းတယ်"

ဟုဆက်တိုက်ပြောချလိုက်တော့ ပန်းရုံ၏မျက်နှာလေး ဖွေးဆုတ်ကျလာသည်။ နားစည်တွင်းဆီသို့ ပူပြင်းစွာတိုးဝင်လာသည်က ငွေ့မှလွဲ၍ ပန်းရုံကိုလည်း မချစ်နိုင်ဆိုသည့်စကားကို အပြင်းထန်ဆုံး ဦးတည်ပြောထည့်လိုက်တာကို နားနှင့်ဆတ်ဆတ် ကြားနေရချေပြီကောဆိုသည့် အသိပါ။ သူ့ရင်အသည်းထဲမှာ ငွေ့ကိုချစ်သည့် အချစ်တွေသည် သေသည့်တိုင်အောင် ရုပ်တည်သွားချေမည်ဟု အတိအကျကြီး ပြောချလာလေသမျှ သတို့သမီးပေါက်စနလေးတစ်ယောက်အနေဖြင့် အဘယ်အင်အားနှင့် ခံနိုင်ရည်မွေးယူနိုင်စွမ်းပါ့မည်တဲ့လဲလေ။

ပန်းရုံ သူ့လက်ထဲ ဖုန်းလေးကို လာထည့်ပေးသည်။

"ရှင့်ကို ကျွန်မ သေချာနားလည်ထားလိုက်တာက .. ရှင် ဘယ်တော့မှ ကျွန်မကို မချစ်နိုင်ဘူး ဆိုတာကိုပါပဲ .. ရှင် ဘယ်သူနဲ့ပဲလိုက်လိုက် .. ကျွန်မ တကောက်ကောက်လိုက်ကြည့်နေမယ်လို့တော့ မထင်လိုက်ပါနဲ့ .. ဒါပေမဲ့ ရှင်ပြောတဲ့စကားထဲမှာ သစ္စာဆိုတာတော့ ပါတယ်လေ .. ရှင့်သစ္စာဆိုတာကို ကျွန်မ စောင့်ကြည့်ပါဦးမယ် .. ပြီးတော့ ..

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကလဲ ကျွန်မကို မချစ်နိုင်တဲ့ သူတစ်ယောက်ဆီက အချစ်ကို တောင်းနေမယ့် မိန်းမတစ်ယောက် မဟုတ်သလို ကျွန်မအချစ်ကိုလဲ ရှင့်ဆီကို ခဲယယ အပ်နှံနေမယ့် မိန်းမတစ်ယောက် မဟုတ်ဘူးဆိုတာကိုပါပဲ .. တစ်ခုပဲ ရှိတယ် .. ကျွန်မရဲ့သိက္ခာအတွက် .. ကျွန်မရဲ့မာနအတွက် .. တစ်ခုတော့ ပြောချင်တယ် .. ကျွန်မကို အဲဒီ ပန်ဆိုတဲ့ မိန်းမ နောက်တစ်ခေါက် ထပ်မစော်ကားနိုင်အောင် ရှင် သူနဲ့ ကင်းကင်းရှင်းရှင်း နေပေးပါ .. မနေနိုင်ရင်လဲ ရှင့်မိဘကို အတိအလင်းပြောပြီး ရှင် ကျွန်မနဲ့ ကွာရှင်းပြီး ရင် သူ့ကို လက်ထပ်နိုင်ပါတယ် .. ဒါပါပဲ .. ရှင့်ဆီက အချစ်ကို ကျွန်မ ဘယ်တော့မှမရဘူး .. မရနိုင်ဘူးဆိုတာ ခု ပိုပြီးအသေအချာ အသိလိုက်ရတဲ့အတွက် ကျွန်မသေတဲ့ အထိ ဒီနေ့ကို မေ့နိုင်မှာမဟုတ်ဘူး ဆိုတာကိုလဲ ရှင့်ကို ပြောပြလိုက်ပါတယ် .. တကယ်တော့ ကျွန်မက ပန့်ကိုနိုင် ချင်တယ် .. ရှင့်ကိုလဲ အရှုံးမပေးချင်ဘူး .. မြပန်းရုံဆို တာ .. ကျန်ခဲ့တဲ့ဘဝတုန်းက အရှုံးဆိုတာကို မရခဲ့သလို .. အရှုံးတစ်ခုရဲ့ တူးခါးရက်စက်တဲ့ အရသာကိုလဲ မခံစား ခဲ့ရဖူးဘူး .. ခု .. ရှင်နဲ့လက်ထပ်လိုက်တဲ့ ဒီဘဝမှာ .. အားလုံးဟာ အရှုံးဆိုတဲ့ ခံစားချက်တွေကို ကျွန်မဆီမှာ အပ်နှံဖို့ ပြေးလာနေကြတယ်လို့ ကျွန်မခံစားနေရတယ် .. အဲဒီအဖြစ်ကို ကျွန်မ လုံးဝလက်မခံနိုင်ဘဲ ဖြစ်နေတယ် .. လက်လဲမခံနိုင်ဘူး .. ရှိစေတော့ .. ရှေ့ကံကြမ္မာတစ်ခုကို ကျွန်မ စောင့်ကြည့်နေရဦးမှာပေါ့ .. ရှင် .. ငွေဆိုတဲ့မိန်းအ



ကို သေတဲ့အထိ ဆက်ချစ်သွားတာတွေကို ရှင့်ဇနီးတစ် ယောက်အနေနဲ့ ကျွန်မကလဲ သေတဲ့အထိ ကြည့်သွားပေး ရဦးမယ် ဆိုပါတော့ .. ဒါပေမဲ့ .. ကျွန်မ ဘွဲ့တစ်ခုရတဲ့ အခါကျရင် ဒီအိမ်ထဲက ထွက်သွားပြမယ် .. တာဝန်ထမ်း ဆောင်ဖို့ ထွက်ခွာသွားတဲ့ ဥပဒေဝန်ထမ်းတစ်ယောက် အဖြစ်နဲ့ဆိုပါတော့"

ဟု အပြတ်ပြောကာ ဆိုဖာထက်မှာ ခေါင်းအုံးကို ဆန့်ဆန့်ရန့်ရန့်လေးဖြစ်အောင် ပြင်သည်။

"ရှင်ဝယ်လာတဲ့ ကြေးအိုးကို ရှင် သွားစားချင်စား .. မစားချင်လဲ ရှင့်သဘောပဲ .. ကျွန်မကတော့ ဒီလောက် ကျွန်မကို မချစ်နိုင်တဲ့သူတစ်ယောက်ရဲ့စကားတွေကို နား နဲ့ဆတ်ဆတ်ကြီး လတ်တလောမှာ ကြားထားရတဲ့ မိန်းမ တစ်ယောက်အနေနဲ့ ရှင်နဲ့တူတူ ကြေးအိုးစားနေဖို့ မျက်နှာ ပြောင်မတိုက်ရဲတာမို့ ကျွန်မ အိပ်လိုက်ပါတော့မယ် .. ဂွဒ်နိုက်"

ဟု ပြောလည်းပြော။

ဆိုဖာရှည်ကြီးထက်မှာ ကိုယ်လေးလှဲအိပ်လိုက်ကာ စောင်ကိုခြုံ၍ တစ်ဖက်လှည့်လိုက်တော့ သူ ပင်ပန်းမောဟိုက်ခြင်း နှင့်အတူ တွေတွေကြီး ငိုင်နေမိရပါချေ၏။

သူ့အိမ်ထောင်ရေးသည် ဘယ်သောအခါတွင်မှ သာ ယာလာဖွယ် မရှိတော့ပြီပဲဟု နားလည်နေရသည်။ ရှေ့အိမ်ထောင် ရေးခရီးရှည်ကြီးသည် စိတ်ပျက်ဖွယ်အတိ ရှိချေနေတော့မည်ဆိုတာ သူ နားလည်နေမိရပါချေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပန်းရုံနှင့် သူ့ထံမှာ တူညီသောအချက်တစ်ခုရှိသည်။ မာနကြီးခြင်း။ ဟုတ်သည် .. မာနကြီးခြင်းကတော့ တူနေသည်။ အရှုံ့တိုက်ခြင်းသည် မာန၏နှိုးဆွမှုကြောင့် ဖြစ်တည်လာသော အရာတစ်ခု။

ထိုအရှုံ့တိုက်တတ်ခြင်းကလည်း တူနေကြပြန်ချေသည်ကောလေ။

အခန်းတွင်းမှ သူ ထွက်ခဲ့သည်။ ခြံထဲသို့ဆင်းကာ အတန်ကြာသည်အထိ တစ်ယောက်တည်း ထိုင်နေမိရဆဲ။

ငွေ့မျက်နှာလေး ဝေ့ခနဲ ပေါ်လာသည်။

ဘာလို့ .. မင်း ထွက်ခွာသွားရတာလဲ ငွေ။

ဘာလို့ .. မောင် .. ဒီဘဝကြီးထဲမှာ မင်းနဲ့ဝေးရတဲ့ သူအဖြစ် ရှိနေရအောင် မင်း ထွက်ခွာသွားရတာလဲ ငွေရယ်။

○ ❧ ○



## အခန်း(၂၂)

"တစ်ခုတော့ မှာချင်တယ် ပန်းရုံ .. မနက်လဲ အစောကြီးထတယ် .. ကိုယ့်အတွက်လဲ ဘရိတ်ဖတ်စ်အတွက် တစ်မနက်မှာတစ်မျိုး လုပ်လုပ်ထားပေးတယ် .. အိမ်မှာမနားမနေလဲ အလုပ်တွေ သိမ်းကြုံးလုပ်လုပ်နေတယ် .. အဲဒါတွေကို တာဝန်ကျေ အိမ်ထောင်ရှင်မ တစ်ယောက်အနေနဲ့ အရမ်းခေါင်းထဲထည့်ထားပြီး လုပ်နေတာကို လျှော့စေချင်တယ် .. မနက်စာအတွက် ထမင်းကြော်တစ်ခုပဲ ကိုယ်စားမယ် .. တခြား ပေါင်မုန့်ကြော်တို့ .. ပူတင်းတို့ .. ခေါက်ဆွဲကြော်တို့ .. ကြက်သားမုန့်တို့ .. ငါးကြော်နဲ့ ကောက်ညှင်းပေါင်းတို့ .. စမူဆာသုပ်တို့ .. အဲဒါတွေ တစ်နေ့တစ်မျိုး လုပ်ကျွေးနေတာ ကိုယ် စားရမှာ မျိုမကျဘူး"

ပန်းရုံ အသင့်ခေါက်တင်ထားပေးသော အဝတ်အစားကို ခုတင်ထက်မှယူ၍ ဝတ်နေရင်း သူ ပြောတော့ ပန်းရုံ မျက်လွှာလေးချ၍ ငြိမ်နေသည်။ သူ အကဲခတ်သလို ပန်းရုံကိုကြည့်တော့လည်း မထုံတက်တေး အချိုးလေးက မပြောင်းလဲဘဲရှိနေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောတာ ကြားရဲ့လား"

သူ ထပ်မေးရင်း အကျိုကြယ်သီးတွေ တပ်နေရင်းမှ ကြည့်လိုက်တော့လည်း မျက်လွှာလေးချနေရင်းဖြင့်ပင် ငြိမ်ကျနေတော့ သူ စိတ်လက်မရှည်ချင်ပြန်။ မြပန်းရုံကို လက်မောင်းလေး ဆွဲ၍ ခုတင်ထက်မှာ ထိုင်စေသည်။ သူ အံ့သြချင်နေရသည်က လည်း အမှန်ပါ။

ငွေဆစ်ပန်ထံမှ ဖုန်းလာလိုက်ပြီးသည့် နောက်မှာ တောက်လျှောက် မြပန်းရုံ ဆိုတာ လုံးဝငြိမ်ကျနေသည့် သူတစ်ယောက် ဖြစ်သွားသည်။ သူ ပြောနေလျှင် ခေါင်းငုံ့၍ပဲဖြစ်ဖြစ် .. တစ်နေရာရာလေးကို ငေးနေ၍ပဲဖြစ်ဖြစ် နားထောင်သည်။ ပြီးလျှင် ဘာမျှပြန်မပြောတော့ဘဲ လှည့်ထွက်သွားလိုက်တတ်သည်ပါပဲ။ သူ ကြာရှည်ခံနိုင်ရည်မရှိ။ ခုလို အရမ်းကို အေးစက်အေးခဲနေသည့် ပန်းရုံ၏အဖြစ်ကို သူ ရင်ဆိုင်နေရတာကိုက ပင်ပန်းရလွန်းနေသည့်အဖြစ်။ ရန်ဖြစ်နေကြရတာကမှ တော်ဦးမည်။ ခုဥစ္စာက .. အရမ်းကို တိတ်ဆိတ်ခြောက်သွေ့လွန်းစွာပဲ တစ်နေ့ပြီးတစ်နေ့ ဖြတ်သန်းလွန်မြောက်နေရတာဆိုးသည်။ ဘိုးနှင့်ဘွားတို့ စင်ကာပူ သို့ ကိုပြည့်နှင့်အတူ ပြီးခဲ့သည့်အပတ်က သွားလိုက်ကြသည့်နောက် မှာ အန်တီခင်လည်း နှစ်ရက် သုံးရက်နေမှ တစ်ခါလောက်ပဲ သဇင်ဖူးသို့ လာနိုင်တော့သည်။ ပိုးထည်တိုက်သို့ ပို၍ဂရုတစိုက် သွားနေရလျက် အလှုဝတ်စုံလုပ်ငန်းမှာလည်း အာရုံနစ်၍ လုပ်ကိုင်နေရသည်က ကိုပြည့် မရှိတော့ တစ်ယောက်တည်း သိမ်းကျုံး၍ လုပ်နေရသည့်အတွက်ပါ။ ပြီးတော့ .. မေမေကလည်း ဘိုးနှင့်ဘွားတို့နှင့် အတူပါသွားပါသည့်အဖြစ်။ ဟိုမှာ ဘိုးနှင့်ဘွားတို့



ကုန်တိုက်ဖွင့်ကြမည့်ကိစ္စ .. မေမေကလည်း အထည်စက်ရုံလုပ်ငန်းနှင့်တွဲ၍ လုပ်နိုင်မည့် စီးပွားရေးလုပ်ငန်းတစ်ခုခု ထပ်၍တိုးချဲ့နိုင်ဖို့အတွက် လိုက်သွားခြင်းပါ။ ဘိုးနှင့်ဘွားဆိုတာက ပန်းရုံ၏ ဘိုးနှင့်ဘွား ဆိုပေမယ့် .. ခုလို ပန်းရုံနှင့်သူ လက်ဆက်ဖြစ်ခဲ့ကြတော့လည်း ယခင်က ရှိရင်းစွဲ သွေးသားရင်းချာနိုင်မှုသည် ပိုလေးနက်လာကြရပါသည့်အဖြစ်။ ကိုပြည့် ပါသွားသည့်အတွက် ကြောင့်သာ အန်တီခင်မှ အလှုဝတ်စုံနှင့် ပိုးထည်တိုက်မှာ ကြီးကြပ်လုပ်ကိုင်ရဖို့အတွက် ကျန်ခဲ့ရခြင်းပါ။ ခုကျတော့ မေမေ စင်ကာပူသို့ပါသွားရလျက် မိချမ်းလည်း မေမေ ပါသွားသည်မို့ စင်ကာပူသို့ အတူလိုက်သွားဖြစ်ပြန်၏။ ဒါကြောင့်မို့လည်း သဇင်ဖူးသည် အရာရာမှာ ပိုခြောက်သွေ့နေသည်သို့ ရှိလာရပါ၏။ ခါတိုင်းဆို မေမေပဲဖြစ်ဖြစ်။ မိချမ်းပဲဖြစ်ဖြစ်။ အန်တီခင်ပဲဖြစ်ဖြစ် ရောက်လာနိုင်သေးသည်။ ဖေဖေကတော့ အထည်ချုပ်စက်ရုံမှာ အလုပ်တွေများနေတတ်တာမို့ ညနေပိုင်းတစ်ခေါက်လောက်ပဲ အိမ်သို့ ဝင်လာဖြစ်ကာ .. ပန်းရုံလေးကို ဂရုတစိုက်ဖြင့် နေကောင်းကျန်းမာရဲ့လား .. ပျော်ရဲ့လားနှင့် မေးတတ်တာတော့ ရှိနေဆဲ။ တစ်ခါတစ်ခါကျတော့လည်း သဇင်ဖူးမှာပဲ ဖေဖေ ညစာစားပြီးမှ ပုလဲရိပ်ငြိမ်သို့ ပြန်ဖြစ်တာတွေလည်းရှိသည်။ ရက်ပေါင်းနှစ်ဆယ်ကျော်အတွင်းမှာ ပန်းရုံသည် သူနှင့်ဆက်ဆံရချိန်တိုင်းမှာ အရမ်းကို အေးစက်နေသည့် ဟန်လေးဖြင့် ရှိနေတတ်ကာ .. ဖေဖေ ရောက်လာချိန်လေးမှာပဲ ပြုံး၍စကားပြောနေတာလေးတွေ ရယ်မောလိုက်တာလေးတွေကို မြင်ရကြရသည်။ ဖေဖေ ပြန်သွားလိုက်တာနှင့် ပန်းရုံသည် အရမ်းကို အေးစက်စက်အသွင်လေးသို့

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲသွားတတ်သည်ချည်း။ ကြာတော့လည်း သူ မနေတတ်။ နေ၍လည်းမပျော်။ ပန်းရုံနှင့် ရန်လေးဘာလေးဖြစ်လိုက်။ စကားလေးဘာလေး ပြောလိုက်နှင့်တော့ နေချင်သည်။ ခုကျတော့ စကျက်နေတော့လည်း အေးစက်စက်။ အလုပ်လုပ်နေတော့လည်း စက်ရုပ်လေး တစ်ရုပ်နှယ် ရှိနေတတ်သည်မို့ သူ ရင်ထဲမကောင်း။ ပန့်တယ်လီဖုန်းလာခြင်းနှင့် ဆက်နွယ်ရင်း စကားတွေအဆင်မပြေစွာ ပြောဖြစ်ခဲ့စဉ်ကလည်း သူ့ဘက်က အတော်လေးကို ပြင်းထန်မာကျောသည့် စကားတချို့ ပြောဖြစ်ခဲ့တာကို တဖြည်းဖြည်း ပို၍နားလည်လာရရင်းမှ ပန်းရုံကို အားနာမိရသည်မှာလည်း အမှန်ပါ။

"အဲသလို .. မင်း စိတ်တွေကို ပိတ်လှောင်ထားနေရင် .. တစ်နေ့ ပေါက်ကွဲပင်ပန်းရလိမ့်မယ် ပန်းရုံ .. ဒီလောက်ကြီးထိ အေးစက်နေတာ ဆေးလူဖြစ်တဲ့ကိုယ်လဲ မနေတတ်တော့ဘူး ပန်းရုံ"

သူ ထပ်ပြောကာ အတာချိုကော့စ်ထဲ စာရွက်စာတမ်းတချို့ကို စားပွဲပေါ်မှ ဖိုင်တွဲတွေထဲထည့်၍ ပြောနေတော့လည်း ငြိမ်သက်နေသည်ပါပဲ။

"ကျွန်မ အလုပ်တွေ လုပ်နေတာဟာ ပိုကောင်းနေလို့ပါ ကိုရန်ပြေ၊ ဘာကိုမှမတွေးဖြစ်ဘဲ အလုပ်ထဲ နစ်ဝင်နေတာက ပိုကောင်းလို့ပါ .. အေးစက်စက် ဖြစ်နေတာကလဲ .. ရှင့်အမြင်ပါ .. တကယ်တော့ ကျွန်မဟာ အေးစက်စက် ဖြစ်နေတဲ့ ပန်းရုံမဟုတ်ပါဘူး .. သေသွားပြီဖြစ်တဲ့ ပန်းရုံပါ .. ဘဝတစ်ခုကို ကြေကြေကွဲကွဲ ဖြတ်သန်းရင်း .. သေ



သွားတဲ့ပန်းရုံ ဖြစ်နေလို့ပါ .. ရှင် .. အဲဒီအတွက် မနေတတ်အောင် ခံစားနေရတယ်ဆိုရင်လဲ နေတတ်အောင် ကြိုးစားယူပါလို့ ပြောချင်ပါတယ် .. ကျွန်မဟာ ရှင်ရက်နဲ့သေနေတဲ့ သူတစ်ယောက် ဖြစ်နေပြီးပါပြီ .. ရှင့်ဘဝကို ရှင်ကြိုက်သလို ရှင်သန်နေနိုင်ခွင့် တစ်ခုကို ပိုင်ဆိုင်ထားပြီးနေပြီပဲ .. ကျွန်မရဲ့ဘဝကို ရှင်လာမကန့်သတ်ပါနဲ့ .. တောင်းပန်ပါရစေ .. တောင်းပန်ပါရစေ"

ဟု ပြောချလာတော့ သူ ရင်ထဲမကောင်းနိုင်။ ပန်းရုံ၏ မျက်နှာလေးကို မျက်တောင်မခတ် ငေးစိုက်ကြည့်ရင်း အပြစ်မကင်းသူတစ်ယောက်နှယ် ခံစားလာရသည်က အတော်ကြီးကို ဆိုးဝါးနေသည့် ဝေဒနာဖြစ်လာသည်။ သူသည် .. သူသည် .. ပန်းရုံလေးကို ခြောက်သွေ့လွန်းသော ဘဝတစ်ခုထဲမှာ မြှုပ်နှံထားလိုက်သူတစ်ယောက် ဖြစ်နေချေသည်တကား။ သူ ငွေ့ကိုမမေ့နိုင်တာတစ်ခုကို ရှေ့တန်းတင်၍ သူ့ရဲကောင်းကြီးလုပ်ကာ ပန်းရုံကို ရှေ့ထား၍ ကြွေးကြော်ပြခဲ့ခြင်းသည် ဖြူစင်ပွင့်လင်းမှုတစ်ခုဟု မှတ်ယူလျက် အပြစ်တစ်ခု လုပ်မိနေခဲ့သည်ဟုပင် မထင်ထားမိခဲ့။ ရိုးသားမှုတစ်ခုအဖြစ်ဖြင့်ပင် မှတ်ယူနေခဲ့သေးသည်။ ခုကျတော့ .. ပန်းရုံလေးသည် အရွယ်နှင့်မမျှ ဘဝတစ်ခုလုံးကို စိတ်ပျက်ကြေပြုန်းစွာ ဖြတ်သန်းနေရချေသည်တကား။

မြပန်းရုံ အောက်ထပ်သို့ ဆင်းသွားသည်က ချာခနဲလှည့်ထွက်သွားခြင်းဖြင့်ပါ။ နောက်ကိုလှည့်၍ပင်မကြည့်။ သူ့အတွက် နေ့စဉ်နှင့်အမျှ အလုပ်သွားဖို့ အဝတ်အစားကအစ ထုတ်ထားပေးသည်။ သူ့အဝတ်တွေကို ပန်းရုံ ကိုယ်တိုင် မီးပူ

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပေးသည်။ ပိုးဥကိုပင် အလုပ်မခံ။ သူ စားသောက်ဖို့အားလုံး ပန်းရုံပဲ စီစဉ်ချက်ပြုတ်သည်။ ခေါကြီးနွဲ့နှင့် ပိုးဥ ဆိုတာ လုပ်ကိုင်ကျွေးမွေးရုံမျှသာ ရှိပါသည့်အဖြစ်။

ပန်းရုံသည် အလုပ်နှင့်လက်ကို မပြတ်အောင်ထားနေသည့် ပန်းရုံ ဖြစ်နေသည်။ အလုပ်ဟူသမျှကို လောဘတကြီး မက်မောစွာ သိမ်းကြုံး၍ သွန်လုပ်နေသည့်သူတစ်ယောက်ဖြစ်နေသည်။ တက်ကြွလန်းဆန်းခြင်းဆိုသည့် အငွေ့အသက်တွေ လုံးဝ ပျောက်ဆုံးသွားသည့် အဖြစ်တစ်ခုကိုပဲ ပန်းရုံထံမှာ တွေ့နေရသည်ကိုက .. နှမြောဖို့ကောင်းနေသေးသည့် အဖြစ်။ ဆိတ်အုပ်သိုးအုပ်နောက် ပြေးသွားရင်း လွတ်လပ်ကြည်စင်စွာ ဓာတ်ပုံရိုက်ခံခဲ့သည့် မြပန်းရုံ ဆိုတာ မရှိခဲ့ဘူးသည့်အတိုင်း ဖြစ်နေသည်။ ထိုပုဂ်ခရီးစဉ် တစ်ခုသည်ပင် လောလောဆယ်မှာ သူ့အတွက် လွမ်းဆွတ် တန်ဖိုးထားစရာ လာဖြစ်နေသည်အထိ ပန်းရုံလေးကို လွတ်လပ်ကြည်စင်သော ပန်းရုံလေးအဖြစ် ပြန်၍ဖြစ်ချင် လိုချင်နေသည့်ဇောက မြင့်မားအရှိန်တက်နေရပြီ။

ပန်းရုံ အောက်ထပ်သို့ဆင်းသွားတော့ သူ ငိုင်၍ကျန်ရစ်ခဲ့ရပါ၏။ မကြာလိုက် အောက်ထပ်မှာ ဖုန်စုပ်စက်အသံပေါ်လာတာမို့ သူ စိတ်မောကိုယ်မောဖြင့် တက်သုတ်ရိုက်၍ ဆင်းလာကြည့်လိုက်တော့ ထင်သည့်အတိုင်းပါပဲလေ။ ဘေးမှာက ပိုးဥ မျက်နှာငယ်လေးဖြင့် ရပ်နေသည်။ ဖုန်စုပ်စက်ကို ပိုးဥနှင့် မလုပ်ခိုင်းဘဲ ကိုယ်တိုင်လုပ်နေလေသမျှ အပြစ်တင်ခံရမှာကို ကြောက်နေသည့်ဇောလေးဖြင့် ပိုးဥမှ ..

"မမလေး .. ပိုး လုပ်တတ်ပါတယ် .. ပုလဲရိပ်ငြိမ်မှာ



ကတည်းက အန်တီသင် သေချာကို သင်ပေးပြီး ဖုန်စုပ်စက်နဲ့ ဖုန်စုပ်ခိုင်းတာပါ .. မမလေး အရမ်းကို အလုပ်တွေလုပ်နေတာ ပင်ပန်းပါတယ် .. ပိုးဥ လုပ်ပါ့မယ်"

ပန်းရုံ တောက်လျှောက် ကော်ဇောကြီးအတိုင်း ဖုန်စုပ်စက်ဖြင့် ဖုန်စုပ်နေရာသို့ တကောက်ကောက်လိုက်ရင်း ပိုးဥ ပြောနေတော့လည်းမရ။ ဘယ်သူ့ကိုမှလဲ မကြည့်ဘဲ အလုပ်ပဲ လုပ်နေပါသည့် ပန်းရုံကို သူ ဝင်ပြော၍လည်း ရနိုင်မှာမဟုတ်တာကို သိနေရရင်းမှ အပေါ်ထပ်သို့ ပြန်တက်လာမိရပြန်ပါ၏။ ဖေဖေ့ထံသို့ သူ ဖုန်းဆက်ရသည်။

"ဖေဖေ .. ဒီနေ့ ပုလဲရွှေစင်ကို သား နည်းနည်းနောက်ကျမှ ရောက်နိုင်မယ် ထင်ပါတယ် ဖေဖေ .. စက်ရုံကို ဖေဖေ တစ်ချက်အရင်ဝင်ပေးနိုင်မလားဟင် .. ပြီးမှ .. ကုန်တိုက်ကို သားနဲ့ပန်းရုံတို့ သွားလိုက်မလားလို့ပါ .. ဟုတ်ပါတယ် ဖေဖေ .. ပန်းရုံကိုလဲသားတို့ရဲ့ကုန်တိုက်ကိုရော .. မိချမ်းရဲ့ပန်းအလှဆိုင်နဲ့ ပန်းချီခန်းမကိုရော ခေါ်သွားမလားလို့ပါ .. ဒါကြောင့် ဒီနေ့ ဖေဖေပဲ စက်ရုံမှာနေပေးပြီး သားက ကုန်တိုက်ကို တာဝန်ယူလိုက်မလားလို့ပါ .. ဟုတ်ကဲ့ပါ ဖေဖေ .. တစ်နေ့ကလဲ မိချမ်းရဲ့ သူငယ်ချင်း အဲဒီပန်းချီခန်းမဆောင်နဲ့ ပန်းအလှဆိုင်က တာဝန်ခံ မိမိလေးနဲ့ သား တွေ့ခဲ့ပါသေးတယ် .. သူက မိချမ်းသူငယ်ချင်းဆိုပေမယ့် ညီအစ်မလို ဖြစ်နေတော့ .. အားလုံး စိတ်ချနေရတာပါပဲ ဖေဖေ .. ဖေဖေလဲ မိမိလေးနဲ့ တွေ့နေတာပဲ မဟုတ်လား .. ဟုတ်ကဲ့ .. သူကတော်

www.burmeseclassic.com



ပါတယ် ဖေဖေ .. လစာတိုးပေးမယ် ဆိုတာကလဲ ကောင်းပါတယ်”

ပုလဲရွှေစင်အထည်စက်ရုံမှာ ဖေဖေရှိနေဖို့အတွက် သူ ဖုန်းလှမ်းဆက်ရခြင်းပါ။ ဒါမှမဟုတ်လျှင် ဖေဖေကအထည်ချုပ်စက်ရုံနှင့် ကုန်တိုက်ကိုပဲ အဓိကပို၍ တာဝန်ယူယူပေးနေရ .. ရုံးခန်းထိုင်ရ .. ကြီးကြပ်ရနှင့် ရှိနေသည်ကိုးလေ။ ဤနေ့မှာတော့ ပန်းရုံကို အလုပ်နှင့်လက် ပြတ်လတ်သွားရအောင် ပုလဲရွှေစင်ကုန်တိုက်သို့ သူ ရအောင်ခေါ်သွားတော့မည်ဟု ဆုံးဖြတ်ထားမိရသည်မို့ ဖေဖေ့ထံ ဖုန်းဆက်၍ အထည်စက်ရုံကို ဝင်ပေးဖို့မှာနေ့ရခြင်းပါ။ ဤကောင်မလေးကြာလျှင် ပင်ပန်းဒဏ်ဖြင့် အိပ်ရာထဲ လဲနိုင်မည့်အခြေဆိုက်နေပြီ။ အစကတည်းက ပိန်ပါးပါးသွယ်ပျောင်းပျောင်း ပန်းရုံသည် အရမ်းကို ပို၍ပိန်သွယ်ကျသွားနေသည့်အဖြစ်။ ဤရက်ပိုင်းအတွင်းမှာ ပို၍ပိန်ပါးပါးလေး ဖြစ်ဖြစ်လာနေသည်ဟု ထင်သည်။ ညညဆိုလျှင်လည်း လသာဆောင်မှာ မီးအိမ်လေးထွန်း၍ စာအရမ်းကျက်ကျက်နေသေးသည့် ပန်းရုံပါ။ ကြည့်ရတာ .. ပန်းရုံသည် အတွေးတွေ နေရာဝင်လု ယူမလာနိုင်အောင်အလုပ်နှင့်ပဲဖြစ်ဖြစ် .. ကျောင်းစာနှင့်ပဲဖြစ်ဖြစ် .. အားလုံးမွန်းကျပ်ပြွတ်သိပ်နေအောင် အချိန်တွေကို ကုန်ဆုံးနေစေဖို့ ကြိုးစားနေတာနှင့်တူနေသည်။ ကြာလာတော့လည်း သူကိုယ်တိုင်ပင် အိပ်မရ။ စိတ်မချမ်းသာနှင့် ပန်းရုံ၏ ရင်တွင်းဝေဒနာသည် သူ့ကို ကူးစက်လာနေကြပါသည့်အဖြစ်။

“ဟုတ်ကဲ့ပါ ဖေဖေ .. ပန်းရုံလဲ စိတ်အပြောင်းအလဲဖြစ်အောင် ခေါ်သွားချင်တာပါ .. သူ့ကို အရင်ရက်တွေကလဲ



ခေါ်ပါတယ် ဖေဖေ .. အိမ်အလုပ်တွေချည်း လုပ်နေတာခက်တယ် ဖေဖေရ .. ခေါ်လို့မရဘဲ ဖြစ်နေတာ ဖေဖေ”

အရေးထဲ ဖေဖေကလည်း ပန်းရုံကို သူ ပုလဲရွှေစင်ကုန်တိုက်သို့ ခေါ်သွားမည်ဆိုတာ ကြားရ၍ ပျော်နေပုံရလျက် စကားဆက်နေတာမို့ သူ့မှာဖုန်းချ၍ မဖြစ်နိုင်သေးဘဲ ဖြစ်နေရပါ၏။

“ကောင်းပြီ သား .. ဖေဖေ စက်ရုံကိုပဲ သွားလိုက်မယ် .. သားလဲ ကုန်တိုက်မှာပဲ ဒီနေ့ အချိန်ကုန်လိုက်တော့ .. ပန်းရုံကိုလဲ အဲဒီမှာပဲ ခေါ်ထားပေါ့ .. အပြန်ကျမှတူတူပြန်ကြ .. ဖေဖေလဲ ညစာ သစင်ဖွေးမှာပဲ လာစားလိုက်တော့မယ် .. မိချမ်းလဲ ပြန်လာတော့မယ်တဲ့၊ မနေ့ညက ဖေဖေ့ဆီကို ဖုန်းဆက်လာတယ် .. သား မေမေတော့ ဟိုမှာနေခဲ့ဦးမယ် .. ပန်းရုံလေးရဲ့ ဘိုးနဲ့ဘွားတို့ကလဲ ဟိုမှာပြည့်စုံနဲ့အတူ ကုန်တိုက်ကိစ္စ လုပ်ကိုင်နေကြတုန်းပဲ .. သူတို့ကတော့ ကြာကြဦးမှာပေါ့ .. ကဲ .. ဖေဖေ ဖုန်းချလိုက်တော့မယ် သား”

ဟု ကြည်ကြည်နူးနူးကြီး ဖေဖေ ဖုန်းချသွားတော့မှ သူ နားစွင့်မိရသည်က ဖုန်စုပ်စက်သံကိုပါ။ အသံတော့ပျောက်နေပြီ။

“ဘာတွေ ဆက်လုပ်နေပြန်ပြီလဲ မသိဘူး .. တောက် .. ငါတော့ စိတ်မောပါရဲ့ .. ဒီလောက် အလုပ်နဲ့လက် မပြတ်အောင် ဇယ်ဆက်သလို လုပ်နေတာက သူ့ကိုယ်သူဒဏ်ပေးထားသလိုတောင် ဖြစ်နေပြီ .. မဟုတ်တော့ပါဘူး

www.burmeseclassic.com

www.burmeseclassic.com



ကွာ .. လူက နုဖပ်ဖပ်လေး .. သေးနွဲ့နွဲ့လေး .. ကြာရင် သေလိမ့်မယ်"

စိတ်ညစ်နေသမျှ ညည်းချရင်း အောက်ထပ်သို့ ကမန်းကတန်း ဆင်းလာရပါသည့်အဖြစ်။ ပိုးဥနှင့် ဒေါ်ကြီးနွဲ့တို့ မီးဖိုဆောင်မှာ ညနေစာအတွက် ချက်ရမည့်စာရင်းကို ကြည့်နေကြတာ သူ ကြုံသည်။ နေ့လယ်စာတော့ မနက်စောစောမှာပဲ ချက်ပြုတ်ပြီးနေပြီ။

ညနေစာအတွက် ဈေးအဝယ်ထွက်ရမည့် ဟင်းလျာစာရင်းကို ဒေါ်ကြီးနွဲ့ ကြည့်နေခြင်းပါ။

"ကိုကိုလေး .. ပန်းရုံလေးကို နည်းနည်းတော့ တားစေ့ချင်ပါတယ်ကွယ် .. ဟင်းချက်လဲ သူပဲ .. အိမ်သိမ်းဆည်းတာလဲ သူပဲဖြစ်နေတယ် .. တားလို့ကိုမရဘူး .. ကိုထိုက်နဲ့ ပိုးဥကိုလဲ ပြောထားတယ်လေ .. အန်တီခင့်ကိုလှမ်းပြီးတိုင်ရင် သူ ထမင်းမစားဘဲ နေပစ်လိုက်မယ်တဲ့ .. သူ မချက်မပြုတ်ဘဲ မစားဘူးတဲ့လေ .. ကိုထိုက့်လဲ စိတ်ညစ်နေတယ်"

ဟု မနေသောတော့ဘဲ ဒေါ်နွဲ့ ဖြောင့်ဖြောင့်ကြီး ပြောချလာတော့ သူလည်း ခေါင်းယမ်းကာ ..

"သူ့စိတ်ကိုက ကလေးစိတ် .. ဘာကြောင့် ဒီလောက်ကြီးထိ ခေါင်းမာနေပြီး အလုပ်တွေကို လောဘတကြီး လုပ်နေတယ် မသိပါဘူး ဒေါ်ကြီးရာ .. ကျွန်တော်လဲ တားတာပဲ .. ခေါင်းကို မာနေတာ ခက်တယ် .. ခု .. ဘယ်ရောက်နေပြန်ပြီလဲ .. ဒီသူငယ်မ"



မိန်းမယူထားရတာနှင့်ပင်မတူ။ ကလေးထိန်းနေရတာနှင့် တူနေသည့်အဖြစ်။ ခုလည်း မီးဖိုဆောင်ထဲ မတွေ့ရပြန်တာမို့ စိတ်ညစ်ညစ်နှင့် မေးတော့ ပိုးဥမှ ..

"ပန်းပင်တွေ သွားစိုက်နေတယ် ကိုကိုလေး .. မနေ့က .. ပန်းမျိုးသစ်တွေ ကိုကိုထိုက်နဲ့ သွားဝယ်တယ် .. အဲဒါ .. အိုးတွေထဲ စိုက်နေတာ .. ကိုကိုထိုက်ကိုလဲ ပေးမလုပ်ဘူး .. အဲသလိုပဲ လုပ်နေတာပဲ သိလား .. မမလေး ဘာဖြစ်နေလဲ မသိဘူး ကိုကိုလေး .. စကားလဲ သိပ်မပြောဘူး .. ထမင်းလဲ သိပ်မစားတာ ကိုကိုလေးလဲ မြင်တာပဲဥစ္စာ .. အပင်စိုက်ရင်လဲ ကိုကိုထိုက်ကို ထိုင်ကြည့်ခိုင်းထားတာပဲ ရှိတယ် .. ဝင်လုပ်ရင် ခေါင်းခါနေတာပဲ .. အန်တီခင့်ကိုလဲ မတိုင်ရဲကြဘူး ဖြစ်နေတယ် .. အန်တီခင်လာဆူရင် သူ ငိုနေမှာ နေ့တိုင်းပဲ ဖြစ်နေမယ်တဲ့လေ .. ထမင်းလည်းမစားဘဲ ငိုပြနေမယ်တဲ့ .. မမလေး အဲသလိုဖြစ်နေရင် ပိုးဥတို့ ဘယ်လိုနေတတ်ပါ့မလဲ"

"ဟုတ်တယ် မောင်ရန်ပြေ .. ဒေါ်ကြီးမမေးဘဲ မနေနိုင်လို့ မေးပါရစေ .. စိတ်လဲမကွက်ပါနဲ့ လူလေးရယ် .. မင်းတို့ စကားများထားကြသလား"

မနေသာသည့်ပုံဖြင့် မေးလာရှာပါသည့် ဒေါ်ကြီးနွဲ့ကို သူ ခေါင်းပဲခါပြရသည်။ ယုံကြမှာမဟုတ်တာကိုလည်း သူ သိနေသည်။ စကား''ျားထားတာထက်ပင် ဆိုးဝါးနေသည့်ဘဝထဲမှာ သူတို့နှစ်ယောက် ရှိနေကြတာကို ဒေါ်ကြီး သိလျှင် ဘာပြောချေမည်မသိ။

www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် .. ခက်တော့တာပဲ"

သူ ညည်းရင်း ပန်းခြံဘက် ဆင်းခဲ့ရပါပြီ။ သစ်ခွရုံမှာ သစ်ခွအိုးလေးတွေဖြင့် အလုပ်ရှုပ်နေသည့် ပန်းရုံကို သူတွေ့နေရပေမယ့် ပန်းရုံကတော့ သူလာနေတာကိုလည်း မသိ။ သောမှာ ငုတ်တုတ်လေး ငြိမ်ထိုင်ရင်း စိတ်ညစ်နေပုံကြီးဖြင့် ငေးနေသည့် ကိုထိုက်ကိုလည်း ပန်းရုံ ကြည့်ဖော်ပင်မရ။ ပလတ်စတစ်သစ်ခွပန်းအိုးလေးတွေထဲ ပန်းပင်လေးတွေ စိုက်နေသည့်ဖောပဲ နစ်နေသည့်အဖြစ်။

"ဒီမယ် .. အမိ .. မင်းလုပ်နေပုံက°သောလူတွေ အသုံးမကျရာ ရောက်နေပြီ .. ကိုထိုက် .. အပင်တွေဆက်လုပ်လိုက်တော့ဗျာ .. လာခဲ့ .. မင်း ကြည်ကြည်သာသာမလိုက်ရင် ငါ ထမ်းခေါ်သွားမှာနော်"

ပန်းရုံ လက်ထဲမှ သစ်ခွပင်လေးကိုလည်း သောသို့ယူချထားလိုက်ရင်း မျက်နှာထားကို အတင်းနိုင်ဆုံး တင်းထားရလျက် လေသံကအစ မာထားရကာ လက်လေးကို မလွှတ်တမ်းဖမ်းဆုပ်ထားရင်း သူ ပြောတော့ ကိုထိုက် ဝမ်းသာအားရကြီး ခေါင်းညိတ်ပြသည်။ မြပန်းရုံကို အပင်မစိုက်ခိုင်း၍ဆိုတာ သိသာနေပါသည့်အဖြစ်။ ပန်းရုံ သူ့ကိုမော့ခနဲ ကြည့်သည်က သူ့နှယ်ပင် မျက်နှာမာကျောကျောလေးဖြင့်ပါတည်း။ သူကလည်း အလျှော့မပေး။ ပြန်စိုက်ကြည့်ပစ်လိုက်သည်ပါပဲ။ မထူးတော့ပြီပဲလေ။ ကိုထိုက်ရှေ့ဖြစ်လည်း ကိစ္စမရှိ။ အရေးမကြီး။ သဇင်ဖူးမှ အားလုံးက ဤကောင်မလေး အလုပ်အကိုင်လုပ်တာ ကြမ်းနေကတည်းက သူနှင့် တစ်ခုခု စိတ်ကောက်အဆင်မပြေ ဖြစ်နေသည်ဟု



ကောက်ချက်ချ၍ သူ့အပေါ်ပဲ အပြစ်မြင်နေကြတာက ဖွင့်မပြောကောင်း၍ ငြိမ်နေကြခြင်း ဆိုတာကလည်း သူ သိနေပြီးပြီ။ ရိပ်မိနေပြီးပြီလေ။

"စိတ်ဆိုးတယ်ဆိုတာ ဒီလောက်ကြာရင် လုံလောက်ပြီ .. စိတ်ကောက်တယ် ဆိုတာလဲ နားဖို့ကောင်းပြီ .. ငါ .. မင်းကို လက်ထပ်ထားတာ ဒီလောက်ကြီး ခိုင်းစားနေဖို့ မဟုတ်ဘူးဆိုတာ နားလည်ထားပါ .. မင်းကိုယ်မင်း နှိပ်စက်သလို ဖြစ်နေပြီဆိုတာကိုလဲ မှန်ထဲသွားကြည့်ဦး .. သဇင်ဖူးမှာ သူ့နေရာနဲ့သူ လုပ်ကိုင်ပေးဖို့အတွက် လူကြီးတွေက ဒေါ်ကြီးနွဲ့ရော ပိုးဥရော ကိုထိုက်ကိုရော ဒီမှာ ရှိနေစေတယ် .. ငါလဲ ရှိနေတယ် .. ခုဥစ္စာက မင်းတစ်ယောက်တည်း နေရာတကာ တစ်ယောက်တည်း သိမ်းကြုံးလုပ်နေတာ ဒီနေ့ ဒီအချိန်ကစပြီး ရပ်ပါ .. ငါ စက်ရုံသွားလဲ မင်းလိုက်ရလိမ့်မယ် .. ကုန်တိုက်သွားလဲ မင်းပါရလိမ့်မယ် .. ကိုထိုက် .. သူ ဘာလုပ်လုပ် ပေးမလုပ်ပါနဲ့ .. ငိုရင်လဲ ငိုပေ့စေ .. အန်တီခင့်ကိုတိုင်ရင် ထမင်းမစားဘူးလို့ သူ ပြောတယ်မဟုတ်လား .. ရတယ် .. တစ်အိမ်လုံး ထမင်းမချက်ဘဲ နေပစ်လိုက်မယ် သိလား မိပန်းရုံ .. အားလုံး ငတ်ကုန်မယ် .. ဘာမှတ်လဲ .. မင်းတစ်ယောက်တည်း အငတ်နေပြချိန်မှာ ငါတို့က မြိန်မြိန်ရှက်ရှက် စားသောက်နေကြမယ်များ မှတ်နေလား .. ဒီမယ် .. ငါက ပိုအစွဲ့တိုက်တတ်တယ်နော်"

ခပ်တည်တည် ဟောက်ပစ်လိုက်ချေသမျှ ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာ့သာ မသာသာ။ ကိုထိုက်ကတော့ မျက်နှာကြီးလန်းနေ ပြုံးကျနေလျက် ဝမ်းအသာကြီး သာနေကာ ခေါင်းတွေနင်းကန် ညိတ်ညိတ်ပြနေချေသတည်း။ မဆိုး။ ကိုယ့်ဘက်ကတော့ ကိုထိုက် တစ်ယောက် လောလောဆယ်မှာ အင်အားအပြည့်ပါနေပြီ။ အိမ် ထဲက ပိုးဥနှင့် ဒေါ်ကြီးနွဲ့ကလည်း လက်ခုပ်တီးကြမှာ သေချာ သည်။ ခုကျတော့ ကိုယ့်ဘက်က အင်အားတောင့်နေသည့်အဖြစ်။ ပြောနေရင်းဖြင့်ပင် သူ့မှာ အားတက်ပါးတက် ဖြစ်လာရကာ ပန်းရုံ၏လက်လေးကို ဆုပ်ထွေးထားရင်းမှ မျက်နှာကြီးပိုတင်း ပစ်လိုက်ကာ ..

"ငါ ပွေ့ခေါ်သွားမှာနော် .. ဆေးက လိုက်လာမှာလား .. ပွေ့ထမ်းခေါ်တာ ခံမလား .. ကိုထိုက်ကို ငါက ညီအစ်ကို လို သဘောထားတာ .. သူ့ရှေ့မှာလဲ ငါထမ်းခေါ်သွားရဲ တယ် .. ဘာမှတ်လဲ"

ဟု ဆက်ခေါက်တော့ ပန်းရုံ ဆူအောင့်အောင့်လေး ထရပ်ကာ ဆေးမှာရှိသွားရင်း လက်လေးကိုရုန်းတော့ သူ မလွှတ်။ တောက်လျှောက် လက်လေးဆွဲ၍ အိမ်ပေါ်ထိ ခေါ်ချလာတော့ ဒေါ်ကြီးနွဲ့နှင့် ပိုးဥတို့နှစ်ယောက် ထမင်းစားဆောင် ခန်းဆီးလေး မသိမသာလှစ်ဟ၍ ချောင်းကြည့်ကြ။ ပျော်ကြနှင့်ပါ။ သူလည်း ပျော်လာသည်။ သူလုပ်လေသမျှ သဖင်ဖူးက လူအားလုံး နှစ်သက် နှစ်လို ဖြစ်နေကြသည်ကိုးလေ။

ဘေးမှလိုက်လာရင်း မျက်နှာလေး အောက်သို့သိုး လုပ်နေပါသည့် ပန်းရုံမှလည်း ဒေါ်ကြီးနွဲ့နှင့် ပိုးဥတို့ ချောင်းကြည့် ပြုံးကြ ဖြစ်နေတာကို မြင်သည်မို့ လက်လေးကို ရုက်အမ်းအမ်း



လေးရုန်းတော့ သူ မလွှတ်။ အိမ်ပေါ်ထိ ခေါ်လည်းခေါ်လာ။ အခန်းထဲရောက်တော့ မြောက်ခနဲ ပွေ့ချီပစ်လိုက်ရင်း ရေချိုးခန်း ထဲသွင်း။ အပြင်မှ တံခါးကိုနေပိတ်၍ ..

"ရေချိုး .. အဝတ်အစား လဲရမယ် .. ငါနဲ့တူတူလိုက်ရ လိမ့်မယ် .. ဒီနေ့ကစပြီးတော့-ညည်း ငါနဲ့မခွာနေရလိမ့် မယ် ဒေါ်ပြာယာ .. ဒီလောက် အလုပ်တွေ ပြာတော်အောင် လုပ်နေတာ မျက်စိနောက်နေပြီကွ သိရဲ့လား"

ဟု အပြင်မှ သူ အော်တော့ ..

"ဘယ်သူက ရေချိုးပြီး 'ရှင့်နောက်ကို လိုက်ပါ့မယ်လို့ ပြောလို့လဲ .. မလိုက်ဘူး .. ရေလဲမချိုးဘူး .. ပန်းရုံချိုး ချင်တဲ့အခါကျမှ ချိုးမယ် .. ရှင့်အလုပ်ကို ရှင်သွားပါ .. ကျွန်မကို ရှင်ခေါ်စရာလဲ မလိုသလို ကျွန်မကလဲ ရှင့်နောက် ကို လိုက်မှာမဟုတ်ဘူး"

အတွင်းဘက်မှအော်တော့ သူ တံခါးရွက်ကိုဖွင့်ကာ ခေါင်းပြူ၍ကြည့်သည်။ ရေချိုးခန်းထောင့်နေရာလေးမှာ ပေစောင်း စောင်းလေး လက်ပိုက်ရပ်နေသည့် ပန်းရုံကိုမြင်တော့ သူ အတွင်း ထဲ ခြေလှမ်းကျဲကြီးနှင့် ဝင်ချလိုက်ကာ ..

"ငါကိုယ်တိုင် ဒီရေချိုးကြွေကန်ထဲ ပစ်ချလိုက်ရမှာလား ပြော"

ဟု ရေပူရေအေးလည်းစပ်၍ ရေစက်ခေါင်းကိုဖွင့် ချကာ ခပ်တည်တည်မေးတော့ မြပန်းရုံ နည်းနည်းလန့်လာပုံရ သည်။ အရွဲ့တိုက်ခေါင်းမာသည့် အကြည့်ဖြင့် သူ့ စိုက်ကြည့်ပြ တော့ လန့်လာပုံလေးဖြင့် ..

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှန်းလဲ မသိဘူး .. ဖယ် .. ကျွန်မ ရေလဲအဝတ် ယူလိုက်ဦးမယ် .. အပြင်ကစောင့်ပါ"

ဟု ပြောလည်းပြော၊ အပြင်သို့ထွက်တော့ သူ တကောက်ကောက် လိုက်ရပ်လိုက်သည်ပါပဲ။ ပန်းရုံ သွားသည့်နေရာသို့လည်း သူ နောက်က ကပ်လိုက်သည်။ ပန်းရုံရပ်လျှင် နောက်မှာ သူလည်း ကပ်၍ရပ်သည်။ စိတ်လက်မရှည်သလို မျက်မှောင်ကုတ်၍ ပန်းရုံကြည့်လာလျှင်လည်း သူကလည်း အလျှော့မပေးစွာ မျက်မှောင်ကုတ်၍ စိုက်ကြည့်သည်။ နောက်ဆုံးတော့ ပန်းရုံ ရေချိုးခန်းထဲဝင်ကာ သူ့ကို ပေစောင်းစောင်းလေးကြည့်ရင်းမှ ..

"အပြင်က စောင့်ပါ .. ကျွန်မ ချက်ချရေချိုးမှာ"

"မရဘူး .. ငါ ခြေထောက်တစ်ဖက် တံခါးကြားမှာ ထိုးခံထားမှာ .. ညည်း ပေစုတ်စုတ်စိတ်နဲ့ အထဲမှာဇိမ်နှပ်ပြီး အအေးပတ်ဖျားအောင် ရေချိုးနေမှာမျိုးကို ငါ ကြိုတင်နားလည်ပြီးသား .. ငါ ညည်းနဲ့ လက်ထပ်ထားတာ .. ညည်းအကြောင်း သိနေပြီ .. ညည်းခြေလှမ်း မြင်နေပြီ နားလည်လား .. မင်းကို ငါ မကြည့်ဘူး .. အပြင်မှာ ဒီတံခါးရွက်ကွယ်မှာပဲ ရပ်နေမှာ .. ခြေထောက်တစ်ဖက်ကတော့ ခံထားမယ် .. ညည်း အတင်း တံခါးရွက်ပိတ်လို့ ငါ့ခြေထောက်ညပ်ပြီး ဒဏ်ရာရရင်လဲ ညည်းပဲပြုစုရမှာ .. ငါကတော့ .. ထမင်းတောင် ကိုယ့်လက်နဲ့ ယူမစားဘူး .. ဘာမှတ်လဲ .. ထမင်းကအစ ညည်းခွံ့ကျွေးပဲ .. ဒါ .. ငါ့အဆုံးအဖြတ် .. မယုံရင် စမ်းကြည့်လေ"



ဟု ဆက်တိုက် ပြောချလိုက်တော့ သူ့ကို အံ့ဩသလိုလေး မြပန်းရုံ တစ်ချက်ကြည့်လာသည်။ ဤမျှအထိ သူ့ဘက်က ဖွတ်တရွတ်ကြီး ကလေးဆိုးကြီးနှယ် လုပ်နေတာကို အံ့ဩနေပုံလည်း ရသည်။ ထင်လည်း ထင်ထားပုံမရ။ သူ့ဘက်က ဘာသိဘာသာပဲ နေလိုက်ချေလိမ့်မည်ဟု ထင်ထားပုံ ရနေပါသည့်အဖြစ်။ ခုကျတော့ နောက်မဆုတ်စတမ်းကြီး သူ ပြောနေသမျှ ငြင်း၍လည်း မဖြစ်နိုင်တာကို တွက်ဆမိပုံဖြင့် သူ့ကိုမကျေမချမ်းလေး ကြည့်ပစ်ပြီးမှ ဆောင့်အောင့်၍ ရေသွားချိုးသည်။ တကယ်လည်း သူ့ခြေထောက်တစ်ဖက်ကို တံခါးရွက်ကြား ခြေထိုးခံထားကာ တံခါးကွယ်မှာ သူ စိတ်ရှည်လက်ရှည် စောင့်ပါ၏။

"မြန်မြန်လုပ်နော် .. ငါ ဝင်လာလိုက်ရမလား"

ဟုလည်း လှမ်း၍ ချစ်စနိုးလေး ခြိမ်းခြောက်လိုက်မိသေးသည့်အဖြစ်။ သူ့ရင်ထဲမှာ ပျော်လာသည်။ ဤသူငယ်မလေးနှင့် ခုလို နေနေရတာ ပျော်စရာလေး ဖြစ်နေသည်။

"ကတိတည်ရမှာကို မမေ့ပါနဲ့ .. ကျွန်မ .. အမြန်ချိုးမှာ ရှင် ဝင်မလာနဲ့နော် .. ဝင်လာလို့ကတော့ ရှင့်မျက်နှာကို လက်သည်းနဲ့ ကုတ်ပစ်မယ် .. ဘာမှတ်လဲ .. မလုပ်ဘူး မထင်နဲ့"

"အန်တီခင့်ကို တိုင်မှာပေါ့ကွ .. ငါ့မှာ အန်တီခင် တစ်ယောက်လုံး အားကိုးစရာရှိတယ် .. ဘာမှတ်လဲ .. ဒါပေမဲ့ မင်းကုတ်ဖို့မှာကိုကြောက်လို့ မဟုတ်ပါဘူး .. ငါ့ကတိနဲ့ ငါ .. အပြင်မှာ စောင့်နေတာပါ .. ဒါပေမဲ့ ကြာရင်တော့ ငါ ဝင်လာမှာနော်"

www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ပြန်အော်ပြောသည်။ ရင်ထဲမှာကြည်နေသည်။ လန်းနေသည်။ ပေါ့ပေါ့ပါးပါးနှင့် ပျော်နေမိသည်။ ခုလိုကျတော့လည်း ဤကောင်မလေး လန့်တတ်သားဟုလည်း ပြုံး၍တွေးဖြစ်၏။ မကြာလိုက်။ တကယ့်ကိုပဲ ပန်းရုံ တဘက်လေးခြုံ၍ ထဘီရင်လျားလေးဖြင့် ထွက်လာသည်။

"ကျွန်မ အဝတ်အစား လဲမယ် .. ရှင် အပြင်က စောင့်ပါ"

ဟု ပြောတော့ သူ ဖဲခါးသော့ကို လက်ညှိုးထဲ ဝေ့ခနဲ လှည့်ပြပြီး အပြင်ထွက်စောင့်လိုက်သည်ပါပဲ။

"ဆယ့်ငါးမိနစ်ပဲနော် .. ငါ အထဲဝင်လာမှာ"

ဟုတော့ ပြောပစ်ခဲ့သေးသည့်အဖြစ်။ တကယ်ပဲ ဆယ့်ငါးမိနစ်အတွင်းမှာပဲ ဖဲခါးရွက်လေး ပွင့်လာသည်။ ဆံပင်တစ်ချောင်းတည်း ကျစ်ချထားကာ မျက်နှာမှာ သနပ်ခါးပင်မတင်ဘဲ နုံ့သာရောင် ပိုးဝတ်စုံလေးဖြင့် ထွက်လာပါသည့် ပန်းရုံ။ အခြယ်အသကင်းကင်းလေးဖြင့်ပင် လှနိုင်လွန်းပါသည့် မိန်းကလေး။ သူ ပြုံး၍ကြည့်ကာ ..

"မင်း ခုလိုကျတော့လဲ လိမ္မာသား;ပဲ .. ဒါပေမဲ့ သနပ်ခါးလေးလောက်တော့ လူးလိုက်ပါဦးကွာ .. မင်း သိပ်ချောတာ ငါ သိပါတယ် .. သနပ်ခါးမလိမ်းလဲ လှပါတယ် .. ဒါပေမဲ့ မြန်မာမလေးဆိုတော့ အပြင်ထွက်ချိန်လေးမှာ လှလှပပလေး သနပ်ခါးမွှေးမွှေးနဲ့ ရှိသင့်တာပေါ့ကွ .. ကဲ .. ဝင်ပါ .. ဝင်ပါ .. သနပ်ခါးလေးလူးပါ .. ငါလဲ .. အလုပ်သွားဖို့ ယူစရာရှိတာလေး ယူလိုက်ပါဦးမယ်"



ဟု ပြောကာ ပန်းရုံကို လက်လေးဆွဲ၍ သနပ်ခါး လူးခိုင်းနေတော့ ..

"မလူးဘူး .. ဒီတိုင်းသွားမယ် .. ဘာလဲ ရှင်က .. ကျွန်မကို ရှင်နဲ့အတူ ရှိုးထုတ်ပြီး ခပ်ကြော့ကြော့ လိုက်လာတဲ့ ပန်းရုံ ဖြစ်စေချင်လို့လား"

"ဟုတ်တာပေါ့ကွ .. အဲသလိုပဲ ဖြစ်ရမှာပေါ့ .. ဖြစ်သင့်တာပေါ့ .. မင်း မလူးချင်ရင်လဲ ရပါတယ် .. ငါသနပ်ခါးကောင်းကောင်း သွေးတတ်တယ်ဆိုတာ ပြောပြလိုက်ပါရဲ့ .. မေမေ့ကို ငါသနပ်ခါးသွေးပေးနေကျ .. ငယ်ကတည်းက .. အဲသလိုနေခဲ့တာနော် .. ခု .. ငါ .. သနပ်ခါး သွေးပြီး မင်းကို လူးပေးပစ်လိုက်ရမလား"

ဟု မေးလာတော့ သူ့ကို အံ့ဩသလို စိုက်ကြည့်လာနေရင်းမှ ..

"ရှင် .. ဒီနေ့ ရူးနေသလား .. ဟင် .. ဘာဖြစ်နေတာလဲ"

ဟု မေးလာတော့ သူ ရယ်သည်။ မျက်လုံးတွေပါ ရယ်မောရိပ်ဖြင့် ရွှန်းလဲ့နေပါသည့် သူ့ကို ပန်းရုံ မော့ခနဲကြည့်ကာ ခေါင်းလေးခါ၍ ..

"တော်တော် အူမြူးနေတယ် .. ဘယ်သူမြှောက်ပေးတယ် မသိပါဘူး"

ရှုပ်ပွပွလေး ရွတ်ကာ ရွတ်ကာဖြင့် ပန်းရုံ မှန်တင်ခုံရှေ့မှာ သွားထိုင်ကာ သနပ်ခါးတဂျစ်ဂျစ်သွေးသည်။ သူ ကျော ပေးလိုက်ရင်းမှ တစ်ခုခုကို ရမယ်ရှာ၍ 'လုပ်နေသလိုလေးဖြင့် အခန်းထဲမှာ ရှိနေရပါ၏။ ကောင်မလေး သနပ်ခါးလူးတာ စိတ်

www.burmeseclassic.com

www.burmeseclassic.com



မဖြောင့်ဘဲ ရှိမှာစိုးတာမို့လည်း ကျောပဲပေးထားလိုက်ရသည်ပါပဲ။ ရင်ထဲမှာတော့ ထူးခြားသည့် ခံစားချက်တွေက ပြည့်သိပ်စွာ တကြည်နူးနူးတိုးဝင်၏။ ဘာကြောင့်ပဲဖြစ်ဖြစ် ...။ သူ့ကို ပြန်ပြန်စွာဖော်လေး ရလာတာကိုပဲ သူ့မှာ ဝမ်းသာနေရပါသည့်အဖြစ် ..။ အေးတိအေးစက် ပန်းရုံလေးအဖြစ် မြင်ခဲ့ရလေသမျှ အဘယ်မျှ သူ့မှာ စိတ်လက်ပင်ပန်း ဆင်းရဲခဲ့ရ ... အနေခက်ခဲရတာ သူသာ အသိဆုံး ..။ ခုလို နေနေရတာကိုက တရင်းတချာ နိုင်လာသည်ဟု သူ ထင်လာသည်။ ရန်ဖြစ်နေရသည်ပဲ ဆိုစေ။ ပျော်ဖို့တော့ ကောင်းနေသည့် အပျော်ရန်ပွဲလေး ဖြစ်နေသည့်အဖြစ်။

"ကဲ .. သွားကြမယ်"

တစ်ချက် နောက်ကိုလှည့်ကြည့်တော့ ပါးကွက်ကျားလေးနှင့် ဖြစ်နေသည့် ပန်းရုံကို သနပ်ခါးဝင်းဝင်းလေးတွေ မခြောက်တတ်သေးစွာပဲ မြင်ရတာမို့ သူ ပြုံး၍ပြောလည်းပြော။ လက်လေးလည်းဆွဲ၍ အောက်ထပ်သို့ တောက်လျှောက်ခေါ်လာတော့ ထမင်းစားခန်း တံခါးခန်းဆီးကွယ်ဆီမှ ခေါင်းကြီးနှံ့နှင့် ပိုးဥလည်း ခေါင်းလေးတွေ မသိမသာပြူ၍ တပြုံးပြုံးဖြင့်ကြည့်။ ကားကို ပြောင်လက်နေအောင် သုတ်ပေးရင်း စောင့်နေပါသည့် ကိုထိုက်ကလည်း တပြုံးပြုံးဖြင့်ကြည့်နှင့် ရှိနေတာတိုးတော့ ပန်းရုံ မျက်နှာလေး မှုန်တေတေဖြင့် သူ့ကိုကြည့်ကာ ..

"ဒီမယ် .. ရှင် .. ဒီနေ့ ထူးပါတယ် .. မှန်မှန်ပြောစမ်းပါ .. ရှင့်ကို ဘယ်သူမြှောက်ပေးတာလဲဟင် .. ဒီလိုလုပ်ဖို့"

ဟု မေးလာတော့ သူ ပြုံး၍ ..

"မင်းလေ .. မင်းပေါ့ .. မင်း အလုပ်သောင်းကျန်းနေတာကို ကြည့်နေရင်း .. ဒီစိတ်တွေ ဖြစ်လာရတာ .. ဒီတော့ မြှောက်ပေးတဲ့သူက မင်းကိုယ်တိုင် ဖြစ်နေတယ် ဒေါ်မြပန်းရုံ သိရဲ့လား"



ဟု ကောင်မလေး၏ မှုန်တည်တည် မျက်နှာလေးကိုပဲ ပြုံး၍ကြည့်ရင်း ဖြေလိုက်ရစဉ်နိုက် ..

"ခုလိုကျတော့လဲ .. ငါ့ကို အလန့်တတ်သား .. ငါ့ဖွတ်တရွတ်နဲ့ သူ့ကို ပွေ့ခေါ်သွားမှာကျတော့လဲ လန့်တတ်နေပြန်ပါရဲ့"

ဟု တွေးကာ ရယ်လည်းရယ်မိသည်က ပေါ့ပေါ့ပါးပါး။ ကောင်မလေးကို နိုင်လည်းနိုင်လိုက်ရသည့် ခံစားချက်က အပျော်ဖြင့်ဖြစ်တည်၏။

ရှေ့ခန်းကားတံခါးကို ဖွင့်ပေးနေပါသည့် ကိုထိုက်၏ မျက်နှာကြီးကလည်း ပြုံးလန်းနေသည်ပါပဲ။

သူတို့နှစ်ယောက်ကို တပျော်ပျော်ဖြင့် ဝမ်းသာအားရကြည့်နေသည့်အဖြစ်။

"အထဲဝင် .. အရင်ဝင် .. ကိုထိုက် ဒီမှာပိတ်ရပ်နေစမ်းပါ .. ခြံတံခါးပြင် မရောက်မချင်း .. ဒီသူငယ်မ .. ဂျိဘိုက်ဂျစ်ချဖို့ ဝန်လေးတာ မဟုတ်ဘူး"

ဟု ပန်းရုံ တံခါးပြင် ပြန်မထွက်နိုင်အောင် ကားတံခါးကိုပိတ်၍ရပ်ခိုင်းနေရင်း ပန်းရုံကိုလည်း အရင်ဝင်ခိုင်းနေလေသမျှကိုလည်း ကိုထိုက် တပျော်ပျော်ဖြင့် ခေါင်းညိတ်လိုက်လုပ်ပေးသည်ပါပဲ။ သူ ကားကိုပတ်၍ ကားထဲဝင်ကာ စက်နှိုးမောင်းထွက်လာတော့ ပန်းရုံ သူ့ကို မယုံသလိုထပ်၍ကြည့်ကာ ..

www.burmeseclassic.com

www.burmeseclassic.com



"မှန်မှန်ပြောစမ်းပါ … ရှင့်ကို ဘယ်သူမြှောက်ပေးသလဲ ဆိုတာ"

ဟု ထပ်၍မေးတော့ သူ ခေါင်းခါ၍ ခပ်တိုးတိုး ရယ်သည်။

"ငါက သူများမြှောက်ပေးတိုင်း လုပ်တဲ့ကောင် မဟုတ်ဘူး ကွ … ခုကိစ္စက မင်း မြှောက်ပေးလို့ ဖြစ်ရတာ … ဒါပဲ … ယုံလိုကယုံ … မယုံလိုက မယုံဘဲနေလေတော့ မြပန်းရုံငယ်"

ဟု ရယ်သံဝေ့ဝေ့ဖြင့်ပြောကာ သူ ကားကိုမောင်း ထွက်လာသည်က ကိုထိုက် ကိုယ်တိုင်ပြေး၍ ဝမ်းသာအယ်လဲကြီး ဖွင့်ပေးပါလေသော ခြံဝင်းတံခါးကြီးကို ဖြတ်မောင်းလာခြင်းဖြင့် ပါတည့် …။

ပန်းရုံ သူ့ကို မျက်စောင်းထိုးလိုက်တာကို သူသိ နေသည်။

ဟှာက်ခနဲ မခံချင်အောင် တမင်ရယ်ပြလိုက်ပေမယ့် တကယ့်တကယ်ကြီးကို သူ ပျော်နေမိနေပါလား ဆိုတာကိုတော့ ဝန်မခံဘဲကို နေ၍မရနိုင်ဘဲ ဖြစ်နေရပါချေ၏။

သနပ်ခါးရနံ့သင်းသော လေငွေ့ကို ရှူရှိုက်ရင်း အလုပ်သို့သွားနေရပါသည့် ဤနေ့တစ်နေ့သည်လည်း သူ့အတွက် ထူးခြားနေသည်။

သူကိုယ်တိုင်မောင်းပါသည့် ကားမှာ တွယ်ဉ်၍ ပန်းရုံ ခုလိုပါလာတာမျိုး ဘယ်တုန်းကမှ မရှိခဲ့စဖူး။ နံ့သာရနံ့ သင်းသော နေ့လေးတစ်နေ့ပါတကား …။

○ ✿ ○



## အခန်း(၂၃)

"ပန်းရုံ … ဘယ်အထည်ကို ကြိုက်သလဲ … ကိုယ့်သဘော ကတော့ ပိုအဖြူရောင်ပိုးဂါဝန်ရှည်လေးရယ် … ဟိုက ပန်းနုရောင် ဖဲဂါဝန်ရှည်လေးရယ် … ပြီးတော့ …"

ပုလဲရွှေစင် ကုန်တိုက်ကြီးတစ်ခုမှာ ထိုမျှအထိ လှပများပြားသော အထည်တွေ။ ခန်းဆီးလိုက်ကာကြီးတွေ။ အိပ်ရာအသုံးအဆောင်တွေ။ များပြားစုံလင်မည်ဟုပင် မြပန်းရုံ မထင်ထားမိ။ ငါးထပ်အဆောက်အအုံကြီးမှာ အားလုံး ဓာတ်လှေ ကားရှိသည်။ အပေါ်ဆုံးအထပ်မှာက ရုံးခန်းကျယ်ကြီးနှင့် အစည်း အဝေးခန်းဆောင်ရှိလျက်။ စတုတ္ထထပ်မှသည် မြေညီထပ်ထိမှာ က ပုလဲရွှေစင်အထည်စက်ရုံမှထွက်သော အရည်အသွေးစုံအထည် များကို ပုလဲရွှေစင် အထည်ချုပ်စက်ရုံမှ ချုပ်လုပ်သည့် အထည် တွေကို အရည်အသွေးအလိုက် ရောင်းချပေးသည့် အရောင်းခန်း ဆောင်တွေရှိသည်။ ပြီးတော့ အထည်စတွေလည်းရှိသည်။ ချုပ် ထည်တွေပဲဖြစ်ဖြစ် အထည်လိပ်ကြီးတွေပဲဖြစ်ဖြစ်။ ဒေါ်နိုးကြီး အထည်တွေ … တန်ဖိုးအလယ်အလတ်နှင့် ဈေးနှုန်းသက်သာသော

www.burmeseclassic.com

www.burmeseclassic.com



အထည်တွေကအစ စုံစုံလင်လင် သူ့အထပ်နှင့်သူ ရောင်းချနိုင်ရန် စီစဉ်ထားတာမို့ ဝယ်သူတွေကလည်း များပြားစည်ကားနေသည်ပါပဲ။ လက်လုပ်လက်စားတွေကအစ ဝယ်နိုင်အောင် အထည်တွေကို ရောင်းချပေးတာမို့ ပုလဲရွှေစင်ကုန်တိုက်သည် အဝယ်များသောကုန်တိုက်။ အမှာအများဆုံးရနေသည့် ကုန်တိုက်ထဲမှာလည်း ပါဝင်သည့် ကုန်တိုက်ကြီးတစ်တိုက် ဖြစ်သည်ဆိုတာလောက်ကိုတော့ ဤကုန်တိုက်ကြီးကို မရောက်ဘူးခင်ကတည်းက သူနှင့်လက်မထပ်ဖြစ်ခင်ကတည်းက မေမေ ပြောပြဖူးတာကိုတော့ ကြားဖူးပေမယ့် .. စိတ်လည်းမဝင်စားခဲ့တာမို့ မြပန်းရုံ ရောက်ကိုမရောက်ဖြစ်ခဲ့ပါ။ ပန်းရုံ ကလေးဘဝ .. ငယ်တုန်းကျတော့လည်း ... ကလေးပေမို့ ... ကုန်တိုက်ကို လူရေးလူရာလုပ်၍ မရောက်ဖြစ်နိုင်ခဲ့။ ခုလို .. သူနှင့် အိမ်ထောင်ကျတော့ ငွေ့ကို မမေ့နိုင်သည့် သူ့ကို နာကြည်းနာကျင်နေစိတ်ဖြင့် ခပ်ခွာခွာနေမိတာကိုပဲ အာရုံထားနေရတာမို့ ကုန်တိုက်ကို စိတ်ထဲရောက်ပင် မရောက်နိုင်ခဲ့ပါသည့်အဖြစ်။

ခု .. သူ တကန်တက ခေါ်လာတာမို့သာ ရောက်လာရခြင်းပါ။ ရောက်လာတော့လည်း ဤနေ့မှာ သူသည် ထူးခြားလွန်းစွာပဲ ပန်းရုံကို ဂရုစိုက်နေသူတစ်ယောက်အဖြစ် ရှိရှိနေတတ်တာမို့ ပန်းရုံ သူ့ကို သိပ်လည်းမယုံချင်။ တစ်ခုခုများသူ ပိပိရိရိ ဟန်ဆောင်ပြနေသည်လားဟုပင် သံသယက ဝင်ချင်ချင်ပါ။

ခုလည်း ကြည့် ..။ ပန်းရုံအတွက် အင်္ကျီလှလှလေးတွေကို သူကချည်း ရှေ့က လက်ညှိုးလေး တညွှန်ညွှန်ဖြင့်ပြလိုက် ရွေးချယ်လိုက်ဖြင့် ရှိနေပါချေသည့်အဖြစ်။ အရောင်းကောင်တာမှ



မိန်းကလေးတွေကလည်း သခင်မ နုနုဖန့်ဖန့်လေးကိုလည်း တကြည့်ကြည့်ဖြင့် ရှိနေကြ။ သူ ညွှန်ပြသည့် အထည်တွေကို လက်ဆွဲစက္ကူအိတ်ကြီးတွေထဲ ထည့်နေကြဖြင့် ရှိနေရပါ၏။ သူကတော့ တစ်ထည်ပြီးတစ်ထည် ရွေးမဆုံးနိုင်ဘဲ ဖြစ်နေတာမို့ ပန်းရုံ လက်ကလေးတကာကာဖြင့် ..

“တော်လောက်ပါပြီ .. ပန်းရုံ အဲသလောက် အဝတ်သစ်တွေ တစ်ပြိုင်တည်း မဝယ်ဖူးပါဘူး .. ဘွားရဲ့ရက်ကန်းရုံမှာတောင် အဲသလို မနိုင်မနင်း ဖြစ်လောက်အောင် မယူဖူးပါဘူး .. တော်လောက်ပါပြီ”

ဟု တားယူရသည်အထိပါ။

“ဘယ်ဟုတ်မလဲ .. ပန်းရုံ ဘယ်တုန်းက ဒီကိုရောက်ဖူးလို့လဲ .. ခုရောက်လာချိန်လေးမှာတော့ .. ဝယ်ချင်တာမျိုးမှ မဟုတ်တာ .. လိုချင်တာတွေအားလုံးကို ယူသွားရမှာမျိုးလေ .. ဒါ ပန်းရုံလိုချင်သမျှတွေ လက်ညှိုးထိုးပြပြီး ထုပ်ပိုးခိုင်း .. ပြီးရင် ကုန်တိုက်ကကားနဲ့ အိမ်ကိုအရောက် အပို့နိုင်းလိုက်လို့ ရတာပဲဥစ္စာ .. အိမ်အတွက်ခန်းဆီးတွေ လိုက်ကာစကြီးတွေ အိမ်သုံးပစ္စည်းတွေ .. အဲဒီအထည်တွေလဲ .. ယူချင်တာ ပြောလိုက် .. အားလုံး ထုပ်ပိုးပြီး ပို့ပေးလိမ့်မယ်”

သူ ပြောနေတော့ ပန်းရုံ ခေါင်းလေးခါသည်။ သူငဲ့ကြည့်ကာ ..

“သဇင်ဖူးမှာ ပန်းရုံရဲ့အပြင်အဆင်နဲ့ ရှိတာမျိုးလဲ ကိုယ်မြင်ချင်သေးတယ် .. လိုက်ကာကြီးတွေလဲရွေး .. အိပ်ရာ

www.burmeseclassic.com

www.burmeseclassic.com



သုံးပစ္စည်းတွေလဲရွေး .. ဒီနေ့ဟာ ပန်းရုံရဲ့စိတ်ကြိုက်အထည်တွေ ရွေးချယ်တဲ့နေ့လို့ အမှတ်တရ ရှိနေစေမယ့်နေ့လို့ပဲ မှတ်ယူပါ"

ဟု ပြောလာတော့ မြပန်းရုံ တစ်ချက်ငြိမ်သည်။ အိမ်ရှင်မတစ်ယောက်၏ ရွေးချယ်မှုတစ်ခုကို သဇင်ဖူး အတွက် လိုအပ်နေသည်ဟု ပြောလာသည့် သဘောဘက်ကိုလည်း နွယ်နေသည်ဟု ခံစားဖြစ်တာမို့ ...

"ဒါဆိုလဲ ပန်းရုံ လိုက်ကာကြီးတွေ ရွေးပါ့မယ် .. ဒီအဝတ်တွေကိုတော့ ဒီလောက်နဲ့ဆို ရပါပြီ"

ဟု ပြောယူရသည်ပါပဲ။ သူ ပြုံးလိုက်ကာ ...

"ကိုယ်တို့ ကုန်တိုက်အောက်ဆုံးထပ်က စားသောက်ဆိုင်တစ်ခုမှာ ခဏနေကျရင် တစ်ခုခု တူတူစားကြတာပေါ့ .. မင်း ဒီနေ့ လုံးဝအနားယူရမယ့်နေ့ပဲ ကောင်မလေးရေ့"

ဟု ခပ်တိုးတိုး ခေါင်းငုံ့၍ နှစ်ကိုယ်ကြားပြောနေတော့ အရောင်းကောင်တာမှ ကောင်မလေးတွေ ခေါင်းလေးငုံ့ကြည့်ပြုံးကြည့်နှင့် ဖြစ်နေကြပါ၏။ သူ့ကိုကြည့်တော့လည်း ပျော်နေတာ သိသာနေသည်။ ဘာကြောင့်များ ဤမျှ သူ အမြူးခြေကြွနှင့် ဖြစ်နေရပါသလဲဟုပင် တွေးမရချင်။

"ဒီနေ့လေး တစ်နေ့ပဲ မင်းကို ကိုယ် နိုင်ပူးတာလေ"

ဟု ဆက်ပြောလာတော့မှ ရင်ထဲမခံချင်ပြန်။ သူက အနိုင်ရ၍ အူအမြူးကြီး မြူးနေချေသည်ကိုးလေ။ မျက်စောင်းထိုးလိုက်တော့လည်း သူ ရယ်နေသည်။ ဘာပဲဖြစ်ဖြစ်၊ ရယ်ရယ်မောမောနှင့် သူ ရှိနေတော့လည်း မျက်နှာက ခင်မင်ဖို့ ကောင်း



နေသည်ပါပဲ။ အရပ်မြင့်မြင့်၊ အသားဖြူဖြူ။ ပါးချိုင့်တွေနှင့်ရှိလျက် ဆံပင်လေး ကြော့နေအောင် နောက်လှန်ဖြီးသင်ထားကာ လူကြီးဟန် ကောက်ဖမ်းနေသည့်ပုံကိုကလည်း နည်းနည်းတော့ ရယ်ချင်စရာ ကောင်းနေသည်။ ကုန်တိုက်မှာတော့ အားလုံး၏ အရှိသေခံပိုင်ရှင်ငယ်လေးအဖြစ် ဝန်ထမ်းတွေအလယ်မှာ ရှိနေပေမယ့် သဇင်ဖူးမှာဖြင့် အလွန်စွာသည့် ရန်ပြေ ဖြစ်နေသည်မဟုတ်ပါလား။ ဖွတ်တရွတ်ဖြင့် ကလေးဆန်ချင်ဆန်နေသေးသည့် လူတစ်ယောက်။ အနိုင်ယူချင်စိတ်ကလည်း မာကြွပ်ကြွပ်နိုင်လွန်းစွာ တစ်ခါတစ်ခါမှာ ရှိရှိလာတတ်ပါသည့် လူတစ်ယောက်က ခုလို အနောက်တိုင်းဝတ်စုံ မီးခိုးရောင်ကို ချပ်ချပ်ခပ်ခပ်လေးဝတ်လျက် ဆံပင်ကို နောက်လှန်ဖြီးသင်ထားကာ လူကြီးဆိုက်ဖမ်းနေပေမယ့် ရုပ်က ဘယ်လိုမှ နုနယ်သည့်ရုပ် မပျောက်ချင်။ ကျောင်းပြီးခါစ လူငယ်လေးတစ်ယောက်၏ဟန်ပဲ ပေါက်နေသည်။

"ကဲပါလေ .. ဒီပန်းရောင်ပိုးဂါဝန်လေးလဲ လှတယ် .. ဒီအဝါရောင်ပိုးဂါဝန်လေးကလဲ လှတယ် .. ထပ်ဖြည့်မယ် .. ဒီအဝါရောင်ပိုးဂါဝန်ရှည်လေးကို ဝတ်လိုက်ပါလား .. ဒီမှာက အဝတ်အစားလဲဝတ်နိုင်ဖို့အတွက် အခန်းလေးတွေ စီစဉ်ထားတာ ရှိတယ် .. ဝယ်သူတွေ ဝတ်ကြည့်ချင်ရင်လဲ ရတယ် .. ဝတ်ကြည့်တယ် ဆိုတာက ဝယ်လိုက်တဲ့အဝတ်ကို ဝတ်ကြည့်တာမျိုးပေါ့ .. အဲသလိုဝတ်ကြည့်ပြီးရင် အဲဒီအဝတ်ကိုပဲ ဆက်ဝတ်သွားချင်ရင်လဲ သူ့ဆန္ဒပြည့်ဝသွားတာပေါ့ .. မဟုတ်ဘူးလား .. ဒါကြောင့် ကုန်တိုက်မှာ ဒီအထည်ရောင်းခန်းဆောင်တွေမှာ အဝတ် ဝတ်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ဖို့အတွက် အခန်းငယ်လေးတွေ စီစဉ်ထည့်ပေးတာ .. ဒီကညီမ သူ့ကို အဝတ်လဲခန်းလေးဆီ ခေါ်သွားပါ .. လိုက်သွား ပန်းရုံ .. ကိုယ် ဒီက စောင့်မယ်”

ကဲလိုက်ရန်ကောလေဟု ရင်ထဲမှ ညည်းမိရသည်က ပန်းရုံပါ။ သူ တမင်တကာများ ပန်းရုံကို သူ ခိုင်းချင်တာခိုင်း၍ ရသည်ဆိုတာမျိုး လုပ်နေခြင်းလားဟုလည်း အကဲခတ်ကြည့်နေမိရပါသည့်အဖြစ်။ သူကလည်း ပြုံးဖေ့ဖေ့လေးဖြင့် တုံ့ပြန်ကြည့်နေသည်။ ဘာတတ်နိုင်သေးလဲဆိုသည့် အကြည့်ဘက်ကို နွှယ်နေသည်ဟု ပန်းရုံ နားလည်လာတော့ ခံပြင်းချင်လာပြန်ပါ၏။ စောစောက ခင်မင်ချင်စရာလေးဟု စတင်၍ တွေးမိစပြုလာသည့် ခံစားချက်တွေပင် ပျောက်ဆုံးကုန်ရသည့်အဖြစ်။ သူ ခိုင်းတာကို မလုပ်ဘဲ နေပြမည်ဟု ခံပြင်းစိတ်လေးဖြင့် တွေးမိပေမယ့် တကယ်တမ်းကျတော့ ဝန်ထမ်း မိန်းကလေးက ပြုံး၍စောင့်နေတာ မြင်နေရတော့လည်း သောလူကို အားနာစိတ်ဖြင့် အဝတ်လဲခန်းလေးတွေ ရှိရာဆီသို့ လိုက်လာလိုက်ရတော့မည်ပါပဲ။ ပန်းရုံ သူ့ကို မသိမသာလေး လက်သီးလေး ဆုပ်ပြပေမယ့် သူ ပြုံးကာ မသိယောင်ပြုကျန်ခဲ့ပါ၏။ နောက်တော့လည်း ဟန်ကျပန်ကျ ဘောင်းဘီအိတ်ကပ်လေးကို စတိုင်ကျကျနှိုက်၍ အရောင်းကောင်းတာတွေကို တစ်ခုချင်း စိတ်ဝင်တစား ကြည့်နေလိုက်။ ကောင်တာမှ ဝန်ထမ်းတွေနှင့် စကားလေး ပြောလိုက်နှင့် ရှိနေတာမို့ ပန်းရုံ သူ့ကိုလှည့်ကြည့်မနေတော့ဘဲ ကောင်းမလေးနောက်သို့သာ လိုက်လာလိုက်ရပါသည့်အဖြစ်။

“ကိုယ်ဝယ်တဲ့အဝတ်ကို ဒီမှာ စိတ်ထဲပျော်ပျော်ရွှင်ရွှင်နဲ့



လာဝတ်ကြည့်လို့လဲရအောင် .. ဝတ်ပြီးတော့လဲ .. အပျော်စိတ်နဲ့ အိမ်ပြန်ချင်တယ် .. ဒါမှမဟုတ် အဝတ်သစ်လေးနဲ့ နောက်ထပ်မစွည်းတွေ အထည်တွေကို စိတ်ပျော်လက်ပျော်နဲ့ လျှောက်ကြည့်ချင်နေတယ်ဆိုရင်လဲ ကြည့်လို့ရတဲ့ အစီအစဉ်ပါ မမလေး .. အဝတ်သစ်လေး ဝယ်ပြီးပြီးချင်း ချက်ချင်းဝတ်ဖြစ်ပြီးတော့ .. အဝတ်သစ်နဲ့နေရတဲ့ သွားရတဲ့ ခံစားချက်ဆိုတာက .. တကယ့်ကို ဆန်းသစ်တဲ့ပျော်စရာလေး ဖြစ်တယ်လို့ ယူဆပြီး .. အန်ကယ်နဲ့ အစ်ကိုလေးက စီစဉ်တာပါ .. နိုင်ငံခြားတွေမှာလဲ ဒီလိုပုံစံမျိုး စီစဉ်တာ ရှိကြတယ်လေ .. အမျိုးသားတွေလဲ အဲလိုပဲ ဝတ်ကြည့်နိုင်အောင် ဟိုဘက်မှာ သီးသန့်ခွဲပြီး စီစဉ်ပေးထားတာပါ”

ဟု လိုက်ပို့သည့် အသားဖြူဖြူဥဥလေးနှင့် မိန်းကလေးက ပြောပြတော့ ပန်းရုံ ခေါင်းလေးပဲ ညိတ်ပြ။ ပြုံးပြနိုင်ရှိရပါ၏။ ပန်းရုံ ရပ်နေသည့် နေရာဝန်းကျင်ရှိ အခန်းတွေအပါအဝင် အခန်းတိုင်းနီးပါးသည် တံခါးအပြင်ဘက်မှ ချက်ချပိတ်ထားတာကို မြင်ရတာမို့ လောလောဆယ်မှာ အဝတ်လာဝတ်ကြည့်သူတို့ ရှိမနေကြသေးသည်ဘဲဟု တွေးဖြစ်၏။

“ဒုတိယထပ်မှာက မလေးချမ်းရဲ့ ပန်းအလှအရောင်းခန်းဆောင်လဲ ရှိတယ် မမလေးရဲ့ .. ပန်းချီကားလေးတွေလဲ ရှိတယ် .. ပန်းတွေက အစစ်လဲရှိတယ် .. ပန်းအတုတွေလဲ ရှိတယ် .. သိပ်လှတာပဲ .. ဥယျာဉ်ပန်းခြံလှလှလေးထဲ ရောက်နေသလို ခံစားရတာ .. ကိုကိုလေးက အဲဒီကိုလဲ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့မယ်ထင်ပါတယ် မမလေး .. ဒီအဝတ်လေးဝတ်ကြည့်ပြီးရင် သဲ မမလေးက သိပ်ကိုလှနေမှာပါ .. ကျွန်မ အပြင်ကစောင့်နေပါ့မယ်"

ဟု မပြောနေရင်း စက္ကူလက်ကိုင်အိတ်ကို ကမ်းပေးလာတော့ မြပန်းရုံ ပြုံး၍ ယူလိုက်ရင်းမှ ..

"ရပါတယ် .. ပန်းရုံ အဝတ်လဲပြီး ဟိုကို ပြန်လာပါ့မယ် .. ကောင်တာမှာ ရောင်းစရာ လုပ်စရာရှိနေမှာပါ .. ပြီးတော့ ပန်းရုံကို စောင့်နေတယ်ဆိုရင် ပန်းရုံ အနေမဖြောင့်လို့ပါ .. ပြန်သွားပါ မမ"

ဟု ပြောမိရပါ၏။ တကယ်လည်း တစ်ယောက်က အပြင်မှာ စောင့်ပေးနေသည် ဆိုတာကို ပန်းရုံ အနေခက်သည်လေ။ ပြီးတော့ .. လိုက်ပို့သည့် မမလေးက ပန်းရုံထက်ကြီးသည်။ သူ့ဇနီးဖြစ်နေတာမို့ အလုပ်ရှင်ပိုင်ရှင်၏ဇနီးအဖြစ် မမလေးဟု တရိုတသေထား၍ ခေါ်တာကို ခံရကတည်းက ပန်းရုံ အနေရအထိုင်ရ ကျပ်နေရသည်လေ။ ပန်းရုံ အတင်းပြန်ခိုင်းနေတာမို့ အဝတ်လဲခန်းလေးတစ်ခုတွင်းသို့ ပန်းရုံ ဝင်သွားတော့ ခေါင်းလေးဆတ်၍ ပြုံးပြကာ ပြန်သွားပါ၏။ ထိုအခါမှ ပန်းရုံ တံခါးရွက်လေးကို အတွင်းမှပိတ်လိုက်ကာ စက္ကူအိတ်တွင်းမှ အဝါရောင်ပိုးဝတ်စုံလေးကို လဲဝတ်လိုက်ရကာ မှန်ရိပ်မှ ပုံလေးကို ကြည့်မိရပါ၏။ နှင်းဆီပွင့်ခက်ငယ်လေးတွေ လည်ပင်းအနားသားတစ်ဝိုက်မှာ ပုလဲဝတ်ဆံလေးတွေပမာ အလယ်မှာ ထားလျက် စီထပ်ပိုးထိုးထားတာမို့ အရမ်းကိုလှနေသည်မှာအမှန်ပါ။ လက်မောင်းရင်းလေး အုပ်မိရုံ နှင်းဆီပွင့်လေးတွေ စီသွယ်



ကုံးထားသယောင် တွဲရရွဲလေးတွေ ပုလဲနှင့်ရောယှက် ချုပ်ထားတာမို့ လက်လေးကလည်း လှနေသည်ပါပဲ။ ဝတ်ထားခဲ့သော အဝတ်လေးတွေကိုခေါက်၍ ပန်းရုံစက္ကူအိတ်ထဲ ပြန်ထည့်သိမ်းသည်။ အခန်းက လုံသည်မို့ မှန်းအိုက်အိုက် ဝေဒနာက ရတ်ခြည်းတိုးဝင်လာတာမို့ အခန်းတွင်းမှ အမြန်ထွက်ဖို့ စိတ်ထဲသတိဝင်သည်။ အခန်းက ကျယ်တာမဟုတ်။ ပြီးတော့ လုံသည်။ ထိုသို့ နေရာမျိုးမှာ ပန်းရုံ ကြာကြာနေ၍မရ။ ခုလည်း သတိလက်လွှတ်ဖြင့် အမှတ်တမဲ့ အဝတ်တွေ ဘာတွေလဲ။ မှန်ထဲမှ ပုံရိပ်လေးကို ကြည့်နှင့် ရှိသွားတာ နည်းနည်းလေးတော့ အချိန်ကြာသွားသည်လေ။ ပန်းရုံ ကမန်းကတန်းလေး တံခါးရွက်ကိုဖွင့်တော့ တံခါးက တုတ်တုတ်မျှမလှုပ်။

တံခါးရွက်ကို လက်ကိုင်ဘုခလုတ်မျိုးဖြင့် ပိတ်ဖွင့်ရတာမျိုးမဟုတ်။ အမြင့်ရှင်းအောင် အပြင်ချက်၊ အတွင်းချက်ဖြင့် ထားထားတာမို့ .. အပြင်ဘက်က ချက်ပိတ်ထားလျှင် ထိုအခန်းသည် လူမရှိဆိုတာ သိရလျက်။ တံခါးချက်လေးကိုဖွင့်၍ အတွင်းဘက်ကိုဝင်။ အတွင်းဘက်မှချက်ကို ပြန်ထိုးပိတ်။ အဝတ်အစားလဲ။ ပြီးလျှင် အပြင်ထွက်။ ထိုသဘောမျိုးဖြင့် ရှိနေသည့် အဝတ်လဲခန်း ခြောက်ခန်းရှိသည့်အဖြစ်။ ခု အပြင်ဘက်မှာ မည်သူကများ အတွင်းမှာ လူမရှိဘူးထင်၍ ပိတ်သွားသည်မသိ။ အပြင်ထွက်၍ မရနိုင်ဘဲ ပန်းရုံ ဖြစ်နေရပြီ။ တံခါးရွက်ကို ပန်းရုံထုသည်။ အပြင်မှအသံ မကြားရ။ ဘေးဘက်အခန်းတွေမှာကလည်း လူရှိနေတာမဟုတ်။ အားကိုးရာ ပျောက်နေပြီကော ဟု စိတ်အားငယ်လာသည်။ စိတ်လျှော့လာရပြီ။

www.burmeseclassic.com

www.burmeseclassic.com



မှုန်းကျပ်လွန်း၍ ပန်းရုံ အသက်ကို မနည်းအား စိုက်ရှူနေရရင်းမှ ကိုယ်က ခွေခေါက်ခေါက်လေး ကျလာပြီ။ မှုန်းလိုက်တာ။ မှုန်းလိုက်တာဟု ရင်ထဲမှာ ခံစားရင်း ချွေးသီး ချွေးပေါက်တွေ ကျလာနေပါသည့်အဖြစ်။ လက်ကတံခါးရွက်ကို ထုရန် အားပင်မကျန်တော့ပြီပဲ။ လက်ကိုင်အိတ်လေး ယူမလာမိတာမို့ လက်ကိုင်ပုန်းလည်း မရှိ။ ပုန်းဆက်၍ သူ့ကိုခေါ်၍ မရနိုင်သည်ပဲဟု နားလည်နေရရင်းမှ အားကိုးရာပျောက်နေသည့် နှယ် ရှိနေရပါပြီ။

"ကိုကြီးရေ .. ကိုကြီး .. ပန်းရုံ .. ပန်းရုံ အပြင်ထွက် လို့မရတော့ဘူး .. လာပါဦး .. ဘုရား .. ဘုရား .. အသက် ရှူမရလိုက်တာ .. မှုန်းလိုက်တာ .. မှုန်းလိုက်တာ"

အသက်ရှူသံ ပြင်းလာသည်။ လည်ပင်းကို လက် ဖဝါးလေးဖြင့် အားပျော့စွာ အနိုင်နိုင် ပွတ်သပ်နေမိသည်ကလည်း အရာမထင်နိုင်တော့။ လက်က လည်ပင်းကို မရောက်နိုင်။ ပျော့ ဖတ်ဖတ်ကြီးပြုတ်ကျသွားကာ လက်ဖဝါးက ကြမ်းပေါ်မှာ အရိုး မရှိသည့် အရာဝတ္ထုနှယ် ပုံပုံကျနေသည်သို့ ပျော့တွဲတွဲကြီး တင် နေသည်ဟု ခံစားဖြစ်၏။

"ဟိုမမလေးက .. ငါ့ကို အပြင်ကစောင့်မယ်လို့ ပြောရက် နဲ့ .. ငါ အားနာပြီး ပြန်လွှတ်မိတာ မှားပြီ .. မှားသွား ပြီ .. ခု ဘယ့်နှယ်လုပ်မလဲ .. အပြင်က တစ်ယောက် ယောက် တံခါးချက်ကို ပိတ်သွားလိုက်ပြီ .. ဟိုအစ်မရှိ ရင် ပိတ်ဖြစ်မှာ မဟုတ်ဘူး .. ငါ ပြန်ထွက်လာတဲ့အထိ အပြင်ကစောင့်နေမယ့်ဉစ္စာ .. ငါက .. ငါက ပြန်လွှတ်



လိုက်မိတာ မှားတာပဲ .. ဘုရား .. သူ .. ကိုကြီး ငါ့ကို ကြာလှချည်လားဆိုပြီး သတိထားမိလိုက်ပါစေ .. သတိ ထားမိလိုက်ပါစေ .. အမှတ်တမဲ့နဲ့ ဟိုမှာပဲ အရောင်းကောင်း တာတွေကို လိုက်ကြည့်နေရင်း အချိန်တွေကုန်လို့ ကုန်မှန်း မသိဘဲ ငါ့ကိုမေ့သွားရင်တော့ ခုက္ခပဲ"

ရင်ထဲမှ ချောက်ချားနေသည်။ ပန်းရုံ ခုလို လုံနေ သော အဝတ်လဲခန်းလေးတစ်ခုမှာ မှုန်းကျပ်ရင်း မေ့မျောကာ အသက်ဆုံးရှုံးလိုက်ရမှာမျိုးကိုတော့ အဖြစ်မခံချင်။ ခံရချက်ဆိုး လာလျက် အသက်ကို ခပ်ပြင်းပြင်း ရှိုက်ရှူနေရသည်က ကိုယ့် အသက်ကို ကိုယ်ရှင်သန်နိုင်ဖို့ အားခဲရုန်းကြွ အသက်ရှူနေရတာ နှင့် တူနေသည်။ ချွေးတွေနစ်နေသည့် ကိုယ်သည် တဖြည်းဖြည်း အေးစက်စက် ခံစားချက်တွေ ဖြတ်နင်းအုပ်စီးနေရာယူလာနေကြ သည်သို့ ရှိရှိလာချေသည်တကား။ မျက်စိတွေ ပြာနေချေပြီပဲဟု လည်း သိနေသည်။ လုက လှုပ်၍မရတော့ပြီ။

O ၁၈ O

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၄)

“ဒီကောင်မလေးကို ငြိမ်အောင်လုပ်တဲ့နည်း တစ်နည်းတော့ ရှိတယ် .. သူ စာရေးဆရာမ ဖြစ်ချင်တယ်လို့ ပြောတာ ငါ သိထားတာပဲ .. သူ့ကို နဝဒေးရတုပေါင်းချုပ် စာအုပ်ကို ပေးထားမယ် .. ငါ့စာကြည့်ခန်းထဲက မီရိကို သူလုံးဝ မထိတာတော့ကတော့ သေချာတယ် .. ဒါကြောင့်လဲ .. ဘယ်စာအုပ်ကိုမှ သူ ယူမဖတ်ဖြစ်တာပေါ့ .. ဒီတော့ .. ဒီနေ့ညနေကျရင် သူ့ကို နဝဒေးရတုပေါင်းချုပ်စာအုပ်ကို ဖတ်ကြည့်လေ .. ဆိုပြီး ငါ ယူပေးလိုက်မယ် .. သူစာ ကျက်တဲ့အခါချက် .. ရတုဖတ်တဲ့အခါ ဖတ်ပေ့စေပေါ့ .. ပြီးရင် ဝတ္ထုတိုလေးတွေပဲဖြစ်ဖြစ် ရင်ထဲရှိတာ ခံစားရတာ တွေလဲ စမ်းရေးကြည့်လေလို့ ငါပြောလိုက်မယ် .. ဒါဆို ရင် သူ အားတက်လာပြီး စာမူလေးတွေ ဘာတွေ ရေး ဖြစ်လာမှာပါပဲ”

မြပန်းရုံ အလုပ်တွေသိမ်းကြုံးလုပ်နေလေသမျှ ငြိမ် ဆေးရအောင် သူ့မှာရှာကြံစဉ်းစားနေမိတတ်သူတစ်ဦးပင် ဖြစ်နေ



ရပါပြီ။ ပြီးတော့ .. သူ တာဝန်မကျေလေသူတစ်ယောက်အဖြစ် လည်း ခံစားရသည်။ ဟုတ်သည်။ တာဝန်မကျေ။ မြပန်းရုံ စာပေဝါသနာပါတာ သိပါလျက်ကယ်နှင့် စာရေးဖို့ သူ မတိုက် တွန်းခဲ့။ အားမပေးခဲ့။ ဖတ်ဖို့စာအုပ် တစ်အုပ်လောက်ပင် ရွေး ချယ်ပေးလိုက်တာမျိုး မရှိခဲ့။ အဆုံးစွန် သူကိုယ်တိုင်လည်း လောလောဆယ်မှာ စာမရေးဖြစ်နိုင်ဘဲ စိတ်တွေရှုပ်ထွေးနောက်ကျို နေရတာမို့ စာရေးစားပွဲ မထိုင်ဖြစ်တာလည်း အမှန်ပါ။ ဘာပဲဖြစ် ဖြစ် မြပန်းရုံကို သူ မြေတောင်မြှောက်ပေးသင့်သည်ပဲလေ။ သူ မသိကျိုးကျွံ လုပ်ထားသည်ကိုက အမြင်ရဆိုးစေသည့် လုပ်ရပ် တစ်ခု ဖြစ်နေသည်ပဲ။ တကယ်တော့ သူသည် ငွေ့ကို ချစ်နေ သတိရနေတာကိုချည်း ရှေ့တန်းတင်လွမ်းနေသည်မှာ အမှန်။ သူနှင့် လက်ထပ်ထားသည့် မိန်းကလေးတစ်ယောက်ကို သူ မချစ်နိုင်သည်ဘဲထား။ ပန်းရုံ၏ ဝါသနာလေးကိုတော့ အားပေး သင့်၊ လမ်းပြသင့်၊ မြေတောင်မြှောက်ပေးသင့်သည်ပေါ့။ သူ .. တကယ်တမ်းကျတော့ ဥပေက္ခာပြုလွှန်းနေခြင်းနှင့်အတူ အတ္တမြဲ လွန်းနေခြင်းကိုလည်း ဆွဲကိုင်ထားလွန်းနေသည်တကား။

“ဟုတ်တယ် .. မြပန်းရုံဟာ အရမ်းကို အထီးကျန်နေတာ အမှန်ပဲ .. သူလဲ လူပဲ .. ကြေကွဲတတ်မှာပေါ့ .. မာန ရှိမှာပေါ့ .. ခံပြင်းမှာပေါ့ .. သူ့ရဲ့လက်တောက်နေတဲ့ မျက်နက်ဝန်းလေးတွေက သူ့ရင်ထဲက မာနနဲ့ ခံပြင်းခြင်း တွေရဲ့ နက်ရှိုင်းအရှိန်ပြင်းလွန်းနေတာတွေကို အသံတိတ် နည်းနဲ့ ငါ့ကို အသိပေးနေခဲ့တာ .. ခုကျတော့ အလုပ်တွေ ထဲမှာ သူ့စိတ်တွေကို နှစ်ထားရင်းနဲ့ အချိန်တွေကို သူ

www.burmeseclassic.com

www.burmeseclassic.com



ကုန်ဆုံးခံနေတာ .. အပင်ပန်းခံလွန်းနေတဲ့ အလုပ်တွေအားလုံးရဲ့ဒဏ်ကို ခံစားနေရတာက အထီးကျန်ခံပြင်းနေရတဲ့ဒဏ်ကို ခံစားနေရတာထက်စာရင် သက်သာတယ်လို့ သူ ခံယူထားပုံရထယ်"

တစ်ယောက်တည်း သူ တွေးနေရသည်က မိချမ်း၏ ပန်းအလှဆိုင်လေးမှာပါ။ ဒုတိယထပ်ရှိ မိချမ်း၏ပန်းအလှဆောင်လေးသို့ သူ ကမန်းကတန်း ရောက်လာဖြစ်ခဲ့ရခြင်းမှာ မြပန်းရုံအတွက် တကယ့်ပန်းအစစ်လေးတစ်ပွင့်ကို ပေးချင်စိတ်ရုတ်တရက်ဖြစ်လာ၍ပါတည့်။ ဘာကြောင့်ရယ်မသိ။ အဝါရောင်ပိုးဝတ်စုံလေးနှင့် ပန်းရုံ ပြန်လာချိန်မှာ သူသည်အဝါရောင်နှင်းဆီလေးတစ်ပွင့်ကိုလည်း ပန်ခိုင်းလိုက်ချင်စိတ်တော့' ရင်ထဲမှာ ရုတ်တရက်ကြီး ဖြစ်တည်လာသည်။ ဤသူငယ်မလေးကို သူ ပစ်ပယ်ထားသလိုကြီး လုပ်ခဲ့မိသည်မှာ အမှန်။ ငွေ့ကို မမေ့နိုင်ပါဟု ရင်ထဲရှိတာ ပြောချခဲ့ အသိပေးခဲ့ခြင်းသည် ပန်းရုံကို ပစ်ပစ်ပယ်ပယ် လုပ်ပြလိုက်တာနှင့် အတူတူပဲ ဖြစ်နေသည်ဆိုတာ ဤနေ့မှာ သူ ပို၍ ပို၍ နားလည်လာရပါပြီ။

"ကျွန်မဟာ အေးစက်စက် ဖြစ်နေတဲ့ ပန်းရုံ မဟုတ်ပါဘူး .. သေသွားပြီဖြစ်တဲ့ ပန်းရုံပါ .. ဘဝတစ်ခုကို ကြေကြေကွဲကွဲ ဖြတ်သန်းရင်း သေသွားတဲ့ ပန်းရုံ ဖြစ်နေလို့ပါ .. ကျွန်မဟာ ရှင်ရက်နဲ့သေနေတဲ့ သူတစ်ယောက်ဖြစ်နေပြီးပါပြီ .. ရှင့်ဘဝကို ရှင်ကြိုက်သလို ရှင်သန်နေနိုင်ခွင့်တစ်ခုကို ပိုင်ဆိုင်ထားပြီးနေပြီပဲ .. ကျွန်မရဲ့ဘဝကို ရှင်လာမကန့်သတ်ပါနဲ့"



ဘာကြောသေးသည်လဲလေ။ သဇင်ဖူးမှာ ဤနေ့မနက်မှာ ပန်းရုံ ရင့်ကိုနှစ်၍ ပြောခဲ့ပါလေသော စကား။ ထိုစကားသည် သူ့ရင်ကို အသိတရားတွေ အင်အားနှင့် အပ်နှံပေးလိုက်သည့်နှယ်ရှိ၏။ သူ .. သူ .. ပန်းရုံကို ညှဉ်းဆဲနေခြင်းနှင့် ဘာထူးချေသည်လဲလေ။ တကယ်တော့ အနည်းဆုံး သူလုပ်ပေးသင့်သည်က ပန်းရုံ၏ စာပေဝါသနာကို အားပေးသင့်သည့်အဖြစ်။ ထိုမျှလေးလောက်သော်မှ သူသည် လုပ်ပေးရကောင်းမှန်း မသိလွန်းခဲ့တာကတော့ အရုပ်ဆိုးလွန်းလှချေသည်တည့်။

ခုကျတော့လည်း သူ့ဘက်က ပျက်ကွက်လွန်းမှု၊ မသိဆိုးဝါးမှုတွေကို ကိုယ့်ဘာသာကိုယ် မျက်ဝါးထင်ထင်ပြန်မြင်နေရသည့်နှယ်ရှိလျက်။ ပန်းရုံကို သနားစိတ်ဖြစ်တည်လာရပါပြီ။ စာနာသနားခြင်းနှင့်အတူ ဤမိန်းကလေးကို စိတ်ချမ်းသာအောင် သူ ထားချင်လာသည်။ ခုလည်း ပန်းဝါဝါလှလှလေးတစ်ပွင့်ကို နှင်းဆီတွေထဲမှ စိတ်ကြိုက် သူရွေးချယ်ယူလိုက်မိရကာ အမြန်ဆုံး အပေါ်ထပ်သို့ ဓာတ်လှေကားဖြင့်တက်ဖို့ ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်လာမိစဉ်ခိုက် သူ့အင်္ကျီအိတ်အတွင်းဆီမှ ဂျီအက်စ်အမ်ဖုန်းလေး မြည်လာတာမို့ ဖျတ်ခနဲထုတ်ယူလိုက်ကာ ခေါ်နေသည့်ဂဏန်းကိုပင် မကြည့်တော့ဘဲ ...

"ဟယ်လို"

ဟု မြန်မြန်ပဲ ထူးလိုက်သည်။ စိတ်က အပေါ်ထပ်သို့ တက်ချင် ရောက်ချင်နေပြီ။ ပန်းရုံ အဝတ်လဲပြီး ပြန်ထွက်လာချိန်မှာ သူ အထည်ရောင်းခန်းဆောင်ထဲမှာ ရှိနေပြီး ဖြစ်ချင်သည်လေ။

www.burmeseclassic.com

www.burmeseclassic.com



"မောင်"

ဘုရားရေ ..။ သူ့နှလုံးအိမ်တွေ ဆတ်ဆတ်ခါ ကုန်သည်။ မယုံကြည်နိုင်ခြင်းဖြင့် သူ မှင်တက်သွားရသည်။ မောင် .. ဟုခေါ်လာပါသည့် ခေါ်သံသည် ငွေ့အသံ ဖြစ်နေသည် တကား။ ချက်ချင်း ပြန်၍သတိဝင်လာသည်က ငွေဆစ်ပန်။ ပန်။ ပန်သည်လည်း ငွေ့အသံနှင့်တူသော အသံပိုင်ရှင်။ ငွေနှင့် ရုပ်ချင်းတူသော မျက်နှာပိုင်ရှင်ပေပဲလေ။

"ကျွတ် .. ဒီမိန်းကလေး ငါ့ကို ဘာနှောင့်ယှက်ဦးမှာလဲ မသိဘူး .. စောစောကခေါ်တဲ့ ဖုန်းနံပါတ်ကို ငါ ဖုန်းထဲမှာ မကြည့်လိုက်မိဘဲ ဖုန်းထူးလိုက်မိတာ မှားတာပါပဲ"

ဟု ရင်ထဲမှာ ညည်းမိရင်းမှ ..

"တော်လောက်ပါပြီ မငွေဆစ်ပန် .. မင်းဆီမှာ ငွေ့ဖုန်း ရှိနေတယ်ဆိုတာ ငါသိတယ် .. အခု ဘာကြောင့် ငါ့ဆီကို ဖုန်းဆက်ရပြန်တာလဲ"

ဟု မေးလိုက်စဉ်ခိုက် ငွေဆစ်ပန်နှင့် ဖုန်းပြောနေရမှာ မလိုလားသည့် လေငွေ့တွေကတော့ သိသိသာသာ ပါသွားသည်ပါပဲ။ တစ်ချိန်ကလည်း ငွေဆစ်ပန်သည် မြပန်းရုံထံသို့ ဖုန်းဆက်၍ စိတ်ဆင်းရဲအောင် လုပ်ခဲ့ပြီးပြီ။ ထိုနေ့ကို သူမမေ့။ အလကားနေရင်း ပန်းရုံကိုလည်း စိတ်အနှောင့်အယှက် ပေးသည်။ စိတ်ထိခိုက်ပင်ပန်းစေသည့် ငွေဆစ်ပန်၏စိတ်ဓာတ်ကို သူ စိတ်ပျက်သည်။ ဒါကြောင့်လည်း သူ မွှင့်မွှင့်လင်းလင်းကြီးပဲ ငွေဆစ်ပန်ကို ပြောချလိုက်ရခြင်းပါ။ မြပန်းရုံ ဆိုတာက သူ လက်ထပ်ထားရသည့် မိန်းကလေး။ သူ လက်ထပ်ထားသော သူ၏ဇနီးသည်



လေးကို ငွေဆစ်ပန် ခုလို ဆက်ဆံတာကိုတော့ သူ မကြိုက်။ ငွေဆစ်ပန်သည် ငွေ့ညီမဖြစ်ကာမျှဖြင့် ပန်းရုံ အပေါ်မှာ ထိုသို့ မလိုတမာ ဆက်ဆံလာ၍လည်း မရ။ သဘာဝလည်းမကျ။ ပြီးတော့ .. ရန်ပြေ ဆိုသည့် သူ့အပေါ်ကိုလည်း စော်ကားရာရောက်သည်။ သူ့ဇနီးကို စော်ကားမော်ကား ဆက်ဆံပြခြင်းသည် သူ့ကို စော်ကားတာနှင့် အတူတူပဲ ဖြစ်သည်။

"မင်းလုပ်ရပ်တွေ ရပ်တန်းကရပ်ပါ ငွေဆစ်ပန် .. ငွေ့မျက်နှာကိုထောက်ပြီး ကိုယ် မင်းကို ရိုင်းရိုင်းပျပျ မဆက်ဆံဘဲ နေခဲ့တာပါ .. မင်း လုပ်ရပ်တွေက အရမ်းကို အောက်တန်းကျနေပေမယ့် .. မင်းကို ကိုယ် အရင်တုန်းကတော့ သည်းခံပေးလိုက်ပေမယ့် .. ခုအချိန်က စပြီးတော့ တစ်လျှောက်လုံးမှာတော့ ပန်းရုံကို မင်း တစ်ခုခုစိတ်ဆင်းရဲအောင် လုပ်လာရင် ကိုယ် သည်းခံတော့မှာ မဟုတ်ဘူး ဆိုတာကိုတော့ သိထားစေချင်ပါတယ်"

သူ ပြောကာ ဓာတ်လှေကားနားသို့ သူ ရောက်လာချိန်မှာပင် သူ မမျှော်လင့်ထားသော စကားကို ကြားလိုက်ရတော့ လှမ်းလက်စခြေလှမ်းတွေ တန့်ခနဲ ရပ်ခြင်းဖြစ်သွားရပါပြီ။

"အခုပြောနေတာ ငွေပါ မောင် .. မောင့်ရဲ့ငွေပါ မောင်ရယ်"

ရှိုက်သံစွက်နေသော အသံသည် တိုးလျလျနိုင်နေသည်။ ကြေကြေကွဲကွဲ နိုင်နေသည်။ ခယယယ နိုင်နေချေသည် တကား။ ဘာတွေလဲဟု သူ ရုတ်ခြည်း နားမလည်နိုင်ဘဲ ဖြစ်ကုန်သည်။ ဒါပေမဲ့ ချက်ချင်းသတိဝင်လာကာ ခပ်တိုးတိုးရယ်ချလိုက်သည်က လှောင်သံပင် နည်းနည်းပါချင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါ ခင်ဗျာ .. ရပ်ပါ .. ရပ်လိုက်ပါတော့ မငွေဆစ်ပန် .. ခင်ဗျား ဘာတွေဆက်ပြီး စာတ်လမ်းတွေ ဖန်ဆင်းနေဦးမှာလဲ .. ငွေဟာ ကိုယ့်ချစ်သူ ဖြစ်ခဲ့တာ မှန်တယ်.. ဒါပေမဲ့ သူ မရှိတော့တဲ့ အချိန်မှာ လူနဲ့တူတဲ့ မင်းဟာ ငွေ ဘယ်တော့မှ ဖြစ်မလာနိုင်ပါဘူး .. မင်း ဘာတွေစိတ်ကူးရပြီး ဒီလိုလုပ်နေတာလဲ ငွေဆစ်ပန် .. ငွေမရှိတော့ဘူးဆိုတာ ငါလဲသိတယ် .. မင်းလဲသိတယ် .. သူ မရှိတော့ဘူးလေ .. အဲဒါကို .. မင်း .. ငွေ့နေရာကိုဝင်ပြီး ငွေသစ်ပန်ပါလို့ ပြောလို့ဘယ်ရမလဲ .. ဘယ်လိုလုပ် ဖြစ်လာနိုင်မှာလဲ .. ပြီးတော့ .. မင်း .. ငါ့ကို မောင်လို့မခေါ်ပါနဲ့ .. မင်း .. မရှက်ဖူးလား .. မဖြစ်သင့်တာကို ..မင်း ဘာလို့ ဒီလိုကြံစည်နေရတာတဲ့လဲ"

သူ ဆက်တိုက်ပြောချလိုက်ရာမှ ..

"မင်း .. ငွေ့ဒိုင်ယာရီကိုလဲ ဖတ်ပြီးပြီ .. ငွေ့ဖုန်းကိုလဲ သုံးနေတယ် .. မင်း .. ငွေ့နေရာကို ရအောင်ကြိုးစားနေတာတွေ အားလုံးဟာ ငါနဲ့မပတ်သက်ဘဲ ရှိနေရင်တော့ မင်းသဘောပါပဲ .. ငါနဲ့တော့ လာမပတ်သက် မရောထွေးပါနဲ့ ငွေဆစ်ပန် .. ကိုယ့်မှာ အချိန်မရှိဘူး .. ခုလို မင်းနဲ့စကားဆက်နေရတာကလဲ .. ငါ့ဘက်က စိတ်ထားကို မင်းသိအောင် ပြောပြသင့်တာမို့ ပြောနေရတာပါ .. ဒါပါပဲ"

"နေပါဦး မောင်ရယ် .. ဖုန်းလေးကို မပိတ်လိုက်ပါနဲ့ .. မောင် ပြောတဲ့အထဲမှာ ငွေ့ဒိုင်ယာရီကို ပန် ဖတ်ပြီးထားတာမို့ .. ငွေ အဖြစ်နဲ့ယုတ္တိရှိအောင် နောက်ကြောင်းစကားတွေကို ပြောပြနိုင်မယ်လို့ ပြောချင်တာ မဟုတ်လား .. တကယ်တော့ ဒိုင်ယာရီထဲမှာ နောက်ဆုံးမရေးနိုင်ဘဲချန်ထား ကျန်ထားရမယ့် စကားတချို့တော့ ရှိနေမှာပေါ့ မောင် .. အဲဒါက အကယ်၍ ငွေ သေသွားတယ်ဆိုရင် ငွေနဲ့မောင် .. ဖုန်းလေးနဲ့ နောက်ဆုံးပြောခဲ့တဲ့စကားကို ငွေ့ဒိုင်ယာရီမှာ ဘယ်လိုလုပ် ရေးနိုင်ပါတော့မလဲ .. အဲဒီစကား ပြောခဲ့ချိန်နဲ့ ငွေ သေဆုံးသွားချိန်ဟာ အချိန်မှ သိပ်မခြားတာပဲ"



ဟု ပြောချလာသည့် ငွေ့အသံလေးတွေ တုန်ခါနေသည်။ ရှိက်သံက သိသိသာသာကြီး သူ့နားစည်တွင်းဆီသို့ ခစယယနိုင်စွာ တက်တိုက်တိုးဝင်နေသည်။ သူ ရင်ထဲယောက်ယက်ခတ်လာသည်။ တုန်လှုပ်အံ့ဩစိတ်သည် နှိုင်းစရာပင်မကျန်။ ရင်ကို အံ့ကျင်းနှင့် တိုးဝင်နေကြပါချေသတည်း။-ဘုရားရေ ..။ နောက်ဆုံး ဖုန်းပြောခဲ့သော စကားတဲ့လား‌လေ။ သူ့ဦးနှောက်ထဲမှာလည်း ဖျောက်၍မရနိုင်သော ကျန်ရစ်ခဲ့ပြီဖြစ်သည့် ကာလတစ်ခုဆီက အဖြစ်တစ်ခုနှင့် ဖုန်းဖြင့် ပြောခဲ့ကြလေသော စကားများသည် ထိတ်လန့်အံ့ဩဖွယ် လောလောလတ်လတ်ကြီးပင် ဖြစ်နေသကဲ့သို့ သူ့အာရုံတွင်းဆီသို့ တိုးဝင်နေကြပါချေသည့်အဖြစ်။ ဟုတ်သည်။ ထိုနေ့က သူ .. သူ .. ငွေ့ကိုဖုန်းဆက်ခဲ့သည်။ မေမေ သူ့ကိုခေါ်သွားတော့ မေမေနှင့်တူတူ ကားပေါ်ပါမသွားခင်မှာ ကားပေါ်မှ သူ သုတ်သုတ်ရက်ရက် ပြန်ဆင်းမိရသော ချစ်ရသူလေးကို ပစ်ပစ်ရက်ရက်ကြီး မထားနိုင်စိတ်ဖြင့် ငွေ့ကို သူ ဖုန်းဆက်မိချိန်မှာ ...

www.burmeseclassic.com

www.burmeseclassic.com



"ငွေ မြင်နေပါတယ် မောင် .. အားလုံး မြင်နေပါတယ်"

ဖုန်းခေါ်နေသည့် သူ့ဖုန်းလေးထဲသို့ ငွေ့ရှိုက်သံလေးတွေ အရင်တိုးဝင်လာခဲ့သည့် ထိုနေ့ကို သူ မမေ့။ တိုးဖျော့ဖျော့အသံလေး။ အရာရာကို စိတ်လျှော့ချလိုက်သည့်နှယ် ရှိနေခဲ့ပါသည့် အသံလေး။ ထိုနေ့ကအဖြစ်ကို သူ မမေ့နိုင်ခဲ့တာ ဤနေ့အထိ။ ရင်ကို တမြည့်မြည့်ကြေမွှ ရှိစေခံစားစေခဲ့ပါသည့် ထိုနေ့ကအဖြစ်ကို သူ မမေ့။ ခု .. ခု .. ထိုအဖြစ်ကို ပြောလာနေသည့် တစ်ဖက်မှ ငွေဆစ်ပန်ဆိုတာ ဘယ်လိုမှ မသိနိုင်စွမ်း။ ဟုတ်သည်။ ငွေနှင့်သူ နှစ်ယောက်တည်းသာ ဖုန်းလေးဖြင့်ပြောခဲ့သောစကားကို ငွေဆစ်ပန် ဘယ်လိုမှ မသိနိုင်။ ငွေသည်လည်း မကြာမလင့်မီမှာ သေဆုံးခဲ့တာမို့ ဒိုင်ယာရီမှာလည်း ရေးမထည့်ထားခဲ့နိုင်။ ဒါဆို .. ဒါဆို .. ငွေဆစ်ပန် အဖြစ် ယခု သူ့ထံ ဖုန်းဆက်နေသူသည် ငွေပင် ဖြစ်နေချေသည်လား။ ဖြစ်နေချေသည်လား။ ရင်သည် တုန်လှုပ်ခြင်းနှင့်အတူ မယုံကြည်နိုင်ခြင်း။ မယုံကြည်နိုင်စွမ်းလောက်အောင် အံ့သြလွန်းနေရခြင်းတို့ဖြင့် ပြည့်ကျပ်ခဲနေကြပါချေသည်တကား။

"အဲဒီတုန်းက ငွေ ပြောခဲ့တယ်လေ မောင် .. ငွေ မြင်နေပါတယ် မောင် .. အားလုံး မြင်နေပါတယ်လို့ ပြောခဲ့တယ်လေ မောင် .. မောင် မှတ်မိနေမှာပါ မောင်ရယ် .. ငွေငိုပြီး ပြောခဲ့တဲ့ စကားလေးကို မောင်မှတ်မိနေမှာပါ .. အဲဒီတုန်းက မောင်လဲ ပြောခဲ့တယ်လေ .. မောင် ခဏလိုက်သွားမယ် ငွေ .. မောင် ပြန်လာခဲ့မယ် .. ငွေ့ကို မောင်ချစ်တယ် .. အမြဲချစ်နေမယ်လို့ ပြောခဲ့တယ်လေ .. ခုတော့



ခုတော့ .. မောင်က မြပန်းရံ ဆိုတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်လိုက်တဲ့မောင် ဖြစ်နေခဲ့ပြီးနေပြီနော်"

ဟု ဆက်တိုက်ကြီးလည်းပြော။ ငိုရှိုက်သံလေးတွေလည်း ဆက်တိုက်ပွင့်ကျနေတော့ သူ ကြက်သေသေကြီး ငြိမ်ကျနေရပါပြီ။ ဟုတ်သည်။ ငွေ .. ငွေကိုယ်တိုင် သူ့ကို ယခုဖုန်းဆက်နေချေသည်တကား။ သူနှင့် ငွေတို့ နောက်ဆုံး ဖုန်းလေးဖြင့် ပြောခဲ့သော စကားတွေကို အတိအကျ ပြောနေနိုင်ခဲ့ချေသည်ပဲ။ ထိုအပြန်အလှန် ပြောခဲ့သော စကားတွေကို ခုလို အတိအကျပြောပြနိုင်သူမှာ နှစ်ယောက်တည်းပဲရှိသည်။ တစ်ယောက်က သူ။ နောက်တစ်ယောက်က ငွေ။ ငွေသစ်ပန် ဆိုသော ငွေ။

သူ ခေါင်းတွေဆူနေသည်။ သွေးတွေ လှည့်ပတ်စီးနေတာတွေ အားလုံးလည်း ကပြောင်းကပြန်တွေ ဖြစ်ကုန်သည့်နှယ် တစ်ကိုယ်လုံး ပူတက်လာသည်။ နားကိုပင်မယုံချင်။ ကြားနေရလေသမျှကို မယုံကြည်တတ်အောင် ဖြစ်နေသည်။ နားမလည်တတ်အောင် ဖြစ်နေသည်။ သူ့အာရုံတွေက လိုက်မမီနိုင်လောက်အောင် ဖြစ်နေသည်။ ရှုပ်ထွေးလွန်းနေသော အဖြစ်တစ်ခုသည် သူ့တစ်ကိုယ်လုံးကို အင်အားပြင်းထန်စွာ ရစ်ပတ်တုပ်ဆိုင်းကုန်သည်သို့ ရှိလာသည်။ တိုသို့ တုံ့ဆိုင်းငြိမ်ကျနေခြင်းမှတစ်ဖန် အံ့ကြွတက်လာသည်က အံ့သြခြင်းများဖြင့် မွှေနှောက်ထားသည့် သိလိုဇော။

ထိုသိလိုဇောသည် သူ့တစ်ကိုယ်လုံးကို ရုတ်ခြည်း ဆောင့်ဆွဲခါယမ်းပစ်လိုက်နိုင်သည့် အားအင်များ ဖြစ်လာစေကြပြန်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ငွေဟာ သဇင်ဖူးအိမ်ကြီးရှိတဲ့ လမ်းထိပ်နေရာလေးမှာ တစ်နေရာရာက မောင်မမြင်ရအောင် ကားလေးကိုရပ်ထား ပြီး မောင် အလုပ်ကိုထွက်ချိန်တိုင်းကို စောင့်ကြည့် ... ငေးကြည့်ရင်း အလွမ်းတွေကို ဖြေနေရတဲ့သူပါ မောင်ရယ် .. ချစ်လွန်းလို့ ခိုးကြည့်နေရတဲ့သူပါ .. ဒီနေ့ကျတော့ မောင် တစ်ယောက်တည်း မဟုတ်ဘဲ .. မြပန်းရုံပါ မောင့်ဘေးက ပါသွားတာကို ငွေမြင်ရပါတယ် မောင် .. မောင် အဲသလို သူနဲ့တူတူသွားတာကို မြင်ရတော့ ငွေ့ရင်ထဲမှာ အရမ်း ခံစားရပါတယ် .. မောင့်ကားနောက်ကို ငွေ ငိုရင်း မောင်း လိုက်လာမိတာပါ .. မောင့်ကားက ခါတိုင်းနေ့တွေလို အထည်စက်ရုံကို မသွားဘဲ ပုလဲရွှေစင်ကုန်တိုက်ကို မောင်း ခဲ့တာမို့ ဒီထိ ငွေပါလာတာပါ မောင် .. ခု .. ငွေ စား သောက်ခန်းနေရာက ဆက်တာပါ .. မောင် ခဏလောက် ငွေ့ကိုလာတွေ့ပါလား မောင်ရယ် .. အဖြစ်စုံကိုလဲ ငွေ မောင့်ကို ပြောပြချင်လို့ပါ .. မောင့်ကို ငွေ ယုံပါတယ် မောင် .. မောင်ဟာ ငွေ့ကို ငွေဆိုတာ သိသွားတဲ့အခါ မှာ ငွေ ဒုက္ခရောက်အောင် မလုပ်ဘူးဆိုတာ ငွေယုံပါတယ် မောင်"

ဟု ပြောရင်း ငိုနေသည့်အသံလေးနှင့်တွ ဆက်တိုက် သူ ကြားနေရသည်။ သူ့စိတ်ကို လျှော့ချလိုက်သည်။ ဘာပဲဖြစ် ဖြစ် တွေ့လိုက်တာ အကောင်းဆုံးပဲ ဖြစ်မည်ဟု သူ ယတိပြတ် ဆုံးဖြတ်လိုက်မိရပါသည့်အဖြစ်။ ဒါမှလည်း ဘာတွေဘယ်လို ဖြစ်ပျက်ကုန်သည်ဆိုတာ သူ အရာရာ ရှင်းရှင်းလင်းလင်း ဖြစ်



သွားရချေမည်သာ။ သူသည် ငွေ့ရုပ်အလောင်း မြေကျသည်အထိ အစစ တာဝန်ယူ လုပ်ကိုင်ခဲ့ပါလေသော ငွေ့ချစ်သူ။ ခု .. ငွေက အသက်ရှင်နေသည့်အဖြစ်။ အဖြစ်မှန်ကို သူသိဖို့ လိုနေသည်။ သိလည်းသိမှ ဖြစ်မည်။ သူ ချက်ချင်း မြေညီထပ်ရှိ အစား အသောက်တွေ ရောင်းချပေးသော ခန်းဆောင်သို့ ထွက်ခဲ့မိရပါ ပြီ။ ဓာတ်လှေကားမှအထွက် သူ့ခြေလှမ်းတွေက အရမ်းကိုမြန် ဆန်လွန်းနေကြတာ အမှန်။ စားသောက်ခန်းသို့ သူ ဝင်လာခိုက် အဖြူရောင်ခေါင်းစည်းပဝါလေးကို စည်းနှောင်ထားလျက် နေကာ မျက်မှန်နက်လေး တပ်ဆင်ထားပါလေ်သော မိန်းကလေးတစ် ယောက် စားပွဲတစ်နေရာဆီမှ လက်လေးလှမ်းပြသည်။ လက်လှမ်းပြ ရာကို လှ့သဘာဝအရကြည့်တော့ ငွေ။ ထိုငွေသည် သူချစ်ခဲ့ဖူးသော ငွေ ဆိုလျှင် အိမ်အပေါ်ထပ် ဝရန်တာနေရာဆီမှကျ၍ သေဆုံး ခဲ့သော သူသည် အဘယ်သူ ဖြစ်ချေမည်လဲ။ ငွေသစ်ပန် အသက် ရှင်နေသည်ဆိုလျှင် သေဆုံးသူသည် ငွေဆစ်ပန် တစ်ယောက်ပဲ ဖြစ်ရန်ရှိသည်။ စားပွဲဆီသို့ လျှောက်နေရင်းမှ သူ့ဦးနှောက်တွေ က တောက်လျှောက် မရပ်မနားစတမ်းကြီး အလုပ်လုပ်နေသည် ပါပဲ။ သို့ဆိုလျှင် ငွေဆစ်ပန်သည် ငွေ့အိမ်ခန်းဆီမှ ဝရန်တာ ဆောင်နေရာမှ မည်သို့ကျ၍ ကွယ်လွန်ဆုံးပါးခဲ့ရပါသတဲ့လဲ။ ပြီးတော့ ငွေသည် ဘာကြောင့် ငွေသစ်ပန် ဆိုတာ သေဆုံးခဲ့ပြီဟု လူတွေကို ထင်သွားစေဖို့ လုပ်ခဲ့ရပါတဲ့လဲ။

ပြီးတော့ .. ဘာကြောင့် သူနှင့် မြပန်းရုံတို့ရဲ့ မင်္ဂလာပွဲ ကျင်းပသောနေ့မှာ ငွေ့ညီမ ငွေဆစ်ပန် အဖြစ် ရောက် ရှိလာခဲ့ရပါသတဲ့လဲ။ သူ့ကိုရော ဘာကြောင့် ငွေဆစ်ပန် အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံပြခဲ့ရပါသတဲ့လဲ။ ငွေ ဆိုသော နေရာလေးမှာ ပန်ဆိုသည့် အမည်လေးကို ထည့်ထည့်ပြောခဲ့ရပါသတဲ့လဲ။ မရိုးသားမှုတစ်ခုသည် လျှို့ဝှက်ခြင်းနှင့်အတူ ငွေ့ထံမှာရှိနေခဲ့ပြီးနေပြီဟုတော့ သူ နားလည်နေသည်။ သူ သိသော ငွေ၊ သူ မြတ်နိုးသောငွေသည် မရိုးသားခြင်းဆိုသည့် အရာများကို လျှို့ဝှက်စွာထားသိုထားလျက် ဟန်ဆောင်ခြင်း အတတ်ပညာ၌ ကျွမ်းကျင်တတ်မြောက်နေသည့် ငွေ မဟုတ်။

ယခု သူ သွားတွေ့နေရသည့်ငွေသည် သူ မြတ်နိုးရသော ရိုးသားဖြူစင်သည့် မိန်းမတစ်ယောက် ဖြစ်မနေတော့။ ထိုအဖြစ်တစ်ခုကို သူ သိနေရပြီ။ နားလည်နေရပြီ။ ငွေသည် ငွေ ဆစ်ပန် အဖြစ် သူ့ကိုလာ၍ ဆက်ဆံပြခဲ့သည်ကိုက မရိုးသား။ ထိုသို့မရိုးသားတာကို သူ မနှစ်သက်။ သူ ချစ်ခဲ့ရပါလေသော ငွေသည် ဤသို့သော ငွေမျိုးမဟုတ်။ ဤသို့သော မိန်းမမျိုး မဟုတ်။

၉

သူ တည်ငြိမ်သော ခြေလှမ်းဖြင့် လျှောက်ခဲ့စဉ်၌ သူ့အသွင်ကလည်း တဖြည်းဖြည်း ရင့်ကျက်တည်ငြိမ်ခြင်းဘက်ဆီသို့ နွယ်လာနေပြီ။ အဖြစ်မှန်တစ်ခုကို စုံလင်ပြည့်စုံစွာ သိနိုင်ဖို့သက်သက် တစ်ခုတည်းအတွက် သူ ဤနေရာသို့ လာနေခြင်းပါလား ဆိုတာကို သူ့ဘာသာသူလည်း ပို၍လေးလေးနက်နက်ကြီး နားလည်လာနေသည်။

ငွေရှိနေသော စားပွဲနေရာသို့ သူ လျှောက်လာကာ ငွေနှင့်မျက်နှာချင်းဆိုင်နေရာမှာ သူ ထိုင်လိုက်ပါ၏။ ငွေ့ရှေ့စားပွဲထက်မှာ စတော်ဘယ်ရီဖျော်ရည် ဖန်ခွက်လေးတစ်ခုသည် နို့နှစ်



ရောင်ရောထွေးနေလျက် ရှိနေ၏။ ငွေ့အကြည့်က သူ့လက်တွင်းဆီမှ အဝါရောင်နှင်းဆီပွင့်လေးထက်မှာ တစ်ချက်တန့်သည်။ နှုတ်ခမ်းလေးကို တွန့်ကွေး၍ ပြုံးလိုက်ရာမှ သူ့ကိုကြည့်လာသည်။ အကြည့်သည် စူးရှရှနိုင်နေ၏။ ပန်းလေးတစ်ပွင့်အပေါ်မှာ ကြည့်ခဲ့သည့် အကြည့်သည်ပင်လျှင် အတော်လေးကို မနှစ်မြို့နိုင်နေသည့် အရိပ်တွေ ပြည့်သိပ်လွှမ်းနေကြတာကို သူ မြင်နေရသည်။

"မြပန်းရဲ့ အတွက် ပန်းလေးဖြစ်မယ် ထင်ပါရဲ့ မောင် .. မောင်က ငွေ့ကို ဒီလောက်မြန်မြန်ဆန်ဆန်ကြီး မေ့သွားနိုင်လိမ့်မယ်လို့ မထင်မိဘူး မောင်"

ဟု တိုးသံ့သဲ့ပြောကာ ပန်းလေးကို လက်ဖြူဖြူသွယ်သွယ်လေးတွေဖြင့် လှမ်းယူကြည့်တော့မယောင်ပြုတော့ သူ့လက်ကို နောက်သို့ ရုပ်လိုက်သည်။ နှင်းဆီပွင့်လေးက သူ့လက်ထဲမှာ ပါသွားသည်မို့ ငွေ့မျက်ရည်လဲ့ည်နေသော မျက်ဝန်းတွေဖြင့် ကြည့်လာသည်။ စောစောက မြင်ရသည့် ခါးသီးသော မလိုလားပြုံးတစ်ခုအစား မျက်ရည်လဲ့နေသည့် မျက်နှာလေးနှင့် ငိုမယောင်ရှိသည့် နှုတ်ခမ်းလေးက အပြောင်းအလဲလေး တစ်ခုအဖြစ် နေရာယူလာကြပါ၏။

"အဖြစ်မှန်ကို ကိုယ် သိချင်တယ် ငွေ .. ဘာကြောင့် .. ဒီလိုလုပ်ရတာလဲ .. ငွေ မသေဘူးဆိုရင် သေတဲ့သူဟာ ဘယ်သူလဲ .. သူဟာ ငွေ ဖြစ်တယ်လို့ ဘာကြောင့် အဲသလို လူတွေကို ထင်စေချင်ရတာလဲ .. ကိုယ့်ကိုရှင်းပြပါ ငွေ"

တည်တည်ငြိမ်ငြိမ် သူ မေးတော့ ငွေ တစ်ချက်တွေ

www.burmeseclassic.com

www.burmeseclassic.com



ခနဲဖြစ်သည်။ သူ့ကိုကြည့်သည့် အကြည့်တွေထဲမှာ မယုံကြည်နိုင်သည့် အံ့သြမှင်တက်လွန်းသည့် အကြည့်တွေလည်း ပါနေသည်။

“ငွေ မျှော်လင့်ထားမိတာက ဒီလိုမဟုတ်ဘူး မောင် .. ငွေ အသက်ရှင်နေတယ်ဆိုတာ မောင် သိရင် အရမ်းကိုဝမ်းသာသွားမယ် .. ငွေ့ကို အပြေးအလွှားလာတွေ့မယ် .. ငွေ့ကို .. ငွေ့ကို မောင်လက်ထပ်ဖို့ .. လက်ထပ်နိုင်ဖို့ .. မြပန်းရုံကို မောင် ကွာရှင်းပစ်လိုက်လိမ့်မယ်လို့ ထင်ထားမိတာ”

ဟု ပြောလာတော့ သူ သက်ပြင်းရှိုက်ကာ ငေးကြည့်နေမိရပါ၏။ ငွေ ခံစားရမည်ဆိုတာ သူ သိပါသည်။ သူ့ကို ငွေ ချစ်သည် ဆိုတာကိုလည်း သူ သိပါသည်။ ဒါပေမဲ့ သူ ချစ်သော ငွေသည် ဤသို့သော ငွေ မဟုတ်။ လိမ်ညာလှည့်ဖြားတတ်သော ငွေ မဟုတ်။

“ခု .. ငွေ ဘာဆက်လုပ်ရမယ်ဆိုတာတောင် မဝေခွဲနိုင်ဘဲ တွေဝေစပြုလာနေရပါပြီ မောင် .. ငွေ မောင့်ကို ဖုန်းဆက်ခေါ်မိတာကိုက မှားကုန်ပြီ ထင်ပါရဲ့ မောင်ရယ် .. မောင်က အရမ်းပြောင်းလဲနေပြီကိုး”

ဟု ခပ်ညည်းညည်း ပြောကာ တစ်ချက်ခေါင်းလေးငုံ့ချ၍ ငိုင်နေသည်။ မျက်ရည်ကျလိုက်တာကိုလည်း သူမြင်သည်။ ငွေ့ကို သူ မျက်ရည်မသုတ်ပေးဖြစ်။ သူ့မှာတရားဝင်ဇနီးရှိသည် ဆိုတာကို သူလည်းသိသည်။ ငွေလည်း သိသည်။ ချစ်သူဟောင်း၏ မျက်ရည်ကို သူ ဝမ်းသာအားရကြီး မကြည့်ရက်ပေမယ့် မျက်ရည်တော့ မသုတ်ပေးအပ်။ မသုတ်ပေးသင့်။



“အဖြစ်မှန်ကို ကိုယ် သိချင်တယ် ငွေ .. မပြောပြလို့တော့ မရဘူး ငွေ၊ အဲဒီတုန်းက ကိုယ် သေမလောက် ရူးမလောက် ခံစားခဲ့ရတာ .. သောက်တည်ရာမရအောင် ခံစားခဲ့ရတာ .. အရမ်းကို ပြင်းထန်တယ် ငွေ .. အရမ်းဆိုးတယ် .. အဲသလောက် ကိုယ် ခံစားရမယ်ဆိုတာ ငွေ မသိဘူးလား .. ငွေ မသိဘူးလား”

ဟု သူ ဆက်တိုက်ကြီး မေးချလိုက်တော့ တောင်းပန်သလို ငွေ ကြည့်လာသည်။ အရမ်းကို နက်မှောင်အရည်လဲ့နေသော မျက်နက်ဝန်းလေးတွေကို သူ ဤတစ်ကြိမ်မှာတော့ စိတ်မကောင်းစိတ်ဖြင့် ငေးကြည့်မိရပါ၏။ သူ ချစ်ခဲ့ရဖူးသော ငွေ။ သူ့ကြောင့် စိတ်ထိခိုက်ပြီး ကွယ်လွန်ခဲ့လေပြီဖြစ်သည်ဟု နားလည်ခံစားရင်း ကြေကြေကွဲကွဲ ခံစားလောင်မြိုက်နေစေလောက်အောင် သူ အချစ်ကြီး ချစ်ရပါလေသော ငွေ။ ငွေသည် သူ့ရှေ့မှာရှိနေသည်။ မျက်ရည်ကျနေသည်။ စိတ်ထိခိုက်နေသည်။ ဤအတွက်တော့ သူ စိတ်မကောင်း။ ရင်ထဲမှာ မကောင်းနိုင်။

“ငွေ ပြောပြပါ့မယ် မောင် .. ငွေ့မိဘနှစ်ပါးဟာ ငွေငယ်စဉ်ကတည်းက အိမ်ထောင်ပြိုကွဲခဲ့ကြတယ် .. မေမေနဲ့အတူ အမြွှာညီမလေး ငွေဆစ်ပန် ပါသွားတယ် .. ငွေက ဖေဖေနဲ့ ကျန်ခဲ့တယ် .. ဖေဖေ့ဖက်ကတော်စပ်တဲ့ ကြီးကြီးကပဲ ငွေ့ကို အမေလိုပဲ ပြုစုစောင့်ရှောက်သလို .. လေဖြတ်ထားတဲ့ ဖေဖေ့ကိုလဲ ပြုစုခဲ့တာပါ .. ငွေ အဲသလိုကြီးပြင်းခဲ့ရတာပါ .. ဖေဖေဆုံးတော့ ငွေပဲ စီးပွားရေးကို ဆက်လုပ်လာခဲ့တာပါ .. မောင်နဲ့ ငွေ ချစ်သူတွေဘဝရောက်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြတဲ့ အဖြစ်ကတော့ သိပြီးကြပြီဖြစ်တဲ့ကိစ္စမို့ ငွေ ချန်ခဲ့ပါတော့မယ် .. ညီမလေး ငွေဆစ်ပန် .. ငွေ့ဆီကိုဖုန်းဆက်လာတာကိုပဲ ငွေ ပြောပြပါ့မယ် မောင် .. ငွေ ပြင်ဦးလွင်ကို ခဏပြန်ချိန်မှာ အိမ်ကိုဖုန်းဆက်လာတဲ့သူဟာ ငွေဆစ်ပန် ဖြစ်နေတယ် မောင် .. သူက ငွေ့ကိုအမှန်အတိုင်း ပြောတယ် .. မေမေလဲ ဆုံးပြီတဲ့ .. သူကတော့ ပထွေးနဲ့လဲ မနေနိုင်တော့တာမို့ ကလောမှာ အိမ်လေးတစ်လုံး ငှားနေပြီး အဲဒီမှာပဲ အလှပြင်ဆိုင်လေး ဖွင့်ထားတယ်တဲ့ .. သူ့မှာ ငွေလိုနေတာမို့ မေမေ ပေးထားခဲ့တဲ့ ဖုန်းနံပါတ်နဲ့ ငွေ့ကို လှမ်းလှမ်းဆက်ကြည့်နေတာ လေးငါးခြောက်ခါ ရှိပြီတဲ့ .. ငွေနဲ့မတိုးဘဲ ငွေ ရန်ကုန်သွားနေတယ်လို့ ဖြေနေတာမို့ အဲဒီလိပ်စာမေးတော့လဲ ဖုန်းကိုင်တဲ့ ထမင်းချက်ဒေါ်ကြီးမိုးက မပြောပြဘူးတဲ့ .. ဒါကြောင့် နှစ်ပတ်တစ်ခါ သုံးပတ်တစ်ခါလောက် ဆက်ဆက်ကြည့်နေခဲ့ရတာတဲ့ မောင် .. သူက ငွေ့ကို တွေ့ချင်နေတယ်ဆိုတာပဲ အထပ်ထပ် ပြောနေတာနဲ့ ငွေလဲ ရန်ကုန်အိမ်လိပ်စာပဲ ပေးလိုက်တယ် .. ဖုန်းနံပါတ်လဲ ပေးထားလိုက်တယ် .. ဟိုမှာပဲ လာတွေ့ဖို့လဲ ငွေ ပြောတယ် .. ဘာပဲဖြစ်ဖြစ် မေမေ ထွက်သွားတုန်းက အတွင်းပစ္စည်းနဲ့ငွေတွေတော်တော်များများ ပါသွားတာဆိုတော့ ခု ဖေဖေ ချန်ရစ်ခဲ့တဲ့ပစ္စည်းတွေအပေါ်မှာ .. ငွေဆစ်ပန် ထပ်ပြီး အ... အနှစ်အနေနဲ့ လာတောင်းမှာမျိုး ဖြစ်လာမှာကိုတော့ ... လဲ သိပ်မကြိုက်လှဘူး မောင် .. သူနဲ့တွေ့ကြည့်ပြီး အ...



အကဲ စောင့်ကြည့်အကဲခတ်မယ်ဆိုပြီး ရန်ကုန်လိပ်စာပြောပြခဲ့တာပါ .. ငွေ ရန်ကုန် ပြန်ရောက်မယ့်ရက်ကိုလဲ ပြောပြလိုက်တာမို့ တိုတိုပြောရရင် ငွေဆစ်ပန်နဲ့ ငွေ ရန်ကုန်ကအိမ်မှာ တွေ့ဖြစ်ကြတယ် မောင်"

သူ ငြိမ်သက်နားထောင်နေသည်။ ဘာမျှဝင်မစွက်။ ဝင်မပြော။ အာရုံစိုက်၍ စိတ်ဝင်တစား နားထောင်သည်။ ငွေ သူ့ကိုကြည့်ကာ သက်ပြင်းရှိုက်ပါ၏။ ငွေဆစ်ပန်နှင့် ပတ်သက်၍ ပြောပြရာမှာ စိတ်ထဲမကောင်းနိုင်တာလည်း သိသာနေသည်။

"သူ ရောက်လာတော့ ပထမတော့ ဆိုးမယ့်ပုံ မရဘူး မောင် .. ငွေ အကဲခတ်မှားတာလဲ ပါတာပေါ့လေ .. ငွေ့ကိုဖက်တွယ်ပြီး ငိုလိုက်တာ အကြာကြီးပဲ .. အရမ်းငိုနေတော့လဲ အမြွာမဟုတ်လား မောင်ရယ် .. ငွေ သူ့ကိုအရမ်းသနားသွားတယ် .. ငွေ သူ့ကို ရင်းနှီးလုပ်ကိုင်စားဖို့ ငွေကြေးလည်း ထုတ်ပေးခဲ့တယ် .. ငွေ့အခန်းသော့လဲ အပိုတစ်ချောင်းရှိတဲ့ဥစ္စာ သူ့ကို ပေးခဲ့တယ် .. ရန်ကုန်ကို အလှအပ ပစ္စည်းလေးတွေ လာဝယ်တဲ့အခါ သူ့ဆိုင်အတွက် ပစ္စည်းလာဝယ်တဲ့အခါ .. ငွေ့အိမ်မှာပဲတည်းဖို့ .. ရောက်တဲ့အခါ ဝင်နိုင်ဖို့ သော့ကိုပါ ပေးခဲ့တာပါ .. အဲဒီအကြောင်းကို မောင့်ကို မပြောပြခဲ့တာကတော့ ဖေဖေနဲ့မေမေ အိမ်ထောင်ရေး အကွဲအပြဲရယ် .. ဖမေမေ နောက်အိမ်ထောင်ပြုလိုက်တာတွေရယ် .. အို .. မေမေ ဖေဖေ့အပေါ် သစ္စာမဲ့ခဲ့တာကို အဓိကအားဖြင့် မောင့်ကို မသိစေချင်တာကြောင့်ရယ်ကြောင့် မေမေနဲ့ ငွေဆစ်ပန်ကိစ္စ .. ငွေ မောင့်ကို

www.burmeseclassic.com

www.burmeseclassic.com



မပြောပြဖြစ်ခဲ့တာပါ .. သူနဲ့ငွေ တွေ့တာကလဲ .. ခု .. နောက်ပိုင်းမှ တွေ့ခဲ့ရတာပါ မောင် .. အစတုန်းကတော့ မေမေရော ငွေဆစ်ပန်ရော အဲဒီ မေမေ့နောက်အိမ်ထောင်ရော ဘယ်မှာရှိနေကြတယ်ဆိုတာတောင်မှ ငွေ မသိခဲ့တာပါ .. ဖေဖေကလဲ အလွန်စိတ်နာခဲ့တာပါ မောင် .. မေမေ့ကို အရမ်းစိတ်နာခဲ့တာပါ "

ပြောပြီး ငွေ တုန်ခါနေသည့် လက်ချောင်းလေးတွေဖြင့် အအေးဖန်ခွက်ကို ကောက်ကိုင်ကာ တကျိုက်ကျိုက်သောက်နေပါလေ၏။ ရင်ထဲ လောင်မြိုက်နေမည်ပဲဟု သူတွေးဖြစ်ကာ စိတ်ထဲ မကောင်းနိုင်။ ဘာပဲဖြစ်ဖြစ် ခုလို သနားစရာအဖြစ်တွေကို ပြောပြနေလေသမျှ နားထောင်လာနေရပြန်တော့လည်း စောစောက လိမ်ရကောင်းလားဟု တွေးနေမိသည့် အတွေးသည် အနည်းငယ်မျှလောက်တော့ ပြေလျော့လာသည်သို့ ရှိလာပါသည့်အဖြစ်။ နူးညံ့ကြင်နာရိပ်တွေကို သူ့ထံမှ တွေ့ရှိထင့်။ ငွေ အားတက်ကြည်နူးစွာ မော့ကြည့်လာပါသည့်အဖြစ်။ ရှေ့ဆက်ပြောရမည့်စကားအတွက်လည်း အားရှိလာသည့်နှယ် ဖြစ်သွားရှာပါ၏။

"နောက်တစ်ကြိမ် .. ငွေ သူနဲ့တိုးတာက မောင်နဲ့ ငွေတို့နောက်ဆုံးတွေ့ကြတဲ့နေ့ပါ မောင် .. မောင့်မေမေကလဲ ငွေနဲ့ မောင့်ကို သဘောမတူဘူးလို့ အတိအလင်း မောင့်ကိုပြောတယ်ဆိုတာ ငွေ ကြားရတဲ့နေ့ .. ငွေ ရူးမတတ်ခံစားနေရတဲ့နေ့ .. ငွေ သွေးပျက်နေရတဲ့နေ့မှာ .. သူနဲ့ငွေ ထပ်ကြုံရတာပါ .. အဲဒီနေ့ဟာ ငွေ့ကို ကံဆိုးမိုးမှောင်ကျစေတဲ့နေ့ပါ မောင်ရယ် .. ငွေချစ်တဲ့ မောင်နဲ့လဲ မောင့်



မေမေက သဘောမတူဘူး .. ငွေနေတဲ့အိမ်ရာအဆောက်အအုံရဲ့ရှေ့မှာ ကားကိုရပ်ပြီးတော့ကို အတိအလင်း လာခေါ်ချသွားတာကို ငွေ မျက်ဝါးထင်ထင်မြင်ပြီး ငိုယိုကျန်ခဲ့တာပါ .. အဲဒီအချိန်မှာ ငွေ့အခန်းထဲက ဘယ်သူထွက်လာတယ်ထင်သလဲ မောင် .. ငွေဆစ်ပန်ပါ မောင် .. သူက ငွေပေးထားတဲ့သော့နဲ့ အစောပိုင်းကတည်းက အိမ်ခန်းထဲကို ကြိုတင်ရောက်နေတာ .. စားသောက်ရေမိုးချိုးပြီး အိပ်ခန်းမှာ လှဲနေရင်း ငွေ့ပြန်အလာကို စောင့်နေတာ .. ခုကျတော့ .. မောင်နဲ့ ငွေတို့ရဲ့အဖြစ်တွေကိုလဲ .. မောင်အပြင်က လာခေါ်ပြောတာတွေ .. မောင့်အမေ လာခေါ်သွားတော့လဲ .. မောင်ဖုန်းဆက်ပြောချိန်မှာ ငွေ ပြန်ပြောနေတာတွေ သူ ကြားတယ် .. အဲဒီမှာ သူက ငွေ့ကိုဘာပြောသလဲဆိုတော့ .. သူလဲ စိတ်မကောင်းပါဘူးတဲ့ .. ငွေ့ကိုလဲ နောက်ထပ်ဒုက္ခမပေးချင်ပါဘူးတဲ့ .. အကြိမ်ကြိမ်လဲ မလာနိုင်ပါဘူးတဲ့ .. ဒါကြောင့် ပြင်ဦးလွင်က အိမ်ကိုရောင်းပြီး သူ့ကို ငွေတစ်ဝက်ပေးပါတဲ့ .. အားမနာမညာမထောက် ပြောလာတော့ ငွေ ဒေါသထွက်ထွက်နဲ့ မပေးဘူးလို့ကို အပြတ်ပြောမိတယ် .. နှစ်ယောက်သားစကားများကြတယ် ဆိုပါတော့ မောင် .. ငွေလဲ အိမ်ဧည့်ခန်းထဲပြန်ဝင် .. သူနဲ့စကားတွေ မာမာထန်ထန်တွေ ပြောမိရင်း ဒေါသဖြစ်ဖြစ်နဲ့ အဲသလို စိတ်ကောင်းမရှိလို့ကတော့ ငွေ့ဆီက ပိုက်ဆံတစ်ပြားမှ မရနိုင်ဘူးလို့ပြောပြီး စောစောက ငွေ ရပ်နေတဲ့ ဝရန်တာနေရာလေးကို ဒေါသ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ်နဲ့ ပြန်လျှောက်သွားပြီး လက်ရန်းကိုမှီရပ်ရင်း သူ့ကိုကြည့်နေတော့ သူကလဲ ဒေါသတကြီးနဲ့ .. သူ အချိူ သတ်ပြီး ဝင်လာတာတဲ့ .. ခု .. သူ ရသင့်တာကိုရမှ ဖြစ်မှာတဲ့ .. သူ့မှာ အကြွေးတွေလဲ များနေပြီတဲ့ .. များများစားစား ပိုက်ဆံရှိမှကို ဖြစ်မှာတဲ့ .. ပေးကို ပေးရမယ်တဲ့ .. မပေးရင် ငွေ့ကိုသတ်ပစ်ပြီး သူက ငွေ့ဟန်ဆောင်နေလိုက်ရင်ကို ဖြစ်တယ်တဲ့ .. သူ .. ငွေနဲ့ တွေ့နေတာ ဘယ်သူမှ သိတာမဟုတ်ဘူးတဲ့ .. အဆုံးစွန် ပြင်ဦးလွင်က ထမင်းချက်အဒေါ်ကြီးတောင် သိတာမဟုတ်ဘူးတဲ့လေ .. ကြည့်ပါဦး မောင့်ရယ် .. သူ ရက်စက်လိုက်တာ .. ယုတ်မာလိုက်တာ"

ဟု ပြောရင်း ငွေ ကျိတ်၍ရှိုက်တော့ သူ့ရင်ထဲ မကောင်းနိုင်။

ငေး၍သာ ကြည့်မိ၏။

"အဲဒီမှာ သူနဲ့ငွေ ထပ်စကားများတာပေါ့ .. သတ်ရဲသတ်ပါလားဆိုပြီး ငွေ အော်တယ် .. သူကလဲ အတော်လေး ငွေကြေးကျပ်တည်းနေပုံတော့ ရတယ် မောင် .. မပေးရင် မရဘူးဆိုပြီး အံခဲပြီး ပြောလည်းပြော .. ပြေးလာဟာပဲ မောင် .. တကယ့်ကို သူ ငွေ့ကို လည်ပင်းများညှစ်တော့ မလားလို့တောင် ထင်ရတယ် .. ငွေနဲ့ ရုပ်ချင်း ဒီလောက်တူတဲ့ငွေ့အမွှာညီမဟာ ဒီလောက်ထိ ငွေ့အပေါ် ရက်စက်ကြမ်းတမ်းမယ်လို့ မထင်မိဘူး မောင် .. သူ အလောတကြီးနဲ့ ရေ့ကိုပြေးအလာမှာ ငွေ အဝတ်လေးတွေလှမ်းထား



တဲ့စတီးလ်စင်လေးဘေးနေရာမှာက ရေစိုကွက်နေရာတွေ ရှိတယ် .. ပြီးတော့ ငွေ့လက်ထဲမှာ စောစောကကိုင်ထားခဲ့တဲ့ ရေခွက်ကိုလဲ ဒေါသနဲ့ လှမ်းပေါက်ပြောမိတာမို့ ရေစိုကွက်က ကြမ်းခင်းကြွေပြားမှာ ရှိနေတယ် .. သူကလဲ ပြေးအလာ .. ခြေချော်ပြီး အရှိန်နဲ့ ဝရန်တာလက်ရန်းနေရာကို အရောက်မှာ မထိန်းနိုင်ဘဲ ကိုယ်ကြီးငိုက်ကျသွားတာပါပဲ မောင် .. အဲဒါ .. အဲဒါ .. သူ .. သူ .. သေသွားတော့ .. ငွေ လန့်လာတယ် .. လူတွေက ရုတ်ရုတ်သဲသဲနဲ့ အောက်မှာ ဖြစ်ကုန်ပြီ .. ငွေ ကြောက်တယ် မောင် .. အဲပေါ်ကနေပြီး ငွေ တွန်းချသတ်လိုက်တယ်လို့ ထင်သွားရင် ဘယ့်နှယ်လုပ်မလဲ .. ငွေ လန့်လန့်နဲ့ အိမ်နောက်ဖေးဘက်က ထွက်ခဲ့တာပါပဲ .. ပြင်ဦးလွင်ကို ငွေ ပြန်တယ် .. ဟိုရောက်တော့လဲ ထမင်းချက်ဒေါ်မိုးကို ငွေ ဆစ်ပန်ဆိုတဲ့ ငွေ့ညီမအဖြစ်နဲ့ပဲ ပြောပြီး ပြင်ဦးလွင်အိမ်မှာ နေတယ် .. အဲဒါကလဲ ငွေ သေပြီဆိုပြီး ဒေါ်ကြီးမိုး ရန်ကုန်ကို လိုက်သွားတဲ့တာတွေ .. ရက်လည်ပြီးမှ ပြန်လာတာတွေ အားလုံးကို စောင့်ပြီးမှ အဲသလို သွားတွေ့တာပါ .. အဲဒီမှာ အားလုံး အဆင်ချောသွားတာပါပဲ မောင် .. ငွေ့ကိုယ်ပွားလေးတစ်ယောက် ပြန်ရောက်လာသလိုပဲ ဒေါ်ကြီးမိုးကလဲ ဝမ်းသာရှာပါတယ် .. ဒေါ်ကြီးမိုးဟာ အစေအပါးပေမယ့် ငွေ့ကို အတော်ကြီး ချစ်တဲ့သူမို့ ငွေ ဆစ်ပန်အဖြစ် ငွေ ပြန်ရောက်သွားတော့ ငွေသစ်ပန် ဆိုတာ ပြန်တွေ့ရသလိုပါပဲလို့ တဖွဖွ ပြောနေတဲ့သူပါ"

www.burmeseclassic.com



သူ ခုထိ ငြိမ်သက်နားထောင်နေဆဲ။ ရင်ထဲမှာ တဖြည်းဖြည်း သိလာသည်။ ငွေသည် ငွေဆစ်ပန်အဖြစ် ရန်ကုန်သို့ ရောက်လာပြီးသည့်နောက်မှာ မြပန်းရုံနှင့် သူ့အိမ်ထောင်ရေးကို ဖြိုကွဲဖို့ ကြံစည်နေခြင်းပါလားဟု ..။ ဤအဖြစ်ကိုတော့ သူ မကြိုက်။ တကယ်ဆို အစကတည်းက သူ့ကို အဖြစ်မှန်ကိုပြောပြသင့်သည်။ တခြားသူကို မပြောပြဘဲ နေစေဦး။ သူ့ကိုတော့ ပြောပြသင့်သည်။ ခုလို ငွေဆစ်ပန်အဖြစ်လာကာ သူ့အိမ်ထောင်ကို ဖြိုကွဲအောင် လုပ်တာကိုတော့ အောက်တန်းကျသည်ဟု နားသည်သည်လေ။

"ငွေ ရောက်ပြီး မောင့်ကိုတွေ့ဖို့ သွားချိန်မှာ မောင် လက်ထပ်တော့မယ်ဆိုတာ ငွေ သိရတာမို့ မောင့်မင်္ဂလာပွဲကို ငွေဆစ်ပန် အဖြစ် ရောက်လာခဲ့တာပါ မောင် .. တကယ်က ငွေ ထင်ထားတာက .. ငွေ သေသွားပြီလို့ မောင် သိထားပေမယ့် .. ငွေဆစ်ပန်အဖြစ် ငွေ .. မောင့်ကို သွားတွေ့မယ် .. မမငွေဆိုတဲ့စကားလေးကို ခံပြီးတော့ မမငွေရဲ့ဒိုင်ယာရီကိုဖတ်ရလို့ လာတွေ့ပါလို့ ပြောမယ် .. အဲသလို တွေးထားတာ .. ငွေဆစ်ပန် ဆိုတာကလဲ .. ငွေနဲ့တူတဲ့သူမို့ မောင်က ဘာပဲဖြစ်ဖြစ် လက်ထပ်ခွင့်တော့ ငွေ့ညီမ ငွေဆစ်ပန် အဖြစ်ပဲ သိထားရင်း တောင်းခံလာလိမ့်မယ်လို့ မျှော်လင့်ထားမိခဲ့လေသမျှ .. ဒီမှာက မောင် လက်ထပ်တော့မယ်ဆိုတော့ .. ငွေ ရင်ကွဲတာပါပဲ မောင် .. ငွေကလဲ ပြင်ဦးလွင်မှာ ခဏလေးလောက်တော့ အောင်းနေခဲ့သေးတာကိုးလေ .. နောက်ကျကုန်ရတာပေါ့"



"အဲဒါ ငွေမှားတာပေါ့ .. ငွေဆစ်ပန် အဖြစ်နဲ့ ကိုယ်သိရတဲ့ အဲဒီ ငွေဆစ်ပန်ဟာ ငွေနဲ့တူတယ်ဆိုတာ တစ်ချက်တည်းနဲ့ ကိုယ်က ဘယ်လက်ထပ်ခွင့် တောင်းပါ့မလဲ .. သူဟာ ငွေမှ မဟုတ်ဘဲကိုး .. ရုပ်တူတာနဲ့ လက်ထပ်မှာ သေချာတယ်လို့ ငွေ တွေးခဲ့တာကိုက မှားတာ"

ချက်ချင်း သူ ဖြတ်ပြောချလိုက်တော့ ငွေ ပြုံး၍ ကြည့်လာသည်။

"ငွေ သိတာပေါ့ ငွေ့ကို ဒီလောက်ချစ်တဲ့ မောင်ဟာ .. မြပန်းရုံကို ဘယ်ချစ်နိုင်ပါ့မလဲ .. အဲဒါကိုတော့ ငွေသိတယ် .. ခု မောင် ပြောပြတဲ့စကားကို ကြားရတော့ ငွေ ပျော်လာပါတယ် မောင် .. မောင်က ငွေဆစ်ပန် ဆိုတာကိုတောင်မှ ငွေမဟုတ်တာမို့ မချစ်နိုင်တာပေါ့ .. မဟုတ်ဘူးလား မောင် .. ငွေမှ ငွေပဲဖြစ်ရမယ် .. ငွေကလွဲရင် ငွေဆစ်ပန်ပဲဖြစ်ဖြစ် .. ဘယ်လောက်ပဲ ရုပ်တူတူ မချစ်ဘူးလို့ကို .. မြတ်မြတ်နိုးနိုး ချစ်တယ်ဆိုတာ ပိုသိလာရတာကိုး မောင်ရယ်"

ဟု ပြောကာ မျှော်လင့်ချက်များ ပို၍ပြည့်ဝလာနေသည့် အကြည့်ဖြင့် သူ့ကို ပြုံးကြည့်လာပါ၏။ စိုရဲတောက်ပနေသော နှုတ်ခမ်းလေးတွေက ဝမ်းသာလွန်းရှိန်ဖြင့် ဆတ်ဆတ်ခါချင်နေသည်။

"အဝတ်အစားသစ်လေး ဝတ်ကြည့်ဖို့ မောင် ခိုင်းလိုက်တဲ့ မြပန်းရုံကို မောင် .. အဲဒီနှင်းဆီဝါလေးတစ်ပွင့် ပေးတော့မှာ မဟုတ်တော့ဘူးဆိုတာ ငွေ ယုံကြည်ပေးလိုက်ရတော့မလား မောင်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဖျတ်ခနဲ မေးလာသည့် ငွေ့အမေးကို သူ ထိတ်လန့်တကြား ကြားလိုက်ရပါပြီတည်း။ ဘုရားရေ ..။ ငွေသည် .. ငွေသည် မြပန်းရုံနှင့် သူ့ကို တကောက်ကောက် လိုက်ကြည့်နေတာ သေချာနေချေသည်ကောလေ။

"မှားနေပြီ ငွေ .. ကိုယ် ဒီနှင်းဆီဝါလေးကို ငွေ့ကိုမပေးနိုင်တဲ့အတွက် ကိုယ် ဝမ်းနည်းပါတယ် .. ကိုယ် သိထားခဲ့တဲ့ ငွေနဲ့ .. ခု ကိုယ်ရင်ဆိုင်နေရတဲ့ငွေဟာ တခြားစီဖြစ်ကုန်ပြီ .. ငွေ ကိုယ့်ကိုချစ်တယ်ဆိုတာ ကိုယ်ယုံကြည်ပါတယ် .. ဒါပေမဲ့ ချစ်တာတစ်ခုတည်းနဲ့ မပြီးဘူး ငွေ .. ကိုယ်ကျင့်တရား ခိုင်မြဲဖို့ အရေးကြီးတယ် .. မိန်းကလေးတစ်ယောက်ကို ငွေဆစ်ပန် အဖြစ် လာရပ်ပြပြီး စိတ်ဓာတ်အရာ ကျဆင်းပြိုလဲလာအောင် .. ခံစားကြေကွဲနေအောင် .. ခံပြင်းလောင်မြိုက်နေအောင် လုပ်တာဟာ ငွေ့ရဲ့တန်ဖိုးကို ကျစေတယ် ငွေ .. အောက်တန်းကျတဲ့ အပြုအမူကို ကိုယ်မုန်းတယ် .. ကိုယ်မုန်းတဲ့အထဲမှာ မရိုးသားခြင်းနဲ့ ရက်စက်ခြင်းတွေပါတယ် ငွေ .. မင်းဟာရက်စက်တယ် .. မြပန်းရုံအပေါ် ရက်စက်တယ် .. ကိုယ့်အပေါ်လဲ လှည့်ဖြားတယ် .. အဲဒါတွေဟာ မင်းမှားတဲ့အမှားတွေပဲ .. ပြီးတော့ .. ကိုယ်လက်ထပ်ပြီးပြီ ငွေ .. မင်းအသက်ရှင် နေရင်လဲ ကိုယ်လက်မထပ်နိုင်ဘူး .. မြပန်းရုံကို အပြစ်မရှိဘဲ ကိုယ်မကွာရှင်းနိုင်ဘူး .. မပြတ်စဲရက်ဘူး .. သူဟာ အရမ်းကိုရိုးသားတယ် ငွေ .. မာနလဲကြီးတယ် .. ဖြူလဲဖြူစင်တယ် .. အရမ်းကို ဖြူစင်တယ် .. အဲဒါ သူ့ တန်ဖိုးပဲ"



သူ ဆက်တိုက်ပြောချလိုက်တော့ ငွေ့ကိုယ်လေး နောက်မှီထက်မှာ လန်ခနဲ ပြိုတော့မယောင် ပိကျသွားသည်။ သူ့ကို ကြေကြေကွဲကွဲ ကြည့်သည်။ ငိုချတော့မယောင် ဖြစ်လာသည်။ သူ လက်ကာလိုက်ကာ ..

"အိမ်ထောင်ရှင် တစ်ယောက်ဟာ သစ္စာရှိဖို့ လိုတယ်ဆိုတာ ငွေ သိပါတယ် .. ငွေ့မိဘအိမ်ထောင်ရေးနဲ့တင် ငွေ သိပါတယ် .. ငွေ .. ငွေ့မေမေနဲ့ ပတ်သက်ပြီး မောင့်ကို တောင် ဖွင့်မပြောနိုင်ဘူးလို့ ငွေ ပြောပြခဲ့တယ် မဟုတ်လား .. ခု .. အဲသလို သစ္စာမဲ့တဲ့ အလုပ်မျိုးကို ကိုယ် .. မြပန်းရုံ အပေါ်မှာ ဘယ်လိုမှ မလုပ်ရက်နိုင်ဘူး ငွေ .. အိမ်ထောင်ရေးတစ်ခုရဲ့ လေးနက် .. နက်ရှိုင်းမှုကို ငွေရော ကိုယ်ရော နားလည်ထားကြဖို့ လိုတယ် ငွေ .. ဒါကြောင့် ကိုယ် လေးလေးနက်နက် မှာချင်ပါတယ် .. နောက်ကို ဘယ်လိုနည်းနဲ့မှ ကိုယ့်ကို မဆက်သွယ်ပါနဲ့ .. မပတ်သက်ပါနဲ့ ငွေ .. ဒါ ကိုယ်တို့နှစ်ယောက် နောက်ဆုံး ဆုံဖြစ်ကြခြင်းလို့ မှတ်ယူပါ"

ဟု ပြောကာ သူ ထရပ်တော့ ငွေ ခေါင်းခါ၍ ဖျတ်ခနဲ ရပ်သည်။ မျက်ဝန်းများက တုန်လှုပ်ချောက်ချားခြင်းဖြင့် မတည်မငြိမ် ဖြစ်နေသည်။ သူ့ကို မယုံနိုင်သလို တောက်လျှောက်ကြည့်နေကာ ခေါင်းလည်း တွင်တွင်ခါနေသည်။

"မဟုတ်ဘူး .. ငွေသိတဲ့ မောင်ဟာ ဒီလိုမဟုတ်ဘူး .. ငွေ့ကို ဒီလောက်ထိ ပစ်ပစ်ခါခါ ပြောရက်နိုင်တဲ့သူတစ်ယောက် မဖြစ်နိုင်ဘူး .. ငွေလေ .. ငွေပါ မောင်ရဲ့ ..

www.burmeseclassic.com

www.burmeseclassic.com



ငွေဆစ်ပန်လို့များ မောင် ဆက်ထင်နေပြန်ပြီလားဟင် .. ငွေဆစ်ပန် အနေနဲ့ပဲမြင်မြင် .. ငွေနဲ့တူတယ်ဆိုရင် မောင်ချစ်မှာပါလို့တောင် .. ငွေက .. ငွေနဲ့ပတ်သက်လာရင် မောင်ချစ်တဲ့ အချစ်ကို .. အဲသလောက်ကြီးထိ အထင်ကြီးမိတာပါ .. ခု .. သိပြီ .. ငွေကလွဲရင် .. ငွေဆစ်ပန်ပဲဖြစ်နေနေ .. မချစ်ဘူးဆိုတာ ငွေ သိပြီ .. အဲဒီတစ်ချက် ငွေ မှားခဲ့တာ တစ်ခုပဲရှိတာပါ မောင် .. ခု .. ခု .. ငွေ ကြာရာမရတော့ဘဲ ငွေ အသက်ရှင်နေတာပါ ဆိုတာကို .. မောင် သိရင် .. ငွေ့ကို .. ငွေ့ကို .. မလွှဲမသွေ လက်ထပ်မှာပါဆိုတဲ့ ယုံကြည်လွန်းနေတဲ့စိတ်နဲ့ မောင့်ကို ဝန်ခံချိန်မှာလဲ .. ငွေ့ကို မောင်က ချန်ခဲ့တော့မလို့လား .. မလုပ်ပါနဲ့ မောင်ရယ် .. ငွေ ရှုံးပါ့မယ် .. ငွေ ရှုံးပါ့မယ် မောင်ရယ်"

ငွေ့ အရမ်းကို အသံတွေ တုန်ခါနေရင်း သူ့ကို ခဲခဲယယ ပြောနေတော့ သူ အလန့်တကြား ဘေးစားပွဲတွေကို ကြည့်မိရပါပြီ။ ပုလဲရွှေစင်မှာ သူ ဘယ်သူလဲဆိုတာ သိကြတာကများသည်။ စားသောက်သူတချို့လောက်ပဲ မသိတာရှိမည်။ ဝန်ထမ်းတွေအားလုံးက အလုပ်ရှင်သူဌေးလေးကိုတော့ မသိဘဲရှိကြတာမဟုတ်။ တချို့ကလည်း အကဲခတ်သလို ကြည့်ကြည့်နေကြပြီ။

"ငါ တန်ဖိုးထားခဲ့တဲ့ ငွေနဲ့ .. ငါ ရင်ဆိုင်နေရတဲ့ ငွေဟာ တစ်ယောက်စီ .. တခြားစီ ဖြစ်ကုန်ပြီ ငွေ .. မင်း .. ပြန်ထိုင်ပါ .. ကိုယ်လဲ အေးအေးဆေးဆေး ပြန်သွားပါရစေ"



ဟု တည်တည်ငြိမ်ငြိမ် ပြောတော့ ငွေ ဖျတ်ခနဲထိုင်ချသည်။

ခနဲပြုံးတစ်ခုက နှုတ်ခမ်းထက်မှာ ခပ်မဲ့မဲ့လေးပေါ်လာ၏။

"ဘယ်သူ့ဆီကိုလဲ မောင် .. မြပန်းရုံဆီကိုလား .. သူ .. မောင့်ဆီကို ပြန်မလာနိုင်တော့ပါဘူး မောင် .. လုံးဝပြန်မလာနိုင်တော့ပါဘူး မောင်ရယ်"

လက်ပတ်နာရီကို ငုံ့ကြည့်ကာ အချိန်ကြည့်သလိုလေးလုပ်၍ ခပ်မဲ့မဲ့ ပြောကာ ငွေ ထရပ်သည်။ လှောင်ပြုံးတစ်ခုကို ဆက်ပြုံးသည်။ သူ ပထမဆုံး သတိရလိုက်သည်က ..

"အဝတ်အစားသစ်လေးတွေ ဝတ်ကြည့်ဖို့ မောင် ခိုင်းလိုက်တဲ့ မြပန်းရုံကို မောင် အဲဒီ နှင်းဆီဝါလေးတစ်ပွင့် ပေးဖြစ်တော့မှာ မဟုတ်ဘူးဆိုတာ ငွေ ယုံကြည်ပေးလိုက်ရတော့မလား မောင်"

ဆိုသည့်စကား။ အဝတ်အစားသစ်လေးတွေ ဝတ်ကြည့်ဖို့ မောင် ခိုင်းလိုက်တဲ့ ..။ အဝတ်အစားသစ်လေးတွေ .. ဝတ်ကြည့်ဖို့ ..။ အတွေးသည် အထိတ်တလန့်ဘက်ဆီသို့ သွေးပျက်မတတ် တိုးဝင်လာသည်။ ပန်းရုံ အဝတ်အစားသစ်ဝတ်ဖို့ သွားသည်ဆိုတာ ငွေ သိနေသည်။ အဝတ်လဲခန်းသို့ သွားသည်ဆိုတာ ငွေ သိနေသည်။ ခု .. ထိုသိနေသော ငွေ ပြောသည့်စကားထဲမှာ ပါလာသည်က မြပန်းရုံ လုံးဝပြန်မလာနိုင်တော့ပါဆိုသည့်စကား။ သူ စိုးရိမ်တကြီး ဖြစ်လာရသည်က ဘုန်းလှုပ်ချောက်ချားခြင်းဖြင့်ပါတည်း။ အာရုံထဲ ထင်လာသည်က ပန်းရုံ

www.burmeseclassic.com

www.burmeseclassic.com



လေး သခင်ဖူးစတိုခန်းထဲမှာ မှေ့နေချိန်မှာ အေးစက်စက်လေး ရပ်ကြည့်နေခဲ့ဖူးပါသည့် ပန်အဖြစ် ရောက်ရှိခဲ့ပါလေသော နေ့ တစ်နေ့ဆီမှ အဖြစ်။

"မင်း .. မင်း .. ပန်းရုံကို ဘာလုပ်လိုက်ပြီလဲ .. ဟင်"

ဟု သူ အသံတွေ အက်ကျကုန်အောင် ခံစားရင်း မေးလိုက်စဉ်ခိုက် ..

"ငွေဆစ်ပန်ကို .. ငွေ တကယ့်ကို ဘာဆိုဘာမှ မလုပ်လိုက်ရဘဲ သူ မတော်တဆဖြစ်ရင်း သေသွားတာပါမောင် .. ဒါပေမဲ့ .. မောင်နဲ့ပတ်သက်လာရင် .. ငွေနဲ့မောင့်ကြားမှာ အဆီးအတားအဖြစ် ရောက်လာတဲ့ မြပန်းရုံ .. ဒီနေ့မှာ .. မောင်နဲ့တူတူ ကားပေါ်ပါတဲ့ မြပန်းရုံ .. မောင် ရွေးချယ်ပေးတဲ့ အထည်လေးကိုဝတ်ဖို့ သွားလိုက်တဲ့အထိ ရှိခဲ့တဲ့ မြပန်းရုံကို .. ငွေ ထောင့်ကွယ်နေရာလေးတစ်ခုက .. စောင့်ကြည့်နေတာပါ မောင် .. ဒီတော့ မောင်နဲ့ ငွေ့အကြားမှာ တဖြည်းဖြည်း အတားအဆီးအဖြစ် ပိုပြီး အင်အားတကြီး ဖြစ်လာနေတဲ့ သူ့ကို ငွေ မနာလိုလဲဖြစ်လာတယ် .. မရှိလဲ မရှိစေချင်တော့တာမို့ .. ဒီမတော်တဆ ပုံစံမျိုးနဲ့ ဘဝကို အဆုံးသတ်သွားစေရမယ့် မြပန်းရုံရဲ့ အဖြစ်တစ်ခုကိုတော့ မတတ်သာတဲ့အဆုံးမှာ ဖြစ်တည်စေလိုက်ရင်းနဲ့ .. မောင့်ဆီကို ငွေ အသက်ရှင်နေတဲ့အကြောင်း ပြောပြရင်း .. အဲသလို ပြောပြလိုက်တဲ့အခါမှာလဲ .. ငွေ့ကို ပုံအောပြီး အချစ်တွေ မောင်က ပေးအပ်ရင်း .. ငွေ့ဘဝ သာယာလာလိမ့်မယ်လို့ မနာလိုလွန်းတဲ့စိတ် .. မောင်



ကို ပိုင်ချင်လွန်းတဲ့ စိတ်နဲ့ .. ငွေ ဘာတွေလုပ်နေမိခဲ့ပြီဆိုတာ မောင် သိလာပါလိမ့်မယ် မောင် .. မကြာခင် ဆိုပါတော့"

ဟုပြောကာ ခေါင်းလေးမော့၍ ခပ်ကြော့ကြော့ထွက်မည်ပြုခိုက် သူ့ဒေါသတွေ လှိုက်ဆူလာသည်။ မြပန်းရုံ အတွက် စိတ်တွေလည်း အရမ်းပူလာသည်။ ဝန်ထမ်းကောင်လေးကို သူ မျက်ရိပ်ပြ ခေါ်တာမို့ စောစောကတည်းက လှမ်းကြည့်နေသည့် ဝန်ထမ်းလေး ရောက်လာတော့ ..

"ကုန်တိုက်လုံခြုံရေးဝန်ထမ်းကို ခေါ်ပါ .. သူ့ကို ထိန်းထားပါ"

ဟု ဖျတ်ခနဲ ငွေ့လက်ကို မလွှတ်တမ်း ဆုပ်ကိုင်ကာ ပြောချလိုက်တော့ ငွေ မယုံနိုင်သလို သူ့ကိုကြည့်လာသည်။ သူကလည်း တည်တည်ငြိမ်ငြိမ် ပြန်ကြည့်သည်။

"ငွေဆစ်ပန် ကိစ္စကတော့ မင်းပယောဂ မပါဘူးဆိုတာ သက်ဆိုင်ရာကို မင်း သေချာရှင်းပြဖို့တော့ လိုလိမ့်မယ် ငွေ .. ဒါပေမဲ့ မြပန်းရုံ တစ်ခုခုဖြစ်သွားလို့ကတော့ မင်း မသက်သာဘူးလို့ မှတ်ပါ .. ပန်းရုံဟာ ငါ့ဇနီး .. ငါ့ဇနီးဖြစ်တယ် ငွေ .. မင်း မသက်သာဘူး မှတ်ပါ"

ဟု အံခဲကာ ပြောခဲ့ပြီးတာနှင့် သူ အပြေးအလွှား ထွက်လာမိခဲ့ရပါပြီတည်း။

ရင်ထဲမှာ မွန်းကျပ်ချောက်ချားနေသည်။

သူ .. သူ .. နောက်မကျပါစေနှင့်။

အချိန်မီ မြပန်းရုံထံသို့ ရောက်မှဖြစ်ချေမည်။

www.burmeseclassic.com

www.burmeseclassic.com



အရမ်းကို ဖြူစင်စင် မိန်းကလေးထံ သူ ရောက်မှ ဖြစ်ရပါချေမည်။

နှလုံးအိမ်တစ်ခုလုံး ပေါက်ကွဲလုမတတ် တုန်လှုပ်ချောက်ချားစွာ စိုးရိမ်ဇောသည် မြပန်းရုံအတွက် ဖြစ်တည်နေရချေသည်တကား။

○ ❀ ○



## အခန်း(၂၅)

"ပန်းရုံ ဘယ်မှာလဲ .. ပန်းရုံ ဘယ်မှာလဲ .."

ကောင်တာမှ ဝန်ထမ်းမိန်းကလေးတွေ အားလုံး ကြောင်အမ်းအမ်းဖြစ်ကုန်ကြကာ အရမ်းကို စိတ်လက်ပူလျက် မျက်နှာပျက်ကာ ချွေးတွေနစ်နေပါသည့် သူ့ကို မှင်တက်ကြည့်နေကြပါ၏။ အလောသုံးဆယ်နိုင်စွာ မေးနေသည့် သူ့ကိုကြည့်ကာ ဘယ်သူကမှ ရေရေရာရာမဖြေနိုင်ကြ။ သူ့ငါကြည့်။ ငါသူကြည့် ဖြင့် ဖြစ်နေကြရင်းမှ ဟိုဟိုသည်သည်လည်ဆန့်၍ ရှာနေကြသည်က ပန်းရုံကိုပါ။ သူ စိတ်လက်မရှည်နိုင်။ ရှိုးကေ့စ်မျက်နှာပြင်ပေါ် ဖြန်းခနဲ လက်ဖြင့်ရိုက်ချကာ ..

"ဘယ်မှာလဲ .. ပန်းရုံကို လိုက်ပို့ပေးတဲ့ ကောင်မလေး .."

ဟု အော်မေးတော့မှ ..

"ဆွေဆွေရော .. ဆွေဆွေရော .."

နှင့် မေးကြတာကို သူ စောင့်မနေနိုင်။ ဘယ်သူ့အဖြေမှမစောင့်တော့ဘဲ သူ အရှုးအမူးနိုင်စွာပဲ အဝတ်လဲခန်းများရှိရာ ခန်းဆောင်ဆီသို့ ပြေးထွက်လာမိရပါပြီ။ သူ .. တောက်လျှောက် အခန်းတွေကိုလိုက်ကြည့်သည်။ အပြင်မှ ချက်ပိတ်ထားသည့်

www.burmeseclassic.com

www.burmeseclassic.com



အခန်းတွေက တစ်ခန်းတည်းမဟုတ်။ ဟိုတစ်ခန်း သည်တစ်ခန်း ဖြင့်ရှိနေကြပါ၏။

“ပန်းရုံ .. ပန်းရုံ”

ချက်..ကို အပြင်မှပိတ်ထားသည့်အခန်းတိုင်းကို သူ ကြည့်ကြည့်ဖွင့်ဖွင့်လည်းရှိသွားရ၏။ နှုတ်မှလည်း ပန်းရုံကိုပဲ တောက်လျှောက်ခေါ်နေမိရပါသည့်အဖြစ်။ သူ့အသံက အရမ်းစိုးရိမ်ဇောဝင်လျက်ရှိနေကာ မျက်နှာကလည်း ထိန်းမရအောင် ပျက်နေပြီ။ ချက်တစ်ခုကိုဖွင့်၍ အလောသုံးဆယ်ကြည့်လိုက်တော့ မျက်စိတွေ ပြာခနဲဖြစ်၏။ ချွေးတွေနစ်နေလျက် အဝါရောင်ပိုးဂါဝန်လေးဖြင့် ကြမ်းပြင်တွင် ခွေခွေလေး သတိလစ်မေ့နေရှာပါလေသော ပန်းရုံ ပါတကား။ သူ .. အခန်းတွင်းသို့ဝင်ကာ ပျော့ခွေ့ခွေ့ကိုယ်လေးကို လည်း ရင်ခွင်ကျယ်ကြီးထဲ သိမ်းပွေ့လိုက်မိ။

“ပန်းရုံ .. မြပန်းရုံ ..”

ဟု အသံထွက်ကျနေရင်း ပါးလေးကို ပုတ်၍ ပုတ်၍ ခေါ်မိရပါပြီ။ ပန်းရုံ၏မျက်နှာလေး ဖွေးဖျော့နေပြီ။ အသံဗလံ ခေါ်သံတွေကြောင့် အခန်းတံခါးတချို့ ပွင့်လာကာ မိန်းကလေးတွေ ထွက်ကြည့်သူကကြည့်နှင့် ဖြစ်လာနေပြီ။ မိန်းကလေးတွေ အဝတ်လဲသည့်အခန်းတွေရှိရာမှာ .. ယောကျ်ားသားတစ်ယောက် အနေဖြင့် လူတစ်ယောက်ရောက်တာ။ မိန်းကလေးတစ်ယောက်ကို စိုးရိမ်ဇောဖြင့် မျက်စိမျက်နှာပျက်ပျက်နှင့်ခေါ်နေတာ။ မျက်ရည်တွေလည်းတက်နေတာကို ငေးကြည့်သူကကြည့်နှင့် ဖြစ်နေချိန်မှာ ဘာကိုမျှ ဂရုမစိုက်အား။ ပန်းရုံ၏ ပျော့ဖတ်ဖတ်ကိုယ်လေးကို ပွေ့ဝင်ချီထားရင်း တောက်လျှောက် အပြင်သို့ထွက်လာမိရပါပြီ။



စောစောက ပန်းရုံကို လိုက်ပို့ပေးသည့်ကောင်မလေး မျက်စိမျက်နှာပျက်ကျလျက် ခပ်သုတ်သုတ်လျှောက်နေတာ သူ မြင်သည်။

“ဆွေဆွေ .. အနောက်ဘက်ခန်း ရောက်နေလို့ပါ”

ဟု ပြောနေတာကို သူ အာရုံပင်မစိုက်နိုင်။ ပေါ့ဆပေါ့လျော့မိရပါမို့လားဟုသာ ဒေါသဖြင့်ကြည့်မိကာ အပြစ်တင်သံဖြင့် ..

“ငါ .. စောင့်ခိုင်းထားတယ် မဟုတ်လား .. အပြင်ကစောင့်နေဖို့ .. ဟင် .. မင်းကွာ ..”

ဟု ပန်းရုံဖော်ကပ်လျက် သူ မျက်နှာထားကြီးဖြင့် အော်ပစ်တော့ ဆွေဆွေမှာ နေစရာပင်မကျန်။ မျက်ရည်ကျလာရင်း ကျန်ခဲ့သည်ပါပဲ။ သူ့ခြေလှမ်းကို ဘယ်လိုမှလဲ လိုက်မမီသာ။ သူ တောက်လျှောက်ခေါ်နေမိသည်က ..

“ပန်းရုံ .. ပန်းရုံလေး .. ဘုရား .. ဘုရား .. သူ .. သူ .. ဘာမှ မဖြစ်ပါစေနဲ့”

ဆိုသည့်အသံ။ ကုန်တိုက်ဝန်ထမ်းတွေအတွက် .. ဖေဖေက .. ဆေးခန်းတစ်ခုကို တတိယထပ်မှာ စီစဉ်ထားတာ ရှိတာမို့ သူ .. ပန်းရုံကို မလွှတ်စတမ်းပွေ့ထားရင်း ဆေးခန်းသို့ အပြေးအလွှားရောက်ရပါ၏။ ဒေါက်တာဦးသော်ကောင်းမှာ လူနာတချို့ကို စစ်ဆေးနေချိန်ဖြစ်နေသည်။

“အားလုံး .. တစ်ဆိတ် ဖယ်ပေးပါဗျာ .. ဖယ်ပေးပါ အရေးပေါ်မို့ပါ .. ပန်းရုံကို ကြည့်ပေးပါဦး အန်ကယ် .. ကျွန်တော့်မိန်းမကို .. ကြည့်ပေးပါဦး .. သူ .. သူ .. အသက်ရှူရှိသေးရဲ့လားဟင် .. ဖြစ်ရလေ ပန်းရုံရာ ..”

www.burmeseclassic.com

www.burmeseclassic.com



သူ .. ဆောက်တည်ရာမရ ဖြစ်နေကာ ..။ ခုတင်ထက်မှာရှိနေသည့် အစမ်းသပ်ခံလူနာကအစ .. အလောကောကြီးဖယ်နိုင်းကာ ..။

ခုတင်ပေါ် ပန်းရုံ၏ ကိုယ်လေးကို ဖြည်းဖြည်းညင်ညင်ချပေးလိုက်ရင်းမှ ဒေါက်တာဦးသော်ကောင်းကို ထိတ်လန့်ပူပန်ခြင်းများဖြင့် ပန်းရုံကို တကြည့်ကြည့်ဖြင့် ရှိနေရင်းပြောနေတော့ ဦးသော်ကောင်း လူနာကို စမ်းသပ်ကြည့်ရပါ၏။

ပန်းရုံ၏ မွန်းကျပ်သော ဝေဒနာခံစားရတတ်ပုံတွေကို သူ ဒေါသမှ တတွတ်တွတ်ဖြင့် ပြောပြနေတော့လည်း ဒေါက်တာဦးသော်ကောင်း နားထောင်ရင်း ..

"စိတ်မပူပါနဲ့ ရန်ပြေလေးရဲ့ .. ခဏ အန်ကယ် စမ်းသပ်ပါရစေဦး .. ရန်ပြေလေး .. ဟိုမှာ ခဏထိုင်နေ .. ခဏထိုင်နေစမ်းပါ .."

ဟု သူ ပင်ပန်းနေတာကို မကြည့်နိုင်တော့တာမို့ ပြောနေပေမယ့်လည်း မရ။ ခုတင်ဘေးမှမခွာ။ ပန်းရုံ၏ လက်လေးကို ထွေးဆုပ်၍ တောက်လျှောက်မျက်နှာလေးကို မလွှတ်စတမ်းကြီးကြည့်နေကာ ..

"ပန်းရုံလေး .. ပန်းရုံလေး .. ကိုကြီး ခေါ်နေတယ် .. ကြားရဲ့လားဟင် .. ကြားရဲ့လား .."

နှင့် ဆရာဝန်စမ်းသပ်နေတာ ရှုပ်နေမှန်းလည်းမသိ။ အနှောင့်အယှက် ဖြစ်နေစေမှန်းလည်း သတိမထား။ တောက်လျှောက် တခေါ်တည်းခေါ်နေသည့်အဖြစ်။ လေအေးစက်ဖွင့်ထားသော အခန်းက အေးမြမြဖြစ်နေသည်။ သူ့မှာသာ ဇောချွေးတွေ



သီးနစ်နေရင်း ခြေမကိုင်မိလက်မကိုင်မိဖြင့် တစ်ယောက်တည်းဗျာများကာ ဆောက်တည်ရာမရ ဖြစ်နေရပါသည့်အဖြစ်။

ဆေးခန်းက ကျယ်ကျယ်လွန့်လွန့်ရှိသည်။ လေအေးစက်ကြောင့် လန်းလန်းမြမြရှိသည်။ ဆေးခန်းတွင်းရှိ လူနာတချို့ကို *အပြင်သို့ထွက်၍ စောင့်ခိုင်းစေကာ ဦးသော်ကောင်း မြပန်းရုံ*ကို ဆေးထိုးပေးပါ၏။ အခန်းထဲမှာ လူရှင်းသည်မို့ လူသူ၏အနံ့အသက်လည်းမရှိ။ အခန်းတွင်းမှာ ဦးသော်ကောင်းနှင့် သူ့ပဲ မြပန်းရုံအနားမှာ ရှိနေသည်။ သူနာပြုဆရာမလေးတစ်ယောက်ကတော့ ဦးသော်ကောင်း ခိုင်းတာကို လုပ်ကိုင်ပေးနေတာပဲရှိပါ၏။ သူ .. မထိုင်ဖြစ်သေး ..။ မြပန်းရုံဘေးမှာပဲ တွေတွေကြီး ခေါင်းရင်းမှာရပ်ကာ ဆံစလေးသပ်ပေးလိုက်။ လက်ကိုင်ပဝါဖြင့် ချွေးလေးတွေသုတ်ပေးလိုက်နှင့် ရှိနေပါ၏။ ဖြူဆုတ်ဆုတ်ဖြစ်နေသည့်မျက်နှာလေး သွေးရောင်တဖြည်းဖြည်း သမ်းလာနေတာကို သူမျက်တောင်မခတ် ကြည့်ကြည့်နေရင်း မြင်မြင်လာနေရသည့်မို့စိတ်ထဲအားတက်လာကာ ဦးသော်ကောင်းကိုကြည့်၍ ..

"သူ .. သူ .. ကောင်းလာနေပြီထင်ပါရဲ့ .. နော် .. အန်ကယ် .. သူ ကောင်းနေပြီနော် .."

ဟု မေးတော့ ဦးသော်ကောင်း မဖြေ။ မြပန်းရုံကိုသာကြည့်ကာ ..

"ဒီလိုမဖြစ်တာ ပိုကောင်းတယ် ရန်ပြေလေး .. အန်ကယ်စိတ်ပူတယ် .. သူ .. အဲသလို .. မွန်းကျပ်လှောင်ပိတ်နေတာမျိုးကို မကြာခဏ ကြုံကြုံနေတာမျိုး မဖြစ်သင့်ဘူး။ အန္တရာယ်ကြီးတယ် .. ဒါကိုတော့ သတိပေးထားချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်မမီရင် .. အန္တရာယ်ကြီးတယ် .. ခုတော့ .. သက်သာလာနေပါပြီ .. နှာစ် .. သူ့ကို ဟိုဘက်ခန်း သီးခြားအခန်းလေးမှာ နားနားနေနေ ရှိပါစေ”

ဟု ပြောလာတော့ သူနာပြုဆရာမလေး အေးအေးဖြူမှ လူနာတင်စင်လေး တွန်းလာတာမို့ သူ ပန်းရုံကို ဖြည်းဖြည်းညင်ညင်မွေ့ကာတင်သည်။ တစ်ဖက်သီးသန့်ခန်းလေးဆီသို့ ပန်းရုံကိုပို့ကာ ခုတင်ပေါ်ပြောင်းတင်တော့လည်း သူပဲ ပျာပျာ .. ပျာပျာဖြင့် လုပ်နေသည်ပါပဲ။ ဦးသော်ကောင်းမှ တောက်လျှောက်သားမှ လိုက်ပါလာကာ ကြည့်နေသည့်အဖြစ်။

“ဒီဘက်ခန်းမှာက .. ပြတင်းပေါက်ကျယ်ကြီးတွေ ရှိတယ်၊ အားလုံးဖွင့်ပါ .. အေးအေးဖြူ .. ခန်းဆီးတွေကိုလဲ .. သားဖယ်ထားပါ .. ပြတင်းအားလုံး တစ်ခုမကျန်ဖွင့်ပါ၊ လူနာကို သဘာဝလေတွေနဲ့ ပြည့်ဝနေတဲ့ ဒီအခန်းမှာပဲ နားနေပါစေ .. ရန်ပြေလေး နေခဲ့ .. အေးအေးဖြူ .. မြပန်းရုံအတွက် .. သူ သတိရလာတဲ့အခါသောက်ဖို့ .. ဂျူ့စ်တစ်ခုခုလုပ်ပါ .. ရန်ပြေလေးအတွက်လဲ လုပ်ပါ”

ဟု ပြောကာ ပန်းရုံကို စမ်းသပ်သည်။ ပြီး၍လည်း ကြည့်လာသည့်သူ့ကိုပါ။

အခန်းသည် .. လင်းလင်းချင်းချင်းရှိနေသော အခန်းတွင်းမှာ သဘာဝလေဖြင့် လန်းလန်းဆတ်ဆတ်ရှိနေပါ၏။ အခန်းတွင်းရှိ ပန်းအိုးဆီမှ နှင်းဆီပန်းတို့၏ ရနံ့ကလည်း တမွှေးမြမြ။ ခန်းဆီးတွေ သားတိမ်းဖယ်ထားပေမယ့် လေတိုးသဖြင့် ခန်းဆီးစတို့က တဖျပ်ဖျပ်တော့ ခတ်နေကြသည်ပါပဲ။



“သက်သာသွားမှာပါ .. မပူပါနဲ့တော့ .. သူ .. လေကိုဝအောင်ပြန်ရှူနိုင်ပြီလေ .. အခန်းကျယ်ကြီးထဲမှာ .. သူ့သားမှာရပ်ရင်း .. သူနဲ့အတူလိုက်ပြီး မေ့မြောသွားနိုင်လောက်အောင် ရန်ပြေလေး ဖြစ်နေတယ်ဆိုတာများသိရင် သူ အတော်လေးကို .. ရန်ပြေလေးကို သနားသွားမှာအမှန်ပဲ .. အန်ကယ်တောင် မကြည့်ရက်ဘူး ဖြစ်နေတယ် .. မျက်နှာက ချွေးတွေလဲ သုတ်လိုက်ပါဦး ရန်ပြေလေးရဲ့၊ ခုတင်သားကတန်းလေးမှာ မျက်နှာသုတ်ပဝါငယ်လေးရှိပါတယ်”

ဟု ပြောကာ ခပ်ပြုံးပြုံးကြည့်တော့ သူ ရှက်အမ်းအမ်းဖြင့် တစ်ချက်တော့ရယ်သည်။ တဘက်ငယ်ကိုယူကာ ချွေးကိုသုတ်သည်။ ထိုအခါမှ သူ့ဘာသာသူ သတိထားမိလာရသည်က သူ့အင်္ကျီတွေမှာလည်း ချွေးတွေနစ်နေသည်။ ဆံစတို့ နဖူးပြင်ပေါ်ဝဲကျနေကာ နဖူးစပ်ရှိ ဆံစတို့မှာ ချွေးဖြင့် စိုစိုနစ်နစ်ဖြစ်နေသည့်အဖြစ်။

“စိတ်ချရတာ သေချာပါရဲ့လား အန်ကယ် .. ဘယ်မှမသွားသေးနဲ့ဦးနော် .. သူ သတိရမှ တခြားလူနာတွေသွားကြည့်ပါဗျာ .. လောလောဆယ် ဒီမှာ အန်ကယ်နေပေးပါ .. သူ့ခမျာ .. ကျွန်တော့်ကြောင့် ဒီလိုဖြစ်ရတာပါ .. ကျွန်တော် ပေါ့ဆလို့ဖြစ်ရတာ .. သူ့ကို .. သေချာစောင့်ခေါ်လာဖို့မှာခဲ့တဲ့ ကောင်မလေးကလဲ ပေါ့ဆလိုက်တာ အန်ကယ်ရာ”

ဟု ညည်းကာ ခုထိ ထိုင်ဖို့သတိမရသေးဘဲ ပန်းရုံ

www.burmeseclassic.com

www.burmeseclassic.com



၏မျက်နှာလေးကို စိတ်ထိခိုက်လျက် ငုံ့မိုးငေးစိုက်ကြည့်နေမိရပါ၏။ အတော်လေးကို ပြင်းထန်စွာ ပန်းရုံလေး ခံစားခဲ့ရရှာပါလိမ့်မည်။ အဘယ်မျှထိ သူ့ကို တမ်းတခေါ်နေပါချေမည်တဲ့လဲ ..။ ဤကုန်တိုက်မှာ ပန်းရုံသိတာ .. တမ်းတခေါ်စရာ ဆို၍လည်း သူပဲ ရှိနေချေသည်မဟုတ်ပါလားလေ။ သတိလစ်သွားစေလောက်အောင် ပြင်းထန်သည့်ဝေဒနာဆိုတာက သက်သာသည်မှမဟုတ်ဘဲလေ။ လက်လေးကို ဆွဲဆုပ်ထားရင်း သူ မျက်ရည်ဝဲလာသည်။ အဘယ်မျှထိ သူ မိုက်မဲလွန်းခဲ့ပါသတဲ့လဲ။ ဤမျှ ဖြူစင်သည့် မိန်းကလေးကို သူက မှန်တာကိုပဲ ပြောမည်ဆိုသည့် ခံယူချက်ကြီးဖြင့် ငွေ့ကို မမေ့နိုင်ပါဟု မညှာမတာကြီးပြောခဲ့သည်။ ခု .. ငွေ့ကြောင့် .. ငွေ့ပယောဂကြောင့် .. ပန်းရုံလေး သေလုမတတ်ခံစားခဲ့ရသည့်အဖြစ်။ ရက်စက်သော ငွေသစ်ပန်ဆိုသည့် မိန်းမတစ်ယောက်ကို သူက .. အထင်တကြီးရှိလွန်းခဲ့သည်တကား။ အပြစ်ကင်းစင်သော ဤမိန်းကလေးကိုကျတော့ .. သူ .. တန်ဖိုးထားရကောင်းမှန်းမသိခဲ့။ တကယ့်ကို ကြွေရုပ်လေးချထားသလို လှလိုက်ပါသည့် မြပန်းရုံလေး။ မြပန်းရုံ၏အလှတရားများက .. ငွေ့အပေါ် ချစ်သော သူ့အချစ်ကို မပြောင်းလဲသွားစေနိုင်ဟု သူက ရင်ထဲမှ ကြွေးကြော်နေခဲ့ဖူးသည်။ တကယ်က .. ပန်းရုံသည် .. စိတ်ရော ရုပ်ရောလှသည့် .. အလှရှင်လေးပါတည့် ..။

"ရန်ပြေလေး .. ထိုင်လိုက်ပါဦး .. မင်းကိုကြည့်ရတာ .. အန်ကယ် ပင်ပန်းလွန်းလို့ပါကွယ်"

အခန်းထောင့်ရှိ ဆက်တီမှာ ထိုင်ရင်း လှမ်းကြည့်လှမ်းကြည့်နှင့် ရှိနေရာမှ ဦးသော်ကောင်း ပြောလာတော့ သူသတိဝင်



လာကာ ခွေးခြေတစ်လုံးကို ခေါင်းရင်းနေရာမှာချ၍ သူထိုင်သည်။ ဦးသော်ကောင်း ခမျာမှာလည်း သူ့ အရမ်းစိုးရိမ်နေတာ သိစိတ်ဖြင့် တကယ့်ကိုထိုင်စောင့်ပေးရှာပါသည့်အဖြစ်။

ပန်းရုံ၏ မျက်ခွံလေးတွေ ခပ်ဖြည်းဖြည်း လှုပ်လာတာ။

မျက်တောင်ရှည်ကော့ကော့လေးတွေ အားယူခတ်လာတာ သူ မြင်နေရတော့ ကိုယ်ကြီးကိုင်းလိုက်ကာ ..

"ကိုကြီး ရှိနေတယ် ပန်းရုံ .. ကိုကြီးရှိနေတယ် .. ဒီမှာ ဒေါက်တာ .. အန်ကယ်ဦးသော်ကောင်းလဲ ရှိနေတယ်၊ ခု .. ပန်းရုံ .. အခန်းကျယ်ကြီးထဲမှာ ရောက်နေပြီ .. မျက်စိလေးတွေ ဖွင့်ကြည့်လိုက် .. နော် .. ဖွင့်ကြည့်လိုက်"

ဟု ပြောနေသည်က ပန်းရုံ သူ့ကို ကြည့်လာစေချင်၍ပါ။ ဦးသော်ကောင်း လာရပ်ကြည့်ကာ ပန်းရုံ၏ လက်ကိုစမ်းသည်။ နားကြပ်ဖြင့်လည်း စမ်းသပ်သည်။ နောက်တော့ .. သူ့ပခုံးကို ပုတ်ကာပြုံး၍ အခန်းတွင်းမှ ထွက်သွားပါချေ၏။ သဘောက .. စိတ်ချနေရပါပြီဆိုသည့်သဘော။ အေးဆေးဆေးဆေးပြောနေရစ်စေ .. ဆိုချေသည့်သဘော။ သူသာ .. မြပန်းရုံ၏ မျက်နှာလေးကို မျက်တောင်မခတ်ကြည့်နေရင်းမှ ...

"ပန်းရုံလေး .. ပန်းရုံလေး .."

နှင့် မျက်ဝန်းလေး ဖွင့်ကြည့်မလာမချင်း စိတ်ထဲ သေချာစိတ်မချနိုင်သေးဘဲ ဖြစ်ဖြစ်နေမိရ။ မျက်နှာကို ငုံ့မိုး၍ ကြည့်နေမိရပါနှင့်ပါ။

"ဟင် .."

www.burmeseclassic.com

www.burmeseclassic.com



ဟု အသံလေးတိုးဖွဖွနှင့် ညည်း၍ မျက်ဝန်းလေးတွေဖွင့်လာခိုက် သူ မျက်နှာလေးကို ငုံ့မိုး၍ကြည့်ရင်းမှ ..

"ကိုကြီးလေ .. ကိုကြီး ပန်းရုံနားမှာရှိနေပြီ .. မကြောက်နဲ့တော့နော် .. အသက်လဲရှူရတာ ကောင်းနေပြီမဟုတ်လား၊ မောနေသေးလားဟင် .. နေသာရဲ့လား .. နေလို့မကောင်းရင်ပြောနော် .. ကိုကြီး အန်ကယ်ဦးသော်ကောင်းကို သွားခေါ်လာခဲ့မယ် .. ခုလဲ .. အန်ကယ်က .. သေချာဆေးထိုးထားပေးတာ .. နေသာရဲ့လား .. အသက်ရှူလို့ ကောင်းရဲ့လား .."

နှင့် ရှေ့စကား နောက်စကားတွေ ထပ်နေလျက် တောက်လျှောက် မနားစတမ်း မေးနေပြောနေသမျှ ပန်းရုံလည်း မူးဝေဝေမပြေချင်သေးဘဲရှိနေရင်းမှ မော့ငေးကြည့်မိရပါပြီ။ ဆံစတို့ နဖူးပြင်ပေါ်သို့ ဖရိုဖရဲကြီး ပြိုကျနေရင်း ချွေးတွေနစ်နေသော အင်္ကျီဖြင့်လည်းရှိနေ။ မျက်နှာမှာလည်း ချွေးတွေသီးနေပါသည့် သူ့ကိုမြင်နေရသည်ကိုက ဆန်းနေသည်။ သူက .. သူက .. ညှို့မှုအထိ .. ပန်းရုံအတွက် နေစရာမကျန်အောင် အစိုးရိမ်ကြီး စိုးရိမ်ပူပန်နေချေသည်တဲ့လားလေ။ ပန်းရုံ၏ လက်လေးကိုလည်း မလွှတ်စတမ်းကြီး ထွေးဆုပ်ထားသည်။ ဆံစလေးတွေကို သပ်ပေးလိုက်။ ပန်းရုံ၏ မျက်နှာထက်မှ ချွေးကို တံဘက်စနုနုဖြင့် သုတ်ပေးလိုက်ဖြင့်လည်း ရှိနေပါသည့်သူ ..။

ယခု ပန်းရုံတွေ့နေရပါသည့်သူသည် .. ခါတိုင်း မြင်ခဲ့ကြုံခဲ့ရပါသောသူနှင့် အရမ်းကိုကွာခြားနေသည်။ မျက်ရည်တွေလဲ့နေသည့် မျက်ဝန်းတွေဆီမှာ အရမ်းကိုနူးညံ့သောအကြည့်တစ်ခုသည်လည်း စိုးရိမ်စောတင်နေသည့်အကြည့်တွေထဲမှာ ရှုံ့မဲ့ကြသည်ဟု ပန်းရုံ ထင်လာသည်။ သူက .. သူက .. ပန်းရုံကို နူးညံ့သောအကြည့်ဖြင့် ကြည့်တတ်နေချေသည်တဲ့လား။ ပန်းရုံ ယုံပင်မယုံကြည်ရဲ။ မယုံကြည်ရဲနိုင်လောက်အောင် အားငယ်ခံစားနေရသည့်ကြားထဲမှ .. ဒါ .. အမှန်ပါပဲလားဟု နားလည်လာနေရရင်းဖြင့် မျက်ရည်တွေ ဝေ့ခနဲဖြစ်ရကာ ရင်ထဲမှာ ကြည်နူးချမ်းမြေ့ရလွန်းချေသည်ကော ကိုကြီးရယ်။ ထိုအကြည့်လေးတစ်ကြည့်ကို .. ပန်းရုံ .. ရင်ထဲမှ .. လှိုက်ဖိုက်လွန်းစွာ .. မျှော်လင့်ခဲ့ဖူးသည်ဟု .. ပန်းရုံ ကိုယ်တိုင်လည်း နားလည်လာနေရစပြုလာသည်။ ဟုတ်သည်။ မညာစတမ်း ဝန်ခံရချေလျှင်ဖြင့် .. မျှော်လင့်ခဲ့ဖူးသော .. ထိုအကြည့်လေးတွေကို .. ပန်းရုံ .. ကြည်နူးမက်မပြေစွာ .. သိုသိုသိပ်သိပ်လေး ခုလည်း ခံယူနေမိရပါချေသည်ကောလေ။

"ဟာ .. ခုမှ သတိရတယ် .. ပန်းရုံအတွက် အအေးလာပို့ထားတာရှိတယ် .. သူနာပြုဆရာမလေးက လာပို့ထားတာ .. ပန်းရုံ သောက်လိုက်နော် .. ရင်ထဲအားရှိပြီး လန်းသွားအောင် .. နေ .. နေ .. ကိုကြီး ယူလာမယ် .. ပန်းရုံ သောက်လိုက်"

ဟု သတိရကာ စားပွဲပေါ်မှာ ကြွေဖုံးလေးဖြင့်ရှိနေပါသော အအေးဖန်ခွက်လေးကို ကမန်းကတန်းယူ ..။ ပန်းရုံကို မွေ့ထူ။ သူကိုယ်တိုင် အအေးကိုတိုက်နေရင်းမှ လုပ်မိလုပ်ရာဆန်နေသော ရယ်စဖွယ်အဖြစ်လေးတစ်ခုကြောင့် ပန်းရုံလေးပင် သူ့ကိုမော့ကြည့်ကာ လွှတ်ခနဲရယ်လိုက်တာကိုကြုံရပါ၏။ သူလည်း ရှက်အမ်းအမ်းကြီး ရယ်မိကာ ..



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့ .. အအေးတိုက်ပါတယ်ဆိုမှ .. မှုတ်မှုတ်ပြီး တိုက်နေမိတယ် .. အဟင်းဟင်း .. ကော်ဖီပူပူတိုက်နေရ သလိုကြီးကျလို့"

ဟု ပြောကာ ဟက်ခနဲ ကလေးနှယ် ထပ်ရယ်လေသမျှ ပန်းရုံကလည်း ငေးမောမောလေး အတန်ကြာကြည့်သည်။ အအေးတိုက်နေရင်းမှ ဖန်ခွက်ကိုမှုတ်မှုတ်ပြီး တိုက်နေသည့်သူ့ကို ကြည့်နေရင်းမှ ..

"သူ .. စိတ်တွေအရမ်းပူပြီး လုပ်မိလုပ်ရာတွေ အမှားမှား အယွင်းယွင်း လုပ်ကုန်တဲ့အထိပါလားနော် .."

ဟု တွေးမိရသည်ပါပဲ။ ကြည်နူးလိုက်တာ ကိုကြီးရယ် .. ဟု သူ့ပခုံးပေါ် လက်ကလေးကို ဖွဖွလေးဖေးတင်ရင်း တိုးတိုးလေးပြောလိုက်ချင်ပေမယ့် ပန်းရုံ ရှက်သည်လေ။ မပြောရဲ။ စိတ်ထဲရှိရာအတိုင်းသာဆိုလျှင် သူ့နဖူးပြင့်ပေါ်မှ ဆံစတို့ကို .. ပန်းရုံ သပ်တင်ပေးလိုက်ချင်သည်။

အပျိုငယ်တွေးပေမို့ .. ပန်းရုံ လက်ဖျားလေးဖြင့်ပင် သူ့နဖူးပြင်လေးကိုလည်းမထိရဲ။ သူ့ဆံစကိုလည်း ဖွဖွဖေးတင် မပေးရဲ။

"ပန်းရုံရဲ့အခန်းကို .. တစ်ယောက်ယောက်မှားပြီး ချက်ချပိတ်သွားတယ် ထင်တယ် .. ပန်းရုံ အရမ်းကို မွန်းကျပ်လာတော့ ကိုကြီးကို ခေါ်မိတယ် သိလား"

ကလေးလေးလို မော့၍ ထိုစကားလေးကိုတော့ ပန်းရုံ ပြောလိုက်မိရသည်က .. ကိုကြီးကို အရေးအကြောင်းဆိုလျှင် ပန်းရုံ အားကိုးမိရပါသည်ဆိုတာလေးကို ဝန်ခံချင်၍ပါ။



သူ .. ခေါင်းကြီးငိုက်ချကာ ပန်းရုံ၏ဆံစလေးတွေကို သပ်ပေးနေရင်းမှ ..

"အအေးဆက်သောက်လိုက်နော် .. ရင်ထဲ အေးလာတယ်မဟုတ်လားဟင် .. ပြီးရင် .. ပန်းရုံ သက်သာတဲ့အခါ .. ကိုကြီးတို့ သခင်မှူးကိုပြန်ကြမယ် .. ဟိုမှာ .. ပန်းရုံလေး စိတ်အေးလက်အေး .. နားရမယ် .. ကိုကြီးလဲ .. ပန်းရုံနားမှာနေမယ် .. ပန်းရုံလေး နေကောင်းကောင်း .. ကောင်းသွားတဲ့အထိ .. ကိုကြီးနေမယ် .. အလုပ်လဲ မဆင်းတော့ဘူး .. ပန်းရုံကိုပြုစုမယ်"

ဟု ပြောတော့ ပန်းရုံ ခေါင်းလေးယမ်းကာ ..

"ပန်းရုံ ဒီလိုဖြစ်တဲ့အခါ .. ခဏတော့ ပြင်းပြင်းထန်ထန်ဖြစ်ခဲ့ .. ခံစားရပေမယ့် .. ပြန်ကောင်းသွားတော့လဲ .. မြန်မြန်ဆန်ဆန် လူကောင်းလိုဖြစ်သွားတာပါ .. အလုပ်ပျက်ဖို့မလိုပါဘူး"

ဟု ပြောတော့ သူ ခေါင်းခါသည်။

"ငွေ .. ပန်းရုံရဲ့အခန်းကို လာပိတ်သွားတာ .. မတော်တဆ ပိတ်မိသွားတာမျိုးမဟုတ်ဘူး .. သူ့ကို .. ကိုကြီးရဲ့ ကုန်တိုက်က လုံခြုံရေးဝန်ထမ်းကို .. ကြည့်ခိုင်း ထိန်းခိုင်းထားတယ်"

ဟု ဖွင့်ပြောလိုက်တော့ ပန်းရုံ ငြိမ်သွားကာ ..

"မတော်တဆပိတ်မိတယ်လို့ပဲ ထားလိုက်ပါ ကိုကြီးရယ်၊ ပန်းရုံတို့ကြောင့် .. သူ့ကို .. ဘာမှ အရေးယူခံရတာမျိုးမဖြစ်စေချင်ပါဘူး .. ဖုန်းဆက်လိုက်နော် .. အဲဒီလုံခြုံရေးဝန်ထမ်း

www.burmeseclassic.com

www.burmeseclassic.com



ကို .. ငွေ့ကို လွှတ်လိုက်ပါလို့ .. သွားခိုင်းလိုက်ပါလို့၊ ပန်းရုံ ကြားပါရစေ .. ခုဆက်လိုက်နော်”

ဟု ပြောတော့ သူ့ရင်ထဲမကောင်းနိုင်။ ငွေ .. ဟု သူပြောပေမယ့် .. ပန်းရုံလေးခမျာ .. ငွေဆိုတာ .. ငွေ့ညီမ ငွေဆစ်ပန်ကို ရည်ရွယ်ပြောလိုက်ဟန်တူသည်ဟုပဲ ထင်နေပုံရရှာပါ၏။ နောက်တော့မှပဲ အားလုံးရှင်းပြတော့မည်ဟု သူ ဆုံးဖြတ်လိုက်ရချိန်မှာ ..

“ပန်းရုံပြောသလို .. ဖုန်းနဲ့ လှမ်းဆက်လိုက်ပါ ကိုကြီးရယ်၊ သူ့ကို .. သွားလိုက်ပါစေတော့”

ဟု မလျှော့စတမ်း ပြောပြောနေတာမို့ သူ မသက်မသာ စိတ်ကို လျှော့ချလိုက်ရလျက် ဖုန်းဆက်ကာ လုံခြုံရေးခန်းသို့ ပြောလိုက်ရပါပြီ။

“အဲဒီ .. ငွေ ဆိုတာကို .. သူ သွားချင်တဲ့နေရာသွားခွင့်ပြုလိုက်ပါ .. ရုန်ပြေ ပြောနေတာပါ”

ဟု ပြောလိုက်ရပါသည့်အဖြစ်။ အအေးခွက်တိုက်တော့လည်း မြပန်းရုံလေးကို သူ့ရင်ခွင်မှာ ပွေ့ပိုက်ထားရင်း တိုက်ခဲ့သည့်နှယ်။

ခု ဖုန်းဆက်တော့လည်း မြပန်းရုံလေးကို သူ့ရင်ခွင်ထဲမှာပင် ထွေးပိုက်ထားမြဲရှိနေရစမြဲပါ။ သူ မမျှော်လင့်ရဲလောက်အောင် ရက်စက်မှုကမ်းကုန်ပါလေသော ငွေနှင့် ပတ်သက်၍ ငွေ့ဓာတ်ပုံလေးကိုပင် လုံးဝ သခင်ဖူးမှာ မရှိစေတော့ဖို့ သူ ဆုံးဖြတ်လိုက်ရပါပြီ။ ငွေ့အပေါ် .. ခွင့်လွှတ်ပါလေသော မြပန်းရုံ၏စိတ်ရင်းဖြူဖြူလေးကို ပို၍ သိမြင်လာရလေလေ ..။ အမြတ်



တနိုးတန်ဖိုးထားစိတ်က ပိုလာရ .. ခိုင်မြဲလာရလေပါ။ အုန်းဆီရနံ့သင်းသော ဆံနွယ်လေးတွေကို သူ .. ပန်းရုံမသိအောင် ငုံ့၍ နိုးရှိုက်နမ်းမိလိုက်ပြီးမှ ..

“အအေးထပ်သောက်လိုက်ဦးနော် .. ပြီးရင် .. ကိုကြီးတို့ သခင်ဖူးကို ပြန်ကြမယ်လေ”

ဟု တိုးဖွဖွပြောကာ အအေးခွက်လေးကို နှုတ်ခမ်းတွင်တေ့ပေးလိုက်တော့လည်း မြပန်းရုံ သောက်လိုက်သည်ပါပဲ။

အရမ်းကိုဆိုးဝါးသော ဝေဒနာဆိုးကြီးတစ်ခုကို ပန်းရုံသေလုအောင် ခံစားလိုက်ရခြင်းကြောင့်ပင်လျှင် ..။

ပန်းရုံ၏ အားကိုးစိတ်ကို .. ကိုကြီးသည်လည်းသိရ။

ကိုကြီး၏ ပန်းရုံအပေါ် ထားပါလေသော စိုးရိမ်စောကြီးတစ်ခုကို .. ကိုကြီး၏နွေးထွေးနူးညံ့လွန်းသော ဂရုစိုက်မှုများနှင့်အတူ ပိုင်ဆိုင်ခွင့်ရချေသည်မို့ ပန်းရုံ .. ဤအဖြစ် ဆိုးကြီးတစ်ခုကို .. လက်ခံခဲ့လိုက်ရသည့်အတွက်ပင် ကျေးဇူးတင်မိရသည်ပါပဲ။

တကယ်တမ်းကျတော့ .. ပန်းရုံ၏ မာနသည် .. ကိုကြီး၏မေတ္တာနှင့် မာနကင်းစင်နေပြီးဖြစ်နေပါလေသော ကိုကြီး၏စိတ်ရင်းမှန်ကို သိလာနေရစဉ်ခိုက် .. ဝေ့ခနဲကြွေ .. ကြွေခနဲလွင့်သွားရချေသည်ပါပဲ။

ဤသည်ကို .. အချစ်ဟုခေါ်ပါလေသလား ကိုကြီးရယ် ...။

O ❧ O

www.burmeseclassic.com

www.burmeseclassic.com





အသံလေးတစ်သံဟာ
ငါ့နှလုံးသားကို
ဆောင်ကျဉ်းပိုင်စိုးဖို့
ရောက်လာတယ် ...။

အဲဒီအသံလေးဟာ
ဘယ်ကလာတာလဲ ...။

သူ့နှလုံးသားကလာတဲ့
အသံလေးပါပဲ ...။





## အခန်း(၂၆)

"မိန်းကလေး .. ခေါ်ကြီးနဲ့ သွားအိပ်တော့မယ်နော်"

ခပ်တိုးတိုးပြောလာသည့် ခေါ်ကြီးနွဲ့ကို ပန်းရုံ ခေါင်းလေးညိတ်ပြသည်။ ရွှေနဒီဦးမှာ အခန်းချင်းကပ်လျက်ဖြင့် ခေါ်ကြီးနွဲ့နှင့် မြပန်းရုံတို့တည်းခိုဖြစ်သည်။ တစ်ယောက်တစ်ခန်း ယူဖြစ်သည်ကိုက .. ညညတွေမှာ မြပန်းရုံ အိပ်မပျော်လျှင် .. သောလုံ့မသိအောင်ပါ။ တကယ်တမ်းကျတော့ မြပန်းရုံ အိပ်မရနိုင်ခဲ့။ ရင်ထဲမှာ ဟာနေသည်။ အဖြစ်စုံကိုလည်း မေမေ့ကို မြပန်းရုံ တိုးတိုးတိတ်တိတ် ပြောပြခဲ့ပြီးပြီ။ သူ့ကိုလည်း .. ပန်းရုံ ရင်ထဲ ရှိတာကို ဖွင့်ပြောပြခဲ့ပြီးပြီ။ သူ .. လွတ်လွတ်လပ်လပ်ဆုံးဖြတ်နိုင်အောင်လည်း ဤခရီးကို မြပန်းရုံ ခေါ်ကြီးနွဲ့နှင့်တူတူ ထွက်လာခဲ့ခြင်းပါ။

"မဟုတ်တာ ပန်းရုံ .. ဘာလို့ .. ကိုကြီးက .. အဲသလို .. ပြန်ပြီးစဉ်းစားနေရမှာလဲ .. မရဘူး .. မရဘူးကွာ .. ပန်းရုံ ဘယ်မှမသွားရဘူး"

ဟု သူ အရမ်းကို မျက်နှာပျက်လျက် ထားခဲ့ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်းမမေ့။ ဒါပေမဲ့ .. ပန်းရုံ .. ရင်ထဲမှာ မယုံရဲနိုင်ခဲ့တာမို့ ဖွင့်ထွက်လာရခြင်းပါ။

"သူ့မှာ .. ငွေသစ်ပန်ဆိုတဲ့သူ ရှိနေတယ် မမေ .. အဲဒီ ငွေသစ်ပန်ဆိုတာ မသေဘဲ .. တကယ့်ကိုရှိနေတယ် .. ငွေ့ကို မမေ့ဘူးလို့ ပန်းရုံကို သူ သေသေချာချာပြောခဲ့ဖူးတာ ပန်းရုံ မမေ့ဘူး မမေ .. ငွေ သေဆုံးခဲ့ပြီမို့ .. ငွေဟာ ဘယ်တော့မှ မပြန်လာနိုင်တော့ဘူးလို့ သိထားတာမို့ .. သူနဲ့ ပန်းရုံကို မမေတို့ လက်ထပ်ပေးခဲ့ကြတာပါ .. ခု .. သူ .. သွေးပူနေတုန်း ငွေဆိုတာကို အထင်မကြီးတော့ပါဘူးလို့ပြောပေမယ့် .. သူ့အချစ်ဟာ .. အရမ်းကို ငွေ့အပေါ်မှာ ရှူးရှူးနစ်နစ် ရှိခဲ့တယ်လို့ ပန်းရုံ သိထားတာမို့ .. တကယ်ဆိုရင်း .. ငွေ့ကို .. သူ ဥပေက္ခာပြုနိုင်ပါ့မလားဆိုတာ .. ပန်းရုံ စောင့်ကြည့်ချင်သေးတယ် မမေ .. သူ .. ငွေ့ကို .. လက်ထပ်ချင်တယ်ဆိုရင် .. ပန်းရုံ နောက်ဆုတ်ပေးလိုက်ဖို့ ဆုံးဖြတ်ထားပါတယ် .. အသက်ရှင်လျက် ရှိနေကြတဲ့ သူနှစ်ယောက်ကို .. သူတို့ချင်းပေါင်းဖက်ချင်ကြပါရက်ကယ်နဲ့ .. ပန်းရုံကြောင့် .. ကွဲကွာနေကြရတယ်ဆိုတာကိုတော့ ပန်းရုံ အဖြစ်မခံချင်ပါဘူး .. ငွေ ဆုံးပါးခဲ့ပြီဆိုပြီး သိခဲ့ရတုန်းကတော့ .. တစ်လင်တစ်မယားစနစ်ပဲကောင်းပါတယ်ဆိုပြီး .. ပန်းရုံ သဇင်ဖူးမှာ သူ့ဇနီးအဖြစ် ရှိခဲ့တာပါ .. ခု .. ငွေက မသေဘဲရှိနေတယ် မမေ .. ငွေက ပန်းရုံကို လုပ်ကြံတယ်ဆိုတာ သူ သိတာမို့ .. စိတ်ထဲမှာ အထင်တသေးဖြစ်သွားတယ်ဆိုတာ .. ဘယ်လောက်



ကြာရှည်မယ်ဆိုတာ မသိနိုင်ဘူး မမေ .. အစက သူ ပြောတဲ့ ငွေဆိုတဲ့သူက .. ပန်းရုံကို .. လုပ်ကြံတယ်ဆိုတာကို .. ပန်းရုံ ထင်တာက .. ငွေဆစ်ပန်ကို ပြောတယ်လို့ ထင်လိုက်မိတာပါ မမေရယ် .. ကုန်တိုက်ကနေပြီး သဇင်ဖူးကိုရောက်တော့မှ .. သူ့ရဲ့ငွေကိုယ်တိုင် ဖြစ်နေတာရယ် .. ငွေ အသက်ရှင်နေတာရယ်ကို .. ပန်းရုံ သိခဲ့ရတာပါ"

မမေ့ကို ထိုနေ့က .. ပန်းရုံ ဖုန်းဆက်ခေါ်ကာ သဇင်ဖူးသို့ မမေရောက်လာတော့ ပန်းရုံ ပြောခဲ့သောစကားများကိုလည်း ပြန်၍ ပြန်၍ ကြားယောင်နေမိရသည်က .. ရွှေနဒီဦးသို့ရောက်လာပြီးသည့်နောက်မှာ အကြိမ်ပို၍ စိပ်လာသည်ပဲလေ။ မျက်ရည်က ဝေ့ခနဲ ဖြစ်လာရပါပြီ။ ဪ .. ပန်းရုံဆိုသည့် စိတ်လေးတွေ တစ်ချက်လွှတ်ခနဲဖြစ်ခဲ့ဖူးသည်ပဲ။ ပုလဲရွှေစင်ကုန်တိုက်ရှိ ခေးခန်းနေရာလေးမှာ .. ပန်းရုံ တစ်ချက်ကြည့်နူးမိခဲ့ဖူးသည်။ သူ့ရင်ခွင်မှာ မှေးမှိန်၍ သူ့ကို အားကိုးကြီးစွာ မော့ကြည့်နေမိခဲ့ရဖူးသည်။ ထိုအရာတို့ ကျန်ရစ်ခဲ့ရသည်က .. သဇင်ဖူးရောက်မှပါ။ သဇင်ဖူးမှာကျမှ .. သူ့ရဲ့ငွေ .. ဆိုတာ အသက်ရှင်နေသေးသည်ဆိုတာကို သိခဲ့ရသည်ကိုး။

"ဒါဖြင့် .. ကိုကြီး သေချာစဉ်းစားစေချင်ပါတယ် .. ရှင် ပန်းရုံကို .. သနားနေတာ ဖြစ်ပါလိမ့်မယ် .. ငွေဟာ .. ရှင့်ကို .. အလွန်ချစ်တဲ့မိန်းမတစ်ယောက်ပါ .. ဘယ်လောက် ထိချစ်သလဲဆိုရင် .. ပန်းရုံကို .. ရှင့်ဘဝထဲက ဖယ်ရှားပစ်လိုက်နိုင်ရင် .. ရှင့်ကို ပိုင်ဆိုင်ခွင့်ရမှာပဲလို့ မျှော်လင့်ထား

www.burmeseclassic.com

www.burmeseclassic.com



တဲ့အထိ စိတ်ကို မထိန်းနိုင်ခဲ့တဲ့ မိန်းမတစ်ယောက်ပါ။ သူ့ကို .. ပန်းရုံ .. အရေးယူ အမှုဖွင့်တာတွေလဲ ပိုတောင် မလုပ်ချင်ပါဘူး .. ငွေဆစ်ပန်လို့ ထင်ခဲ့တုန်းကတောင် .. ခွင့်လွှတ်ပေးခဲ့တာပဲလေ .. ခု .. သူဖြစ်နေတယ် ဆိုတော့ ပိုခွင့်လွှတ်ပေးလိုက်ပါတယ် .. ရှင်လဲ .. စိတ်ကို .. ငြိမ် ငြိမ်ထားပြီး .. စဉ်းစားစေချင်တယ် .. သူ့ကို .. ရှင် .. မဖြတ်နိုင်သေးရင် .. မပြတ်နိုင်သေးရင် .. ချစ်နေသေးရင် မမေ့နိုင်သေးရင် .. လက်ထပ်ပါ .. သူဟာ အသက်ရှင်နေ တယ်လေ .. ရှင် .. သေွးအေးအေးနဲ့ဆုံးဖြတ်ပါ .. ကျွန်မ ကို အားနာလို့ .. သနားလို့ .. ဆက်ပြီး ဇနီးအရာမှာထားနေ တာမျိုးကိုတော့ ကျွန်မလဲ .. မဖြစ်စေချင်ပါဘူး .. အစ ကတော့ .. ကျွန်မရဲ့မာနနဲ့ .. စိန်ခေါ်ချင်စိတ်တွေ ရှိခဲ့ ပါတယ် .. အချစ်မှာ မာနထားနေလို့မရပါဘူး .. မာနနဲ့ အချစ်ဟာ .. တူတူနေလို့ရတဲ့အရာတွေမှ မဟုတ်တာ .. ကျွန်မ .. ပုဂံကို .. သွားရောင်းပေးနေပါ့မယ် .. ဒေါ်ကြီးနဲ့ နဲ့တူတူသွားပါ့မယ် .. ဘယ်သူမှ လိုက်ပို့စရာမလိုပါဘူး၊ ဘတ်စ်ကားနဲ့ပဲ သွားချင်ပါတယ် .. ရှင် .. ငွေ့ကို လက် ထပ်ချင်တယ်ဆိုရင် .. ကျွန်မ .. ကွာရှင်းစာချုပ်မှာ လက် မှတ်ထိုးပေးပါ့မယ် .. လောလောဆယ် .. ရှင် သွေးအေး အေးနဲ့ စဉ်းစားစေချင်ပါတယ်”

ဟုလည်း သူ့ကို ပန်းရုံ ပြောခဲ့သည်ပါပဲ။ သူ ဘယ်လိုတားတား ..။ နောက်တစ်နေ့မှာ ပန်းရုံ ပုဂံသို့ ဘတ်စ် ကားဖြင့်ထွက်ခဲ့သည်။ ဤခရီးကိုတော့ မေမေလည်း မတားခဲ့



ရှာတော့ပါ။ ငွေ မရှိတော့ပြီဟု မှတ်ယူကာ လက်ထပ်ပေးခဲ့လေ သမျှကိုလည်း မေမေ ကိုယ်တိုင်က ရင်ထဲ မကောင်း ဖြစ်ကျန်ခဲ့ပုံ ရသည်ပါပဲ။ ဘိုးနှင့်ဘွားကိုရော .. ကိုပြည့်ကိုရော ..။ အန်တီသင် နှင့် အန်ကယ်လတ်တို့ကိုရော ဘယ်သူ့ကိုမှ ဤကိစ္စမပြောပြဖို့ ကိုလည်း ပန်းရုံ မေမေ့ကိုမှာခဲ့ပါ၏။ သူ လွှတ်လွှတ်လပ်လပ် ဆုံးဖြတ်စေချင်သည်။ ဘယ်သူကမှ ဝင်တားတာတွေ ဘာတွေမရှိ စေချင်။ သူကတော့ .. မနက်ဘက် ပန်းရုံတို့ဘတ်စ်ကားဂိတ်သို့ ကိုထိုက်ကို လိုက်ပို့ချိန်ထိ .. ပေါ်တီကိုအောက်မှာ မျက်နှာမကောင်း ပဲရပ်ကျန်ခဲ့ကာ ..။

“မသွားပါနဲ့ ပန်းရုံ .. ကိုကြီး တားပါရစေ”

ဟု တိုးဖွဖွ ပြောခဲ့ရှာသည်ပါပဲ။

“ဖုန်းတောင်မဆက်ပါနဲ့ ကိုကြီး .. ပန်းရုံ .. ဖုန်းလဲယူမ သွားပါဘူး .. ဟိုတယ်ကိုလဲ ဆက်မလာပါနဲ့ .. ဖုန်းမကိုင် ဘဲနေမှာကို ကျွန်မ မှာခဲ့ပါတယ် .. ကိုထိုက် .. မောင်း တော့”

ဟု ပြတ်ပြတ်သားသား ပြောခဲ့သည်မဟုတ်ပါလား လေ။- ဘာကြောင့်မှန်း အသေအချာမသိပေမယ့် တစ်ခုခုတော့ ပြဿနာဖြစ်နေသည်ဟု ကိုထိုက် တွက်ဆထားပုံရသည်။ ဒါပေမဲ့ ဖွင့်တော့လည်းမမေးရဲနိုင်တာမို့ .. ငြိမ်နေရှာပါ၏။ ဘယ်သူ့ကိုမှ ဘာမျှ သတင်းမပို့ဖို့ မြပန်းရုံ အလေးအနက်ထား၍ ကိုထိုက်ကို မှာခဲ့စဉ်နိုက် ကိုထိုက် တွေတွေကြီး ဖြစ်ကျန်ခဲ့သည်ပါပဲ။ ဘတ်စ် ကားကြီးဖြင့် ပန်းရုံတို့ ပုဂံသို့ စတင်ခရီးစချိန်ထိ ကိုထိုက် ကားဂိတ်မှာစောင့်နေသေးသည်။ သူ့ကို လိုက်ပို့ခွင့်သော်မျှ ပန်းရုံ

www.burmeseclassic.com

www.burmeseclassic.com



မပေးခဲ့တာကိုလည်း ကိုထိုက် သိနေသည်မို့ အရမ်းအဆင်မပြေဖြစ်ကုန်ပြီလားဟုထင်ကာ မျက်နှာမကောင်းနိုင်ရှာခဲ့ပါ။

ခြော်.. ခုတော့ .. မြပန်းရုံ ဆိုတာ ပုဂံမှာ သုံးရက်တာမျှ ကြာခဲ့ပြီ။

မြပန်းရုံအတွက် .. ဟိုတယ်သို့ ဖုန်းဆက်လာလျှင်လည်း ပန်းရုံ လုံးဝ သွားမကိုင်ခဲ့တာမို့ .. သူ လက်လျှော့သွားပုံရသည်။ ဤနေ့မှာတော့ ဖုန်းလည်းမလာ။ မနေ့ကလည်းမလာ။ ဧရာဝတီမြစ်ရေပြင်ကို မြပန်းရုံ ခပ်ငေးငေးကြည့်မိသည်။

ကောင်းကင်ယံမှာ လမင်းကြီးလွင်နေအောင်သာနေသည်။ မြစ်ပြင်ကို မိုးထားသည်သို့ရှိသော ကုန်းမို့မို့ထက်မှာရှိတာမို့ မြေရေပြင်ထက်မှာ လှိုင်းစီးနေသည့် လရိပ်ကိုလည်း ပန်းရုံမြင်နေရသည်။ လရောင်အောက်မှာ မြင်နေရပါသည့် မြေအိုးတို့မှောက်စီထားရာ .. မြစ်ဆိပ် ..။ ခြော် .. မော်တော်တို့နားနေရာမြစ်ဆိပ်နှင့် ..။ မီးပူဖော်ထားရာ တန့်ကြည့်တောင်ဘုရားကိုလည်း မြပန်းရုံ မြစ်တစ်ဖက်ကမ်းဆီမှ ငေး၍ကြည့်နေမိရဆဲ။ မြစ်တစ်ဖက်ကမ်းရှိ ကျွန်းချောင်းခါတ်မြေသြဇာစက်ရုံဆီမှလည်း မီးရောင်လဲ့ပျပျကို မြင်နေရသည်။

"ခုချိန်မှာ .. သူနဲ့ငွေဟာ .. တစ်ယောက်နဲ့တစ်ယောက်တွေ့ကောင်းတွေ့နေနိုင်တယ် .. ငါရှိနေရင် .. သူ .. ငွေ့ကို တကယ်မမေ့နိုင်ဘဲနဲ့ .. မေ့နိုင်ပြီလို့ထင်ကောင်းထင်နေနိုင်ပေမယ့် .. ခုလို .. သူတစ်ယောက်တည်း လွတ်လွတ်လပ်လပ်တွေးနေ .. စဉ်းစားနေနိုင်တဲ့ အချိန်ကျတော့ ငါ့အကြောင်းတွေးနေတာထက် .. ငွေ့အကြောင်းကို ပိုတွေးနေနိုင်တယ် .. ငါဟာ .. ငွေနဲ့ပတ်သက်လာရင် .. တဖြည်းဖြည်းမှိန်ဖျော့ပျောက်ကွယ်သွားတဲ့ မြပန်းရုံပဲဖြစ်သွားမှာပါ၊ သူတို့ .. နှစ်ယောက်ရဲ့အနာဂတ် သူတို့ ဆုံးဖြတ်ကြပါစေလေ"



မြပန်းရုံ့ သက်ပြင်းရှိုက်ကာ ဝရန်တာနေရာလေးမှာ ခြေစုံလေးရပ်နေရင်း ရင်ထဲမှာ ကြေကွဲနေမိရသည်ပါပဲ။ မာနတွေကြေကုန်ရလောက်အောင် .. သူ့အပေါ် မြပန်းရုံ အဘယ်မျှထိချစ်သွားမိရသည်ဆိုတာ .. သူ့ရင်ခွင်မှာ ပန်းရုံရှိနေရင်း .. သိခဲ့ရသည်ပါပဲ။ ပန်းရုံ သတိစလည်စပြုချိန်မှာ အရမ်းကို စိုးရိမ်ဇောဖြင့် ငုံ့မိုးကြည့်နေပါသည့် သူ့အကြည့်တွေကြားထဲမှာ ပန်းရုံ၏မာနတွေအားလုံး ပြိုကျသွားရတာကို .. ပန်းရုံ၏ အရမ်းကိုနုစင်သော နှလုံးအိမ်နုနုလေးကသာ သိနေပါချေလိမ့်မည်။ အိပ်မရနိုင်လွန်းသည့် ညတစ်ညကို မြပန်းရုံ ဖြတ်သန်းရချေဦးတော့မည်ဆိုတာ သိနေရပါ၏။ အအေးဓာတ် ဝင်စပြုလာခဲ့နေပြီဖြစ်သည့် ညကာလတစ်ခုကို ဝရန်တာဆောင်လေးမှာ ခြေစုံလေးရပ်နေရင်း အဘယ်အချိန်ထိ ကုန်ဆုံးစေမည်ဆိုတာ ပန်းရုံကိုယ်တိုင်လည်း မခွဲခြားတတ်။ အထီးကျန်ခြင်းဆိုတာက ရင်ကို ဖိဆီးထားသည်။ သူ့ကို သတိရနေတာကပိုဆိုးသည်။ သူနှင့် ရန်လေးဖြစ်လိုက်။ သူ့ဂ- ပြန်၍အလျှော့မပေးဘွာ ငေါက်လိုက်။ နောက်ကျတော့လည်း ကုန်ဟိုက်သို့တိုင်အောင် ခေါ်သွားတာတွေ ရှိလာခဲ့လိုက်ဖြင့် .. နှစ်ယောက်သား မတည့်သယောင် တည့်သယောင်ဖြင့် ရှိခဲ့ရသော ဘဝချိုချိုလေးကို ပြန်၍ ပြန်၍ မြပန်းရုံ လွမ်းနေမိရသည်ကလည်း အကြိမ်ကြိမ်။ လွတ်ခနဲ ကြေကြေကွဲကွဲလေးပင် ပြုံးမိပြန်သည်တည်း။

www.burmeseclassic.com



"ငါ ရှူးနေတယ်ထင်တယ် .. ဒီခရီးကို မသွားဖို့ သူ တားတော့လဲ .. ငါ ရအောင်ထွက်ခဲ့တယ် .. ငွေ့ကို သူချစ်ရင် .. မမေ့နိုင်ဘဲရှိနေရင် .. လက်ထပ်ပါလို့လဲ .. ငါက သူ့ရဲ့ကောင်းကြီးလုပ်ပြီး သူ့ကို ပြောခဲ့တယ် .. ပြီးတော့ ငါဟာ .. ဒီပုဂံမှာ .. မအိပ်နိုင်ဘဲ .. သူ့ကို လွမ်းနေတဲ့ မြပန်းရုံအဖြစ် .. ညညတွေမှာရှိနေသလို .. နေ့နေ့တွေမှာလဲ .. သူ့ကို သတိမရဘဲနေလို့မဖြစ်နိုင် .. သူ့ကို မလွမ်းဘဲနေလို့မရတဲ့ မြပန်းရုံအဖြစ် ရှိနေတာပဲ .. ငါ ရှူးနေတာ၊ သူ့ကို မခွဲနိုင်ဘဲ .. ငါ ရှူးနေတာ"

တစ်ယောက်တည်း မြပန်းရုံ တွေးနေမိရဆဲ။ ရင်သည်လှိုက်လာ၏။ မျက်ရည်က ဖြာခနဲကျလာသည်။ ထိုစဉ်ခိုက် တံခါးခေါက်သံပေါ်လာတာမို့ အင်္ကျီလက်မောင်းစလေးဖြင့် မျက်ရည်ကို ပင့်သုတ်လိုက်ရင်းမှ တံခါးရှိရာသို့ ဝရန်တာဆောင်လေးဆီမှ လျှောက်လာမိရပါ၏။ ဒေါ်ကြီးနွဲ့ တစ်ခုခုလို၍များ တံခါးလာခေါက်ချေသည်လားမသိ။ ပရုပ်ဆီဘူးလေး ဘာလေး လာမေးတာလည်းဖြစ်နိုင်သည်။ ခေါင်းကိုက်နေချေမည်လားဟု စိတ်ထဲက အားနာစိတ်ဖြင့် တွေးမိရပါ၏။ ကိုယ်က ကိုယ့်အပူနှင့်ကိုယ်။ အသက်ကြီးသူကို ပုဂံသို့တိုင်အောင် ဘတ်စ်ကားဖြင့် ခရီးထွက်နိုင်းခဲ့သည်ကိုးလေ။ တံခါးကို ဖွင့်လိုက်တော့ မြပန်းရုံ အံ့သြငြိမ်သက်လွန်းစွာ ငေးကြည့်မိသည်က .. သိသိသာသာ ပိန်ကျနေလျက် ခရီးလည်းပန်းနေပုံဖြင့် ရှိနေပါသည့် သူ့ကိုပါ။ သူ့နဖူးပြင်ပေါ်မှာ ဆံစတို့ပြိုကျနေသည်။ သူ့အကြည့်က ပန်းရုံထံမှာပဲ တန့်နေသည်။ အထူးသဖြင့် ပန်းရုံ၏မျက်ဝန်းလေးတွေကို မလွှတ်



တမ်း ငေးစိုက်ကြည့်နေ၏။ ပန်းရုံသိနေပါသည်။ မျက်ဝန်းဆီမှ မခြောက်သွေ့တတ်သေးသော မျက်ရည်တို့ကို သူ မြင်နေချေမည်ဟု။ သူ့ကိုယ်ကြီး လှုပ်ရှားလာသည်။ တံခါးရွက်ကို သူ တွန်းလိုက်ကာ ခြေလှမ်းကျဲကြီးဖြင့်ဝင်လာသည်။ လက်ထဲမှ လက်ဆွဲအိတ်ကို ကြမ်းပေါ်သို့ သူ ပစ်ချလိုက်ပြီးတာနှင့် ပန်းရုံ၏ကိုယ်လေးကို သိမ်းကျုံး၍ တစ်ကိုယ်လုံးမြုပ်ကျသွားအောင် ရင်ခွင်ထဲ သိမ်းပွေ့ယူလိုက်ပါပြီ။ သူ့လက်တွေက အရမ်းကို မြဲမြဲလွန်းနေသည်။ သူ့အနမ်းတွေက ပန်းရုံ၏နဖူးပြင်ပေါ်မှာလည်းကျလာသည်။ ဆံစလေးတွေပေါ်မှာလည်း ခပ်ကြမ်းကြမ်း ပြေးလွှားထိတွေ့လာနေသည်။ ပါးပြင်ထက်မှာလည်း ဖေးဖေးအပ်အပ်မခွာစတမ်းကြီး ရှိနေပြန်သည့်အဖြစ်။ ပန်းရုံ၏ကိုယ်လေး .. သူ့ရင်ခွင်ထဲမှာ မလှုပ်မယှက်လေး ရှိနေပေမယ့် စိတ်တွေက တရစပ်လှုပ်ရှားနေသည်မှ ထိန်းမရချင်။ ဝမ်းသာနေတာလည်းပါသည်။ အံ့သြနေတာလည်းပါသည်။ မခွဲနိုင်ဘဲရှိနေတာလည်းပါသည်။ စိတ်သည် .. နှလုံးသားလေးကို လှည့်ပတ်၍ လှုပ်ရှားလွန်းစွာ အုပ်စီးလှုပ်ရှားနေစေသည်သို့လည်း ရှိနေသည်။

"ကိုကြီး .. ဘယ်လိုမှ နေလို့မရဘူး ပန်းရုံ .. ဟင် .. မနေ့ညက .. ကိုကြီးကားနဲ့ ကောက်ထွက်လာတာ .. ဘာစဉ်းစားခိုင်းစရာမှ မလိုဘူး ပန်းရုံ .. မင်းကို .. မင်းတစ်ယောက်တည်းကိုပဲ .. ကိုကြီး ချစ်နေတယ် .. အရှင်ဘ ကိစ္စကိုမပြောနဲ့ .. အဲဒါ .. ကျန်ခဲ့ပြီ .. မင်းကို .. ကိုကြီး ချစ်တယ် .. သဇင်ဖူးမှာ .. ဟိုနားကြည့်လဲ မင်းအရိပ်။ ဒီနားကြည့်လဲ မင်းအရိပ် .. မင်းရဲ့အသံ .. မင်းရဲ့ထန်

www.burmeseclassic.com



လေးတွေချည်းမြင်နေရတာ .. ဘယ်လောက်ဆိုးတယ်မှတ်လဲ .. နေလို့ကိုမရဘူး .. ရင်ထဲမှာ ဟာနေတာပဲသိရဲ့လား၊ မင်းဟာ .. ငါ့ကိုယ်ပွားလေးလို ဖြစ်နေတယ် .. ငါ .. မင်းကိုချစ်တာမှ .. မင်းမရှိဘဲ .. ရပ်တည်လို့ .. နေလို့ကို မရအောင် .. ယောက်ယက်ခတ်နေတဲ့သူတစ်ယောက်အဖြစ်ကို .. ရှိနေရတော့တာပါပဲ မြပန်းရုံရယ်"

သူ ပြောနေရင်း ပြောနေရင်း ပန်းရုံ၏ ကိုယ်လေးကို မလွှတ်စတမ်းကြီးပွေ့ထားဆဲ နဖူးလေးကို ယိ...နေဆဲပါတည့်။ သူ့နဖူးပြင်သည် ပန်းရုံ၏ နဖူးလေးထက်မှာ ခပ်ဖိဖိဖေးတင်ထားသည့်အဖြစ်။ သူ့အကြည့်က ခုတင်ရှိရာသို့ရောက်သည်။ မအိပ်ဘဲနေနေမှန်းသိသာစေလောက်အောင်ပဲ အိပ်ရာလေးသည် ပြန့်ပြန့်ရန့်ရန့်ရှိနေ၏။

သူ .. ပန်းရုံကိုကြည့်လာသည်။ စိတ်ထိခိုက်သော အကြည့်။

"ကိုယ့်ကိုယ်ကိုယ် တော်တော်ဒုက္ခပေးတဲ့ မိန်းကလေးပဲ၊ ဒီမှာလာနေပြီး အိပ်လဲမအိပ်၊ စိတ်လဲမချမ်းသာပဲဖြစ်နေရင်း ဒုက္ခများနေတာကိုး .. မင်းလေးဟာလေ .. ငါ့ကိုလဲ ဟိုမှာ တစ်ယောက်တည်းယောင်ချာချာနဲ့ .. နေစရာမရှိအောင် .. လွမ်းနေ .. တမ်းတနေအောင် ချန်ထားခဲ့တယ်၊ ဒီမှာကျတော့လဲ .. မအိပ်နိုင်ဘဲ ဒုက္ခဝေဒနာနဲ့ ကြေကွဲနေတယ် .. ဆိုးလိုက်တာကွာ .. လူနှစ်ယောက်စလုံးကို မင်း ဒုက္ခပေးတဲ့နေရာမှာ တစ်ယောက်က .. မင်းကိုယ်တိုင်ကို ပေးနေတာဖြစ်နေပြန်တယ် .."



ဟု ခပ်ညည်းညည်းပြောကာ ပန်းရုံကို ခုတင်ထက်မှာ သွားထိုင်စေသည်။ လက်ဆွဲသားရေအိတ်ကို သူ သွားသိမ်းသည်။

အခန်းတံခါးရွက်ကို သူ ပြန်ပိတ်သည်။ ပြီးတော့ ပန်းရုံဆီသားမှာ လာထိုင်သည်။ ပခုံးလေးကို ဆွဲပွေ့ယူကာ သူ့ရင်ခွင်ထဲမှာ မှီထားစေရင်းမှ ..

"ပန်းရုံရဲ့အခန်းနံပါတ်ကို ရီဆက်ပ်ရှင်မှာ ကိုကြီး မေးခဲ့တာ .. ဒေါ်ကြီးနွဲ့ရဲ့အခန်းနံပါတ် .. ပန်းရုံရဲ့အခန်းနံပါတ် နှစ်ခုစလုံးကိုမေးခဲ့ပြီး ပန်းရုံကို ချက်ချင်းလာတွေ့တာ .. ဒီရောက်တော့ .. မအိပ်နိုင်ဘဲ .. ငိုနေတဲ့ ကိုယ့်မိန်းမရဲ့ မျက်ရည်စလေးတွေ စိုရွှဲနေတဲ့ မျက်ဝန်းလေးတွေ မျက်နှာလေးကို မြင်ရတော့ .. ရင်ထဲဆိုးလိုက်တာ ပန်းရုံရယ်၊ ကိုကြီး .. ချစ်နေတာကိုလဲယုံပါ .. ပန်းရုံချစ်နေတာကိုလဲ .. ကိုကြီး သိနေတယ် .. ယုံနေတယ် .. အချစ်ဆိုတာ .. တစ်ယောက်ကိုတစ်ယောက် ဘယ်လောက်ချစ်နေကြတယ်ဆို သိလဲသိနေဖို့လိုသလို .. ယုံလဲယုံနေဖို့လိုတယ်၊ ခု .. ကိုကြီးတို့နှစ်ယောက်စလုံး .. အဲဒါကို သိနေကြပြီ၊ ယုံနေကြပြီပဲ"

ဟု ပြောနေတော့လည်း မြပန်းရုံ မျက်ရည်သာကျကျလာနေသည်။ ဤမျှ မြန်ဆန်လွန်းစွာ သူ .. မနေတတ်စွာ .. မနေနိုင်စွာ .. ပန်းရုံထံ တောက်လျှောက်ခရီးနှင်လာသည့်ကိုကတည်းက .. သူ .. အဘယ်မျှထိ .. ပန်းရုံကို မခွဲနိုင်တာများလည် လာနေရသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ပန်းရုံလဲ .. ကိုကြီးကို .. သတိရနေတာပါ ကိုကြီးရယ်"

ဟု ဝန်ခံလိုက်ချင်သည်။ ဒါပေမဲ့ .. ရင်ထဲမှာ ဆို့နေလေသမျှ အသံက ပွင့်မကျနိုင်ဘဲဖြစ်နေအောင် ခံစားရချက်ပြင်းနေသည့်တည့်။

သူ .. ပန်းရုံ၏ကိုယ်လေးကို ခပ်ဖြည်းဖြည်း သူ့ဘက်သို့ ဆွဲလှည့်၍ မျက်နှာချင်းဆိုင်စေပြီးမှ သူ့လက်ဖဝါးတွေက ပန်းရုံ၏ပါးပြင်လေးထက်မှာ ခပ်ဖွဖွဖေးတင်သည်။ မျက်နှာလေးကိုလည်း စိတ်လှုပ်ရှားစွာကြည့်သည်။

"ကိုကြီး မေးမယ် .. ဖြေနော် ပန်းရုံ .."

ဟု ပြောလာတော့ ပန်းရုံ ခေါင်းလေးညိတ်ပြသည်။

"လိုရင်းပြောကြမယ် ပန်းရုံ .. ကိုကြီးတို့နှစ်ယောက် .. ဘယ်တော့မှ မခွဲကြဘူး .. အဲဒါကို .. ပန်းရုံသိထားဖို့လိုတယ် .. ကိုကြီးလဲသိထားတယ် .. ခွဲလို့မရဘူးဆိုတာ ပန်းရုံ ဝန်ခံတယ်မဟုတ်လားဟင် .. ဖြေပါ .. ဖြေလိုက်စမ်းပါ ပန်းရုံရယ် .. ကိုကြီး အဝေးကြီးကလာရတာ .. တစ်လမ်းလုံး ကိုကြီး ပန်းရုံအကြောင်းပဲ တွေးနေတာ .. ပန်းရုံမျက်နှာလေးကိုပဲမြင်နေတာ .. ဖြေစမ်းပါ ပန်းရုံရယ်၊ ကိုကြီးတို့နှစ်ယောက်စလုံးရဲ့ ရင်ထဲကခံစားရသမျှတွေကို ဘာလို့ .. ပန်းရုံ မသိဟန်ဆောင်နေလို့ဖြစ်မှာလဲ .. အချစ်ဆိုတာ .. အရမ်းကို တန်ဖိုးရှိတာ ပန်းရုံ .. ဖြူစင်မွန်မြတ်တာ .. ကိုကြီးတို့ မခွဲကြေး .. မခွဲကြေးနော်"

သူ တောက်လျှောက်ပြောနေသည်။ မျက်နှာလေးကိုလည်း မလွှတ်တမ်းကြည့်နေသည်။ ပန်းရုံ မျက်လွှာလေးချလိုက်



ရာမှ မျက်ဝန်းလေးတွေကို စုပိတ်ချလိုက်မိလိုက်ရပါပြီ။ နောက်တော့ .. ပန်းရုံ ခေါင်းလေးကို ညိတ်ပြလိုက်ရသည်က နှလုံးသားကိုနှစ်၍ .. တိုင်တည်အပ်ပါသော ချစ်ခြင်းများဖြင့်ပါတည့် ...။

"ပန်းရုံရယ် .."

ခပ်ညည်းညည်းခေါ်လိုက်သံနှင့်အတူ သူ့အနမ်းက ရှက်စနိုးလေး မှေးယှက်ပိတ်ချထားပါသည့် မျက်ခွံနုနုလေးထက်မှာ ခပ်ဖွဖွဖေးတင်လာပါ၏။ ပန်းရုံ၏ခေါင်းလေးကို သူ လက်ဖြင့် ဖေးယူလိုက်ကာ သူ့ရင်မှာ ဖေးမှီအပ်စေသည်ကလည်း နူးနူးညံ့ညံ့ ညင်ညင်သာသာပါ။

"အသံလေးတစ်သံဟာ နှလုံးသားကို ဆောင်ကျဉ်းပိုင်စိုးဖို့ ရောက်လာတယ် ပန်းရုံ .. ငါ့နှလုံးသားကို ပိုင်စိုးဖို့ရောက်လာတဲ့ အဲဒီအသံလေးဟာ ဘယ်ကလာသလဲ သိလား .. မင်းရဲ့နှလုံးသားကလာတဲ့ အသံလေးပါပဲ ပန်းရုံ .. အဲဒါ .. အချစ်ပါပဲ ပန်းရုံရယ် .. ကိုကြီးရဲ့ ပန်းရုံလေးရယ် .."

သူ့အသံက အရမ်းကို နူးညံ့သိမ်မွေ့နေသည်။ အေးချမ်းတည်ငြိမ်လွန်းနေသည်။ ပန်းရုံ၏ခေါင်းလေးကို သူ့လက်တွေက ခုထိ ဖေးကိုင်ထားဆဲ။ အုန်းဆီရနံ့သင်းသော ဆံနွယ်နုနုမျှင်တို့ထက်မှာ သူ့လက်တွေက ဖေးဖေးတင်တင် ရှိနေမြဲ။

"ကိုကြီးကို .. ပန်းရုံ .. အားကိုးပါတယ် ကိုကြီးရယ် .. ပြီးတော့ .."

ပန်းရုံ ရှက်စနိုးလေး ခပ်တိုးတိုး ပြောနေလေသမျှကလည်း ခေါင်းကိုငိုက်ချ၍ စိတ်လှုပ်ရှားကြည်နူးစွာ .. တမော့မောမော .. နားထောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ .. ကိုကြီးကို .. ပန်းရုံ .. ချစ်ပါတယ်ရှင် .. ကိုကြီးကို .. ပန်းရုံ .. လွမ်းနေတာပါ"

ဟု တိုးဖွဖွဆက်ပြောတော့ သူ .. ကြွေရုပ်လေးထွေးပိုက်ထားသလို အပျော့နှင့်ကြည်နူးချမ်းမြေ့ခြင်းတို့ဖြင့် ထွေးပိုက်ထားရင်း ပါးပြင်လေးကို ခေါင်းငိုက်ချ၍ တရှိုက်မြမြနမ်းသည်။

"သေချာနားထောင်နော် ပန်းရုံ .. ပန်းရုံဟာ .. ကိုကြီးရဲ့ ရင်ထဲမှာ ခိုင်ခိုင်မြဲမြဲနဲ့ သက်ဆုံးတိုင်မျှရှိနေမယ့် သံယောဇဉ်တွေကို ပိုင်စိုးတဲ့သူလဲ ဖြစ်တာမို့ .. ခွဲခွာနေရချိန်မှာ အရမ်းကို တမ်းတနေမိရတာပါပဲ .. အဲသလို ဘာလို့ တမ်းတနေရသလဲဆိုတာ သိလား ပန်းရုံ .. ချစ်လွန်းလို့ပေါ့ ကလေးရယ်, ချစ်လွန်းလို့ပေါ့"

ပန်းရုံရဲ့မျက်နှာလေးကို ဆွဲမော့ ကြည့်မိပြန်ကာ ကြည့်မဝနိုင်သည့်နှယ် တစိမ့်စိမ့်ပါအောင် ငေးနေမိရရင်းမှ ရင်တွင်းစကားကို သူ ဆက်၍ ဆက်၍ ပြောပြနေမိချင်သည်ပါပဲ။

"ကိုကြီးရဲ့ ကြင်နာခြင်းတွေကို မင်းပဲ ပိုင်စိုးရမှာဖြစ်သလို ကိုကြီးရဲ့နှလုံးအိမ်ကို နှောင်တွယ်ရစ်ချည်ထားတဲ့ ချစ်ကြိုးမျှင်တွေဆီက ရုန်းမထွက်ချင်ရက်တဲ့ ကိုကြီးရဲ့အချစ်တွေဟာ တစ်သက်သက်မျှ ရှိနေပါ့မယ် ပန်းရုံ .. အဲဒါ ဘာကြောင့်လဲသိလား မိန်းကလေးရယ် .. ချစ်ရလေသမျှ .. ခွဲနေတဲ့ကာလမှာ .. လွမ်းလွန်းရတဲ့ ဒီအဖြစ်တွေနဲ့ သက်သေတည် ခံစားတတ်နေကြရတာမို့ပါပဲ .. အဲသလိုလွမ်းရှုတဲ့စိတ်တွေကို .. ဘယ်လိုမှ ဖြေဖြေလို့ မရနိုင်တာကလဲ မြတ်နိုးရလွန်းတဲ့ အတွက်ကြောင့်ပါ .. မြတ်နိုးရလွန်းတဲ့



အတွက်ကြောင့်ပါ ပန်းရုံရယ် .. မင်း .. ကိုကြီးရဲ့ရင်ကို နားလည်သင့်သလို .. ဘယ်တော့မှ မခွဲဘူးဆိုတာ .. ကတိပေးပါ .. ကတိပေးပါ ကလေးရယ် .."

တွင်တွင်ပြောနေ ကတိတောင်းနေပါသည့် ကိုကြီးကို ပန်းရုံ မော့ကြည့်လိုက်မိရပါပြီ။ သြော် .. ဤတစ်ကြိမ်မှာတော့ .. ပန်းရုံသည်လည်း .. ကိုကြီး၏မျက်နှာကို ကြည့်မဝနိုင်စွာ .. အားကိုးမြတ်နိုးစွာ .. ယုံကြည်သက်ဝင်စွာ .. မော့ကြည့်မိရခြင်းဖြစ်ပါသည်ကော ပန်းရုံ၏ကိုကြီးရယ်ရှင် ...။

အချစ်ဆိုတာ .. တူချေလျှင်ဖြင့် ခံစားရချက်ချင်းကလည်း တူတာပေမို့ .. ကိုကြီးနှယ်ပင် ပန်းရုံသည်လည်း တမ်းတသည်လည်း ချစ်လွန်း၍ပါ။ ချစ်ရသည်လည်း လွမ်းလွန်း၍ပါ။ လွမ်းရသည်လည်း မြတ်နိုး၍ပါ .. ဆိုတာ .. ပန်းရုံ၏ မျက်ရည်နုနုလေးတွေက သက်သေပြုနေကြပါချေသည်။ ဤသည်ကို ချစ်သော ကိုကြီး သိနိုင်စွမ်းချေမည်သာတကား ...။

စဉ်သာသူပင် ...
သံယောစဉ်တည်၊ စွဲငြိခိုင်ခိုင်
သက်ဆုံးတိုင်မျှ၊ ရှိနေပါမည်
တမ်းတသည်လည်း ချစ်လွန်း၍ ...။

ကြင်နာသူလျှင် ...
သူသည်ပင်ဖြစ်၊ နှောင်တွယ်ရစ်ချည်
ရုန်းထွက်မည်ပင်၊ မတွေးချင်ရက်

www.burmeseclassic.com

www.burmeseclassic.com



တစ်သက်သက်မှု၊ ရှိနေပါမည်
ချစ်ရသည်လည်း လွမ်းလွန်း၍ ...။

ရှင်မှာတူယှဉ် ...
ချစ်သခင်မို့၊ မည်ကဲ့သို့လျှင်
အဝေးနှင်ပါ၊ ခွဲမရစိတ်
မျှိုသိပ်ကျိတ်ဖြေ၊ ဖြေဖြေမရ
ရှိနေပါမည် ...
လွန်းရသည်လည်း မြတ်နိုး၍ ...။
ပြော် ...
လွမ်းရသည်လည်းမြတ်နိုး၍ ...။

မှုဝေခံစားခြင်းများစွာဖြင့်



မဟူရာ(လှိုင်ကော်)
၁၄-၁၀-၂၀၀၈

BURMESE CLASSIC
www.burmeseclassic.com